www.burmeseclassic.com

စိတ်ကူးသစ်စာပေ

# မောင်ညိုမှိုင်း (သန့်လျှင်)

စီစဥ်သော

# တောက်တဲ့ကြီးရွှေပြောက်

အပါအဝင်

## ဂန္ဓီရဝတ္ထုတိုများ



...ညိုမှိုင်း၊(သန့်လျှင်)၊ တောင်မှူးကြီးသိန်းဝင်း၊ နန်း၊ ထိုက်စို၊ (နိုင်ငံ[illegible]ဘာသာသိပ္ပံ

ပီတာမြင့်ဦး၊ လေးမောင်မိုးကျ၊ရွှေကိုယ်၊ ဝင်းနိုင် (ရွှေပြည်သာ)၊ [illegible]သစိုးယဉ်ထွန်း၊

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ ။ ကိုတင်ထွန်း

▬

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၃၊ ဇူလိုင်လ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Maw Maw*
အတွင်းဖလင် ။ *Quality*

▬

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန် (မြို့ဝေလျှံပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုစွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

▬

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ)(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

▬


တန်ဖိုး – ၁၈၀၀ ကျပ်

ရ၉၅ • ၈၃
ကလောင်စုံ
တောက်တဲ့ကြီးရွှေပြောက်အပါအဝင် ဂန္ထဝင်ဝတ္ထုတိုများ /
ကလောင်စုံ–ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၃။
၃၅၂–စာ ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ။
(၁) တောက်တဲ့ကြီးရွှေပြောက်အပါအဝင်ဂန္ထဝင်ဝတ္ထုတိုများ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | တောက်တဲ့ကြီး ရွှေပြောက်<br>*မောင်ညိုမှိုင်း(သန်လျင်)* | ၁ |
| ၂။ | မြိတ်ကျွန်းစုတွင် အမဲလိုက်စဉ်က<br>*ထောင်မှူးကြီးသိန်းဝင်း* | ၄၀ |
| ၃။ | အဆင်းလှ၍ ပြုံးတတ်သောသည<br>*နန်းထိုက်ဖိုး (နိုင်ငံခြားဘာသာသိပ္ပံ)* | ၆၀ |
| ၄။ | ဝေဒနာလွန် အနိဋ္ဌာရုံပုံရိပ်များ<br>*ဗိတာမြဦး* | ၁၃၈ |
| ၅။ | မည်သို့ပင်ဖြစ်စေ<br>*မိုးကျရွှေကိုယ်* | ၁၇၇ |
| ၆။ | ပေါ်ရှိသာရထွန်းလှ-<br>*ဝင်းနိုင် (ရွှေပြည်သာ)* | ၂၃၇ |
| ၇။ | မတာရွှေနဲ့ ဘိုးကာဝေ<br>*ဩဝိသ* | ၂၆၇ |
| ၈။ | ရှင်ခုနှိရသော မုဆိုးဘဝ<br>*လေးမောင်* | ၂၈၇ |
| ၉။ | မြွေစောင့်သော ရတနာဂူ<br>*စိုးယဉ်ထွန်း* | ၃၇၉ |

www.burmeseclassic.com



www.burmeseclassic.com

[ ၁ ]

❑

"ကံမြင့်နဲ့ ကံတင့် ..."

"ဘာလဲဗျ"

"မင်းတို့ တောက်တဲ့ကြီးတစ်ကောင် ရထားဆို"

"ဟုတ်တယ် ... အဲဒါဘာဖြစ်လဲ"

"ဘယ်ကရတာတုံး ... ကံမြင့်ရ"

"ဒီမှာ ဦးသူတော်"

"အေ ... ဘာတုံး၊ ကံမြင့်ရ"

"ဘယ်ကပဲ ရရ မရရ ဦးသူတော်အလုပ် ဘာပါလို့တုံး။ ခင်ဗျား ဟိုစပ်စပ် ဒီစပ်စပ် လိုက်လိုက်ပါနေတာ ကျုပ်တို့ မျက်စိစပါးမွေးစူးနေပြီ။ သိလား ..."

"ဟုတ်ပါဘူးကွာ ... ငါက ..."

"တော်ဗျာ ... ခင်ဗျားအလုပ် တစ်ပြားသားမပါဘူး။ ခင်ဗျားအလုပ် ခင်ဗျားလုပ်။ ကျုပ်တို့အလုပ် ကျုပ်တို့လုပ်မယ်။ နေရာတကာ ဝင်ပါ၊ ဝင်ရှုပ် မလုပ်နဲ့ဗျ။ မဏိကွမ်းစားသွားမယ် သိလား ... ဟင်း"





ဒီမှာ ကံတင့်ကလည်း ခါးထောက်ရင်းက အော်လိုက်တယ်။

"ခင်ဗျား သွားတော့လေ"

"အေးပါကွာ ... အေးပါ"

"ဟင်း ... သေချင်နေပြီ။ ဘုန်းကြီးကျောင်းကျန် ထမင်းစားပြီး ဝေးဝေးနေ၊ ဝဝစားနေရင် အန္တရာယ်ကင်းတယ်။ ဟိုဝင်ရှုပ် ဒီဝင်ရှုပ်လုပ်ရင် လူပြည်နဲ့ ဝေးသွားမယ်။ ဟင်း ..."

ပြောလို့မရမှန်းသိလို့ ဦးသူတော်ဖိုးရွှေက ဘာမှဆက်မပြောဘဲ အသာလှည့်ပြန်ခဲ့လိုက်တယ်။

မေးချင်တဲ့အချက်က ရှိနေတယ်။

မေးချင်တဲ့အချက်က အခြားမဟုတ်ဘူး။

"မင်းတို့ အခုဖမ်းလာတဲ့ တောက်တဲ့ကြီးက သုံးပန်လှဘုန်းကြီးကျောင်းက တောက်တဲ့ကြီးလို့ ကြားတယ်။ ဟုတ်သလား"

အဲဒီလို တဲ့တိုးမေးချင်တာ။

ခက်တာက ကံမြင့်နဲ့ကံတင့်ဆိုတာ ဒီအရပ်မှာ အလွန်ကိုမိုက်ရိုင်းတဲ့ ညီအစ်ကို။

ကံမြင့်က အသက် (၃၀)၊ အကြီး။

ကံတင့်က အသက် (၂၇) နှစ်၊ အငယ်။

မိခင် မုဆိုးမကြီးရှိတယ်။ ရှိသမျှ ပစ္စည်းဥစ္စာလေး သူတို့ညီအစ်ကို ဖဲရိုက်၊ ကြက်တိုက်၊ အရက်သောက်၊ မကောင်းတဲ့မိန်းမ လိုက်စားလို့ကုန်ပြီ။ ကုန်တော့ အိမ်ကို ရောင်းမယ်လုပ်ရော။ အမေအိုကြီးက ငါ မသေသေးဘူး။ ငါသေမှ နင်တို့လုပ်ချင်ရာလုပ်လို့ ပြောတယ်။

ဒါနဲ့ /အကြီးကောင် ကံမြင့်ကပြောတယ်။

ငါ မသေသေးဘူးဆိုရင် အခု သေရမယ် စိတ်ချဆိုပြီး အရက်မူးမူးနဲ့ မအေကို ဓားနဲ့လိုက်လို့ အဲဒီနေ့ကစပြီး အမေကြီးဒေါ်စိန်ခြိမ် သူ့လင်ထားခဲ့တဲ့ အိမ်လေးရှိရာကို မပြန်တော့ဘဲ ...



www.burmeseclassic.com

www.burmeseclassic.com



ဟိုးတစ်ရွာကျော် …

သူတို့နေတာ ကံပေါ်ရွာ၊

ကံပေါ်ရွာရဲ့ နံဘေးက ရေလယ်ကုန်း။

ရေလယ်ကုန်းရဲ့ ဟိုဘက်ကရွာက ပေါ်တော်မူကုန်းရွာတဲ့။

အဲဒီရွာမှာ သီလရှင်ကျောင်းရှိတယ်။ အဲဒီမှာ ယောဂီဝတ်နဲ့နေရင်းက ခုတော့ သီလရှင်ကြီးဘဝကို ရောက်သွားပြီ။

✿ ✿ ✿

| ၂ |

❑

ကံပေါ်ရွာကလည်း မအေအရင်းကို ဓားနဲ့လိုက်တဲ့ ကံမြင့်တော့ မြေမြို့တော့မှာပဲဆိုပြီး တတိတ်ထိတ်ပေါ့။

ကံမြင့်တို့ညီအစ်ကိုနဲ့ သောက်နေကြ အရက်သမား၊ ထန်းရည်သမားတွေလည်း ကံမြင့်တို့နဲ့အတူ မသောက်ရဲကြဘူး။

"ဟေ့ … ကံမြင့်တို့ညီအစ်ကို လာပြီဟေ့"

"ဟုတ်လား … ဒါဆို မြန်မြန်သိမ်းဟ"

"လစ်စို့ဟေ့ …။ ဒီကောင်ညီအစ်ကိုနဲ့ အရက်အတူမသောက်နဲ့ဟ"

စံထူးတို့၊ စံကူးတို့၊ ရွှေဘော်တို့ အရက်ဆိုင်ကနေ ထပြေးရော။ ဝင်လာတဲ့ကံမြင့်က လှမ်းမေးတယ်။

"စံထူး …"

"အေ …"

"ဘာလဲ … ငါတို့လာတာမြင်လို့ ပြေးတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲ ... အဟဲ ... ဟုတ်ပါဘူးကွာ ... ကံမြင့်ရာ။ ဟို ... ဟို ... ကိ ... ကိစ္စလေးရှိလို့ပါကွ။ အဟဲ ..."

"ရွှေဘော်ကရော ..."

"အဲ ... အဖေနဲ့ နွားဝယ်လိုက်ရမှာမို့ သူငယ်ချင်းရေ"

"ဟုတ်ရဲ့လား ... မင်းတို့ ခုတစ်လော ငါတို့ညီအစ်ကိုကို ရှောင်ဖယ်ရှောင်ဖယ် လုပ်နေတယ်မဟုတ်လား"

"ဟာ ... မဟုတ်တာ ... ကံမြင့်ရာ။ မင်းကလည်း"

"မိုးကြိုးပစ်မှာ ကြောက်လို့ဆိုကွ"

"ဟာ ... ငါ့ကောင်ကလည်းကွာ ... ဘာဆိုင်လို့ မိုးကြိုး ... ပစ် ..."

"ရောပြီး မြေမြို့မှာ ကြောက်လို့တဲ့။ ငါကြားတယ်"

"ကံတင့်ရာ ... မလိုသူ ချွန်တွန်းပြောစကားကိုမယုံစမ်းပါနဲ့ .. ကံတင့်ရာ။ မင်းတို့၊ ငါတို့ ငယ်ငယ်လေးကတည်းက ပေါင်းလာတာဥစ္စာ။ နောက်နေ့မှ ဆုံကြမယ်။ သွားပဟေ့ ..."

စံထူးတို့၊ စံကူးတို့၊ ရွှေဘော်တို့ အဲဒီလိုစကားဖြတ်ပြီး လစ်ရတယ်။ မလစ်လို့ မဖြစ်ဘူးလေ။

ကောင်းကင်မှာ မိုးက ညို့နေတယ်။

တစ်ချက်တစ်ချက် လျှပ်စစ်က ဝင်းခနဲ၊ လင်းခနဲ။

မိုးကြိုးများ ခုနေ ပစ်ချလိုက်ရင် ဒုက္ခ။

ကံမြင့်ဆိုတဲ့အကောင်က အမေအရင်း မုဆိုးမကြီးကို သေမှအေးမယ်ဆိုပြီး အရက်မူးမူး ဓားနဲ့လိုက်တာ။

ခုတ်ကာနီး မိုးကြိုးပစ်သံကြားလို့ ကံမြင့် နောက်ပြန်လှည့်ပြေးတာ။ မိုးကြိုးပစ်သံမကြားရင် အသွားကြီး သေမှာကေန်။

ဒါကို ရွာသူရွာသားအချို့ မြင်တယ်။





မိုးကြိုးက ကံမြင့်ရဲ့ခေါင်းပေါ်ကနေ ဖြတ်သွားတာလို့တောင် အချို့က ပြောကြတာ။

ဒါကြောင့် ကံမြင့်တို့၊ ကံတင့်တို့ ညီအစ်ကိုနဲ့ အရက်အတူ သောက်ဖက်တွေ အခု သူတို့ညီအစ်ကိုနဲ့ အရက်အတူမသောက်ကြတော့ဘူး။

ဘာလို့တုံးဆိုတော့ ...

သောက်နေတုန်း ကံမြင့်လို အမေအရင်းကို စော်ကားတဲ့သူ ကံနိမ့်ချိန် မိုးကြိုးပစ်ချရင် ကိုယ်ပါရော စက်ကွင်းမလွတ်မှာစိုးလို့။

ရွာထဲမှာလည်း ပြောနေသကိုး။

မိုးကြိုးပစ်သံကြားရင် ကံမြင့်ကိုပစ်တာတဲ့။

အရှုံးမသောင်ကလည်း အိပ်မက်မက်လို့ လိုက်အော်ပြောနေတယ်။ ကံမြင့် မီးလောင်လို့ သေပြီတဲ့။

ရွာဈေး၊ ရွာကန်၊ ရွာဘုရား ရောက်ရာ လျှောက်ပြောနေတာ။

အရှုံးမအိပ်မက်ဆိုပြီး နာမည်ကျော်လွန်းလို့။

ကံမြင့်က အရှုံးမ ဒေါ်သောင်ကို ပါးနားရိုက်ပြီး မေးရော။

"ကျုပ်ကို ဘာလို့ မီးလောင်တယ်လို့ ပြောရတာတုံး"

"ပြောလေ ..."

"ဖြန်း ..."

"အား ..."

"ပြော ... ဘာလို့ပြောတာတုံး"

"အိပ်မက် ... မက်လို့ပါ ... အား ..."

"ဖောင်း ..."

"အား ... အား ... မ ... မ ... လုပ် ... ပါနဲ့"

"နောက်ကို အဲဒီလိုလျှောက်ပြောဦးမလား ... ဟင်"

"မ ... မပြောတော့ ... ပါ ... ဘူး ... ရှင်"

"ပြောရင် ဒီမှာတွေ့လား"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... ကြောက်ပါတယ် ... တော် ... တော်"

ကံမြင့်က ဓားမြှောင်ကိုထုတ်ပြီး အရှုံးမဒေါ်သောင်ရဲ့ ပါးစပ်ပေါ် တင်လိုက်ရော ဒေါ်သောင် လန့်ဖြန့်ငိုပါရော။

"လျှာကိုဖြတ်ပစ်မယ် ကြားလား"

"ဟုတ် ... ဟုတ် ..."

"သွား ..."

အဲဒီနေ့ကစပြီး အရှုံးမဒေါ်သောင်၊ ကံမြင့်တို့ မီးလောင်တယ် တဲ့အိပ်မက် မပြောတော့ဘူး။ ကံမြင့်တို့ညီအစ်ကိုနဲ့လည်း ဘယ်သူမှ အရှုံး အတူမသောက်ကြတော့ဘူး။

✿ ✿ ✿

| ၃ |

❑

အခု ကံမြင့်တို့ မိဘလက်ငုတ် အိမ်နဲ့ခြံလေး ဖဲရှုံးလို့ကုန်ပြီ။ ကုန် တော့ ဟိုနားကပ်နေ ဒီနားကပ်နေ နေစရာမရှိ။ ရွာပြင်က တဲလိုနေရာမှာ နေကြ။

တစ်လောတုန်းက မြို့က တောက်တဲ့ဝယ်တဲ့ပွဲစားနဲ့တွေ့ရော အရက် သောက်ရင်း ရင်းနှီးသွားကြတာ။

ပွဲစားနာမည်က ကိုစိန်ငွေလျှံတဲ့။

"ကိုကံမြင့် သောက်ဗျာ"

"အော့ ... ဝေ့ ..."

"ကိုကံမြင့် ... မြွေဖမ်းဘူးလားဗျ"

"အော့ ... ဖမ်းဖူးတယ်ဗျ။ တစ်နေ့တုန်းက မြွေပွေး၊ မြွေဟောက် ... ကောင်းလို့လေ။

"တွက်သားကိုက်ရဲ့လား"

"အန္တရာယ်များတယ်၊ သိပ်မကိုက်ဘူး"

"ဒီမှာ အန္တရာယ်မရှိဘဲ တွက်သားကိုက်တဲ့ အလုပ်ရှိတယ်"

"ဘာတုံး ... ကိုငွေလျှံရ"



www.burmeseclassic.com

www.burmeseclassic.com



"တောက်တဲ့ဖမ်းတဲ့ အလုပ်ပေါ့ဗျာ"

"ဟုတ်ရဲ့လား ... ကိုငွေလျှံရ"

"ဟုတ်လို့ ကျုပ် ပွဲစားလုပ်နေတာပေါ့ဗျာ။ ဒီမှာ တောက်တဲ့ အစိတ်သားတစ်ကောင်ရရင် သိန်းတစ်ရာပေးမယ်"

"ဗျာ ..."

"အဟုတ် ..."

"ငါးဆယ်သားရှိရင် သိန်းတစ်ထောင်ရမယ်။ ရတဲ့နေ့ ယူမယ်"

"တကယ်နော် ကိုငွေလျှံ"

"ဘုရားစူး၊ မိုးကြိုးပစ်ဗျာ။ အခုရှိလား။ ရှိရင် ဒီနေ့ဝယ်မယ်"

"ကိုငွေလျှံ ..."

"ဘာတုံး ... ကိုကံမြင့်"

"ကျုပ်တို့ရွာမှာရော၊ ဟိုရှေ့က တောထဲမှာရော တောက်တဲ့ပေါ ပေါပဲ့ဗျာ။ နေပါဦးဗျ။ တောက်တဲ့က ဘာလုပ်လို့ရလို့ ဈေးကြီးပေးဝယ် တာတုံး"

"ဆေးဖော်ဖို့ လိုလို့တဲ့ဗျ။ ကျုပ်တို့မြန်မာလူမျိုး ဆေးဆရာတွေ ဈေးကောင်းပေးဝယ်တာ မဟုတ်ဘူး။ ဟိုဘက်အိမ်နီးချင်းနိုင်ငံက ပေါက်ဖော် ကြီးတွေက ဈေးကောင်းပေးဝယ်တာ။ တောက်တဲ့တစ်ကောင်ကို အနည်းဆုံး အစိတ်သားပြည့်မှ ယူမှာနော်။ နှစ်ဆယ်သားကောင် မလိုချင်ဘူး။ နှစ်ဆယ် နှစ်ကျပ်ခွဲသားရှိလည်း မလိုချင်ဘူး။ အစိတ်သားအထက်ဆိုရင် သိန်းတစ် ကနေ သိန်းတစ်ထောင်အထိ ပေးမယ်"

"သိန်းတစ်ထောင်ဆိုတာ ဘယ်လိုအစားမျိုးတုံးဗျ"

"မှတ်ထား ... ကိုကံမြင့်၊ တောက်တဲ့ဖမ်းသမားလုပ်တော့ ဆိုရင် တောက်တဲ့အကြောင်းကို သိထားရမယ်။ တောက်တဲ့သုံးမျိုးရှိတယ် တစ်မျိုးက အမေရိကန်စစ်အင်္ကျီလို အကျားမျိုး။ နောက်တစ်မျိုးက ခန္ဓာကိုယ် ပေါ်မှာ အပြောက်အစက်နဲ့မျိုး။ တတိယအမျိုးက အစင်းကျားမျိုးပဲ။

နောက်တစ်မျိုး ရှိသေးတယ်။ ခန္ဓာကိုယ်မှာ အမွေးနုပါပြီး အမြီး အရင်းမှာ အမွေးဖွားဖွားကျနေတဲ့ တောက်တဲ့ကြီးမျိုးပဲဗျ။ အဲဒီအကောင်





မျိုးက ရှားတယ်။ သူလိုမျိုးရရင် သိန်းတစ်ထောင်အထက် အိုကေပဲ။ ဘယ့်နှယ် ..."

"စိန်လိုက်ဗျာ။ ကျုပ်တို့ဘက်မှာ ပေါပေါပါဗျာ"

"ရရင် ဟောဒီဖုန်းနံပါတ်ကို ခေါ်လိုက်ဗျာ။ ကျုပ်တို့ ငွေထုပ်နဲ့ လာခဲ့မယ်။ ခင်ဗျားတို့ နေ့ချင်းညချင်း သူဌေးဖြစ်မည့်ကိန်းပဲ ... ကိုကံမြင့် တို့ရေ ... ဟား ... ဟား ... ဟား ... ဟား ..."

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၄ ]

❑

တောက်တဲ့ပွဲစား ကိုငွေလျှံရဲ့ နှုတ်ဖျားဆောင်မခြင်းကြောင့် ကံပေါ်ရွာသားအချို့ နေ့ချင်းညချင်း တောက်တဲ့ဖမ်းသမားဘဝကို ရောက်သွားတယ်။

ခုဆိုရင် ကံပေါ်ရွာ၊ ရေလယ်ကုန်း၊ ပေါ်တော်မူကုန်း၊ ဝဲကြီးကုန်း၊ ခြောက်ကျပ်ခွဲရွာ၊ ဆယ်ရွာ၊ သည်ရွာတွေမှာလည်း တောက်တဲ့ပွဲစားအဝယ်တော်များ ခြေချင်းလိမ်နေလို့။

ရွာသားတွေ အားချိန်ရယ်လို့ မရှိတော့ဘူး။

အချိန်ရသည်နဲ့ ညောင်ပင်တကာပေါ်ရောက်၊ ကုက္ကိုပင်တကာပေါ်ရောက်၊ တောထဲရောက် ရောက်ကုန်ကြပြီ။

တောက်တဲ့ကို တရုတ်လူမျိုးအချို့က အစားအသောက်နဲ့ ဆေးဝါးအတွက် ဈေးကောင်းပေးဝယ်နေတာတဲ့။

တောက်တဲ့ဆိုတာ ဖွတ်၊ ပုတတ်၊ မျိုးနွယ်ဝင်ဖြစ်ပြီး မျိုးကွဲအများကြီးရှိတယ်လို့ ကျောင်းဆရာ ကိုမြတ်မိုးထက်က ပြောတယ်။ တောက်တဲ့ဟာ သူ့ရဲ့အမြီးထဲမှာ အာဟာရကိုသိုလှောင်ပြီး အစာလိုအပ်ချိန်မှာ၊ ရှားသည့်အချိန်မှာ ထုတ်ယူစားသုံးသတဲ့။





"ဆရာလေး ... တောက်တဲ့က ဘယ်လိုအသုံးဝင်လို့တုံး ခင်ဗျ"

"ကမ္ဘာ့ခေတ်ပေါ် ဆေးပညာလောကမှာတော့ တောက်တဲ့အသုံးဝင်ပုံ သိပ်မတွေ့ရဘူး ... ဦးသူတော်ရဲ့"

ဒီမှာ ဦးသူတော်က ပြောတယ်။

"တောက်တဲ့ကိုက်ရင် အဆိပ်ပြင်းတယ်ဆရာ"

"ဟုတ်ပါတယ် ဘသူတော်။ တောက်တဲ့ရဲ့ လက်ဖဝါး၊ ခြေဖဝါးမှာ အလွှနိုကိုစွဲမြဲတဲ့ စုပ်ခွက်ကပ်ခွာပါတယ်။ ဒါကြောင့် တောက်တဲ့ကပ်ရင် ကပ်နေရင် လွယ်လွယ်နဲ့ ခွာလို့မရဘူးတဲ့"

"ရတဲ့နည်းရှိတယ် ဆရာလေးရဲ့"

"ဟုတ်လား ... ဗဟုသုတအဖြစ် ပြောပါဦး ဦးသူတော်"

"တောက်တဲ့ကို အချို့အရပ်မှာ 'စနေသား'လို့ ခေါ်တယ်ဗျ"

"ဘာလို့ စနေသားလို့ ခေါ်တာတုံး"

" 'တောက်' ဆိုတာ စနေနံ။ 'တဲ့' ကလည်း စနေနံမို့ စနေသားတဲ့ဗျ။ တောက်တဲ့ရဲ့ဓာတ်ပြန်က 'တုတ်တို' ဗျ။ ဒါကြောင့် တောက်တဲ့ကို တုတ်တိုနဲ့ရိုက်ရင် သေတယ်။ ကပ်နေရင် တုတ်တိုနဲ့ ထိုးခွာရတယ်။ ရှေးလူကြီးတွေ ပြောကြတယ်။ တစ်ခါ တောက်တဲ့ရဲ့ဈေးပဲ"

"ဈေးက ဘာဖြစ်လို့တုံး ... ဘရဲ့"

"တောက်တဲ့ဈေးဟာ စားနေတဲ့ အစာထဲကိုကျရင် အဲဒါကိုစားမိရင် ချက်ချင်း အဆိပ်သင့်ပြီး သေရောခင်ဗျ"

"မှတ်သားသင့်တာပေါ့ ... ဘသူတော်ရယ်။ ကျွန်တော် တစ်ခါ စာအုပ်တစ်အုပ်ထဲမှာ ဖတ်ရဖူးတာကတော့ ဆူဒန်လူမျိုးတွေက တောက်တဲ့ကို 'ဂတ်ဘို' လို ခေါ်သတဲ့"

"ဟုတ်ကဲ့"

"ဂျဗားလူမျိုးများကတော့ တောက်တဲ့ကို 'ဒက်ရှိတန်း' တဲ့။ အင်္ဂလိပ်လူမျိုးများက The Tokay Gecko ၊ ဒါမှမဟုတ် Tuck Too လို့ အမျိုးမျိုးခေါ်ကြတယ်ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ကျုပ်တို့မြန်မာမှာတော့ မိုးလေဝသကို အချိန်မှန် ဖော်ပြတဲ့ တိရစ္ဆာန်တဲ့။ တောက်တဲ့အော်သံကြားရင် မိုးဦးစောမယ်။ တောက်တဲ့အော်သံ အကြိမ်ရှည်ရင် လာဘ်ကောင်းမယ်၊ ဘုန်းကြီးမယ် ဒီလိုရှိသကိုး။ တောက်တဲ့အော်သံကြားရင် နှီးပြားချိုးပြီး ရေထား။ နှီးပြားကိုးခုရရင် အဲဒီနှီးပြားကိုဆောင်။ နေသိဒ္ဓိအောင်သတဲ့ ... ဆရာလေးရဲ့"

ဦးသူတော်ကလည်း တောက်တဲ့ရဲ့တန်ဖိုးကို လူငယ်လူရွယ်များကို ရှင်းပြတယ်။

ဒီမှာ ရွာသားတစ်ဦးက မေးတယ်။

"ဆရာလေးခင်ဗျ"

"ဟုတ်ကဲ့ ... ကိုလှခင်၊ ပြောပါခင်ဗျာ။ ဘာများပါလိမ့်"

"တရုတ်လူမျိုးအချို့က ဒီလောက် ဈေးကြီးပေးဝယ်နေရအောင် ဒီတောက်တဲ့က ဘယ်လိုဆေးဘက်ဝင်လို့တုံး ဆရာလေးရယ် ဟင် ..."

"သူတို့ ဆေးပညာအယူအဆနဲ့ သူတို့အသုံးပြုပေါ့ဗျာ။ တစ်လောက တရုတ်ပြည်ကပြန်လာတဲ့ ကျွန်တော့်အသိ အရောင်းအဝယ်သမားတစ်ဦး ပြောပုံအရ သူတို့ တိုင်းရင်းဆေးဆရာအချို့က တောက်တဲ့အစိပ်သားကောင် တစ်ပေခန့်အရှည်ရရင် တောက်တဲ့ကို ခွေးထုတ်ပြီး အုန်းဆီနဲ့ကြော်သတဲ့။ ရလာတဲ့အဆီကို လေဖြတ်ရောဂါမှာ သုံးတယ်တဲ့။

ပြီးရင် အကောင်လိုက်ကို ကြိုးနဲ့ချည်ပြီး ဇောက်ထိုးဆွဲလို့ ကျဆီကို ခံထားရသတဲ့။ တောက်တဲ့က အဆီကောင်းတဲ့ သတ္တဝါမျိုးကိုး။ သူ့အဆီကိုမှ သွေးချိုး ဆီးချိုရောဂါကနေ HIV/AIDS ရောဂါအထိ ကုသကြတယ်လို့ သိရတယ်။

တောက်တဲ့အန်ဖတ်ကလည်း အစွမ်းထက်သတဲ့။

"ဟုတ်ရောဟုတ်နိုင်ပါ့မလား ... ဆရာလေးရာ"

"စဉ်းစားစရာပေါ့လေ။ HIV/AIDS ရောဂါကို ကုရာနတ္ထိဆေးမရှိ သည့်ရောဂါလို့ ဆိုပါသော်လည်း အခုဆေးသိပ္ပံပညာမှာ ဒီရောဂါကို ခုခံ





နိုင်သည့် ဆေးဝါးပေါ်နေပါပြီ။ သို့သော် ဈေးကြီးတယ်။ ရောဂါသည်တိုင်း အသက်ရှင်ဖို့ ဝယ်မသုံးနိုင်ဘူး။

ဒီအချိန်မှာ တိုင်းရင်းဆေးသမားတွေကလည်း ဒီအေ့(စ်)ရောဂါကို ကုသကာကွယ်နိုင်မည့်ဆေးကို သူ့ရှိုးရာဓလေ့၊ ဒေသဓလေ့နဲ့ အမျိုးမျိုး ဖော်စပ်ကုသစမ်းသပ်နေတာပဲ။ တကယ်ပျောက်တယ်၊ မပျောက်တယ် မသိရဘူး။ တောက်တဲ့ကို ဈေးကြီးပေးဝယ်နေတာ နိုင်ငံအနှံ့ပဲ။

နောက်တစ်ချက်ကြားရတာ ယောက်ျားအားဆေးဖော်ရာမှာလည်း သုံးသတဲ့။ ဒီကိစ္စလည်း ခက်တယ်ဗျ။ တစ်ခါတုန်းကလည်း ကြားဖူးမလား မသိဘူး။ ရွှေပိုးကောင်လေးတွေလေ။ အဲဒီရွှေပိုးကောင်လေးတွေကို ရွှေဆိုင်းကျွေးပြီး သူပါတဲ့ချေးကို ပြန်စားရင် ရောဂါကင်းတယ်။ အသားလှတယ်ဆိုပြီး စားကြတဲ့ တစ်ခေတ်ဆန်းဖူးတယ် ခင်ဗျ။ ကျွန်တော်တို့ မြန်မာလူမျိုး အချို့မှာလည်း အစွဲအယူတစ်မျိုး အချို့မှာ ရှိနေတယ်။

"ဘာလဲဆရာ"

"မြို့သား၊ အရပ်သား အချို့ပေါ့။ ရန်ကုန် (.....) ဈေးဆိုင်ခန်းကြီးအဝင်မှာ ရေမဖန်ပုလင်းကြီးတွေထဲမှာ မြွေမျိုးစုံအခြောက်တွေကို ဆေးမြစ်စုံအရက်နဲ့ စိမ်ပြီး တစ်ခွက်တစ်ပက် (....) ကျပ်နဲ့ ရောင်းတာ။ အဲဒါ လူကြီးရော၊ လူရွယ်တွေရော အလုအယက်သောက်နေကြတာပဲ။ အထူးသဖြင့် အိမ်ထောင်ရှင်အမျိုးသားတွေ ပိုသောက်ကြတယ်"

"ဘာကောင်းလို့လဲ ဆရာရယ် ဟင်"

"ကာမအားတိုးတယ်ဆိုပြီး သောက်ကြတာ"

"အို ... စံပါပဲဗျာ"

"ဒါကြောင့် ပြောတာပေါ့။ သူ့နည်းသူ့ဟန်နဲ့ရော၊ ရောဂါအမျိုးမျိုး ကုစားနေကြတာပဲ။ ရောဂါပျောက်ရင်ကောင်းပါရဲ့၊ ရောဂါမပျောက်ဘဲ အား ထွက်ဆိုးကျိုးများနဲ့ တိုးရင်တော့ ကိုယ်ကျိုးနည်းပြီပေါ့ဗျာ"

သူ့စိတ်နဲ့သူ၊ ကိုယ့်စိတ်နဲ့ကိုယ်ပဲကိုး။



www.burmeseclassic.com

www.burmeseclassic.com



ခု ကြည့်စမ်း။

ငွေလွယ်လွယ်များများရမည့်နည်းကို ပွဲစားတွေက နည်းပေးလမ်းပြ လုပ်လိုက်ရော။

ဓားပြတိုက်စရာ မလိုဘူး။

အနုကြမ်းစီးစရာ မလိုဘူး။

တစ်ကောင်ရရင် သူဌေးဖြစ်တဲ့နည်း။

ကံမြင့်နဲ့ ကံတင့်တို့ညီအစ်ကို သဲကြီးမဲကြီးကို ရှာတယ်။ တောက်တဲ့ ဖမ်းတဲ့ညှပ်လည်း ပါတယ်။ ထုံးနဲ့ မန်ကျည်းသီးနယ်ထားတဲ့ အဆိပ်ဖြေဆေး လည်း ပါတယ်။

ညောင်ပင်မှန်သမျှ အကုန်တက်ရှာတာ။

ကုက္ကိုလ်ပင်ကြီးမှန်သမျှ အကုန်တက်ရှာတာ။

သစ်ခေါင်းပေါက်မှန်ရင် အကုန် တုတ်နဲ့ထိုးမွှေ၊ ခေါက်၊ အဲဒီသစ် ခေါင်းထဲက တောက်တဲ့အော်သံကြားရင် မီးမြှိုက် မီးခိုးတိုက်ပြီး တောက်တဲ့ ထွက်လာအောင် လုပ်တာ။

အချို့ မီးခိုးမွှန်လို့ ထွက်လာတာလည်း ရှိပါရဲ့။

နို့ပေမဲ့ အစိပ်သားမရှိဘူး။ တစ်ထွာကျော်ကျော် နှစ်ဆယ်သား ဝန်းကျင်မို့ သုံးလို့မရဘူး။

အဲဒါ တောက်တဲ့ ဘယ်အပင်ကအော်မလဲ ဒါပဲ နားစွင့်နေကြ တယ်။ တောက်တဲ့အသံကြီးကြီး အော်သံကြားရင် သူတို့သွားပြော။ မုန့်ဖိုး ရတယ်။

အစိပ်သားကောင်ရလို့ အရောင်းအဝယ်တည့်ရင် မုန့်ဖိုးထိုက်ထိုက် တန်တန်ပေးမယ်လို့ ပြောကြတာကိုး။

တစ်နေ့တုန်းကလည်း တောက်တဲ့အော်သံကြားလို့ ညောင်ပင်ပေါ် တက်လိုက်ရင်း ပြုတ်ကျလို့ လက်ကျိုးပါရောလား။

ဒီတော့ ဦးသူတော်က လူကြီးပီပီ အမြင်မတော်လို့ ဝင်ပြောရော။

"ကံမြင့်တို့၊ ကံတင့်တို့ရေ ..."





"ဘာတုံး ... ဦးသူတော်ရ"

"အကုသိုလ်များတဲ့အလုပ် မလုပ်ကြပါနဲ့ကွာ"

"အကုသိုလ်လည်း ဒီခေတ်မှာ မရှောင်နိုင်ဘူး ... ဦးသူတော်။ တစ်နေကုန် ခြေကုန်လက်ပန်းကျအောင် လုပ်တာတောင် တစ်နေ့ နှစ် ထောင်၊ သုံးထောင် အနိုင်နိုင်ဗျာ။ ပေါ်ဆန်းမွှေးတစ်ပြည်ကို ၁၆၀၀/-၊ ဆန်သစ်တစ်ပြည် ၁၂၀၀/-၊ ရွှေဝါထွန်း ၈၀၀/-၊ ဟင်းချက်စရာဖိုး မပါ သေးဘူး"

"အရက်ဖိုး မပါသေးဘူးလည်း ထည့်ပါ ... ကံမြင့်ရ"

"အေး ... အေးပါဟ ... လာမှာပေါ့။ တစ်နေ့လည်း မပြီးဘူး။ နေ့တိုင်း စားဖို့သောက်ဖို့ ရှာနေရတာ"

"မင်းက သောက်ဖို့ပါကွာ"

"ကျုပ်တို့ကတော့ ကလေးကျောင်းစရိတ်ပါ ဘသူတော်ရာ"

"ကျုပ်လည်း တစ်ချီကောင်းရရင် နွားတစ်ရှည်းဝယ်ချင်လို့ပါ .. ဘသူတော်ရ"

"ရည်ရွယ်ချက် မဆိုးပါဘူး ... ငါ့လူတို့ရာ။ ဒါပေမဲ့ ရည်ရွယ် ချက်ကို အကောင်အထည်ဖော်နေရတာက အကုသိုလ်များလှသကွာ"

"ဓားပြတိုက်တာ မဟုတ်ဘူးဗျ"

ကံမြင့်က ပြောတာ။

"လူသတ်တာ မပါဘူး"

ဒါက ကံတင့်က ပြောတာ။

"တစ်နေ့ အဲဒါမျိုး ဖြစ်မလာဘူး။ မပြောနိုင်ဘူး"

"ဒီမှာဗျ ... ဦးသူတော်"

"ဘာတုံး ... ငါ့လူရ"

"ခင်ဗျားက နေရာတကာကို လိုက်စပ်စု၊ လိုက်ပါ၊ ဝေဖန်အပြစ် ပြော၊ ဆရာကြီးလုပ်နေတာပဲ။ ခင်ဗျားကို ရှင်းရှင်းပြောမယ်ဗျာ။ ခင်ဗျား အလုပ်က ဘုန်းကြီးကျောင်းက အလုပ်၊ ကျုပ်တို့အလုပ်က ယာရာဝါသ



www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်များမြောင် လူတို့ဘောင်အလုပ်။ အဲဒီတော့ ခင်ဗျားနဲ့မဆိုင်ရင် ဝင်ဝင် မပါပါနဲ့ဗျာ''

''ငါက မင်းတို့ ငရဲကြီးမှာစိုး . . .''

''ကျုပ်တို့ဘာသာ ငရဲပဲကြီးကြီး၊ ငရဲပဲသေးသေး အဝီစိပဲ ချီး ကစ်ကစ် ခင်ဗျား ခွာလို့မရဘူး။ ကျုပ်တို့ကလည်း ခုဘဝအရေးပဲ အရေးကြီး တယ်။ နောက်ဘဝအရေးက အိုမှစဉ်းစားမယ်။ သွားတော့ . . . ကန်တော့ ပါသေးရဲ့။ ဟား . . . ဟား . . . ဟား . . . ဟား . . .''

ဦးသူတော်စေတနာကို ဝေဒနာလို့ထင်ပြီး လှောင်နေလို့ သူ့ထိုက် နဲ့သူ့ကံလို့ပဲ သဘောထားပြီး ဥပေက္ခာပြုလိုက်တယ်။ တစ်ရပ်တည်း၊ တစ်ရွာ တည်း၊ တစ်မြို့တည်း နေကြသူများမို့ ကိုယ်က ရပ်ဆွေရပ်မျိုးလို သဘော ထားပေမင့် . . .

သူတို့က တစိမ်းပြင်ပြင်လို သဘောထားကြသကိုး။

✿ ✿ ✿

| ၅ |

❑

တစ်နေ့ ကံမြင့်နဲ့ကံတင့်တို့ အရက်သောက်နေတုန်း ခံတက်ကုန်း ရွာသား ငစနေဆိုတဲ့ကောင် ရောက်လာတယ်။

''ရှာလိုက်ရတာ . . . ကံမြင့်ရာ''

''ဘာအရေးကြီးလို့ ငစနေ''

''ဂွင်ကွ . . . ဂွင် . . . ဂွင် . . . ဂွင် . . .''

ဒီမှာ ကံတင့်က အရက်တစ်ခွက်မော့ရင်းက မေးတယ်။

''ဘာဂွင်တုံး . . . ငစနေရ။ မင်းစီစဉ်တဲ့ ဂွင်မှန်ရင် လက်ထိတ် ရယ်၊ ခြေထိတ်ရယ်၊ အချုပ်ရယ် အဆင်ချည်းပဲ''

''ဗွီး . . . အေ့ . . . ဝေါ့ . . .''

''ကံတင့်ရ . . . ဒီတစ်ခါဂွင်က မင်းတို့ငါတို့ တစ်ချက်တည်းနဲ့ ချမ်းသာမည့် . . . ဂွင်ကွ . . . ဂွင် . . .''

''ချမ်းသာမည့်ဂွင်ဆို ပြော။ ရော့ . . . ဒါလေးဆောက်လိုက်ဦး ကွ''

ငစနေက ကံမြင့်ထိုးပေးတဲ့ အရက်ခွက်ကို ရေမရောဘဲသောက်ပြီး တံတွေးတစ်ချက် ထွေးလိုက်တယ်''

''ပြော . . . ငစနေ ဘာဂွင်တုံး''



www.burmeseclassic.com

www.burmeseclassic.com



"အဟမ်း ..."

"စနေ"

"ဘာတုံး ... ကံမြင့်ရာ"

"အဟမ်းတို့ ... အဟုန်းတို့နဲ့ ငါ့ကို မရစ်နဲ့နော်"

"အေးပါကွာ ... ဒီလိုကွ။ မင်းတို့ သုံးပန်လှဘုန်းကြီးကျောင်း သိလား"

"မင်းတို့ ခံတက်ကုန်းရွာတောင်ဖျားက ကျောင်းမဟုတ်လား"

"ဒါပေါ့ ...။ အဲဒီဘုန်းကြီးကျောင်းမှာ တောက်တဲ့ကြီးတစ်ကောင် ရှိတယ်။ ကျောင်းခေါင်းရင်း ဩဘင်ခေါင်းထဲမှာနေတာ"

"ဘယ်လောက်ကြီးလို့တုံး"

"အရှည်တင် တစ်ပေခွဲကျော်ရှည်တယ်"

"ဘာ ... တစ်ပေခွဲကျော်"

"ဟုတ်တယ်"

"အဲဒါဆို လေးငါးဆယ်သားလောက် ရှိမှာပေါ့"

"ကျိန်းသေရှိတာပေါ့ ... ကံမြင့်ရာ"

"စနေ ... မင်းကိုယ်တိုင် မြင်ရလို့လား"

"မြင်ရတာပေါ့။ မင်းပြောရင် ယုံပါ့မလား မသိဘူး"

"ပြော ... ယုံလို့ရရင် ယုံမယ်"

"အဲဒီတောက်တဲ့ကြီးကို သုံးပန်လှဘုန်းကြီး မွေးထားတာ"

"ဘာ ... တောက်တဲ့ကို ဘုန်းကြီးမွေးထားတာ"

"ဟုတ်တယ် ... အဲဒီတောက်တဲ့ကြီးက အော်ရင် ကိုးကြိမ်အော တယ်။ ဘုန်းကြီးရဲ့စကားကို တောက်တဲ့ကြီးက နားခံနားလည်တယ်။ ဘုန်း ကြီးက အဲဒီကောင်ကြီးကို အသီးအနှံချက် ဆွမ်းခံလို့ရတာကို ကျွေးထား တာ။ တောက်တဲ့ကြီးနာမည်က ရွှေပြောက်ကြီးတဲ့"

"ဘာလို့ ရွှေပြောက်ကြီးလို့ ခေါ်ရတာတုံး"

"တောက်တဲ့ရဲ့ ခန္ဓာကိုယ်ကြီးက မင်းတို့၊ ငါတို့ လက်ဖျံလုံးမက ကြီးတာ။ ခန္ဓာကိုယ်ပေါ်မှာ အနက်စွက် အပြောက်အပြောက်နဲ့။ နေထိုး





ရင် အောက်ခံခန္ဓာကိုယ်ကနေ ရွှေရောင်လိုလို သန်းနေလို့ ရွှေပြောက်ကြီး လို့ ဘုန်းကြီးက အမည်ပေးထားတယ်။

ဘုန်းကြီးက 'ဟေ့ ... ရွှေပြောက် အစာလာစား' လို့ သုံးကြိမ် ခေါ်လိုက်ရင် သူကလည်း 'တောက်တဲ့ ... တောက်တဲ့ ... တောက်တဲ့' လို့ သုံးကြိမ်ပြန်ထူးပြီးမှ ဟိုးသစ်ပင်အခေါင်းထဲကနေ ထွက်လာ၊ ဆင်းလာ တာ"

"ဟုတ်ရဲ့လား စနေရာ"

"ဟုတ်ပကွာ ... ငါတို့ တစ်ခါမှ ဒါမျိုးမကြားဖူးပါဘူးကွာ"

"မင်း ပုံပြင်ပြောနေတာ မဟုတ်ပါဘူးနော် စနေ"

"ငါပြောတာ မယုံရင် နောက်နေ့ ငါနဲ့လိုက်ကြည့်။ မြင်မှ ယုံ"

"ဒါဆို နက်ဖြန်ခါ လိုက်ကြည့်မယ်"

"လိုက်လေ ... ရတယ်။ ငါက မင်းတို့အကြောင်းသိလို့ လာပြော ရတာ"

"ငါတို့ရွာနေတာလည်း အဲဒီလို တစ်ပေကျော်ရှည်ပြီး အလေးချိန် အစိပ်သားအထက် လေးငါးဆယ်သား တစ်ပိဿာရှိတဲ့ကောင်မျိုးကွ ... စနေရ"

"မင်းတို့ ရအောင်ဖမ်းမှာလား"

"ဟ ... ဖမ်းရမှာပေါ့"

"ကျောင်းခွေးတွေက ဆိုးတယ် ... ကံတင့်ရ"

"ဆိုးတဲ့ကောင် ရှင်းရမှာပေါ့"

"ရလို့ရောင်းပြီးရင် ငါ တစ်ရှယ်ရာနော် ... ကံမြင့်"

"ဖြစ်ရမှာပေါ့ ... စနေရာ၊ ကံမြင့်ပါ ..."

"စနေ ... နက်ဖြန် ဘယ်အချိန်လဲဟေ့"

"မနက် ဘုန်းကြီးဆွမ်းစားပြီးချိန် (၁၁)နာရီခွဲပေါ့"

"စိတ်ချ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၆ ]

❑

ကျောင်းခွေးကြီး သုံးကောင်လည်း တဟိန်းဟိန်း တဟဲဟဲနဲ့ မာန်စောင်၊ ရန်စောင်ရင်း အစာစားနေတာကို သူတို့ ကျောင်းအပြင်စည်းရိုးက မြင်နေရတယ်။

ခွေးသုံးကောင်ကို အစာကျွေးနေတာက အသက် (၆၀) ကျော်ခန့် အဘိုးကြီး။

"အဲဒါ ကပ္ပိက ဦးဘိုးမုန်းတဲ့"

"ဟောဟိုမှာ ဘုန်းကြီးလာနေတယ်"

"အဲဒါ တောက်တဲ့ကို အစာကျွေးမလို့ ကြည့်နေ ... ကြည့်နေ"

သူတို့သုံးဦး ခြံစည်းရိုးပုဏ္ဏရိပ်ပင်တန်းကြားက ချောင်းကြည့်နေတုန်းမှာပဲ ...

အသက် (၇၀)ခန့် ဘုန်းကြီးအိုကြီးတစ်ပါးဟာ ပန်းကန်တစ်ချပ်ကို ကိုင်ပြီး ရေမဈောင်ပင်ကြီးအောက်ကို ရောက်လာတယ်။

သည့်နောက် ညောင်ပင်ပေါ်ကို မော့ကြည့်ပြီး ...

"ရွှေပြောက် ... ရွှေပြောက် ... ရွှေပြောက် ..."

"အစာလာစား ..."





"အစာလာစား ..."

"အစာလာစားတဲ့ ..."

ဒီလို သုံးကြိမ်သုံးခါခေါ်လိုက်ရော၊ မကြာဘူးဗျာ ... အပေါ်သစ်ခေါင်းထဲကနေ ပြန်ထူးသံ ကြားရပါရော။

"တောက်တဲ့ ..."

"တောက်တဲ့ ..."

"တောက်တဲ့ ..."

အဲဒီလို သုံးကြိမ် တောက်တဲ့လို့ ပြန်အော်ထူးသံဆုံးရော၊ ညောင်ပင်ပေါ် သစ်ခေါင်းထဲကနေ တောက်တဲ့ကြီးတစ်ကောင် ဆင်းလာတာကို အတိုင်းသား မြင်ရတာပဲ။

"ရှူး ... ဟိုမှာ ... ဟိုမှာ ..."

"ဟာ ... ဟုတ်ပကွာ"

"အကြီးကြီးပဲ ... ကံမြင့်ရာ"

"ရှူး ... တိုးတိုး"

ဟုတ်ပဗျာ ... တောက်တဲ့ကြီးရဲ့ ကိုယ်ပေါ်မှာ အနက်စက်အကွက်အပြောက်တွေက အဖြူနဲ့ ရွှေရောင်ရောနေတဲ့ ခန္ဓာကိုယ်အရေပြား ကျောကုန်းပေါ်မှာ ကွက်စေ့တန်းစီနေတာပဲ။

သူ့ကိုယ်ပေါ်ကို နေရောင်ထိသန်းရော ...

ဟယ် ... ရွှေရောင်ကို ဝင်းလက်သွားတာပဲ။

အင်း ... ဒါကြောင့် ရွှေပြောက်လို့ ခေါ်သကိုး။

ရွှေပြောက်ဆိုတဲ့ တောက်တဲ့ကြီးဟာ အလျားတစ်တောင်ကျော်ခန့်ရှိမယ်။ လုံးပြားရှည်ကြီး။ ဦးခေါင်းက မသိရင် မြွေပွေးဦးခေါင်းနဲ့ ခပ်ဆင်ဆင်တူတယ်။

"စား ... စားလေ"

"စားတော့"

သူဟာ ဘုန်းကြီးအိုကြီးကို မျက်လုံးပြူးပြူးနှစ်လုံးနဲ့ မော့ကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကို နှုတ်ဆက်နေတာလား၊ ဂါရဝပြုနေသလား မသိဘူး။

သည့်နောက် သံပန်းကန်ပြားထဲက အသီးအနှံဟင်းများကို တောက်တဲ့ကြီးက အားရပါးရစားတာကို အံ့ဖွယ်မြင်ရရော၊ ကံမြင့်နဲ့ ကံတင့်တို့ ညီအစ်ကို အံ့ဩသွားရပါရောဗျာ။

[မှတ်ချက်` . . . ၎င်း သစ်သီးဟင်းလျာစားသည့် တောက်တဲ့ကြီးသည် ယနေ့တိုင် ရှိနေပါသေးသည်။]

စားလို့ဝသည်၊ ကုန်သည်နှင့် တောက်တဲ့ကြီးရဲ့ ခန္ဓာကိုယ်ကလည်း ဝမ်းဗိုက်ကြီးကားလာကာ ဖွတ်ပေါက်စတစ်ကောင်အလား ထင်မှတ်ရရဲ့။

"ဝရဲ့လား . . ."

"တောက် . . . တဲ့"

"စားလို့ကောင်းရဲ့လား"

"တောက် . . . တဲ့"

"ကိုင်း . . . ကိုင်း . . . အပေါ်ကို ပြန်တက်တော့ဗျာ"

"တောက် . . . တဲ့ . . ."

ထူးဆန်းလိုက်ပါဘိသနဲ့၊ ဘုန်းကြီးကပြောတိုင်း၊ သူက တောက်တဲ့လို့ ပြန်ထူးရင်းပြောရင်း နောက်ပြန်လှည့်လို့ ညောင်ပင်ပေါ်တက်သွား။ ညောင်ပင်ခေါင်းထဲ ဝင်သွားတာကို မြင်လိုက်ရပါရောလား။

"ငစနေ . . ."

"ဘာတုံး . . . ကံမြင့်"

"မင်းပြောတာ မှန်တယ်"

"ငါတို့ ဒီရွှေပြောက်ကြီးကို ရအောင်ကြံမယ်"

"ကိုင်း . . . သွားစို့။ မသန်းတင်တို့ အရက်ဆိုင်မှာ အကြံကောင်းကို ယစ်ရွှေရည်နဲ့ ထုတ်ကြစို့"

✿ ✿ ✿

[ ၇ ]

❑

တစ်နေ့သောမနက်၌ သုံးပန်လှဘုန်းကြီးကျောင်းမှ ခွေးကြီးသုံးကောင် အစာအဆိပ်မိ၍ သေသည်ဟု ကြားသိရတယ်။

ခွေးသုံးကောင်သေပြီးနောက် နောက်နှစ်ရက်မှာ ငစနေ၊ ကံမြင့်တို့ ညီအစ်ကိုရှိရာကို ရောက်လာတယ်။

"ကံမြင့် . . ."

"ဘာတုံး . . . ငစနေ၊ ဘာထူးတုံး"

"ခွေးဆိုးကြီးသုံးကောင် သေသွားပြီ။ ငါကိုယ်တိုင် အမဲသားတုံးထဲ အဆိပ်ထည့်ပြီး ကျွေးလိုက်တာ"

"ကောင်းတယ်။ ဒါမှ ဝင်လို့လွယ်မှာ"

"ဒီမှာ သုံးပန်လှဆရာတော်လည်း မုံရွာကို ခဏကြွသွားတယ်။ ကျောင်းမှာ ကိုရင်နှစ်ပါးနဲ့ ကပ္ပိယအိုကြီးပဲ ကျန်တယ်"

"ဒါဆို ငါတို့ ညဘက်ရှာမလား"

"ညဘက်မရှာနဲ့။ ညဘက်ဆို မီးထိုးရှာရမှာ လူသိတယ်။ ကိုရင်နှစ်ပါး ဆွမ်းခံကြွချိန်မှာ အပင်ပေါ်တက်။ ငါက ကပ္ပိယကြီးနဲ့ ကျောင်းအောက်မှာ လေချပေးနေမယ်။ အဲဒီတောက်တဲ့ကြီး ဘုန်းကြီးမရှိရင် ဘယ်သူကျွေးလို့မှ အစာမစားဘူး။ အပေါ်မှာပဲ ရှာစားနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် ...။ နက်ဖြန်မနက်နော်"

နောက်နေ့ ကိုရင်ဆွမ်းခံကြချိန်မှာ သူတို့သုံးဦးအနက်က စေနေက စားစရာ၊ သောက်စရာများယူလာပြီး ကပ္ပိယကြီးကို ဝင်တွေ့တယ်"

"အဘ ..."

"ဟဲ့ ... ဘယ်သူတုံး"

"ကျွန်တော်ပါ ... စေနေပါ"

"ဩော် ... စေနေ ဘယ်က လှည့်လာတုံးဟဲ့။ မျက်စိကလည်း သိပ်မကောင်းဘူး ... စေနေရယ်"

"ဆရာတော်ရော ... ကပ္ပိယကြီး"

"အညာကို ကြွသဟဲ့။ တစ်ပတ်ကြာမတဲ့"

"ဟုတ်လား ... စားစရာလာပို့တာ ကပ္ပိယကြီးရဲ့။ ဆရာတော် မရှိတော့လည်း ကပ္ပိယကြီးပဲ သင့်သလို လုပ်လိုက်ပေါ့"

"အေး ... အေး ... ထိုင်ဟဲ့ ... ရေနွေးကြမ်းသောက်"

"ကပ္ပိယကြီး ..."

"ဘာတုံး"

"ခွေးတွေရောဗျ။ မတွေ့ပါလား"

"အိမ်း ... ခွေးသုံးကောင် အစာအဆိပ်သင့်သနဲ့ တူပါရဲ့ကွယ်။ သေသွားပြီကွယ့်။ အင်း ... အားလုံး သတ္တဝါမှန်သမျှ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ချည်းပါပဲကွယ်။ အင်း ... အင်း ... အင်း ..."

ဒီလို ကပ္ပိယကြီးနဲ့ စေနေ စကားကောင်းနေချိန်မှာ ...

ကံမြင့်နဲ့ ကံတင့်တို့ညီအစ်ကိုက လက်နှိပ်မီး ခါးကြားထိုး ပလိုင်း တစ်လုံးစီလွယ်၊ သစ်သားညှပ်တစ်ခုစီ ကိုင်ပြီး ကျောင်းခေါင်းရင်းက ညောင်ပင်ပေါ် ရောက်နေပြီ။

ရွှေပြောက်ကြီးဆိုတဲ့ တောက်တဲ့က ညောင်ခေါင်းထဲမှာ ရှိနေတာ ဆိုတော့ ညောင်ခေါင်းပေါက်ဝကို နှစ်ယောက်သား ညှပ်ထိုင်ပြီး လက်နှိပ်မီး နဲ့ ထိုးလိုက်ရော။

အခန့်သင့်ပါပဲ။





ရွှေပြောက်ကြီးကို တန်းတွေ့ရလို့ ဝမ်းသာသွားကြတယ်။

သည့်နောက် ကံမြင့်က မီးထိုးပေးနေတုန်း ကံတင့်က ရွှေပြောက်ကြီးကို သစ်သားညှပ်နဲ့ ညှပ်ဆွဲလိုက်တယ်။

အမ်မယ် ... ဒီကောင်က ကပ်ထားတာမှ ဆွဲလို့မရဘူး။

ဒီမှာ ကံမြင့်က ပါလာသည့်တုတ်ကို အဖျားချွန် လှန်ကော်၊ လှန် ကော် လုပ်ပေးလိုက်မှ ရွှေပြောက်တောက်တဲ့ကြီးကို ရတော့တယ်။ နည်းတဲ့ ကောင်ကြီး မဟုတ်ဘူး။

ငါးပလိုင်းတစ်လုံးထဲကို မနည်းအရ ထည့်ရတယ်။

ကိစ္စဝိစ္စပြီးတော့ ဘယ်သူမှမမြင်ရအောင် ဆင်းလာပြီး ချိုးကူသံ သုံးချက် အချက်ပေးလိုက်တယ်။

ချိုးကူသံသုံးချက်လည်း ကြားရော ...

ဒီမှာ ကပ္ပိယကြီးနဲ့ အချိန်ဆွဲစကားပြောနေတဲ့ စေနေက သဘော ပေါက်လိုက်ပြီ။ ကိစ္စဝိစ္စ အောင်မြင်ပြီးစီးကြောင်း ကံမြင့်တို့ညီအစ်ကို အချက် ပေးပြီလေ။

ဒါကြောင့် ပြောလက်စစကားကို ဖြတ်လိုက်ပြီး ...

"ကိုင်း ... အဘရေ ကျုပ် ပြန်ဦးမယ်ဗျ"

"အိမ်း ... အိမ်း ..."

"ရေခပ်ရမယ် အဘရဲ့။ နေကောင်းအောင်နေနော် အဘ"

"အိမ်းပါကွယ်"

"အကြောင်းကိစ္စရှိသည်း ကျုပ်ကို လှမ်းခေါ်နိုင်းပေါ့"

"အေးပါဗျာ ... အေးပါဗျာ ... သာဓု ... သာဓု ... သာဓု။ ကျန်းမာချမ်းသာပါစေဗျာ ... သွား ... သွား။ ကျုပ်လည်း ထင်းလှန်းဦး မယ်ဗျာ"

သူတို့ ဒီရွာမှာမနေကြဘဲ၊ ကံမြင့်တို့ရွာကို လိုက်ခဲ့ကြတယ်။

ရွာထိပ်မှာ ကံမြင့်တို့ တဲထိုးနေကြတာကိုး။ အဲဒါ တဲအိမ်ရှေ့က တာနဲ့ မပြားကြီးတို့အိမ်က ချိန်ခွင်နဲ့ အလေးသွားငှားပြီး ရွှေပြောက်ကြီး ရဲ့ တောက်တဲ့ကြီးကို ကြိုးနဲ့ ခြေလက်တုပ်လို့ ချိန်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အလေးထပ်ထည့်ဦး"

"သုံးဆယ်သား"

"မကာဘူး ထပ်ထည့်"

"လေးဆယ်သားကွ"

"ဟာ ... အလေးချိန် စီးတုံးပဲကွာ။ နောက်ထပ် အလေးထပ်ထည့်စမ်း"

"ငါးဆယ်သား ... ငါးဆယ်သားဟေ့"

"ဟား ... ဟား ... ဟား ... ဟား ... ကံမြင့်တို့၊ ကံတင့်တို့ နေ့ချင်းညချင်း သူဌေးဖြစ်ပြီပေါ့ကွာ။ ဟား ... ဟား ... ဟား ... ဟား ..."

ကံမြင့်တို့၊ ကံတင့်တို့ညီအစ်ကို အလေးချိန်ငါးဆယ်သားရှိတဲ့ ရွှေရောင်တောက်တဲ့ကြီးတစ်ကောင် ရခဲ့သည့်သတင်းဟာ ရွာထဲရပ်ထဲမှာ သိန်းတစ်ထောင်ထီပေါက်သလို နာမည်ကျော်သွားပါရော။

ဟိုကလာကြည့်၊ ဒီကလာကြည့် မေး။

"ကိုကံ ... ဘယ်ကရတာတုံးဗျ"

"မြောက်ချောင်းတောထဲ ညောင်ပင်ကကွ"

"ဟာ ... အဝေးကြီးပဲဗျာ"

"အဲဒီတောကို ဘယ်သူမှ မဝင်ရဲဘူး ... ကိုကံမြင့်ရ"

"ငါတို့ညီအစ်ကိုနဲ့တွေ့ရင် ဘာခံနိုင်မှာတုံးကွ"

"ကိုကံ ..."

"ဘာတုံးကွ"

"သိန်းတစ်ရာ အနည်းဆုံးပဲဗျ"

"က,မသား ချစ်တီးရေ၊ အောက်ထစ် ငါးဆယ်သားရှိဥစ္စာ။ သိန်းတစ်ထောင် အနည်းဆုံးပဲ"

"ကိုကံတင့်တို့ရေ ... အရောင်းအဝယ်ကိစ္စပြီးရင် ကျုပ်တို့ ကာလသားအဖွဲ့နဲ့ ထန်းရည်သမားအဖွဲ့ကို သောက်မှုးပါတီလေးပေးဗျာ"





"ဟား ... ပေးရမှာပေါ့ကွ။ ကိုယ့်ဘော်ဒါတွေဥစ္စာ။ ပြောရသေးလား"

"ကိုင်း ... ပြန်ကြတော့၊ ငါတို့ စီစဉ်စရာရှိသေးလို့"

လာကြည့်သူတွေ ပြန်တော့မှ ကိုကံမြင့်က ရွာထိပ်က ဖုန်းအိမ်သွားပြီး ပွဲစားကိုစိန်ငွေလျှံကို ဖုန်းဆက်ရတယ်။

"ကိုငွေလျှံလား"

"အေး ..."

"ကျုပ်ကံမြင့်ပါဗျ။ ဒီနေ့ပဲ ကျုပ်တို့ စနေသားကို ရထားပြီဗျို့"

"ဟုတ်လား ... အလေးချိန် ဘယ်လောက်သားရှိလဲ၊ ကံမြင့်"

"ငါးဆယ်သားစီးစီးရှိတယ်"

"တ ... တ ... ကယ် ..."

"တကယ်ပေါ့ဗျ။ ခင်ဗျားတို့သာ ငွေချေပြီး အမြန်လာယူလှည့်ဗျာ။ လက်ထဲမှာ ကြာရှည်မထားချင်ဘူး"

"ကံမြင့် ... အခု ငါ မန္တလေးရောက်နေတယ်။ ညရထားနဲ့ ဝယ်လက်ပါခေါ်ပြီး မနက်ကို အရောက်လာခဲ့မယ်။ ဘယ်သူ့ကိုမှ မရောင်းနဲ့၊ သူတစ်ပါး မခိုးမဖက်ရအောင် ဂရုစိုက်ပြီး စောင့်ကြည့်ပေးထား။ ကြားလား ..."

"ကိုငွေလျှံ ..."

"ဘာတုံးဟ ... သူဌေးရ"

"အဟဲ ... ဟဲ ... သိန်းတစ်ထောင်နော် ကိုယ့်ဆရာ"

"ဟား ... ဟား ... ဟား ... တား ... စိတ်ချယုံကြည်စမ်းပါ ကံမြင့်ရာ။ သိန်းတစ်ထောင်ကို အစုတ်အပေါင်း တစ်ရွက်မပါစေရဘူး စိတ်ချပေ့။ ဟား ... ဟား ... ဟား ... ဟား"

သည့်နောက် ဖုန်းချ၊ ပြန်လာပြီး ကျန်နှစ်ဦးကို အခြေအနေပြောပြလိုက်တယ်။

"တို့ တစ်ညစောင့်ရမယ်။ သူတို့က မန္တလေးရောက်နေတယ်တဲ့။ မနက်ကို အရောက်လာပြီး ဝယ်လက်က ငွေချေမယ်လို့ ငွေလျှံက ပြော



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အရေးကြီးတာ ငါတို့ ဒီတစ်ညသ ဒီရွှေပြောက်ကြီးကို မပျောက်မပျက်ရအောင် ဂရုစိုက်ရမယ်''

''သူ့ကို ဘာကျွေးမလဲ''

''အသီးအနှံပေါ့ကျွေးပေါ့''

''ဒီကောင်တွေက 'ခြ' သိပ်ကြိုက်တာ။ ခြကောင်လေးတွေ ကျွေးရင် အလေးချိန်တိုးမှာကွ''

''ရှိလို့လား''

''ခေါင်းရင်းမှာ တောင်ပို့ရှိတယ်။ တူးရင် ရမှာ''

''တူးကွာ။ ရသမျှ တစ်ညလုံး ကျွေးစို့''

ဒါနဲ့ သူတို့ သစ်သားစည်ပိုင်းထဲက ရေတွေထုတ်၊ ပြီး တောက်တဲ့ကြီးရဲ့ခါးကို ကြိုးနဲ့ သေသေချာချာချည်ပြီး သစ်သားစည်နံရံမှာ အိမ်ရိုက်၊ သံနဲ့ရွဲပြီး ကြိုးနဲ့ ချည်ထားလိုက်တယ်။

ပြီး . . . သစ်သားအဖုံးနဲ့ အုပ်ထားလိုက်တယ်။

ဒီမှာ ရွာဦးကျောင်းက ဦးသူတော် ဇာတ်လမ်းအစမှာ ရေးထားတဲ့အတိုင်း ရောက်ချလာပြီး မေးတာ။

''မင်းတို့ တောက်တဲ့ကြီးတစ်ကောင် ရတယ်ဆိုကွ''

''ဟုတ်တယ် . . . အဲဒါ ဘာဖြစ်လဲ''

''ဘယ်နေရာက ရတာတုံးကွ ဟေ''

''ဒီမှာ ဦးသူတော်၊ ဘယ်ကပဲ ရရ မရရ၊ ဦးသူတော်အလုပ် ဘာပါလို့တုံး။ ခင်ဗျားက ဟိုစပ်စပ် ဒီစပ်စပ်လိုက်ပါပြီး လျှာရှည်အာရှောင်လုပ်၊ ကျုပ်တို့ ခင်ဗျားကို မျက်စိစပါးမွေးစူးနေပြီ သိလား''

''ခင်ဗျား . . . သွားတော့ဗျာ''

''သွားဆို . . . သွားဗျာ။ ဝေးဝေးနေ၊ ဝင်မရှုပ်ပါနဲ့။ ခင်ဗျား အလုပ်လည်း မဟုတ်ဘူး။ သွားတော့ . . . ။ ကျုပ်တို့စိတ်တိုရင် မလွယ်ဘူး''

ပြောလို့မရမှန်းသိလို့ ဦးသူတော် နောက်ကြောင်းပြန်လှည့်ခဲ့လိုက်တယ်။

မေးချင်တဲ့အချက် ရှိနေတယ်လေ။

စိတ်ကူးသစ်စာပေ



ကြားနေရတာက ဒီတောက်တဲ့ကြီးဟာ ရွှေရောင်တောက်နေတာတဲ့။ ရွှေရောင်တောက်တဲ့ တောက်တဲ့ကြီးဆိုရင် သုံးပန်လှဘုန်းကြီးကျောင်း၊ ဘုန်းကြီး ကျွေးမွေးပြုစုစောင့်ရှောက်ထားတဲ့ တောက်တဲ့ကြီးလို့ ပြောနေကြတာကိုး။

ဘုန်းကြီး ကျွေးမွေးပြုစုထားတဲ့ တောက်တဲ့ဆိုရင် မလွယ်ဘူး။

အချို့က ဒီရွှေရောင်တောက်တဲ့ကြီးကို ညှောင်ပင်စောင့်နတ်လို့ ခေါ်လို့ခေါ်၊ ရုက္ခစိုးလို့ ပြောလို့ပြော ဖြစ်နေတာ။

လပြည့်ညနဲ့ လကွယ်ညများကျရင် ကိုးကြိမ်အော်သတဲ့။ ကိုးကြိမ်အော်ရင် စီးပွားဖြစ်တယ်။ လာဘ်ကောင်းတယ်လို့ ဆိုကြကိုး။

အဲဒါ မှန်ပုံရတယ်။

ဒီနွေမှာ သုံးပန်လှဘုန်းကြီးကျောင်းကို မုံရွာအညာ ဒကာ ဒကာမများက တိုက်ကျောင်း ပြုပြင်ပြောင်းလဲဆောက်မယ်လို့ သိရတယ်။

အများကတော့ ဘုန်းကြီးကျောင်းက ဆရာတော်မွေးထားတဲ့ တောက်တဲ့ကြီး ကိုးကြိမ်အော်လို့ အကျိုးပေးတာတဲ့။

တောက်တဲ့ကြီးက သစ်သီးဝလံ အသက်လွတ်စားလို့ သူတော်ကောင်းတောက်တဲ့ကြီး၊ ရုက္ခစိုးကြီးလို့ ခေါ်ခေါ်နေကြတာ။

အဲဒီတောက်တဲ့ကြီးသာ ကျိန်းသေရင် . . .

မတော်တဆ ဒုက္ခရောက် ဘေးဒဏ်သင့်မှာစိုးလို့ ပြောပြချင်တာကို သင်းတို့က လက်မခံဘူး။

အေးလေ . . . တစ်ဖက်ကကြည့်ရင် သိန်းတစ်ထောင်ရမည့် လာဘ်ကောင်ကြီးကိုး။

ကံ,ကံ၏ အကျိုးပေပဲ။ ဝဋ်ရှိတော့လည်း ခံလိုက်ပေဦးတော့ ရွှေပြောက်ကြီးရေ . . . ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

❑

အဲဒါ မိုးမြန်မြန်လင်းပါစေတော့လို့ ဆုတောင်းနေရတယ်။ မိုးလင်းလို့ ငွေချေမှ သူတို့ လူချမ်းသာသူဌေးများ လုံးလုံးဖြစ်မှာကိုး။

နေဝင်ကတည်းက အချိန်ခွဲပြီး အလှည့်ကျ စောင့်ကြတယ်။

ညဉ့်ဦးပိုင်း (၁၀)နာရီထိ ကံမြင့်အလှည့်။

ညဉ့် (၁၀)နာရီကနေ သန်းခေါင်ကို ကံတင့်။

ငစနေက သန်းခေါင်က မိုးအလင်း စောင့်ကြည့်ကြမယ်လို့ ညှိနှိုင်းပြီး ညဉ့်ဦးပိုင်းကို ကံမြင့် စစောင့်တယ်။

ပြောလို့မရဘူးလေ။

သိန်းတစ်ထောင်တန်တဲ့ သတ္တဝါဆိုတော့ သူနိုးလည်း စိုးရိမ်ရ၊ စားပြလည်း စိုးရိမ်ရတာပဲ။

ဟိုနှစ်ယောက်တော့ သောက်လို့ဝလို့ အိပ်နေပြီ။ သူ လက်နှိပ်ဓာတ်မီးနဲ့ တဲဝန်းကျင် ထိုးထိုးကြည့်ပြီး သစ်သားစည်ပိုင်းအဖုံးကို ဖွင့်လို့ မီးနဲ့ထိုးကြည့်တယ်။

ရွှေပြောက်ကြီး ခါးကြိုးတန်းလန်းနဲ့။

ကံမြင့်က ခြကောင်အနည်းငယ် ချပေးလိုက်ပေမင့် တောက်တဲ့ကြီးက မစားဘူး။ ကံမြင့်ထိုးတဲ့ မီးရောင်ကို မျက်လုံးပြူးကြည့်နေတယ်။





ကံမြင့်က အဖုံးကို ပြန်ပိတ်ပြီး ငါးပိသာအလေးတုံးခန့် ကျောက်တုံးနဲ့ ဖိထားလိုက်လို့ အရက်ကို ပြန်ထိုင်သောက်လိုက်တယ်။

ည (၁၀)နာရီထိုးတော့ သူ့ညီ ကံတင့်ကို နှိုးလိုက်တယ်။

"မင်းစောင့်လှည့် ... ကံတင့်"

"အင်း ... အင်း ..."

"ကံတင့် ... ဂရုစိုက်နော်။ မသင်္ကာစရာ ဖြစ်ရင် တွေ့ရင် ငါ့ကို နှိုးနော် ... ညီလေး"

"အင်းပါ"

သည့်နောက် တစ်ခွက်မော့ပြီး အိပ်ရာပေါ် လှဲချလိုက်တယ်။ သူ့အနီးမှာ ငစနေက ပိုးလို့ပက်လက် အိပ်လို့။

မှေးခနဲ အိပ်ပျော်သွားတုန်းရှိသေး ...

"ဟော့ကောင် ... ဟော့ကောင် ... ထ ... ထ ..."

"ဟော့ကောင် ... ဟော့ကောင် ... ထ ... ထ ..."

ခေါင်းရင်းကနေ သုံးလေးခါလှုပ်ခေါ်နှိုးလို့ မျက်လုံးဖွင့်ကြည့်လိုက်ရော ...

"ဟင် ..."

"ဟာ ... ဟုတ်မှဟုတ်ရဲ့လားဟ"

"အလိုလေး ..."

မြင်လိုက်ရတာက တောက်တဲ့ကြီး ရွှေပြောက်။

ဘုရား ... ဘုရား ... နည်းနည်းနောနော ကောင်လားဗျာ။ မိကျောင်းတစ်ကောင်နီးပါး ရှိနေတာ။ ကံမြင့်ကို စူးစူးရဲရဲ ကြည့်နေတာ။

"ငါ့ကိုခေါ်တာ ဘယ်သူလဲ"

"ငါ ..."

"ဘုရားရေ ..."

မိကျောင်းလောက်ရှိတဲ့ တောက်တဲ့ရဲ့ပါးစပ်က လူစကားပြောသံ ထွက်လာတယ်။ 'ငါ' တဲ့။ ကြောက်လွန်းလို့ နောက်ကိုခုန်ဆုတ်ပြီး ဓားရှည်ကို လှမ်းဆွဲကိုင်လို့ အသင့်အနေအထား ယူလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ငါ့ကိုပြန်လွှတ်ပေး"

"ဘာ ... ဘာ ..."

"ငါ့ကို ပြန်လွှတ်ပေး"

"မင်း ... မင်း ... ရွှေပြောက်လား"

"ဟုတ်တယ် ... ငါ့ကို ပြန်လွှတ်ပေး။ ငါ့နေရာကို ပြန်ပို့ပေး"

"အို ... မင်း ... မင်း ... ရွှေပြောက်မဟုတ်ဘူး ... မဟုတ်ဘူး"

"မလွှတ်ပေးဘူးလား"

"မလွှတ်ဘူး"

"ဝုန်း ..."

"ဝုန်း ..."

စကားလည်းဆုံးရော ရောမတောက်တဲ့ကြီး (ရွှေပြောက်ဆိုတဲ့အကောင်) က သူ့ကိုယ်ပေါ်ကို ခုန်အုပ်လိုက်ဘာ ...

အလွန်ကြီးမားတဲ့ အလေးချိန်နဲ့ အရှိန်ကြောင့် သူ့ကိုယ်လုံးဟာ တောက်တဲ့ကြီးရဲ့အောက်မှာ ပိနေတယ်။

"အမယ်လေးဗျာ ... အား ... အား ..."

"အား ... လုပ်ကြပါဦး ... အား ... အား ..."

"အစ်ကို ... အစ်ကို ..."

"ကံမြင့် ... ကံမြင့် ..."

"အစ်ကို ... အစ်ကို ..."

"ဟင် ..."

"အစ်ကို ... ဘာဖြစ်နေတာတုံး ... ဘာဖြစ်နေတာတုံး"

"ဟင် ... ဟို ... ဟိုကောင်ကြီးရော"

"ဘယ်သူတုံး"

"ရွှေပြောက် ... ရွှေ ... ပြောက် ..."

"စည်ပိုင်းပြတ်ထဲမှာ ရှိတယ်လေ ... အစ်ကိုကလည်း ... အစ်ကိုဘာတွေ ယောင်အော်နေတာလဲဗျာ။ လန့်ဖြန့်သွားတာပဲ"





"ဟူး ... ငါ ... ငါ ... အိပ်မက် မက်နေတာကိုး"

"အိပ်ရေးပျက်အောင် မလုပ်နဲ့ ... ကံမြင့်ရာ ... ပြန်အိပ်ကွာ"

စေနေကလည်း အိပ်ရေးပျက်လို့ လှမ်းငေါက်တယ်။ သည့်နောက် ကံမြင့် ပြန်အိပ်လိုက်တယ်။ တော်တော်နဲ့ အိပ်မပျော်ဘူး။

အိပ်မက်က ထူးဆန်းနေတာကိုး။

'ငါ့ကို ပြန်လွှတ်ပေး'

'ငါ့နေရာ ငါ့ကို ပြန်ပို့ပေးတဲ့'

ဒီလိုနဲ့ပဲ ပြန်အိပ်ပျော်သွားရော။ ညဉ့် (၁)နာရီထိုးတော့ ကံတင့် ကင်းစောင့်လှည့် ပြီးသွားလို့ စေနေကိုနှိုးပြီး တောက်တဲ့ကြီးလှောင်ထားတဲ့ သစ်သားစည်အဖုံးကို ဖွင့်လိုက်တယ်။

"စေနေ ဒီမှာကြည့်နော်၊ တောက်တဲ့ရှိနေတယ်"

"အေး ... မြင်တယ်"

"မင်းကို ငါ အပ်ပြီးပြီ။ မအိပ်နဲ့။ သူခိုးဝင်ခိုးသွားရင် အားလုံး ဒုက္ခရောက်၊ ကိုယ်ကျိုးနည်းမယ် သိလား"

"အေးပါ ... ငါသိပါတယ်။ စိတ်ချပြီး အိပ်ပါ"

ကံတင့် စေနေကို တာဝန်လွှဲပေးပြီး အိပ်ပျော်သွားတယ်။

အိပ်ပျော်တုန်းရှိသေး ...

"ဟော့ကောင် ... ဟော့ကောင် ... ထ ... ထ ..."

"ဟော့ကောင် ... ထလေ ... မြန်မြန်ထ"

လှုပ်နှိုးနေလို့ မျက်လုံးဖွင့် ထကြည့်မယ်လုပ်ရော ...

"ဟိုက် ..."

"အမယ်လေး ..."

ရောမတောက်တဲ့ကြီး သူ့ရင်ဘတ်ပေါ် ကားယားခွလျက်ကြီး။

"အား ... အား ..."

"ဟော့ကောင် ... ငါ့ကို အခုလွှတ်ပေး"

"လွှတ်ပေး ..."

"ဝုန်း ..."



www.burmeseclassic.com

www.burmeseclassic.com



"အား ...အမလေးဗျာ"

တောက်တဲ့က သူ့ရဲ့မျက်နှာကို ပါးစပ်ပြကြီးနဲ့ လှမ်းကိုက်လို့ သူ အသံကုန်အော်ဟစ်လိုက်တယ်။

"ကံတင့် ... ကံတင့် ..."

"အား ...အား ...အား ...မလေး ...အား ..."

"ဟော့ကောင် ...ကံတင်"

"ဖောင်း ..."

"ဖြန်း ..."

ကုန်းထပြီး အော်ဟစ်နေတဲ့ ကံတင့်ရဲ့ပါးကို ကံမြင့်က နှစ်ချက်ဆင့်ရိုက်လိုက်မှ ကံတင့် အလန့်ပြေသွားတော့တယ်။

"ကံတင့် ..."

"ဗျာ ...အစ်ကို"

"မင်း ဘာဖြစ်လို့ အလန့်တကြားအော်နေတာတုံး"

"အိပ်မက်ဆိုး ...အစ်ကို ...အိပ်မက်ဆိုး ..."

"ဘာအိပ်မက်တုံး ...မြန်မြန်ပြောစမ်း"

ဒါနဲ့ ကံတင်က သူမြင်မက်ရတဲ့ အိပ်မက်အကြောင်းကို ပြောပြရော၊ ကံမြင့် အလွန့်ကို အံ့သြသွားတယ်။ ဘာလို့လဲဆိုတော့ အိပ်မက်က သူ အရင်မြင်မက်တဲ့အိပ်မက်နဲ့ ထပ်တူနီးပါး ဖြစ်နေလို့ပဲ။

"ထူးဆန်းနေတယ် ...အစ်ကို၊ ငါ့ကို ပြန်လွှတ်ပေး၊ ငါ့နေရာ ပြန်ပို့ပေးလို့ ပြောနေတယ်"

"အိပ်မက်ပါကွာ ...အရေးစိုက်မနေပါနဲ့၊ လာ ...လာ ...အားလုံးနိုးတုံး ဟိုအကောင်ကို စစ်ဆေးကြည့်ကြဦးစို့"

ဒါနဲ့ သုံးယောက်သား သစ်သားစည်ပိုင်းအဖုံးကို ဖွင့်၊ လက်နှိပ်မီးနဲ့ အထဲကို ထိုးကြည့်လိုက်ကြရော ...

"ဟာ ..."

"ဟင် ..."

"အလို ..."





မြင်လိုက်ရတာ သူတို့ နေ့ခင်းတုန်းက ဖမ်းပြီး ကြိုးနဲ့ချည်ထည့်ထားတဲ့ ငါးဆယ်သားအလေးချိန်ရှိ ရွှေပြောက်တောက်တဲ့မဟုတ်ဘူး။

အခုမြင်နေရတာက တစ်ဆယ်သားခန့်ရှိတဲ့ တောက်တဲ့သေးသေးလေး။ ဟိုပြေးဒီပြေး သစ်သားစည်ထဲ လုပ်လို့။

ကံမြင့်နဲ့ကံတင့် ဒေါသတွေ ထောင်းထောင်းထ ပေါက်ကွဲပြီး စေနေရဲ့ရင်ဘတ်အကျႌကို ဆွဲစုကိုင်လိုက်တယ်။

"စေနေ ...စေနေ ...မင်း ဘာလုပ်လိုက်တာလဲ"

"ကံမြင့် ...ကံမြင့် ...ငါ ...ငါ ...ဘာမှမလုပ်ဘူး"

"ရွှေပြောက်ကြီးမရှိဘဲ ပုတ်သင်ညိုလောက် တောက်တဲ့ရောက်နေတာ မင်းစနက်မဟုတ်လို့ ဘယ်သူ့စနက်လဲကွ ...လူယုတ်မာရ ဟင်"

"ငါ မအိပ်ဘဲ စောင့်နေတာ ကံမြင့်"

"ဟော့ကောင် ...စေနေ၊ မင်း လူလည်မကျနဲ့။ မင်းကိုငါ အလှည့်အပြောင်းတော့ သေသေချာချာဖွင့်ပြပြီး အပ်ခဲ့တာ။ ငါးဆယ်သား ...ရွှေပြောက်"

ကံမြင့် စေနေရဲ့ရင်ဝကို ဓားနဲ့တေ့လိုက်ပြီး ...

"စေနေ ...မှန်မှန်ပြော။ ဘယ်သူတွေ လာယူသွားသလဲ"

"မ ...မယူဘူး"

"အကောင်ချင်း လဲသွားတာကွ။ ငါတို့ကို ပတ်ချင်တဲ့ကောင် ...ကိုင်းကွာ ..."

"ဖောင်း ..."

"ဖြောင်း ..."

"အား ..."

"နေ ...နေ ...ကြပါ ...ဦး"

"ဝုန်း ..."

နောက်ဆုံး နှစ်ယောက်နဲ့တစ်ယောက် အိမ်ထဲမှာ သတ်ပုတ်ထိုးကြိတ်ကြတာ ဝုန်းဒိုင်းကြဲပဲ။



www.burmeseclassic.com

www.burmeseclassic.com



ငစနေကလည်း သူ့ အပြင်လူနဲ့ပေါင်းပြီး အကောင်ချင်းမလဲရပါဘဲ လဲတယ်လို့ စွပ်စွဲရမလားဆိုပြီး ပါလာသည့်မားရှည်နဲ့ ပြန်ခုတ်။

အားလုံး သွေးသံရဲရဲ။

ဝုန်းဒိုင်းကြဲ ရုံးထွေး။

ဒီမှာပဲ ရေနံဆီမီးခွက်မှောက်ပြီး အဝတ်တွေရယ်၊ ဖျာရယ်၊ စောင်ရယ်ကို မီးလာစွဲတယ်။

မီးလောင်နေသည့်ကြားမှာပဲ လောဘအဆိပ်တက်ပြီး သုံးယောက်မားချင်းခုတ်ထိုးလိုက်ကြတာ ပတ်ဝန်းကျင်အိမ်တွေ နိုးလာပြီး လောင်နေသည့်မီးကို ဝိုင်းငြိမ်းပြီးရော ...

မီးလောင်ကွင်းထဲမှာ သွေးသံရဲရဲ မားအဏ်ရာများနဲ့ ခန္ဓာကိုယ်အဝတ်များ မီးစွဲပြီး သေနေတဲ့ ကံမြင့်၊ ကံတင့်နဲ့ ငစနေကို မြင်လိုက်ကြရတယ်။ မြင်ရချက်က အသည်းယားစရာ။

ဒါနဲ့ ရွာလူကြီးက ကြားရသူများ၊ မြင်ရသူများကို မေးမြန်းပြီး တောက်တဲ့ကစတဲ့ဇာတ်လမ်းမှန်း သဘောပေါက်လာလို့ တောက်တဲ့လှောင်ထားတဲ့ သစ်သားစည်ပိုင်းကို ဖွင့်လိုက်ရော ...

အိမ်နီးနားချင်းအားလုံး၊ မြင်ရတာက တောက်တဲ့သေးသေးလေးတစ်ကောင်။

မိုးလင်းရော၊ ရဲအဖွဲ့ဝင်များ ရောက်လာပြီး စစ်ဆေးမေးမြန်းလို့ အလောင်းများကို မြို့ဆေးရုံသယ်သွားကြတယ်။

မနက်ကိုးနာရီလောက်ကျတော့ မန္တလေး တောက်တဲ့အဝယ်တော်ကိုစိန်ငွေလျံတို့ ရောက်လာတဲ့အချိန်မှာ ငါးဆယ်သားတောက်တဲ့ဘဝကနေ တစ်ဆယ်သား တောက်တဲ့ဘဝပြောင်းပြီး အချင်းချင်းအစဝင်လွဲများလို့ ရန်ဖြစ်ထိုးခုတ်ရင်း အားလုံးမားအဏ်ရာကိုယ်စီနဲ့ မီးပါစွဲလောင်သေသည့်သတင်းကြားရရော ...

အဝယ်တော် စိန်ငွေလျံတို့လည်း 'ဟင်း' ချပြီး ပြန်ကြလေရဲ့။ ကိုယ်ငွေလျံတို့ ပြန်ပြီးရော အရူးမ မသောင်ရောက်လာပြီး မီးလောင်ပြင်ကို လက်ညှိုးထိုးလို့ အော်အော်ပြောပါရောဗျာ။





"မိဘပြစ်မှား ...အပယ်လား ...လောင်မီးကျလို့သွားဟဲ့"

"အမေစော်ကား .... လူမိုက်များ ... မီးနဲ့မြိုက်ပြီး ဖုတ်ပြီးသားဟဲ့"

အရူးမဒေါ်သောင်ဟာ ပါးစပ်ကလည်းပြော၊ ဝမ်းသာအားရလည်းခုန်လို့ ပြောလို့ဝရော၊ သီချင်းတစ်ပုဒ်ကို အော်ဆိုတယ်။

"မိုးလေဝသအော်နိုင်တဲ့ ... တောက်တဲ့ ... တောက်တဲ့"

"သစ်ပင်ပေါ်မှာနေတဲ့ ... တောက်တဲ့ ... တောက်တဲ့"

"ဘုန်းကြီးမွေးစားသား ရက္ခစိုး ... တောက်တဲ့ ... တောက်တဲ့"

"အိုး ... အော်လိုက်စမ်းပါ ... တောက်တဲ့ ... ရွှေပြောက်ကွယ်"

အားလုံးသော ရွာသူရွာသားများဟာ အရူးမဒေါ်သောင်ရဲ့ သီချင်းနဲ့ စကားကို အမျိုးမျိုး ကောက်ချက်ချကြတယ်။ ဝေဖန်စဉ်းစားကြဟယ်။

"အမေစော်ကားတော့ ကံထိုက်တာပေါ့အေ"

"မသောင်ပြောစကား မှန်သဟဲ့"

"သုံးပန်လှကျောင်းက တောက်တဲ့တဲ့"

"ဘုန်းကြီး မွေးစားသားလို့တောင် ပြောကြတယ်"

"သက်သတ်လွတ်စားတဲ့ တောက်တဲ့ကြီးဟဲ့"

"တောက်တဲ့မဟုတ်ဘူး ... ရက္ခစိုး"

မည်သို့မည်ပုံ အမျိုးမျိုး ဝေဖန်ကြစေတော့ ...

သုံးပန်လှရွာက သုံးပန်လှဘုန်းကြီးကျောင်းညောင်ပင်ပေါ်မှာ ရွှေပြောက်ကြီးပြန်ရောက်ပြီး ကိုးကြိမ်အော်သံကို ကြားရတော့ ရွာသူရွာသားအားလုံးက 'သာဓု ... သာဓု ... သာဓု' လို့ ဝမ်းသာမဆုံး ခေါ်ကြလေရဲ့။

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



# တောင်မျှားကြီးသိန်းဝင်း
## မြိတ်ကျွန်းစုတွင် အမဲလိုက်ခြင်း

## | ၁ |

❑

၁၉၉၀ ခုနှစ် ကျွန်တော် မြိတ်ဝန်ဆောင်စခန်းတွင် တာဝန်ထမ်းဆောင်ရန် ရောက်စတွင် ပင်လယ်ကမ်းခြေ အီကွေတာရာသီဥတုနှင့် မယဉ်ပါးသဖြင့် အတော် အနေရ၊ အထိုင်ရ ခက်ပါသည်။ မိုးက တစ်နှစ်လုံး အနည်းနှင့်အများ ရွာနေတတ်သည်။ နွေရာသီပင်ဖြစ်သော်ငြားလည်း မိုးရိပ်ဆင်သည်နှင့် မိုးရွာတတ်သည်။ မိုးမရွာသောလဟူ၍ မရှိ။ ဆောင်းဥတုဟူ၍လည်း ပီပီပြင်ပြင်မရှိပါ။ စိုစွတ်မှုပြင်းသော ရာသီဖြစ်သည်။ မုန်တိုင်းကလည်း မကြာခဏ ဖြစ်တတ်သည်။ အကြီးစားတော့မဟုတ်။ အသေးစားဆိုသော်လည်း လေနောက်က မိုးကပါလာသည်။

ကျွန်တော်တို့ မြိတ်ဝန်ဆောင်စခန်းကလည်း ဘုတ်ပြင်းမြို့နယ်၊ ပင်လယ်ကမ်းခြေနှင့် မလှမ်းမကမ်းတွင် ရှိသည်။ ယာယီရဲဘက်စခန်းဖြစ်၍ လေဒဏ်၊ မိုးဒဏ် အတော်ခံရသည်။ ရဲဘက်လုပ်အားတောင့်သဖြင့်သာ အဆောက်အဦးများပျက်စီးပါက ချက်ချင်းပြင်ဆင်နိုင်သည်။ အဆောက်အဦးဆိုရာ၌လည်း ထိုစဉ်က ဓနိမိုးဝါးထရံကာ ပျဉ်ခင်းများသာဖြစ်ပါသည်။ ကျွန်တော်တို့စခန်းက အထက်ကဖော်ပြခဲ့သလို ပင်လယ်ကမ်းခြေနှင့် မလှမ်း

www.burmeseclassic.com



[illegible] ဆေးတာပင်များအဖြစ်တော့ ခရေပင်၊ မန်ကျည်းပင်၊ ကန့်ဇော်ပင်ကြီးများရှိသဖြင့် အတော်သက်သာသည်ဟု ဆိုရပေမည်။

စခန်းနှင့် မျက်နှာချင်းဆိုင်တစ်မိုင်ခန့်အကွာ ပင်လယ်ပြင်ထဲ၌ အလယ်မှန်ကျွန်း၊ ဆင်ကျွန်းနှင့် ပုလဲကျွန်းကြီးတို့ ရှိကြသည်။ ကျွန်းများပေါ်၌ လူနေအလွန်နည်းသည်။ ပုလဲကျွန်းပေါ်တွင်သာ တရုတ်လူမျိုး ပသျှူးလူမျိုးများ နေထိုင်ကြသော ပုလဲကျွန်းရွာကြီးရှိသည်။

ဆလုံလူမျိုးများရှိကြသော်လည်း သူတို့က ရေလုပ်ငန်းငါးရှာခြင်း၊ ပုလဲငုပ်ခြင်း၊ ငှက်သိုက်ရှာခြင်းများ လုပ်ကြသဖြင့် ရွာတွင် အတည်တကျမနေ။ ရေပေါ်တွင် လှေကို အိမ်လုပ်၍ နေသူများဖြစ်ကြသည်။ ရွာကြီး၌ တရုတ်လူမျိုးများက စားသောက်ဆိုင်နှင့် ငှက်သိုက်၊ ရေထွက်ပစ္စည်းများဖြစ်သော ပုလဲ၊ သစ်မွှေးတို့ကို ကောက်သော အဝယ်ဒိုင်လုပ်ငန်းဖွင့်ကြပြီး တစ်ဖက်နိုင်ငံသို့ ပြန်ရောင်းကြသည်။ မြိတ်ကျွန်းစုတွင် ကျွန်းပေါင်း ၈၀၄ ကျွန်းရှိရာ ဘုတ်ပြင်းမြို့နယ်အလွန် ပင်လယ်အတွင်း ကော့သောင်းမြို့နယ်ထဲ၌ ပုလောပလိုင်းကျွန်း၊ ပျားကိုက်အော်ကျွန်း၊ ငှက်သိုက်ကျွန်း၊ မမူတောကျွန်းတို့ ရှိကြသည်။

ပုလဲကျွန်းကြီးအထက်ဘက်၌ စခန်းသစ်ကျွန်း၊ ကံမော်ရွာကြီးနှင့် ကက်သရင်းကျွန်းကြီးပေါ်၌ တံငါရွာများဖြစ်ကြသော ရေဆေးရွာ၊ ကလိန်ရွာတို့ရှိကြပြီး ရွာကြီးသဖြင့် ရေတပ်နှင့် ရဲကင်း မူလတန်းကျောင်းများလည်း ရှိသည်။

ကျွန်တော်၊ မြိတ်ဝန်ဆောင်စခန်းဟု ခေါ်ဆိုသော ဘုတ်ပြင်းစခန်း၌ တာဝန်ကျစဉ်က ကျွန်းစုများတွင် လူနေအလွန်နည်းသည်။ လူမနေသော ကျွန်းများ အများအပြားလည်း ရှိသည်။ ထို့ကြောင့် ပင်လယ်ထဲ၌ ရေကူး၍ ရွှေ့ပြောင်းနေထိုင်လေ့ရှိသော တောတောင်များပေါ်များသလို ပြည်ပ ငါးနိုးလှေနှင့် ပင်လယ်ဓားပြလှေ၊ မုဆိုးအမဲလိုက်သူများ၊ သစ်မွှေးရှာသော လှေများလည်း ရှိတတ်ပါသည်။

စခန်းတွင် ထောင်လိုမဟုတ်ဘဲ အားလပ်ချိန်များသဖြင့် ရုံးမစခန်းများတွင် တာဝန်ကျစဉ်ကတည်းကပါလာသော ကျွန်တော်၏ အမဲလိုက်မုဆိုး





ဝါသနာက စလာသည်။ ပင်လယ်ဖြင့်နီးသဖြင့် သားငါးရှာဖွေခြင်း အလုပ်က နေ့စဉ်ရှိသော်လည်း ကျွန်တော်က ပင်လယ်ထဲမှ ကျွန်းများသို့သွားပြီး အမဲလိုက်လိုသည်။ စခန်း၌ ဝါသနာပါသူက အလွန်ရှားသည်။ တစ်မိုင်ခန့်ဝေးသော ပင်လယ်ထဲမှ ကျွန်းများသို့သွားရောက်ရန်လည်း မဝံ့မရဲကြ။ ထိုစဉ်က အလယ်မှန်ကျွန်း၊ ဆင်ကျွန်းတို့မှာ ကျွန်းပေါ်၌ သစ်တောကြီးဖြစ်သည်။ အသွားအလာ အလွန်နည်းကြသည်။ ပုလဲကျွန်းကြီး၌သာ ရွာကြီးရှိသဖြင့် အသွားအလာရှိကြသည်။

တစ်နေ့တွင် ကျွန်တော်နှင့် သူရ (၁၀) ၌ အတူသင်တန်းတက်ခဲ့ဖူးသော ရဲအုပ်မောင်မောင်ဝင်း၊ ဘုတ်ပြင်းစခန်းသို့ စခန်းမှူးအဖြစ် ပြောင်းရွှေ့လာသဖြင့် ကျွန်တော်တို့ ရဲဘက်စခန်းသို့ ရောက်ရှိလာသည်။

"ကိုဝင်းရှိတယ်လို့ သတင်းကြားတာနဲ့ ကျွန်တော် ချက်ချင်းလာတာဗျာ။ ကျွန်တော် မနေ့က ညနေကမှ ဘုတ်ပြင်းစခန်းကို ရောက်တယ်။ ရန်ကုန်မြို့ကြီးနဲ့တော့ တခြားစီပဲဗျို့။ အစားအသောက် အနေအထိုင် အလွန်ကွာတယ်။ ဘာပျော်စရာမှလည်း မရှိဘူး။ တကယ့်တောစခန်းပဲဗျာ"

"ဟ . . . ညီလေးမောင်ဝင်းရဲ့ ဒီမြို့နယ်က ဘုတ်ငှက်တွေတောင် ပျင်းလွန်းလို့ အီကြသတဲ့။ ဒါကြောင့် ဘုတ်ပြင်းလို့ ခေါ်တာဟ"

"ကျွန်တော်ကြားဖူးတာက ဘုတ်ငှက်တွေဟာ ဒီရေအတက်အကျမှ အော်တာပါဗျာ။ အခုတော့ တစ်ချိန်လုံး ပျင်းစရာကြီး။ အတော်ဆိုးတဲ့နေရာပဲ"

"မပျင်းနဲ့တော့ . . . ညီလေးရေ့ အစ်ကိုကြီးရှိနေပြီပဲ။ ငါတို့ ဖောင်ကြီးသင်တန်းကျောင်းတက်တုန်းက သူရ (၁၀)မှာလည်း ပျင်းလွန်းလို့ ဘယ်လို အပျော်ရှာကြသလဲ မင်းမှတ်မိမှာပါ"

"ဟုတ်ပြီ . . . အစ်ကိုကြီး၊ ဟိုမှာလို ငါးဖမ်းမှာလား"

"မဟုတ်ပါဘူးကွာ။ အခု ငါတို့က အရာရှိတွေဖြစ်နေကြပြီ။ အရင်သင်တန်းသားတုန်းကလို ငါးဆင်းဖမ်းဖို့ ဘယ်သင့်တော်တော့မလဲ။ ဒီတစ်ခါ တစ်မျိုးပေါ့"

"ဘယ်လိုလုပ်မယ်လဲ . . . အစ်ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့စခန်းမှာ ပုံထောင်စက်လှေရှိတယ်။ ငါတို့မှာ လက်နက်တွေရှိတယ်။ ကျွန်းတွေပတ်ပြီး လုံခြုံရေးကင်းလှည့်ရင်း အမဲလိုက်ကြတာပေါ့"

"ဟာ ... အစ်ကိုကြီး အကြံဉာဏ် အလွန်ကောင်းတယ်။ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပဲ။ ဘဲရိုးငွတ်ပဲဗျို့။ တာဝန်ထမ်းဆောင်ရင်း အပျော်ရှာကြတာပေါ့။ ကျွန်တော် စက်လှေခလည်း ပေးပါ့မယ်"

"စက်လှေခက ပေးစရာမလိုဘူး။ စခန်းက-စက်လှေပါ။ ဒါပေမဲ့ ဓာတ်ဆီတော့ထည့်ပေး"

"အိုကေ ... ကျွန်တော် လိုသလောက်ပေးမယ်။ သေနတ်ကိုလည်း ကျွန်တော့်တာဝန်ထား။ ကျွန်တော်တို့ လုံခြုံရေးကင်းလှည့် တာဝန်ယူရင်း အမဲလိုက်ကြတာပေါ့"

"ဘယ်တော့ထွက်ကြမလဲ ... ညီလေး"

"ညနေ အထက်ကို အစီရင်ခံတင်ပြမယ်။ မနက်(၆)နာရီ ကျွန်တော်တို့ ဆင်းပါ့မယ်။ အစ်ကိုကြီး အသင့်လုပ်ထား"

"အေး ... အေး ... ကောင်းပြီ။ ဒါနဲ့ နည်းနည်းချကြဦးမလား။ ဒီမှာ ယိုးဒယားမဲခေါင်အရက်ရှိတယ်"

"မနက်ဖြန်မှ ကျွန်တော်ယူလာမယ် ... အစ်ကိုကြီး။ ဒီနေ့တော့ မြို့ခံတွေနဲ့ မိတ်ဆက်ရဦးမှာမို့ ယွန်းလိုက်ဦးမယ်"

"ကောင်းပါပြီကွာ"

ကျွန်တော်နှင့် မောင်မောင်ဝင်းကို သူရ (၁၀) သင်တန်း၌ 'ဝင်း' ညီနောင်ဟု ခေါ်ကြသည်။ ဆိုး၍ နာမည်ကျော်ခြင်းမဟုတ်။ တွဲလွန်းပြီး အရှာအဖွေတော်လွန်း၍ ဖြစ်သည်။ ကျွန်တော်တို့တွင် အုန်းသွယ်ဟူသော ဒုရဲအုပ်သူငယ်ချင်းတစ်ယောက်လည်း ရှိသေးသည်။ သူက ဒေးဒရဲမြို့သား။ အချက်အပြုတ် အလွန်တော်သည်။ မနက်ပိုင်းကျွေးသည့် ထမင်းဟင်းကိုတော့ အချိန်မရ၍ မပြင်ဆင်နိုင်သော်လည်း ညနေပိုင်းကျွေးသည့် ထမင်းကိုတော့ သူ့စိတ်တိုင်းကျ စားကောင်းအောင် ပြင်ဆင်ချက်ပြုတ်ပေးတတ်သည်။





သူက မြစ်ဝကျွန်းပေါ်သားပီပီ၊ ထမင်းစားလျှင် ဖွယ်ဖွယ်ရာရာ စီစဉ်ပေးတတ်ရာ ဟင်းရွက်သုတ်၊ ငါးပိရည်ကျို၊ တို့စရာ၊ ဟင်းချိုကလေးသည်း ပါအောင်လုပ်ပေးတတ်သည်။ အခြားသူများ အားကျလောက်အောင် ဖွယ်ဖွယ်ရာရာ စီစဉ်ပေးတတ်သည်။ ကျွန်တော်တို့ ဝင်းညီနောင်နှစ်ဦးကတော့ အချက်အပြုတ်မတတ်ကြပါ။ သို့သော် အရှာအဖွေတော်တတ်သည်။ ညနေ (၄း၃၀) သင်တန်းပြီးသည်နှင့် အိမ်ဆောင်ပြန်ယူနီဖောင်းကို အရပ်ဝတ်ဖြင့် လဲ၍ ရေဆိုးအင်းကြီးထဲ ငါးကိုင်းထောက်သည်။ ကန်အနီးရှိ ဝါးတောထဲ၌ မျှစ်ချိုးသည်။ ငှက်ပစ်သည်။

စခန်းပတ်လည်၌ ကြောင်လျှာပင်နှင့် ဖက်သန်းပင်များရှိရာ အသီးများအား တက်ခူးပြီးရသည်နှင့် ကိုအုန်းသွယ်ထံ ပြန်ပို့ရသည်။ သူက အဆောင်အနီး သရက်တောထဲ၌ အကြံအဖန်ဟင်းချက်နေတတ်သည်။ ဟင်းချိုနှင့် တို့စရာအတွက်တော့ ကျွန်တော်တို့က ရှာဖွေမပေးရ။ အဆောင်ညည်းရိုးပေါ်၌ အလေ့ကျပေါက်ပြီး နွယ်တက်နေတတ်သော ကင်းပုံပင်၊ ချွေးတောက်ပင်များက လွန်စွာပေါသည်။ တို့စရာနှင့်ဟင်းရွက်သုပ်အတွက်လည်း ရေချိုးကန်အနီး၌ အလေ့ကျ တောတက်ပေါက်နေသော မြင်းခွာပင်၊ ကန်စွန်းပင်များကအဆင်သင့်။ ကျွန်တော်တို့ခူးပေးသော ကြောင်လျှာသီး၊ ဖက်သန်းသီးများက ပြုတ်တို့လျှင် အလွန်ထမင်းမြိန်သည်။

ရေဆိုးအင်းကြီးထဲ၌ ငါးမျှားရ၊ ရေမကူးရဟု ဆိုင်းဘုတ်တပ်ထားသော်လည်း ကျွန်တော်တို့အတွက်တော့ ငါးကြင်း၊ ငါးမျက်ဆံနီ၊ ငါးရံ့၊ ငါးခူများက နေ့စဉ်ရတတ်သည်။ ထို့ကြောင့်လည်း အခြားသင်တန်းသားများက ကျွန်တော်တို့ထမင်းဝိုင်းကို လွန်စွာ အားကျနေတတ်ကြသည်။

သင်တန်း (သူရ) မှာ အခြား တော၊ ဖေယျ၊ ဗလ သင်တန်းများလို လေးလခွဲမဟုတ်။ (၉) လတိတိ တက်ရောက်ရသဖြင့် လွန်စွာ ရက်ကြာရှည်သည်။ ဥတုသုံးလီကိုမီသဖြင့် ဆောင်းရာသီနှင့် နွေရာသီ၊ သရက်သီးသီးချိန်ကိုလည်း ကျွန်တော်တို့မီသည်။ သင်တန်းကျောင်းပတ်ဝန်းကျင်က သရက်တော၊ သရက်သီးကင်း၊ သရက်သီးသုပ်က ကျွန်တော်တို့ အကြိုက်ဆုံးအစာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၂ |

❑

နောက်တစ်နေ့မနက် (၇)နာရီခန့်တွင် ရဲအုပ်မောင်မောင်ဝင်း စခန်းသို့ လက်နက်ကိုင်တပ်စိပ်တစ်ခုနှင့်အတူ ရောက်လာသည်။

"မောင်ဝင်း ... မင်း မနက်စာ ဆွဲပြီးပြီလား"

"ပြီးပြီ။ အစ်ကိုကြီးရော"

"ပြီးပါပြီ။ ကျွန်တော် ဓာတ်ဆီ(၅)ဂါလံတစ်ပုံးနဲ့ ဆီ၊ ဆန်၊ ဆားငရုတ်၊ ကြက်သွန်၊ အိုးခွက်၊ ပန်းကန်ကအစ အကုန်ယူလာတယ်။ အသားဟင်းအတွက်ကတော့ အစ်ကိုကြီးတာဝန်ပဲ"

"အေးပါ ... ထားလိုက်စမ်းပါ။ မင်း ငါ့အကြောင်း သိသားနဲ့"

"အားကိုးပါတယ် ... အစ်ကိုကြီး၊ ဘီယာတစ်သေတ္တာနဲ့ မဲခေါင်အရက်က တစ်ဖာ၊ ငါးသေတ္တာဘူးတွေတောင် ပါသေး"

"ပြည့်စုံပါတယ်ကွာ၊ ငါ့မှာလည်း လိုရမည့်ရ ငါးခြောက်ငါးခြမ်းတွေ ပါပါသေးတယ်"

"ကဲ ... ဒါဆို သွားစို့ အစ်ကိုကြီး"

"အေး ... အေး ... သံချောင်းရေ ပစ္စည်းတွေ သယ်ခဲ့။ မြင့်မောင်ရေ ... ငါ အစောကရွေးထားတဲ့ ဒသမ ၃၀၃ ရိုင်ဖယ်ကြီးနဲ့ ကျည်ဆံ (၁၀) တောင့် ယူခဲ့။ စက်လှေမောင်းမဲ့ အောင်ချစ်ကော အဆင်သင့်ပဲလား"





"အဆင်သင့်ပဲ ဆရာ၊ စက်လှေပေါ်မှာ စောင့်နေပြီ"

"သံချောင်း ... မင်းပါလိုက်ခဲ့မှဖြစ်မယ်။ မင်းက အချက်အပြုတ်ကျွမ်းတယ်။ ဟိုကောင်မြင့်ထူးကော ... ဘယ်မလဲ"

"ကျွန်တော် ရှိပါတယ်ဆရာ။ ဆရာ့အတွက် ညနေစာ စီစဉ်နေပါတယ်"

"အေး ... အေး ... ငါတို့က မိုးချုပ်မယ်ထင်တယ်။ ထောင်မှူးမြင့်မောင် စခန်းကို ဂရုစိုက်။ ကြားလား ...။ တပ်ကြပ်ကြီး ဦးအုန်းကျော်နဲ့ ရဲဘက်နောက်တန်းမှူးစိုးမြင့်ကိုလည်း ဂရုစိုက်ဖို့ ပြောလိုက်။ ကဲ ... ငါတို့သွားပြီ"

"စိတ်ချပါဆရာ ... ကျွန်တော် ဂရုစိုက်ပါ့မယ်"

"အေး ... အေး ... ကောင်းပြီ မြင့်မောင်"

ကျွန်တော်တို့ လှေဆိပ်ဆင်းခဲ့တော့၊ လှေဆိပ်၌ စက်လှေအလတ်စားပေါင်းမိုးအောက်တွင် ဆက်တီစားပွဲ၊ ကုလားထိုင်ပါ ခင်းကျင်းထားသည်။ လူ (၁၅) ယောက်ခန့် ဆန့်သဖြင့် အဆင်ပြေသည်။

"ဟာ ... အစ်ကိုကြီး၊ အစ်ကိုကြီးစက်လှေက တယ်မိုက်ပါလား။ အပျော်စီး စက်လှေကျနေတာပဲ"

"ဟဲ ... ဟဲ ... ညီလေးမောင်ဝင်းရယ်၊ ဘုတ်ပြင်းရဲဘက်စခန်းတာဝန်ခံပဲ။ ဒီလောက်တော့ရှိမှာပေါ့ကွာ"

"ကဲ ... တက် ညီလေး"

ကျွန်တော်နှင့် စခန်းမှူးမောင်ဝင်း၊ ရဲတပ်ကြပ်ကြီးနှင့် ဒုတပ်ကြပ်တို့က ဆက်တီကုလားထိုင်များတွင် ထိုင်ကြပြီး ရဲတပ်သားများက လက်နက်ကိုယ်စီဖြင့် လှေပေါ်တွင် နေရာယူကြသည်။

စက်လှေမောင်းသူ အောင်ချစ်က ...

"ဆရာ ... လှေထွက်မယ်နော်။ ဘယ်ဘက်မောင်းရမလဲ"

"အလယ်မှန်ကျွန်းနဲ့ ဆင်ကျွန်း၊ ပုလဲကျွန်းကို ပတ်ကွာ။ ကောင်းလှည့်တယ်ပေါ့။ ပြီးမှ ငါတို့ နေရာရွေးပြီး ရပ်နိုင်းမယ်"

"ဟုတ်ကဲ့ပါ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ယနေ့ မိုးတွင်းဖြစ်သော်လည်း ရာသီဥတုက သာယာနေသည်။ ပင်လယ်ဘက် စက်လှေထွက်သည်နှင့် ကင်းမွန်ငါးကလေးများက မှိုပွင့် သဏ္ဌာန်၊ အုပ်စုလိုက်၊ ငုတ်ချည်၊ ပေါ်ချည် ပျော်မြူးနေကြသည်။ ရာသီဥတု သာယာမည့် နိမိတ်ပင်၊ ကောင်းကင်ကြီးက ပြာလွင်နေသည်။ တိမ်ဖြူများ ငါးကြင်းကွက်ထနေသည်။ တိမ်မည်းအုပ်များကို မတွေ့ရ။ ရဲအုပ်မောင်ဝင်း က ကျွန်းများဘက်လှည့်၍ မှန်ပြောင်းတစ်လက်ဖြင့် အလုပ်ရှုပ်နေသည်။

"အစ်ကိုကြီး ဒီဘက်ကျွန်းက ဘာကျွန်းလဲ၊ တောကောင်လည်း မတွေ့ဘူး။ လူသူအရိပ်အယောင်လည်း မတွေ့ရဘူး"

"အဲဒါ ဆင်ကျွန်းကွ။ အလယ်က ကျွန်းကြီးက အလယ်မှန်ကျွန်း။ ပင်လယ်ဘက်အစွန်က ပုလဲကျွန်းကြီး၊ ငါတို့က အလယ်မှန်ကျွန်းပေါ်တက် ရမှာ။ ပုလဲကျွန်းကြီးက လူနေတော့ တောကောင်ရှိပေမဲ့ ရှားတယ်"

ကျွန်တော်တို့စက်လှေ ကျွန်းစုအား တစ်ပတ်ပတ်သည်။ ပုလဲ ကျွန်းကြီးထိပ်၌ ပုလဲကျွန်းရွာကြီးရှိသဖြင့် ပဲ့ထောင်စက်လှေနှင့် တံငါလှေ ငယ်များ ဆိုက်ကပ်ထားသည်။ အခြားတစ်ဖက်၌ လူသူအရိပ်အယောင် မမြင်ရတော့။ ပုလဲကျွန်းကြီးမြောက်ဘက်ထိပ်အရောက်တွင် မဲမဲလှုပ်လှုပ် များမြင်သဖြင့် ကမ်းအနီးကပ်၍ကြည့်ကြရာ မျောက်တံငါများ၊ ခရုနှင့် ပင် လယ်ဂဏန်းများအား ကမ်းခြေသဲသောင်ပြင်ပေါ်၌ ကောက်စားနေကြခြင်း ဖြစ်သည်။ ရဲအုပ်မောင်ဝင်းက သူယူဆောင်လာသော ကာဘိုင်သေနတ်ဖြင့် ပစ်မည်ချိန်သဖြင့် ...

"ညီလေး ... မပစ်နဲ့၊ အဲဒီမျောက်တွေက မျောက်တံငါတွေ အလွန်နံတယ်"

"မျောက်သားနဲ့ မျောက်သွေးက ဆေးဖက်ဝင်တယ်ဆို ... အစ်ကို ကြီးရဲ့"

"အဲဒါက မျောက်ညိုကို ပြောတာ။ မျောက်ညိုတွေက အသား မစားဘူး။ သစ်သီး၊ သစ်ရွက်၊ သစ်မြစ်စားတာ။ ဒါကြောင့် ဆေးဖက်ဝင်တာ။ သူတို့က ကမ်းစပ်မှာမနေဘူး။ သစ်တောထဲမှာပဲနေတာ။ ခဏစောင့်ကွာ။ ရှေ့မှာ အုပ်လိုက်တွေ့မှာပါ"





ပုလဲကျွန်းကြီး မြောက်ဘက်အစွန်း တော်ဝရောက်တော့ မဲမဲ အကောင်ကြီးတစ်ကောင်ကို တွေ့ရသည်။

"အစ်ကိုကြီး ... အဲဒါ ဘာကောင်ကြီးလဲ"

"အဲဒါ ဆတ်ကျွဲကြီး။ အတော်ပဲ။ ချိန့်လဲခါစဆိုတော့ ချိုတစ်မိုက် လောက်ပဲ ရှိသေးတယ်။ ဆတ်ချိုနုဆိုတာ အလွန်အဖိုးတန်တယ်။ ပါးပါး လွှာပြီး အရက်နဲ့စိမ်သောက်ရင် ယောက်ျားအားဆေးပေါ့။ အောင်ချစ်ရေ့ စက်လှေကို ကမ်းနားကကပ်ပြီး မှန်မှန်မောင်း။ ငါ ပစ်တော့မယ်"

"ဟုတ်ကဲ့ပါ ဆရာ"

ကျွန်တော် ဆတ်ကျွဲကြီးအား အသေအချာချိန်သည်။ စက်လှေ နံရံအား သေနတ်တင်၍ စက်လှေအသွားနှုန်း၊ လေတိုက်နှုန်းတို့ကို တွက်ဆ ပြီး ဒသမ ၃၀၃ ရိုင်ဖယ်သေနတ်ကြီး၏ ပထမ မောင်းခလုတ်ကိုဆွဲသည်။ ရင်အုံအားချိန်ထားရာ သေချာမှ ဒုတိယ မောင်းခလုတ်ကို အသက်အောင့်၍ ညင်သာစွာ ဆွဲလိုက်တော့သည်။

"ဒိုင်း ..."

ကိုက် (၁၀၀) အတွင်း ပစ်မှတ်ဖြစ်သဖြင့် စက်လှေအား ငေးကြည့် နေသော ဆတ်ကျွဲကြီး၏ လည်တိုင်ရင်းအား အတိအကျမှန်သည်။ ဆတ်ကျွဲ ကြီးတစ်ဖက်စောင်း၍ ဗုန်းခနဲလဲသည်။ မောင်ဝင်းက စိတ်မချ၍ ထပ်မံပစ် ရန် အလုပ် ...

"မလိုတော့ဘူး ... ညီလေး။ ကိုယ့်လက် ကိုယ်ယုံတယ်။ အောင် ချစ်ရေ ... မင်းစက်လှေရပ်ပြီး ကမ်းနားကပ်တော့"

"ဟုတ်ကဲ့ပါ ဆရာ"

"ဘာရာဗို"

ရဲအုပ်မောင်ဝင်းက ထအော်သည်။

"တည့်လိုက်တဲ့ ... အစ်ကိုကြီးရာ၊ ကျွန်တော် ချီးကျူးပါတယ်"

"ဟဲ ... ဟဲ ... ငါက ကော့သောင်းစခန်း ပြန်လေကွာ။ ဟိုမှာ ငါပစ်ခဲ့တဲ့တောဝက်တွေ ရေတောင် မရေတွက်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အို ... ဟိုး ... ဒါကြောင့်ကိုး"

ကျွန်တော်တို့ စက်လှေကို ကမ်းကပ်သည်။ ရေကျချိန်ဖြစ်သဖြင့် ကျောက်စွယ်များရှိနေသောကြောင့် ကမ်းစပ်အထိ ကပ်မရပါ။ ရေစပ်ဆင်း၍ လျှောက်ကြရသည်။ ထိုစဉ် ရဲတပ်သားတစ်ယောက်က ...

"ဟေ့ ... ရပ်၊ ဘယ်သူလဲ"

ဟူ၍ လှမ်းအော်ရာ ကျွန်တော်တို့လည်း လူတစ်စုတစ်ဝေးတည်း သတ်ကွင်းဖြစ်နေ၍ လူစုခွဲပြီး နေရာယူလိုက်ကြသည်။ အသေအချာကြည့်တော့မှ တိုင်းရင်းသား ဆလုံလူမျိုး မုဆိုးတစ်ဦးဖြစ်သည်။ ဒူးလေးကြီးကို ကိုင်၍ ကျောတွင် မြားဘူးကို လွယ်ထားသည်။ ဘောင်းဘီတိုနှင့် ခါးတွင် ရေဘူးနှင့် အမဲလိုက်ဓားကို ချိတ်ထားသည်။

"ငါတို့ပစ်တဲ့သားကောင်ကို မင်းက ဘာလုပ်မလို့လဲ"

ထိုသူက မြိတ်သံဝဲဝဲဖြင့် ...

"ဆရာကြီး ချွန်တော် အရင်ပစ်တာပါ။ ချွန်တော် ဒီအကောင်ကြီးကို တစ်မနက်လုံး လိုက်နေတာပါ"

'ရဲအုပ်မောင်ဝင်းက ...

"ဒါဆို မင်းဘယ်လို သက်သေပြမလဲ"

"ကျွန်တော့်မြားတံက တောကောင်လဲတဲ့ဘက်မှာ စူးနေပါတယ်"

ထို့ကြောင့် ကျွန်တော် ဤပွဲတွင် ဝင်ပါရတော့သည်။

"ဒီကအစ်ကိုကြီး မုဆိုးစည်းကမ်းကို သိပါတယ်နော်။ ကျွန်တော်တို့က လက်နက်ကိုင်တပ်ဖွဲ့ဝင်တွေဆိုတော့ မတရားမလုပ်ပါဘူး။ အမှန်အတိုင်း ဖြစ်စေရပါမယ်"

"ပြောပါ ဆရာကြီး၊ ချွန်တော် မုဆိုးစည်းကမ်းကို သိပါတယ်"

"ကဲ ... အဲဒါဆို ရဲဘော်တို့ လာကြစမ်းကွာ၊ ဆတ်ဖားကြီးကို တစ်ဖက်ကို ဗိုင်းမပြီး လှန်လိုက်"

ဟုတ်ပါသည်။ မြားတံက တစ်ဖက်ဗိုက်တွင် စူးဝင်နေပါသည်။





"ဟုတ်ပြီ ... အစ်ကိုကြီး၊ ကျွန်တော်ပစ်တဲ့ ဒဏ်ရာကိုလည်း ကြည့်ပါဦး။ ဒီမှာ လည်တိုင်ရင်း ရင်အုံက ဖောက်ဝင်သွားတာ နှလုံးကိုဖြတ်ပြီး အူကလီစာတွေထဲ တောက်လျှောက် ဖောက်ဝင်သွားတာ"

"ဟုတ်ပါတယ် ... ဆရာကြီး"

"ခင်ဗျားက ဘယ်မှာနေတာလဲ"

"ချွန်တော်က ပုလဲကျွန်းရွာကြီးကပါ။ ဆလုံလူမျိုးမုဆိုးပါ။ ပုလဲငုပ်တယ်။ ငှက်သိုက်ရှာတယ်၊ အားချိန်မှာ မိသားစုစားရအောင် အမဲလိုက်ငါးရှာပါတယ်"

"ကောင်းပါပြီ။ မုဆိုးစည်းကမ်းကို နားလည်တယ်ဆိုတော့ ကျွန်တော် မျှမျှတတ ဆုံးဖြတ်ပေးပါ့မယ်။ ကျွန်တော်ပစ်တဲ့ဒဏ်ရာက ဒသမ ၃၀၃ ရိုင်ဖယ်ဖြစ်ပြီး သေကွင်းသေကွက်ကိုလည်း အထိအကျမှန်တယ်။ အစ်ကိုကြီးပစ်တာက ဗိုက်ကိုပဲ မြားမှန်တာ။ သေကွင်း၊ သေကွက်တော့ မဟုတ်ဘူး။ တစ်ယောက်ပစ်တာနဲ့တစ်ယောက် စက္ကန့်ပိုင်းခြားလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော် မုဆိုးစည်းကမ်းလေးစားလိုက်နာတဲ့သူအနေနဲ့ ဆုံးဖြတ်ပေးပါ့မယ်။ ကျွန်တော်တို့လည်း အပျော်တမ်းမုဆိုးတွေဆိုတော့ စားသောက်ရရင်တော်ပါပြီ။ တောကောင်ကို နှစ်ပိုင်းပိုင်းမယ်။ ကျွန်တော်တို့ဘက်က ခေါင်းပိုင်းယူမယ် အစ်ကိုကြီးက ဖင်ပိုင်းယူပါ။ တစ်ဝက်စီပေါ့ ကျေနပ်ပါသလား"

"ကျွန်တော် ကျေနပ်ပါတယ် ... ဆရာကြီး"

သို့နှင့် ကျွန်တော်တို့ ဆတ်ကျွဲကြီးကို ခွဲဝေယူကြသည်။ ကျွန်တော်တို့ဘက်က ဆတ်ချိုနှသာမက အဆုတ်၊ အသဲ၊ အူကလီစာများပါ ရသဖြင့် တပန်းသာပါသည်။ ဒေသခံမုဆိုးကြီးအတွက် နောက်ပိုင်းအသားများသော ပေါင်သားရ၍ မဆိုးလှပါ။

ကျွန်တော်တို့အဖွဲ့ နေရာတွင်ပင် ချက်ပြုတ်ရန်ပြင်ဆင်ကြပြီး မုဆိုးကြီးကိုပါ အတူစားသောက်ရန်ဖိတ်သဖြင့် မုဆိုးကြီးကလည်း ဝိုင်းဝန်းကူညီဖျက်ပေးပါသည်။ မုဆိုးချင်း၊ မိတ်ဆွေဖွဲ့ကြခြင်းဖြစ်သည်။ ကျွန်တော်တို့အဖွဲ့ကလည်း ထင်းရှာ၊ ရေချိုရှာ၊ မီးမွေးသူကမွေး၊ ချက်ပြုတ်ရန် ပြင်ဆင်သူက ပြင်ဆင်နှင့် တက်ညီလက်ညီရှိလှသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ဝင်းက ...

"ကိုအုန်းသွယ်ကို သတိရလိုက်တာ ... အစ်ကိုကြီးရာ။ ဒီနေရာမှာသာ သူရှိနေရင် အတော်အားကိုးရမှာ"

"ကိုယ့်တပည့်သံချောင်းလည်း အားကိုးရပါတယ်။ ကိုအုန်းသွယ်က အလုပ်ကပြုတ်သွားပြီး သမဝါယမဌာနမှာ အလုပ်ဝင်နေတယ်လို့ ကြားတယ်။ ဒေးဒရဲမှာပဲ ရှိမှာပါ။ မဆုံဖြစ်တာ ကြာပြီ"

"ဟုတ်တယ် ... အစ်ကိုကြီး၊ ကျွန်တော်လည်း ကြားပါတယ်။ ကျွန်တော်နဲ့ အဆက်အသွယ်မရတာလည်း ကြာပြီ။ မြို့ပေါ်ရောက်မှ ဆက်သွယ်ကြပြီး ပြန်ဆုံချင်ပါသေးတယ်"

ထိုစဉ် ဒေသခံမုဆိုးကြီးက ...

"ဆရာတို့ မျောက်ပစ်ဦးမလား။ ဒီနားလေးတင်ပဲ"

ရဲအုပ်မောင်ဝင်းက ...

"ဘယ်နားမှာလဲ မုဆိုးကြီး"

"လာပါ ... ဆရာ၊ ကျွန်တော် လမ်းပြပါ့မယ်။ ဟိုရှေ့နားက ရေချိုစမ်း ကျော်ရုံကလေးပါ။ မျောက်ရရင် ကျွန်တော် မျောက်ချေးခါးဖမ်းပေးမယ်။ ဆေးဖက်အလွန်ဝင်တယ်ဆရာ"

"မျောက်ချေးခါးဆိုတာ ကြားတော့ကြားဖူးတယ်၊ မစားဖူးဘူးဗျာ။ ဒါပေမဲ့ နာမည်ကြားရုံနဲ့ ရွံတယ်ဆရာ"

"မရွံနဲ့ ဆရာ၊ အလွန်စားကောင်းတယ်။ လက်ဖက်နှနှ စားရသလိုပဲ။ အလွန်အရသာရှိတယ်။ ဒါပေမဲ ဖမ်းတတ်မှ သန့်သန့်ရနိုင်တယ်။ အစာအိမ်ထဲက အစာသစ်တွေပါ။ ရွံစရာမရှိပါဘူး။ မဖမ်းတတ်ရင်တော့ အစာဟောင်းနဲ့ ရောသွားရင် စားမကောင်းဘူး။ ကျွမ်းကျင်ဖို့လိုတယ်။ မျောက်သွေးနဲ့ မျောက်ဦးနှောက်ကလည်း ယောက်ျားတွေအတွက် အလွန်အားရှိစေတယ်"

"ကဲ ... ဒါဆို လုပ်စမ်းဗျာ သွားပစ်ရအောင်"

"ကျွန်တော်မှာ ကာဘိုင်သေနတ်ပါတော့ လက်တည့်စမ်းချင်လို့ပါ"





"ကဲ ... လာ ဆရာတို့၊ ဒီကနဲ့ မဝေးပါဘူး။ တောင်ကျော်အပေါ်တင်ပါ။ ကျွန်တော်ကတော့ ဒီဆတ်ကျွဲကြီးကို မဲလိုက်နေရတာမို့ မပစ်ခဲ့တာပါ။ မျောက်ညိုအုပ် အကောင် (၂၀) လောက်ရှိတယ်။ ဆရာတို့စိတ်ကြိုက်ပစ်နိုင်အောင် ကျွန်တော်နေရာပြပြီးတာနဲ့ တစ်ဖက်ကဖမ်းပစ်ပေးမယ်။ လေးငါးကောင်ရရင် တော်ရောပေါ့"

တပ်ဖွဲ့ဝင်များ ချက်ပြုတ်နေကြရာ အချိန်ရသဖြင့် ကျွန်တော်နှင့် ရဲအုပ်မောင်ဝင်းပါ ရဲတပ်သားနှစ်ယောက်ကို မုဆိုးကြီးကဦးဆောင်၍ ရေစမ်းကိုကျော်ပြီး တောင်ကျောပေါ်သို့ တက်ခဲ့ကြပါသည်။ တောင်ကျောပေါ်၌ တောငွေးပင်၊ သဖန်းပင်၊ ထောင်ပိန္နဲပင်၊ စင်ပြွန်းပင်၊ ဖန်ခါးပင်နှင့် ဆီးဖြူပင်များ စုံလင်စွာရှိနေပါသည်။ ကျွန်တော်တို့အုပ်စု ခြေသံမလုံ၍ ဆီးဖြူပင်အောက်မှ ချေတစ်စုံ တဝေါင်းဝေါင်းအော်မြည်ကာ ထွက်ပြေးသွားသည်။ မုဆိုးကြီးက ...

"ဟော့ ... ချေတစ်စုံ လွတ်သွားပြီ။ ချေသားက ဆီးဖြူသီးပေါ်ချိန်မှာ ချဉ်ချဉ်ကလေးနဲ့ အလွန်စားကောင်းတာ။ ခဏနေဦး ... ဆရာတို့၊ ခြေလှမ်းနင်းရင် ပထမဆုံး ခြေဖျားချပါ။ နောက်မှ အလိုက်သင့် ဖြည်းဖြည်းနင်းရတယ်။ ဖနောင့်နဲ့ အရင်မနင်းပါနဲ့။ စကားလည်း မပြောနဲ့တော့။ ဆေးလိပ်လည်း မသောက်ပါနဲ့။ လေတင်ဘက်ကမသွားဘဲ လေအောက်ဘက်ရွေးပြီး သွားရတယ်။ ဒါမှ အနံ့မရ၊ အသံမကြားလို့ တောကောင်တွေက အကပ်ခံမှာ။ တောကောင်ဆိုတာ အလွန်ပါးပြီး လျင်မြန်တယ်။ မျက်စိလည်း ရှင်တယ်။ ကဲ ... လာ၊ ဒီဘက်ကနေ ပတ်သွားကြမယ်"

'ဟုတ်ကဲ့ မုဆိုးကြီး'

မုဆိုးကြီးကဦးဆောင်၍ လေတင်လေအောက်ရွေးကာ ခရီးဆက်ခဲ့ကြပါသည်။ အီကွေတာ သစ်တောဖြစ်သဖြင့် ၎င်းကျွန်းပေါ်၌ လူအသွားအလာနည်းသဖြင့် ၎င်းတောမှာ အပင်ကြီးများဖြစ်သဖြင့် အောက်ခြေရှုပ်သည်၊ သူရစ်နွယ်၊ ကင်ပွန်းတောနှင့် ကြိမ်တောရောနေပြီး ပိတ်ဆို့နေသည်။ မုဆိုးလမ်းဟောင်းကလေးအတိုင်း လိုက်ရသည်။ တော်ပါသေးသည်။ နွေရာသီဖြစ်သဖြင့် သစ်ရွက်ခြောက်မရှိသဖြင့် ခြေသံလုံပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာပါ။ တောင်ကျောအလယ် တောင်ပိန္နဲပင်ကြီးအနီးရောက်တော့ မုဆိုးကြီးက လက်ထောင်ကာရပ်နိုင်းသည်။ ထိုစဉ် ကျွန်တော် တောဝက်အုပ်အော်သံကို သဲ့သဲ့ကြားလိုက်ရသည်။ တောင်ပိန္နဲပင်ပေါ်က မျောက်အော်သံ တကွဲကွဲကြားမှ ကြားရခြင်းဖြစ်သည်။ မုဆိုးကြီး သတိထားမိပုံမရ။ သစ်ပင်ပေါ်မှ မျောက်အုပ်ကလည်း တောင်ပိန္နဲသီးအမှည့်များကို လုယက်၍ စားနေကြသည်။ တောင်ပိန္နဲသီးမှာ ရိုးရိုးပိန္နဲသီးလို မရှည်၊ လက်တစ်ဆုပ်စာ လုံးလုံးကလေး။ အရသာက ချဉ်သည်။ အပင်ပေါ်မှာတော့ အပြွတ်လိုက် သီးနေသည်။ ရန့်မွှေးသည်။ တောကောင်များ အကြိုက်ဖြစ်လေသည်။

မျောက်အုပ်စားပြီးကျလာသော တောင်ပိန္နဲသီးအား တောဝက်အုပ်က အလုအယက် ကောက်စားနေခြင်းဖြစ်သည်။ သို့သော် နဘူးချုံနှင့် မြယာချုံ၊ ဒိုးနွယ်ချုံ၊ ဆူးရစ်ချုံများကြောင့် တောဝက်အုပ်ကို မမြင်ရပါ။ ကျွန်တော် မုဆိုးကြီးအား တောင်ပိန္နဲပင်ကြီးအောက် လက်ညှိုးထိုးပြပြီး နားစွင့်ရန်အချက်ပြမှ မုဆိုးကြီး သဘောပေါက်သွားဟန်ဖြင့် ခေါင်းညိတ်ပြပြီး အပင်ကြီးအောက်ခြေကို ချောင်းကြည့်နေသည်။ ကျွန်တော်တို့က အကွက်စိပ်၍ အလွှန်အရိပ်ရသော ကျွဲတညင်းပင်ကြီးအောက် စောင့်ကြည့်နေသဖြင့် သစ်ပင်ပေါ်မှ မျောက်များက ကျွန်တော်တို့အုပ်စုအား မြင်ဟန်မတူပါ။

ကျွန်တော်တို့ တာဝန်ခွဲလိုက်ကြသည်။ ကာဘိုင်ကိုင် ရဲအုပ်မောင်ဝင်းနှင့် ဒူးလေးကိုင်မုဆိုးက အကွယ်အကာယူ၍ မျောက်ပစ်ရန် ကျွန်တော်နှင့် ဒသမ ၃၀၃ အမေရိကန်ရိုင်ဖယ်သေနတ်ကိုင် ရဲဘော်(၂)ဦးတို့ကလည်း အကာအကွယ်ယူ၍ တောဝက်ပစ်ရန်ဖြစ်သည်။ ကျွန်တော်အချက်ပြမှ ပစ်ရန်လည်း ညှိထားသည်။

အသီးသီး နေရာယူကြပြီး အပိုင်တောကောင်များအား ချိန်ပြီးသည်နှင့် ကျွန်တော်က လက်ထောင်ပြလိုက်ပါသည်။

"ဒိုင်း ...ဖောင်း ...ဖောင်း ...ဒိုင်း ...ဒိုင်း ...ဒိုင်း ...ဒေါင် ..."





ကျွန်တော်တို့က ရိုးရိုးသေနတ်ဖြစ်၍ ဗာစ်တောင့်ချင်းသာ မောင်ဝင်းက အော်တိုသေနတ်ဖြစ်သဖြင့် တဖောင်းဖောင်း ပစ်တော့သည်။ တောဝက်အထာကို ကျွမ်းကျင်သော ကျွန်တော်က တောဝက်သိုးကြီးအား ပေ (၂၀၀) ခန့်အတွင်းမှာ ချက်ကောင်း ခေါင်းကို ပစ်နိုင်သဖြင့် အန္တရာယ်ကင်းသွားသည်။ တောဝက်အထာကို မသိသော မောင်ဝင်းကတော့ ရှေ့ထွက်ပြီး မျောက်များအား တဖောင်းဖောင်းပစ်နေသည်။

တောဝက်သိုးကြီးမှာ ချက်ကောင်းထိသဖြင့် နေရာတွင်လဲသည်။ ရဲဘော် (၂) ဦးပစ်သည်က ဝက်မတစ်ကောင်စီ။ ထိုစဉ် တောင်ပိန္နဲပင်ကြီးအနီးရှိ ပျဉ်းကတိုးပင်အရွက်များကြားက အနက်ရောင်အရိပ်တစ်ခုက လွှားခနဲခုန်ဆင်းပြီး ကျွန်တော်တို့ပစ်ထားသော ဝက်ပျိုမတစ်ကောင်ကို လုစ်ခနဲကိုက်ဆွဲ၍ ချီအပြေး။ ကျွန်တော် ဒုတိယကျည်ဆန်ဖြင့် အလျင်အမြန် ပစ်လိုက်ရတော့သည်။

"ဒိုင်း ..."

ရုတ်တရက်ဖြစ်၍ ထိချက်မှာကောင်းဟန်မတူ။ သို့သော် သစ်နက်မှာ တောဝက်ပျိုကို ကိုက်ခဲလျက်၊ တဂူးဂူးအော်ကာ ဘေးစောင်းလဲသည်။ ကျွန်တော် တတိယမောင်းအား ကျည်အထိုးတွင် ရဲဘော်နှစ်ဦးက ရှေ့ထွက်၍ အနီးကပ် ပစ်လိုက်ကြသည်။

"ဒိုင်း ...ဒိုင်း ..."

သစ်နက် ငြိမ်ကျသွားသည်။ တော်ပါသေးသည်။ ကျွန်တော်တွင် အဆင်သင့်မဖြစ်သေး။ ရဲဘော်နှစ်ဦးကြောင့် အဆင်ပြေသွားသည်။ တစ်တောင့်ချင်းပစ် ရိုးရိုးရိုင်ဖယ်သေနတ်များဖြစ်သဖြင့် အရေးကြုံပါက အော်တိုသေနတ်များလို အားမကိုးရပါ။ အရင်းချုပ်တော့ တောဝက် (၃) ကောင်၊ သစ်နက်တစ်ကောင်၊ မျောက်ညို (၃) ကောင်သာ ရသည်။ ရဲအုပ်မောင်ဝင်းပစ်ရသည်မှာ မျောက်ညိုနှစ်ကောင်သာ မုဆိုးကြီးက တစ်ကောင်။

"ငါ့လခွမ်းထဲမှပဲ။ ဒီနေ့ ဘယ်လိုဖြစ်သလဲမသိဘူး။ ငါတို့က အစွဲနဲ့ အစာလုနေရတာပါလား။ မောင်ဝင်းဆိုတဲ့အကောင်လည်း မစွံပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



(၁၀) ချက်လောက်ပစ်မှ (၂)ကောင်ပဲရတယ်။ အဲ့ဒါအရေးမကြီးဘူး။ အကာအကွယ်မယူဘဲ။ လောဘကြီးပြီး ရှေ့ထွက်လာတာ အန္တရာယ်အလွန်ကြီးတယ် ... ညီလေးရဲ့"

"ဘာအန္တရာယ်ရှိလို့လဲ .. အစ်ကိုကြီးရဲ့"

"ဟာ ... ညီလေးရ၊ တောဝက်သိုးနဲ့ သစ်နက်ဟာ အလွန်ကြောက်စရာကောင်းတဲ့ တောကောင်တွေ ငါတို့ဘက်ကသာ မသေချာရင် မင်း အန္တရာယ်ဖြစ်ပြီပေါ့။ ဒီကောင် (၂) ကောင်က အလွန်အင်အားကြီးပြီး မဲမဲမြင်ရာကို မသေခင်မှာ ပြေးပြီးတိုက်တတ်တယ်။ အခု ငါတို့ဘက်က အပိုင်ပစ်နိုင်ပြီး သေကွင်းသေကွက် ချက်ပေါင်းမှန်းလို့ မင်းအန္တရာယ်မဖြစ်တာ။ နောက်ဆို အမဲလိုက်ရင် တစ်ကောင်တည်းကို အမဲမလိုက်နဲ့။ ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ် သတိထားပါ"

"ဟုတ်ကဲ့ပါ ... အစ်ကိုကြီး၊ ကျေးဇူးတင်ပါတယ်"

"ကဲ ... တောကောင်လည်း ပြည့်ပြည့်စုံစုံအပြင်၊ ကျားသစ်နက်ကြီးပါ အဆစ်ရတော့ ဟန်ကျတာပေါ့။ ဟန်ကျတောပေါ့။ ကျားသစ်သားတကျားသားလိုပဲ အလွန်ညှီတယ်။ အသားမျှင်ကြီးတယ်။ စားမကောင်းဘူး။ ရောင်းပစ်လိုက်တာ အေးတယ်။ ဘယ်မှာရောင်းကြမလဲ"

ထိုစဉ် မှဆိုးကြီးက ...

"ဆရာ ... မပူပါနဲ့။ ဒီကျွန်းပေါ်က ပုလဲကျွန်းရွာကြီးမှာ အဝယ်ဒိုင်ရှိတယ်။ ဈေးကောင်းရတယ်။ စင်ကာပူနဲ့ ယိုးဒယားတရုတ်သူဌေးတွေဖွင့်ထားတာ။ ချွန်တော် လိုက်ပို့ပါမယ်"

"စက်လှေနဲ့ သွားပို့ရမှာလား။ ဒီကနဲ့ အတော်ဝေးသလား။ ကျွန်တော်တို့က ယူနီဖောင်းဝတ်၊ ဝန်ထမ်းတွေ၊ သစ်တောထွက်ပစ္စည်း၊ သတ္တဝါတွေကို ကိုယ်တိုင်ရောင်းဖို့ မကောင်းဘူး၊ ဆင်ခြင်ရမယ်"

"ဆရာကြီး ... ဆရာတပည့်တွေကို ယူနီဖောင်းလဲပြီး ပို့နိုင်ပါချွန်တော် သွားရောင်းပေးပါ့မယ်။ တောဝက်သိုးကြီးပါ ရောင်းလိုက်ပါ။ ဈေးကောင်းရတယ်။ သိုနံ့မနံ့အောင် သိုအုံကိုတော့ ဝိုက်လှီးပစ်ရမယ်"





"လုပ်ပါ၊ မုဆိုးကြီးအဆင်ပြေအောင် လုပ်ပေးပါ။ ဝက်က (၃) ကောင်တောင်ပဲ။ မုဆိုးကြီးလည်း ဝက်မတစ်ကောင်နဲ့ မျောက်တစ်ကောင်ယူပါ။ ကျွန်တော်တို့မှာ ဆတ်သားလည်း ရှိပါသေးတယ်။ နောက်ထပ် ဝက်ချိုမတစ်ကောင်ဆိုရင် လုံလောက်ပါပြီ"

"ချွန်တော် ဝက်မ မယူလိုဆရာ။ ချွန်တော်ပစ်တဲ့ မျောက်တစ်ကောင်ပဲ ယူပါ့မယ်။ ချွန်တော်မှာလည်း ဆတ်ပေါင်တွေရှိတယ်လေ ဆရာ"

"ကောင်းပါပြီ၊ ကျားသစ်နက်နဲ့ တောဝက်သိုးရောင်းရငွေထဲက ခွဲပေးပါဦးမယ်"

"မယူလိုပါ ဆရာ၊ ချွန်တော် ကူညီရတာ ကျေနပ်ပါတယ်။ နောက်လည်း လာခဲ့ကြပါ။ ချွန်တော့်နာမည်က အဒူလတစ်။ မြန်မာလို လှတင်ပေါ့။ ပုလဲကျွန်းရွာကြီးမှာ ဘယ်သူ့မေးမေး သိပါတယ်"

"ကောင်းပါပြီဗျာ ...။ ကဲ ... စခန်းပြန်ပြီး စားကြသောက်ကြစို့။ မုဆိုးကြီးလည်း နေ့လယ်စာစားပြီးမှ သွားပါ"

"မရပါ ဆရာ။ တောကောင်သေတွေ လတ်တုန်းရောင်းမှ ဈေးကောင်းရပါတယ်။ ချွန်တော်တို့ပြန်လာမှ ထမင်းစားပါ့တယ်။ စခန်းကိုလည်း ပြန်မလိုက်တော့ဘူးဆရာ။ ဒီတောင်ဆင်းမှာ ဖြတ်လမ်းရှိပါတယ်"

"ကောင်းပါပြီ၊ ဒါဆို ဘယ်လိုလုပ်ကြမလဲ"

"ဝက်သိုးကြီးနဲ့ ကျားနက်ကို ချွန်တော်တို့ ဝက်တုပ်တုပ်ပြီး ယူသွားမယ်။ ဆရာတို့က ဝက်မ (၂) ကောင်နဲ့ မျောက်သေတွေ ယူသွားရုံပါပဲ။ ကြာပါဘူး ချွန်တော်တို့ (၁) နာရီလောက်ပဲ ကြာမှာပါ၊ စိတ်ချပါဆရာ"

ကျွန်တော်တို့ စခန်းချရာ ပြန်ခဲ့ကြပြီ။ စောစောနှင့် နေ့လယ်စာထမင်းကို မြိန်ရှက်စွာစားကြသည်။ ဟင်းက အူကလီစာဟင်းအပြင် ဆတ်ခေါင်းသုပ်၊ ခရုနီအသားလုပ်၊ ကျောက်ပုစွန်ဟင်းချို၊ ကမာကောင်သားအသုပ်အတော်စုံသည်။ နေ့လယ်စာမစားမီ အောင်ပွဲခံသည့်အနေဖြင့် အရက်သောက်ကြတော့သည်။ မဲခေါင်အရက်ကို ဆတ်ချိုနှစ်ထားသော အားဆေးအရက်နှင့် မျောက်သွေးအရက်၊ လတ်ဆတ်သော မျောက်ဦးနှောက်ကြော်

www.burmeseclassic.com



တို့ဖြင့် တပျော်ကြီးစားကြသောက်ကြရင်း အပန်းဖြေကြသည်။ တကယ်တော့ ကျွန်တော်တို့ခရီးမှာ ကျွန်းများအား လေ့လာရေးထွက်ခြင်းသာ။

ကျွန်တော်တို့ အရက်ပွဲလုပ်ပြီး ထမင်းစားရန် ပြင်နေကြစဉ် မုဆိုးကြီးနှင့်အဖွဲ့ ပြန်ရောက်လာသည်။

"ဆရာကြီး ... ကျားနက်က နှစ်သိန်းရတယ်။ တောဝက်သိုးက ငါးသောင်းရပါတယ်။ ဝယ်လက်က ချွန်တော်တို့ကို အစားကောင်းအသောက်ကောင်းပါ ကျွေးလိုက်ပါသေးတယ်။ ဒီမှာငွေထုပ်ပါ။ ဒီအထုပ်က ငှက်သိုက် ချွန်တော်ရှာထားတာကို ဆရာကြီးတို့ကို လက်ဆောင် ပြန်ပေးတာပါ"

"ကျေးဇူးတင်တယ် ... မုဆိုးကြီး။ နောက်လည်း ကျွန်တော်တို့ လာပါဦးမယ်။ မုဆိုးကြီးကို ဝင်ခေါ်ပါမယ်"

ကျွန်တော်တို့ ထမင်းစားနေစဉ် မုဆိုးကြီးက မျောက်နှစ်ကောင်ကို ကိုင်နေသည်။ ကျွန်တော်တို့ နေ့လယ်စာစားပြီးတော့ မုဆိုးကြီးက လက်ဖက်သုပ်လိုဟာမျိုး ယူလာသည်။ ကြော်ပြီး ဆီချက်ဆမ်းသည်။

"ဒါ ဘာလဲ မုဆိုးကြီး"

"မျောက်ချေးခါးလေ ... ဆရာကြီး။ အလွန်အရသာရှိပြီး လူနဲ့တည့်တယ်။ စားကြည့်ပါ"

ကျွန်တော်တို့ မဝံ့မရဲ မြည်းကြည့်ကြသည်။ လက်ဖက်အရသာ လက်ဖက်အနံ့ပင်။ ရေနွေးကြမ်းဖြင့် အလွန်လိုက်ဖက်သည်။ မျောက်ချေးခါးဟု ပြောသဖြင့်သာ လက်တွန့်နေကြသည်။ စားရင်းခံတွင်းတွေ့သဖြင့် အလုအယက် စားကြတော့သည်။

ကျွန်တော်က စားသောက်နေရင်း ဝန်ထမ်းများနှင့် တပည့်သားချောင်းအား ငွေကျပ်တစ်သောင်းစီ ခွဲဝေပေးလိုက်သည်။ မုဆိုးကြီးအား နှစ်သောင်း၊ ရဲတပ်ကြပ်ကြီးအား နှစ်သောင်း။ ပိုသောငွေများအား ရဲအုပ်မောင်ဝင်း အားပေးတော့ ...

"အစ်ကိုကြီး ကျွန်တော်မယူဘူး။ အစ်ကိုကြီးပဲ ယူပါ။ အစ်ကိုကြီးက သားပေါက်ဝင်ငွေမရှိဘူး"





"ဟ ... မောင်ဝင်း၊ မင်းက ဆီဖိုးတွေ၊ စားသောက်စရာတွေ ဝယ်လာရတာ။ မင်း အကုန်အကျများမှာပေါ့။ တစ်ဝက်တော့ယူကွာ"

"မယူပါဘူး ... အစ်ကိုကြီးရာ၊ အစ်ကိုကြီးပဲယူပါ။ အဲ့ဒီဓာတ်ဆီတွေ အစားအသောက်တွေကို မြို့ခံမိတ်ဆွေတွေက ဝိုင်းဝန်းထောက်ပံ့လိုက်တာ အပြန်လက်ဆောင်အဖြစ် ကျွန်တော်က မျောက်သွေးစိမ်အရက်နဲ့ လတ်လတ်ဆတ်ဆတ် ဆတ်ချိုနု၊ ဆေးစိမ်အရက်တစ်ပုလင်းစီနဲ့ တောဝက်သား ဆတ်သားနည်းနည်းစီ လက်ဆောင်ပေးလိုက်ရင် အလွန်ဝမ်းသာကြမှာပါ။ နောက်အပတ်တွေမှာ ညည်းသည်တွေများလိမ့်မယ် ... အစ်ကိုကြီးရေ"

"ကောင်းကွာ"

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com



[ ၁ ]

## မသိစိတ်၏ လိပ်ပြာခြေသံ

❑

ညတစ်ညဖြစ်သည်။

ထိုညသည် လရောင်မှုန်စိမ့်ငွေ့ငွေ့နှင့် မြူနှင်းလေးတွေ ဖွဲလဲ့လဲ့ကျနေသည့် အဖြူရောင်ညလေးတစ်ညဖြစ်သည်။

လရောင်ငွေ့က ဝရံတာပြတင်းပေါက်မှ စာကြည့်ခန်းထဲ ဖြာဆင်းကျနေခဲ့သည်။

အိမ်ရှင်အမျိုးသားက သူ၏ 'ဟင်းနရစ်ချ်' သပြေရောင် စန္ဒယားကြီးရှေ့တွင်ထိုင်ပြီး 'ည၏ကဗျာ'ဆိုသည့် အင်္ဂလိပ်ဂန္ထဝင်သီချင်းတစ်ပုဒ်ကို အဆိုမပါဘဲ တေးသွားသက်သက် ညင်သာစွာ လူးလိမ့်တီးခတ်နေသည်။

အပြင်ဘက်တွင် လရောင်နုနှင့် နှင်းမှုန်တွေကြားဝယ်၊ ပလောင်တောင်တန်းတွေဘက်ဆီမှ တိုက်ခတ်လာသည့် လေရိုင်းတွေက ပြတင်းပေါက်မှ စာကြည့်ခန်းထဲ လွင့်ဝင်ဖြတ်သန်းလာနေသည်။

အမျိုးသားက အေးစိမ့်နေသော ညလေရိုင်းတွေကို ခံစားမှုကင်းမဲ့စွာနှင့် သူ့ရှေ့ စန္ဒရားခလုတ်ဖြူဖြူလေးတွေပေါ်သာ သူ့လက်ချောင်းတွေတို့ အာရုံစိုက်စူးနှစ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာလျှင် သူ စန္ဒရားကို ဖြည်းညင်းစွာ တို့ . . . ပွတ်ရပ်နားလိုက်သည်။ ပတ်ဝန်းကျင်အနေအထားကို သူ သတိထားလေ့လာမိလိုက်သည်။ ညဥ့်တော်တော်နက်နေပြီဖြစ်သည်။ အိမ်ကြီးတစ်အိမ်လုံး ချောက်ချားစရာ တိတ်ဆိတ်နေသည်။ သူ စိတ်လှုပ်ရှားစွာ ထရပ်လိုက်သည်။

ခြံဝင်းကြီးအတွင်းရှိ သစ်ပင်များဆီမှ လေတိုးတိုက်ခတ်နေသံတွေက သူ့အာရုံတွင် လူမမာ ညည်းညူသံတွေလို ထင်နေမိသည်။ သူ့အမျိုးသမီးက ဒီအချိန် အပေါ်ထပ် သူတို့အိပ်ခန်းထဲမှာ နှစ်ခြိုက်စွာ အိပ်ပျော်နေပေလိမ့်မည်။

ထိုအချိန်တွင် တိတ်ဆိတ်ငြိမ်သက်နေသည့် ညယံကမ္ဘာထဲသို့ ဖျတ်ခနဲ မသိမသာ လွင့်ဝင်လာသည့် အသံတစ်သံကို သူ သတိထားမိလိုက်သည်။

သူ့အကြားအာရုံက ဖျတ်ခနဲ နိုးကြားလာသည်။

ဖြစ်နိုင်ပါ့မလား . . .

သူ ဂရုစိုက် နားစွင့်လိုက်သည်။

ခြေသံတစ်ခု . . .

မှန်ပါသည်။ ညယံစိမ်းစိမ်းထဲမှာ လူသားတစ်ယောက် ခြေကိုဖော့၍ ညင်သာစွာ ဖွဖွနင်းလျှောက်လာနေသံဖြစ်သည်။ ထူးဆန်းသည်။

ခြေသံက သူ စန္ဒရားတီးနေသည့် အောက်ထပ်စာကြည့်ခန်းရှေ့မှ ဖြတ်ပြီး အပေါ်ထပ်တက်သည့် ကျွန်းလှေကားကြီးဆီ လျှောက်သွားနေသည့်အသံဖြစ်သည်။

သူသည် အကြောင်းမဲ့ ဆင်ခြင်ခြင်းကင်းစွာ ထိတ်လန့်ကြောက်ရွံ့တတ်သူ မဟုတ်သော်လည်း၊ သူ့စိတ်အာရုံတွင် စိတ်လှုပ်ရှား တင်းကြပ်စပြုလာသည်။

ဒီအချိန်မျိုးတွင် ဤအိမ်ကြီးထဲ၌ သူတို့လင်မယားနှစ်ဦးမှ လွဲ၍ အခြား မည်သူမျှမရှိနိုင်။ အိမ်ဖော်အလုပ်သမားတွေ အားလုံးလည်း သူတို့၏ အလုပ်သမားတန်းလျားအခန်းများထဲ၌သာ အိပ်မောကျနေကြလိမ့်မည်။





သူ့ဇနီး၏ ခြေသံလည်း မဟုတ်နိုင်။ သူ့အမျိုးသမီးက ညဘက်၌ အောက်ထပ်သို့ ဘယ်တော့မှ ဆင်းလာလေ့မရှိ။

ထိုစဉ် အိမ်အောက်ထပ် ဧည့်ခန်းထဲမှ တိုက်ကပ်နာရီကြီး၏မြည်သံ ရုတ်တရက် ပေါ်လာသည်။

"ဒင် . . . ဒင် . . . ဒင် . . ."

နာရီသံ ဆယ့်နှစ်ချက် ထွက်ပေါ်လာသည်။ ညသန်းခေါင်ယံ ထိုးပြီဖြစ်သည်။

သူ စာကြည့်ခန်းထဲမှ လှမ်းထွက်လာခဲ့သည်။ အပြာရောင်ည မီးပွင့်မှုန်ရီရီလင်းနေသော စင်္ကြံလမ်းမှလျှောက်လာပြီး အပေါ်ထပ်ဖို့တက်မည့် လှေကားထိပ်ဆီ သူ လှမ်းလာခဲ့သည်။

လရောင်က မှန်ပြတင်းပေါက်မှ မှိုင်းပျပျဖြာကျလျက် လှေကားပေါ် လွှမ်းကျနေသည်။ ထိုလရောင်လွှမ်းကျနေသော ကျွန်းလှေကားလက်ရမ်းအနီးတွင် ဆံပင်ရှည်တွေ နောက်ပြန်လှန်ချထားပြီး အဖြူရောင်ရှမ်းအမျိုးသမီးဝတ်စုံနှင့် အမျိုးသမီးတစ်ဦးက ဘေးတစ်စောင်းရပ်နေသည်ကို သူ ရုတ်တရက် အံ့သြစွာ မြင်တွေ့လိုက်ရသည်။

ပထမတော့ သူ့စိတ်ထဲက ထင်နေတာလားဟု အောက်မေ့လိုက်သည်။ ကျောတစ်ခုလုံး စိမ့်ပြီး ကြက်သီးထသွားသည်။

သူ့စိတ်တွေကို တင်းပြီး သေသေချာချာ သူလှမ်းကြည့်လိုက်သည်။

သူ့အမြင်အာရုံ မှားနေခြင်းမဟုတ်ပါ။ အမျိုးသမီး၏ပုံသဏ္ဌာန်က ထင်ရှားလွန်းနေသည်။ စိတ်အထင်သက်သက်၊ ည၏ လှည့်စားမှုတစ်ခု မဟုတ်ပါ။ အမျိုးသမီး၏ အဖြူရောင်ဝတ်စုံနှင့် လွင့်ဝဲနေသည့်ပုံကို သူ သုံးမိနစ်ခန့် သေချာစွာ မြင်တွေ့လိုက်ရသည်။

ပြီးနောက် သူ့ရှေ့တွင် ထိုအမျိုးသမီး ဖျတ်ခနဲ ပျောက်ကွယ်သွား၏။

သူမသည် ဤအိမ်ကြီးနှင့် ဟောဝန်မြို့ခြံကြီး၏ မူလပိုင်ရှင်မိုင်ကယ် သူဌေးကတော် 'စောဒေဝီ' ဆိုသည့် အမျိုးသမီး၏ 'ဝိညာဉ်လိပ်ပြာ' များ ဖြစ်နေမလား။



www.burmeseclassic.com

www.burmeseclassic.com



ဤရုပ်ပုံမြင်ကွင်းသည် ပရဝိညာဉ်လိပ်ပြာ၏ တမင်ခြောက်လှန့်ခြင်းတော့ မဖြစ်နိုင်ဟု သူထင်သည်။ ပရလောသားတို့က တမလွန်ဘဝမှနေ၍ သက်ရှိလူသားတွေနှင့် ဆက်သွယ်လိုသောကြောင့် ဤကဲ့သို့ သူတို့၏ ဝိညာဉ်လိပ်ပြာ ရုပ်ပုံမြင်ကွင်းကို ပြသခြင်းဖြစ်သည်ဟု သူ ယူဆလိုက်မိသည်။

ထိုမြင်ကွင်းသည် သူ့မသိစိတ်နှလုံး တစ်နေရာ၌ ထူးဆန်းစွာ စွဲနစ်သွားခဲ့သည်ကိုတော့ သူကိုယ်တိုင်လည်း မသိရှာခဲ့ချေ။

သူ အပေါ်ထပ်သို့ လှေကားမှ လှမ်းတက်လာခဲ့ပြီး အိပ်ခန်းထဲ လှမ်းဝင်လာခဲ့သည်။ လရောင်နှင့် ညမီးဖွင့်အစိမ်းရောင်လေးအောက်၌ နှစ်ခြိုက်စွာ အိပ်မောကျနေသော သူ့ချစ်ဇနီးမောရှမ်းလှထိပ်ထားလေး၏ နံဘေး အိပ်ရာပေါ် သူ ဝင်လှဲအိပ်ချလိုက်သည်။

သူ့မသိစိတ်အာရုံမှာ အဖြူရောင် ရှမ်းအမျိုးသမီးဝတ်စုံနှင့် လှပသည့် တစ္ဆေမဝိညာဉ်၏ပုံသဏ္ဍာန်က သူ့ကို ရှန်းမထွက်နိုင်အောင် ဖမ်းစားလိုက်ပြီဖြစ်သည်။

ထိုဝိညာဉ်လိပ်ပြာတစ္ဆေမ 'စောဒေဝီ' က သူ့စိတ်မနောအာရုံကို စိုးမိုးအနိုင်ယူလိုက်ပြီဖြစ်သည်။

✿ ✿ ✿

[ ၂ ]

❑

ထိုစဉ် ဖျတ်ခနဲ သူ လန့်နိုးလာခဲ့သည်။

သူ့တစ်ကိုယ်လုံး ချွေးတွေ ရွှဲနစ်နေသည်။

သူ ... အိပ်မက် မက်နေတာလား။ တကယ်ဖြစ်ပျက်ခဲ့တာလားဆိုတာ ဝေခွဲရခက်နေသည်။ ဝိညာဉ်တစ္ဆေစောဒေဝီ၏ ရုပ်ပုံသဏ္ဍာန်က သူ့မျက်လုံးထဲမှမထွက်။ လှလိုက်တဲ့ ... စောဒေဝီရယ်။ တကယ်ပဲ ဖြစ်လိုက်ပါတော့လား။

"မောင် ...၊ မောင် ..."

သူ့အမျိုးသမီးက သူ့ပခုံးကို လှုပ်နှိုးပြီး ခေါ်လိုက်သည်။ သည်တော့မှ သူ့ကိုယ်သူ ပြန်သတိရလိုက်ပြီး သူ့ဇနီးကို အလန့်တကြား လေးစောင်းငဲ့ကြည့်လိုက်မိသည်။

"မောင် ... အိပ်မက် မက်နေတယ်ထင်တယ်။ ကယောင်ကတန်းနဲ့ ဘာတွေအော်နေတာလဲ"

အမျိုးသမီးက အံ့သြနေသံလေးနှင့် မေးသည်။

"ဟုတ်တယ် ...။ မောင့်အိပ်မက်ထဲမှာ ဝိညာဉ်ဖြူမတစ်ဦးကို တွေ့လိုက်ရတယ်။ မောင့်စိတ်ထဲမှာ တကယ်လိုပဲ"

www.burmeseclassic.com



သူ့ဇနီးက သူ့ကို အံ့ဩနေသည့် မျက်လုံးစိမ်းနက်နက်တွေနှင့် ငေးစိုက်ကြည့်နေပြီး သက်ပြင်းရှိုက်သံလေးနှင့် ဖြည်းဖြည်းပြန် ပြောသည်။

"မောင် . . . ဘုရားရှိခိုးပြီး မအိပ်လို့၊ အိပ်မက်ဆိုးတွေ မက်တာ နေမှာ"

အမျိုးသမီးက သူ့ကို ကြင်နာစွာ အပြစ်တင်စကားလေးနှင့် နှစ်သိမ့်၏။

"အင်း . . . ဒီအတိုင်းပဲဖြစ်ပါစေလို့ မောင်ဆုတောင်းပါတယ်"

သူ တိုးတိုးပြန်ပြောရင်း သူ့ဇနီး၏ ပခုံးသားနုနုလေးကို ညင်သာစွာ ပွေ့ထားလိုက်သည်။ ပြီးနောက် သူ့မျက်လုံးတွေကို မှိတ်ထားလိုက်သည်။

ထို့နောက် သူနက်ရှိုင်းသည့် အမှောင်ထုကြီးထဲ တဖြည်းဖြည်းပြန်၍ လွင့်ကျသွားခဲ့သည်။

✿ ✿ ✿



ကျွန်တော် ကျွန်မတို့ ချစ်သူနှစ်ဦးအနက် . . .
တစ်ဦးဦးသည် (ကာယကံ၊ ဝစီကံ၊ မနောကံ)
ကံသုံးပါးအနက် တစ်ပါးပါးသောကံဖြင့်
အခြားတစ်ဦးတစ်ယောက်အပေါ် ချစ်ခင်စုံမက်
ဖောက်ပြန်သောစိတ်ဖြင့် ပြစ်မှားခဲ့မိပါက
ဤဘဝတွင် သက်တမ်းရှည်စွာ မနေရဘဲ
ဘဝတစ်လျှောက်လုံး၌ ဆိုးဝါးသော
ကံကြမ္မာအမျိုးမျိုးနှင့် တွေ့ကြုံပြီး
အသေဆိုးဖြင့် သေရပါစေသား။

ဤ 'သစ္စာကတိ' အတိုင်း 'ကျိန်ဆို' ၍
ဤ 'သစ္စာရည်'ကို ကျွန်တော်၊ ကျွန်မတို့နှစ်ဦး
သောက်ကြပါသည် . . . အရှင်ဘုရား။



www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

## အိပ်မက်ဗိဒ္ဓာဦနတ်သမီးနှင့် စိတ်နယ်လွန်အချစ်

❑

ထိုအိမ်ကြီး၏ ပိုင်ရှင်အမျိုးသားသည် မမျှော်လင့်ဘဲ ညတစ်ည တွင် ဗိဒ္ဓာဦတစ်ရွှေမ 'စောဒေဝီ'၏ 'နာနာဘာဝခြောက်လှန့်မှု' ကို တကယ် လိုလို၊ အိပ်မက်ထဲမှာလိုလို တွေ့ဆုံခဲ့ရပြီးနောက်တွင် သူသည် မသိမသာ ထူးခြားခံစားလာရပြီးလျှင် ထိုစောဒေဝီတစ္ဆေဖြူမကို သူ့မသိစိတ်ထဲမှ စွဲနစ် တမ်းတလာခဲ့သည်။

အိမ်ရှင်အမျိုးသားသည် ထိုအချိန်မှစပြီး စောဒေဝီဗိဒ္ဓာဦတစ္ဆေ ကို ည,ညတွေမှာ အိမ်ကြီးထဲ၌ မကြာခဏ တွေ့မြင်နေခဲ့ရပြီး တစ်ခါတစ်ရံ ခြံဝင်းထဲမှ ထင်းရှူးပင်တွေ၊ စိန်ပန်းပြာနှင့် ယူကလစ်ပင်တွေကြား၊ ဝိုးတဝါး လရောင်တွေအောက်မှာ ပုံသဏ္ဌာန်မျိုးစုံနှင့် တွေ့မြင်နေခဲ့သည်ဟု သူတ သူ့ဇနီးကို တရှိုက်မက်မက် ပြောလာခဲ့သည်။

သူ၏ဇနီးက သူ၏အသွင်အပြင်များ တဖြည်းဖြည်း ထူးခြားလာမှု နှင့် သူ့နှုတ်မှ မမျှော်လင့်ဘဲ ထူးဆန်းစွာ ပြောဆိုလာမှုများကြောင့် သူ့ကို သူ့စိတ်၏ ဆန်းကြယ်အသိရခက်သော လှည့်စားမှုလော၊ သို့မဟုတ် သူ့





'မသိစိတ်' (Unconscious) မှ 'အာရုံထင်မြင်လာခြင်း' (Hallicination) ဖြစ်လေမလားဟု သူမ စိုးရိမ်သွားခဲ့မိသည်။

သို့မဟုတ်လည်း ...

ယင်းမှာ နာနာဘာဝခြောက်လှန့်မှု အစစ်အမှန်လော။ စိတ်အာရုံ ထင်မြင်လာခြင်းသက်သက် 'စိတ်နယ်လွန်ဖြစ်ရပ်' ထူးခြားသော စိတ္တဗေ (Parapsychology) များ ဝင်နေပြီလားဟု အမျိုးသမီးက သူ့အတွက် ထိတ် လန့်သွားခဲ့သည်။

ပရလောကဆိုသည်ကလည်း အလွန် လျှို့ဝှက်ဆန်းကြယ်လွန်း သည် မဟုတ်ပါလား။ ယနေ့ထိအောင် ပရဗိဒ္ဓာဦသုတေသီတွေ အဖြေရှာ နေရသေးသည့် ဂမ္ဘီရပုစ္ဆာဟာစ်ပုဒ်ဖြစ်နေသည်။

အချို့ဆိုလျှင် ပရဗိဒ္ဓာဦလောကသားများ၏ ပယောဂကြောင့် စိတ် ဖုံ့လွင့်ပြီး စိတ်ဂယောက်ဂယက် ဖြစ်သွားကြသူများ၊ ဦးနှောက်ချောင်သူ များ ဖြစ်သွားကြရသည်ဟု သိကြသည်။

ယခု သူမ၏ အမျိုးသားသည်လည်း ပတ်ဝန်းကျင်ပြင်ပ၊ ပယောဂ ကြောင့် စိတ်ထိခိုက်ပုံ့လွင့်သွားလေပြီလော။ ထို့အပြင် သူမ၏ အမျိုးသား သည် ပန်းချီသမား။ ဂီတအသံ 'အနုပညာသမား' ဖြစ်သောကြောင့် စိတ်ထိ ခိုက်ခံစားလွယ်သည်။ 'စိတ်နူးကြွလွယ်သူ' ဖြစ်သည့်အတွက် 'တမလွန် ဘုံဘဝ'မှ နာနာဘာဝ ပရဗိဒ္ဓာဦတွေနှင့် ကူးစက်ယှက်နွှယ် ပတ်သက်နေ သလောဟု သံသယဖြစ်လိုက်မိသည်။

ယနေ့ ဤကမ္ဘာလောက သဘာဝတရားကြီးထဲ၌ သိပ္ပံပညာရှင် တွေ တိတိကျကျ မဖြေရှင်းနိုင်သည့်၊ အံ့သြဖွယ်ရာ သဘာဝလွန် ဖြစ်ရပ် ဆန်းများ၊ လက်လှမ်းမမီနိုင်သော သဘာဝစွမ်းအင်တွေ ရှိနေကြသည်မဟုတ် ပါလား။

မည်သည့်စွမ်းအင်မဆို ထာဝရ ကုန်ဆုံးသွားသည်မရှိဟု ဆိုပါ သည်။

'စိတ်စွမ်းအင်နယ်ပယ်' တွင် တင်ကျန်ရစ်ခဲ့သည့် စွမ်းအင် (Psy- chic Ether) များသည် ဓာတ်ပုံဖလင်ပြားပေါ်တွင် ထင်ကျန်ရစ်နေသလို



www.burmeseclassic.com

www.burmeseclassic.com



ထင်နေကြသည်။ စိတ်နှီးကြွလွယ်သူ (ဝါ) စိတ်စွမ်းအားကောင်းသူ၊ ထူးခြား သော စိတ်စွမ်းအင်ရှိသူများသည် ထိုထင်ကျန်ရစ်သည့် မြင်ကွင်းများနှင့် မကျွတ်မလွတ်သည့် ဝိညာဉ်များကို ပြန်လည်မြင်တွေ့ရခြင်းဖြစ်သည်။

ယင်းကို စိတ်ပညာရှင်များနှင့် စိတ္တဗေဒသုတေသီများက 'အတိတ် မှ အာရုံထင်မြင်လာခြင်း' (Retro Cognition) ဟု ဆိုကြသည်။

ယခု သူမ၏ အမျိုးသားသည်လည်း ပရဝိညာဉ် သို့မဟုတ် စိတ် ပယောဂတစ်ခုခုကြောင့် သိစိတ်၊ မသိစိတ်တွေ ပြိုကွဲခံစားနေရပြီဟု သူမ နားလည်လိုက်သည်။

✿ ✿ ✿

# [ ၄ ]

❑

တစ်ပတ်ခန့်ကြာပြီးနောက် ...

တစ်ညနေ ထမင်းဝိုင်းတွင် အမျိုးသားက အေးစက်စက်လေသံနှင့် ခပ်ညည်းညည်း ဖွင့်ဆိုလာသည်။

''မိုင်းမောသူဌေးကတော် ... စောဒေဝီက တော်တော်လှပြီး ဆွဲ ဆောင်မှုရှိတဲ့ အမျိုးသမီးတစ်ယောက်ပဲ။ မျက်လုံးတွေကလည်း စိမ်းလက် ပြီး တောက်ပနေတယ်။ ညို့သက်တွေဝင်နေလို့ ကြက်သီးတောင် ထဖို့ ကောင်းတယ်''

သူက အိပ်မက်နေသလို ဆိုသည်။

ပြီးနောက် သူ့မျက်လုံးတွေက ဟိုအဝေးတစ်နေရာဆီ လွင့်မျော သွားနေသည် ထင်ရသည်။ သူ့ဖနီးက သူ့ကိုလှမ်းကြည့်ပြီး ထူးဆန်းနေသလို စိမ်းစိမ်းငွေ့ငွေ့ပြုံးသည်။

ပြီးနောက် အမျိုးသမီးက သူမ၏ခေါင်းကို ဖြည်းညင်းစွာ ခါရမ်း လိုက်ရင်း သက်ပြင်းချသည်။

''အင်း ... မောင်လည်း တစ်နေ့တစ်နေ့ ဒီမိုင်းမောသူဌေးကတော် စောဒေဝီအကြောင်းကိုပဲ တရှိုက်မက်မက် ပြောနေပါရောလား။ ကြာရင်



www.burmeseclassic.com

www.burmeseclassic.com



မောင် ရူးသွားလိမ့်မယ်မောင်။ အမှန်တော့ အရေးပိုင်ဟောင်း မျက်နှာဖြူ မစ္စတာဟာယ်ရီဒွန်းက အရက်မူးမူးနဲ့ လျှောက်ပြောသွားတဲ့စကားကို လူတွေက ချဲ့ထွင်ဖောင်းကားပြီး ကောလာဟလ ဖွပစ်လိုက်တာ ကလောမြို့လေး တစ်မြို့လုံး တောမီးလို ကူးစက်ပျံ့နှံ့သွားခဲ့တယ်။

ကျွန်မတို့အိမ်ကြီးကိုလည်း တစ္ဆေခြောက်တဲ့အိမ်ကြီးဆိုပြီး လူတွေ ချောက်ချားထိတ်လန့်ကုန်ကြပြီး အနားတောင် မသီရဲကြတော့ဘူး။ ကျွန်မ အထင်တော့ မောင် ... ဒါဟာ မစ္စတာဟာယ်ရီဒွန်းက တမင် သူတို့အင်္ဂလိပ် လူမျိုးတစ်ဦးရဲ့ ဗြိတိသျှအိမ်ကြီးကို တိုင်းရင်းသားတွေလက်ထဲ ပြန်ရောင်းချသွားတာ သူ့စိတ်ထဲက မကျေနပ်လို့ အိမ်ရှင်မိသားစုတွေ စိတ်ချောက်ချားထိတ်လန့်ပြီး မနေရဲအောင် လုပ်ဇာတ်ခင်းသတင်းဖြန့်သွားတာလို့ ကျွန်မ ထင်တယ်။

အဲဒီ မစ္စတာဟာယ်ရီဒွန်းရဲ့ 'ဆိုင်ကို(Psycho) ဂမ္ဘီရ' စိတ္တဇဇာတ်လမ်းပုံပြင်ကို မောင်ကပါ တကယ်ယုံကြည်ပြီး ကူးစက်ခံစားလာတာလား။ မောင်လည်း ခေတ်ပညာတတ်တစ်ယောက်ပဲ။ ဒီအစွဲအလမ်းတွေကို လက်ခံယုံကြည်ပြီး မောင့်အိပ်မက်နဲ့ မသိစိတ်ထဲမှာ ပေါ်လာတဲ့ 'သူဌေးကတော် စောဒေဝီ' ကို မောင်ရှာဖွေနေရင်တော့ တစ်နေ့ မောင်ရူးသွားမယ်ဆိုတာ နားလည်ထားပါ''

အမျိုးသမီး ပြောဆိုနေပုံက အေးစက်ညင်သာပြီး ဆွဲဆောင်မှုရှိသည်။ သူမ၏အသံက သူမ၏ယောက်ျားအပေါ် ကြင်နာမှုလွှမ်းနေပြီး ထိခိုက်ကြေကွဲစွာ ခံစားနေရမှန်း သိသာသည်။ သို့သော် သူမ၏မျက်ဝန်းတွေကမူ တည်ကြည်လေးနက်လွန်းနေသည်။

''အို ... မောင် မရူးပါဘူး။ သေချာပါတယ်။ မောင် တကယ် စောဒေဝီကို အိပ်မက်ထဲမှာရော၊ အပြင်မှာပါ ထင်ထင်ရှားရှားနဲ့ကို အကြိမ်ကြိမ် တွေ့မြင်နေခဲ့ရတာပါ။ ဘာလဲ မင်းက မောင်ပြောတာတွေကို မယုံကြည်ဘူးပေါ့လေ။ ဒါဆို မင်းက လောကမှာ နာနာဘာဝဝိညာဉ်တွေ၊ တစ္ဆေသရဲနဲ့ နတ်သမီး၊ နတ်သားတွေ၊ မကောင်းဆိုးဝါးဆိုတာတွေ မရှိဘူးလို့ ဆိုလိုတာလား ... ဟင်။ ပြောစမ်းပါဦး''





အမျိုးသမီးက လှပသည့် အပြုံးနုလေးများဖြင့် ခေါင်းခါယမ်းလိုက်သည်။

''ဟင့်အင်း ... မောင်၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဆိုတဲ့ အပါယ်လေးဘုံဆိုတာ ဗုဒ္ဓဘုရားရှင်ရဲ့ ဟောကြားတဲ့တရားတွေထဲမှာလည်း ပါပါတယ်။ မောင်ပြောတဲ့ မကောင်းဆိုးဝါး၊ သရဲတစ္ဆေ၊ နာနာဘာဝဝိညာဉ်တွေဟာ အသူရကာယ်ဘုံသားတွေပဲလေ။ တိရစ္ဆာန်တွေဟာလည်း ဒီလောကထဲမှာ သူတို့ဘုံနဲ့သူတို့ ရှိနေကြတာပဲလေ။ ဒါပေမဲ့ သီးခြားစီရှိနေကြတယ် မောင်။

အသူရကာယ်ဘုံသားတွေနဲ့ ကျွန်မတို့ဟာလည်း ဘယ်လိုမှ ဆက်ဆံရောနှောနေထိုင်ကြလို့ မဖြစ်နိုင်ဘူးမောင်။ တကယ်လို့ ရောနှောဆက်ဆံကြမယ်ဆိုရင်တော့ အားလုံး ပျက်စီးကုန်ကြလိမ့်မယ်။ ဒီတော့ ကျွန်မတို့ဟာ အသိဉာဏ်ရှိတဲ့လူသားတွေမို့ ကျွန်မတို့ရဲ့ အသိဉာဏ်တွေနဲ့ သူတို့ကို ရှောင်ရမယ် မောင်''

''ဒါဖြင့် မင်းဆိုလိုချင်တာက မောင်တို့က သူတို့ကိုရှောင်ပြေးပြီး ထွက်ခွာသွားကြရမယ်လို့ ပြောချင်တာလား''

''မဟုတ်ဘူး ... မောင်၊ သူတို့လည်း သူတို့ဘုံဘဝထဲမှာနေ၊ ကျွန်မတို့လူတွေကလည်း ကိုယ့်လူ့ဘဝဘုံထဲမှာပဲ နေကြရမှာပဲ။ ဘယ်ကိုမှ ထွက်ပြေးရှောင်ပုန်းဖို့ မလိုဘူး။ အဲ ... သူတို့အတွက် မေတ္တာပို့ ဆုတောင်းပေးရမယ်။ အလှူအတန်းလုပ်ပေးပြီး အမျှဝေပေးရလိမ့်မယ်။ ဒါ ကျွန်မတို့တာဝန်ပဲ။ သူတို့နဲ့ ကျွန်မတို့ဟာ ဘဝချင်းခြားနေကြတယ်ဆိုတာ မောင် မမေ့ပါနဲ့''

''ဒါဆို မောင် ဘာလုပ်ရမှာလဲ''

''အို ... ဘာလုပ်ရမှာလဲ မောင်ရဲ့။ ဘဝချင်းခြားပြီး ကျွန်မတို့ရဲ့ဘဝထဲမှာ မရှိတဲ့၊ မောင့်စိတ်ထဲမှာ စွဲထင်နေတဲ့ နာနာဘာဝဝိညာဉ်တစ်ဦးဖြစ်တဲ့ စောဒေဝီဆိုတဲ့မိန်းမကို မောင့်အာရုံထဲက မေ့ပျောက်ပစ်လိုက်ဖို့ပဲ ရှိတယ်မောင်''

www.burmeseclassic.com



"ဒါပေမဲ့ စောဒေဝီဟာ နာနာဘာဝ ဝိညာဉ်တစ္ဆေမတစ်ဦးတော့ မဖြစ်နိုင်ဘူး။ ဒီလောက်လှတဲ့ မိန်းမဟာ ဖြစ်ချင်းဖြစ် 'နတ်သမီးတစ်ပါး' ပဲ ဖြစ်ရမယ်"

အမျိုးသမီးက စိမ်းစိမ်းလေးပြုံးပြီး သူ့ကို စိုက်ကြည့်လိုက်သည်။

"အဲဒါ မောင့်မသိစိတ်အာရုံမှာ စိတ္တဇအစွဲတွေ နစ်ကျွံပြီး အမြင်တွေမှောက်မှား လှည့်စားခံနေရတာ မောင်နားလည်လား။ ဒါဆို မောင့်နှလုံးသားမှာ မရိုးသားတော့ဘူး။ မောင်ဟာ အဲဒီ မိုင်းမောသူဌေးကတော်ဆိုတဲ့ စောဒေဝီမိန်းမကို မောင့်စိတ်ထဲက တိတ်တခိုး စွဲချစ်ယစ်မူးနေလို့ပဲ ဖြစ်ရမယ်။

ဒါကြောင့် မောင်က နာနာဘာဝ မကောင်းဆိုးဝါး ဝိညာဉ်တစ္ဆေ တစ်ဦးကို မောင့်စိတ်ထဲက နတ်သမီးလို့ မြင်နေတာ။ အဲဒါ မောင် ကျွန်မကို သစ္စာဖောက်လိုက်တာပဲ"

"ဟင် ... မောင် သစ္စာဖောက်တယ်"

အမျိုးသားက အိပ်မက်ထဲမှာ ယောင်ရမ်းပြီးပြောသလို ရေရွတ်သည်။

"ဟုတ်တယ် ... မောင်။ မောင့်နှလုံးသားတွေက ကျွန်မကို သစ္စာဖောက်နေပြီ။ ဒီမှာမောင် ... ကျွန်မနဲ့မောင်၊ လက်ထပ်ခဲ့တဲ့ မင်္ဂလာဦးညမှာ နှစ်ဦးသဘောတူ ကတိသစ္စာဆိုပြီး 'သစ္စာရေ' သောက်ထားကြတဲ့ 'သစ္စာကတိ' ကို မောင် မမေ့ပါနဲ့နော်။

သစ္စာဖောက်ရင်တော့ သစ္စာဖောက်တဲ့ အရင်လူက သစ္စာဆိုထားတဲ့အတိုင်း၊ ရှေ့ကအရင် ကိုယ့်ဘဝကို စတေးရမယ်ဆိုတာ မမေ့ပါနဲ့။ နောက်ကျန်ရစ်ခဲ့တဲ့လူကလည်း ဒီအတိုင်း နောက်ကလိုက်ခဲ့ရမှာပဲ။ မောင် နားလည်ပါတယ်နော်"

အမျိုးသား၏တစ်ကိုယ်လုံး မိုးကြိုးပစ်ခံလိုက်ရသလို တုန်လှုပ်ချောက်ချားသွားသည်။ သူ့နှလုံးသားတွေ ရုတ်တရက် မီးထတောက်သွားသလား ထင်ရသည်။ ခန္ဓာကိုယ်တစ်ခုလုံး လောင်ကျွမ်းသွားသလို ခံစားလိုက်ရသည်။





မှန်ပါသည်။

သူ့အမျိုးသမီးပြောသည့်အတိုင်း သူတို့နှစ်ဦး 'မင်္ဂလာဦးည' ဖဲမွေ့ရာ ကျွန်းခုတင်ကြီးနံဘေးမှာ ဘုရားစင်မှ ညောင်ရေအိုးထဲက ရေကို 'ငွေဖလားခွက်' နှင့် ခံယူလျက် နှစ်ဦးသဘောတူ သစ္စာကတိဆိုပြီး သစ္စာရေသောက်ခဲ့ကြသည်။

သူတို့နှစ်ဦး ကျိန်ဆိုထားခဲ့ကြသည့် သစ္စာကတိစကားလေးက ထူးလည်း ထူးဆန်းပြီး အလွန်လည်း ကြောက်စရာကောင်းသည့် 'သစ္စာ'တစ်မျိုး ဖြစ်သည်။

ထို 'သစ္စာ' က ဤသို့ဖြစ်သည်။

"ကျွန်တော်၊ ကျွန်မတို့ ချစ်သူမောင်နှံနှစ်ဦးသည် သေတစ်ပန်သက်တစ်ဆုံး တစ်ဦးကိုတစ်ဦး ချစ်ခင်ကြင်နာမပျက် သစ္စာရှိစွာ ပေါင်းသင်းဆက်ဆံ နေထိုင်သွားကြပါမည်ဟု ကတိသစ္စာပြုပါ၏။

အကယ်၍ ...

ကျွန်တော်၊ ကျွန်မတို့ ချစ်သူနှစ်ဦးအနက် တစ်ဦးဦးသည် (ကာယကံ၊ ဝစီကံ၊ မနောကံ) ကံသုံးပါးအနက် တစ်ပါးပါးသောကံဖြင့် အခြားတစ်ဦးတစ်ယောက်အပေါ် ချစ်ခင်စုံမက် ဖောက်ပြန်သောစိတ်ဖြင့် ပြစ်မှားခဲ့မိပါက ...

ဤဘဝတွင် သက်တမ်းရှည်စွာမနေရဘဲ ဘဝတစ်လျှောက်လုံး၌ ဆိုးဝါးသော ကံကြမ္မာအမျိုးမျိုးနှင့် တွေ့ကြုံပြီး အသေဆိုးဖြင့် သေရပါစေသား။ ကတိအတိုင်းကျိန်ဆို၍ ဤသစ္စာရေကို ကျွန်တော်၊ ကျွန်မတို့နှစ်ဦး သောက်ကြပါသည် အရှင်ဘုရား"

ဤသို့ သူတို့နှစ်ဦး ဘုရားရှေ့မှာ သစ္စာဆိုပြီး သစ္စာရည်သောက်ခဲ့ကြသည်။ အမျိုးသားသည် ဆွေးမြည့်ကြေကွဲနေဟန်ဖြင့် ထိုင်ခုံပေါ်၌ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်တောင့်တင်းစွာ ငိုင်၍ ကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကလည်း ညှိုးနွမ်းရီဝေနေသည့် မျက်လုံးတွေနှင့် ထမင်းစားခန်းထဲ လာခဲ့သည်။

အိမ်ကြီး၏အပြင်ဘက်တွင် ဆည်းဆာ၏ မြူပြာပြာတွေက မှိုင်းဝေနေသည်။

မဂ်လာဦးည၊ ထူးဆန်းသောသစ္စာ၊ သစ္စာရေ . . .

✿ ✿ ✿

## | ၁ |

❑

ညက လပြည့်နေ့ည။ ကြက်သီးထစရာကောင်းအောင် လှနေသည်။

နှင်းပွင့်မြူမှုန်တွေက ပါးပါးလွင့်နေလျက် လရောင်က ဘော်ငွေရောင်တွေ သွန်ကျနေသလို ရွှန်နင့်နေကာ ဖိတ်လက်တောက်ပနေသည်။

လပြည့်ညသည် စိတ္တဇဆန်စွာ လှနေလျက် နေ့ကလေးတစ်နေ့အသွင် ထိတ်လန့်စရာကောင်းအောင် ဖြူဖွေးလွင့်မျောနေသည်က ရင်ခုန်ဖွယ်ကောင်းလှတော့သည်။

အချိန်က ည'ခုနစ်' နာရီကျော်ကျော်လေးသာ ရှိသေး၏။

ယင်းအချိန်တွင် ဧကဝန်းမြိုင်ခြံကြီးထဲရှိ တိုက်အိမ်ကြီးအပေါ်ထပ်မှ အမျိုးသမီးတစ်ဦး ဘုရားရှိခိုးအပြီး အမျှပေးဝေလိုက်သည့်အသံက ညယံကို ဖောက်ထွင်းပြီး လရောင်ထဲမှာ သာယာချိုအေးကြည်နူးစွာ လွင့်မြောက်ထွက်ပေါ်လာသည်။

ထိုမေတ္တာပို့ဆုတောင်းသံ မဆုံးသေးမီ အချိန်ကလေးမှာပင် တိုက်အိမ်ကြီးခေါင်းရင်းဘက်ရှိ ကြောင်လိမ်လှေကားပေါ်မှ လှမ်းဆင်းလာသူတစ်ယောက်၏ ပုံသဏ္ဌာန်က လရောင်ဖြူဝေ့ဝေ့အောက်မှာ ဘွားခနဲပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူမှာ ဤတိုက်အိမ်ကြီး၏ အရှင်သခင် အမျိုးသားလူရွယ်ပဲ ဖြစ်ပါသည်။ ထိုအမျိုးသားက နှင်းခဲသားမွေး လောင်းကုတ်အင်္ကျီရှည်ကြီးကို အပေါ်က ထပ်ဝတ်ထားပြီး သူ့ဘယ်ဘက်လက်ထဲမှာ 'ဝင်ချက်စတာ'ရိုင်ဖယ် ဂျာမန်သုံး ပြောင်းရှည်အဲ့မဲလိုက်သေနတ်တစ်လက်ကို ကိုင်ဆောင်ထားကာ ကြောင်လိုမ်လေ့ကားပေါ်မှ သိန်းငှက်တစ်ကောင်လို ဝဲဆင်းလာသည်က လရောင်ထဲမှာ ကြည့်၍ကောင်းနေသလို သည်းထိတ်ရင်ဖိုစရာလည်း ကောင်းသည်ဟု ထင်သည်။

စင်စစ် ထိုအမျိုးသား၏အသွင်က အနည်းငယ် ထူးခြားနေသလို၊ သူ့ဝါသနာကလည်း ခပ်ဆန်းဆန်း။ လပြည့်ညတွေမှာမှ သူရွေးပြီး 'တောကစားထွက်' အမဲပစ်တတ်သည့် သူ့ဝါသနာဆန်းက သိနားလည်ရခက်သည်။ ဘာကြောင့်မှန်းတော့မသိ။

ယခုတစ်လော သူ 'လပြည့်ညတိုင်း'အချိန်မှန် ဤပုံသဏ္ဌာန်ဖြင့် ညမှုဆိုးအသွင်၊ တောရင်ခွင်ထဲ ကျက်စားနေခဲ့သည်။ သာမန်ညတွေမှာတော့ သူ ဤအချိန်၌ ပန်းချီဆွဲလျှင် ဆွဲ၊ မဆွဲလျှင် စန္ဒရားတီးနေတတ်သည်။ ထူးထူးခြားခြား ဘာမှမရှိ။

ယခုညတော့ 'စိတ္တဇလပြည့်ည'ဖမ်းစားမှုက သူ့သွေးတွေကို ညမှုဆိုးအဖြစ် ညို့ခေါ်ယူနေသည်။ သူ ဘယ်လိုမှ မနေနိုင်။ လပြည့်ညထဲ သူ့စိတ်တွေ အရည်ပျော်လွင့်မျောသွားနေပြီ။

သူ လရောင်အောက်တွင် ထင်းရှူးပင်တွေကြားမှ မြင်းရုံဆီ လျှောက်လာခဲ့သည်။

ထိုစဉ် သူ့ရှေ့ခပ်လှမ်းလှမ်း ထင်းရှူးပင်ကြီးတစ်ပင်ရင်းမှာ နှင်းငွေ့တွေကြားမှ အဖြူရောင်သဏ္ဌာန်တစ်ခု ဖျတ်ခနဲပေါ်လာသည်။ သာမန်လူတစ်ဦးသာဆိုလျှင် လိပ်ပြာလွင့်သွားနိုင်သည်။ သို့သော် . .

သူ ရဲရဲတင်းတင်းလေး ရပ်စောင့်ပြီး လှမ်းကြည့်လိုက်သည်။

သူ့အမြင်အာရုံထဲမှာ ပုံသဏ္ဌာန်က ထင်ရှားစွာ ပေါ်ထွက်လာသည်။ အဖြူရောင် ရှမ်းအမျိုးသမီးဝတ်စုံနှင့် အလွန်လှသည့် သူ့ဝိညာဉ်





နတ်သမီး 'စောဒေဝီ'ပဲဖြစ်သည်။ ထုံးစံအတိုင်း သူ့အမြင်အာရုံထဲမှာ 'စောဒေဝီ'ကို လပြည့်ညတိုင်း သူတွေ့မြင်နေကျဖြစ်၏။ သူနှင့် စောဒေဝီက ခင်နေတော့ပါ။ 'မဟာမိတ်' တွေ ဖြစ်နေပါပြီ။

သူပြောလျှင် သူ့ဖနီးက ယုံမည်မဟုတ်။ 'စိတ္တဇအစွဲအလမ်း'ဟု မှတ်စွဲဦးမည်။ သေချာသည်။ သူ့စိတ်တွေ ချောက်ချားပြီး အမြင်အာရုံတွေ မှောက်မှားနေသည် ဆိုဦးမည်။ သူ ဘာမှရှင်းမပြချင်တော့ပါ။ စောဒေဝီက သူ့အတွက်တော့ နှလုံးသားထဲမှ 'လပြည့်ည၏ ဝိညာဉ်လိပ်ပြာ' နတ်သမီး တစ်ဦး ဖြစ်နေပြီမဟုတ်ပါလား။

ထို့ကြောင့် လပြည့်ညဆို သူပျော်သည်။ ကြည်နူးသည်။ အိပ်မက်ထဲမှာ လွင့်သွားနေသလို သူ ခံစားနေရသည်။

ထုံးစံအတိုင်း သူ စောဒေဝီကို ခပ်စိန်းစိန်း လှမ်းစိုက်ကြည့်လိုက်ရင်း ကြည်နူးယစ်မူးနေဟန် နှုတ်ဆက်လိုက်သည်။

"ဟဲလို . . . စောဒေဝီ၊ ကောင်းသောညပါ။ ကျွန်တော် ဒီည သားကောင်ပစ်ထွက်မလို့။ ယုန်ကောင်ကလေးတွေ 'နတ်သမီးကြိုးဝိုင်း' ထဲဝင်လာအောင် စောင့်ရှောက်ကူညီပါဦးနော်။ ဂွတ်နိုက် . . . စောဒေဝီ"

သူက သာမာန်အသိမိတ်ဆွေ အမျိုးသမီးတစ်ဦးနှင့် 'နိုက်ကလပ်' တစ်ခုမှာ ဆုံတွေ့လိုက်ရသလို ကြည်နူးလှိုက်လှဲစွာလေး တစ်ကိုယ်တည်း နှုတ်ဆက်လိုက်ပါသည်။

ယင်းမှာ လပြည့်ညတိုင်း သူ ဤစောဒေဝီ ဝိညာဉ်နတ်သမီးကို တိုင်တည်နှုတ်ခွန်းဆက်နေကျ စကားတစ်ခွန်းသာဖြစ်သည်။

ဝတ်စုံဖြူတွေနှင့် ခမ်းနားစွာ တောက်ပပြီး လှနေသော စောဒေဝီကလည်း မနို့တယ်နှင့် သူ့ကို ခပ်စိန်းစိန်း ပြန်ပြုံးပြနေသည်ကို သူ့အမြင်အာရုံထဲမှာ သုံးမိနစ်ခန့် မြင်လိုက်ရသည်။ ပြီးနောက် စောဒေဝီက သူမ၏ခေါင်းကို ဖြည်းဖြည်းညိတ်ပြပြီး နှုတ်ဆက်လိုက်ရင်း လရောင်အောက် နှင်းငွေ့မှုန်ထဲမှာ ဝေ့ခနဲ ပြန်ပျောက်ကွယ်သွားတော့သည်။

အမျိုးသားညမုဆိုးက သူ့ရိုင်ဖယ်အမဲလိုက်သေနတ်ကို ပုခုံးပေါ် မြှောက်တင်လိုက်ပြီး မြင်းဇောင်းထဲသို့ လှမ်းဝင်လာခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လပြည့်ညတစ်ခုလုံးသည် ထိတ်လန့်ချောက်ချားဖွယ်ရာ ရေခဲတိုက်ထဲမှ လူသေကောင်အလောင်းတစ်လောင်းလို ဖြူဖွေးအေးစက်နေသည်။

မသိစိတ် သိစိတ်တွေနှင့် ဗိညာဉ်စီးနေသော ည၏မှုခိုး အမှိုးသာက တစ်နေ့လုံး အစာဝအောင်ကျွေးမွေးထားပြီး သန့်စင်ဆေးကြောထားသည့် သူ၏ ပုလဲနုရောင်မြင်းဖြူကြီး 'အာဇာ၀က' ကို မိနစ်ပိုင်းအတွင်းကကြိုးတွေတန်ဆာဆင်လိုက်ကာ မြင်းစောင်းရှေ့မှ လွှားခနဲ စီးထွက်လာသည်။

ယင်းအချိန်ကလေးတွင် တိုက်တိုက်ဆိုင်ဆိုင် ညမှော်ရုံဖြူကျွလေးထဲ၌ တိုက်အိမ်ကြီး၏ အပေါ်ထပ် ဘုရားခန်းဆီမှ လွင့်မြောက်ထွက်ပေါ်လာသည့် ဗိညာဉ်ဂီတသံ၊ ကြေးသံလွင်လွင်လေးတွေက နှင်းမှုန်တွေကြား၌ လွင့်မြောက်လိုက်ပါသွားသော ချောက်ချားစရာ မြင်းခွာသံတွေနှင့် မြည်းဟီသံတွေကို လျောင်ပြောင်ရယ်မောနေသည်ဟု ထင်ပါသည်။

ဩော် . . . အဆင်းလှ၍ ပြုစားတတ်သော ည။

✿ ✿ ✿

[ ၆ ]

❑

နတ်သမီးကြိုးဝိုင်း။

ကလောမြို့၏ အနောက်တောင်ဘက် (ကိုး) မိုင်ခန့်အကွာ 'ယင်းမာ ထင်ကြိုးဝိုင်း'နှင့် ဆက်စပ်နေသော သစ်တောအုပ်တွေကြားမှ လှပသာယာသည့် မြိုင်ယံတောတန်းတစ်ခုဖြစ်သည်။

ထိုမြိုင်ယံတောတန်းလေးထဲ၌ အိပ်မက်စိတ္တဇဆန်ဆန် လွင့်ပျံ့နေသည့် အလွန်လှပ အံ့ဩဖွယ်ရာ 'နတ်သမီးရေတံခွန်'ကြီးရှိသည်။ ထိုရေတံခွန်ကြီးကို အစွဲပြုပြီး ထိုမြိုင်ယံတောအုပ်တစ်ဝိုက်ကို ထိုဒေသရှိ တိုင်းရင်းသားတွေက 'နတ်သမီးကြိုးဝိုင်း'ဟု ခေါ်ခဲ့ကြရာမှ နာမည်တွင်သွားခဲ့တော့သည်။

ရေတံခွန်ကြီး၏ ပတ်လည်တွင် စိန်ပန်းပြာပင်နှင့် ချယ်ရီပင်များတွေက တောထနေကာ အပြာရောင်နှင့်ပန်းနုရောင်တွေကို ရောစပ်ဖျော်သုပ်ပြီး ပက်ဖျန်းထားသည့် အင်ပရက်ရှင်းနစ် ပန်းချီကားတစ်ချပ်လို လရောင်ဖွေးဖွေးအောက်မှာ တောက်ပနေသည်။

ပြီးနောက် ရေကန်ပြာလဲ့လဲ့ထဲတွင် စိန်ပန်းပြာပွင့်တွေနှင့် ချယ်ရီအကြွေပွင့်တွေက ညင်သာစွာ လွင့်မျောစီးနေလျက်။ နှင်းပွင့်ဖြူမှုန်လေး

www.burmeseclassic.com



တွေနှင့် အဖြူခွတ်ခွတ်လရောင်က အုပ်မိုးထားလေရာ ထိုနတ်သမီးကြိုး ဝိုင်း ရေကန်ပတ်ပတ်လည် ညရှုခင်းက သည်းထိတ်ချောက်ချားစရာ စိမ်းစိမ်းလေး လှနေတော့သည်။

လဝန်းက ရေကန်ပြာလဲ့လဲ့ အလယ်ခေါင်တည့်တည့်ရှိ ကောင်းကင်ထဲမှာ ဆလိုက်မီးထိုးချထားသလို ပွင့်တောက်နေသည်။

ထိုစဉ် ထိုစိတ္တဇဆန်သော နတ်သမီးရေကန် ချယ်ရီတောအုပ်လေးထဲသို့ လပြည့်ည၏ တောပစ်မုဆိုးက သူ၏ ပုလဲဖြူရောင် 'အာဠာဝက' မြင်းကြီးနှင့် လျှို့ဝှက်တိတ်တဆိတ် ရောက်ရှိလာလေသည်။

ထိုနတ်သမီးရေကန်၏ လပြည့်ညနေ သဘာဝအလှရှုခင်းက အသိဉာဏ်ရှိသည့် လူသားများကိုသာမက တောရိုင်းတိရစ္ဆာန်တွေကိုပင် ညှို့ယူဖမ်းစားထားခဲ့သည်။

မှန်ပါသည်။ ဤလို လပြည့်ညနေများတွင် ဒေါင်းငှက်များ၊ သမင်များ၊ ချေ (ဂျီ) နှင့် ဒရယ်များ၊ တစ်ခါတစ်ရံ စိုင်နှင့် ကျားများပင် ဤ 'နတ်သမီးရေပြာအိုင်လေး' ဆီသို့ အလည်လွှန်ရောက်ရှိလာကြကာ သူတို့ဘာသာသဘာဝ ပျော်မြူးကျက်စားတတ်ကြသည်။

ရေပြာအိုင်၏ အေးမြသည့် တောင်ကျစမ်းရေကို တမ်းတမ်းတတလာသောက်တတ်ကြသည်။

✿ ✿ ✿

| ၇ |

❑

သူသည်လည်း ကမ္ဘာ့ဇကျောင်းသားဘဝကပင် ဝါသနာပြစ်တွယ်ခဲ့သည့် တောင်ပေါ်သားပီပီ အမဲပစ်တောလိုက် 'မုဆိုးဘဝ' ကို မစွန့်လွှတ်နိုင်စွာ ခင်မင်တွယ်တာနေခဲ့သည်။

သို့သော် သူ့ကို မည်သည့် 'သဘာဝစွမ်းအင်'တစ်ခုခု သို့မဟုတ်၊

မည်သည့် 'ဝိဉာဉ်လိပ်ပြာ' မကောင်းဆိုးဝါး၊ နာနာဘာဝတွေက ညို့မြူလှည့်စားထားသည်တော့ မသိ။

လပြည့်ညနေဆိုလျှင် သူ မနေနိုင် မထိုင်နိုင်ဖြစ်ကာ စိတ်တွေ ဗဝင့်ကလျား ဖြိုကွဲပြီး ဤစိတ္တဇညအလှတွေနှင့် ဖွဲ့ချည်းထားသည့် နတ်သမီး ရေပြာအိုင်လေးဆီ ရောက်လာခဲ့ရတော့သည်။ ယင်းမှာ သူ၏ မလွဲသော ဆာငတ်မှုတစ်ခုဖြစ်သည်။

ထိုလပြည့်ညနေ စိတ္တဇမုဆိုးဘဝက မှတ်မှတ်ရရ သူတို့နှစ်ဦး ဆက်ထပ်ခဲ့ပြီး နောက်တစ်နှစ်ကျော်ခန့်အကြာ၊ စောဒေဝီ၏ နာနာဘာဝ ခြောက်လှန့်မှုကို သူ့မသိစိတ်အာရုံမှာ အိပ်မက်လိုလို၊ တကယ်လိုလိုမြင်တွေ့ခဲ့ရပြီးမှ သူ ဤ 'စိတ္တဇလပြည့်ညနေ'၏ ဖမ်းစားမှုထဲ လွင့်မျောသွားခြင်းဖြစ်သည်။

www.burmeseclassic.com



သူ့ကို စိတ္တဇလပြည့်နေ့ညက ညို့ယူဖမ်းစားခဲ့သည်မှာ ငါးကြ[illegible] မြောက်ရှိခဲ့ပြီဟု သူ့စိတ်ထဲက တိတိကျကျ သိနေသည်။

ယခုအကြိမ်က ခြောက်ကြိမ်မြောက်။ 'ဆဌမလပြည့်နေ့ည' [illegible] သည်။

✿ ✿ ✿

| ၇ |

❑

ထုံးစံအတိုင်း သူ . . . စိတ္တဇမှုဆိုးက နတ်သမီးရေပြာအိုင် 'ချယ် [illegible]တောတန်း ဟောဝန်မြိုင်လေးတစ်ဝိုက်မှ လရောင်နှင့် မြူပိုးတဝါး လွှမ်းချ [illegible]ထားသည့် ဖတ်ဝန်းကျင်အရပ်လေးမျက်နှာသို့ စူးစမ်းရှာဖွေလှမ်းကြည့်လိုက် သည်။

လရောင်အောက်မှ နတ်သမီးတောတန်းလေးက အိပ်မောကျလျက် [illegible]ကတိ တိတ်ဆိတ်နေသည်။

အရှေ့ဘက်ခြမ်း၊ ကျောက်ကမ်းပါးယံ ရေတံခွန်စွယ်လေးနံဘေး၊ လရောင်အောက်မှ ကျောက်ဖျာတွေပေါ်တွင် ဒေါင်းမိသားစုလေးတစ်စု လရောင်လှုံရင်း မာဂဓဘာသာနှင့် ချစ်ရည်လူးလျက်ရှိကြသည်။

သူက ဒေါင်းနှင့်သမင်ကို ဘယ်တော့မှမပစ်။ ယင်းမှာ သူ့သစ္စာ တရားဖြစ်သည်။ မုဆိုးဖြစ်သော်လည်း သူ့နှလုံးသားက အနုပညာသမားမို့ လားမသိ၊ ဒေါင်းငှက်တွေ၏အလှနှင့် သမင်တို့၏အဆင်းသဏ္ဌာန်က တော ၏ အနုဂါမိက ရတနာတွေဟု သူ မှတ်ယူထားခဲ့သည်။

လပြည့်ည ညှတ်ကွင်းထဲမှာ သူမုဆိုးအဖြစ်နှင့် ငါးကြိမ်လှမ်းမျှ ခဲ့ပြီး . ချေတစ်ကောင်၊ တောဝက်တစ်ကောင်နှင့် ဒရယ်တစ်ကောင်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



သုံးည ပစ်ခတ်ရရှိထားခဲ့သည်။ ကျန် လပြည့်နေ့နှစ်ညကတော့ သူ ဗလာ ဖြစ်သွားခဲ့သည်။

ဒီည သူ့ရင်ဘတ်ထဲက ဆတ်ဖားကြီးတစ်ကောင်ကို ပစ်ချင်နေသည်။ သူ့လက်တွေက ယားနေသည်။

သို့သော် အချိန်က နည်းနည်း စောနေသေးလို့လား၊ ဒါမှမဟုတ် လပြည့်ဝန်းက ရွှန်းရွှန်းဖွေးလက်လွန်းပြီး နေ့ခင်းကလေးတစ်ခုအသွင်၊ ထင်လင်းတောက်ပလွန်းနေတော့ သားကောင်တွေ ကြောက်လန့်ပြီး နတ်သမီးရေပြာအိုင်လေးကို ခဏဖဲကြဉ်ထားရော့သလားမသိ။

သူကိုယ်တိုင်တောင် ဒီညကို သူ လိပ်ပြာလွင့်ချင်နေသည်။

သူ စိတ္တဇအတွေးတွေနှင့် မြင်းကျောပေါ်က လှမ်းဆင်းလိုက်ပြီး မြင်းဖက်ကြိုးကို အာဠာဝက၏ကျောပေါ် ချိတ်ဆွဲပေးလိုက်ကာ ထင်းရှူးပင်တစ်ပင်ရင်းတွင် လှန်ထားပေးခဲ့သည်။

အာဠာဝကက သူ့ငယ်မွေးခြံပေါက် ဖွားဘက်တော်မို့ သူ့အထာကို သိသည်။ သိပ် ဝေးဝေးမသွား။ အကယ်၍ တောထဲက သားကောင်ကြီးကျားနှင့် ကျားသစ်တို့၏ အနံ့ကိုရလျှင်လည်း အာဠာဝကက သူ့သခင်ကို ဟည်းပြီး အချက်ပေးတတ်သည်။

အကယ်၍ အခြားသော တောသတ္တဝါငယ်လေးတွေဖြစ်သည့် သမင်၊ ဒရယ်၊ ချေ၊ ဆတ်၊ တောဝက်၊ ပြောင်တို့လို သားကောင်တွေ ပင်ကွင်းထဲဝင်လာလျှင်တော့ အာဠာဝကက သူ့ခွာကို မြေမှာရုပ်ပြီး လျှို့ဝှက်မက်ဆော့ချ် သတင်းပို့ပေးတတ်သည်။

ပြီးနောက် အာလာဠာဝကက သိပ်လိမ္မာသည်။ ဘယ်နေရာရောက်နေနေ သူ့သခင်လေချွန်သံရှုရှုလေးကို ကြားလိုက်သည်နှင့် သူ့သခင်ဆီ ဝုန်းခနဲ ပြေးထွက်လာခဲ့သည်။

စိတ္တဇလပြည့်ညမှဆိုးက သူ့အမဲပစ်ရိုင်ဖယ်သေနတ်ကို လက်တစ်ဖက်ကဆွဲပြီး ထင်းရှူးတောလေးထဲ ဖြည်းညင်းစွာ လျှောက်လာခဲ့သည်။





နတ်သမီး ရေပြာအိုင်လေးဆီ တစ်ချက်လှမ်းကြည့်လိုက်ကာ ချယ်ရီပင်တွေအောက်မှ ကွေ့လာခဲ့ပြီး သစ်တောအုပ်မှိုင်းမှိုင်းလေးထဲမှ တောင်ပင်စိမ်းပင်လေးတစ်ပင်ဆီ သူ ချဉ်းကပ်လာသည်။

အဖြူရောင်ညလေးကတော့ ဝတ်လစ်စလစ် အိပ်မောကျနေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



ဒီညက သူ့ရင်ဘတ်ထဲမှာ ရသသစ်တစ်ခုခံစားနေရသလို ကြည်နူးနေသည်။ ပြီးနောက် သူ တစ်ခုခုကို မျှော်လင့်တမ်းတ စိုးရိမ်နေသည်ဟုထင်သည်။ ဘာကို စိုးရိမ်နေမှန်းတော့ သူမသိ။

လက တိမ်တွေထဲမှာ နှင်းဆီပြုံးတစ်ပွင့်လို လွင့်သွားနေသည်။

သူ ရိုင်ဖယ်သေနတ်ကို နံဘေးမှာချထားပြီး ပင်စိမ်းပင်၏ပင်စည်ကို မှီထားလိုက်သည်။ ညချမ်းက တရွေ့ရွေ့ ရင့်မှည့်ရွှန်းအိလာနေသည်။

သူ့မျက်လုံးတွေကို ဖြည်းညင်းစွာမှိတ်ပြီး ည၏အရသာကို ရင်ထဲက ခံစားကြည့်နေသည်။ ည၏ ညည်းသံရှည်စိမ်းစိမ်းလေးတွေ သူ့နားအာရုံထဲ စီးဝင်လာနေသည်။ နာရီဝက်ခန့် သူ ညကမ္ဘာထဲ မသိစိတ်နှင့် ပျော်ဝင်သွားနေသည်။

✿ ✿ ✿

| ၉ |

❑

ညပစ်ကွင်းကိုရှာရန် သူ တောင်ပင်စိမ်းပင်ခွကြားပေါ် ဆွဲမြောက်တက်လာခဲ့ပြီး သစ်ကိုင်းတွေကိုနိုကာ ကျွမ်းကျင်စွာ ခုန်ကူးတက်လာခဲ့သည်။

တောင်ပင်စိမ်းပင်၏ ဆယ့်ခြောက်ပေအမြင့် သစ်ကိုင်းတွေကြားမှ ခွဆုံတ 'လင့်စင်' ပခက်တစ်ခု သူစနစ်တကျ ပြုလုပ်ထားခဲ့သည်။ ထိုလင့်စင်က သစ်ပင်သစ်ကိုင်းတွေကြားမှာ မှောင်ရိပ်ကျနေပြီး လုံခြုံသည့် 'မုဆိုးမျှော်စင်' လေးတစ်ခုဖြစ်သည်။

ထိုလင့်စင်လေးပေါ်မှ လှမ်းကြည့်လိုက်လျှင် နတ်သမီးရေပြာအိုင်၏ ချယ်ရီတောတန်းကလေးကို 'သရီးဒိုင်မေးရှင်း' ကြည့်နေရသလို ပတ်ဝန်းကျင်တစ်ခုလုံးကို ကွင်းကွင်းကွက်ကွက် လှမ်းမြင်နေရသည်။

သူ ရေအိုင်စပ် ချယ်ရီပင်တွေကြားဆီ လှမ်းကြည့်လိုက်သည်။

ရေအိုင်ပြာလဲ့လဲ့က လရောင်တွေစို့ရွှဲလျက် ချယ်ရီပွင့်တွေ လွှမ်းမျောကာ ကမ္ဘာသေလေးတစ်ခုလို ငြိမ်သက်နေသည်။

သူ့စိတ်ထဲမှာ ဒီည လပြည့်ညက ခါတိုင်း လပြည့်နေ့ညတွေနှင့်မတူဘဲ ထူးခြားနေသည်ဟု ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၁၀ ]

❑

ထိုစဉ် ဖျတ်ခဲ အာရုံတစ်ခုက သူ့ကို လှုပ်နှိုးလိုက်သည်။

'ပန်းရနံ့အာရုံ' တစ်ခုဖြစ်သည်။ 'ဆောင်တော်ကူးပန်း' ဟုခေ်ါ သည့် 'ညမွှေးပန်း' ရနံ့လိုလို၊ 'တောသဇင်ပန်း' ရနံ့လိုလို၊ ကြက်သီးထ စရာကောင်းသည့် ပန်းရနံ့ပြင်းပြင်းတစ်ခုက သူ့နှာခေါင်းထဲ ပြေးဝင်လာ သည်။

"ဟင် ... ဘယ်က ပန်းရနံ့ပါလိမ့်။ ဒီလိုပန်းရနံ့မျိုး အရင်က ဒီတောတန်းတစ်ဝိုက်မှာလည်း မရှိခဲ့ပါဘူး။ အဝေးကလွင့်လာတဲ့ ပန်းရနံ့မျိုး လည်း မဟုတ်ဘူး။ လေလည်းမတိုက်ဘူး။ ဒီအနီးအနားက ရုတ်တရက် ပွင့်ထွက်လာတဲ့ ပန်းတစ်မျိုးပဲ။ ထူးထူးဆန်းဆန်း"

သူ့ရင်ထဲမှာ အံ့ဩထူးဆန်းနေသလို ပဟေဠိပုစ္ဆာတစ်ခုဖြစ်သွား သည်။ သူ ထူးဆန်းသည့် လရောင်ထဲမှ လွင့်စင်လာသော ပန်းရနံ့လေးကို သူ့နှလုံးသားထဲသို့ ရှိုက်သွင်းပြီး ဖြည်းညင်းစွာ ရှူလိုက်သည်။

သူ့မျက်လုံးတွေ စင်းကျသွားပြီး သူ့သိစိတ်တွေက ပန်းရနံ့အာရုံ ထဲ ပျော်ဝင်လွှင့်မျောပါသွားသည်။





ထိုစဉ် ပန်းရနံ့တွေကြား၌ 'ဒုတိယအာရုံ' တစ်ခုက ထူးဆန်းစွာ နှလုံးသားထဲ ဖောက်ထွင်းဝင်ရောက်လာပြန်သည်။ တခြားမဟုတ်ပါ။

ပျားအုပ်ကြီးတစ်အုပ် ပျံ့ဝဲလာသလို 'တယောသံတစ်ခု' က ပန်း ရနံ့တွေထဲ လွင့်ပျံထွက်လာခြင်းပင်ဖြစ်ပါသည်။

"ဟာ ... ဘယ်က တယောသံပါလိမ့်"

သူ့စိတ်ထဲမှာ ထင်းရှူးတောတန်းလေးတစ်ခုလုံး လပြည့်ည၏ ရောင်ထဲမှာ ရှူးသွပ်သွားကြပြီဟု ထင်မိလိုက်သည်။ သူ့မသိစိတ်ထဲ နည်း ည်းတော့ တုန်လှုပ်သွားသည်။

"တောချောက်တာလား"

သို့သော် ထိုထူးဆန်းသည့် အဖြစ်အပျက်ကလေးက သိပ်တော့ ကြာလိုက်ပါ။ သုံးမိနစ်ခန့်အကြာ၌ ထိုပန်းရနံ့တွေနှင့် တယောသံ စိမ်း ချောက်ချောက်လေးက မုန်တိုင်းတစ်ခုတိုက်ခတ်သွားသလို ရုတ်ခြည်း လွင့် ပျောက်သွားတော့သည်။

နတ်သမီးရေပြာအိုင် ထင်းရှူးတောတန်းလေးက မူလအတိုင်း ငြိမ်လည်ချောက်သွေ့ တိတ်ဆိတ်သွား၏။

ယင်းအချိန်ပိုင်းကလေးမှာပင် ချုံပုတ်တွေကို ပွတ်တိုက်ရိုက်ခတ် လိုက်သည့် တောပြူသံဖရိုဖရဲလေးတစ်ခုကို သူ ရုတ်တရက် ကြားလိုက်ရ သည်။

ချက်ချင်း သူ ထင်းရှူးပင်တွေကြားမှ ချယ်ရီတောတန်း နတ်သမီး ရေအိုင်ပြာလေးဆီ အမှတ်မဲ့ လှမ်းကြည့်မိလိုက်သည်။

သူ့ ထူးဆန်းသည့်အာရုံတွေက အသိရခက်စွာ ချိန်သားကိုက်နေ သည်။ ချယ်ရီပင်တွေကြား ရေပြာအိုင်အစပ်မှ ဘလက်ဘယ်ရီနှင့် နှင်းဆီချုံ ပင်တွေကြားမှ ဘွားခနဲ ဒရယ်ဖိုမကြီးနှစ်ကောင်က လှမ်းထွက်လာသည်။

ဒရယ်ဖိုကြီး၏ဦးချိုခက်တွေက သက်ရှိပန်းပု 'ဘွန်ဆိုင်း Bonsai အနုပညာ' နှင့် ဖော်ထုတ်ထားသလို လှပဝင့်ကြွားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဖျတ်ခနဲ သူ့နံဘေးက ရိုင်ဖယ်အမဲပစ်သေနတ်ကို အသံ
အောင် ဆွဲယူလိုက်ပြီး ရေအိုင်အစပ်ချုံပင်တွေရှေ့မှ ဒရယ်ဖိုကြီးဆီ လှမ်း
လိုက်သည်။ သူ အသက်ကို တဒင်္ဂ အောင့်ထားလိုက်သည်။

ထိုစဉ် အလွန်အံ့အားသင့်စရာ ထူးဆန်းစွာ တောသဖင်ရိုင်း ညမွှေး
ပန်းနံ့တွေက ရေမွှေးပုလင်းတစ်ပုလင်း ကျကွဲသွားသလို ထောင်းခနဲ
ထွက်လာပြီး တစ်ဆက်တည်း တယောသံစဉ်ကြမ်းကြမ်းလေးတစ်ခုက သူ
အာရုံထဲသို့ တစ်ပြိုင်တည်း လွင့်ဝင်လာသည်။

သူ ရုတ်တရက် ကြမ်းသီးမွေးညင်းထသွားသည်။

ဒါ သူ့ကို ဖျောချောက်နေတာလား။

ဒါမှမဟုတ် မကောင်းဆိုးဝါး၊ နာနာဘာဝတွေက နှောင့်ယှက်
တာလား။

သူ ရိုင်ဖယ်သေနတ်ကို မောင်းတင်ရန် ကြံရွယ်လိုက်ပြီးမှ ဒရယ်
ကြီးဆီ လှမ်းကြည့်လိုက်ပြီး အသက်ကို ရှူသွင်းလိုက်သည်။ သူ့စိတ်တွေ
လျှော့ချလိုက်သည်။

ထူးဆန်းစွာ ဤတစ်ဒင်္ဂလေးမှာ ညမွှေးပန်းရနံ့တွေနှင့် တယော
သံစဉ်ကြမ်းကလေးက ရေဒီယိုခလုတ်ပိတ်ချလိုက်သလို ဖျတ်ခနဲ ပျောက်
သွားတော့သည်။

ဒရယ်ဖိုကြီးနှင့် ဒရယ်မ၊ ဖိုမမောင်နှံကတော့ သူတို့ လပြည့်
စိတ္တဇမှုဆိုး၏ ပစ်ကွင်းအလယ်ထဲ ရောက်ရှိနေပြီကိုမသိ။ ချေပြာအိုင်
အစပ်ဆီ ရေသောက်ရန်ယှဉ်တွဲပြီး ခြေတစ်လှမ်း ရှေ့တိုးလိုက်ကြသည်။

လဝန်း၏ ရွှေရောင်ငွေက သူတို့အပေါ် ဖိတ်စင်တောက်ပ
ဆွတ်ထား၏။ သူက ရိုင်ဖယ်သေနတ်ကို မောင်းတင်ရန် ဟန်ပြင်လိုက်သည်

ထိုစဉ် ...

''ဟာ ...''

သူ့ရင်ဘတ်တစ်ခုလုံး ပွင့်ထွက်သွားသလို ခံစားလိုက်ရသည်။
နှုတ်ဖျားက ထိတ်လန့်အံ့ဩသွားသည့် 'အာမေဍိတ်'သံလေးတစ်ခု နှစ်ကို
ကြား ပေါက်ကွဲသွားသည်။





သူ ဘယ်လိုမှ မျှော်လင့်မထားသော အိပ်မက်ဆန်သည့် ပဥ္စလက်
မြင်ကွင်းလေးကို မြင်တွေ့လိုက်ရသည့်အတွက်ဖြစ်သည်။

မှန်ပါသည်။

သူမြင်လိုက်ရသည်က ဒရယ်ဖိုမ တိရစ္ဆာန်မောင်နှံနှစ်ဦးအကြား၊
အနောက်ဘက် ဘလက်ဘယ်ရီချုံလေးတွေအတွင်းမှ ဖြုန်းခနဲ လှမ်းထွက်
လာသည့် 'ငွေပလောင်တိုင်းရင်းသူ' နတ်သမီးလေးတစ်ဦးကြောင့်ဖြစ်သည်။
သူ ထိတ်လန့်တကြားနှင့် မှင်သက်နေသည်။

ဒရယ်ဖိုမ မောင်နှံအကြား နောက်နားမှ ပလိုင်းလေးလွယ်လျက်
လူနတ်သမီးလေးတစ်ပါး ရေစပ်ဆီလှမ်းလာသည်။ သူမက အလွန်လှသည့်
ငွေပလောင်တိုင်းရင်းသူ ရောင်စုံဝတ်စုံဆန်းဖားဖားလေးကို ဝတ်ထားလျက်
အနီရောင်ပဝါလေးကို ခေါင်းမှာ ပေါင်းထားသည်။

အို ... အသက်ရှူမှားသွားလောက်အောင် လှလွန်းနေသည့် အပျို
စင် ငွေပလောင်မလေး။

တကယ်လည်း လပြည့်ညစိတ္တဇမှုဆိုးကြီး ရင်ဘတ်ထဲမှာ မသိ
စိတ်လိပ်ပြာတွေ လွင့်ပျံထွက်သွားပြီး အသက် ဘယ်လိုရှူရမှန်းမသိအောင်
လောင်မလေးက ဖမ်းစားလိုက်သည်။ သူ့ရင်ထဲမှာလည်း တထိတ်ထိတ်
ခုန်သွားသည်။

''ဟင် ... ဒီငွေပလောင်မလေးက ညကြီးမင်းကြီး ဒီအချိန်ကြီးမှာ
ဒရယ်ဖိုမခြံရံပြီး ဒီတောထဲမှာ ဘာလာလုပ်ပါလိမ့်။ လူသားစင်စစ်မှ ဟုတ်
ရဲ့လား။ ဥစ္စာစောင့်မလေးလား၊ နာနာဘာဝလေလား၊ ဒါမှမဟုတ် ဒီဟေမဝန်
ကြီးဝိုင်းထဲက တောစောင့်နတ်သမီးများလား''

သူ့ရင်ဘတ်လိပ်ပြာထဲမှာ သံသယတစ်စွန်းတစ်စ ဝင်သွားသည်။
သူ့လက်ထဲက အမဲပစ်ရိုင်ဖယ်သေနတ်ကို တဖြည်းဖြည်း ပြန်ရုပ်လိုက်ပြီး
သူ့ပေါင်နံဘေးမှာ ချလိုက်သည်။

ငွေပလောင်နတ်သမီးလေးက ချေပြာအိုင်အစပ်ဆီ ရှေ့လှမ်းလာပြီး
ကျောက်ကမ်းပါးယံလေးနံဘေး၌ ရပ်လိုက်သည်။ ပလိုင်းလေးကို မြေပြင်မှာ
ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒရယ်ဖိုမမောင်နှံက ရေအိုင်စပ်မှ စမ်းရေကို ငုံသောက်နေသည် စင်စစ် ...

သူနှင့် ငွေပလောင်မလေးရပ်နေသည့် ရေပြာအိုင်ကျောက်စွ လေးနေရာက သိပ်အလှမ်းမဝေး။ အလွန်ဆုံးရှိမှ ဆယ့်ခြောက်ပေကျေ ကျော်လေးသာရှိမည်။ သို့သော် သူက အမှောင်ရိပ်အထက်စီးမှဖြစ်ပြီး မ ပလောင်မလေး၏ အလှပွင့်တွေကို လရောင်ဖွေးနုနုအောက်တွင် ပြတ်သာ ထင်ရှားစွာ တွေ့မြင်နေရသည်။

သူ့ စိတ္တဇအိပ်မက်ပွင့်လေးတစ်ခု မြင်မက်နေသည့်အသွင်။ သူ့ရ ဘတ်တွေ ကခုန်နေသည်။

ငွေပလောင်မလေးကတော့ သူမကို အမှောင်ရိပ်ထဲမှ လပြည့်ည စိတ္တဇမုဆိုးတစ်ဦးက ခိုးချောင်းငေးကြည့်နေသည်ကို ဘာမှမသိရှာ။ ညကျွ လခြမ်းလေးထဲ သူမ နစ်မွန်းနေသည်။

ငွေပလောင်မလေးက ရေပြာအိုင်ထဲမှ မျောနေသည့် ချယ်ရီနှင့် စိန်ပန်းပြာအကြွေပွင့်တွေကို လှမ်းကြည့်လိုက်ပြီး သူမ၏မျက်နှာပေါ်မှ အပြ ပွင့်စိမ်းစိမ်းလေးတွေ တောက်ပသွားသည်။

ငွေပလောင်မလေးက ခေါင်းမလေးကသလို မြူးကြွကြွလေး ခုန် လိုက်ပြီး ဦးစွာ သူမခေါင်းထက်မှ အနီရောင်ပိုးပဝါလေးကို ဆွဲချွတ်ချလိုက် ကာ ရေစပ်ကျောက်ဖျာအငူစွန်းလေးပေါ် လှမ်းတင်လိုက်သည်။

နက်မှောင်ရှည်လျားသည့် ငွေပလောင်မလေး၏ လှိုင်းနက်ကေသာ ထွေးတွေက သူမ၏ပခုံးနှင့် ကျောပြင်ထက်ဆီသို့ ပိုးနက်ချည်မျှင်အုပ်ကြီး လွှမ်းချလိုက်သလို ဝဲပျံ့ကာဆင်း ဖြာကျသွားသည်။

ပြီးနောက် နတ်သမီးငွေပလောင်မလေးက သူမ၏ခန္ဓာကိုယ်အပေါ် ပိုင်းမှ လှပသည့် ပလောင်အင်္ကျီသင်တိုင်းလေးကို ကြယ်သီးနှင့် ကြိုးတွေ ဖြုတ်ပြီး တစ်လွှာချင်း လွတ်လွတ်လပ်လပ် ချွတ်ချလိုက်ပါသည်။

လရောင်အောက်မှ ရွှန်းစိုဖွေးနုနေသည့် ငွေပလောင်မလေး၏ အပေါ်ပိုင်း ပန်းပုရုပ်လေးက တိမ်တွေကြားမှ လဝန်း ဘွားခနဲ ပေါ်ထွက် လာသလို လွင့်ထွက်လာသည်။





ပလောင်ပျိုမလေး၏ ဖူးငုံပွင့်စ ရှန်းကြွနေသည့် ဒေလီယာ့လဝန်း နုလေးနှစ်ပွင့်ကလည်း ငွားငွားစွင့်စွင့် ဖွင့်ထွားလှပလွန်းနေသည့်အတွက် သူ့အသည်းတွေ ဖိုနွေးသွားစေသည်။

တစ်ဆက်တည်း ငွေပလောင်လှယဉ်ကျေးမလေးက သူမခါးတွင် ပတ်ဝတ်ထားသည့် ထဘီလွှာလေးကို ဖြုန်းခနဲဖြည်ပြီး ချွတ်ချလိုက်ပြန်သည်။

"ဟင် ... ဟာ ... အို ..."

သစ်ပင်ထက် အမှောင်ကမ္ဘာခြမ်းလေးထဲမှ လပြည့်ညမုဆိုး၏ နှလုံး သားလိပ်ပြာလေးတွေ ဝရုန်းသုန်းကား လွင့်ပျံ့သွားသည်။ သူ အသက်မရှူ နိုင်ဘဲ အံ့ဩမှင်သက်နေသည်။

စိတ္တဇလရောင်အောက်မှ ငွေပလောင်လှပျိုဖြူလေး၏ မိမွေးတိုင်း၊ ဖမွေးတိုင်း ပန်းချီဒီဖိုင်းလေးက ရွှေရောင်သွန်းထားသည့် ပန်းပုရုပ်တုလေး လို အိပ်မက်ရိုင်းတွေနှင့် အဖုအထစ်ကောက်ကြောင်းလေးတွေက လှိုင်းထ နေသည်။

လပြည့်ညမုဆိုး၏ မသိစိတ်အာရုံထဲမှာလည်း ရမ္မက်လှိုင်းတွေ ရှန်း ကြွနေပါသည်။ ရွှေရောင်ပန်းပုရုပ် ပလောင်မလေးက ကမ်းစပ်ဆီ ရွရွလေး လှမ်းလာပြီး ရေပြာအိုင်လေးထဲ ဆင်းသက်လာကာ ချယ်ရီနှင့် စိန်ပန်း ပြာပြာတွေမျောနေသော ရေကန်ပြာလေးထဲ၌ ဒရယ်ဖိုမ မောင်နှံနှစ်ဦးနှင့် အတူ ရေကူးဆော့ကစားနေပါတော့သည်။

သူ နာရီဝက်ခန့် ငွေပလောင်ရေသူမလေး၏ မိမွေးတိုင်း၊ ဖမွေး တိုင်း စိတ္တဇအိပ်မက်ရိုင်းလေးထဲ မသိစိတ်တွေနှင့် လွင့်မျောပါသွားနေသည်။

ကောင်းကင်ပြာထဲမှာတော့ လဝန်းက တရိပ်ရိပ် အရှိန်တွေနှင့် ပြေးလွင့်နေသည်။

ရေသူမ ငွေပလောင်လှပျိုဖြူလေးကတော့ ဒါတွေကို ဘာမှမသိရှာ။ ပျော်ရွှင်စွာ ရေပြာနက်ထဲမှာ စိတ်တိုင်းကျ လွတ်လွတ်လပ်လပ် ကူးခတ်ဆော့ ကစားရင်း ခဏကြာလျှင် သူမ ရေပြာအိုင်ထဲမှ မိမွေးတိုင်း၊ ဖမွေးတိုင်း ရွှေသားရုပ်သွင်လေးနှင့် ပြန်တက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေအိုင်စပ်က သူမ၏ ငွေပလောင်ဝတ်စုံလေးကို ကောက်ယူပြီး ပြန်ဝတ်လိုက်သည်။ ပြီးနောက် ရေစပ်ကျောက်ဖြာထက်က ပိုးပဝါနီလေးကို လှမ်းယူပြီး ခေါင်းမှာ လှပစွာ ပြန်ပေါင်းလိုက်သည်။ ထို့နောက် လွယ်ပလိုင်းလေးကို ပြန်သိုင်းလွယ်ကာ ထူးဆန်းစွာ ဒရယ်ဖိုမဖောင်နှံခြံရုံလျှက် လရောင်အောက်၌ တောတန်းလေးထဲ ပြန်ဝင်သွားပြီး ပျောက်ကွယ်သွားတော့သည်။

စိတ္တဇလပြည့်ည၏ မှော်ရုံအိပ်မက်ပန်းကလေးက ဒဏ္ဍာရီဆန်စွာ သူ့ရင်ဘတ်ထဲ . ညှို့စွဲကျုန်ရစ်နေခဲ့သည်။

✿ ✿ ✿

| ၁၁ |

❑

ထိုစဉ် သူ ဖျတ်ခနဲ ပြန်နိုးလာခဲ့သည်။ ထင်းရှူးပင်တွေကြားမှ အရုဏ်ဦး နေခြည်နုတန်းလေးတစ်ခုက သူ၏ မှဆိုးမျှော်စင်လင့်စင်ကလေးပေါ် ထိုးကျနေသည်။

သူ ဖျတ်ခနဲသတိရပြီး ညာလက်က သူ့ရိုးလက်စ်နာရီလေးကို တိုင်မြှောက်ကြည့်လိုက်သည်။

သူ့နာရီက လေးနာရီနှင့် မိနစ်နှစ်ဆယ်ကို ညွှန်ပြနေသည်။

ပတ်ဝန်းကျင် တောအုပ်လေးထဲမှာ လိမ္မော်နုရောင် အလင်းစက်လေးတွေ လွင့်လာနေသည်။

ရုတ်တရက် သူ ညရောင်အောက်မှ ငွေပလောင်မလေး၏ ဝတ်လစ်လစ် ရွှေရောင်ပန်းချီကားလေးကို ပြန်သတိရလိုက်ပြီး သူ့ရင်ထဲမှာ တောငှက်ရိုင်းလေးတစ်အုပ် လွင့်ပျံသွားသလို ချောက်ချားသွားသည်။

"ဒါဟာ အိပ်မက်လား၊ တကယ်လား၊ တောချောက်ခဲ့တာလား၊ ဒါမှမဟုတ် နာနာဘာဝ ဝိညာဉ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူ ဝေခွဲမရ။ သူ မသိစိတ်အမှောင်ထဲမှာ ပိတ်မိနေသည်။ သူ သံသယစိတ္တဇတွေနှင့် လင့်စင်ပေါ်က ပြန်ဆင်းလာခဲ့ပြီးနောက် သူ့အချစ်တော်ရဲ့ဘက် အာဋာဝကကို လေချွန်သံရှရှလေးနှင့် လှမ်းခေါ်လိုက်သည်။ အာဋာဝကကြီးက ချုယ်ရီတောအုပ်ထဲက လွင့်ပျံပြေးထွက်လာသည်။

သူ အရုဏ်သစ် နုမှုန်မှုန်လေးထဲမှာ နတ်သမီးမှော်ရုံကြိုးဝိုင်းထဲမှ မြင်းစီးပြီး စိုင်းထွက်လာခဲ့သည်။

❁ ❁ ❁

| ၁၂ |

❑

ထိုလပြည့်ညမှစပြီး ငွေပလောင်မလေး၏ လရောင်အောက်မှ ရွှေရုပ်လွှာဝိညာဉ်ပွင့်လိပ်ပြာလေးက သူ့နှလုံးသားထဲမှ ရုန်းမထွက်နိုင်တော့ဘဲ စွဲနစ်ထင်ကျန်နေခဲ့ရတော့သည်။

သူ့အနာဂတ်စိတ်ကူးယဉ် အိပ်မက်လေးထဲသို့ ထိုငွေပလောင်မလေးက အစားထိုး ဝင်ရောက်လာခဲ့သည်။

နေ့စဉ်နှင့်အမျှ သူ ထိုမှော်ရုံနတ်သမီး ငွေပလောင်မလေးကို တမ်းတသတိရလျက် နောက်လာမည့် သူ၏ 'ဒုတိယလပြည့်ည'ကို သည်းခံမြိုသိပ်ကာ စောင့်စားနေခဲ့သည်။

တစ်ည ညဥ့်ဦးယံ သူစာကြည့်ခန်းထဲမှာ စန္ဒရားတီးနေစဉ် ပလောင်မလေးက သူ့မျက်နှာချင်းဆိုင် နံရံရှေ့မှာ ပေါ်လာခဲ့သည်။ သီချင်းတစ်ပုဒ်ပြီးဆုံးသွားသည့်တိုင် ပလောင်မလေးက သူ့ကိုရပ်ပြီး ပြုံးကြည့်နေသည်။

သူ သီချင်းပုဒ်ကိုရပ်လိုက်တော့ စန္ဒရားသံနှင့်အတူ သူမလည်း ပျောက်သွားသည်။

နောက်တစ်ပတ်အကြာ ညတစ်ညမှာ သူ ငွေပလောင်မလေး၏ ပုံတူဆေးရောင်စုံ ပန်းချီကားတစ်ချပ်ကို စပြီးဆွဲဖြစ်ခဲ့သည်။ ပလောင်မလေးက သူ့အာရုံထဲမှာ ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ပန်းချီကားချပ်ရှေ့က ကျွန်းကုလားထိုင်ကြီးထဲ၌ ငွေပလောင်မလေးက ထိုင်ပြီး သူ့ကို မခို့တယို့ဟန်လေးနှင့် ထိုင်ကြည့်နေသည်။

ထိုပလောင်မလေး၏ ပုံတူပန်းချီကားကို သူ မိုးလင်းသည်အထိ အပြီးသတ် ရေးဆွဲနိုင်ခဲ့သည်။ သူ့ပန်းချီကားပြီးသွားမှ ပလောင်မလေး၏ ဝိညာဉ်လိပ်ပြာလေးကလည်း သူ့အာရုံထဲက ငွေ့ဝဲပျောက်ကွယ်သွားတော့သည်။

တစ်နေ့နံနက်ခင်း နေရောင်းဝင်းမှုန်မှုန်လေး လင်းဖြာကျနေသော နံနက်ခင်းကလေးတစ်ခုဖြစ်သည်။

သူတို့ဇနီးမောင်နှံနှစ်ဦး တိုက်အိမ်ကြီးရှေ့ မြက်ခင်းစိမ်းစိမ်းပေါ်တွင် ထီးအဝါရောင်မိုးထားသည့် စားပွဲဝိုင်းတွင် နေပူစာလှုံရင်း ကော်ဖီသောက်နေခဲ့ကြ၏။

သူ့ဇနီးကို သူကလှမ်းကြည့်ပြီး အမှတ်မထင် မေးခွန်းဆန်းလေးတစ်ခု အစပျိုးလိုက်သည်။

"မောင် . . . လပြည့်ညတွေမှာ နတ်သမီးကြိုးဝိုင်းဘက်ကို သွားပြီး အမဲပစ်ထွက်နေတာကို မင်း သိတယ်နော်"

သူ့ဇနီးက တည်ငြိမ်သည့် မျက်ဝန်းနက်များဖြင့် သူ့မျက်လုံးတွေဆီ လှမ်းစိုက်ကြည့်ပြီး နူးနူးညံ့ညံ့လေး ပြန်ပြောသည်။

"သိပါတယ်။ ဒါ . . . မောင့်ဝါသနာတစ်ခုပဲလေ။ ကျွန်မတားလည်း ရမှာမှမဟုတ်တာ။ ဒါပေမဲ့ မောင် စောဒေဝီကို အိပ်မက်ထဲမှာ တွေ့ခဲ့ရတယ်လို့ မောင်ပြောပြီးတဲ့နောက်ပိုင်းမှာ မောင် လပြည့်ညတိုင်းလိုလို နတ်သမီးကြိုးဝိုင်းဘက် အာဠာဝကကြီးနဲ့ ထွက်ထွက်သွားတာ ကျွန်မ သတိထားမိပါတယ်။ မောင် ဘာဖြစ်လို့မေးတာလဲ။ တစ်ခုခု ထူးခြားမှုရှိခဲ့လို့လား"

သူမ၏ စူးစမ်းမှုက သူ့ရင်ဘတ်ထဲက မော်ရုံအိမ်ကလေးကို အလန့်တကြားဖြစ်သွားရအောင် လှုပ်ခတ်သွားသည်။

သူ့ မသိစိတ် အမှောင်ထုထဲမှာ . . .





"ဟုတ်တယ်။ အရမ်းကို ထူးဆန်းတဲ့ ရွှေရောင်ပန်းချီကားလေး တစ်ချပ်ပေါ့။ အဲဒီ နတ်သမီးကြိုးဝိုင်းက ရေပြာအိုင်လေးမှာ ငွေပလောင်မလေးတစ်ဦးရဲ့ လရောင်အောက်က ရွှေစင်ရုပ်တုလေးတစ်ရုပ်ကို မမျှော်လင့်ဘဲ မောင် တွေ့လာခဲ့လို့ပဲ"

ဟု သူ ဖွင့်ပြောမိမတတ် စိတ်တွေ ယောက်ယက်ခတ်သွားခဲ့ရသည်။ သို့သော် သူ အချိန်မီ သူ့စိတ်တွေကို သူ ထိတ်လန့်ကြောက်ရွံ့စိတ်တွေက ဖုံးကွယ်မြှုပ်သိပ်ထားလိုက်သည်။

သူ့လျှို့ဝှက်မှုလေးကို နူးညံ့သည့် သူ့နှလုံးသားအမှောင်ထုလေးထဲမှာပဲ ပြန်လည်မြှုပ်နှံထားလိုက်သည်။

သူ မဝံ့မရဲလေးပြုံးလျက် သူ့ဇနီးကို ပြန်ပြောလိုက်သည်။ သွေးတိုးစမ်းလိုက်သည်။

"ဘာမှ ထူးခြားလို့ မဟုတ်ပါဘူး။ မင်းများ တစ်ခါတလေ အပျင်းပြေ မောင်နဲ့ လပြည့်ည အမဲပစ်တောကစားထွက်တာ လိုက်ခဲ့ချင်မလားလို့ပါ"

သူ မျှော်လင့်ထားသည့်အတိုင်း သူ့ဇနီး၏မျက်ဝန်းအစုံက အလင်းမှုန်လေးတွေ တောက်ပသွားခဲ့သည်။

"တော်ပါပြီမောင် . . . သတ္တဝါတွေရဲ့အသက်ကို သတ်ဖြတ်စတေးပြီးမှ ကြည်နူးရတဲ့ဝါသနာမျိုး ကျွန်မနှလုံးသားမှာ မရှိဘူး။ ဘာအပြစ်မှမရှိတဲ့ တောတိရစ္ဆာန်တွေရဲ့ သွေးလွှမ်းပြီး မချိမဆန့်ခံစားပြီးသေရတဲ့ အနိဋ္ဌာရုံမြင်ကွင်းကိုလည်း ကျွန်မအသည်းက ခံစားနိုင်စွမ်းမရှိဘူး မောင်။ ဖြစ်နိုင်ရင် မောင့်ကိုလည်း ဒီလို သတ္တဝါတွေရဲ့အသက်ကို စတေးပြီး သွေးလွှမ်းရတဲ့ ဝါသနာမျိုးကို စွန့်လွှတ်ပါလို့ ကျွန်မ အနူးအညွတ် မောင့်ကို တောင်းပန်ချင်တယ်"

သူ့ရင်ဘတ်ထဲကို မြားတစ်စင်း ဖောက်ဝင်သွားသလို သူ ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ နာကျင်စူးရှစွာနှင့် မျက်နှာကို ထင်းရှူးပင်ကြီးတွေဆီ ရွှေ့ပြောင်းပြီး စူးစိုက်ကြည့်နေလိုက်သည်။ ထင်းရှူးပင်ကြီးတွေကြားမှာ လိမ္မော်ရောင်နေပြောက်တွေ စွေစောင်းစောင်း ထိုးကျနေသည်။

"ဟုတ်တယ် ...။ မင်းပြောသလို မောင် သွေးလွှမ်းတဲ့လပြည့်ညရဲ့ ဖမ်းစားမှုထဲက ရုန်းထွက်ရလိမ့်မယ်"

သူ ညည်းညည်းညူညူလေး ရှိုက်ပြီး ပြောလိုက်သည်။ ဘာအဓိပ္ပာယ် သူရည်ရွယ်သည်တော့ မသိ။ သူ့ဖနီး၏ သက်ပြင်းရှိုက်ချလိုက်သံလေးက လှပသည့် နံနက်ခင်းကလေးထဲ ညင်သာစွာ နစ်တိုးဝင်သွားသည်။

✿ ✿ ✿

[ ၁၃ ]

❑

မကြာခင် သူစွဲလမ်းတမ်းတနေခဲ့သည့် မျှော်လင့်ခြင်းကမ္ဘာသစ်လေးတစ်ခုဖြစ်သော သူ၏ ဒုတိယမြောက် လပြည့်ညကို ရောက်ရှိလာခဲ့သည်။

သူ ငွေပလောင်ရွှေရုပ်တုလေးကို တွေ့ချင်ဇောနှင့် ရင်တွေ တလှပ်လှပ်ခုန်နေခဲ့သည်။ သူ ယခင်လပြည့်နေ့ညကထက် နာရီဝက်ခန့်အချိန်စောစော နတ်သမီးကြိုးဝိုင်းထဲက ရေပြာအိုင်လေးဆီ ကြိုရောက်နေခဲ့သည်။

အာဠာဝကကို ချယ်ရီတောအုပ်လေးထဲမှ လှန်ထားရစ်ခဲ့ပြီး သူ ကိုးမျှော်စင်လင့်စင်လေးပေါ် လှမ်းတက်ခဲ့ကာ မှောင်ရိပ်ထဲကနေ စောင့်ကြည့်နေခဲ့သည်။

သို့သော် သူ ယနေ့ည အသည်းတလှပ်လှပ် မျှော်လင့်တမ်းတနေသည်က သားကောင်ကိုမဟုတ်ချေတော့ပါ။

သူ့ မနုဿမုဆိုးနှလုံးသားထဲက အိပ်မက်နတ်သမီး ငွေပလောင်လေးသာဖြစ်ပါသည်။

အသည်းလိပ်ပြာလွင့်စရာ ကြည့်စမ်း ...။ ညက ဝင်းဝင်းစင်းဖွေးနုတောက်ပနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟော ... နတ်သမီးလေးလာပြီ။ သူ့အာရုံတွေ ချက်ချင်းနိုးကြ လာသည်။ ပထမဦးဆုံး သူ့အာရုံကို ညမွှေးပန်းရနံ့ ပြင်းရှရှ ပန်းရနံ့အာ တစ်ခု ဆွတ်ပျံ့ဝင်လာသည်။ တစ်ဆက်တည်း ပျားတစ်အုပ်ပျံဝဲလာသ တယောသံလေးတစ်ခုကိုလည်း ကြားလာရသည်။

ပြီးနောက် ချုံပုတ်တွေကို ပွတ်တိုက်ရိုက်ခတ်လာသည့် တော သံဖရိုဖရဲလေးတွေ သူ ဆက်တိုက်ကြားလာရသည်။

"ဒါဟာ ငွေပလောင်နတ်သမီးလေးရဲ့ ရှေ့ပြေးနိမိတ်တွေပဲ"

သူသိသည်။

ဖျတ်ခနဲ သူ ရေပြာအိုင်အစပ် နှင်းဆီချုံရိုင်းတွေဆီ လှမ်းကြည့် လိုက်သည်။ ဟုတ်ပါသည်။ သေချာပါသည်။ နတ်သမီးလေး လာနေပြီ ရုတ်တရက် ချုံပတ်တွေကြားမှ ရှေ့တော်ပြေး ဒရယ်ဖိုမကြီးမောင်နှံ ဦးစွာ လှမ်းထွက်လာသည်။

ပြီးတော့ သူတို့၏နောက်မှာ သူ့ငွေပလောင်ရွှေလမင်းလေး ဘွား ခနဲပေါ်လာသည်။

သူ ကြက်သီးမွေးညင်းတွေ ထသွားသည်။ ယခင်လပြည့်ညကပုံ အတိုင်းပင်။ တစ်ပုံစံတည်းဖြစ်သည်။ ဒရယ်ဖိုမမောင်နှံက ရေစပ်ဆီဆင် လာကာ ရေငုံသောက်နေသည်။

ငွေပလောင်မလေးကလည်း လကမ္ဘာတစ်ခြမ်း၏ ဝင်းစက်စက် ဘော်ငွေလွှာအောက်မှာ ပျော့ရှင်ကြည်နူးလွတ်လပ်စွာနှင့် သူမ၏ဝတ်စုံတွေ ကို တစ်လွှာချင်း၊ တစ်လွှာချင်း ချွတ်ချနေသည်။ သူမ၏ အဝတ်မဲ့ဗလာ သဘာဝပန်းချီကားလေးက ဝင်းဝင်းမွတ်မွတ်။

ပြီးနောက် ငွေပလောင်မလေးက လှပရင်ဖိုဖွယ်ရာ ရေပြာအိုင်ထဲ ဆင်းသက်သွားသည်။ သူမ၏အဖော် ဒရယ်မောင်နှံနှစ်ဦးနှင့် ပန်းပွင့်ကြေ တွေ လွင့်မျောနေသည့် ရေပြင်ပြာထဲ ဆော့မြူးကစားနေတော့သည်။

လင့်စင်အမြင့် အမှောင်ရိပ်ထဲမှ စိတ္တဇလပြည့်ညမုဆိုး၏ နှလုံး သားတွေက ကစဉ့်ကလျားနှင့်၊ ရေပြာအိုင်ထဲမှ ရွှေစင်ရုပ်တုပလောင်မလေး ဆီ ဖရိုဖရဲ လွင့်သွားနေသည်။





ဒီညတော့ သူ့နှလုံးသားတွေကို မွန်းကြပ်နေအောင် ပိတ်ဆို့မထား တော့ဘဲ သူ နူးညံ့ညင်သာစွာ အလိုက်သင့် ဖြေလျှော့ပေးလိုက်သည်။

သူ့နှလုံးသားထဲမှာ အပြာရောင်နှင်းဆီပွင့်လေးတစ်ပွင့် ဖျတ်ခနဲ ပွင့်သွား၏။ သူ့ မသိစိတ်တွေ လွင့်သွားသည်။ ရွှေရောင်အိပ်မက်ထဲ မျော သွားခဲ့သည်။ ခဏကြာတော့ ...

ငွေပလောင်မလေးက ရေပြာအိုင်ထဲမှ ပြန်လှမ်းတက်လာပြီး လရောင်မရင့်တရင့်လေးထဲမှာ သူမ၏ ပလောင်ဝတ်စုံလေးတွေကို ပြန်လည် ဝတ်ဆင်နေသည်။

သူ မုဆိုးမျှော်စင်လေးပေါ်က အသံလုံစွာ ရုတ်တရက် ခုန်ဆင်း လာပြီးနောက် ငွေပလောင်မလေး၏ နောက်ဘက်ခပ်လှမ်းလှမ်း၊ ချယ်ရီပင် တွေကြားမှ လှမ်းထွက်လာပြီး နှင်းဆီချုံရိုင်းပင်တွေရှေ့မှာ ဝင်ရပ်လိုက် သည်။

သူ့ညာဘက်လက်ထဲမှာ သူ့အမဲပစ်ရိုင်ဖယ်သေနတ်ကို ဆုပ်ကိုင် ထားသည်။

ငွေပလောင်မလေးက အဝတ်အစားတွေ သပ်သပ်ရပ်ရပ်ပြုပြင်ပြီး ပလိုင်းလေးကို လွယ်လျက် နောက်ဘက်သို့ ညင်သာစွာ ရွှေ့လှည့်လိုက်၏။

သည်မှာ ဘွားခနဲ ငွေပလောင်မလေးက သူမ၏ရှေ့နားမှ လောင်း ကွတ်အင်္ကျီအနက်ကြီးနှင့် လက်တစ်ဖက်မှာ သေနတ်တစ်လက်ဆုပ်ကိုင် ထားသည့် ယောကျ်ားတစ်ဦးကို လရောင်အောက်မှာ ရပ်လျက်သား ရင်ဆိုင် တွေ့လိုက်ရသဖြင့် လိပ်ပြာတွေလွင့်စင်သွားမတတ် ထိတ်လန့်သွားသည်။

"အို ... ငါတို့အဖ၊ ဟင် ... ရှင် ... ရှင် ဘယ်သူလဲ"

ငွေပလောင်မလေး အလန့်တကြား နှုတ်က ယောင်ရမ်းပွင့်ထွက် သွား၏။ သူမတစ်ကိုယ်လုံးလည်း တုန်တုန်ရီရီဖြစ်နေသည်။ သို့သော် သူမ ၏အသံလေးက မပီမသ မသဲမကွဲ။ တောင်ပေါ်သံတွေ ဝဲလွင့်နေသည်။

"မကြောက်ပါနဲ့။ ကျုပ် မင်းကို ဘာအန္တရာယ်မှမပေးပါဘူး။ ကျုပ် က လပြည့်ညတိုင်း ဒီနတ်သမီးရေပြာအိုင်လေးဆီ အမြဲလာပြီး ရေလာ



www.burmeseclassic.com

www.burmeseclassic.com



ဆင်းသောက်ကြတဲ့ သားကောင်တွေကို အမဲလာပစ်တဲ့ ညမုဆိုးတစ်ဦး ပါတော့။ ကျုပ် လူကောင်းတစ်ယောက်ပါ မိန်းကလေး။ မင်း ဘာမှမစိုး ပါနဲ့''

ငွေပလောင်မလေး သူ့စကားကြောင့် ကြောက်စိတ်တွေ နည်းနည်း ပြေလျော့သွားသည်။ သို့သော် သူ့ကို အသနားခံသည့် မျက်လုံးနက်က တွေ ကလယ်ကလယ်နှင့် မရွှံ့မရဲ စိုက်ကြည့်နေသည်။

''ဟင် ... မုဆိုး။ ဟုတ်လား။ ဒါပေမဲ့ အစ်ကိုကြီးရဲ့ ... ဟို ... ဟောဒီ ကျွန်မရဲ့အဖော် ဒရယ်ဖိုမမောင်နှံကိုတော့ ချမ်းသာပေးပါရှင့်။ သူ နှစ်ဦးက ကျွန်မရဲ့ လပြည့်ည လမ်းပြအဖော်နှစ်ဦးပါ''

ပလောင်မလေးက တုန်ရယ်စွာနဲ့ ထစ်ထစ်ငေါ့ငေါ့ ပြန်ပြောသည်။

''စိတ်ချ ... မိန်းကလေး။ ကျုပ် ကတိပေးတယ်။ ပြီးခဲ့တဲ့ လပြည့် ညကတည်းက ကျုပ် လင့်စင်ပေါ်ကနေပြီးတော့ မင်းနဲ့ ဒီဒရယ်ဖိုမမောင် ဒီရေပြာအိုင်လေးဆီ ရောက်လာပြီး ရေကန်ထဲမှာ ပျော်မြူး ဆော့ကစား ကြတာကို ကျုပ် မြင်တွေ့ခဲ့ရပြီးကတည်း ကျုပ်စိတ်ထဲမှာ ဘယ်တိရစ္ဆာန် သားကောင်တွေကိုမှ ပစ်ခတ်သတ်ဖြတ်ချင်တဲ့စိတ် မရှိတော့ဘူး။ အဲဒါ ကျုပ် သစ္စာစကားပါ''

သူ့မျက်လုံးတွေက လရောင်နှင့် ရင့်မှိုင်းနေပါသည်။ သူ အမှန် အတိုင်း ထုတ်ဖော်ပြောဆိုနေခြင်းလည်း ဖြစ်သည်။

သို့သော် ပလောင်မလေးက ရှက်ရည်သွန်းသည့် မျက်ဝန်းတွေနှင့် သူမကိုယ်သူမ မလုံမလဲဖြစ်သွားကာ ပလောင်သံဝဲဝဲနှင့် မပီမသ ပြန်ပြော ပြန်လာသည်။

''ရှင် ... ငါတို့အဖ၊ အို ... ဒါဆို ... ရှင် ... ရှင် ... ကျွန်မ ရေကန်ထဲမှာ ရေဆင်းချိုးနေတာတွေကို ရှင် အဲဒီလင့်စင်ပေါ်က နေ နိုးပြီး ချောင်းကြည့်နေတာပေါ့လေ၊ ဟုတ်လား ... ဟင်''

ငွေပလောင်မလေး အသံတွေတုန်ပြီး ပေါက်ကွဲလွင့်စင်ထွက်လာ သည်။ သူ လက်မြှောက်လိုက်ပြီး ခေါင်းကို သွက်သွက်ခါယမ်းလိုက်သည်။





''ဟာ ... ကျုပ် တမင်ခိုးကြည့်နေခဲ့တာ မဟုတ်ဘူး။ ဒါမတော် တဆ တိုက်ဆိုင်သွားခဲ့တာပါ။ ကျုပ် တောင်းပန်ပါတယ်''

''တောင်းပန်တယ် ဟုတ်လား''

ပလောင်မလေးနှုတ်က မပွင့်တပွင့် ယောင်လျက် ပဲ့တင်ရိုက်ခတ် ထွက်ပေါ်သွားသည်။

''ဟုတ်တယ် ... ကျုပ် တောင်းပန်ပါတယ်။ ဒါပေမဲ့ ကျုပ် အမှန် အတိုင်းပြောရရင် အဲဒီလပြည့်နေ့ညက ကျုပ် မင်းကို မြင်တွေ့ခဲ့ရပြီးကတည်း က ကျုပ် တစ်ညမှ အိပ်လို့မရခဲ့တော့ဘူး။ ကျုပ်နှလုံးသားထဲမှာ မင်းကို မေ့လို့မရတော့ဘူး။ မင်းကိုပဲ အမြဲတမ်း သတိရတမ်းတနေမိတယ်။ ဘယ် လိုမှ ကျုပ်စိတ်တွေကို တားဆီးမရတော့ဘူး။

ဒါကြောင့် ကျုပ် ဒီလပြည့်နေ့ညကို အစောကြီးကတည်းက ကြို ရောက်လာပြီး မင်းကို ကျုပ် လာစောင့်နေခဲ့တာပါ။ ကျုပ်ကို ခွင့်လွှတ်ပါ။ ပေးချင်တဲ့ အပြစ်ပေးပါ ကျုပ်ခံပါ့မယ်။ ဒီစကားကိုပြောချင်လို့ အခု ကျုပ် လင့်စင်ပေါ်ကဆင်းလာပြီး မင်းကို လာတွေ့ခဲ့တာပါ''

သူပြောပြီး စကားအဆုံးမှာ မြေပြင်ပေါ် ဒူးထောက်ညွှတ်ကျသွား သည်။ သူ့ညာဘက်လက်ထဲက ရိုင်ဖယ်သေနတ်လည်း လွတ်ကျသွားသည်။

ငွေပလောင်မလေးက သူ့ကို အံ့အားသင့်ပြီး ထူးဆန်းသလို ငေး ကြောင်ကြည့်နေသည်။

''အို ... ကျွန်မ ရှင့်ကို ကြောက် ... ကြောက်တယ်။ ကျွန်မ သွားတော့မယ်''

''ကျုပ်ကို မကြောက်ပါနဲ့။ ကျုပ်ဟာ လူကြီးလူကောင်းတစ်ယောက် ပါ။ နေပါဦး ... ခဏလေး၊ မသွားပါနဲ့ဦး။ မင်းဟာ ဘယ်သူလဲ၊ ဘယ် ကလဲဆိုတာ ကျုပ်ကို ပြောမပြနိုင်ဘူးလား ဟင်။ ကျုပ် မင်းကြောင့် ရူးရ တော့မယ်''

ငွေပလောင်မလေး ဖြည်းညင်းစွာ သူ့ဘက်ပြန်လှည့်ပြီး အသည်ပြိမ် စွာရပ်လိုက်သည်။ အသက်ကို ခပ်ပြင်းပြင်းရှိုက်ချလိုက်သည်။ သူ့ကို အသိရ



www.burmeseclassic.com

www.burmeseclassic.com



ခက်သည့်မျက်ဝန်းနက်တွေနှင့် ထူးဆန်းစွာ ငေးကြည့်နေသည်။ ပြီးတော့ သူမ ရင်လှိုင်းခတ်သံလေးနှင့် တိုးညည်းစွာဆိုသည်။

"ကျွန်မက ဟိုးအနောက်ဘက် ငွေပလောင်တောင်ပေါ်ရွာလေးက ပလောင်မလေး ဟေယမုံပါ။ လပြည့်ညတိုင်း ဒီနတ်သမီးတောင်ပေါ်က ကျွန်မရဲ့ ဖအိုနေတဲ့ လက်ဖက်ခြံကိုလာပြီး ဖအိုကို ကောက်ညှင်းဆန်နဲ့ ရိက္ခာလာပို့တာ။ အဲဒီတောင်ယာက ညမိုးချုပ်မှပြန်ပြီး ကျွန်မအဖော် ဒီဒရယ်မောင်နှံနဲ့ ဒီရေပြာအိုင်ထဲမှာ အမြဲ ရေဝင်ချိုးတာပ။ ကျွန်မကလည်း ဒီလို လသာတဲ့ လပြည့်ညကို အရမ်းချစ်တာပဲကော။ ကဲ ... ကျွန်မပြန်ဦးမယ် အစ်ကို"

ငွေပလောင်မလေးက လှည့်ရန် ဟန်ပြင်လိုက်၏။

"ဟေယမုံ ... အစ်ကို နောက်တစ်ပတ် လပြည့်နေ့ညကျရင် ဒီရေပြာအိုင်လေးမှာ ညီမကို လာစောင့်နေမယ်နော်။ ဆက်ဆက်လာခဲ့ပါ။ အစ်ကို မျှော်နေမယ်။ အဲဒီည မင်းမလာခဲ့ရင်တော့ ဟောဒီ သေနတ်ထဲက ကျည်ဆန်တွေက အဲဒီလပြည့်ညမှာ မင်းကိုယ်စား ဟောဒီကိုယ့်နှလုံးသားတွေထဲကို ဖောက်ဝင်သွားကြမယ်ဆိုတာ မင်း မမေ့ပါနဲ့ ... ဟေယမုံ။ အဲဒါ ကိုယ့်သစ္စာစကားပါ"

သူ ပလောင်မလေးကို စိန်းစိန်းလေး စိုက်ကြည့်နေသည်။

ငွေပလောင်မလေးမျက်နှာ လရောင်ဖွေးဖွေးလေးထဲမှာ ရီဝေနွမ်းလျသွားသည်။ သူမ သက်ပြင်းနုဖွဖွလေးချလိုက်ပြီး ခေါင်းငိုက်စိုက်ချလျက် ဒရယ်ဖိုမမောင်နှံနှင့်အတူ ချယ်ရီတောအုပ်ပြာလေးထဲသို့ လှမ်းဝင်သွားပါတော့သည်။

သူ မြေပြင်ပေါ် ဒူးထောက်လျက်သားနှင့် ခေါင်းကို ဖြည်းဖြည်း ညွှတ်ချလိုက်သည်။ လရောင်ဖွေးဖွေးလက်လက်က နတ်သမီးရေပြာအိုင်လေး တစ်ဝိုက်အပေါ် ဝေ့ပျော်ကျနေသည်။

✿ ✿ ✿

| ၁၄ |

❑

'အချစ်' သည် ကမ္ဘာပေါ်တွင် အပြင်းထန်ဆုံး
'အဆိပ်လက်နက်' တစ်ခုဖြစ်သည်။
'အကြီးမားဆုံး တန်ခိုးစွမ်းအင်' တစ်ခုလည်းဖြစ်သည်။
အချစ်သည် လူကို ရူးသွပ်သွားစေနိုင်သည်ဟု ...
'စိတ်ပညာရှင်' တွေက ဆိုခဲ့ကြသည်။

ယခု သူလည်း ထင်းရှူးတောထဲက 'ရေပြာအိုင်တစ္ဆေမလေး' ငွေပလောင်သူလေးကြောင့် ရူးသွားပြီထင်သည်။

သူ့အပြုအမူ၊ သူ့လှုပ်ရှားမှုတွေက သိးခြား အထီးကျန်ဆန်လာသည်။ သူ့မျက်လုံးတွေက အဝေးဆီလွင့်နေသလို အာရုံတစ်ခုထဲမှာ စူးစိုက်ငြိမ်သက်နေသည်။ ထို ဒုတိယလပြည့်နေ့ညက သူ့အရှုပ္ပတွေကို ဖမ်းစားချုပ်နှောင်ထားသလို သူ မှိန်းကြပ်နေသည်။

သူ့ဇနီးနှင့်ပင် စကားကို ဟက်ဟက်ပက်ပက် မပြောနိုင်မိတော့လောက်အောင် သူ့နှလုံးသားထဲမှာ ငွေပလောင်မလေး၏ စိညာဉ်လိပ်ပြာက ညှို့ယူထားသည်။

www.burmeseclassic.com



သူ အချိန်အတော်များများ၌ စန္ဒရားကြီးကိုသာ အဖော်ပြု၍ လွင့်မျောတီးခတ်နေသည်။ အတတ်နိုင်ဆုံး သူ သူ့ဇနီးနှင့် မျက်နှာချင်းမဆိုင်မိအောင် ရှောင်တိမ်းနေခဲ့သည်။ သူ့ကိုယ်သူ အပြစ်ရှိနေသူတစ်ဦးလို မလုံမလဲ ခံစားနေရသည်။

"မောင် ... မောင့်ကို အခုတလောကြည့်ရတာ မရွှင်မပြနဲ့။ တစ်ခုခုကို ခံစားနေရသလိုပဲ။ မောင် ဘာဖြစ်နေတာလဲ။ မောင်နေတော့ ကောင်းပါတယ်နော်"

တစ်နံနက်ခင်း ထမင်းဝိုင်းမှာ ထမင်းစားနေကြရင်း သူ့ဇနီးက အမှတ်မထင် ကောက်ကာငင်ကာ မေးလိုက်သည့်အတွက် သူ လိပ်ပြာမလုံမလဲ ဖြစ်သွားသည်။

ဘာကြောင့်မှန်းမသိ၊ သူ့စိတ်ထဲက ငွေပလောင်မလေး၏ ပုံတူပန်းချီကားလေးကို ဖျတ်ခနဲ သတိရသွားသည်။

သူ့မျက်နှာပေါ်မှာ အပြာရောင်လှိုင်းကလေးတွေ ဖြတ်ပြေးသွားသည်။

"သြော် ... ဘာမှမဖြစ်ပါဘူး။ မောင် နေကောင်းပါတယ်။ မောင့်ရဲ့ ဟို ငွေပလောင်မလေးပန်းချီကားကြီးကို ရွှေဘောင်အနား လှလှလေး တပ်ပြီး ဧည့်ခန်းထဲချိတ်ထားရင် ကောင်းမလားလို့။ အဟင်း ... မောင် အဲဒါစဉ်းစားနေတာ"

သူ့အဖြေက သူမအတွက် အလိုက်တသင့် ဆီလျော်သွားသည်ဟု ထင်သည်။ သူ့ဇနီးက အပြစ်ကင်းစွာ ရှင်းသန့်သန့်လေးပြုံးလေသည်။

"သြော် ... မောင့်သဘောပါ မောင်ရယ်။ မောင်ချိတ်ချင်တဲ့နေရာမှာ ချိတ်ပါ။ မောင်စိတ်ချမ်းသာရင် ပြီးတာပဲ။ သြော် ... ဒါနဲ့ ... မောင်၊ ငွေပလောင်မလေးဆိုလို့ သတိရတုန်း မောင့်ကိုပြောရဦးမယ်။ ဟိုတစ်နေ့က မောင် မြို့ထဲသွားနေတုန်း ဦးစိုင်းထီးလာသွားတယ်။

အနောက်ဘက် ငွေပလောင်တောင်ပေါ်က လိမ္မော်ခြံတွေ ပြီးခဲ့တဲ့ လပြည့်ညက နှင်းခဲရိုက်တွေကျလို့ အသီးတွေ နည်းနည်းကြွေတယ်ပြော





တယ် မောင်။ ဒါပေမဲ့ လက်ဖက်ခင်းနဲ့ ပန်းသီးတွေကတော့ ဒီနှစ် တော်တော်လေး အောင်မြင်တာတွေ့ရတယ်လို့ ပြောတယ်။

အဲဒါ မနက်ဖြန်မနက် ကျွန်မလိုက်သွားပြီး ကြည့်မလားလို့။ ခြံထဲမရောက်တာလည်း ကြာသွားပြီဆိုတော့လေ။ ကျွန်မ လင့်ရှိဗာယူသွားမယ်နော်။ မောင်လည်း ရှုခင်းတွေကြည့်ရင်း တောင်လေစိမ်းတွေ ရှူကြရအောင်။ တစ်ခါတလေ လိုက်ခဲ့ပါလား မောင်"

သူ ဆတ်ခနဲ မော့ကြည့်လိုက်ပြီး ခေါင်းကို ဖြည်းဖြည်းခါ ယမ်းလိုက်သည်။

"မင်းပဲ သွားလိုက်ပါကွာ။ ခါတိုင်းလည်း သွားနေကျပဲဥစ္စာ။ မောင်က စိုက်ပျိုးရေးကို သိပ်စိတ်မဝင်စားတာ မင်းသိပါတယ်။ မောင် မလိုက်တော့ပါဘူး။ တောင်ပတ်ခရီးလမ်းဆိုတော့ လင့်ရှိဗာပဲကောင်းပါတယ်။ ဒါပေမဲ့ ကားကိုတော့ သေချာဂရုစိုက်မောင်းနော်"

"စိတ်ချပါ ... မောင်ရဲ့။ ကျွန်မ သွားနေကျပါ"

ထို့နောက် ထမင်းဝိုင်းလေးက ပြန်လည်ငြိမ်သက် တိတ်ဆိတ်သွားပြီး ဇွန်းသံ၊ ခက်ရင်းသံလေးတွေ စည်းချက်မကျပေါ်လာသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၁၅ ]

❑

တတိယမြောက် လပြည့်နေ့ည။

သူ့ဘဝ၏ အိပ်မက်လိပ်ပြာလေးကို အဆုံးအဖြတ်ပေးမည့် သူနှင့် ပလောင်မလေး၏ 'တတိယမြောက် လပြည့်နေ့ည'သို့ ရောက်လာသည်။

ဒီည လပြည့်နေ့ည၏ လရောင်က နို့နှစ်ရောင်လို ပိုးစိုးပက်စက် ဖိတ်လက်တောက်နေပြီး နှင်းမှုန်တွေက နို့နှစ်ရောင်လရောင်ထဲမှာ လွင့်မျောနေသည်။

သူ မျှော်လင့်ခြင်းအိပ်မက်သစ်တွေနှင့် အာဠာဝကကို အသားကျ အောင်စီးပြီး နတ်သမီးတောအုပ် ချောင်းအိုင်လေးဆီ ရောက်လာခဲ့သည်။

ဒီတစ်ကြိမ်တော့ သူ မုဆိုးမျှော်စင်လေးပေါ်တက်ပြီး သားကောင် တွေကို စောင့်ကြည့်နေစရာ မလိုတော့ပါ။ သူ့မုဆိုးဘဝကို အပြီးအပိုင်စွန့် လွှတ်ဖို့ ဆုံးဖြတ်ချက်ချလိုက်ပြီးဖြစ်သည်။

ဒီညဟာ သူ့ဘဝကို ဆုံးဖြတ်စီရင်မည့်ညဖြစ်သည်။

သူ ရိုင်ဖယ်သေနတ်ကို လက်ကဆွဲပြီး ချောင်းအိုင်လေးနံဘေး ရေစပ်ရှိ ကျောက်ဖျာလေးတစ်ခုပေါ် လှမ်းတက်လာခဲ့သည်။ ကျောက်ဆောင်





အငူအစွန်းလေးပေါ်မှာ သူ ဒူးထောင်ပလွဲထိုင်ချလိုက်ပြီး ရေအိုင်ပြာလဲ့လဲ့လေး ဆီ ငေးကြည့်နေသည်။

ရေအိုင်ထဲမှာ ပန်းအကြွေပွင့်တွေက ဝဲလှည့်ပြီး စီးမျောသွားနေ သည်။ လဝန်းက သူ့ခေါင်းပေါ်မှာ တိမ်ပြာပြောက်လေးတွေကြား လွင့်ပြေး နေသည်။

တဖြည်းဖြည်း ညနက်လာသည်။

သူ့စိတ်ထဲက စိုးရိမ်စပြုလာသည်။ အားငယ်လာသည်။

သူ့ဘဝ၏ အိပ်မက်လိပ်ပြာ ငွေပလောင်မလေးက သူ့ကို ရက်စက် စိမ်းကားစွာဖြင့် သူ့အသည်းတွေကို ခြွေယူသွားခဲ့ပြီလား။

သူ့မျှော်လင့်ချက်တွေ၊ သူ့အနာဂတ်တွေအားလုံး ပျက်စီးသွား ပြီလား။

သူ့လက်ထဲက သေနတ်ကိုငုံ့ကြည့်ပြီး လက်နှင့် ခပ်တင်းတင်းဆုပ် ညှစ်လိုက်သည်။ အံကို တင်းတင်းကြိတ်လိုက်သည်။

သူ ထင်းရှူးတောတန်းလေးဆဲ လှမ်းကြည့်လိုက်ပြီး နားစွင့်လိုက် သည်။ တောအုပ်ငလေးတစ်ခုလုံး သချိုင်းလေးတစ်ခုလို ငြိမ်သက်နေသည်။

သူ့အာရုံထဲမှာလည်း ဘာရနံ့၊ ဘာအသံတွေမှ မပေါ်လာခဲ့သေး ပါလား။

ပန်းရနံ့။

တယောသံ။

တောပြုံသံတွေ။ ဘယ်မှာလဲ။

သူ ဘာတစ်ခုမှ မကြားရသေး။

ကေန္တ သူ့ရဲ့ထူးခြားစွမ်းအင် မနောအာရုံဆန်းတွေ ပျောက်ကွယ် ကုန်ပြီလား။ ဒါမှမဟုတ် ...

ထိုစဉ် ...

"အစ်ကို ..."



www.burmeseclassic.com

www.burmeseclassic.com



သူ့အာရုံထဲသို့ အိပ်မက်ထဲမှ လှမ်းခေါ်လိုက်သံလေးတစ်ခုက အမှတ်မထင် ရိုက်ခတ်လိုက်သည်။ သူ ဖျတ်ခနဲ တုန်လှုပ်လန့်နိုးသွားပြီး ကျောက်ဖျာပေါ် ထရပ်လိုက်မိသည်။

သူ့နံဘေးကို ဗုန်းဗုန်းရိရိ ရစ်ဝဲလှမ်းကြည့်လိုက်မိသည်။

ငွေပလောင်မလေး ပေါ့ယမုံ။ အဖြူရောင်နှင့် ခရမ်းရောင်တွေ ရောယှက်ထားသည့် ပလောင်တိုင်းရင်းသူ့ဝတ်စုံလေးနှင့်။ ဘလက်ဘယ်ရီချုံတွေကြားမှ ဒရယ်ဖိုမမောင်နှံနှင့် လှမ်းထွက်လာသည်။

ချယ်ရီပင်လေးတစ်ပင်ရှေ့၌ ရပ်နေသည်။

လှလိုက်တဲ့ နတ်သမီးလေး။ လရောင်နှင့် အလှချင်းပြိုင်နေသည်။

"အစ်ကို ..."

လရောင်နှင့် နှင်းမှုန်နုလေးတွေကို ဖြတ်ပြီး ငွေပလောင်မလေး နှုတ်မှ ဆွဲလွဲသံလေးတစ်ခု လွင့်ကျလာသည်။ သူမ မျက်ဝန်းစိမ်းလဲ့လဲ့လေးတွေက ရွှန်းတောက်နေသည်။

သူ အိပ်မက်နေခြင်းမဟုတ်။ သူ့နှလုံးသားတွေ ပွင့်ထွက်သွားသည်။ သူ့လက်ထဲက သေနတ်ကို လွှတ်ချလိုက်သည်။

"ဟင် ... ညီမ ... အို ... ငွေပလောင်မလေး မင်း တကယ်ပဲ လာတယ်နော်"

သူ ဝမ်းသာအားရနှင့် အံ့ဩစွာ ရွတ်ဆိုလိုက်ပြီး ပလောင်မနတ်သမီးလေးဆီ ပြေးသွားသည်။ သူမ၏ လက်ဖျားလေးနှစ်ဖက်ကို ဆွဲယူလိုက်သည်။

ညနတ်သမီး ငွေပလောင်မလေးက လှပစွာ မျက်ဝန်းပြာရွှဲရွှဲလေးတွေနှင့် သူ့ကို မရှိတယ့်လေး စောင်းငဲ့မော့ကြည့်နေသည်။

"အစ်ကို ... အစ်ကို ... ဝမ်းသာလိုက်တာ ညီမရယ်"

သူ သတိကင်းလွတ်နေသူလို ဆိုလိုက်ရင်း ငွေပလောင်မလေးကို ရင်ခွင်ထဲ ဆွဲသွင်းပွေ့ဖက်ထားလိုက်သည်။

"အို ... အစ်ကိုရဲ့"





ပလောင်မ ညအမျိုးရိုင်းလေးက အလန့်တကြားနှင့် လန့်ငြီးငြီး ...ယောင်ပြီး အော်လိုက်၏။ သို့သော် သူမမျက်နှာလေးကပေါ့ ချစ်ရည် ...လဲ့နေပါသည်။

"မင်း အစ်ကို့ဆီ တကယ်ပဲ လာတယ်နော် .. ငွေပလောင်မလေး"

ငွေပလောင်မလေးက ဘာမှပြန်မပြောဘဲ အရယ်ပွင့်လွင်လွင်လေး ...သာ သူမ နှင်းဆီဖူးလေးထဲမှ သီးလွင့်ထွက်လာသည်။

"အို ... အဟင်း ... ဟင်း ... လွှတ်ပါဦး ... အစ်ကိုမှုဆိုးရဲ့။ ...နှမ အသက်ရှူကြပ်လှပြီပ"

ပလောင်မလေးက လူးလွန့်လျက် တောင်းပန်မှုပင် သူသတိရပြီး ...လောင်မလေးကို ရင်ခွင်ထဲမှ ဖြေလျှော့ပေးလိုက်သည်။

"ပြောပါဦး ... မင်း အစ်ကို့ဆီလာတာ။ အစ်ကိုက မင်းကိုချစ် ...လို့ မင်းကလည်း အစ်ကို့ကို ချစ်တဲ့သဘောနဲ့လား"

ပလောင်မလေးက အလန့်တကြားနှင့် ရှက်သွေးဖြာနေသည့် မျက်...တွေဖြင့် မော့ကြည့်သည်။

"အို ... ဟင့်အင်း၊ ဒါတော့ ကျွန်မ မသိဘူး။ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်လဲ ပြော"

ပလောင်မလေး ခေါင်းငုံ့လိုက်ပြီး တိုးဖွဖွပြန်ပြောသည်။

"အစ်ကို့ကို ကျွန်မ အဲဒီလပြည့်ညက တွေ့ခဲ့ပြီးကတည်းက ကျွန်မ ...နှလုံးမှာ အိမ်အထိဘဲ ရင်တွေခုန်လာခဲ့တယ်။ ဘာဖြစ်မှန်းမသိဘူး။ ...တော့ ညတိုင်းပဲ အိပ်မပျော်နိုင်ဘူး။ အစ်ကို့ကိုပဲ မျက်စိထဲမှာ မြင်နေ...တယ်၊ အစ်ကို့ကိုလည်း သိပ်တွေ့ချင်နေတယ်။

ဒါကြောင့် ဒီည ကျွန်မ-ဒီနတ်သမီးရေပြာအိုင်လေးဆီ လာခဲ့တာပ။ ...ပြာအိုင်လေးက သိပ်နတ်ကြီးတယ်လို့ ကျွန်မဖအိုက ပြောဖူးတယ် ...လေ"

"ဟုတ်လား ... ဘယ်လို နတ်ကြီးတာတဲ့လဲ၊ ပြောပါဦး"

"ဒီရေပြာအိုင်ထဲမှာဆင်းပြီး ရေတစ်ကြိမ်ချိုးပြီးရင် နောင်အမြဲ... ဒီရေပြာအိုင်ထဲမှာ မချိုးရရင် မနေနိုင်တော့ဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ ပလောင်မလေး၏ ရိုးသားပွင့်လင်းသည့် နှလုံးသားအိပ်မ
ရိုင်းလေးကို အသေအချာ ခံစားနားလည်လိုက်ပြီးဖြစ်သည်။ ပလောင်မလေ
၏ နက်ရှိုင်းသည့် အသည်းတစ်နေရာမှ အချစ်၏ဝိညာဉ်ပွင့်လေးကို
မြင်လိုက်ရပြီဖြစ်သည်။ ဒီတော့ သူ ပျော်သွားသည်။

"အို ... ဒါဆို အစ်ကိုနဲ့ညီမလည်း ဒီနတ်သမီးရေအိုင်ပြာလေ
ထဲမှာ နှစ်ယောက်သားအတူ ရေဆင်းချိုးကြမယ်လေ။ ဒါမှ အစ်ကိုတို့နှစ်
နောင် အမြဲတမ်း ဒီရေပြာအိုင်လေးမှာ ထာဝရ မခွဲမခွာ မြင်တွေ့နေကြ
တော့မယ်လေ၊ မဟုတ်ဘူးလား"

"အို ... ရှက်စရာကော အစ်ကိုရဲ့"

ပလောင်မလေးမျက်နှာ နှင်းဆီနီသွေးတွေ ရွှဲနင့်သွားသည်။

"ဒါဖြင့် အစ်ကိုညီမက ဒီရေပြာအိုင်ထဲမှာ ဒီည ရေမဆင်း
တော့ဘူးပေါ့ ဟုတ်လား"

"ဟင် ... ဟင့်အင်း၊ ညီမက လပြည့်နေ့ညတိုင်း ဒီနတ်သ
ရေပြာအိုင်ထဲမှာ ရေဆင်းမချိုးရရင် မနေနိုင်တော့ဘူး အစ်ကိုမှဆိုးရဲ့"

"အေးလေ ... ဒါဆိုလည်း ဆင်းချိုးပေါ့ ညီမရဲ့။ အစ်ကို ညီ
ရေကန်ထဲဆင်းသွားတဲ့အထိ ဒီနေရာမှာရပ်ပြီး မျက်စိမှိတ်ထားပေးမယ်
နော်"

သူ ပလောင်မလေးကို ကျီစယ်လိုက်သည်။

ဒါပေမဲ့ တောင်ပေါ်သူငွေပလောင်မလေးက ရှက်စနိုးလေးနှင့်
ခေါင်းညိတ်ပြန်သည်။

"အဲနော် ... အစ်ကို တကယ် မျက်စိမှိတ်ထားရမယ်နော်။ ညီ
က ဖွင့်တော့ဆိုမှ ဖွင့်ရမယ်နော်။ မလိမ်ရဘူးနော် ဒါပဲ"

တောင်ပေါ်သူလေးက ပွင့်လင်းစွာဆိုသည်။

"စိတ်ချပါ ညီမရဲ့၊ အစ်ကို မလိမ်ပါဘူး"

"ကဲ ... ဒါဖြင့် မျက်စိမှိတ်ထား"

ပလောင်မလေးက စတင်ကြေညာပြီး စိန်ခေါ်လိုက်သည်။





သူ မျက်လုံးတွေကို ဖြည်းညင်းစွာမှိတ်လိုက်သည်။ ပလောင်မလေး
က သူ့ကို သေချာစွာစိုက်ကြည့်နေသည်။ သူမ ကျေနပ်သွားသည့်၊ သူ့ကို
ယုံကြည်စိတ်ချသွား၏။

"မှိတ်ထားနော် ... အစ်ကို"

သေချာအောင် သူမ လှမ်းပြောပြီး ပလောင်မလေးက နှီနှစ်ရောင်
သရောင်နှင့် နှင်းမှုန်လေးတွေထဲမှာ သူမ၏ လှပသည့် ပလောင်ဝတ်စုံလေး
ကို တစ်လွှာချင်းချွတ်ချလိုက်သည်။ သူမ၏ သဘာဝကောက်ကြောင်း အဖူး
အပွင့်လေးတွေနှင့် ရွှေရုပ်တုလေးက အချိုးအဆစ်ကျစွာ လရောင်ထဲ ဘွား
ခနဲ ပေါ်လာသည်။ ရုတ်တရက် နှင်းပွင့်လေးတွေ လန့်ပြီး တောင်လေပြည်
နှင့် လွင့်ကွဲသွား၏။

ထို့နောက် သူမ ဒရယ်ဖိုမမောင်နှံ အဖော်နှစ်ဦးနှင့်အတူ ရေပြာ
အိုင်လေးဆီ လှမ်းဆင်းသွားတော့သည်။ ပြီးနောက် ရေပြာအိုင်လေး၏
အလယ်၌ ခေါင်းလေးပေါ်ရုံ ကိုယ်ဖော့ထားပြီး ရေကူးနေသည်။

"ဟေး ... အစ်ကို မျက်လုံးဖွင့်လိုက်တော့ ရပြီ"

ပလောင်မလေးက ရေထဲမှ လှမ်းအော်ပြောလိုက်သည်။

သည်တော့မှ သူ သူ့မျက်လုံးတွေကို ပြန်ဖွင့်လိုက်သည်။ ပလောင်
မလေးက ရေကန်ပြာလေးထဲမှာ ရေသူမလေးတစ်ဦးလို ပျော်ရွှင်စွာ ဆော့
ကစားနေသည်။

"အစ်ကိုလည်း ဆင်းလာခဲ့မယ်နော်"

သူ လှမ်းအော်ပြောလိုက်သည်။ တောင်ပေါ်သူလေး၏ အဖြူရောင်
စိတ်ထားလေးကလည်း လှသည်။

"အင်း ... ဆင်းလာခဲ့လေ။ အတူတူ ရေကူးကြမယ်"

သူ ငွေပလောင်မလေး ပုံချထားခဲ့သည့် အဝတ်အစားတွေနားမှာ
လာရပ်လိုက်ပြီး သူ့ကိုယ်ပေါ်က အဝတ်တွေကို တစ်ခုချင်းချွတ်လိုက်သည်။
နောက်ဆုံးမှာ အတွင်းခံဘောင်းဘီတိုလေးတစ်ထည်သာ ကျန်တော့၏။

သူ အတွင်းခံဘောင်းဘီတိုလေးကို ဖြည်းဖြည်း ဆွဲချွတ်ချလိုက်၏။

"အိုး ... ငါတို့ ဗိ"



www.burmeseclassic.com

www.burmeseclassic.com



ပလောင်မလေးအသံ ရေထဲမှ စူးစူးရှရှ အလန့်တကြားလေး
ကွဲသွားပြီး ဝုန်းခနဲ သူ့မ နောက်သို့ ကျောခိုင်းလှည့်လိုက်သည်။

သူ ရေကန်ထဲဆင်းလာပြီး ပလောင်မလေးဆီ ရေကူးလာခဲ့သ
ပြီးနောက် သူတို့နှစ်ဦး ကြည်နူးစွာ နီနှစ်ရောင်လရောင်အောက်က
အိုင်လေးထဲမှာ ဒရယ်ဖိုမ မောင်နှံနှစ်ဦးနှင့် ရေကူးဆော့ကစားကြရင်း
တေးကဗျာလေးတွေ လွှတ်လပ်စွာ သီကြွေးခဲ့ကြသည်။

စမ်းရေအိုင်လေးနံဘေးက ကျောက်ဖျာလေးပေါ်မှာ ချစ်သူ
ချစ်ရည်လူးရင်း ချစ်ဖူးချစ်ပွင့်လေးတွေ ရင်တုန်စွာ ပန်ဆင်ခဲ့ကြလေသ

နှင်းပွင့်ဖြူလေးတွေက နတ်သမီးတောအုပ်လေးထဲမှာ လ
တွေကြား စိန်ပြေးတမ်း လွင့်ကစားနေကြသည်။

လောက နှင်းမှုန်နံ့၊ ထင်းရှူးနံ့၊ တောရိုင်းနှင်းဆီနံ့တွေနှင့် ထုံ
လျက်ရှိနေသည်။

✿ ✿ ✿

[ ၁၆ ]

❑

ထိုနီနှစ်ရောင် လပြည့်နေ့ညကစပြီး ငွေပလောင်မလေးအပေါ်
သူ၏စွဲမက်မှုတွေက မသိစိတ်အထွတ်အထိပ်သို့ ရောက်ရှိသွားခဲ့သည်။

သူတို့နှစ်ဦး လပြည့်နေ့ညတိုင်း ထိုနတ်သမီးရေပြာအိုင်လေး၌ တွေ့
ဆုံခဲ့ကြပြီး ပျော်ရွှင်ကြည်နူးစွာ အကြိမ်ကြိမ် တရှိုက်မက်မက် ချစ်ရည်လူး
ခဲ့ကြသည်။

သို့သော် ထုံစည်။ ထိုညသည် တော်သလင်းလဆန်း (၁၄) ရက်
လပြည့်နေ့ အဖိတ်ညဖြစ်သည်။

ထိုညတွင် သူ့နှလုံးသားတွေ အံ့ဩစွာ ပေါက်ကွဲပွင့်ထွက်လာ
သည်။

သူ အိပ်ပျော်နေရာမှ လန့်နိုးလာခဲ့သည်။ ဘာအိပ်မက်ဆိုးတွေ
သူမက်သည်တော့ မသိ။ ညမီးပွင့်အပြာရောင်လေးထဲမှာ သူ စိုးရိမ်ထိတ်
လန့်လျက် ကယောင်ချောက်ချားဖြစ်နေသည့် အသွင်သဏ္ဍာန် မြင်လိုက်ရ
သည်။ သူ့နဖူးပြင်တွင်လည်း ချွေးတွေ ရွှဲနှင့်နေသည်။

သူ့ဇနီးကတော့ သူ့နံဘေးဆိုဖာမွေ့ရာပေါ်၌ အပြစ်ကင်းစွာ နှစ်
နှစ်ခြိုက်ခြိုက်လေး အိပ်ပျော်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာပေါ်မှာ ပြင်းပြသည့် ခံစားမှုဝေဒနာတစ်ခု ခံစားနေရဟန်တူသည်။ ထို့နောက် သူ ကြေကွဲစွာ ရှိုက်ငိုနေတော့သည်။ သူ့ရှိုက်သံတွေကြောင့် သူ့ဇနီးက အိပ်ရာမှ လန့်နိုးလာသည်။ သူ့ယောက်ျားကို အံ့ဩသလိုလှည့်ကြည့်ပြီး စိုးရိမ်ထိတ်လန့်သွားသည်။ သူမ ဖျတ်ခနဲ အိပ်ရာပေါ်ထထိုင်လိုက်ပြီး သူမအမျိုးသား၏ ပခုံးတစ်ဖက်ကို ဆွဲလှုပ်ခါနှိုးလိုက်သည်။

"မောင် … မောင် … ဘာဖြစ်လို့ ငိုနေတာလဲဟင်။ အိပ်မက်ဆိုးတွေ မက်ပြန်ပြီလား မောင်"

"မဟုတ်ဘူး။ မောင့်အပြစ်နဲ့ မောင် အိပ်မပျော်နိုင်လို့ လန့်နိုးလာတာ"

အမျိုးသမီး သူ့စကားကြောင့် နဖူးတော်ခံတော် စဉ်းစားရကြပ်သွားသည်။

"ဟင် … မောင့်အပြစ် … ဟုတ်လား။ ဘာအပြစ်လဲ မောင်။ မောင် ဘာလုပ်ခဲ့မိလို့လဲ။ ကျွန်မကို သေသေချာချာကြည့်ပြီး ပြောပါဦး။ ကျွန်မ ဘာမှနားမလည်ဘူး"

သူ့ရှိုက်ငင်နေမှုကို ကြိုးစားပြီး ရပ်လိုက်သည်။ သူ ခေတ္တရပ်လိုက်ပြီး သူ့ဇနီး၏မျက်နှာကို နာကျင်ကြေကွဲစွာ လှမ်းကြည့်သည်။

"မောင့်ကို ခွင့်လွှတ်ပါ။ မောင် မင်းကို သစ္စာဖောက်မိခဲ့ပြီ"

သူမ တစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွားသည်။ သူမ လန့်သလိုဖြစ်သွားပြီး မျက်လုံးတွေ ဝိုင်းစက်သွား၏။

"ဟင် … သစ္စာဖောက်ခဲ့တယ်။ ဘာသစ္စာလဲ။ မောင် ဘယ်လိုသစ္စာဖောက်မိခဲ့လို့လဲ"

သူ့မျက်နှာက မှန်တစ်ချပ်ကြေမွသွားသလို တစ်စစီဖြစ်သွားသည်။ သူ စိတ်ထိခိုက်စွာ ရှိုက်ငင်လိုက်ပြီး မသက်မသာနှင့် ပြန်ပြောသည်။

"မင်းနဲ့မောင် မင်္ဂလာဦးညက သစ္စာရည်သောက်ပြီး ကျိန်ဆိုထားခဲ့ကြတဲ့ 'ကတိသစ္စာ' ကိုလေ။ အဲဒီသစ္စာကို မောင် ချိုးဖောက်ခဲ့မိတယ်။ မောင့်ကို ခွင့်မလွှတ်ပါနဲ့။ မောင် ကျိန်ဆိုထားတဲ့အတိုင်း …"

သူ့ဇနီးက သူ့ပခုံးနှစ်ဖက်ကို ဆွဲလှုပ်ခါယမ်းလိုက်သည်။



"ဟင့်အင်း … ဟင့်အင်း … ကျွန်မ ယုံဘူး။ မဖြစ်နိုင်ဘူး။ ဒါ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

"တကယ်ပါ။ မောင် မင်းကို သစ္စာဖောက်ခဲ့ပါတယ်"

"ဟင် … တကယ်လား မောင်။ ကျွန်မ အိပ်မက်နေတာတော့ မဟုတ်ပါဘူးနော်။ ဒါဆို မောင် ဘယ်သူနဲ့ ကျွန်မနောက်ကွယ်မှာ ဖောက်ပြန်ခဲ့တာလဲဟင်။ ကျွန်မကို အမှန်အတိုင်းပြောစမ်းပါ"

သူ ခေါင်းငုံ့ချလိုက်ပြီး ရင်နင့်ကြေကွဲစွာနှင့် တိုးရှအက်ကွဲစွာ ပြန်ပြောလိုက်သည်။

"မောင် … ငွေပလောင်မလေးတစ်ဦးနဲ့ နတ်သမီးကြိုးဝိုင်းထဲက ရေပြာအိုင်လေးမှာ တွေ့ဆုံခဲ့ကြပြီး အချစ်နယ်ကျွံခဲ့ကြတယ်"

"ဟင် … ဟုတ်လား။ မောင်နဲ့သူ ဘယ်လိုတွေ့ဆုံခဲ့ကြတာလဲ။ ကျွန်မကို ပြန်ပြောပြပါလား မောင် … နော်"

"ဒီလိုပါ …"

သူ ယူကြုံးမရ ဖြစ်နေဟန်နှင့် ဆို့နင့်စွာဆိုလျက် သူနှင့် ငွေပလောင်မလေး၏ နတ်သမီးရေပြာအိုင်မှ 'လပြည့်ညရဲ့ဒဏ္ဍာရီ' အချစ်ဇာတ်လမ်းလေးကို ဖွင့်ဟဝန်ခံလိုက်ပါတော့သည်။

သူ့ မော်ရုံတောက အချစ်ပုံပြင်လေးဆုံးသွားတော့ သူ အပြစ်ကျူးလွန်ထားသော ကလေးငယ်တစ်ဦးလို သနားစဖွယ် ရှိုက်ငင်ငိုကြွေးနေရှာသည်။

သူ့ဇနီး မောရှမ်းမလေးကတော့ သူ့ကို မယုံတစ်ဝက်၊ ယုံတစ်ဝက်နှင့် ခေါမပုံပြင်လေးတစ်ပုဒ်ကို နားထောင်လိုက်ရသလို သူ့ကို ငေးကြည့်နေသည်။

"ဟင် … ဒါဆို အဲဒီ ငွေပလောင်မလေးဆိုတာ ဘယ်သူလဲ။ ဘယ်ကတ္တဲလဲ မောင်"

သူ ရှိုက်ငင်နေမှုကို ရပ်လိုက်ပြီး သူ့ဇနီးဘက်လှည့်ကာ ငေးကြောင်ကြောင် ပြန်ကြည့်ပြီး ကျောင်းသားလေးတစ်ဦး စာရွတ်ပြနေသလို ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုး ... အနောက်ဘက် ငွေပလောင်တောင်ပေါ်ရွာလေးတစ်ရွာကလို့ ပြောတာပဲ။ သူ့နာမည်က ဟေယမုံတဲ့"

"ဟေယမုံ ... ငွေပလောင်တောင်ပေါ်ရွာလေးက ... ဟုတ်လား"

"အင်း ..."

သူ ဆိုလည်းဆို၊ ခေါင်းလည်း ညိတ်ပြသည်။

သူ့ဇနီးက သူ့ကို ကြင်နာစွာ လှမ်းကြည့်ရင်း ရှိုက်သံပြင်းလေးချလိုက်သည်။ သူမစိတ်ထဲက ယခုအထိ သူမ၏ယောကျ်ားက သူမကို သစ္စာဖောက်ဖျက်ကျူးလွန်ခဲ့သည်ဟု ဆိုသည့်အမှုကို လက်ခံယုံကြည်၍ မရနိုင်အောင် ရှိနေသည်။ ထူးတော့ ထူးဆန်းသည်။ သူမ၏ခင်ပွန်းသည် သူမအပေါ် မည်မျှလောက်ချစ်သည်ကို သူမသာ အသိဆုံးဖြစ်သည်။

သူမယောကျ်ား၏ ဂုဏ်သိက္ခာနှင့် သူမယောကျ်ား၏ သစ္စာကို အကြွင်းမဲ့ ယုံကြည်ထားသည်။

ဒါဟာ မယုံကြည်နိုင်တဲ့ ကိစ္စတစ်ခု။ သူတို့နှစ်ဦးအကြားမှာ အမှားတစ်ခုခုတော့ ကေန်ရှိနေပြီဟု သူမ ခံစားလိုက်မိသည်။

"ကဲ ... မောင်၊ ညလည်း သိပ်နက်နေပြီ။ မောင်လည်း အိပ်ရေးတွေပျက်ပြီး သိပ်ပင်ပန်းနေပြီ။ ဒီအကြောင်းတွေ သိပ်ခေါင်းရှုပ်ခံပြီး စဉ်းစားမနေနဲ့တော့။ မောင့်ကို ကျွန်မ နားလည်တယ်။ မနက်မှ အေးအေးဆေးဆေး တိုင်ပင်ဆွေးနွေးကြရအောင်နော် မောင်။ ကဲ ... မောင်ပြန်အိပ်တော့။ အိပ်လိုက်တော့"

သူ့ဇနီးက သူ့ကိုချော့ပြီး အိပ်ရာပေါ် ဖြည်းညင်းစွာ ပွေ့ချပေးလိုက်သည်။ သူ မွေ့ရာပေါ်လှဲချလိုက်ကာ စိတ်တွေကိုတည်ငြိမ်အောင် ကြိုးစားလိုက်သည်။ သူ့ဇနီးက ခေါင်းရင်းမှ ညမီးပွင့်ပြာပြာလေးကို လှမ်းပိတ်လိုက်သည်။

သူ တဖြည်းဖြည်း အမှောင်ထုထဲမှာ ပြန်အိပ်ပျော်သွားသည်။

✿ ✿ ✿

| ၁၇ |

❑

နောက်တစ်နေ့မနက် သူမ အိပ်ရာမှနိုးလာတော့ နေရောင်ဝင်းဝင်းလေးတွေက ပြတင်းပေါက်မှ အပေါ်ထပ် သူတို့အိပ်ခန်းထဲသို့ ထိုးကျနေသည်။

သူမ နံဘေးကို လှမ်းကြည့်လိုက်တော့ သူမ၏ယောကျ်ားအိပ်ရာပေါ်တွင် မရှိတော့။ သူ ဘယ်အချိန်က ထသွားမှန်းမသိလိုက်ချေ။

သူမ ရေချိုးခန်းထဲထသွားပြီး မျက်နှာသစ်၊ သွားတိုက်ကာ၊ အဝတ်အစားလဲ၍ အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ကျွန်းလှေကားတစ်ဝက်၊ အောက်ထပ်ဆင်းမည့်အကွေ့ ဒုတိယအထစ်သို့ ခြေအချလိုက်တွင် သူမ အောက်ထပ်မှ စန္ဒရားသံငွေ့ငွေ့ပျံ့လွင့်လာသည်ကို ကြားလိုက်ရသည်။

သူမ၏ယောကျ်ား တီးနေကျ 'စုံတောမြိုင်ခြေ' သီချင်းလက်ကွက်တစ်ပိုဒ်ဖြစ်သည်။ သူမ လှေကားပေါ်မှ ဖြည်းညင်းစွာ လှမ်းဆင်းလာပြီး မီးဖိုခန်းထဲ လှမ်းဝင်လာခဲ့သည်။

အိမ်ဖော်မခမ်းသော်က နံနက်စာအတွက် ပြင်ဆင်နေသည်။ သူမက ရေနွေးအိုးခရားကို လှမ်းယူပြီး ကော်ဖီဖျော်သည်။ စလော့ဘာယ်ရှိယိုနှင့်

www.burmeseclassic.com



ထောပတ်ကို ပေါင်မုန့်မီးကင်လျက် သုပ်သည်။ နံနက်စာအားလုံး အဆင်သင့်ဖြစ်သွားသည့်အခါ သူမက မီးဖိုခန်းထဲမှ လှမ်းထွက်ခဲ့ပြီး ဧည့်ခန်းထဲသို့ ဝင်လာခဲ့သည်။

သူမ၏အမျိုးသားက သီချင်းအချိုဖိ အဆုံးသတ်ကို ဖြည်းညင်းစွာ ငုံတီးနေသည်။ သူမက အနားလာရပ်လိုက်သည်။ စန္ဒရားသံတွေ တိုးဝင်ပျောက်ကွယ်သွားချိန်၌ သူမက သူ့လက်မောင်းကို ဖွဖွဆုပ်ကိုင်လိုက်၏။

"မောင် . . . ကော်ဖီသောက်ရအောင် လာ"

သူ ထိုင်နေရာမှ သူ့ဇနီးကို ဘေးစောင်း ဆတ်ခနဲမော့ကြည့်လိုက်၏။ သူ့မျက်နှာက ညတုန်းကနှင့် လုံးဝမတူ။ မျက်နှာအသစ်တစ်ခုဖြစ်သည်။ လန်းဆန်းကြည်နူးတောက်ပနေသည်။ ခံစားမှုအသစ်တွေနှင့် ပြုံးရွှင်နေပါသည်။

"အင်း . . . မောင်လည်း အခုပဲ လာတော့မလို့"

သူ ထိုင်ခုံမှ လှမ်းထလိုက်ပြီး ရုတ်တရက် ဆိုလိုက်သည်။

"သြော် . . . ဒါနဲ့ မောင့်ဂယ်လရီပြခန်းထဲက ဟိုပန်းချီကားကြီးကို မင်း ကြည့်ပြီးပြီလား ဟင်"

သူ့အမူအရာတွေက တက်ကြွနေသည်။ စိတ်လှုပ်ရှားစွာ သူပြောလိုက်ခြင်းဖြစ်သည်။

"ဘယ်ပန်းချီကားလဲ မောင်။ ဟင့်အင်း . . . မောင့်ဂယ်လရီထဲကို မောင်မခေါ်ဘဲ ကျွန်မ ဘယ်တုန်းက ဝင်ဖူးလို့လဲ။ ကျွန်မ မကြည့်ရသေးဘူးထင်တာပဲ"

"မောင် နောက်ဆုံးဆွဲခဲ့တဲ့ ပန်းချီကားလေ။ လာ . . . ဒါဆို မောင် ပြမယ်"

သူ သူ့ဇနီးလက်မောင်းကိုဆွဲပြီး သူ့ပန်းချီပြခန်းထဲသို့ အားတက်သရောလေး ခေါ်လာခဲ့သည်။

ပန်းချီခန်းမအလယ် ပန်းချီစင်ပေါ်၌ ပန်းချီကားချပ်ကြီးတစ်ချပ်ကို ထောင်ထားသည်။ ပန်းချီကားကို အပြာရောင် စိန်ကတ္တီပါစနှင့် ဖုံး





အုပ်ထား၏။ သူက သူ့ဇနီးကို ပန်းချီကားချပ်ကြီးရှေ့နားသို့ ခေါ်လာခဲ့ပြီး နှစ်ဦးသား အတူယှဉ်၍ ရပ်လိုက်ကြသည်။

"ဒီပန်းချီကားပဲ ကြည့်စမ်းပါဦး"

သူ စိန်ကတ္တီပါစကို ပန်းချီကားချပ်ပေါ်မှ လှပ်ခနဲဆွဲခွာပြီး ဖွင့်ပြလိုက်သည်။ သူ့ဇနီးမျက်နှာပေါ်မှာ ထူးဆန်းအံ့သြသည့် အရောင်မျိုးစုံတွေ လက်တောက်သွားသည်။ အိပ်မက်တစ်ခု မက်နေသလို သူမ ယောင်ရမ်းလျက် လန့်အော်မိလိုက်သည်။

"ဟာ . . . လှလိုက်တဲ့ ပန်းချီကား။ အို . . . ငွေပလောင်မလေးကလည်း နတ်သမီးလေး ကျနေတာပဲ"

သူမ ရေရွတ်လိုက်မိသည်။

"မောင်ပြောတဲ့ ငွေပလောင်မလေးဆိုတာ သူပဲပေါ့"

သူ ခပ်တိုးတိုး ပြန်ပြောသည်။

"အို . . . ဟုတ်လား။ လှလိုက်တဲ့ ငွေပလောင်မလေး"

သူ့ဇနီးက လရောင်အောက် ရေပြာအိုင်လေးနံဘေးမှ ငွေပလောင်ဝတ်စုံလေးနှင့် တောစောင့်နတ်သမီးလေး၏ပုံကို ငေးစိုက်ကြည့်နေသည်။

သူက ပန်းချီကားနောက်ကျော ခုံမြင့်လေးပေါ်တွင် တင်ထားသော အညိုရောင်စာအိတ်ရှည်တစ်လုံးကို လှမ်းယူလိုက်ပြီး သူ့ဇနီးကို ကမ်းပေးသည်။

"ရော့ . . . ဟောဒီမှာ။ မောင် လပြည့်နေ့ညတစ်ညက နတ်သမီးရေပြာအိုင်လေးမှာ လရောင်နဲ့ရိုက်လို့ရတဲ့ မောင့်ရဲ့ 'ကိုဒတ်' ကင်မရာလေးနဲ့ ရိုက်ထားခဲ့တဲ့ ငွေပလောင်မလေးရဲ့ ဓာတ်ပုံတွေ"

သူက တစ်လုံးချင်း စာအံနေသလို ဆွဲဆွဲငင်ငင်ပြောပြီး သူမကို ကမ်းပေးသည်။ သူ့ဇနီးက စာအိတ်ကိုလှမ်းယူလိုက်ပြီး စာအိတ်ထဲမှ ဓာတ်ပုံတွေကို ဆွဲထုတ်လိုက်သည်။ ဓာတ်ပုံတွေအားလုံး ခုနစ်ပုံဖြစ်သည်။

သူမ တစ်ပုံချင်း ထောင်ကြည့်လိုက်သည်။ ဓာတ်ပုံတွေက အဖြူအမဲ Black & White များသာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖွေးတောက်ပနေသည့် လပြည့်ည၏ လရောင်အောက် နတ်သမီးချေပြာအိုင်လေးနံဘေး ကမ်းစပ်ပေါ်မှ လှပသည့် ရှုခင်းနေရာလေးဖြစ်သည်။ ကင်မရာအဝေးအနီး၊ ရှုထောင့်အမျိုးမျိုးမှ ချိန်ပြီးရိုက်ထားသည့် ပုံတွေဖြစ်သည်။

သို့သော် ဓာတ်ပုံတွေ ခုနစ်ပုံစလုံးထဲမှာ ဒရယ်ဖိုမမောင်နှံ နှစ်ဦးတည်းကိုသာ ထူးဆန်းစွာ တွေ့မြင်ရ၏။ သူ့ယောကျ်ားပြောသည့် ငွေပလောင်မလေး၏ ပုံတွေကိုတော့ သူမ တစ်ပုံမှမတွေ့ရချေ။ သူမ အံ့ဩနေသည်။

"ဟင် . . . မောင်ပြောတော့ ဒါ ငွေပလောင်မလေးရဲ့ ဓာတ်ပုံတွေဆို"

"ဟုတ်တယ်လေ"

"နို . . . မောင့်ငွေပလောင်မလေးက ဘယ်မှာလဲ။ ဒီဓာတ်ပုံတွေထဲမှာလည်း တစ်ပုံမှ မတွေ့ရပါလား။ ဒီဓာတ်ပုံတွေထဲမှာ အားလုံးက ဒရယ်ဖိုမမောင်နှံပုံတွေချည်းပဲ။ မောင် သေသေချာချာ ပြန်ကြည့်ပါဦး"

"ဟင် . . . ဟုတ်လို့လား။ ဒရယ်ဖိုမမောင်နှံအကြားမှာ ရပ်နေတဲ့ ငွေပလောင်မလေးကို မင်း မမြင်ဖူးထင်တယ်။ ကိုင်း . . . ပြစမ်းပါဦး"

သူ့ဇနီးက နားလည်ရခက်စွာနှင့် ဓာတ်ပုံတွေကို ပြန်ကမ်းပေးလိုက်သည်။ သူက ဓာတ်ပုံတွေကို လှမ်းယူပြီး သေသေချာချာ ပြန်ကြည့်သည်။ တစ်ပုံပြီးတစ်ပုံ သူကြည့်သည်။ သူ မျက်နှာပျက်သွားသည်။ သူကိုယ်တိုင် အံ့ဩနေသလို မြင်လိုက်ရသည်။

သူ့ကို ပဉ္စလက်ပြလိုက်သလို သူ့မျက်လုံးတွေ ပြူးကြောင်သွားသည်။

"ဟင် . . . ဟာ . . . ဒီဓာတ်ပုံထဲက ငွေပလောင်မလေးပုံတွေ ဘယ်ပျောက်သွားတာလဲ။ သိပ်ထူးဆန်းတယ်။ အဲဒီညက မောင့်ကင်မရာနဲ့ သေသေချာချာကို မောင်ကိုယ်တိုင်ရိုက်ယူခဲ့တာ။ ဟာ . . . မနေ့ညကတောင် မောင် ဒီအခန်းထဲမှာ ဒီဓာတ်ပုံတွေကို ကြည့်ခဲ့သေးတယ်။ အဲဒီတုန်းက သူ့ပုံတွေ ဒီဓာတ်ပုံထဲမှာ မောင်မြင်ခဲ့သေးတာပဲ။ ခု မရှိတော့ဘူး။ ထူးဆန်းလိုက်တာ။ ဘယ်လိုလုပ်ပြီး ပျောက်သွားရတာလဲ"





သူကိုယ်တိုင် ထိတ်လန့်ချောက်ချားစွာနှင့် အံ့ဩနေသည်။

သူ့ဇနီး၏စိတ်ထဲမှာ သူ့ယောကျ်ား ကယောင်ချောက်ချားနှင့် ဖြစ်ကပ်နေပုံကို ကြည့်ပြီး တစ်ခုခုကို ခံစားမိလိုက်သည်။ သူမအတွေးထဲမှာ တစ်စုံတစ်ရာကို နားလည်သွားသလိုရှိသည်။ သူမ၏ယောကျ်ားတစ်ခုခုတော့ ယွင်းနေပြီဟု သိလိုက်သည်။ ဤအဖြေကို သူမ သိမ်မွေ့စွာ ရှာဖွေရမည်။

"ကဲ . . . မောင်၊ ဒါတွေထားလိုက်ပါတော့။ ဒါတွေ အရေးမကြီးဘူး။ ကျွန်မတို့ ကော်ဖီသွားသောက်ကြရအောင်။ ကျွန်မလည်း ဆာလှပြီ။ မောင်လည်း ဆာရောပေါ့။ လာ . . . မောင်၊ ထမင်းစားခန်းထဲ သွားရအောင်"

အမျိုးသမီးက သူ့အမျိုးသား၏လက်ထဲမှ ဓာတ်ပုံတွေကို လှမ်းယူ၍ စာအိတ်ထဲ ပြန်ထည့်လိုက်ကာ ပန်းချီကားနောက်မှ ခုံရှည်ပေါ် လှမ်းတင်လိုက်သည်။ ပြီးနောက် သူ့ဇနီးက သူ့လက်မောင်းကိုတွဲလျက် ပန်းချီခန်းထဲမှ လှမ်းထွက်လာခဲ့ကြသည်။

ထမင်းစားပွဲပေါ်တွင် ပြင်ဆင်ထားသည့် ကော်ဖီပွဲကို လှမ်းကြည့်ပြီး အမျိုးသား၏အာရုံတွေ ချက်ချင်းပြောင်းသွားသည်။ အမျိုးသမီးကလည်း သိမိသည်။ သူမ လိမ္မာပါးနပ်စွာနှင့် ကော်ဖီသောက်နေကြရင်း စကားလမ်းကြောင်း ပြောင်းပစ်လိုက်သည်။

"မောင် . . . ကော်ဖီသောက်ပြီးရင် အနားယူလိုက်ပါဦး။ ခြံထဲမှာ လမ်းလျှောက်ချင်ရင်လည်း လျှောက်နော်။ ကျွန်မတော့ ဦးစိုင်းထီးဆိုင် ပိုးသတ်ဆေးနဲ့ ဓာတ်မြေဩဇာတွေပို့ထားတာ သွားကြည့်ရင်း လိမ္မော်ခြံဘက် ခဏသွားတက်ကြည့်ဦးမယ်။ ညနေမှ ပြန်လာခဲ့မယ်"

"သွားလေ . . .။ မောင်လည်း မောင့်ကင်မရာကို ပြန်စစ်ဆေးပြီး မောင်ရိုက်ခဲ့တဲ့ နဂ္ဂတစ်ဖ်ဖလင်တွေကို သေသေချာချာ ပြန်ကြည့်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒါဆို ကျွန်မသွားမယ် နော်"

သူမ စကားစကိုဖြတ်ပြီး စားပွဲမှ ဖျတ်ခနဲ လှမ်းထလာခဲ့သည်။

အပေါ်ထပ်အိပ်ခန်းထဲသို့ တက်လာခဲ့ပြီးနောက် ကုတ်အင်္ကျီ ထည်ထပ်ဝတ်ကာ လက်ပွေ့အိတ်ကိုဆွဲပြီး ပြန်ဆင်းလာခဲ့သည်။ ကားမှ လင့်ရှိဗာကားစိမ်းလေးကို ထုတ်ပြီး သူမ ကျွမ်းကျင်စွာ မောင်းထွက် ခဲ့သည်။

✿ ✿ ✿

[ ၁၈ ]

❑

အမှန်တော့ သူမ ယခု လီမွှော်ခြံကို အရေးတကြီးထွက်လာခဲ့ခြင်း မှာ လီမွှော်ခြံကိစ္စသက်သက်မဟုတ်။

တကယ်တော့ သူမ ငွေပလောင်မလေးဟေယမုံကို အရှာထွက်ခဲ့ ခြင်းသာဖြစ်ပါသည်။ ဦးစိုင်းထီးက ရှမ်းပလောင်ကပြားဖြစ်၍ ပလောင် စကားကို ကျွမ်းကျင်သည့်အပြင် ပလောင်ရွာတွေနှင့်လည်း ရင်းနှီးဝင်ဆန့် သူဖြစ်သည်။

ထို့ကြောင့် ဦးစိုင်းထီးကိုဝင်ခေါ်ပြီး တောင်ပေါ်ပလောင်ရွာတွေဆီ သို့ သွားကာ တစ်ရွာဝင်တစ်ရွာထွက်၍ ထိုရွာများတွင် ဟေယမုံဆိုသည့် ငွေပလောင်မလှလှလေးတစ်ဦး ရှိမရှိကို ဦးစိုင်းထီးမှတစ်ဆင့် သွယ်ဝိုက် သောနည်းနှင့် စုံစမ်းရှာဖွေခဲ့ကြသည်။

ပလောင်ရွာတစ်ရွာတွင် ဟေယမုံတော့မဟုတ်၊ ငွေယမုံဆိုသော ပလောင်အမျိုးသမီးတစ်ဦးကို တွေ့ရ၏။ သို့သော် သူမသည် ငယ်ရွယ်ချော မောသူလေးလည်း မဟုတ်။ အသက်ငါးဆယ်ကျော် သွားတွေမည်းမည်း၊ ဆံပင်ဖြူဖြူနှင့် ရုပ်ခပ်ဆိုးဆိုး အဘွားအိုတစ်ဦးသာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ကုန် တောင်ပေါ်ရွာ၊ ပလောင်ရွာလေး ခုနစ်ရွာလုံး
သူမ ရောက်ရှိသွားခဲ့သည်။ သို့သော် ဟေယမုံဆိုသည့် ငွေပလောင်မ
ချောလေးကို သူတို့ ရှာမတွေ့ခဲ့ကြချေ။ ယုတ်စွအဆုံး ပန်းချီကား
ဟေယမုံနှင့်တူသည့် ခပ်ဆင်ဆင် ငွေပလောင်သူလေးတွေကိုလည်း
တစ်ယောက်မျှ မမြင်တွေ့ခဲ့ရချေ။

သူမ တွေးထင်ထားသည့်အတိုင်း သေချာသွားပြီဖြစ်သည်။

ညနေ နေဝင်ကာနီးအချိန်လောက်မှ လိမ္မော်ခြံကို ပြန်ရော
ကြပြီး ဦးစိုင်းထီးကို လိမ္မော်ခြံတွင် ချထားရစ်ခဲ့ကာ သူမ ပလောင်
ပေါ်မှ ကလောမြို့သို့ ပြန်ဆင်းလာခဲ့သည်။

သူမ အိမ်ပြန်ရောက်တော့ မှောင်စပျိုးနေပြီဖြစ်သည်။

သူမ အိမ်အပေါ်ထပ်သို့ လှမ်းတက်လာစဉ် အောက်ထပ်ညှိ
ထဲမှ သူ၏ 'စုံတောမြိုင်ခြေ' စန္ဒရားလက်သံတွေကို ခပ်သဲ့သဲ့ကြား
လိုက်ရသည်။

သူမရင်ထဲက နွေးမြမြ ခံစားလိုက်ရသည်။

အိပ်ခန်းထဲရောက်တော့ သူမ တစ်နေ့လုံးကားမောင်းပြီး တော
ပေါ်လမ်း ကွေ့ကွေ့ကောက်ကောက်တွေပေါ်မှာ လျှောက်သွားခဲ့ရသဖြင့်
ပန်းကာ ငြီးစီစီဖြစ်နေသည့်အတွက် အဝတ်အစားတွေ ချွတ်လဲလိုက်
ရေနွေးနှင့်စပ်လျက် ရေချိုးကန်ထဲ၌ ရေစိမ်ချိုးနေလိုက်သည်။

ရေချိုးကန်ထဲမှာ သူမ တစ်နာရီလောက် အနားယူလိုက်သည်

တစ်ကိုယ်လုံး စိတ်လက်ပေါ့ပါးပြီး လန်းဆန်းကြည်လင်သွားသ
ရေနွေးကန်လေးထဲမှ စပယ်နံ့ရေမွှေးသင်းရှုရှုလေးက သူမအာရုံတွေကို
မျောသွားစေသည်။

ရေချိုးပြီး သူမ ညအိပ်အဝတ်အစားများကို လဲဝတ်လိုက်ပြီး
ထုံးစံအတိုင်း သူမ ဘုရားခန်းဆီသို့ ကူးလာခဲ့သည်။ ဘုရားကို မီးပူဇော်
ဘုရားရှိခိုးဆုတောင်းကာ ဝေနေယျ သတ္တဝါအပေါင်းကို သူမ မေတ္တာ
အမျှဝေသည်။





ထိုစဉ် ချိန်ကိုက်ထားသလို သူမ၏ ကြေးစည်သံလေး ထွက်ပေါ်
လာချိန်လေးမှာ မမျှော်လင့်ဘဲ အိမ်ကြီး၏နောက်ဘက်မှ မြင်းခွာသံတွေ
က ညယံထဲမှာ လွင့်မြောက်ထွက်လာခဲ့သည်။

ရုတ်တရက် သူမ ခေါင်းထောင်ပြီး ပြတင်းပေါက်မှ အပြင်သို့
လှမ်းကြည့်မိလိုက်သည်။ အပြင်မှာ လက တရွေ့ရွေ့ မြင့်တက်လာနေသည်။
တုတ်သားပဲ ဒီနေ့ လပြည့်ည။

သူ နတ်သမီးကြိုးဝိုင်းထဲက ရေပြာအိုင်လေးဆီ မသိစိတ် သိစိတ်
တွေနှင့် လွင့်သွားနေပြီထင်သည်။

မြင်းခွာသံတွေ တဖြည်းဖြည်း လွင့်ဝေးပျောက်ကွယ်သွားတော့၏။

သူမ အသက်ကို ရှိုက်ချလိုက်ပြီး အခန်းထဲမှ ထွက်လာခဲ့သည်။
အနောက်ဘက်လသာဆောင် ဝရံတာဆီ လျှောက်လာခဲ့ပြီး မျှော်ကြည့်လိုက်
သည်။ ထင်းရှူးပင်တွေကြား လရောင်အောက်၌ မြင်းစီးပြီး စိုင်းထွက်သွား
သည့် သူ့ကို သူမ လှမ်းမြင်လိုက်ရသည်။

သူမ ဝရံတာတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း စဉ်းစားနေ
သည်။ ဖျတ်ခနဲ သူမ ရေပြာအိုင်မှ ငွေပလောင်မလေးကို သတိရသွားသည်။

"ဒီနေ့ လပြည့်ညဆိုတော့ သူ ရေပြာအိုင်မှာ ငွေပလောင်မလေး
နဲ့ သွားတွေ့တာပဲဖြစ်မယ်"

သူမ စဉ်းစားလိုက်မိသည်။

ဒါ သူမအတွက် နောက်ဆုံးမျှော်လင့်ချက် အခွင့်အရေးပဲ။

သူမ အခန်းထဲဝင်လာကာ ညဝတ်အင်္ကျီအဝတ်အစားတွေကို ချွတ်
လိုက်ပြီး ဘောင်းဘီရှည်နှင့် လောင်းကုတ်အင်္ကျီတွေကို လဲဝတ်လိုက်သည်။
ထို့နောက် အဝတ်အစားဗီရိုဆွဲအံထဲ၌ ထားသည့် သူမ၏လိုင်စင်နှင့် မိန်းမ
ကိုင်ပစ္စတိုသေနတ်ပါသော ခါးပတ်ကို ဆွဲယူ၍ ခါးမှာပတ်လိုက်သည်။

သူမ အိမ်အပေါ်ထပ်မှ လှမ်းဆင်းလာသည်။ နောက်ဖေးတံခါး
ကိုဖွင့်၍ မြင်းစောင်းထဲမှ 'ပေဒါဖြူ' မကို ကုန်းနှီးတင်ပြီး သူမ ကျင်လည်စွာ
အနောက်ဘက်ထင်းရှူးတောအုပ်ထဲသို့ စီးထွက်လာခဲ့သည်။

www.burmeseclassic.com



လပြည့်ညက ဖြူဖွေးတောက်ပနေသည်။

နာရီဝက်အတွင်း သူမ နတ်သမီးကြိုးဝိုင်း တောအုပ်လေးထဲသို့ ရောက်လာခဲ့သည်။

သူမ ကမ္ဘာ့ဝဲကျောင်းသူဘဝက သူနှင့် ဤရေပြာအိုင်လေးကို သုံးလေးခါ ရောက်ဖူးခဲ့သည်။ သူတို့နှစ်ဦး လက်ထပ်ပြီးမှလည်း တစ်ကြိမ် ဤနတ်သမီးရေပြာအိုင်လေးမှာ ပျော်ပွဲစားထွက်လာခဲ့ဖူး၏။

သူမ ဗေဒါဖြူကို ရွရွလေးစီးလာပြီး ချယ်ရီတောတန်းလေးထဲ မှောင်ရိပ်ခိုဝင်လာခဲ့သည်။ ပြီးနောက် ဗေဒါဖြူကို ချယ်ရီပင်တစ်ပင်အောက်၌ ကြိုးချည်ထားခဲ့ပြီး သူမ ရေပြာအိုင်လေးအနီး ကျောက်ဆောင်တွေကြားမှ ငုံ့လျှိုးဝင်လာခဲ့သည်။

နှင်းဆီရိုင်းချုံမှောင်ရိပ်ထဲမှနေပြီး ရေပြာအိုင်အစပ်ရှိ ကျောက်ကမ်းပါးယံနေရာလေးဆီ သူမ လှမ်းကြည့်လိုက်သည်။ ထိုနေရာက လရောင်တွေ ထွန်းလင်းတောက်ပနေသည့် သူ၏ပန်းချီကားထဲမှ 'အဓိကနေရာ' လေး ဖြစ်သည်။

ရုတ်တရက် သူမ အသက်ရှူမှားမလို ဖြစ်သွား၏။

ဒရယ်ဖိုမမောင်နှံက ရေစပ်ရေအိုင်ပြာ ရေတိမ်တိမ်လေးထဲမှာ ရေကူးဆော့ကစားနေကြသည်။

သူတို့နှင့် ခပ်လှမ်းလှမ်း ကျောက်ဆောင်အစွန်းရေစပ်မှာ ထိုင်နေသူက သူမ၏အမျိုးသားဖြစ်သည်။ သူက ရင်ခွင်ထဲမှ တစ်ဦးဦးကို ချစ်မြတ်နိုးစွာ တယုတယ ပွေ့ဖက်ထားဟန်ဖြင့် သူ၏ခေါင်းကို ငုံ့ပြီး ခပ်တိုးတိုး ခပ်အုပ်အုပ် စကားတွေပြောနေသည်။

လရောင်က သူတို့အပေါ် ငွေရောင်ငွေဖြူရောင်တွေ သွန်းကျနေသလို ဖျန်းဆွတ်ထား၏။

"အစ်ကို့ရဲ့ဘဝမှာ ညီမဟာ အင်မတန်အံ့သြစရာကောင်းတဲ့ လပြည့်ညရဲ့ နတ်သမီးလေးပါပဲ။ ပြီးတော့ လပြည့်ညဟာလည်း ညီမနဲ့ အစ်ကိုတို့နှစ်ဦးရဲ့ ထာဝရ ဘဝလေးတစ်ခုပါပဲကွယ်"

သူက ရင်ခွင်ထဲက သူ့ချစ်သူကို ပြောနေဟန် လွမ်းလွမ်းဆွတ်





ဆွတ် ကြေကွဲစွာ ပြောနေသည်။ ဟင်ကယ်က သူ့ရင်ခွင်ထဲမှာ ဘယ်သူမှ မရှိ။ ပြီးတော့ သူတစ်ယောက်တည်းရယ်။

သူ့ကိုကြည့်ရတာကလည်း လရောင်အောက်တွင် အိပ်မက်နေသည့်နှယ်။ (Fugue State) အခြေအနေမျိုး ဖြစ်နေသည်ဟု ထင်သည်။

ခဏကြာလျှင် သူ့ရင်ခွင်ထဲမှ တစ်စုံတစ်ဦး လှမ်းထသွားလေဟန် သူ့လက်နှစ်ဖက်ကို ဖွင့်ကားဖြန့်ထုတ်ပေးလိုက်သည်။ ပြီးနောက် သူက နောက်မှထလိုက်သွားပြီး ရေအိုင်ကမ်းစပ်လေးဆီ လှမ်းသွားသည်။ ထို့နောက် သူ့ကိုယ်ပေါ်မှ အဝတ်အစားတွေကို တစ်လွှာချင်း သူဆွဲချွတ်ချလိုက်သည်။ နောက်ဆုံးတွင် သူ့အတွင်းခံဘောင်းဘီတိုလေးကို သူချွတ်ချလိုက်သည်။

လရောင်ထဲမှာ သူတစ်ယောက်တည်း။ မိမွေးတိုင်း။ ဖမွေးတိုင်း သဘာဝကျောက်ရုပ်အသွင်။

သူမက နှင်းဆီချုံရိုင်း မှောင်ရိပ်တွေထဲမှနေ၍ သူမယောကျ်ား၏ သနားစရာဖြစ်အင် 'လပြည့်ည၏ ဖမ်းစားမှု ရူးသွပ်ခြင်း' (Luna Sindrom) တွေအပေါ် နားလည်သွားဟန်ဖြင့် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်မိသည်။

"ညီမရေ ... အစ်ကိုလည်း မင်းဆီ ရေထဲဆင်းလာခဲ့မယ်နော်။ အစ်ကိုတို့ အတူတူ ရေကူးကြရအောင်နော်။ ဟုတ်လား ... ငွေပလောင်မလေးရေ"

သူက လှမ်းပြောပြီး ရေအိုင်ထဲသို့ လှမ်းဆင်းသွားကာ ရေအိုင်အလယ်သို့ ရေကူးသွားပါတော့သည်။ ထို့နောက် သူ ပျော်ရွှင်စွာနှင့် တစ်ဦးတည်း ရေကူးဆော့ကစားနေပါတော့သည်။

အမှန်တွင် ရေပြာအိုင်လေးထဲ၌ သူနှင့် ဒရယ်ဖိုမမောင်နှံ နှစ်ဦးတည်းသာရှိ၏။ အခြား မည်သူမျှမရှိ။ ယင်းမှာ သူမယောကျ်ား၏ ထူးခြားသော 'စိတ္တဇအမြင်အာရုံ'များသာလျှင်ဖြစ်ကြောင်း ထင်ရှားနေသည်။

www.burmeseclassic.com



သူမ မမြင်ရက်နိုင်တော့ချေ။ မကြည့်ရက်တော့ချေ။ သူမ စိတ်မကောင်းစွာနှင့် နှင်းဆီချုံရိုင်းတွေကြားမှ လှည့်ပြန်လာခဲ့ပါတော့သည်။

လပြည့်ညက မြူဖွေးတောက်ပလျက် ကြက်သီးထဖွယ်ရာ လှပနေပါသည်။

သူမ ဗေဒါဖြူမကိုစီးပြီး ထင်းရှူးတောတန်းလေးထဲမှ စိုင်းထွက်လာခဲ့သည်။

✿ ✿ ✿

| ၁၉ |

❏

နောက်တစ်နေ့နံနက် အရုဏ်ဦးအချိန်ကလေးမှာ . . .

သူမကို တစ်စုံတစ်ယောက်က လာပုတ်နှိုးလိုက်သလို သူမ ဆတ်ခနဲ လူးလွန့်နိုးလာခဲ့သည်။ သူမ မျက်လုံးဖွင့်ပြီး နံဘေးကို ကြည့်လိုက်သည်။ သူမယောက်ျား မရှိတော့။ ညက သူ မည်သည့်အချိန်မှ ပြန်လာပြီး အစောကြီး ဘယ်ထသွားလိုက်သည် မသိချေ။

ထိုစဉ် သူတို့၏အိပ်ခန်း ပြတင်းပေါက်တံခါး မှန်တစ်ချပ်ကို တစ်စုံတစ်ခုက တဖျတ်ဖျတ် လာရိုက်ခတ်နေသံ သူမ ကြားလိုက်ရသည်။ သူမ လှမ်းကြည့်လိုက်တော့ နေရောင်နုလေးထဲမှာ မှန်ချပ်အပြင်ဘက်မှ လိပ်ပြာကြီးတစ်ကောင်က လာနားပြီး အတောင်ပံတွေနှင့် ရိုက်ခတ်နေသည်ကို မြင်ရသည်။

ထူးထူးဆန်းဆန်း သူမ အံ့သြသွားသည်။

သူမ အိပ်ရာထဲမှ ထလိုက်ပြီး ပြတင်းပေါက်မှန်တံခါးဆီ လျှောက်သွားသည်။ ထိုစဉ် လိပ်ပြာကြီးက နေရောင်ထဲမှာ တဖျတ်ဖျတ်ပျံဝဲသွားသည်။ သူမ မှန်တံခါးချပ်တွေကို ဆွဲဖွင့်ဟလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမနှင့် မျက်နှာချင်းဆိုင် ဆယ်ပေအကွာခန့်တွင် ယူကာလစ်ပင်ကြီးတစ်ပင်ရှိသည်။ သူမ အမှတ်ခဲ့ နေရောင်ဝင်းနုနုလေးကြားမှ ယူကာလစ်ပင်ကြီးဆီ အကြည့်ရောက်သွား၏။

"အမယ်လေး . . . မြတ်စွာဘုရား"

ထိုယူကာလစ်ပင်ကြီးမှာ လူတစ်ယောက်၊ သူ့ကိုယ်သူ ကြိုးဆွဲချပြီး တန်းလန်းကြီးသေနေသည့်ပုံကို သူမ နေရောင်တွေကြားမှာ ရုတ်တရက် လှမ်းမြင်လိုက်ရသည်။

သူမ အထိတ်တလန့်နှင့် ယောင်ရမ်း ဘုရားတလိုက်ကာ သေချာ ပြန်လှမ်းကြည့်လိုက်သည်။ ထိုလူမှာ အခြားသူမဟုတ်။ သူမ၏ ယောကျ်ား ကိုယ်တိုင်ဖြစ်နေသည်။ ညက ရေပြာအိုင်လေးဆီဝတ်သွားသည့် အဝတ်အစားတွေက သူ့ကိုယ်ပေါ်မှာ ဤအတိုင်းရှိနေသည်။

"အား . . ."

သူမ ချောက်ချားထိတ်လန့်သည့် အသံနက်ကြီးဖြင့် ရူးရူးရဲရဲလှမ်း အော်လိုက်ပြီး နေရာတွင်ပင် ပုံလျက်သားလဲကျသွားကာ မေ့မျောသွားတော့သည်။

အမှန်စင်စစ် သူမ၏အမျိုးသားသည် 'စိတ်အာရုံအမြင်မှားမှု' တွေနှင့် သူ့ကိုယ်သူ 'မနောက'ဖြင့် ပြစ်မှားကျူးလွန်ခဲ့သည့် 'စိတ္တဇအစွဲအလမ်း' တစ်ခုအတွက် သူကျိန်ဆိုခဲ့သော 'ကတိသစ္စာ' တရားကို မှားယွင်းစွာ သူ ပေးဆပ်သွားခဲ့ခြင်းသာဖြစ်သည်။

သို့သော်လည်း ထိုသစ္စာတရား၏ နောက်ကွယ်မှ ချစ်ခြင်းမေတ္တာတရားကို သူ၏ဇနီးဖြစ်သူ အမျိုးသမီးကလည်း သူမ ကျိန်ဆိုထားခဲ့သည့် 'ကတိ'အတိုင်း ခံယူသွားခဲ့သည်။ မှန်ပါသည်။

ထိုအမျိုးသမီးကလည်း သူမ၏အမျိုးသား ရက်လည်ဆွမ်းသွပ်ပြီး ဆယ်ရက်ခန့်အကြာ၊ ညတစ်ညမှာ သူမ၏အိပ်ခန်းထဲရှိ ခုတင်ပေါ်တွင် အဆိပ်သောက်ပြီး သူမကိုယ်သူမ အဆုံးစီရင်သွားခဲ့ပါလေသည်။ သူတို့နှစ်ဦးသည် ထူးဆန်းသည့် (Suicide-Killer) တွေ ဖြစ်ခဲ့ကြသည်။





ယင်းမှာ နာနာဘာဝခြောက်လှန့်မှုလော၊ ထူးဆန်းသော စိတ်အာရုံစွဲလမ်းမှုလော။

ပရလောက၏ လျှို့ဝှက်ဆန်းကြယ် စိတ်နယ်လွန်ဖြစ်ရပ်တစ်ခုလားဆိုသည်ကိုတော့ မည်သူမှ အသေအချာ မပြောနိုင်ပါ။

မည်သို့ဆိုစေ ထို 'ဗြိတိသျှတိုက်အိမ်ကြီး' ကတော့ကလောမြို့၌ ယခုတိုင် ထူးဆန်းသော အိမ်ကြီးတစ်အိမ် ဖြစ်ခဲ့ပါသတည်း။ ယခုထိတိုင်လည်း ထိုတိုက်အိမ်ကြီးက တည်ရှိနေဆဲဖြစ်ပါသည်။

နန်းထိုက်စိုး (နိုင်ငံခြားဘာသာသိပ္ပံ)

www.burmeseclassic.com




[ ၁ ]

❑

အကျဉ်းထောင်အတွင်း၌ ပြစ်ဒဏ်ကျခံနေရသူ အများစုသည် ဘာ၊ ဒေါသ၊ မောဟတစ်ခုခုကို သည်းခံချိုးနှိမ်နိုင်စွမ်းမရှိဘဲ ပြစ်မှုကျူး ခဲ့၍ အကျဉ်းသားဖြစ်လာရသူများဖြစ်၏။ ကျန်လူနည်းစုမှာကား မူလ ပြစ်မှုကျူးလွန်ရန် ရည်ရွယ်ချက်မရှိလှသော်လည်း ထန်းသီးကြွေခိုက် နေင်းခိုက်ဆိုသလို ဆွမ်းခံရင်း ငှက်သင့်ခံရရာမှ အကျဉ်းသားဘဝသို့ ျှော်လင့်ဘဲ ရောက်ရှိခဲ့ကြသူများ ဖြစ်တတ်၏။

မည်သို့ဆိုစေ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ အယူအဆမှာ လူတစ် ာက် ဘာကြောင့် ပြစ်မှုကျူးလွန်စေကာမူ ထိုသူ၏ ကံကြမ္မာ ဖာတာ၊ ။ လက် နိမ့်ကျနေ၍သာ ထောင်သွင်း အကျဉ်းချခံရသည်ဟူလို။ ထို့ပြင် ာင်ဆိုသည်ကိုလည်း မီးနေအိမ်လို မသန့်ရှင်းသောနေရာ၊ ဘုန်းကံမဲ့ များ၏ နေရာအဖြစ် သမုတ်ချင်ကြသေး၏။

တစ်နည်းအားဖြင့် မည်မျှပင် ဘုန်းမီးနေလ ရဲစွမ်းသတ္တိဖြင့် ပြည့်စုံ ဖြစ်ပါစေ၊ ထောင်ဘူးဝမှ ငုံ့ဝင်လိုက်ရလျှင်ပင် သူ၏ မွေးရာပါ ဇာတိဒေး တိမာန်များ ရုတ်ခြည်း ချည့်နဲ့ပျော့ညံ့သွားသလို ယူဆတတ်သူပင်ရှိ၏။

www.burmeseclassic.com



ထို့ကြောင့်ပင် မဟုတ်ပါလား။ လူတစ်ယောက် အကျဉ်းကျ ပြန်လွတ်မြောက်လာသည်နှင့် ထိုသူ ထောင်ထဲ၌ဝတ်လာသော အဝတ် များကို မီးရှို့ပစ်ခြင်း၊ ထိုသူအိမ်ထဲမဝင်မီကပင် တရော်ကင်ပွန်း အမွှေး များဖြင့် ရေချိုးစေခြင်း၊ အကျဉ်းကျစဉ်က ပေါက်လာခဲ့သော ဆံပင် မုတ်ဆိတ်ကျင်စွယ်တို့ကို ဖယ်ရှားရိတ်သိမ်းကာ လူဝတ်ကြောင်ကို စွန့် ဒုလ္လဘရဟန်းခံစေခြင်း စသည် ယတြာဆန်ဆန် ကုသိုလ်ကောင်းမှုများ ယခင်ကလို ဇာတာစန်းလက်ပြန် တက်လာစေရန် ကြိုးပမ်းအားထုတ်တတ် သည်။

တချို့မှ ထောင်ချခံလိုက်ရ၍ နိမ့်ကျသွားသော လူ့သိက္ခာကို သည့်နည်းနှင့်မျှ နဂိုလူကောင်းဖြစ်ရန် ပြန်မြှင့်တင်၍ မရနိုင်။ လူ့ တစ်ကြိမ်စွန်းထင်းခဲ့ပြီးသော အမည်းစက်ကို တစ်သက်တာ ကိုယ်ရေးရာ တွင် ဖျောက်ဖျက်၍ ရနိုင်သည်မဟုတ်။

ထိုကဲ့သို့သော လူမျိုးများကို လူ့အသိုင်းအဝိုင်းမှ မောင်းထုတ် ရန် မဖြစ်နိုင်သော်လည်း မိမိတို့နှင့် ဘဝချင်း ထိစပ်ဆက်နွယ်မလာ တော့ အထူးဂရုပြု ရှောင်ရှားသင့်သည်ဟု ရှေးရိုးဝါဒစွဲလူမျိုးလည်း ရှိ ၏။

ကျွန်ုပ်အနေနှင့်မူ ကံအကြောင်းမသင့်၍ ထောင်တစ်ကြိမ် သူအား တစ်သက်လုံး လူဆိုးလူသွမ်းအဖြစ် သတ်မှတ်ရန်မသင့်ဟု မိသည်။ အဘယ်ကြောင့်ဆိုသော် ယခင်က ခိုးဆိုးမိုက်မဲခဲ့သူများ ထောင်မှထွက်သွားပြီးမှ လူကောင်းသူကောင်းဖြစ်နေသူများစွာ တွေ့ရ သည်။

ကျွန်ုပ်အတွေ့အကြုံအရ ထောင်ကျနေသော အကျဉ်းသား ကို လူဆိုးလူသွမ်းအဖြစ် သတ်မှတ်၍မရပေ။ သူတို့သည် အကြောင်း ကြောင့် ပြစ်မှုကျူးလွန်ခဲ့မိကြကာ တရားဥပဒေနှင့် ငြိစွန်းနေသဖြင့် အကျဉ်းကျခံနေရသော်လည်း သူတို့၏ ပင်ကိုစိတ်ရင်းမှာ လူသူတော်ကော များသဖွယ် ဖြစ်နေတတ်၍ပင်။

---

စိတ်ကူးသစ်စာပေ



ထို့အတူ အပြင်လောက ရှိနေသူတိုင်းကိုလည်း လူကောင်းသူ ကောင်းအဖြစ် မသတ်မှတ်သင့်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုသူများ ...ကြာ တချို့မှာ ပြစ်မှုများကို တစ်ခုပြီးတစ်ခုကျူးလွန်နေသော်လည်း တရား ဥပဒေနှင့် မငြိစွန်းသေး၍ အနှောင်အဖွဲ့မှ လွတ်မြောက်နေကြခြင်းဖြစ်သည်။ ထိုသူတို့ကို သိုးရေခြုံထားသော မြေခွေးများဟုဆိုနိုင်သည်။

နောက်တစ်ခု။ ရှေးရိုးဆန်သူအချို့၏ ထောင်ဘူးဝထဲ ငုံဝင်လိုက် ...ည်နှင့် ကိုယ်ရည်ကိုယ်သွေးကျဆင်းကာ ဘုန်းကံမဲ့သူလို ဇာတိသွေး ဇာတိ ...န် ချည့်နဲ့ပျော့ညံ့သွားတတ်သည်ဟူသော အယူအဆကိုလည်း ကျွန်ုပ် ...ဘ်မခံနိုင်ပေ။

အဘယ်ကြောင့်ဆိုသော် ထောင်ထဲရောက်မှ တရားကျင့်ကြံအား ...ထ်၍ ပေါက်မြောက်အောင်မြင်သွားသော သူတော်စင်များရှိသလို အကျဉ်း ...အဘဝတွင် ရေးခဲ့သော စာအုပ်အချို့ ကမ္ဘာကျော်နိုဗယ်ဆုရသည်အထိ ...န်အောင်မြင်ခဲ့ဖူး၍ ဖြစ်သည်။

ထိုသူတို့အနက် ကျွန်ုပ်တာဝန်ကျခဲ့သည့် အကျဉ်းသားထောင်တစ်ခု ...င် ဆုံတွေ့ခဲ့ရသော အကျဉ်းသူတစ်ဦး၏ ဖြစ်ရပ်မှာကား မယုံကြည်နိုင် ...လောက်အောင် ဆန်းကြယ်လှသည်။ သူမမှာ ပြစ်မှုဆိုင်ရာ ဥပဒေအရ ...ကျဉ်းကျနေသူဖြစ်ပါလျက် သူမ၏စိတ်အာရုံဝယ် လွန်ကဲစွာပေါ်ထွန်းလာ ...သာ ရှေ့ပြေးနိမိတ်ပုံရိပ်များမှာ အလွန်ထူးခြား၍ ဂမ္ဘီရဆန်လှပေသည်။

ရှေ့ ဘာဖြစ်မည်ကို ကြိုတင်သိနေသော စိတ်နယ်လွန်ဝေဒနာ ...ည်၏ ဟောချက်များမှာ အကျဉ်းထောင်လုံခြုံရေးကို ခြိမ်းခြောက်တတ် ...ရာ ကျွန်ုပ်တစ်သက်တာဝယ် မေ့ဖျောက်၍ မရနိုင်လောက်အောင် ဆန်း ...ယ်လွန်းလှသည်။

ထိုသို့ ဇာတာဆန်း လက်နိမ့်ကျ၍ ထောင်ကျနေသူဖြစ်ပါလျက် ...ကျဉ်းထောင်ကို သိမ့်သိမ့်တုန်အောင် လှုပ်ခါပစ်ခဲ့နိုင်သော ထူးခြားသည့် ...ကျဉ်းသူတစ်ဦး၏ အံ့ဖွယ်ဖြစ်ရပ်ဆန်းများသည်ကား ...

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၂ ]

❑

"ဒေါက် … ဒေါက် … ဒေါက် …"

နံနက်စောစောစီးစီး တံခါးခေါက်သံကြား၍ ကျွန်ုပ် ဖွင့်ပေးလို
သည်။

"အလို … ခင်မမပါလား။ စောလှချည်လား"

အမျိုးသမီး ထောင်ကျအဆောင်မှူး ဒေါ်ခင်မမဖြစ်နေသည်။

"ကျွန်မ သတင်းပို့စရာရှိလို့ပါ ဆရာ"

"ဟုတ်လား။ ကဲ … ဆို"

ဒေါ်ခင်မမမှာ အရပ်ဝတ်စုံနှင့်ပင်ဖြစ်၍ ယူနီဖောင်း မလဲရသေ
ထောင်ဖွင့်ပြီး ပြန်ထွက်လာပုံပင်။

"ဒေါ်ကေသီဦးက ပြောတယ်။ ဒီနေ့ အပြင်ဘုတ်အကျဉ်းသ
တစ်ယောက် ထွက်ပြေးတာ မြင်တယ်တဲ့"

"ဟေ … ဘယ်တုန်းက ပြောတာလဲ"

"ခုမနက် ထောင်ဖွင့်အပြီးမှာ ပြောလိုက်တာပါ"

ကျွန်ုပ် သက်ပြင်းတစ်ချက် ချလိုက်ကာ …





"အင်း … ဒေါ်ကေသီဦးရဲ့ စကားတွေက မှန်မှန်နေတတ်တော့ ခက်တော့ခက်သားကွယ့်။ အေးလေ … ဘာပဲဖြစ်ဖြစ်၊ အပြင်ဘုတ်တွေ လုံးဝ မထုတ်နဲ့ဦးလို့ တာဝန်မှူးကို ဝင်ပြောလိုက်ပါ။ ဂိတ်စာရေးကို ခဏ လွှတ်လိုက်ဦး ခင်မမ"

"ဟုတ်ကဲ့ ဆရာ"

အချိန်မှာ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်ခန့် နံနက်စောစော နှင်းမြူများပင် မကွဲတတ်သေးသော ဆောင်းဦးပေါက်ကာလတစ်ခုက ဖြစ်၏။ နေရာမှာ မန္တလေးတိုင်း ထောင်အုပ်စုအတွင်းရှိ (ဂ)အဆင့်ရှိ အကျဉ်းထောင်တစ်ခုတွင်ဖြစ်သည်။

ထိုနေ့နံနက် ၆ နာရီထိုးလုချိန်၌ ထောင်မှူး ဒေါ်ခင်မမ ကျွန်ုပ်နေထိုင်ရာ အကျဉ်းထောင်ဘူးဝနေအိမ်ပေါ်သို့ လာရောက်သတင်းပို့ခဲ့ခြင်းပင်။ ဒေါ်ခင်မမမှာ တပ်သားဘဝကပင် အင်းစိန်ဗဟိုအကျဉ်းထောင်ကြီးတွင် ကျွန်ုပ်နှင့် ဆုံတွေ့ခဲ့ဖူးသူဖြစ်၏။

ယခု ထောင်မှူးဖြစ်လာချိန်တွင် သူမက ဤနယ်အကျဉ်းထောင်၌ ကျွန်ုပ်ထက် တစ်နှစ်စော၍ တာဝန်ထမ်းဆောင်နေခဲ့သူဖြစ်၏။ ကျွန်ုပ်မှာ နယ်အကျဉ်းထောင် အလုပ်စခန်းများတွင် လှည့်လည်တာဝန်ထမ်းဆောင်ခဲ့ရပြီး ဤအကျဉ်းထောင်သို့ ပြောင်းရွှေ့ရောက်ရှိလာချိန်တွင်မှ တပည့်ဟောင်း ဒေါ်ခင်မမနှင့် ပြန်လည်ဆုံတွေ့ခဲ့ရခြင်းဖြစ်၏။

"ဆရာ … ဟိုလူသေမှုနဲ့ ထောင်ငါးနှစ်ကျလာတဲ့ အကျဉ်းသူ ဒေါ်ကေသီဦးဆိုတာကို မှတ်မိတယ်မဟုတ်လား"

ကျွန်ုပ် ဤအကျဉ်းထောင်သို့ ရောက်ရှိတာဝန်ထမ်းဆောင်၍ တစ်လမပြည့်တတ်သေးသော နေ့တစ်နေ့တွင် ဒေါ်ခင်မမက ထောင်ဘူးဝ ရုံးခန်းရုံးထဲ၌ မေးလိုက်ခြင်းဖြစ်၏။ ဤသည်မှာ ကျွန်ုပ် ဒေါ်ကေသီဦးဆိုသူ အကြောင်း၊ စတင်သိရှိရခြင်းပင်။

"နေပါဦး … ဒေါ်ကေသီဦးဆိုတာ ညောင်ဦးခရိုင်၊ ဇီးပင်ကုန်း ကျေးရွာက ဘာသာရေးလိုက်စားတဲ့ ဖြူဖြူသွယ်သွယ်နဲ့ အမျိုးသမီးမဟုတ်လားကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"အစစ်ပေါ့ ဆရာ"

"အဲဒါ ဘာဖြစ်လို့လဲ ခင်မမ"

"သူ ဒီမနက် အရုဏ်တက်မှာ ပုတီးစိပ်နေတုန်း အကျဉ်းသား နှစ်ယောက် ထောင်ဖောက်ပြေးဖို့ ကြံစည်တာ သူ့အာရုံထဲ မြင်ရတယ်တဲ့ ဆရာ"

ကျွန်ုပ်မှာ အဆိုပါ အကျဉ်းသူနှင့် ပတ်သက်၍ ပထမဦးဆုံး ကြား ဖူးခဲ့ခြင်းဖြစ်ရာ ဇဝေဇဝါဖြင့် ပြန်မေးရ၏။

"ဒါနဲ့ အဲဒီ ဒေါ်ကေသီဦးက အရင်ကရော ဒီလိုမြင်ဖူးသတဲ့လား"

"ကျွန်မလည်း သူထောင်ကျလာပြီးကတည်းက ဒါမျိုး ဒီတစ်ခါ ပဲ ကြားဖူးသေးတယ် ဆရာ"

"ဒေါ်ကေသီဦး ထောင်ကျလာတာ ဘယ်လောက်ကြာပြီလဲကွယ့်"

"သုံးလကျော်ကျော်လောက်ပဲ ရှိဦးမယ်"

"သူ ထောင်မကျလာခင်တုန်းကရော ဒါမျိုး ကြုံခဲ့ဖူးသတဲ့လား"

"ဟင့်အင်း ... အဲဒါတော့ တစ်ခါမှ မမေးကြည့်ခဲ့မိသေးဘူး"

ကျွန်ုပ် ဘာမှ ဆက်မမေးမိတော့။ စိတ်ထဲ သိပ်မပါ၍ဖြစ်၏။ အကျဉ်းသား တော်တော်များများမှာ အပြင်တွင် နေထိုင်ခဲ့စဉ်က ဘုရားကို ပင် ဟုတ်တိပတ်တိ မရှိခိုးခဲ့ကြသော်လည်း ထောင်ကျလာသည်နှင့်တစ်ပြိုင် နက် ပုတီးကို လက်ကမချဘဲ ကိုင်လာတတ်ကြသည်။

ပြီးတော့ ဟိုနိမိတ်မြင်သယောင်ယောင်၊ ဒီနိမိတ် မြင်သယောင် ယောင် အမျိုးမျိုး ပြောလာတတ်ကြ၏။ နောက်တော့လည်း ဘာမှမဟုတ်။

အခုလည်း ဒေါ်ကေသီဦးဆိုသူမှာ အပြင်တွင် နေစဉ်ကတည်းက ဘာသာရေး လိုက်စားခဲ့ဟန်တူသည်။ ထောင်ကျလာပြီးနောက် အလုပ်အား ချိန်တိုင်း ပုတီးစိပ်၊ တရားထိုင်ခြင်းအမှုကို ဆက်လက်ကျင့်ကြံအားထုတ် ခဲ့သူဖြစ်၏။ ထိုအခါ ယခင်က အကျဉ်းသားတို့၏ အစဉ်အလာအတိုင်း ဒေါ်ကေသီဦးဆိုသူလည်း မြင်ချင်ရာ မြင်လာခြင်းဖြစ်မည်ဟု ယူဆထားခဲ့ မိသည်။





သို့တစေ ကျွန်ုပ်၏ယူဆချက်မှာ တက်တက်စင် လွဲမှားခဲ့ပါလေ သည်။ အဘယ်ကြောင့်ဆိုသော် ထိုနေ့ညနေ ထောင်ပိတ်စဉ် လူနှစ်ယောက် လိုနေ၍ အရေးပေါ် အုတ်ရိုးပတ်ပြီး ရှာဖွေကြရာ အကျဉ်းထောင်အနောက် တောင်ဘက်ထောင့်ရှိ အလုပ်ရုံထဲမှ ၆" x ၂" အရွယ် သစ်သားရှည်နှစ် ချောင်းဆွဲထုတ်၍ အုတ်ရိုးကျော်တက် ထွက်ပြေးရန် ကြံစည်နေသော အကျဉ်း သားနှစ်ယောက်ကို လက်မတင်ကလေး ဖမ်းဆီးနိုင်ခဲ့၏။

တော်ပေသေး၏။ ကျွန်ုပ်၏ အုပ်ချုပ်မှုအတိုင်း လုံခြုံရေးကို အမိက ထားချထားခြင်းနှင့် တာဝန်ကျဝန်ထမ်းများ၏ နိုးကြားတက်ကြွခြင်းတို့ ကြောင့်သာ အချိန်မီ ကာကွယ်နိုင်ခဲ့ကြခြင်းပါပေ။ ဤနေရာ၌ ကျွန်ုပ်အား သံသယပွားစေ ဝေစေသည့်အချက်မှာ ယခုကိစ္စသည် ဒေါ်ကေသီဦး ကြို တင်မြင်တွေ့ခဲ့သည့်အတိုင်း ဖြစ်ပေါ်လာခဲ့ခြင်းပေလား၊ သို့တည်းမဟုတ် မတော်တဆ တိုက်ဆိုင်ခြင်းပေလား။

ထိုအချက်ကိုမူ ကျွန်ုပ် အတည်မပြုနိုင်သေး။

"ဒီနေ့ အကျဉ်းသားချင်း ရိုက်မှုဖြစ်ပြီး တစ်ယောက်သေမယ်တဲ့ ဆရာ"

နောက်တစ်လခန့်အကြာတွင် ဒေါ်ကေသီဦးထံမှ ကြားရပြန်သည်။ ကျွန်ုပ်နှင့်တကွ အကျဉ်းထောင်ဝန်ထမ်းအားလုံးက ဒေါ်ကေသီဦးထံမှ သတင်း ဆိုလျှင် နားစွင့်အာရုံပြုတတ်ပေရာ အထူးတလည် အမိန့်ပေးနေစရာပင် မလိုဘဲ လုံခြုံရေးကို သူ့အလိုအလျောက် ဆထက်တန်ပိုးတိုး၍ ဆောင်ရွက် တတ်လာကြ၏။

ထို့ကြောင့်ပင်ထင်သည်။ ထိုနေ့ညနေ ထောင်ပိတ်ပြီးသွားသည် အထိ ဘာပြဿနာမှ မပေါ်ဘဲ အေးအေးချမ်းချမ်း ရှိနေခဲ့လေသည်။ ထို့ ကြောင့်လည်း ဒေါ်ကေသီဦး၏ ရှေ့ပြေးအာရုံနိမိတ်အပေါ် သံသယဝင်မှုက ဗိုလာခဲ့သည်။

သို့သော် ပြဿနာကား ည(၁၂)နာရီတွင်မှ ပေါ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထောင်ကျဆောင်အပေါ်ထပ် (၃) ခန်းမှ ခွမ်းခနဲ အားခနဲ အသံများ ကျယ်လောင်စွာ ကြားလိုက်ရသဖြင့် တာဝန်ကျ ဝန်ထမ်းများ အပြေးရောက် သွားကြသည်။

မြင်ကွင်းကား ရှောက်ချားစရာဖြစ်၏။

နှစ်နှစ်မြိုက်မြိုက် အိပ်မောကျနေသော အကျဉ်းသားဖော်ကြီးဆို သူအား အကျဉ်းသား ထွန်းအုံ့ဆိုသူက ရေတစ်ဝက်ကျော်ကျော်ရှိသေးသော ရေအိုးဖြင့် ခေါင်းကို ရိုက်ခွဲလိုက်ခြင်းဖြစ်၏။ သူတို့နှစ်ယောက်မှာ အမှုတွဲ များဖြစ်ကာ အပြင်ကပါလာသော ရန်ငြိုးကြောင့်ဟု သိရသည်။

အကျဉ်းသားဖော်ကြီးအား ချက်ချင်း ပြည်သူ့ဆေးရုံသို့ အရောက် ပို့ရသည်။ ဆရာဝန်၊ ဆရာမများ ကြိုးစား၍ ကုသပေးကြသည်။ သို့တစေ ဖော်ကြီးကား ကံမကောင်းရှာ။ နောက်တစ်နေ့ လင်းအားကြီးမှာပင် သွေးထွက် လွန်၍ သေဆုံးသွားလေသည်။

ဤသို့ဆိုလျှင် ဒေါ်ကေသီဦး၏စကားမှာ သွေးထွက်အောင်သာမက လူသေသည်အထိပင် မှန်နေလေပြီလား၊ ဒေါ်ခင်မမ အပါအဝင်အရာရှိ ဝန်ထမ်းအားလုံးလိုလိုက ဒေါ်ကေသီဦး၏စကားကို အကြွင်းမဲ့ ယုံကြည်နေ ကြပါလေပြီ။

ကျွန်ုပ်အနေနှင့်မူ သူမ၏စကားများကို ငြင်းပယ်နိုင်စွမ်းမရှိသည့် တိုင် ဖြစ်ရပ်တိုင်းကို အမှန်ဟု မယူဆနိုင်သေးသဖြင့် စောင့်ကြည့်ရန်သာ ဆုံးဖြတ်ထားမိခဲ့သည်။

ဟော . . . ခုမနက်လည်း ဒေါ်ခင်မမကိုယ်တိုင် လာရောက်သတင်း ပို့သွားပြန်လေပြီ။ ယနေ့ အပြင်ဘုတ်က အကျဉ်းသားတစ်ယောက် ပြေးမည် တဲ့လေ။

ထောင်မှူး ဒေါ်ခင်မမထွက်သွား၍ မကြာမီ ဂိတ်စာရေး ဦးခင် မောင်နှင့် တာဝန်မှူး ထောင်မှူးဦးဆန်းထွန်းတို့ ရောက်လာကြသည်။ သူတို့ နှစ်ယောက်စလုံး ဒေါ်ခင်မမထံမှ သတင်းကြားထားပြီးဖြစ်၏။

"ကဲ . . . ဒေါ်ကေသီဦးပြောတာ ခင်ဗျားတို့ ဘယ်လိုသဘောရလဲ"

ကျွန်ုပ်က သွေးတိုးစမ်းမေးလိုက်သည်။





ထောင်မှူးက . . .

"ဒေါ်ကေသီဦးစကားတွေက မှန်နေတတ်တော့ ဒီနေ့ အပြင်ဘုတ် တွေ လုံးဝမထုတ်ရင် ကောင်းမယ်ထင်တယ် ဆရာ"

ဂိတ်စာရေးက . . .

"ဟို . . . မိလ္လာဘုတ်နဲ့ ရေထမ်းဘုတ်တော့ မထုတ်လို့မဖြစ်ဘူး ထင်တယ် ဆရာ"

ကျွန်ုပ်က ခေါင်းညိတ်ပြသည်။ ဂိတ်စာရေးပြောသလို မိလ္လာဘုတ် နှင့် ရေထမ်းဘုတ်က မဖြစ်မနေ ထုတ်မှဖြစ်ပေမည်။ တစ်နေ့တာ အကျဉ်း သားများသွားထားသော မိလ္လာများကို ထောင်တွင်း၌ မြှုပ်နှံလာသည်မှာ ကြာပြီ။

မိသားစုလိုင်းနှင့် အပြင်တောင်ယာအတွက် ရေများကို ထောင် မြောက်ဘက်ရေကန်မှတစ်ဆင့် လူအားဖြင့် သယ်ယူပို့ဆောင်ရသည်ဖြစ်ရာ ရေထမ်းဘုတ် တစ်နေ့မထုတ်နိုင်သည်နှင့် သောက်ရေ သုံးရေများ ပြတ်လပ် ပေတော့မည်။

"ဟုတ်တယ် . . . ဂိတ်စာရေးပြောသလို ထောင်ရိယာအတွင်းက ဘုတ်တွေတော့ ထုတ်ပါ။ ဒါပေမဲ့ ခါတိုင်းလို တစ်ဘုတ်ကို ဝန်ထမ်းတစ် ယောက်နှုန်းနဲ့ မဖြစ်ဘူး။ လက်နက်ကိုင်ဝန်ထမ်းတစ်ယောက်ပါ အားဖြည့် ပေးထားပါ"

"ဟုတ်ကဲ့ ဆရာ"

"ပြီးတော့ ခင်ဗျားတို့နှစ်ယောက် တစ်နာရီတစ်ခါ အလှည့်ကျ စစ်ဆေးကြပ်မတ်ပေးမှ ဖြစ်မယ်နော်"

"ကောင်းပါပြီ"

"ခါတိုင်း ထုတ်ပေးနေတဲ့ (၁)ရပ်ကွက်က လမ်းပြင်ဘုတ်နဲ့ မူလ တန်းကျောင်း စိုက်ပျိုးရေးဘုတ်တွေကိုတော့ ဒီနေ့ နားထားဗျ။ ဒီဘုတ်တွေ က ထောင်ရိယာအပြင်ဘက်ရောက်နေလို့ လုံခြုံရေး စိတ်မချရဘူး။ ဟုတ် ပြီနော်"

"ဟုတ်ကဲ့ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"တခြား ဘာသတင်းပို့စရာ ရှိသေးလဲ"

"မရှိတော့ပါဘူး"

ဂါတ်စာရေးက ...

"ဪ ... ထော်င်မှူး ဦးထွန်းနိုင်က ဒီနေ့ လွှတ်လူတွေလွှတ်ဖို့ အဆင်သင့်ဖြစ်နေပြီတဲ့ ဆရာ"

"ဟုတ်တယ် ... ကျွန်တော် ခုပဲသွားမလို့ပဲ"

ထို့နေ့နံနက်ပိုင်း လွှတ်လူများ လွှတ်ပေးပြီးသည်နှင့် ကျွန်ုပ်ကိုယ်တိုင် မိလ္လာဘုတ်နှင့် ရေထမ်းဘုတ်တို့ကို သွားရောက်စစ်ဆေးခဲ့သည်။ ဂါတ်စာရေးနှင့် တာဝန်မှူးတို့ ကြီးကြပ်နေကြသည့်အပြင် လက်နက်ကိုင်ဝန်ထမ်း အစောင့်များ ခပ်လှမ်းလှမ်းမှ စောင့်ကြပ်နေကြသည်။

ဤလုံခြုံရေး ဖွဲ့စည်းပုံအရဆိုလျှင် ယနေ့အဖို့ အကျဉ်းသားတစ်ယောက်မှ ထွက်ပြေးနိုင်စရာ အကြောင်းမရှိတော့။ အပြင်ဘုတ်အကျဉ်းသားဆိုသည်မှာ ကျခံရန် ကျန်ကာလခြောက်လအောက်သာ လိုတော့သူများဖြစ်ပေရာ မည်သူမှ လက်နက်ကိုင်ဝန်ထမ်းရှေ့မှ အမိုက်ခံ၍ စွန့်စွန့်စားစား ထွက်ပြေးရန် အကြောင်းမရှိ။

သည်အတိုင်းသာဆိုပါက ခုတစ်ခေါက်တော့ ဒေါ်ကေသီဦး၏စကားများ မှန်ကန်နိုင်တော့မည် မဟုတ်ပေ။ မမှန်ကန်ပါမှလည်း ဖြစ်ပေမည်။ သူမ၏ရှေ့ပြေးနိမိတ်များမှာ အကျဉ်းထောင်အတွက် ကောင်းကျိုးများ မပါတတ်။ အကျဉ်းထောင်ကို အကျည်းတန်စေမည့် အနိဋ္ဌာရုံစကားများ ဖြစ်နေတတ်သည်မဟုတ်လား။

သို့သော် ဤဖြစ်ပျက်လောက၏ သဘာဝတရားကြီးက မယုံကြည်လောက်အောင် ဆန်းကြယ်လွန်းလှသည်။

"ဆရာ ... စည်ပင်သာယာက ကိုကျော်စိုး ရောက်နေတယ်။ ဆရာနဲ့ တွေ့ချင်လို့တဲ့"

နေ့ခင်းတစ်နာရီခန့်တွင် တံခါးတာဝန်ကျဝန်ထမ်းက လာသတင်းပို့သည်။

"ဟုတ်လား ... ဝင်ခွင့်ပေးလိုက်ပါ"





ဝန်ထမ်းက ထောင်တံခါးလေးဖွင့်လိုက်စဉ် ကိုကျော်စိုးဆိုသူ ထောင်ဘူးဝရုံးခန်းတွင်း ရောက်လာသည်။

"လာ ... ကိုကျော်စိုး၊ ဘာကိစ္စရှိလို့လဲ"

ကျွန်ုပ် ခရီးဦးကြိုပြုကာ ကုလားထိုင်တစ်လုံးဆီ ညွှန်ပြလိုက်သည်။

"မြို့မဈေးကြီးအလယ်က ညောင်ပင်ကြီး အမြစ်ကကျွတ်ပြီး လဲကျလို့ ဆိုင်ခန်းလေးငါးဆယ် ပိပြားကုန်တယ် ခင်ဗျား။ အဲဒါကို ရှင်းလင်းဖို့ ကျွန်တော်တို့စည်ပင်အဖွဲ့နဲ့ မလုံလောက်လို့ မြို့နယ်ဥက္ကဋ္ဌကြီးက ဆရာ့ဆီက အကျဉ်းသားလုပ်အား အကူအညီတောင်းဖို့ လွှတ်လိုက်လို့ပါ ... ထောင်မှိုင်ကြီး"

ကဲ ... ကောင်းကြပါရောလား။ ကျွန်ုပ်က ဘာများတတ်နိုင်ပါဦးမည်နည်း။

အကျဉ်းထောင် တာဝန်ခံတစ်ယောက်သည် မိခင်ဌာန၏အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်နိုင်ရုံနှင့် မပြီးသေး။ သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများနှင့်လည်း အဆင်ပြေအောင် ဆောင်ရွက်သွားရန် ညွှန်ကြားထားသည် မဟုတ်ပါလား။

ဒီတော့ ...

"ကဲ ... တာဝန်မှူးရေ တပ်ကြပ်အောင်အောင်နဲ့ စိတ်ချရတဲ့ အပြင် ဘုတ်အကျဉ်းသားဆယ်ယောက် ရွေးပြီး ထုတ်ပေးလိုက်။ အရန် ဝန်ထမ်းတစ်ယောက်နဲ့ လက်နက်ကိုင်အစောင့်တစ်ယောက်ပါ ထည့်ပေးလိုက်။ တာဝန်မှူးကိုယ်တိုင် ကြီးကြပ်ပြီး လိုက်သွား။ လုံးဝ ထွက်မပြေးစေနဲ့"

"ဟုတ်ကဲ့ ... စိတ်ချပါဆရာ"

ဟုတ်ပါ့။ မြို့မဈေးကြီးထဲရောက်တော့ စည်ပင်ကအဖွဲ့တွေရော လာကြည့်ကြတဲ့ ပရိသတ်ကပါ များနေတော့ စိတ်ချရသပေါ့။ အကျဉ်းသား ထွက်ပြေးဖို့ ဘယ်လွယ်ပါ့မလဲ။ နောက်ဆုံး ညောင်ပင်ကြီးကို အပိုင်းပိုင်း ဖြတ်တောက်ခုတ်ထစ်၍ ကားပေါ်တင်ပေးခဲ့ရသည်အထိ အခြေကိုပြေလို့။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အားလုံးပြီးလို့ လုပ်ငန်းခွင်က ခြေကုန်လက်ပန်းကျပြီး ပြန်လာကြစဉ် ထောင်နားရောက်မှ အကျဉ်းသားတစ်ယောက် ရုတ်တရက် ထွက်ပြေးလွတ်မြောက်ခဲ့သည်။

ဘာကြောင့် ဒီဇလာက်တောင် မှန်အောင် ကြိုတင်ဟောကိန်း ထုတ်နိုင်တာလည်း ဒေါ်ကေသီဦးရယ်။ နောက်ဆုံးတော့ သူမအား ကျွန်ုပ် ကိုယ်တိုင် ခေါ်ယူမေးမြန်းရပါတော့၏။

"ကဲ ... ဒေါ်ကေသီဦး တစ်ကြိမ်ဟုတ်၊ နှစ်ကြိမ်မဟုတ် ဘာလို့ ခဏခဏ မှန်အောင်ပြောနိုင်တာလဲ ဟင်"

ကျွန်ုပ်ကသာ အများခေါ်သလို ဒေါ်တပ်ခေါ်လိုက်ရသည်။ သူမ မှာကား အသက်သုံးဆယ်ပင် ပြည့်တတ်ပုံမရသေး။

"ဟို ... ထောင်ပိုင်ကြီး၊ ကျွန်မ ဘယ်ကစလို့ ဘယ်လိုပြောရ မှန်းတောင် မသိတော့ပါဘူးရှင်"

"အဲလိုဆိုရင်လည်း အစကနေသာ စပြောပါတော့ ဒေါ်ကေသီဦး"

"ဟုတ်ကဲ့ ... ဒီလိုပါ ထောင်ပိုင်ကြီး။ ကျွန်မက ညောင်ဦးခရိုင်၊ စီးပင်ကုန်းကျေးရွာ သူကြီးဦးထွန်းရွှေနဲ့ ဒေါ်လှမြိုင်တို့ရဲ့ အကြီးဆုံးသမီး ကြီးပါ။ ကျွန်မအောက်မှာ ညီမလေးနှစ်ယောက် ရှိပါတယ်။

ကျွန်မတို့ရွာကို ကျေးရွာကြီးလို့ခေါ်ကြပေမယ့် မြို့နဲ့ ငါးမိုင်လောက် ပဲ ဝေးကွာတာကြောင့် ခေတ်မီတိုက်တာအိမ်ခြေ အတော်အတန်ရှိပြီး လယ် ယာကိုင်းကျွန်းလုပ်ငန်းနဲ့ စီးပွားရေးတောင့်တင်းတဲ့ ရွာကြီးဖြစ်ပါတယ်။ အဖြစ် အပျက်က လွန်ခဲ့တဲ့ နှစ်နှစ်လောက်က စခဲ့တာပါရှင်"

"ဟုတ်လား ... ဆိုပါဦး"

"အဲဒီနှစ်က နွေကျောင်းပိတ်တော့ မေမေရယ်၊ ညီမလေးနှစ် ယောက်ရယ်၊ ဖျာပုံမှာနေတဲ့ ဒေါ်လေးမိသားစု အလှူရှိလို့ ဆင်းသွားကြ တယ်။ ကျွန်မကတော့ ဖေဖေ့လုပ်ငန်းတွေမှာ ကူလုပ်ပေးနေရတာဆိုတော့ ရွာမှာပဲ နေခဲ့ရတယ်။ အဲဒါ ကံဆိုးချင်တော့ ဘုရားဖူးသွားကြရင်း မိုးဦး လေဦးမှာ မုန်တိုင်းမိပြီး မော်တော်နစ်တဲ့အထဲ ပါသွားကြတယ်လေ"





"ဖြစ်ရလေဗျာ"

"မုန်တိုင်းမိတာဆိုတော့ အလောင်းတော်တော်များများ မတွေ့ဘူး ။ ကယ်ဆယ်ရေးအဖွဲ့တွေ ကြိုးစားရှာဖွေနိုင်လို့ ညီမအငယ်ဆုံးရဲ့ လောင်းကိုပဲ ပြန်ရှာတွေ့လို့ သင်္ဂြိုဟ်ခွင့်ရခဲ့တယ်။ မေမေနဲ့ ညီမလတ်တို့ တော့ လုံးဝ ပြန်ရှာလို့ မတွေ့ခဲ့တော့ပါဘူး။

အဲဒီအချိန်ကစပြီး မိသားစုငါးယောက် ပျော်ပျော်ရွှင်ရွှင်နေခဲ့ကြ ရွာလယ်က အထင်ကရ နှစ်ထပ်တိုက်ကြီးမှာ ဖေဖေရယ်၊ ကျွန်မရယ်၊ လေးမဖြူရယ် သုံးယောက်ထဲ ကျန်ခဲ့ကြတော့တယ်။

ဒီကြားထဲ ဖေဖေက စီးပွားရေးကတစ်ဖက်၊ ရပ်ရွာ သာရေးနာရေး တစ်ဖက်နဲ့ အိမ်မှာမရှိချိန်က ပိုများပါတယ်။ မဖြူကလည်း ၁၀ တန်း ကျောင်းသူဆိုတော့ နေ့ခင်းဘက်ဆို အိမ်ကြီးပေါ်မှာ ကျွန်မ တစ်ယောက် ည်း အထီးကျန်နေတာပေါ့ရှင်"

"အင်း ... ဟုတ်တာပေါ့လေ"

"ဒါပေမဲ့ ကျွန်မ သွားလေသူနဲ့ ညီမလေးတွေကို မကြာမကြာ မက်မက်ရာက ဘုရား၊ တရားကို ပိုပြီး ယုံကြည်ကိုးကွယ်ရာက ဘာသာ ာက်ကို လုံးလုံး ရောက်သွားမိတယ်။ မနက်အရုဏ်တက်ကတည်းက ချ် အိပ်ရာဝင်တဲ့အထိ သရဏဂုံသုံးပါး၊ ဂုဏ်တော်ကိုးပါး၊ သမ္ဗုဒ္ဓေ ာတော်၊ မာရဏပရိတ်တော်၊ ပဋ္ဌာန်းပါဠိတော်တွေ ရွတ်ဖတ်သရဇ္ဈာယ် ပုတီးစိပ်၊ တရားထိုင်ရင်း အထီးကျန်ဘဝကို ဖြတ်သန်းခဲ့ရတယ်။

နောက်ပိုင်းမှာ ပရိတ်ကြီး (၁၁) သုတ်အထိ ရွတ်ဖတ်လာနိုင်ပြီး ရင့်သာတဲ့အခါ (၇)ရက်၊ (၁၀)ရက် စတဲ့ မိုးကုတ်ဝိပဿနာတရားစခန်း ထိ ဝင်ပြီး ကျင့်ကြံအားထုတ်လာနိုင်တယ်ရှင့်"

"ဝိပဿနာကတော့ ဗုဒ္ဓဘာသာဝင်တိုင်း မဖြစ်မနေ အားထုတ် ့တဲ့ ကျင့်စဉ်ပါပဲ"

"အဲဒီလို နိဗ္ဗာန်ဝဗုဒ္ဓဘုရားရိပ်အောက်မှာ အထီးကျန်ဘဝကို ထားပြီး တရားထိုင်နေတုန်း တစ်နေ့မနက်အရုဏ်တက်အချိန်မှာ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



စိတ်အာရုံမြင်ကွင်းထဲမှာ ထူးထူးခြားခြား ပုံရိပ်တစ်ခုကို လှုပ်လှုပ်ရှား မြင်လိုက်ရတယ်ရှင့်''

''ဘယ်လို ထူးခြားတဲ့ လှုပ်ရှားမှုများလဲ''

''အဲဒီမြင်ကွင်းကြောင့် ကျွန်မတစ်ကိုယ်လုံး တဆတ်ဆတ် ယင်လာပြီး ဇာချွေးတွေတောင် ပြန်လာမိတယ်ရှင့်''

''ဟုတ်လား''

''တခြားတော့ မဟုတ်ပါဘူး။ အိမ်ကကြောင်ထီးကြီး ရွှေဝါရယ် ကြွက်တစ်ကောင်ကို မရမကလိုက်ရာက အိမ်ခေါင်မိုးပေါ် ရောက်သွားတ အဲဒီက ဆက်အလိုက်မှာ ရွှေဝါဟာ အိမ်ရှေ့က သွေးနေတဲ့ရေတလျှော ကိုနင်းမိပြီး အိမ်ရှေ့က သမံတလင်းပေါ် ပြုတ်ကျသွားတယ်။

ရွှေဝါဟာ နှစ်ချက်လောက်ပဲ ဆန့်ငင်ဆန့်ငင်နဲ့ လှုပ်လိုက်နိုင် အသက်ထွက်သွားပါလေရော။ အဲဒီမြင်ကွင်းကို ရုပ်ရှင်ပိတ်ကားပေါ်မှာ ကြ နေရသလို အတိုင်းသားမြင်လိုက်ရတာဆိုတော့ ကျွန်မနှုတ်က 'အမယ်လေ လာကြပါဦး' လို့ အသံအကျယ်ကြီး ဗြော်ဟစ်လိုက်မိတယ်ရှင့်''

''ဩော် ...''

''ပြီးတော့ တူမလေး မဖြူနုမည်ကို နှုတ်က တကြော်ကြော် ခေါ်ရင်း အိမ်ပေါ်ကနေ ကတိုက်ကရိုက် ပြေးဆင်းလာမိတယ်။ အိမ် ရောက်လို့ ကြောင်ကြီးရွှေဝါ ပြုတ်ကျတဲ့နေရာဆီ အမြန်ပြေးကြည့်လို တော့ အိမ်ရှေ့မှာ ဘာမှ ထူးထူးခြားခြား မတွေ့ရဘူး။

လင်းထိန်နေတဲ့ မီးချောင်းရောင်အောက်မှာ ပကတိငြိမ်သက် ရှင်းလင်းနေတယ်။ အဲဒီအချိန်မှာ 'ဘာဖြစ်လို့လဲ ဒေါ်လေး' လို့ အနီးကပ် လိုက်တဲ့ အသံကြားလို့ ကမန်းကတန်း လှည့်ကြည့်လိုက်တယ်။ မဖြူနု ပေါ့ ... သူ့ရင်ခွင်ထဲ ကြောင်ကြီးရွှေဝါကို ပွေ့ချီလို့လေ။ ကျွန်မ မဖြူဆီ ကြောင်ကြီးရွှေဝါကို ဆတ်ခနဲဆွဲယူပြီး ဒဏ်ရာတစ်ခုခု တွေ့ရနိုးနဲ့ တစ်ကိုယ် လုံးအနှံ့ ပွတ်သပ်ရှာဖွေနေမိတယ်။

ကျန်းမာဝဖြိုးနေတဲ့ ရွှေဝါက သူ့ကို ချော့မြူတယ်ထင်ပြီး အ ဝါတထောင်ထောင်နဲ့ ဖိမ်ခံရင်း မျှော်ကြည့်နေရှာတယ်။ ကျွန်မ ရွှေဝါကို မလွှ





ရင်း ပွေ့ဖက်ထားလိုက်ပြီး တာဝေးက ပန်းဝင်လာတဲ့ အပြေးသမားတစ် ယောက်လို သက်ပြင်းရှည်တစ်လုံး မောကြီးပန်းကြီးနဲ့ မှုတ်ထုတ်လိုက်မိ တယ်ရှင့်''

''အင်း ... စိတ်ထဲ အတော်အံ့အားသင့်နေမှာပေါ့လေ''

''အံ့အားသင့်ရုံ ဘယ်မလဲ ... ထောင်ပိုင်ကြီး။ ဖြစ်ရပ်က မယုံ ကြည်နိုင်စရာဖြစ်နေတော့ တဒိန်းဒိန်းမြည်နေတဲ့ ရင်ခုန်သံကို အတိုင်းသား ကြားနေရတယ်ရှင့်။ နောက်ဆုံးတော့ ဘာမှပြောမနေတော့ဘဲ ရွှေဝါကို မဖြူ က်ထဲ ပြန်အပ်ပြီး အိမ်ပေါ်ပြန်တက်လာခဲ့တယ်။ ရင်ထဲမှာ အောင့်သက် က် စိတ်ထဲ ဘဝင်မကျချင်ဘူး။

အလွန် ရင်ခုန်စရာကောင်းတဲ့ အနိဋ္ဌာရုံမြင်ကွင်းကို ကိုယ့်မျက်စိ တစ်အပ်မြင်လိုက်ရတာ မှန်ပေမယ့် ပါးစပ်ကထုတ်ပြောဖို့ ခက်နေတယ်။ ယ်ပဲ ရူးသလို ကြောင်သလို အထင်ခံရမယ်မဟုတ်လား။ သူများ ရယ် ရာ လှောင်စရာဖြစ်မှာလည်း စိုးရသေးတယ်လေ။ ဒါပေမဲ့ နောက်တစ်နေ့ နေ့လယ်လောက်မှာတော့မှ တကယ်ကျောချမ်းရမယ့်ကိစ္စက ပေါ်လာတော့ ာကိုးရှင့်''

''ဟုတ်လား ... ဘယ်လိုများလဲ''

''ကြောင်ကြီးရွှေဝါ အိမ်ခေါင်မိုးပေါ်မှာ ကြွက်တစ်ကောင်ကို လိုက် ရင်း အရှိန်လွန်ပြီး အောက်ပြုတ်ကျလို့ ပွဲချင်းပြီး သေဆုံးသွားတာပါပဲ''

''ဟ ... တကယ် အံ့သြစရာပါလား''

''အံ့သြစရာမှ မနေ့က မနက်စောစော ကျွန်မအာရုံထဲ မြင်ခဲ့ရတဲ့ င်ကွင်းအတိုင်း ထပ်တူထပ်မျှပါပဲ''

''အင်း ... မယုံနိုင်စရာပါလား''

''အဲဒီဖြစ်ရပ်ကြောင့် တရားရှိတဲ့ ကျွန်မတောင် ကြက်သီးတဖြန်း န်းထလို့ ဇာချွေးတွေပြန်ပြီး ကိုယ်ကို သတိလက်လွတ်နဲ့ လဲပြိုကျမသွား အောင် မနည်းကြီး ထိန်းချုပ်ခဲ့ရတယ်ရှင့်''

ကျွန်မ ဒေါ်ကေသီဦး၏စကားကို နားထောင်ရင်း ဘာဆက်ပြောရ န်းမသိအောင် ဆွံ့အသွားမိသည်။ သူမ၏ဖြစ်ရပ်က စိတ်ကူးယဉ်လည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ အိပ်မက်လည်း မဟုတ်၊ ကာယကံရှင်ကိုယ်တိုင် ပြောပြနေ
တကယ့်ဖြစ်ရပ်မှန် ဖြစ်နေသည်ဆိုတော့ ...

"ဒီကိစ္စက အဲဒီမှာတင် ရပ်မသွားဘူး ... ထောင်ပိုင်ကြီး။ နော
တစ်ပတ်လောက်အကြာ နေ့ခင်းပိုင်းမှာ ကျွန်မတစ်ယောက်တည်း အိပ်အ
ထပ်မှာ မေတ္တာသုတ်ရွတ်နေရင်းက မှေးခနဲ အိပ်ပျော်သလိုလို ဖြစ်နေတု
'ဝုန်း ... ဒုန်း ... အမလေး ... သေပါပြီတော့' ဆိုတဲ့ အသံဗလုံတွေ
ကျွန်မနားထဲ ကြားလိုက်ရတယ်။

မျက်စိထဲမှာ ကျွန်မတို့အိမ်ရှေ့တည့်တည့်က လမ်းဆုံမှာ
နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိလို့ ခရီးသည်တွေကို သွေးသံရဲရဲနဲ့ မြင်လို
ရတာပဲရှင့်။ ဒီတစ်ခါတော့ ကျွန်မရင်တွေ အရမ်းတုန်လှုပ်သွားတာနဲ့ သ
မခံနိုင်ဘဲ ဖေဖေ့ကို တိုင်ပင်သလိုလိုနဲ့ ဖွင့်ဟပြောမိတယ်။ ဖေဖေက
'ဒါတွေက ကိုယ့်စိတ်ကိုယ် မနိုင်သေးလို့ပဲ။

သမီးအမေနဲ့ ညီမတွေရဲ့အဖြစ်ဆိုးတွေကို တစ်ယောက်တည်း
တွေးမိလို့ စိုးရိမ်စိတ်ဝင်ပြီး ထင်ယောင်ထင်မှား ဖြစ်တာတွေပါ။ တရား
ရင် လွင့်ပျံသွားတဲ့ စိတ်စေတသိက်တွေ နောက်မေ့မြောပါမသွားဘဲ ပ
တည့်တည့် ဗုဒ္ဓရဲ့ မျက်နှာတော်တစ်ခုတည်းကိုပဲရှုပြီး သတ္တဝါတွေကို
မေတ္တာပို့ပါသမီး'လို့ သတိပေးကား ဆိုလာပါတယ်။

ဟုတ်တော့လည်း ဟုတ်ပါတယ်။ ကျွန်မကိုယ်တိုင်က အတွေး
နေလို့ ဖြစ်ပါလိမ့်မယ်ယူဆပြီး ဖေဖေပြောသလို အတွေးအာရုံတွေကို
နိုင်သလောက် စုစည်းလိုက်ရပါတယ်။ ဒါပေမဲ့ ထောင်ပိုင်ကြီး ..."

"ဒါပေမဲ့ ဘာဖြစ်လဲ ... ဒေါ်ကေသီဦး"

"ဒါပေမဲ့ ဖေဖေပြောသလို စိတ်အာရုံတွေ စုစည်းပြီး သဗ္ဗေသ
ဝေနေယျတို့ ကျန်းမာပကတိ ချမ်းသာစွာရှိစေကြောင်း မေတ္တာပို့နေဆဲမှ
နောက်တစ်နေ့ လင်းအားကြီးလောက်မှာဆိုပါတော့။ ကျွန်မတို့အိမ်ရှေ့တ
တည့် ကားလမ်းဆုံမှာ ခရီးသည်တင် ဟိုင်းလက်ကားတစ်စီးကို ကုန်
ကားကြီးတစ်စီးက အရှိန်ပြင်းပြင်းနဲ့ ဖြတ်တိုက်မှု ဖြစ်ပွားခဲ့တယ်လေ





ဟိုင်းလက်ကား တုံးလုံးလဲကျပြီး ခရီးသည်တွေ သွေးသံရဲရဲနဲ့ ရေပွက်သလို အော်ဟစ်အကူအညီတောင်းသံတွေကို အတိုင်းသား ကြားလိုက်ရတယ်။ မရဲတရဲနဲ့ ထွက်ကြည့်တော့ ဖြစ်ရပ်က ကျွန်မ မနေ့က ကြို တင်မြင်တွေ့လိုက်ရတဲ့ ရှေ့ပြေးနိမိတ်မြင်ကွင်းထဲကအတိုင်း ဖြစ်နေပါတော့ တယ်ရှင့်"

"အင်း ... ဒေါ်ကေသီဦးအဖြစ်က သာမန်မဟုတ်တော့ဘူး ထင် ပါရဲ့"

"ဟုတ်ပါတယ်။ အဲဒါကြောင့်လည်း ဒီတစ်ခါ ဖေဖေက ကျွန်မ ကို မြို့ပေါ်က စိတ်ရောဂါအထူးကု ပါရဂူကြီးတစ်ယောက်ဆီ ခေါ်ပြခဲ့တယ်။ ပါရဂူကြီးက 'ဒီရောဂါမျိုးက ပရိဒေဝသောကမီးကြောင့် စိတ်ဖိစီးမှု ပြင်းပြင်း ထန်ထန် ခံစားရတဲ့သူတွေ၊ ပတ်ဝန်းကျင်နဲ့ အဆက်ပြတ်ပြီး တစ်ကိုယ် တည်း သမထလုပ်ငန်းတွေ ကျင့်ကြံအားထုတ်မှု လွန်ကဲတဲ့သူတွေမှာ ရံဖန် ရံခါဆိုသလို ပေါ်ပေါက်လာတတ်ပါတယ်။

ဒေါ်ကေသီဦးလို မဖြစ်သေးတဲ့ အနာဂတ်ဖြစ်ရပ်တစ်ခုခုကို ကြို တင်ခံစားနိုင်တဲ့ စိတ်စွမ်းအင်ပုံရိပ်မျိုး ပေါ်လာတတ်တာမျိုးဟာ လူတစ်သန်း မှာ တစ်ယောက်ဖြစ်နိုင်ခဲတဲ့ စိတ်နယ်လွန် ဝေဒနာတစ်ခုပါ။

ဒါကြောင့်မို့ တရားထိုင်တာ၊ ပုတီးစိပ်တာတွေ လျှော့ပြီး လူအများနဲ့ ရောရောနှောနှော ဆက်ဆံတာ၊ မရောက်ဖူးသေးတဲ့ ခရီးရှည်တစ်ခုခု သွား တာမျိုးတွေ လုပ်သင့်ပါတယ်။ သိပ်လည်း စိတ်မပူပါနဲ့လေ။ တချို့လည်း နှစ်ရှည်လများ ဝေဒနာခံစားနေရပေမယ့် အကြောင်းတိုက်ဆိုင်လာရင် ချက် ချင်း ယူပစ်သလို ပျောက်ကင်းသွားတာမျိုးလည်း ရှိဖူးပါတယ်။ ကျွန်တော် အထောက်အကူပြုနိုင်မယ့် သောက်ဆေးတွေ ရေးပေးလိုက်ပါမယ်"

လို့ အားပေးနှစ်သိမ့်ပေးခဲ့ပါတယ်။

"ပါရဂူပေးတဲ့ဆေးတွေ သောက်ရတော့ ဘယ်လိုနေလဲ ... ဒေါ်ကေသီဦး"

"အဲဒီနေ့ကစပြီး ကျွန်မ ဆေးမှန်မှန်သောက်ပြီး မနက်တိုင်း လမ်း မှန်မှန်လျှောက်တယ်။ တစ်ခါတလေ ဖေဖေ့အလုပ်ထဲ လိုက်သွားပြီး တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရံ ကျောင်းနေဖက်သူငယ်ချင်းတွေနဲ့ ပြန်ဆုံပြီး ရှေးဟောင်းနှောင်းကြောင်း တွေ ပြောတတ်တယ်။

ဒီလိုလေးတွေ အပြောင်းအလဲရှိလာတော့ ကျွန်မစိတ်တွေ ကြည်လင်ပေါ့ပါးပြီး နေလို့ထိုင်လို့ ကောင်းလာတယ်။ မကောင်းတဲ့ အိပ်မက်ဆိုးတွေ၊ အနိဋ္ဌာရုံ အာရုံတွေကိုလည်း မမြင်မတွေ့နိုင်တော့ဘူးရှင့်''

''တော်တော်တိုးတက်လာတာပါလား''

''မှန်ပါတယ် ...။ ဒါပေမဲ့ အဲလို အေးဆေးတည်ငြိမ်တဲ့ ကာလဟာ သိပ်တော့ မကြာလိုက်ပါဘူး။ ပါရဂူညွှန်ကြားတဲ့အတိုင်း ဆောင်ရွက်လို့ နှစ်လလောက်အကြာမှာ၊ အခုပြဿနာ ပေါ်တော့တာပါပဲရှင့်''

''အခုပြဿနာဆိုတာက ...

ကျွန်ုပ် ရုတ်တရက် နားမလည်၍ မေးမိသည်။

''ကျွန်ုပ် ထောင်ကျလာရတဲ့ အကြောင်းရင်းလေ''

''ဪ ... ဟုတ်ပြီ၊ အမှုဖြစ်စဉ်ပေါ့။ အင်း ... ဆက်ပြောပါဦး''

''ကျွန်မ အဲဒီနေ့က နေ့လယ်ပိုင်း အိမ်အပေါ်ထပ် ပက်လက်ကုလားထိုင်ပေါ် ထိုင်ရင်း ဓမ္မပဒစာအုပ် ဖတ်နေခဲ့တယ်။ အတော်လေးကြာတော့ ဖက်ကြောတွေတက်၊ မျက်ခွံတွေစင်းလာပြီး မှေးခနဲဖြစ်သွားမိတယ်။ အဲလိုဝေဝါးသွားတဲ့ ကျွန်မအာရုံထဲမှာ ပထမတော့ ထိန်ထိန်လင်းနေတဲ့ လျှပ်စစ်မီးရောင်အောက်မှာ လူတစ်ယောက်ရပ်နေတာ မြင်ရတယ်။

သေချာကြည့်တော့မှာ အဲဒီလူဟာ ခြောက်ပေလောက်မြင့်တဲ့ ကျွန်မတို့ရဲ့ ခြံစည်းရိုး အုတ်နံရံပေါ်မှာ ရပ်နေတာဖြစ်ပြီး ကြည့်နေတုန်း ပြုန်းခနဲ ခုန်ချပြီး အိမ်ဝင်းထဲကို တဖြည်းဖြည်း ချွတ်နင်းဝင်ရောက်လာတာ တွေ့ရတယ်။ အဲဒီလူဟာ တံခါးမကြီးကတစ်ဆင့် အိမ်အတွင်းခန်းထဲ ကျူးကျော်ဝင်ရောက်လာပြီး အိမ်နောက်ဖက်က မီးဖိုခန်းထဲရောက်လာတယ်။

အဲဒီနောက် အသင့်ပါလာတဲ့ ဓားမြှောင်ကို ခါးကြားက အသာဆွဲထုတ်ပြီး ထမင်းချက်နေတဲ့ မဖြူရဲ့လည်ပင်းကို ဓားနဲ့ထောက်ပြီး ရတနာပစ္စည်းတွေ ထုတ်ပေးဖို့ ခြိမ်းခြောက်နေတာ မြင်ရတယ်။ အဲဒီတုန်း အလင်း





ရောင်တွေ လျှပ်စီးလက်သလို ဝင်းခနဲ လက်ခနဲ မြင်လိုက်ရပြီး ကျွန်မ အိပ်မက်က လန့်နိုးလာသလို ဖြစ်သွားတယ်ရှင့်''

''အင်း ...''

''အဲလိုနိုးလာတော့ ကျွန်မ မျက်နှာပြင်နဲ့ တစ်ကိုယ်လုံး ချွေးစေးတွေ စို့ရွှဲနေတာ သတိပြုလိုက်မိတယ်။ အဖျားတက်ချင်သလို တုန်ယင်လာပြီး ရင်ဘတ်ထဲက အောင့်လာတာနဲ့ ပါရဂူပေးထားတဲ့ ဆေးပြားတစ်လုံးကို ကမန်းကတန်း သောက်ချလိုက်ရတယ်။ ပြီးမှ စောစောကမြင်ကွင်းကို ပြန်တွေးမိတော့ ဟိုလူဝင်လာတာ လျှပ်စစ်မီးရောင်အောက်မှာဆိုတော့ ညအချိန်ဖြစ်တာ စဉ်းစားမိတယ်။

တစ်ဆက်တည်း ဒီညများဖြစ်နေမလား တွေးမိပြီး ရင်ထဲ ထိတ်ခနဲ ခုန်မိသွားတယ်ရှင့်။ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေက ဒီညမှ တိုက်တိုက်ဆိုင်ဆိုင် အရောင်းအဝယ်ကိစ္စနဲ့ တခြားရွာတစ်ရွာမှာ ညအိပ်ရမှာမို့လို့လေ''

''ဪ ...''

''အဲဒါကြောင့် နေဝင်မိုးချုပ် အလင်းပျောက်တာနဲ့ တစ်အိမ်လုံး မီးမှိတ်၊ မဖြူကို အသိပေးထားပြီး တူဝရီးနှစ်ယောက် အိမ်တံခါးတွေကို အလုံပိတ်လိုက်ကြတယ်။ တကယ်လို့ ဟိုလူလာရင် ကြိုမြင်ရအောင်လို့ ခြံစည်းရိုးပေါ်က မီးချောင်းတွေကိုတော့ လင်းထိန်အောင် ထွန်းထားလိုက်တယ်။

အဲဒီညက ကျွန်မတို့ မအိပ်နိုင်ကြဘဲ အခြေအနေကို စောင့်ကြည့်နေကြတယ်။ ည ၁၂ နာရီကျော်သွားတဲ့အထိတော့ ဘာမှမထူးခြားသေးဘူး။ ပတ်ဝန်းကျင်တစ်ခုလုံးလည်း တိတ်ဆိတ်ငြိမ်သက်နေတယ်။ ဆောင်းဦးပေါက်မို့လည်း တစ်ရပ်ကွက်လုံး စောင်အောက်တွေမှာ ကွေးနေကြပြီပေါ့။

အဲဒီတုန်း အိမ်ရှေ့တံခါးလောက်က ခြေသံလိုလို ကြားတာနဲ့ အိပ်ပျော်နေတဲ့ မဖြူကိုလှုပ်နှိုးပြီး ပြတင်းပေါက်မှန်ကတစ်ဆင့် စောင့်ကြည့်နေလိုက်တယ်။ ကြည့်နေဆဲမှာပဲ လူတစ်ယောက် ခြံစည်းရိုးအုတ်နံရံပေါ်ကို ကုတ်ကပ်တက်လာတာ တွေ့လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အိမ်ဝင်းထဲ အသာလှမ်းထွက်လိုက်ပြီး မှောင်ထဲမှာ ကြို တင်ထောင်ထားခဲ့တဲ့ ဝါးလုံးရှည်ကို ခပ်တင်းတင်း ဆုပ်ကိုင်ထားလိုက်တယ်။ ဟိုလူ အုတ်နံရံပေါ်မှာ ရပ်ပြီး နံရံပေါ်ရိုက်ထားတဲ့ သွပ်နန်းကြိုးတွေကို ကျော်ပြီး ခြံဝင်းထဲခုန်ချဖို့ လုပ်နေတယ်။

ကျွန်မ ဘာမှစဉ်းစားမနေတော့ဘဲ မှောင်ထဲက ရုတ်တရက် ပြေး ထွက်သွားပြီး ဟိုလူကို ဝါးလုံးရှည်နဲ့ တအားဆောင့်ထိုးချလိုက်မိတယ်။ အုတ်နံရံအပေါ် ရပ်ပြီး အကာအကွယ်မဲ့နေတုန်း ဝါးလုံးနဲ့ အထိုးခံလိုက် ရတာမို့ ဟိုလူဟာ ခြေကားယား လက်ကားယားဖြစ်သွားပြီး အုတ်နံရံ အပြင်ဖက်ကို နောက်ပြန်ထိုးကျသွားတာ တွေ့လိုက်ရတယ်ရှင့်''

ကျွန်ုပ် ဘာမှမပြောဘဲ ဆတ်ခနဲ ခေါင်းညိတ်ပြလိုက်သည်။ စိတ် ထဲကတော့ ဒေါ်ကေသီဦး၏သတ္တိကို ချီးကျူးနေမိသည်။ ဒေါ်ကေသီဦးက ဆက်ပြောသည်။

''တစ်ချိန်ထဲမှာပဲ အဲဒီလူဆီက 'အားခနဲ' ကျယ်ကျယ်လောင် လောင်အော်သံ ကြားလိုက်ရတယ်။ ကျွန်မ ကြောက်ကြောက်နဲ့ လက်ထဲက ဝါးလုံးကို ပစ်ချပြီး အိမ်ထဲပြန်ဝင်ပြီး တံခါးတွေအလုံပိတ်ပြီး စောင့်ကြည့် နေလိုက်တယ်။

ဟိုလူ့ရဲ့အော်သံကြောင့် ဖြစ်မယ်ထင်ပါရဲ့၊ အနီးအနားက မီးကင်း အဖွဲ့နဲ့ လူတချို့ ရောက်လာသံကြားရတယ်။ 'ဟာ' သွေးတွေ အရမ်းထွက် နေတယ်၊ ဆေးရုံ မြန်မြန်ပို့မှဖြစ်မယ်' ဆိုပြီး အော်ပြောသံ ကြားရတယ်။

နောက်မှ သိရတာက အဲဒီလူဟာ အိမ်ရှေ့ခြံစည်းရိုးနဲ့ ကပ်ရိုက် ပုံထားတဲ့ လမ်းခင်းကျောက်တုံးတွေပေါ် နောက်ပြန်ပြုတ်ကျသွားလို့ ဦးဆက် ကွဲပြီး သွေးတွေ အဆက်မပြတ် ထွက်လာတယ်ဆိုတာပါပဲ။ မနက်မှ ကြား ရတာက အဲဒီလူဟာ ဆေးရုံရောက်လို့ မကြာခင် သွေးထွက်လွန်ပြီး သေဆုံး သွားတယ်ဆိုတာပါပဲ။ ကျွန်မလည်း အဲဒီကိစ္စနဲ့ လူသေမှုဖြစ်ပြီး ထောင်ငါး နှစ် ကျလာခဲ့တာပါရှင်''

''ဒါနဲ့ နေပါဦး ဒေါ်ကေသီဦးက သေသူကို ဝါးလုံးရှည်နဲ့ ထိုးချ လိုက်တယ်ဆိုတာ သက်ဆိုင်ရာက ဘယ်လိုလုပ်ပြီး သိသွားတာလဲ''





ကျွန်ုပ်စိတ်ထဲ မရှင်းလင်းသည့်အချက်ကို မေးလိုက်မိသည်။

''ပထမတော့ ကျွန်မလည်း ဖေဖေပြန်လာရင် အကျိုးအကြောင်း ပြောပြပြီး ရဲစခန်းမှာ သွားအဖမ်းခံမလို့ပါပဲ။ ဒါပေမဲ့ ရဲတွေက အရင်ရောက် လာတယ်လေ''

''ဘယ်ကသတင်းရသွားလဲ မသိဘူး''

''ဟိုလူ ဆေးရုံမှာ အသက်ထွက်ခါနီးလေးမှာ ပြောသွားတယ်တဲ့။ သူ့ကို ခြံထဲက မိန်းမတစ်ယောက်က ဝါးလုံးရှည်နဲ့ ထိုးချလိုက်တာပါလို့။ ခြံထဲမှာကလည်း သက်သေခံဝါးလုံးရှည်က အသင့်ရှိနေတာဆိုတော့ ...''

''ဪ ...''

ကျွန်ုပ်စိတ်ထဲကတော့ စုတ်သပ်နေမိသည်။ ရာဇဝတ်ဘေး ပြေး မလွတ်ဆိုသော်လည်း ကိုယ့်ခြံဝင်းထဲတွင် ပြစ်မှုကျူးလွန်ရန် ရည်ရွယ်ချက် ဖြင့် ကျူးကျော်ဝင်ရောက်လာသူအား ပိုင်နက်ကျူးလွန်မှုဖြင့် ပြန်စွဲ၍ ကိုယ့် ကိုယ်ကိုယ် ခုခံကာကွယ်ခွင့်ပင် မရလိုက်နိုင်ဘဲ လူသေမှုဖြင့် ထောင်ငါးနှစ် ကျခံလိုက်ရသော ဒေါ်ကေသီဦးအား သနားဂရုဏာသက်မိ၍ ဖြစ်ပါသည်။

တစ်ဆက်တည်းတွင်လည်း စိတ်ရောဂါပါရဂူ၏ ညွှန်ကြားချက် အတိုင်း ဆေးစား၍ ပြုမူနေထိုင်ခဲ့ပါသော်လည်း သူမ၏ အာရုံလွှန် ရှေ့ပြေး နိမိတ်ပုံရိပ်များမှာ ရပ်တန့်မသွားနိုင်ဘဲ ရာဇဝတ်မှုဖြစ်သည်အထိ မြင့်မား လာသည်ကို တွေးကြည့်မိနေမိသည်။

''ဒါနဲ့ ထောင်ထဲရောက်တော့ရော ပါရဂူညွှန်ကြားတဲ့ဆေးတွေ ဆက် စားဖြစ်သေးလား ... ဒေါ်ကေသီဦး''

''ဟုတ်ကဲ့ ... ဆက်စားဖြစ်ပါတယ်''

''ပုတီးစိပ်၊ တရားထိုင်တာကိုရော''

''ထောင်ထဲရောက်မှ ပိုလုပ်ဖြစ်တယ်ရှင့်''

''ဪ ... အဲဒါကြောင့်များ ထောင်မှာဖြစ်ပျက်မယ့် ကိစ္စတွေကို ကြိုပြီးသိနေတာ ထင်ပါရဲ့''

''ဟုတ်ကဲ့ ... အဲလိုမျိုး ပြောရမလားတောင် မသိတော့ဘူး။ ဒါ ပေမဲ့ ကျွန်မရောက်စတုန်းက အတော်လေး အခက်အခဲဖြစ်ခဲ့သေးတယ်ရှင့်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... ဘယ်လို အခက်အခဲများလဲ"

"နေ့ဘက် ဘုရားအလုပ်လုပ်ရင် ဘာပြဿနာမှမရှိပေမယ့် ညဘက် ပုတီးစိပ်တာ၊ တရားထိုင်တာတို့ လုပ်ရင် ထောင်စောင့်နတ် တားမြစ်တယ်လေ"

"ဗျာ ... ဘယ်လို ..."

ကျွန်ုပ်မှာ အထူးအဆန်းစကား ကြားလိုက်ရ၍ ဒေါ်ကေသီဦး၏ မျက်နှာကို အသေအချာ စိုက်ကြည့်မိသေးသည်။

ပြီးမှ ...

"နေပါဦး ... ဒေါ်ကေသီဦးက တရားထိုင်တဲ့အပြင် နတ်ကတော်တွေ ဘာတွေများ ..."

ဒေါ်ကေသီဦးက လက်ကာပြကာ ...

"ဟင့်အင်း ... အထင်မလွဲပါနဲ့ ထောင်ပိုင်ကြီး။ ကျွန်မ ဒါမျိုးတွေ ဝါသနာမပါဘူး။ ကျွန်မက ဗုဒ္ဓရဲ့တရားကလွဲပြီး ဘာကိုမှ မလိုက်စားဘူးရှင့်"

"ဒါနဲ့ ဒေါ်ကေသီဦး ခုနပြောတော့ ထောင်စောင့်နတ်က တားမြစ်တယ်ဆို။ ဘယ်လိုတားမြစ်တာလဲ"

"အဲဒါက ဒီလိုပါ။ ကျွန်မ ဒီထောင်စရောက်တဲ့ညမှာ ထုံးစံအတိုင်း ညဘက် ပုတီးစိပ်ပြီး တရားထိုင်ပါတယ်။ အဲဒီညအိပ်တော့ အိပ်မက်ထဲမှာ နတ်ဝတ်နတ်စားနဲ့ ပုဂ္ဂိုလ်တစ်ဦးပေါ်လာပြီး သူဟာ ထောင်စောင့်နတ်ပဲလို့ ပြောပါတယ်။

ကျွန်မက 'ဒါ ဘုရားဟောခဲ့တဲ့အတိုင်း ဝိပဿနာ ကျင့်ကြံအားထုတ်တာပဲ မရဘူးလား' လို့ ပြန်မေးမိတယ်။ ထောင်စောင့်နတ်က 'သင် ကျင့်ကြံအားထုတ်နေတာ ဝိပဿနာသက်သက် မဟုတ်ဘူး။ အနာဂတ်ဖြစ်စဉ်တွေကို ကြိုသိနိုင်တဲ့ မဟာဂန္ဓာရီကျင့်စဉ်ဖြစ်နေတယ်။ အဲဒါကြောင့် ဆက်မကျင့်ပါနဲ့' လို့ ပြောပြီး ပျောက်ကွယ်သွားတယ်။

"သြော် ... အိပ်မက်ပေးပြီး တားမြစ်တာကိုး"





ကျွန်ုပ်စိတ်ထဲ၌မူ နတ်က အိပ်မက်ပေးခြင်းမှာ ဖြစ်နိုင်လောက်သည်ဟု တွေးနေမိသည်။

"ထောင်စောင့်နတ်တင် မဟုတ်ဘူးရှင့်၊ အတော်လေး ညဉ့်နက်လာတော့ နောက်ထပ် အသက်ကြီးကြီးနတ်တစ်ပါး ပေါ်လာပြန်တယ်။ သူက အကျဉ်းထောင် ဘိုးဘိုးကြီးတဲ့ရှင်"

"ဟုတ်လား"

အကျဉ်းထောင်းဘိုးဘိုးကြီးကိုတော့ ကျွန်ုပ်ကိုယ်တိုင် မကြုံဖူး မတွေ့ဖူးသော်လည်း ကြားဖူးနားဝတော့ ရှိသည်။ တချို့ထောင်ပိုင်များ အစဉ်အဆက် ကိုးကွယ်လာကြသည်ဆို၏။ ထောင်တွင် ပြဿနာတစ်ခုခုပေါ်ပါက အကျဉ်းထောင်၏ စနေထောင့်အုတ်ရိုးတွင် အမွှေးတိုင်ရှစ်တိုင်ထွန်း၍ ဆုတောင်းပေးလျှင် မကောင်းမှုများ ကွယ်ပျောက်တတ်သည်ဆို၏။ အကျဉ်းထောင်ဘိုးဘိုးကြီးက ထောင်လုံခြုံရေးကို အမိက စောင့်ရှောက်ပေးသည်ဟု ကြားဖူးသည်။

"အကျဉ်းထောင်ဘိုးဘိုးကြီးကလည်း ပြောတယ်။ ဒီ မဟာဂန္ဓာရီကျင့်စဉ်က ထောင်ရဲ့ မင်္ဂလာရှိတဲ့ ဣဋ္ဌာရုံကိစ္စတွေကို လျစ်လျူရှုထားတတ်ပြီး မင်္ဂလာမရှိတဲ့ အနိဋ္ဌာရုံနိမိတ်ဆိုးတွေကိုပဲ ကြိုတင်ပြီး ပြတတ်လို့ ဆက်ကျင့်ကြံဖို့ တားမြစ်ပြန်တယ်ရှင့်"

ကျွန်ုပ်က ...

"နေပါဦး ... ဒေါ်ကေသီဦး အခု ကျင့်ကြံအားထုတ်နေတဲ့ ကျင့်စဉ် နတ်တွေပြောသလို တကယ်ပဲ မဟာဂန္ဓာရီကျင့်စဉ်များ ဖြစ်နေလို့လား"

"ဟင့်အင်း ... ကျွန်မလည်း အဲဒါကို စဉ်းစားနေတယ်။ တကယ်တော့ ကျွန်မ မေမေနဲ့ ညီမလေးတွေ ဆုံးသွားတဲ့အချိန်ကစပြီး စိတ်သောကပျောက်အောင်လို့ ပထမဆုံး ပုတီးစိပ်ခဲ့မိတာ သရဏဂုံသုံးပါးပါ။ အဲဒီကတစ်ဆင့်တက်ပြီး ဂုဏ်တော်ကိုးပါးကို တစ်နေ့ ဂုဏ်တော်တစ်ထောင်ရအောင် စိပ်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်ပိုင်းတော့ အချိန်ရသမျှ စိတ်မပျံ့လွင့်အောင် မကောင်းတာတွေ၊ ဝမ်းနည်းစရာတွေ မတွေးမိအောင် သထမထိုင်နေခဲ့တယ်။ တစ်နှစ်လောက်ကြာတော့ ဖေဖေစီစဉ်ပေးတဲ့ (၁၀)ရက်တရားစခန်းတစ်ခု စဝင်တယ်။

အဲဒီမှာ မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ဥပါနိသယအတိုင်း ဝိပဿနာ ကျင့်ကြံအားထုတ်ခဲ့တာပါပဲ။ နတ်တွေပြောတဲ့ မဟာဂန္ဓာရီကျင့်စဉ်ဆိုတာ ကျင့်ဖို့နေနေသာသာ ကြားတောင်ကြားဖူးခဲ့တာ မဟုတ်ဘူးရှင့်"

ဤနေရာ၌ ကျွန်ုပ် စဉ်းစားရပါလေပြီ။ ဒေါ်ကေသီဦးကတော့ မိုးကုတ်ဆရာတော်ဘုရားကြီး၏ နည်းနာအတိုင်း ဝိပဿနာထိုင်ခြင်းဟု ဆိုသည်။ နတ်များ အိပ်မက်လာပေးပြီး မကျင့်ကြံရန် တားမြစ်သော မဟာဂန္ဓာရီကျင့်စဉ်ကို ကြားတောင် မကြားဖူးပါတဲ့။

သို့ဆိုလျှင် သူမ နေ့တစ်မှုဝ ကျင့်ကြံအားထုတ်လာသော ကျင့်စဉ်များထဲတွင် သူမကိုယ်တိုင် မသိသော မဟာဂန္ဓာရီကျင့်စဉ်များ ရောယှက်ပါဝင်နေသလား။ ထို့ကြောင့်ပင် အကျဉ်းထောင်တွင်ဖြစ်ပေါ်လာမည့် မကောင်းသော အနိဋ္ဌာရုံဖြစ်စဉ်များကိုချည်း ရှေ့ပြေးနိမိတ်ပုံရိပ်များအဖြစ် ကြိုတင်သိမြင်နေခြင်းပါပေလား။

တစ်ဖက်ကတွေးကြည့်ပြန်လျှင် သူမ၏ဖြစ်စဉ်မှာ စိတ်ရောဂါပါရဂူ၏ သဘောအရဆိုသော် လူတစ်သန်းတွင် တစ်ယောက်ဖြစ်ခဲသော ရှားရှားပါးပါး စိတ်နယ်လွန်ရောဂါဆန်းတစ်ခု ဖြစ်နေပေရာ ထိုရောဂါသည် မဟာဂန္ဓာရီကျင့်စဉ်နှင့် မည်သို့ ဆက်စပ်သက်ဆိုင်နေသဖြင့် ထောင်စောင့်နတ်နှင့် အကျဉ်းထောင်ဘိုးဘိုးကြီးတို့ကိုယ်တိုင် အိပ်မက်ထဲထိ ပေါ်ထွက်လာကာ သတိပေးတားမြစ်လာရပါလေသနည်း။

ထိုအထိတော့ ကျွန်ုပ် ဉာဏ်မမီတော့ပေ။

"ဒါနဲ့ အခုရော ထောင်စောင့်နတ်နဲ့ အကျဉ်းထောင်ဘိုးဘိုးကြီးတို့ အိပ်မက်လာပေးသေးလား ... ဒေါ်ကေသီဦး"

"အဲဒါတော့ ထူးဆန်းတယ်ရှင့်။ ကျွန်မ ထောင်ရောက်ပြီး တစ်ပတ်အတွင်းလောက်တော့ ညတိုင်းလိုလို အိပ်မက်ပေး တားမြစ်နေကြပေမယ့်





...ဉ်းသားနှစ်ယောက် ထောင်ဖောက်ပြေးဖို့ ကြံစည်နေတာ မြင်ရတဲ့ ...ကြောင်း ထောင်မှူးဒေါ်ခင်မမကို သတင်းပို့ပြီးတဲ့နောက်ပိုင်းတော့ ထောင် ...င့်နတ် ပေါ်မလာတော့ဘူးရှင့်"

"ဒါဆို အကျဉ်းထောင်ဘိုးဘိုးကြီးကရော"

"ဘိုးဘိုးကြီးလည်း အိပ်မက်ထဲမပေးတော့ပေမယ့် ညတစ်ည ... ကိုယ်ထင်ပြပြီး တပြုံးပြုံးနဲ့တော့ ခေါင်းညိတ်ပြသွားပါလေရဲ့"

"ဟုတ်လား"

ထိုအချက်ကလည်း အဓိပ္ပာယ်ရှိလောက်သည်။ တောင်စောင့်နတ် ... အကျဉ်းထောင်ဘိုးဘိုးကြီးပါ အကျဉ်းထောင်ကို စောင့်ရှောက်နေသူ ...ဖြစ်နေပြီး ဒေါ်ကေသီဦး၏ ရှေ့ပြေးအာရုံပုံရိပ်များက အကျဉ်းထောင်လုံ ...ရေးဘက်က ကောင်းကျိုးပြုနေခြင်းဖြစ်နေပေရာ ထိုနတ်များအနေနှင့် ...ပေးလိုခြင်းမရှိသော်လည်း မကန့်ကွက်လိုတော့၍သာ ဖြစ်ပေမည်။ ထို ...က်ကို အကျဉ်းထောင်ဘိုးဘိုးကြီး တပြုံးပြုံးနှင့် ခေါင်းညိတ်ပြသွားခြင်း ... ထောက်ခံနေသည့်သဘောဟု ကျွန်ုပ် ယူဆမိသည်။

မည်သို့ဆိုစေ ဒေါ်ကေသီဦးအား ခေါ်ယူမေးမြန်းကြည့်ပြီးခဲ့သည့် ...က်ပိုင်း ကျွန်ုပ် ထောင်မှူးဒေါ်ခင်မမအား မသိမသာရှောင် နေမိသည်။ ...သမီးထောင်ကျဆောင်နှင့် ပတ်သက်၍ အကြောင်းတစ်ခုခုရှိလျှင်လည်း ...င်မမအား မခေါ်ဘဲ အခြားအဆင့်အမျိုး သမီးဝန်ထမ်းတစ်ဦးဦးကို ... ခေါ်၍ခိုင်းတတ်သည်။

ယုတ်စွအဆုံး တနင်္လာနေ့လို ထောင်ပိုင်တန်းစီစစ်ဆေးရသည့်နေ့ ...င် အခြားအိပ်ဆောင်အသီးသီးသို့ ပုံမှန်အတိုင်း ဝင်ရောက်စစ်ဆေးခဲ့ ...သ်လည်း အမျိုးသမီးထောင်ကျဆောင်သို့ကား မဝင်ခဲ့။

ဒေါ်ခင်မမနှင့် တွေ့မည်စိုး၍။

အဘယ်ကြောင့် သူမအား ဤမျှ ရှောင်နေရသလဲဆိုသော် အမှန် ...ိုင်းဝန်ခံရလျှင် ကျွန်ုပ် ဒေါ်ခင်မမနှင့် မျက်နှာချင်းဆိုင်ရန် တစ်နေ့တခြား ...ရဲ ဖြစ်လာ၍ဖြစ်၏။ သူမနှင့်တွေ့လိုက်လျှင် ကျွန်ုပ်အား သတင်းပို့ရန် ...ကေသီဦး၏ ရှေ့ပြေးနိမိတ်ပုံရိပ်တစ်ခုခု ပါလာတတ်သည်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ထိုသတင်းသည် ဒေါ်ကေသီဦးမှတစ်ဆင့် ရောက်လာသော အနို့ ရွှေ့ပြေးပုံရိပ်များသာ ဖြစ်နေတတ်ပေရာ ကျွန်ုပ်၏ဦးနှောက်အား နှော ကျိုစေသည်။ တစ်ခါတစ်ရံ ရင်တုန်၍ နှလုံးခုန်စေသည်။ ထို့ကြောင့် ဒေါ် မမအား ဒေါ်ကေသီဦးထက်ပင် ကြောက်ရွံ့လာကာ တတ်နိုင်သမျှ ရှော မိခြင်းဖြစ်၏။

သို့တစေ တာဝန်ခံအရာရှိ (ထောင်ပိုင်) တစ်ယောက်သည် အက ထောင်ထဲ၌ အမျိုးသမီးထောင်မှူးတစ်ဦးကို မည်မျှကြာအောင် ရှောင်ထ နေနိုင်ပါမည်နည်း။ ပြီးတော့ ထောင်ပိုင်ဆိုသည်ကလည်း အကြောင်း မရှိလျှင် ရုံးခန်းထဲ၌ပင် အချိန်ပြည့် ရှိနေရသည်လေ။

သည်တော့ ရှောင်ကွန်နရီလုပ်နေ၍ ၄၈ နာရီပင် မပြည့်လို ဒေါ်ခင်မမတစ်ယောက် အကျဉ်းထောင်ဘူးဝရှိ ကျွန်ုပ်ရုံးခန်းသို့ ဆိုက်ဆို ဖြိုက်ဖြိုက် ရောက်လာပါလေတော့၏။

"ဆရာ …"

သူမ၏ သံစဉ်လှိုင်းအရ မကောင်းတာတစ်ခုခုကို သတင်းပို့တေ မည်ကို ကျွန်ုပ် အလိုလို သိနေသည်။

"ဆို … ခင်မမ၊ ဘာသတင်းပို့စရာရှိလဲ"

ကျွန်ုပ်က အသံမတုန်အောင် သတိထား၍ မေးလိုက်သည်။

"ဟိုလေ … ဒေါ်ကေသီဦးကပြောတယ် …"

ထုံးစံအတိုင်း လာပါချေပြီ ဒေါ်ကေသီဦး။ ဒေါ်ခင်မမတစ်ယော ဒေါ်ကေသီဦး နာမည်မပါလျှင် စကားမပြောတတ်တော့ဘူးထင့်"

"ကဲ … ပြော … ဘယ်ကနေ အကျဉ်းသား ထွက်ပြေးဦးမ လဲ"

ကျွန်ုပ် ခပ်ရွဲ့ရွဲ့ မေးလိုက်မိသည်။

"ဒီတစ်ခါတော့ အကျဉ်းသားကိစ္စ မဟုတ်ဘူးဆရာ"

"ဟေ …"

ကျွန်ုပ်၏ အာမေဍိတ်သံ နည်းနည်းကျယ်သွားမည် ထင်သည် အကျဉ်းသားကိစ္စ မဟုတ်ဘူးဆို၍ အံ့အားသင့်သွားမိသည်။





"ဒါဖြင့် ဘာကိစ္စတဲ့လဲ"

"ဟို … သူ့အမေ ဒီစနေနေ့ လာတွေ့လိမ့်မယ်တဲ့ ဆရာ"

"ဘာ … သူ့အမေ … ဟုတ်လား"

ကျွန်ုပ်၏အသံမှာ ခုမှ တကယ်ကျယ်သွားသည်။

"ဟုတ် … ဟုတ်ကဲ့"

ကျွန်ုပ် ခေါင်းခါယမ်းပြလိုက်ကာ …

"အာ … ခင်မမလည်း သိနေပြီးသားပဲဟာ။ သူ့အမေနဲ့ ညီမ ယောက်ဟာ ဘုရားဖူးသွားကြရင်း မော်တော်နစ်လို့ သေသွားကြပြီမဟုတ် လား"

ဒေါ်ခင်မမ ခေါင်းညိတ်ပြသည်။

"ဟုတ်တော့ဟုတ်ပါတယ် ဆရာ။ ဒါပေမဲ့ ဒေါ်ကေသီဦးက ဒီမနက် ဘုရားထိုင်နေတုန်း သူ့အာရုံထဲမှာ သူ့အမေကို ယောဂီဝတ်နဲ့ ထောင်ရှေ့မှာ ရပ်နေတာ တွေ့ရတယ်တဲ့ ဆရာ"

ခက်ပါချေလေပြီ။ လွန်ခဲ့သော သုံးနှစ်ခန့်က သေဆုံးသွားခဲ့ပြီဖြစ် သော သူ့အမေက မည်သို့ ရောက်လာနိုင်ပါမည်နည်း။ တစ်ခုတော့ရှိသည်။ သူ့အမေမှာ ဥပဒ္ဒေကက်ဖြင့် ကွယ်လွန်သွားခြင်းဖြစ်၍ မကျွတ်မလွတ်နိုင် ဖြစ်နေသေးလျှင်တော့ နာနာဘာဝအဖြစ် ပြန်လာလေမည်လားမသိ။ ဒါ သည်း အဓိပ္ပာယ်တော့ သိပ်မရှိလှ။

"အဲဒါကို ခင်မမက ယုံသလား"

"ယုံတာမယုံတာထက် ဆရာသိအောင် သတင်းလာပို့တာပါရှင့်"

"အေးလေ … ဒါဆိုလည်း စောင့်ကြည့်ကြသေးတာပေါ့"

"ဟုတ်ကဲ့ ဆရာ"

ကျွန်ုပ် သူမနှင့် ကြာကြာပြောချင်စိတ်မရှိ၍ စကားဖြတ်ပစ်လိုက် သည်။ ဒေါ်ကေသီဦး၏စကားများမှာ အစဉ်အမြဲ မှန်တတ်သော်လည်း ခု တစ်ခေါက်တော့ ထောင်ကိစ္စမဟုတ်၍ စိတ်လှုပ်ရှားခြင်းလည်း မရှိဘဲဖြင့် ခပ်ပေါ့ပေါ့ဖြစ်နေသည်။ သို့သော် သေပြီးသားလူက ပြန်လာမည်ဆိုသည်



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ စိတ်ဝင်စားသလို ဖြစ်မိသည်။ ထို့ကြောင့် ဒေါ်ခင်မမ ပြန်ထွ
သွားသည်နှင့် ဂါတ်စာရေးကိုခေါ်၍ အကျိုးအကြောင်း ရှင်းပြမိသည်။

"အဲဒါ သေပြီးသားလူက ဘယ်လိုလုပ်ပြန်လာနိုင်မတဲ့လဲဗျ။ ခင်ဗျ
လည်း စဉ်းစားကြည့်စမ်းလေ"

ကျွန်ုပ်က ဂါတ်စာရေး၏ သဘောထားကို စမ်းသပ်သည့်အနေ
မေးပြော ပြောလိုက်သည်။

"ဟုတ်ကဲ့ ... ဆရာပြောတာ မှန်ပါတယ်။ ဒါပေမဲ့ ခက်တေ
ခက်သားဆရာ"

"ဘာတွေခက်နေလို့လဲ ... ဂါတ်စာရေးရဲ့"

"ဟိုလေ ... ဒေါ်ကေသီဦးပြောတာတွေက အမြဲတမ်း မှန်
တတ်တော့လေ ..."

"ဒီတော့ ခင်ဗျား ဘာလုပ်ချင်လို့လဲ"

"ကျွန်တော်တို့ တနင်္ဂနွေနေ့မှာ စောင့်ကြည့်ကြရင် ကောင်းမယ
လို့ပါ"

ကျွန်ုပ် သက်ပြင်းချ၍ ခေါင်းခါလိုက်မိသည်။ ဂါတ်စာရေးအ
အဝင် ဤထောင်ရှိ ဝန်ထမ်းတော်တော်များများမှာ ဒေါ်ကေသီဦးပြော
အမြဲမှန်သည်ဟုပင် ယုံကြည်နေကြပြီလားမသိ။ ဒေါ်ကေသီဦး၏ ဝေဒ
လွန် စိတ်စွမ်းအင်များကား စိုးမိုးနိုင်လွန်းပါဘိ။

"အေးလေ ... ဒါဆိုလည်း တနင်္ဂနွေနေ့ ရုံးပိတ်ရက်မှာ တာဝ
ကျတဲ့ဝန်ထမ်းတွေ နိုးနိုးကြားကြား ရှိပါစေဗျာ"

"ဟုတ်ကဲ့ ... စိတ်ချပါ ဆရာ"

ကျွန်ုပ်က ပြီးပြီးရောသဘော စကားဖြတ်ချလိုက်သည်။ သို့တ
အခြေအနေက ဒေါ်ကေသီဦးပြောသလို တနင်္ဂနွေနေ့သို့ပင် မရောက်လိုက်
စနေနေ့ညမှာပင် ထူးထူးခြားခြား ပေါ်လာပါတော့၏။

ကျွန်ုပ်သည် စနေနေ့ညနေ ထောင်ပိတ်ပြီးနောက် ထုံးစံအတိုင်
ညကိုးနာရီခန့်တွင် အကျဉ်းထောင်ထဲသို့ ပြန်ဝင်ကာ ညတာဝန်ကျ ဝန်ထမ်





များ နိုးနိုးကြားကြားရှိမရှိ စစ်ဆေးကြည့်ရှုခဲ့သည်။ ထို့နောက် အတွင်းအုတ်
နံရံတစ်ပတ်လှည့်လည်ကြည့်ရှုပြီး ထောင်ဘူးဝမှ ပြန်ထွက်မည်လုပ်စဉ် ...

"ဆရာကတော်ဆီက ဖုန်းလာတယ် ဆရာ"

တံခါးတာဝန်ကျဝန်ထမ်း လာသတင်းပို့သည်။ ကျွန်ုပ် ရုံးခန်း
တွင်းပြန်ဝင်ကာ ကျွန်ုပ်အိမ်နှင့် ဆက်သွယ်ထားသော အတွင်းဘက်ထရီ
ဖုန်းခွက်ကို ကောက်ကိုင်လိုက်သည်။

"ဟဲလို ..."

"ဒယ်ဒီလား"

"အေး ... ဘာထူးလို့လဲ"

"စောစောလေးက အသက် ၅၀ ကျော်အမျိုးသမီးကြီးတစ်ယောက်
လာသွားတယ်။ ထောင်ပိုင်ကြီးနဲ့ တွေ့ချင်လို့တဲ့။ ဒယ်ဒီ ထောင်ထဲသွားတယ်
ပြောလိုက်တော့ ထောင်ဘက်လိုက်သွားဦးမယ်လို့ ပြောသွားတယ်။ အဲဒါ
လှမ်းအကြောင်းကြားတာပါ"

"အေး ... အေး ... ကြည့်လိုက်ဦးမယ်"

ကျွန်ုပ် တယ်လီဖုန်း ပြန်ချလိုက်ချိန်ဝယ် တံခါးတာဝန်ကျ ဝန်ထမ်း
ရောက်လာပြန်သည်။

"ခုနကပဲ အမျိုးသမီးနှစ်ယောက် လာမေးသွားတယ်။ ဆရာနဲ့
တွေ့ချင်လို့တဲ့"

"နှစ်ယောက်တောင်လား"

"ဟုတ်ကဲ့ ... အသက်ကြီးကြီးတွေပဲ"

ကျွန်ုပ်က တာဝန်မှူးနှင့် ဂါတ်စာရေးကိုခေါ်ကာ ထောင်ပြင်ထွက်
လာခဲ့သည်။ ထောင်ရှေ့တွင် ဘာမှမတွေ့ရ။ ပတ်ဝန်းကျင်မှာ လှည့်ပတ်ရှာ
ကြည့်သော်လည်း တစ်စုံတစ်ယောက်မှ မမြင်ရ။

ထိုအခိုက် ထောင်တောင်ဘက်ရှိ မြွောရုံထဲက မီးရောင်မှိန်မှိန်
အောက်တွင် အရိပ်ဖြူဖြူတစ်ခု တရွေ့ရွေ့လှုပ်ရှားလာသည်ကို တွေ့ရ၏။
တစ်ဆက်တည်းမှာပင် နောက်ထပ်အရိပ်ဖြူတစ်ခုပါ ထပ်တွေ့ရကာ ကျွန်ုပ်
တို့ရှိရာသို့ တလှုပ်လှုပ်နှင့် တရွေ့ရွေ့လာနေသည်ကို မြင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



အနီးရောက်တော့မှ အပေါ်အင်္ကျီအဖြူလက်ရှည်၊ ယောဂီရောင်ထဘီများ ကိုယ်စီဝတ်ထားကြသော အသက် ၅၀ ကျော်အရွယ် အမျိုးသမီးကြီးနှစ်ယောက် ဖြစ်နေလေသည်။

"ထောင်ပိုင်ကြီးရဲ့လား မသိဘူး"

ဖြူဖြူဝဝ အမျိုးသမီးကြီးက မေးသည်။

"ဟုတ်ပါတယ်"

"ကျွန်မက လူသေမှုနဲ့ ထောင်ငါးနှစ်ကျနေတဲ့ မကေသီဦးရဲ့အမေ ဒေါ်သီသီပါရှင့်"

"ဗျာ ... ဟုတ် ... ဟုတ်ကဲ့"

ဒေါ်သီသီဆိုသူက သူ့ကိုယ်သူ ဒေါ်ကေသီဦး၏အမေပါဆို၍ ကျွန်ုပ်အံ့အားတသင့် ကြည့်မိသည်။ ရင်းနှီးဖော်ရွေစွာ ပြုံးပြလိုက် သောမျက်နှာဝယ် ဒေါ်ကေသီဦး၏ပုံရိပ်ကို လက်ခနဲ တွေ့လိုက်ရသလိုရှိ၏။

"သူကတော့ ကျွန်မရဲ့ညီမ ဒေါ်ကြည်ကြည်ပါ။ မကေသီဦးရဲ့ ဒေါ်လေးဆိုပါတော့ ... ထောင်ပိုင်ကြီး"

"ဟုတ် ... ဟုတ်ကဲ့"

ကျွန်ုပ်က ဒေါ်ကေသီဦး၏ မိခင်ဆိုသူ၏ လှုပ်ရှားမှုများကို သံသယစိတ်ဖြင့် သေချာစူးစိုက်ကြည့်နေမိသည်။ ညကြီးမိုးချုပ်မှ မိန်းမသားနှစ်ယောက်ထဲ ထောင်အထိ လာရဲ၍လည်းဖြစ်၏။

"သမီးမကေသီကို စနေနေ့ ထောင်ဝင်စာ တွေ့နိုင်အောင်လို့ သောကြာနေ့ညနေကတည်းက မန္တလေးကနေ ဆင်းလာကြတာလေ။ အမှန်က ဒီမနက်ဆယ်နာရီလောက်ရောက်လာဖို့ပဲ။ ဒါပေမဲ့ ကံဆိုးချင်တော့ လမ်းမှာ ကားဘီးက နှစ်ခါတောင်ပေါက်ခဲ့တာကြောင့် ကားက စောစောလေးကမှ ဆိုက်ပါတယ်။ အဲဒါ တည်းခိုခန်းတောင် မသွားနိုင်သေးဘဲ တက္ကစီတစ်စီးငှားပြီး ထောင်ပိုင်ကြီးဆီ အရင်ရောက်အောင် လာခဲ့တာပါ"

ဒေါ်သီသီ မောသွားဟန် ခဏနားပြီး ဆက်ပြောသည်။

"ဟိုလေ ... တခြားတော့မဟုတ်ပါဘူး။ မနက်ဖြန် တနင်္ဂနွေနေ့ထောင်ဝင်စာ ပိတ်တယ်ဆိုတော့လေ ကျွန်မတို့ အချိန်မီကြိုးစားပြီး လာခဲ့ကြ





တဲ့ကြားထဲက နောက်ကျရတာကို လာအသိပေးရင်း မနက်ဖြန် သမီးလေးနဲ့ ထောင်ဝင်စာတွေ့ခွင့်ရအောင် လာတောင်းပန်ကြတာပါရှင်"

သေဆုံးသွားပြီးသော လူတစ်ယောက် ဤလောကသို့ ပြန်လာနိုင်မနိုင် ကျွန်ုပ် တပ်အပ်သေချာ မပြောနိုင်သော်လည်း အခု ဒေါ်သီသီဆိုသော အမျိုးသမီးကြီး၏ ပြောပုံဆိုပုံအရတော့ နာနာဘာဝမဟုတ်တန်ရာဟု ကျွန်ုပ် ထင်မိသည်။ သို့တစေ ဒေါ်သီသီ ရုတ်တရက်ပြန်ရောက်လာသည်ကို စိတ်ထဲတော့ သိပ်ဘဝင်မကျလှပေ။

"ဒါတော့ စိတ်မပူပါနဲ့ခင်ဗျာ။ အချိန်သုံးနှစ်ကျော် ကွဲကွာနေတဲ့ သမီးကို တွေ့ချင်လွန်းလို့ ခရီးဝေးကနေ တကူးတကန့် လာခဲ့ရတဲ့ အမေတို့ကို မဖြစ်မနေ တွေ့ခွင့်ပေးရမှာပေါ့ဗျာ"

ဒေါ်သီသီ၏ မျက်လုံးများ ပြူးဝိုင်းသွားကာ ...

"အို ... ဒါဆို ထောင်ပိုင်ကြီးက ကျွန်မတို့သားအမိအကြောင်းတွေကို သိနေပြီသား ထင်ပါရဲ့"

"ဟုတ်ကဲ့ ... ဆိုပါတော့။ ဒါနဲ့ အားတော့နာပါရဲ့ အချိန်ပေးနိုင်မယ်ဆိုရင် ခဏလောက် ထိုင်ကြပါဦးလား"

"ဟုတ်ကဲ့ ... ရပါတယ်ရှင်"

ကျွန်ုပ်က ဒေါ်သီသီတို့နှစ်ယောက်အား ဧည့်ခန်းရုံးထဲသို့ ခေါ်သွားပြီး ခဏထိုင်စေသည်။ ပြီးမှ ...

"တခြားတော့ မဟုတ်ပါဘူး။ ဒေါ်ကေသီဦးပြောပြထားလို့ ကျွန်တော်သိရသလောက် သူ့အမေနဲ့ ညီမနှစ်ယောက် ဖျာပုံဘက်မှာ ဘုရားဖူးသွားရင်း မော်တော်နစ်ပြီး သေဆုံးသွားကြတာ ခုဆို သုံးနှစ်ကျော်လောက်တောင် ရှိနေပြီပဲဟာ။ အဲဒါ ခုကျမှ ဒေါ်သီသီတို့က ဘယ်လိုဖြစ်ပြီး ပြန်ပေါ်လာကြတယ်ဆိုတာလေး ..."

ကျွန်ုပ်က စိတ်ထဲ ဘဝင်မကျ၍ တွဲတိုးမေးချလိုက်သည်။ ဒေါ်သီသီက ဖြူဖွေးသော သွားတက်ကလေးများ ပေါ်လာသည်အထိ ပြုံးပြလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ...ထောင်ပိုင်ကြီး။ ဟင်း ...ဟင်း ...ကျွန်မလည်း ခုတစ်လော အဲဒီမေးခွန်းကိုပဲ အစ်ကြောင်းထပ်အောင် အမေးခံနေရတာပါရှင်။ လူတိုင်းကလည်း ကျွန်မ သေရွာက ပြန်လာနိုင်တာကို အရမ်းစိတ်ဝင်စားနေကြတယ်လေ။

ဒီလိုပါ ...ထောင်ပိုင်ကြီး၊ မော်တော်နစ်ပြီး ရေစီးထဲမျောပါသွားတဲ့ ကျွန်မဟာ တံငါလှေတစ်စီးရဲ့ ငါးဖမ်းပိုက်နဲ့ငြိနေလို့ ဝိုင်းကယ်ခဲ့ကြတယ်။ သူတို့ရွာရောက်ပြီး မေးကြတော့ ကျွန်မက အဖြစ်အပျက်ကို ဘာမှ ပြန်မပြောပြနိုင်ဘူးရှင့်။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်မဟာ ကိုယ့်ကိုယ်ကိုယ်တောင် ဘယ်သူ ဘယ်ဝါမှန်းမသိအောင် အတိတ်မေ့နေခဲ့လို့ပါပဲ။ ရွာခံလူတွေကတော့ ကျွန်မကို သဘောထားကြီးကြီးနဲ့ ကျွေးမွေးစောင့်ရှောက်ထားကြပါတယ်။ အဲဒီ တံငါရွာနေရာက အတော်လေးခေါင်တော့ ဆရာဝန်တွေ၊ ဆေးခန်းတွေနဲ့လည်း အတော်အလှမ်းဝေးပါတယ်။ ဒီလိုနဲ့ နှစ်နှစ်ကျော်လို့ သုံးနှစ်နီးပါးကြာတဲ့ မိုးဦးကျတစ်နေ့မှာ မော်တော်တစ်စီး အဲဒီရွာနားမှာ လာမှောက်လို့ လူတော်တော်များများ သေကြပါတယ်။

တိုက်ဆိုင်သွားလို့လား မသိဘူး၊ အဲဒီဖြစ်ရပ်ကိုလည်း မြင်ရရော ကျွန်မ အတိတ်က အကြောင်းအားလုံးကို ချက်ချင်း ပြန်သတိရသွားတော့တယ်။ အဲဒါကြောင့် ရွာက ကျေးဇူးရှင်တွေ ဝိုင်းထောက်ပံ့တဲ့ ခရီးစရိတ်ငွေနဲ့ ဖီးပင်ကုန်းရွာကို ပြန်လာခဲ့ပါတယ် ...ထောင်ပိုင်ကြီး"

"ဩော် ..."

"အလွယ်တကူ ပြန်လာလို့ရတာတော့ မဟုတ်ဘူးရှင့်။ တံငါရွာက သိပ်ခေါင်တော့ ကုန်းတစ်တန် ရေတစ်တန်အပြင် တချို့နေရာကျတော့ နွားလှည်းတောင်မရှိလို့ လမ်းလျှောက်လာခဲ့ရတာတောင် ရှိသေးတယ်။ ခုနစ်ရက်လောက်ကြာမှ အိမ်ပြန်ရောက်တာ။ အိမ်ရောက်တော့လည်း ဘယ်သူမှ မရှိကြဘူး။

နောက်မှ သမီးအဖေ နှလုံးရောဂါနဲ့ ဆေးရုံတက်နေရတယ်ဆိုလို့ လိုက်သွားတော့မှ ဖြစ်သမျှအကြောင်း သိရတော့တာရှင့်။ ခု သူ့အဖေ





ဆေးရုံဆင်းခွင့်ရလို့ အိမ်မှာထားခဲ့ပြီး ဒီကညီမကို အဖော်ခေါ်ပြီး မကေသီကို တွေ့ဖို့ ထွက်ခဲ့ကြတာပါရှင်"

"ဩော် ...ဒီလိုကိုး။ ဒါနဲ့ သမီးအငယ်ဆုံးလေးရဲ့အလောင်းကို ကယ်ဆယ်ရေးအဖွဲ့တွေ ပြန်ရှာတွေ့ကြလို့ သင်္ဂြိုဟ်ခွင့်ရခဲ့တယ်လို့ သိရပါတယ်။ ဟို ...သမီးအလတ်ကျတော့ရော ..."

"အင်း ...သူ့အလောင်းကိုလည်း ကယ်ဆယ်ရေးအဖွဲ့က ရက်အတော်ကြာမှ တွေ့လို့ သင်္ဂြိုဟ်ပေးခဲ့ရတယ်တဲ့။ ကျွန်မတော့ အတိတ်မေ့နေလို့ ဘာမှမသိလိုက်ရတော့ဘူး"

"ဩော် ...ဖြစ်မှဖြစ်ရလေဗျာ။ ကြားရတာ စိတ်မကောင်းလိုက်တာ။ ဒေါ်ကေသီဦးကတော့ သေရွာပြန်အမေကိုတွေ့ရင် အရမ်းကို ဝမ်းသာရှာမှာပါ။ ကဲ ...မိုးလည်း အတော်ချုပ်နေပြီ မနက်မှ လာခဲ့ကြပါ"

"ဟုတ်ကဲ့ ...ထောင်ပိုင်ကြီး။ ကျေးဇူးတင်ပါတယ်။ သွားခွင့်ပြုပါဦး"

နောက်တစ်နေ့နံနက်ပိုင်း၌ ဒေါ်ကေသီဦးတို့သားအမိအား ကျွန်းစံဧည့်ခန်းတွင် တွေ့ပေးလိုက်သောအခါ ဒေါ်ကေသီဦးမှာ သေဆုံးသွားပြီဟု ယူဆထားသော မိခင်အား အရှင်လတ်လတ် တွေ့မြင်လိုက်ရသောအခါ ရုတ်တရက် စကားပင် မပြောနိုင်ဘဲ မူးမေ့မတတ် ဖြစ်သွား၏။

ပါးစပ်ဟောင်းလောင်းပွင့်ကာ ပြူးကျယ်သော မျက်လုံးကြီးများဖြင့် မိခင်ဖြစ်သူအား အထူးအဆန်းသဖွယ် ပြူးကြောင်ကြည့်နေသေးသည်။ ဒေါ်ခင်မမနှင့် ဆရာမများ ဝိုင်းဝန်းပြုစုနှစ်သိမ့်ပေးရင်း မိခင်ဖြစ်သူကလည်း ဖြစ်ရပ်မှန်ကို တဖြည်းဖြည်းချင်း ရှင်းပြလိုက်မှ စကားဟဟ ပြောနိုင်လာတော့၏။

ထိုအခါ ဒေါ်ကေသီဦးမှာ ပီဘိ ကလေးလေးတစ်ယောက်သဖွယ် မိခင်ရင်ခွင်ကြားသို့ အတင်းတိုးဝှေ့ဝင်ရောက်ကာ ကြွက်ကြွက်ပါအောင် ငိုကြီးတင် ငိုကြွေးပါလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့လည်း ဒေါ်ကေသီဦး ကြိုတင်ပြောထားခဲ့သည့် အတိုင်း မိခင်ဖြစ်သူမှာ တနင်္ဂနွေနေ့မှာပင် ဒက်ထိကွက်တိ လာရောက်ခဲ့ သည် မဟုတ်ပါလား။

သို့တစေ အလွန်ထူးခြားဆန်းကြယ်သောအချက်မှာ ဒေါ်ကေသီဦး သည် ထိုနေ့မှစ၍ ပြစ်ဒဏ်ကာလရက်စေ့၍ ထောင်မှလွတ်မြောက်သွားသည့် အထိ စိတ်နယ်လွန်အာရုံနိမိတ်ဆိုးများကို တစ်ကြိမ်တစ်ခါမှ ထပ်မံမမြင် တွေ့ခဲ့တော့ခြင်းပါပေ။

အစင်းစင်းသော သမုဒ္ဒရာတို့ဖြင့် တုန္နိုင်းခြင်းငှာ မစွမ်းသာအောင် သန့်စင်မွန်မြတ်လွန်းလှသည့် မာတာမိခင်၏ မေတ္တာရေကြည်တစ်ပေါက် သည် ဒေါ်ကေသီဦး၏ အထီးကျန်အတိတ်ဘဝမှ အာရုံလွန် အနိဋ္ဌာရုံပုံရိပ် ဆိုးများကို မြူမှုန်မျှမကျန်အောင် တိုက်စားချေဖျက်ပေးနိုင်ခဲ့သည် မဟုတ်ပါ လား။

❧

ပီတာမြိုး



www.burmeseclassic.com

www.burmeseclassic.com

| ၁ |

ညရှး

❑

စိတ်ရှိလက်ရှိ အိပ်ပစ်လိုက်ဖို့ဆိုသည်ကလည်း တမေ့တမော တရွေ့ တလွန့်မရှိ တုံးခနဲ အိပ်မောကျသွားလေမှ ကောင်းသည်။

မျက်စိမှိတ်လျက် အိပ်မရ၊ မျက်ဝန်းပိတ်လျက် မေးရှုံမပျော် ဖြစ်ခဲ့လျှင် ခက်ဦးမည်။

နိုးတစ်ဝက်၊ အိပ်တစ်ဝက် မံကောမက 'ချောက်အိပ်မက်' တွေက တောခြောက်သလို နိုပ်နိုပ်စက်စက် လှန့်လေဦးမည်ဆိုက ဒုက္ခ။

အိပ်သည်ဆိုလည်း ပျော်ပါမှ။

သည်ရက်တွေမှာ အိပ်မပျော်နိုင်သည့် အိပ်ပျက်ညတွေ အသချေယျ ကပ်ကမ္ဘာကြီးထဲ တရွေ့ရွေ့ စီးမျောနေရသလို ကြာရှည် ကြာမျော များလွန်းနေပြီ။ သေခြင်းတရားက အစောင့်အကြပ်တွေနှင့် အာသာငမ်းငမ်း မျှော်နေတတ်သည့်ညတွေ။ အကာလ, မရဏညတွေ။

နွေဦး၏ ပထမဆုံး ကြွေရွက်ကလေးတစ်ခြွေ လေမှာ ဝဲခနဲ ပြုတ်ကျသွားပြီးကတည်းကပင် မတည်မငြိမ်ဖြစ်ချင်ခဲ့သောရင်သည် နောက် ..





...က်၊ ရွက်ကြွေတွေ ... ရွက်ကြွေတွေ ... ထပ်၍ထပ်၍ များလွန်းမက ...လာတော့ ခံနိုင်ရည်အား မရှိချင်၊ တင်းမခံနိုင်တော့။

'ဒါဟာ ကြုံကိုကြုံရမယ့် အဖြစ်ပဲလေ။ ဘယ်လိုရှောင်လို့ တိမ်း... မလွတ်နိုင်တဲ့ ပြဋ္ဌာန်းထားပြီးသား ဇာတ်ကွက်တစ်ခုပဲ' ဟု ကြုံစဉ်း... ဖြေတွေးတွေးကြည့်ဖို့ ကြိုးစားခဲ့မိဖူးသေးသည်။ မရ။ တကယ့်အိပ်မက် ...တ်ပါဘဲလျက် အိပ်မက်ဆန်လွန်းနေသည့် တွေဦးကြုံသစ် မရဏပြကွက် ...ကို မယုံရဲ၊ ယုံရဲ မျက်စိမှိတ် လက်ခံလိုက်ရပြီဆိုကတည်းကပင် လောက ...ယာ၊ ဘဝ၏ အကွေ့အချိုးအလှည့်အပြောင်း လော်လော်မာမာပရိယာယ် ...ကို နှလုံးနာအော်ဂလီဆန်မိခဲ့သား။

'အိပ်မက်ဆန်သော အိပ်မက်သည် ကြောက်လန့်တုန်လှုပ်ဖွယ် ...င်းသည်'ဟု သူဖတ်ဖြစ်သည့် ဝတ္ထုတစ်ပုဒ်ထဲမှာ အမှတ်ထင်ထင် တွေ့...သည်။

မဟုတ်။ ငြင်းချင်သည်။ ငြင်းကြည့်လိုက်ချင်သည်။

တကယ်ကြောက်ဖို့၊ တုန်လှုပ်ချောက်ချားဖို့ ကောင်းသည်မျိုးက ...လင်း ထူထူထဲထဲကြီးထဲမှာ အိပ်မက်တစ်ခု မဟုတ်ခဲ့ပါဘဲလျက် ပြကွက် ...ဆုံးကို အိပ်မက်အစဉ်ကြီးတစ်ခုပမာ ဝိညာဉ်သေများဖြင့်သာ မလှုပ် ...ာက် စီရင်ခင်းကျင်းသွားသည့် မြင်ကွင်းမျိုး။

ယင်းကို မျက်ဝါးထင်ထင် မြင်နေရ၊ ကိုယ်တိုင်ကိုယ်ကျ ပါဝင်စီး ...နေရသည့် အဖြစ်မျိုးကြီးမှန်း ကြေကြေကွဲကွဲ ဝမ်းပန်းတနည်း ဘာသာ ...သည်။

အိပ်မက်မမည်သည့် တကယ့်ဖြစ်ရပ်ပြကွက်ကြီးတွေက အိပ်မက် ...ခုလို အယောင်ဆောင်ဖန်ဆင်းလျက် နွေနွေညည မျက်ဝန်းအမှိတ်ကို ...င့်ခြောင်း၍ ချောက်ဖို့ လှန့်ဖို့ ပြင်ဆင်တာစူနေကြသည်ကို သတိထား ...ဖြင့် ခန္ဓာကိုယ်ကောင်ကြီးက ဗုန်းဗုန်းလဲ အိပ်ချင်မူးရီနေစေဦး မျက်ဝန်း ...စေ့ပိတ်၍ အိပ်ပစ်လိုက်ဖို့ဖြင့် ခက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟ ... ကောင်လေးရ ဘုရားသခင်က ကြိုတင်စီရင်ထား

ကံတရားတွေပဲလို့ တွေးလိုက်ရင် ပြီးပြီပေါ့လေ။ ခက် ... ခက်လွန်

မင်းဘာသာ ဘာတွေ အတွေးတွေနေရပြန်တာတုံး"

ချင်းဆရာကြီး ဦးထန်ဒိုလန်း ပြောပုံမျိုးအတိုင်း လိုလိုချင်

သဘောထားနိုင်လိုက်ခဲ့လျှင်လည်း အဟုတ်သား။

သို့သော် ...

✿ ✿ ✿

[ ၂ ]

ပုမ်းများ

❑

မိုးရွာပြန်ပြီ။

သည်းလိုက်ဖွဲလိုက်ဖြင့် နေကုန်နေခန်း ဖွေနေဦးမည့်ပုံပေါ်သည်။

ညို့နေသည် မဆိုသော်မှ ခဲသားရောင် တစ်ခွင်တစ်ပြင် မိုးလုံးပတ်လည်

နေပုံကြီးက ခဏကလေးမျှပင် နေရောင်တစ်စက်ကလေး လက်ခွင့်

ဦးမည်မထင်။

"အို ... ဆရာလေး၊ မိုးဖွဲတွေပက်ပြီး စိုလို့ပါကော။ ဖျားပြုနေ

တော့မယ်။ ဒီလို စွေမိုးကြီးမျိုးက နှာစေး၊ ချောင်းဆိုးနဲ့ အူတန်ဒုက္ခ

တတ်တာမျိုးရယ်။ လာ ... လာ ... အထဲဝင်ထိုင်လှည့်ဦး။ အခါးရည်

ခွက်လည်း လာသောက်"

ပြုံးမိရ၏။

'အိမ်သားငည့်လာ' ထုံး နှလုံးပိုက်လျက် ပြုံးပြုံးကြီး လောကဝတ်

။ လောကွတ်တွေ ဒရဟောရေစီးကမ်းပြို လိုက်နေလေသည့် 'အဘ

တို့ ကြည့်ပြီးလည်း ရယ်ချင်ပက်ကျိ ဖြစ်မိရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငမိုးရယ် ... မင်းကွာ၊ သောက်ကျင့်ကိုမဖျောက်ဘူး။ တကာ မင်းကိုယ်မင်းများ 'နေပြည်တော်သန်းထွန်း'တို့၊ 'လင်ကီး ခင်မောင်း တို့လို့ ထင်နေသလား။ မင်းနေနေတဲ့ နှာခေါင်းပေါက်လောက် အခန်းကာ ကိုလည်း 'Lucky'တို့၊ 'မြစ်ဈားရော' တို့၊ 'မန္တလေးဟိုတယ်' ငြ ညှော်ကောင်းစောင်ကောင်းကြိုလို့ကောင်း၊ မျက်နှာလုပ် ဖန်ပြကောင် နေရာလို့များ ထင်နေသလား ... လခွီး။

ဒါ ကြိုးတိုက်ခန်းကောင်ရ ... ကြိုးတိုက်ခန်း။ မင်းကလည်း ဒေသမလား ညသေမလားမသိ။ သေမယ့်ရက်ကို ပုံစံထမင်းစားရင်း စော ရတဲ့ သေဒဏ်ကြိုးသမား အသုဘအလောင်းအလျာ၊ ရာရာစစကွာ ထောင်မှူးကိုများ ကြိုးတိုက်ခန်းထဲအထိ ဖိတ်မန္တက ပြုနေရသေးတ သောက်ရူး။

ဆရာလေးရေ ... ငမိုးကိုတော့ ခွင့်လွှတ်ဗျ။ ဒီအကောင်က ကောင်ကြီးကြီးပေတဲ့ အချိန်စီးတဲ့ကောင်ကြီး မဟုတ်ဘူးရယ်။ ဌာန ကောသလ္လတွေ ဘာတွေ သောင်မှန်းကမ်းမှန်း နားလည်တတ်တဲ့ကော လည်း မဟုတ်ဘူး။ အလကား ... တောသား၊ ရေငန်သောက် မြက်ခြေ စား"

"တယ် ... ဒီနွားမသား ... အေးဖေ။ မင်းက တစ်မှောင့် လောက်မိုးတွေသည်းပြီး ရွှဲရွှဲစိုမလိုဖြစ်နေတဲ့ဟာ ဒီအခန်းထဲကို မ နင့်မှာ မျက်နှာလုပ်ချင့်စရာ ဘယ်အမေ့လင်ရဲ့အခန်း ရှိသေးလို့တုံး။ ဖြန့်သဘက်ပဲ စက်တိုင်မှာ မျက်လုံးပြူး လျှာထွက်နဲ့ အသက် ဖင်က ရမလား၊ ခေါင်းကထွက်ရမလား မသိ။ ဒီအထိ နင်က အဆာကျ ချင်တုန်းလား။ လုပ်မနေနဲ့ ... ပြွတ်။ 'ဓာတ်သိ နဘတ်ချဉ်'။ နင့် သောက်ချိုးမျိုးတွေနဲ့ပဲ ကြိုးကျခဲ့ရတာ။

နင်နဲ့ပေါင်းမိလို့ ငရုတ်သီးနဲ့ရောပြီး အထောင်းခံရတဲ့ ကြက် လို ငါပါ ဒလိမ့်ခေါက်ကွေး သေမင်းငင်လာခဲ့ရတာ ... ဟင် ... သေ ဆိုးရဲ့၊ ဝင်သာလာခဲ့ ဆရာလေး ... လောလောဆယ်က မိုးမစိုဖို့ အခ





အေးဖေနဲ့ဖက်ပြီး တောင်တောင်မြောက်မြောက်တွေ စဉ်းစားမနေနဲ့။ လာ လာ ..."

"ဟဲ့ကောင် ... ဟဲ့ကောင် ... ငမိုး"

"မင်း အသာနေစမ်းပါ ... အေးဖေရယ်၊ ဆရာလေးလက်ထဲမှာ ကော်ဖီမစ်ထုပ် နှစ်ထုပ်မြင်သကွ။ ရန်နိုင်ကြီးကို စောစောလေးကမှ ဆရာ တင်မောင်လွင်ကိုယ်တိုင် ဖိုကြီးက ရေနွေးသွားယူပေးထားတာ။ ကော်ဖီ မှုမှုကလေး ဖျော်သောက်လိုက်ရလို့ကတော့ ဒီမိုးဒီရွှေကို ဘာသောက်ရေး စိုက်စရာရှိလဲ။ အရသာ ... အရသာပ ... ဟုတ်လား။ နော .. ဆရာလေး"

"ငမိုးရယ် ... ငတ်ကြီးကျ၊ မင်းတော့လားကွာ"

ကြိုးတိုက်ခန်းအဝင် လှေကားခုံကလေးခြေရင်း၌ ရွှံ့ဗွက်တွေပေ ရေနေသည့် ရှူးဖိနပ်ကို ဖျုတ်ခနဲချွတ်လျက်၊ မိုးအစင်လွတ်ရာ ထောင့်ကလေး တွင် အသာထောင်ထားခဲ့လိုက်ပြီး သူတို့ကြိုးတိုက်ခန်း၊ အမှတ် (၉) ထဲကို ခြေချမိရသည်။

လက်တွင်ကိုင်လာသည့် 'ဒီးကွက်' တံဆိပ် ကော်ဖီမစ်ထုပ် နှစ် ထုပ်နှင့် အိတ်ကပ်ထဲက နောက်ထပ်နှစ်ထုပ်တို့ကို ထုတ်၍ ကြိုးတိုက်ခန်း ခေါင်းရင်း ဝါးနီးကြောဖျာ ခပ်နွမ်းနွမ်း ဝါကျင့်ကျင့်ကလေးပေါ်၌ ဖိဖိပြားပြား ထိုင်လျက် သူ့ကို တစ်ဝကြီး ပြုံးပြနေသည့် အညာသား အသားမည်း 'တောကျွဲကြီး' ကိုရန်နိုင်ထံ လက်ကမ်းပေးလိုက်သည်။

"ကဲ ... ကိုရန်နိုင်ကြီး။ ကြုပ်ကျက်လိလိုက်ပေတော့။ ရှိူ့ရသေး။ ကုန်မှအေး"

"ဟာ ... ဆရာထောင်မှူးကလည်း အားနာစရာ"

"အောင်မယ် ... ရုပ်ကြီးက၊ ငါ ထလုပ်ပစ်လိုက်ရလို့ အား မနာ လျှာမကျိုး၊ အရှက်မရှိ ဖွတ်နသားပါရ လုပ်ထားရတဲ့ ငါ့သောက် ခွက်ကြီးကိုမှ အားမနာ ...အေပေး"

"ဟုတ်တယ် ... ရန်နိုင်ရေ့ မင်း အလကားရထားတဲ့ ရေနွေးပဲ အသားတင်စိုက်လိုက်ရတာကွာ။ ငါတို့ ဘူကောင်သုံးကောင် သုံးကောင်



www.burmeseclassic.com

www.burmeseclassic.com



ကြွက်' တွေကို ထောင်ဝင်စာလာဖို့ဆိုတာက ဝေလာဝေး။ ကျွန်ကြီးသာ မပြောကောင်းပြောကောင်း ပျက်ချင်ပျက်သွားမှာ။ တို့တွေကို ထောင်ဝင်စာလာဖြစ်ဖို့က အကျဲသား။

အဲဒီတော့ ကျွေးကော်ခဲရှေ့ရှစ် ဆရာကလေးက သဒ္ဒါအေးယူပေး လာမှဖြင့် ဖျော်မှာသာ သွက်သွက်ကလေးဖျော်တော့ . . . ကောင်ရေး ဆရာလေး စိတ်ပြောင်းမသွားခင် . . . ဟီး . . . ဟီး . . . ဟီး . . ."

"ဟော . . . လုပ်ချလိုက်ပြီ . . . မသာငတ်ကြီးကျ . . . အေးဆေး ခွေးမျိုး။ မင်းဟာလေ 'ရွာတော့မိုး . . . ထိုးတော့မြေကြီး' ဆိုတဲ့ကောင် တစ်မျိုး။ ပါးစပ်ကတစ်မျိုး၊ ဝမ်းထဲ ရင်ထဲက တစ်မျိုးကောင်ရယ်။ သူများ နှိုးပုံခွထိုင်ပြီး 'ဝမ်းတစ်လုံးကောင်း ခေါင်းမခဲ' လုပ်ချင်လုပ်တတ်တဲ့ကောင်။ ခုကလေးတင် စာကလေးကြော်၊ ခုချက်ချင်း ဆီထမင်း၊ ပါးစပ်ပေါက်လား။ ဖင်ပေါက်လား ဘာမှန်းကို ခွဲမသိတဲ့ကောင်။ မင်းပဲ အပြောကောင်း။"

"ကဲပါ . . . ကဲပါ . . . ကိုရန်နိုင်ကြီးလည်း ကော်ဖီဖျော်နေတာ ပြီးတော့မှာပါ . . . အဘမိုးရယ်။ ပစ္စည်းမဲ့ဒေါသတွေ အတုံးလိုက်ကြီး သင့်မနေပါနဲ့တော့။ လာ . . . ထိုင်၊ ရေနွေးကလေး တစိမ့်စိမ့်သောက်ရင်း မိုး အေးအေးမှာ စေထိုင်ကန်နေကြရအောင်"

"အင်း . . . အဲဒါပဲ ကောင်းတယ်"

"ဟား . . . ဟား . . . ဟား . . . ဟား . . ."

ရယ်စရာကြုံ၍သာ ရယ်လိုက်ရသည်။ စိတ်ရှိလက်ရှိ အားပါးတရ မဖြစ်မှန်း ဘာသာသိ၏။ ရင်ထဲမှ တစ်စုံတစ်ရာက ချုပ်ဆွဲထားသလို ခုတုတုံ။

လွှတ်လပ်ကြည့်စင်စွာ တဟားဟားရယ်နေသည့် သူတို့သုံးဦးကို ငေးရင်း ရင်ထဲ၌ နင့်တင့်တင့်၊ ဆို့တို့တို့ ဖြစ်ချင်လာသည်။

သူတို့၏ရယ်သံ တဟားဟားတွေသည်ပင် သူတို့နေထိုင်ရာ ကြိုး တိုက်ခန်းနှင့် မအပ်မယှာ၊ လားလားကလေးမျှ မဆိုင်သလိုချည်း ခံစားနေရ၏။

"လာ . . . ထိုင်၊ ဆရာလေး။ အဲဒီမှာ ကျုပ်ပုံစံပုဆိုးဟောင်း ကလေးရှိလေရဲ့။ အောက်ကခင်းပြီးသာ ထိုင်လိုက်ပေတော့။ ဖျာက မကောင်း





ချင်တော့ဘူးရယ်။ နှုတ်ခမ်းတွေဖြာပြီး အနားစတွေဖွာ၊ အလယ်က ယက် သားအစခံတွေလည်း တစ်ချောင်းပြုတ်၊ နှစ်ချောင်းပြုတ်နဲ့ ဖောက်ပေါက်ဖြစ် နေပြီ။ သမံတလင်းက အေးသဗျ။ မိုးကလည်း စိမ့်နေရော"

"ငမိုးရယ် . . . မင်း လောကွတ်လုပ်နေတာတွေ ရပ်ပါတော့ဟ။ မင်း ခင်းပြီးထိုင်နိုင်းနေတဲ့ မင်းပုဆိုးပိုင်းက ဆရာထောင်မှူးအိမ်က လက်နှီး စုတ်လောက်တောင်မှ သန့်တော့လို့လား . . . တကတည်း"

"ရော့ . . . ရော့ . . . ဆရာလေး။ ကျုပ် အိပ်ရာလိပ်ပေါ်မှာသာ ထိုင်"

"ဟာ . . . ကိုရန်နိုင်ကြီး နေပါစေဗျ။ ကျွန်တော် ဖျာပေါ်မှာပဲ ထိုင်မှာပါ။ မိုးကာက မလုံတော့ တင်ပါးတစ်ခြမ်းလုံး ရွှဲနေတာရယ်။ အိပ်ရာ ပါ စိုကုန်လိမ့်မယ်"

"ရပါတယ် . . . ဆရာလေးရ ထိုင်ပါ"

"နေ . . . နေ . . . ဒီမှာပဲ ထိုင်လိုက်ပြီ"

"တောကျွဲကြီးရေ . . . ကော်ဖီပူပူလေး ဆရာ့ကို အရင်ပေးပါဟ။ မိုးရွာကြီးထဲ ဖြတ်လာခဲ့ရတာဟာကို"

"ရော့ . . . ဆရာလေး"

"အား . . . ကောင်းဗျို့၊ ချိုချိုခါးခါး ပူပူပြင်းပြင်းလေး။ နေဦး အဘမိုးတို့လည်း သောက်ကြဦးလေ၊ ကိုရန်နိုင်ကြီး ဖျော်ဦးဗျ။ အဘမိုး ရယ်၊ အဘအေးဖေ၊ ခင်ဗျားအတွက်ရယ် တစ်ယောက်တစ်ထုပ်စီသာ ဖျော် လိုက်။ ရေနွေးရော ကျန်သေးရဲ့မှုတ်လား"

"ရတယ် . . . ဆရာလေး၊ ကျုပ်တို့က တစ်ခွက်ကို သုံးယောက် အတူတူ မျှသောက်ကြမှာ"

"ဗျာ . . ."

" 'နေ့ဖို့ညစာ' လေ ဆရာလေးရဲ့၊ ကျန်တဲ့ ကော်ဖီမစ်နှစ်ထုပ် ကို သိမ်းထားပြီး နက်ဖြန်မနက်တစ်ထုပ်၊ ညနေတစ်ထုပ် သောက်ဖြစ်ရင် သောက်ဖြစ်၊ ဒါမှမဟုတ်ရင်လည်း ဆေးလိပ်နဲ့လဲပြီး မီးနိုးပိုင်းဘက် ကူး



www.burmeseclassic.com

www.burmeseclassic.com



ရင်ကူးဖြစ်လိုက်ဦးမှာ။ တစ်ခါတလေမှာက ထပြီးသောက် ခွင့်ကြုံတုန်း တစ်ကျိုက်နှစ်ကျိုက် အာခွတ်လိုက်ရတော်မေ့။ အာသီသလည်းပြေ၊ အာလယ လည်းငြိမ် ... ဟဲ ... ဟဲ ... ဟဲ ..."

"ဆရာလေးရဲ့ ကျန်တဲ့ကော်ဖီနှစ်ထုပ်ကို မောင်ပိုင်စီးလိုက်ပြီလို့ပဲ ဘွင်းဘွင်းရှင်းရှင်း ပြောလိုက်စမ်းပါတော့ ... အေးဖေရာ။ မင်းသောက်ကျင့်က ဒီလိုပဲ ဝေ့လည်ဝေ့လည်နဲ့ ... ချီး ..."

"ဟာ ... ဟုတ်သေးပါဘူး။ ဖျော်လိုက်ပါဗျ ... ကိုရန်နိုင်ကြီးရ။ နောက်နေ့အတွက်က ကျွန်တော်လာရင် ယူလာခဲ့ဦးမှာပေါ့။ လုပ်ပါ။ ရှိပူရသေး။ ကုန်မှအေးပဲပေါ့"

"ရှိပစေလေ ... ဆရာလေး။ ဒီအဘိုးကြီးနှစ်ယောက်လက် အပ်မိပြီးမှတော့ ရှိပစေတော့။ ဆရာလေး သောက်မှာသာသောက်။ မျိုမကျဖြစ်မနေနဲ့။ ကျုပ်တို့က ကော်ဖီမသောက်ရလည်း ဘာမှမဖြစ်ဘူးရယ်"

"သေမထူး၊ နေမထူးကောင်တွေလို့ပဲ တဲ့တိုးပြောလိုက်ပါလား .. ငါ့လူရယ်။ တည့်တည့်ပြောမှ ရိပ်မိပေါ့။ ဟုတ်ဘူးလား။ ဒီအဘွားဘောကြီးကို အစာကျွေးပြီး ယုယထားလို့လည်း ဘာလုပ်ရမှာတဲ့တုံး။ နက်ဖြန်သဘက်ပဲ ကြိုးစင်ပေါ်မှာ ကားခနဲ သေရင်သေရတော့မယ်ဟာကြီးကို။

ဟိုးတစ်နေ့ကပဲ ကောင်ကလေး ဝင်းမြင့်တစ်ယောက် သွားရှာခဲ့ပကော။ သူ့အရင်က အုန်းထွန်း။ ဟိုမျက်စိတစ်ဖက်လပ် မုဒိမ်းလူသတ် အုန်းထွန်းလေ။ အမှည့်တဝင်းဝင်း အကင်းတဖြုတ်ဖြုတ်ဆိုပေတဲ့။

ဒီတစ်ချီတော့ဖြင့် ဟောဒီသက်ကျားကြီးနှစ်ကောင်အလှည့် ထင်တာပဲ။ အဲ ... ကျုပ်ကလည်း ဖြစ်ပါစေ၊ ဟုတ်ပါစေချည်း ဆုတောင်းနေမိတော့တာရယ်။ ကိုယ့်လည်ပင်း ကိုယ်စမ်းပြီး 'ဘယ်နေ့သေမလဲ၊ ဘယ်နေ့သေမလဲ' စိတ်ယားနေရတာနဲ့စာရင် သေစရာရှိသေ၊ ခံစရာရှိခံ ဒုန်းခနဲ အုန်းခနဲ ပြီးပြီးကရော စောင့်ရတာ မောလွန်းလွန်းလို့ ... ချီး ..."

သောက်လက်စတန်းလန်း ပလတ်စတစ်ကော်ခွက် မည်းညစ်ညစ်ထဲမှ ခွက်ကပ်လက်ကျန်ကော်ဖီကို အသာငုံ့ကြည့်ရင်း ရင်ထဲမှာ တင်းခနဲ





ဖြစ်သည်။ ထောင်မှူးကြီး ဦးထန်ဒိုလန်းနှင့် အတူလာတွေ့လှည့်ပါဟု တကူးတကခေါ်နိုင်းသဖြင့် သတင်းသွားပို့စဉ်က မျက်နှာမသာမယာဖြင့် ထောင်ပိုင်ကြီးပြောခဲ့သည့် စကားတွေကို ကွက်ခနဲ သတိရလိုက်၏။

"ကဲဗျို့ ... ညွှန်မှူးကြီးရုံးမှာတော့ 'ရွှေပေလွှာ' စာနီကြီးနှစ်အိတ် ရောက်နေပြန်ပေါ့တဲ့။ ဘယ်သူတွေ ထိပေါက်ကြဦးမလဲ မသိသေးဘူး။ အဲဒါ ကြိုးတိုက်ထောင်မှူး ကိုဇော်မြင့်နဲ့ ဦးစီးထောင်မှူးကြီးတို့ ကြိုတင်သိထားကြရအောင် ခေါ်အသိပေးလိုက်တာ။

ဘယ်သူဘယ်ဝါဆိုတာရယ်၊ ဘယ်နေ့ ဘယ်ရက်ရယ်ဆိုတာတွေကတော့ ညွှန်မှူးရုံးက ပြန်လာမှပဲ အတိအကျသိရလိမ့်မယ်။ လောလောဆယ်တော့ ကြိုးတိုက်ခန်းလုံခြုံရေးနဲ့ ကြိုးသမားတွေရဲ့ ကျန်းမာရေးကိုပဲ အထူးဝီရိယထား၊ ထားလိုက်ကြဦး။

ဖြစ်နိုင်တာတော့ ဟိုလူသတ်အလောင်းဖျောက် အဘိုးအိုကြီးစုံတွဲအလှည့် ထင်တာပဲ။ သူတို့က အယူခံအဆင့်ဆင့်ရှုံးပြီး သမ္မတဆီ အသနားခံစာတင်ထားတာတောင် ခြောက်လ တစ်နှစ် ရှိနေပေါ့။ သူတို့လို့ထင်တာပဲ။ အဲ ... ကိုဇော်မြင့်၊ ခင်ဗျားအဘိုးကြီးအိုတွေ အခြေအနေ ဘယ့်နှယ်တုံး"

"ကောင်းပါတယ် ... ထောင်ပိုင်ကြီး။ ကြိုးတိုက်နေသားချည်းပဲ (၁၁) နှစ်နီးပါး ရှိနေကြပြီဆိုတော့ သူတို့ကိုယ်သူတို့ သေလူဆိုတာကိုတောင် မေ့နေကြတယ် ထင်တာပါပဲ။ ရယ်ရယ်မောမော ရွှင်ရွှင်ပျပျပါ"

"အေးလေ ... လုပ်ရမယ့်၊ ကိုင်ရမယ့်နေ့ မရောက်ခင်အထိတော့ နှုတ်စည်းလည်း စောင့်ကြ၊ မျက်နှာရိပ် မျက်နှာကဲလည်း မပြောင်းမိစေနဲ့ဦး။ (Half Death) ဆိုတာ ကြားဖူးရဲ့မဟုတ်လား။ တစ်ဝက်သေသွားတဲ့လူတွေဆိုတာ ကိုင်ရတွယ်ရ သိပ်ခက်သွားတတ်သတဲ့"

ကြမ္မာဆိုး၏ ကြိုးကွင်းသည် သည့်တစ်ခါ တန်းတန်းမတ်မတ်ကြီး သေဒဏ်ကြိုးသမားအဘိုးအို နှစ်ယောက်ထံ ဦးတည်မျက်နှာ လှည့်လာခဲ့ပြီထင့်။

"ရော ... ဆရာလေး။ ဘာငိုင်နေတာတုံး။ မျက်နှာလည်း သိပ်မလန်းချင်သလိုပဲ။ နေရော ကောင်းရဲ့လား"

www.burmeseclassic.com



"အင် ...အဲ ...ကောင်းပါတယ် အဘမိုး။ ကောင်းပါတယ်။ ညက တာဝန်မှူးဝင်ထားတာ မအိပ်ခဲ့ရသေးလို့ သိပ်မလတ်ဆတ်ဖြစ်နေတာပါ။ အင်း ...ကော်ဖီပူပူကလေး ဝင်သွားတော့လည်း မျက်စိတောင် ကျယ်လာသလိုပဲ"

"အေးဗျာ ...ဆရာလေးကလည်း။ ပညာတွေ ဒီလောက်တောင် သင်ပြီးမှ လုပ်စရာအလုပ်က ဒီလောက်ပဲ ရှားသတဲ့လား။ ထောင်မှာများ လာလုပ်ရသေးတယ်လို့။ ပြီးတော့လည်း ထောင်ပိုင်ကြီးက ဆရာအရင်း ခေါက်ခေါက်ဆို။ ကြိုက်တဲ့နေရာ ရွေးပါ့ဆိုတာကို 'ကြိုးတိုက်ထောင်မှူး' လုပ်ချင်သပဆိုပြီး ကျုပ်တို့ဆီ ဒုတ်ဒုတ်ထိ ရောက်လာခဲ့တာ ...ဟုတ်စ။ ကျုပ်ဖြင့် ...အံ့ရော"

မိုးကရက်ဆက်ကြီး ရွာနေခဲ့သဖြင့် တစ်ရံတစ်ခါဆီ ဟိုးနှစ်တစ်ရာကျော်က တည်ဆောက်ထားခဲ့သည့် ကြိုးတိုက်ခန်းထဲမှာ တိုက်အိုတိုက်ဆွေး အဟောင်းအမြည့်နံ့တွေ ထောင်းထောင်းလှိုင်နေသည်။ ပြီးလျှင် ထောင်နံ့။ နီးစပ်သူတွေသာ သိသိမှတ်မှတ် ခံစားနားလည်နိုင်သည့် ထောင်နံ့။

အဆောက်အဦး အိုအိုဟောင်းဟောင်း။ ဆွေးဆွေးမြည့်မြည့်ကြီးတွေဆီမှ သစ်ဟောင်းသစ်ဆွေးနံ့၊ မှိုနံ့၊ နိစ္စဓူဝထောင်ထဲ၌ပင် တဝဲရယ်တဲ့ တလည်လည် သံယောဇဉ်ဖွဲ့နေတတ်သည့် ရေပုပ်ရေသိုး၊ ချဉ်အောက်အောက် ဟောင်စုတ်စုတ်ရေဆိုးနံ့၊ လူငါးထောင်တစ်သောင်းက စွန့်ပစ်ထားသည့် ချီး, သေး, မိလ္လာနံ့၊ လူပေါင်း သောင်းခြောက်ထောင်ထံက တရှိန်ရှိန်ထွက်နေသည့် သဗ္ဗနံ့ပေါင်း လူငြီးနံ့၊ ထိုထို အနံ့ပေါင်းစုံတွေ ရောသမမွှေထားသည့် ထောင်နံ့ဆိုသည်ကြီးက နှာဝကို အတင်းကလိလျက်။

မိုးကလည်း ပေကပ်ကပ်ဖြင့် တဖြောက်ဖြောက်ရွာမြဲ ရွာသည်။

အဘမိုး၊ အဘအေးဖေ၊ ကိုရန်နိုင်ကြီး သူတို့သုံးဦးနှင့်အတူ ကြိုးသမား (၅၁)ဦးတို့ နေ့နေ့ညညနေထိုင်ရာ ကြိုးတိုက်ခန်းမည်းမည်းကြီးသည် ဘယ်နှစ်ရာအခါက နောက်ဆုံး ထုံးဖြူသုတ်ထားခဲ့သည်ကိုပင် သိနိုင်ခက်ခဲလှစွာ ဖြူညစ်ညစ်၊ ဝါကြန့်ကြန့်၊ မည်းချိတ်ချိတ် အကွက်ပေါင်းစုံတို့ဖြင့်





မြွေပွေးကွက် ထနေသည်။ မိုးရေစွတ်စိမ့်လျက် စိုထိုင်းကြီးဖြစ်နေပြီး ရေညှိစိမ်းစိမ်းကလေးတွေက ဟိုနားသည်နားမှာ။

အောက်ခင်းအဖြစ် ထောင်ကထုတ်ပေးထားသည့် နှီးသားဖျာကြမ်း သုံးချပ်ကလည်း အနားစတွေ ဖွာလန်ကြလျက် တစ်ဝက်သာသာပဲ ရှိရှာတော့သည်။ သူတို့ စားအိုးသောက်ခွက် ကော်ဇလုံ၊ ပလတ်စတစ်ပန်းကန်ဟောင်းကလေးတွေက ထောင့်ကွေးကလေးထဲမှာ ပိုးလိုးပက်လက်တချို့၊ မှောက်ခုံကားရားလဲနေသည်က တစ်ဝက်။

"နေပါဦး ...ဆရာလေးရဲ့။ ကျုပ် မေးစမ်းပါရစေဦး တစ်လနေနေ၊ တစ်လဆန်းဆန်းနေလို့မှ ခြူးတစ်ပြားတောင် ထွက်မကျလာနိုင်တတ်တဲ့ ကျုပ်တို့သေမင်းငင်တွေချည်း စုနေကြတဲ့ ကြိုးတိုက်လိုဟာကိုများ တကူးတက တောင်းပြီး တာဝန်ကျချင်ရတယ်လို့။ ဆရာလေးဥစ္စာ ဟုတ်သေးပါဘူး။ ဘာလို့တဲ့တုံး။ ကျုပ်က အဲဒါကို လွှတ်သိချင်ရန်ကောဆို"

"မင်းကွာ ...ငမိုးရာ၊ စပ်စပ်စုစု"

"ဘာရယ် မဟုတ်ပါဘူး ...အဘမိုးရာ။ အဘမိုးတို့လို သေဒဏ်ကြိုးသမားတွေနဲ့ နီးနီးနေမှုချင်လို့ပါ"

"ဘာရယ် ..."

"အိုး ...ဆရာထောင်မှူးကလည်း အရူးမဟုတ်၊ အကောင်းမဟုတ်။ အဝီစိကို တစ်နေ့သုံးကြိမ်လောက် ပုံမှန် မျက်စောင်းတခဲခဲလုပ်နေကြရတဲ့ အကုသိုလ်တုံး၊ အကုသိုလ်ခဲ အစုအပုံ ဒီကြမ္မာဆိုးဘုံကြီးကိုများ ဘာအောက်မေ့နေလို့တုံး ...တကတည်း"

"အေးလေကွာ ...ငါလည်း အဲဒါ ပြောနေတာပေါ့ ...အေးဖေရ။ စာတွေတတ်၊ ပညာတွေ အားရအောင်သင်ခဲ့လည်း တို့ဆရာလေးက နည်းနည်းတော့ ကြောင်ချင်ပေသကိုး"

"ဟာ ...ငမိုး"

"ဟား ...ဟား ...ဟား ...ကြောင်တယ်ဆိုလည်း ကြောင်တယ်ပေါ့ အဘအေးဖေရာ။ နေပါစေ။ မှန်တာပြောတာပဲဟာ။ မှန်တာ



www.burmeseclassic.com

www.burmeseclassic.com



ပြော ချမ်းသာသတဲ့။ ဤမှန်သော သစ္စာစကားကြောင့် 'လွတ်ငြိမ်းချမ်းသာကြီး' လာပါစေခင်ဗျာ။ ဟဲ ... ဟဲ ... ဟဲ ..."

"ဟယ် ... တယ်လည်း ဘျက်သရေမင်္ဂလာရှိလိုက်တဲ့ စကားပါလား။ ဖွဟဲ့ ... သူတော်ကောင်းစကား တည်ပါစေဗျား"

"ဟာ ... နင့်မေကလိန်းတဲ့။ ခုနတုန်းကတော့ 'ကြောင်' သလေး 'ကြက်' သလေးနဲ့။ အခု လွတ်ငြိမ်းချမ်းသာလာပါစေလည်းဆိုရော ဖြစ်သွားလိုက်တာ။ ဘာတဲ့ ... သူတော်ကောင်းတဲ့ ဟုတ်စ။ ကျလည်းကျတဲ့ကောင်။ လျှာအရိုးမရှိ၊ ယောက်ျားဖာသည်ကြီး ... ဖွတ်"

"ဟ ... ဒါတော့ တကယ်ဟုတ်ဟုတ်၊ မဟုတ်ဟုတ်၊ တစ်ခေါတော့ ရင်ထဲ အေးသွား။ ငြိမ်းသွားသေးတာကိုး ဘုရားသားရဲ့။ ကိုင်း ... နေပါဦး။ တကယ်လို့များ လွတ်ငြိမ်းချမ်းသာလာခဲ့မယ်ဆိုရင်ကော နင်တစ်ယောက်တည်း ဒီကြိုးတိုက်ကြီးဖက်ပြီး ကုတ်ကပ်နေရစ်ခဲ့မှာလား။ နွားမျိုး"

"ဟား ... ဟား ... ဟား ... ဟား ..."

မိုးတစိမ့်စိမ့်ကြီးထဲမှာ တဟားဟား တဟီးဟီးအသံတွေ ပေါင်းလန့်အောင် ထွက်နေသည့် သူတို့အခန်းအမှတ် (၉) ကို ကျန်သည့်ကြိုးသမားတစ်တွေက မေတ္တာပို့ကြရော့မည်။ မျက်စောင်းထိုးကြရော့မည်။

အသားအရေ ပြာမွဲမွဲ၊ နက်ကြောကြော၊ အောက်သွားကလေးသုံးလေးချောင်းငုတ်တုတ်နှင့် အရေခွံတွေ ရှုံ့တွ ပိန်ချွက်နေသည့် လူဗလံဘိုးကြီးအို အဘမိုးနှင့် အရပ်ရှည်ကိုင်းကိုင်း၊ မျက်နှာအရှည်ကြီးနှင့် သွားတွေတစ်ချောင်းမှ မရှိတော့သည့် ရိုးကြီးဂေါင်ဂင် အဘဦးအေးဖေတို့နှစ်ဦးသားခွက်ထိုးခွက်လန် ရယ်နေလိုက်ကြပုံမှာ အူလှိုက်သဲလှိုက်ရှိလှသည်။ သူတို့မျက်နှာပေါ်မှာ ဝင်းလက်ရွှဲစိုနေသည့် သန့်စင်မှု အရောင်အသွေးတစ်ခုခုကို သဲ့သဲ့မှုန်မှုန်ကလေး တွေ့နေမိသလိုလို။

သို့နှင့်တိုင် ...

ထောင်ပိုင်ကြီး၏ တိုးတိုးတိတ်တိတ် သတိပေးလိုက်သံကြီးက သူ့ကို ရင်ခိုအောင် ဖိစီးနေသဖြင့် သူ့ရယ်သံက အလိုလို ငိုသံပေါက်နေလိမ့်မည်ထင်သည်။





"အဘမိုး ..."

"ဗျား ..."

"အခုလို မိုးကလေးတစိုစိုမှာ အဘမိုးရဲ့အိမ်ကကျန်ရစ်ခဲ့တဲ့ သားမီးတွေနဲ့ ဘွားတော်ကြီးကို မလွမ်းဘူးလား"

"ဘာရယ် ..."

"ဩော် ... အိမ်ကို မလွမ်းဘူးလား လို့"

"ဘာကိုလွမ်းရမယ်"

"အိမ်ကိုလေ"

"ဟား ... ဟား ... ဟား ... အံ့ပါရဲ့ ဆရာထောင်မှူးရယ်။ ...ဆိုတဲ့ သူကောင်းသားက အပြေးအလွှားပြေးကြည့်မှ ရှေ့မှာ ရင်ဘတ်၊ ...တ်မှာ ကျောပဲရှိတဲ့ ဥတစ်လုံး၊ တစ်ကောင်ကြွက် သစ်ခေါင်းပေါက် ...ာ"

"ဗျာ ..."

"ဩ ... ဆရာလေးက ကျုပ်ကို ပစ်စလက်ခတ် လွှတ်အထင်...အားလိုက်တော့တာကိုး။ ဟုတ်တယ်လေ ... ဆရာလေးရဲ့။ အေးဖေ...ပြောသလို ကျုပ်က လူမှန်းသိကတည်းက တစ်ကောင်ကြွက်ရယ်။ ပြော...င် အေးဖေတို့လင်မယားက ကျုပ်ရဲ့ ဝမ်းမနာ အဖေနဲ့အမေပဲ"

"ဘယ်လို ... ဘယ်လို ... အဘမိုး"

"ဒီလိုလေ ...။ အေးဖေက ကျုပ်သူငယ်ချင်းဆိုပေတဲ့ ကျုပ်...ားပီ နားကြားကတည်းက အေးဖေတို့အိမ်မှာ အေးဖေနဲ့ လည်ပင်းဖက်...ကြီးပြင်းလာခဲ့ရတာ။ အေးဖေအိမ်ထောင်ကျပြန်တော့လည်း အေးဖေ...့အိမ်က ကျုပ်ရဲ့ စားအိမ်သောက်အိမ်လေ။

အိပ်တော့ ဘုန်းကြီးကျောင်း ဇရပ်တစ်လှည့်၊ ရွာဦးကျောင်းဆရာ...ာ်ရဲ့ ဆွမ်းချက်ထန်းတဲကြီးမှာ တစ်လှည့်၊ ရွာနီးချုပ်စပ်က မသာအိမ်...သုဘာဖဲဝိုင်းဘေးနဲ့ အရက်ပုန်းဆိုင်၊ ထန်းရေဆိုင်တွေမှာ ခေါင်းဆိုက်ပြီး ...စ်လှည့် ဆိုတာလိုပ ကျုပ်ဆရာ"

"ဟောဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ... ဟဲ ... ဟဲ ... ဟဲ ... အဲဒါတောင် ဆရာလေ [illegible]
ကြွားတယ်ထင်မှာစိုးလို့ လျှော့ပြီး ပြောထားသေးတာ။ တကယ်က တ[illegible]
မှာ သုံးလေးလပဲ ကျုပ်က ရွာခြေရွာနားကို ကပ်နိုင်တာ။ ကျန်တဲ့အ[illegible]
တွေမှာ မဟာမြိုင်တောကြီးအစပ်နားက မင်းကင်းနယ်ထဲမှာချည်းပဲ [illegible]
တာက များတာဗျား ..."

"အဲဒီမှာ အလုပ်သွားလုပ်တာလား ... အဘမိုး"

"ဟား ... ဟား ... ဟား ... ဟား ..."

"အေးဗေ ... ချွေးသား။ အူမြူးမနေစမ်းနဲ့။ အသာငြိမ်ငြိမ် [illegible]
ရရနေစမ်း။ အလုပ်ရှိလို့ မဟုတ်ဘူး ... ဆရာလေးရေ။ ကျုပ်က ခြေ[illegible]
နဲ့ နယ်လွှဲခံရတာ"

"ဘယ်လို ... အဘ"

"ရော် ... ဆရာထောင်မှူးကလည်း၊ ငမိုးက ကျုပ်တို့နယ်တ[illegible]
မှာ 'ပေါ်လေးတစ်ကျူး၊ ပိုးလေးတစ်ကျော်' သူခိုးကြီးတော်ပြားခေ[illegible]
သူခိုးချင်ရင် အိမ်ရှေ့ကို ခြောင် 'စာချ' ပြီး မရရအောင် တက်ခိုးတတ်[illegible]
စောရနက္ခတ်ပါတဲ့ သူခိုးရယ်။ အဲဒါကြောင့် သူငယ်ငယ် 'ဘုရားဒကာ[illegible]
အစိုးရလက်ထက်တုန်းကတည်းက အမြဲ နယ်ကျဉ်နယ်လွှဲခံရတတ်တာ။ ဘ[illegible]
တစ်နှစ်မှ လွတ်ခဲ့ဖူးတယ်မရှိဘူး"

"အလဲ့လဲ့ ... အဘမိုးကပေတဲ့ ခေသူမဟုတ်ပါကလား"

"ဟဲ့ကောင် ... အေးဖေ၊ နင် ဒီလောက်တောင် ညောင်မြစ်[illegible]
ပြီး ပုတ်သင်ဥဖော်ချင်သပဆိုလည်း အစအဆုံး အကုန်ဖော်ကောင်[illegible]
တော့လေ ... နွားမသားရဲ့။

ဘယ့်နှယ် ... သောက်ရှက်ကွဲရမယ့် ငါ့သိက္ခာထုပ်ကို ဖြေ[illegible]
ဖြေပြတော့မလား။ ငမိုးဆိုတဲ့အကောင်က ဘုရားဒကာ သူခိုးကြီးတော်[illegible]
တို့လို ဆင်းရဲသူဆင်းရဲသားများအတွက် အလုပ်လုပ်ပေးတတ်တဲ့ သူတေ[illegible]
ကောင်းသူခိုးဆိုတာများလည်း မင့်သောက်ပေါက်ကြီးက ဟုတ်ဟုတ်ငြာ[illegible]
ထွက်လာဦးမှပေါ့ဟ ... နွားမျိုးရဲ့"





"အဲ ... အဲဒါတော့ ဟုတ်တယ် ... ဆရာထောင်မှူးရေ။ ငမိုးက
[illegible]တဲ့ နယ်ထဲမှာ ကြေးရတတ်တွေ၊ မျက်လုံးပြူး ရွာရူတတ်ကြသလောက်
[illegible]နီးနား ဆင်းရဲသားများအဖို့ကတော့ အားကိုးတကြီးကို မေတ္တာထားခံ
[illegible]ား ခင်ဗျ။

သူကလည်း သောက်ကျင့်မဖျောက်နိုင်လွန်းလို့ နာမည်ပျက်ရှိ
[illegible]သားပြေ ခိုးမဲ့သာခိုးနေတာကို။ ခိုးရာပါပစ္စည်းကို စုံရေမက်ရေ သုံးပစ်
[illegible]တာမှ မဟုတ်ဘဲ။ နွမ်းပါးတဲ့သူတွေကိုသာ တိုးတိုးကြိတ်ကြိတ် လျှောက်
[illegible]ဲ ... အင့်' ပေးပစ်တတ်တာပဲဟာ။ ပြီးတော့ ငမိုးက ငွေစင်၊ ငွေမြူ
[illegible]သက်ကိုပဲခိုးတာ။ ဘာပစ္စည်းပစ္စယကိုမှ ခိုးတတ်တာ မဟုတ်ဘူးရယ်"

"ဟော့ကောင် ... ဟော့ကောင် ... အေးဖေ၊ သူခိုးကို ခြောက်ပစ်
[illegible] သဲလဲစင်မဖြစ်ဖြစ်အောင် အဲသလောက်ကြီးများလည်း ပုံကြီးချဲ့မနေ
[illegible]လေကွာ။ တော်တဲ့ ပြတ်တဲ့အခါ ကြုံရာရရာ ကြက်ကလေး၊ ဘဲကလေး
[illegible]တ်ဝက်တတ် ကပ္ပိတတ်တာများလည်း ထည့်ပြောဦးမှပေါ့။ ဟီး ...
[illegible] ... ဟီး ...။ ပြောရင်းဆိုရင်း ကြက်သားရေကျို ကာလသားချက်
[illegible]လေး လွမ်းလိုက်ပ ... လူရာ။ သွားရည်ကို လည်ရော။ ဟီး ... ဟီး
[illegible] ..."

အဘိုးအိုကဲ့ သူ့ငယ်ဘဝ ကြက်သားရေကျိုကလေးကို မြင်မိတမ်း
[illegible]ာင် တဟီးဟီး လုပ်နေပြန်သေးသည်။

သို့တိုင် သူကမူ သူနှင့် မျက်စိတစ်ကမ်းက အနားပုံကော်ဇလုံထဲ
[illegible]ညှစ်ညှစ် ထောင်ပုံစံထမင်းကျန် တစ်ဆုပ်တစ်ခဲနှင့် ဝီသံပေးနေသည့်
[illegible]ည်းသုံးလေးကောင်ကိုသာ မြင်နေသည်။

အတိတ်နှင့် အဟပ်ကွာလွန်းသည့် သူတို့ပစ္စက္ခကို ဆွက်ကျင်စွာ
[illegible]သက်တချချ။

"ဆရာဦးဇော်မြင့် ... ဆရာဦးဇော်မြင့် ..."

"ဗျို ... ဒီမှာရှိတယ် ... အဘအုန်းရေ ကိုးခန်းမှာ"

ခြေသံတဖျတ်ဖျတ်ကို ကြားမ်း ရေးကြီးသုတ်ပျာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ဆရာက ဒီမှာကို။ ထောင်ပိုင်ကြီး ခေါ်နေတယ်[...] ဆရာ။ မိန်းရေးလ်က စည်းကမ်းထိန်းဘုတ်ကိုင် လာပြောနေတယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ..."

ရင်ထဲ၌ 'ဒိန်း' ခနဲ ခုန်သွားလိုက်ပုံကြီးမှာ ခြေတွေလက်တွေကို[...] တော်တော်နှင့် သယ်မရ၍ မရတတ်ချင်။ နွမ်းရိရိ နုံးချိချို။

"ဒီမိုးကလည်းကွာ ရပ်မယ်ဆို ရပ်၊ ရွာမယ်ဆို ရွာ။ ခုထေ[...] အလကား တပြုံပြုံလုပ်နေတယ် ... သောက်လကားမိုး"

"ကဲ ... ခဏပြောလိုက်ဦးမယ် ... အဘရေ။ အဲဒီကပြီးရင် အ[...] တန်းပြန်လိုက်တော့မယ်။ ဒီကနေ့က ထောင်ပိတ်မဝင်ရဘူး။ မနက်က[...] ပဲ တွေ့ကြစို့"

"မိုးကတော့ လုံအောင်မြဲသွား ... ဆရာလေးရေ။ သောက်[...] က ဒုက္ခပေးမယ့်မိုးရယ်။ 'မရွာနေ ရွာစေ' ဆိုတဲ့ အညာမိုး။ အရှူးမိုး။ [...] တစ်ပြောက်၊ နှစ်ပြောက်ပေတဲ့ ဂျိုက်ရောင် ဒုက္ခပေးချင်ပေးနေတတ်သေ[...] တာ ... နော"

"ဟုတ်ကဲ့ ... အဘမိုး"

မိုးကား မတိတ်။ တစ်ဖျိုးဖျိုး တပြောက်ပြောက်ရွာဆဲ။

✿ ✿ ✿

| ၃ |

လမ်း

❑

"အချိန်ဆိုတာ တို့တစ်တွေ ပိုင်ဆိုင်ရသမျှတွေထဲမှာ အနည်းဆုံး အရာပါပဲကလား"

လောလောဆယ်ဖြင့် သည်အသိတစ်ခုတည်းကသာ သူ့ရင်တစ်ပြင်လုံးကို ဖိညှစ်ဆုပ်နယ်လျက် ရှိ၏။ အချိန်က သူ့ကို တမင်ဖိအားပေးနေခြင်းကားမဟုတ်။ တစ်ခါဖူးမျှ အတွေးမဝင်မိခဲ့ဘူးသည့် အချိန်ဆိုသည်ကြီးက သူ့နောက်ကျောကို ဓားဦးချွန်ဖြင့် ထောက်ထားသလို စူးစူးနက်နက် တွန်းဖိလာနေခြင်းသာဖြစ်သည်။

"သေခါနီးအချိန်မှာ ဘဝကို အဓိပ္ပာယ်ရှိရှိ နေတတ်ဖို့ဆိုတာ ထော်ရှုံလူတွေ မဓာတ်နိုင်ဘူးဗျ။ အဲ ... တချို့တလေများကျတော့လည်း နေခွင့်ကို မရခဲ့ရ၊ မကြုံခဲ့ရဘဲ သေသွားကြရရှာတာ"

အသံတွေက အခန်းနံရံများကို ထိမှန်ပြီး စင်လျက် အဲကွဲ[...] အရှုရှ သူ့ထံ ပဲ့တင်ပြန်လာနေကြသည်။ သူကား ကြိုးပေးစီရင်ခံရရှာ ဆဲဆဲ 'သေဒဏ်အတည်ပြုမိန့်' ၌ စာရင်းပါလာသူ ကြိုးသမားနှစ်ယောက် အမည်



www.burmeseclassic.com

www.burmeseclassic.com



နာမကို ကြားသိလိုက်ရပြီးကတည်းက မတုန်မလှုပ်၊ ထုံပေပေကြီးဖြစ်နေတော့သည်။

ထောင်ပိုင်ကြီးပြောနေသည့် စကားသံတွေ၊ ထောင်မှူးကြီး ဦးထန်ဒိုလန်းနှင့် ထောင်ပိုင်ကြီးတို့ အချီအချ ပြောဆိုနေသံတွေ၊ ဘာဆိုဘာမျှ သိသိမှတ်မှတ် မကြား။ သူ့နားစည်ထဲသို့ ဝင်လာလေလျှက်နှင့် သူ့အသိအာရုံတွေဆီ မရောက်သည်လည်း ဖြစ်ကောင်းဖြစ်မည်။

ရင်ထဲမှာ တနုံ့နုံ့၊ ထုံတုံတုံကြီး။

'ဒီလိုမှန်းသာ ကြိုသိခဲ့ရင် ဒီကြိုးတိုက်ထောင်မှူးအလုပ်ကို စောစောကတည်းက ဝေရာမထိခဲ့ပါရဲ့' ဟုလည်း မတွေးသာတွေးသာ တွေးနေမိသေး၏။ ကံပစ်ချရာကို လွှယ်လင့်တကူ မျက်စိမမှိတ် ခေါင်းမညိတ်ချင်သည့် သူ့ဇီဇ၊ သူ့ဉာဉ်က ထိုးထိုးထောင်ထောင် လွန့်လာလူးလာချင်မြန်သေးရာ မနည်းကြီး မျိုသိပ်ချိုးနှိမ်ထားလိုက်ရတော့သည်။

"ကြိုးစင်အခြေအနေ ကြည့်ဖို့နဲ့ လိုအပ်ရာရာ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ဖို့ရယ်၊ မြို့နယ်တရားရုံးတို့၊ တိုင်းတရားရုံးတို့နဲ့ ရက်ချိန်းကြိုညှိဖို့တွေရယ်ကို ဦးထန်ဒိုလန်းကပဲ ဦးစီးပြီး လုပ်လိုက်ပါ။ ကြိုးစင်ပြင်ပြီဆိုကတည်းက ကြိုးသမားတွေကတော့ လှုပ်လှုပ်ခတ်ခတ်၊ မတည်မငြိမ်ဖြစ်ကြဦးမှာပဲ။

ဘယ်သူရယ်၊ ဘယ်ဝါရယ် အပ်ချမတ်ချမသိပေမယ့် တစ်ယောက်ယောက်ကတော့ သေချာပေါက် ကြိုးပေးခံရတော့မယ်ဆိုတာ သိနေမှဖြင့် ကြက်ဈေးက ကြိုမ်ခြင်းထဲမှာ လှောင်ထားခံရတဲ့ကြက်တွေလို ရှန်းရင်းဆန်ခတ် ရှိဦးတော့မပေါ့။ သွေးနုံ့ညီနုံ့ရလာလေလေ ခြင်းကြားထဲကို ဖွတ်တိုးလေလေ။

အဲတော့ ... ကိုဇော်မြင့်က ဒီရက်ပိုင်း ဝီရိယကလေး နည်းနည်းပိုထားပြီး ကြိုးတိုက်မှာ အချိန်ပြည့် နေပေးဦး။ ဗိုကြီးစာခန်ခံ ဦးထွန်းဟန်ကြီးကိုလည်း ထမင်းပုံစံ ဖြူအာကောင်းတာလေးကို ပိုပိုသာသာကလေးထိုးပေးဖို့နဲ့ ပဲဟင်း၊ အသားဟင်းကို ကုလားဖိုက ချက်နိုင်းပြီး ပေးဖို့ ခေါ်ပြောထားပြီးပြီ။





ရေချိုးလည်း အဆင်ပြေအောင် လုပ်ပေးကြလိမ့်မယ်။ ရေချိုးချတဲ့အချိန်ရယ်၊ လမ်းလျှောက်ထုတ်တဲ့ အချိန်ရယ်ကို ပိုသတိထား။ အရင်ကလို ပေါ့ပေါ့လျော့လျော့နဲ့ ကြိုးတိုက်ခန်းအတွင်း သံတံခါးရော၊ အပြင်တိုက်တံတိုင်း သစ်သားတံခါးရော နှစ်ချပ်စလုံး မဖွင့်ပိစေနဲ့။ ပြီးတော့ နေ့စဉ်လူတွဲနဲ့ တိုက်ခန်း ချိန်းဖို့၊ လဲဖို့တွေလည်း မမေ့နဲ့။ ကြားလား ..."

ထောင်ပိုင်ကြီးရှုံးရှေ့ စားပွဲပေါ်မှ စာအိတ်နီကြီးတစ်အိတ်က ဖြဲခြောက်ပြ လှန့်ဖြလျက်ရှိသည်။ စာအိတ်နီကို သေဒဏ်ကိစ္စများတွင်သာ သုံးလေ့ရှိမှန်း ကြားဖူးနားဝရှိခဲ့သော်လည်း ယခုမှသာ ကိုယ်တွေ့ကိုယ်ကြုံဖြစ်ရတော့၏။

စာအိတ်နီကြီးကို တမင် အကြည့်လွှဲထားပါလျက် မျက်ဝန်းထဲက ဘယ်လိုမှမထွက်။

"ပြီးတော့ ကိုဇော်မြင့်"

"ဟုတ်ကဲ့ ... ထောင်ပိုင်ကြီး"

"ဒေါက်တာ အေးချိုတို့အဖွဲ့နဲ့ ကြိုးသမားအားလုံးကို ဆေးစစ်ဖို့၊ ကိုယ်အလေးချိန်ချိန်ဖို့ကို ဒီညနေကစပြီး နေ့တိုင်းပြန်လုပ်ပေတော့"

"ဟုတ်"

"အေး ... အဲဒါလည်း အခန်း (၁) ကနေ အခန်းအစဉ်လိုက်အတိုင်းဘဲ လုပ်ဦးနော်။ လက်သင့်ရာကို အရင်ရွေးလုပ်လို့ ပထမဆုံးကျတဲ့အခန်းက ကြိုးသမားက ယုန်ထင်ကြောင်ထင် သူ့ကိုပဲ ကြိုးပေးတော့မှာလိုလို ထင်ပြီး ရှော့(တ်)ရသွားလို့ တစ်ပူပေါ် နှစ်ပူဆင့် ထပ်ဖြစ်နေဦးမယ်။ ကြားလား ... ကိုရင်လေး"

"ဟုတ်ကဲ့ ... ထောင်ပိုင်ကြီး"

ထောင်ပိုင်ကြီး ရုံးခန်းထဲမှ ထွက်လို့သာ ထွက်လာခဲ့လိုက်ရသည်။ တစ်ကိုယ်လုံး ပူချင်သလိုလို၊ အေးချင်သလိုလို နွေးလိုက်အေးလိုက်။ ဖျား



www.burmeseclassic.com

www.burmeseclassic.com



ချင်လာပြန်ပြီထင်သည်။ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်စပ်ကြားက အလှ
စခန်းကလေး တစ်ခုမှာတုန်းက ရလာခဲ့သည့် ငှက်ဖျားကလည်း ယခုတိုင်
အမြစ်မပြတ်ချင်။

ဖျားခဲ့လျှင်လည်း သုံးလေးလ အိပ်ရာထဲက မထနိုင်အောင်ကို
ပစ်စလက်ခတ် လဲနေခဲ့လျှင် ကောင်းမည်။ မကြုံကောင်း၊ မကြုံရာတွေကို
မျက်နှာလွှဲထားလိုက်ချင်သည်။

သို့နှင့်တိုင် ဆုတောင်းက မပြည့်။

✿ ✿ ✿

| ၄ |

လှုပ်ပြေး

❑

"အေးဗေ ..."

ခရမ်းချဉ်သီးသာသာ မျက်နှာကြက်မီးသီးမှ အလင်းသွဲ့သွဲ့မှုန်မှုန်
ပက်ထားသည့် တိုက်ခန်းထောင့် မှောင်ရိပ်ထဲက နှုတ်ခမ်းလှုပ်ရုံ နှစ်ကိုယ်
ကြား တိုးတိုးယဲ့ယဲ့အသံကလေး ပေါ်လာသည်။ ငမိုး၏ အသံပဲဖြစ်မည်။

သူတို့ထက် အသက်အားဖြင့်လည်း များစွာ နုပျိုငယ်ရွယ်သေး
သည်၊ ကာယအားလည်း ပြည့်တင်းသန်မာသေးသည့်၊ အိပ်စက်ခြင်းကို
တမ်းတမ်းမက်မက် ရှိလွန်းသေးသည့် 'တောက္ခဲ့ကြီး' ရန်နိုင်တစ်ယောက်
ကဖြင့် တခူးခူး တခေါ်ခေါ် ဟောက်သံတွေပေးလျက် နှစ်နှစ်မြိုက်မြိုက်ကြီး
အိပ်မောကျနေခဲ့သည်မှာ ကြာပြီ။ ထန်းသီးမှုတ်သာသာအခန်း ဂျင်ဂလယ်
လေးထဲမှာ သူ့ဟောက်သံတွေချည်း။

"အေး ..."

"အိပ်ပြီလား"

"ပျော်သေးပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာတွေကို တွေးနေတုံး ... အေးဖေ"

"မင်းလိုပဲပေါ့ကွာ"

"မနက်က ဆရာထောင်မှူးကလေး မျက်နှာသိပ်မကောင်းဘူး နော်။ ပြီးတော့ ရှားတောင့်ရှားပါး ငါတို့တိုက်ခန်းထဲအထိ ဝင်ထိုင်ပြီး ကော်ဖီ သောက်သွားလိုက်သေးတာရယ်"

"အင်း ..."

"မဟုတ်မှလွဲရော ... ကေန္တ ..."

"ကွာ ... ငမိုးရာ၊ တစ်နေ့မဟုတ် တစ်နေ့ နက်ဖြန်လား၊ သဘက် လား ရောက်လာမှာက သေချာနေတာကြီးကို။ အဲဒါကြီးကို စောင့်ပြီး ဒီ အခန်းကျဉ်းကလေးထဲမှာ မသေထမင်း မသေဟင်းနဲ့ အသက်ဆက်နေခဲ့ရ တာပဲ ဆယ်နှစ်ဆယ်မိုး ကျော်မင့်ရော မဟုတ်လားကွ။ တော်သင့်ပါပြီကွာ။ မင်းတို့ ငါတို့အရွယ်နဲ့ သေမယ်ဆိုလည်း သေပျော်နေပါပြီကွ"

"အင်းလေ ... ဟုတ်တော့ ဟုတ်ပါတယ်"

"ဘာလဲ ... မင်း ကြောက်နေပြီလား"

ခဏကလေး အသံတိတ်သွား၏။

ရန်နိုင်ကြီး၏ပြောက်သံက အချိုအချုမှန်မှန် စိတ်အေးလက်အေး ရှိလွန်းလှသည်၊ ကြိုးတိုက်ခန်းထဲမှာ အိပ်နေရသည့်ဘဝကိုပင် သင်းတစ် ယောက် မေ့နေဟန်တူသည်။

"ဆရာလေးမျက်နှာရိပ်မျက်နှာကဲက ထူးတယ်နော်။ တစ်ခုခုကို သေသေချာချာ ဒန်သေကြီး သိနေသလိုချည်းပဲ။ ငါ့စိတ်ထဲတော့ ဒီတစ်ချီ မင်းနဲ့ငါ့အလှည့်တော့ မခေါ်ပင့်ချေ ရောက်လာခဲ့ပြီလို့ ကံသေကံမချည်း ဥပါဒ်နေမိတော့တာပဲ မောင်။ ဆရာလေး စိတ်မကောင်းမှာစိုးလို့သာ စကား ရောဖောရော ရယ်စရာ မောစရာတွေကို ဖွတ်ပေဖျစ်ညှစ်လုပ်နေရပေတဲ့ ရင်ထဲတော့ မကောင်းချင်လှဘူးကွ။ မင်းရော ဘယ်လိုထင်တုံး"

"ငမိုးရာ ... မင်းလည်း တောသားပဲ။ ကြက်ကလေး၊ ငှက်ကလေး သတ်ဖူး၊ ဝက်ပေါ်ဖူး။ စိတ်မထင်ရင် ဂျိုခေါင်းတုံးတောင် ရိုက်နှက်သတ်ဖြတ်





တားခဲ့ဖူးတာပဲဟာ၊ အဟိတ်တိရစ္ဆာန်များတောင်မှ လူ့စကားမတတ်ပေတဲ့ 'ဒီလူကတော့ ငါတို့ကို သတ်တော့မှာပဲ' ဆိုတာ သူတို့သဘာဝ ဗီဇအသိနဲ့ သူတို့ တပ်အပ်သိနိုင်ကြ၊ ရုန်းကန်ခုခံကြသေးတဲ့ဟာ။

မနက်က တိုက်ခန်းထဲကိုဝင်လာတဲ့ ဆရာလေးရဲ့မျက်နှာကို မြင် လိုက်ရကတည်းက ဒီတစ်ချဉ်းတော့ တို့အလှည့်မလွဲတော့ဘူး ဒက်ထီပဲဆို တာ တုံးချသိလိုက်သလိုပဲ၊ ကြောက်လှချည်ရဲ့ မဟုတ်ပေတဲ့ ကတုန်က ယင်ကြီးကွာ။ ဘယ့်နှယ်ကြီးဖြစ်သွားမှန်းကို မသိဘူး။ ဆရာလေးနဲ့ပြောနေ တဲ့ စကားတွေလည်း ပါးစပ်ဖျားကသာ အလိုလို သူ့ဘာသာအသံထွက်နေ တာ နားထဲမတော့ ဗိတ်တစ်ဝက် စင်တစ်ဝက်ဟ"

"ဩ ... မင်းလည်း ငါ့လိုပဲကိုး"

တိတ်သွားကြပြန်သည်။

ထောင်မပိတ်မီကတည်းက တစ်အောင့်တစ်ဖြုတ် တန့်နားနေခဲ့ သော မိုးသည် တစ်ပွင့်တလေ ကြွေသလိုလိုနှင့် တဖြောက်ဖြောက်အသံပေး လျက် ခပ်စိပ်စိပ်ကလေး ရွာဟန်ပြင်ဖို့ လုပ်ချင်လာခဲ့ပြန်ပြီ။

ဘိုးအေးဖေသည် ပုံစံစောင် အခင်းဟောင်းကလေးနှင့် ကြိုးတိုက် သံတံခါးအောက်ခြေ ဒူးပိတ်သုံး၊ လေးပေသာသာကို မိုးမပက် မိုးမစဉ် အောင် ကာလိုက်သည်။ သံတိုင်ပြတင်းကို ကိုင်၍ အပြင်ဘက် ကောင်း ကင်ယံမှ မိုးရိပ်မိုးဆင်ကို မော့ကြည့်အကဲခတ်ရင်း ...

"ဗိုး ... တစ်မိုးလုံး မှောင်ပြီး မည်းလို့ပေ့။ ဒီနေ့လည်း တစ်ည လုံး စွတ်ကယ်စွတ်ကယ် လုပ်နေဦးမယ့်ပုံပဲဟ"

"ကွာ ... ရှောင်မရလို့ ကြိုးရမယ်ဆိုရင်လည်း ဒီလိုမိုးတွေ စိုတီ စိုစွတ်ကြီးနဲ့တော့ဖြင့် လွတ်ချင်ပကွာ။ ကံများ လမိုင်းမကပ်လိုက်ပုံတော့ ခြေခင်းလက်ခင်းမသာတဲ့ ဒီလိုရာသီကြီးမျိုးနဲ့မှ တည့်တည့်ညားပြန်ဦးတော့ မယ်နဲ့ တူရဲ့"

"ခွီးတဲ့မှ လူရာ ... မင်းဟာက 'သေမှာ မကြောက်ဘူး။ ငါ သေရင် နာခေါင်းထဲ တီကောင်တွေဝင်မှာ ရွံလွန်းလို့' ဆိုသလို ဖြစ်နေပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သေရင် ပီးပြီပေါ့ကွ။ မိုးရွာရွာ လေတိုက်တိုက် မသာနဲ့ ဘာဆိုင်တော့လို့တုံး''

''အေး ...ဟုတ်ပ ...ဟီး ...ဟီး ...ဟီး ...''

''ခွေးချီးတွေ့သလို တဟီးဟီး လုပ်မနေစမ်းနဲ့ကွာ။ တောကျွဲကြီးနီးလာအနေဦးမယ်။ ဒီကောင်ကြီးက အအိပ်မက်ရှာတယ်ဟ''

''အေးဖေ ...''

''အေး ...''

''မင်း ...အဘွားကြီးမယ်သိုင်းနဲ့ မင်းတူကံပွန်တို့ နောက်ဆုံးလာသွားတာ အခါလည့်နီးပါးတော့ ရှိပြီထင်ရဲ့ နော။ ဟို ... ယုန်သားကြွပ်တိုက်တွေနဲ့ ပျားရယ်တွေရယ်၊ တဓောင်းချဉ်၊ ဆူးပုပ်ကလေးနဲ့ ကင်းပုံရွက်တွေပါ မြုတ်စမြင်းတောင်းပါလာတဲ့ အခေါက်လေကွာ။ မယ်သိုင်းတောင်ပြန်ခါနီးတော့ ငိုရင်းတက်သွားလို့ ဆေးမှုန်းကလေး ပြေးခေါ်ခဲ့ရသေးတာကော''

''အင်းပါ ...မှတ်မိပါတယ်၊ အခါမလည်တတ်သေးပါဘူးဟ။ လာမယ့် တပေါင်းလပြည့်နီးမှ ဆယ်လသာသာ ရှိဦးမှာပါ။ ဘာလို့တုံး''

''ဒီရက်ပိုင်း တစ်ခေါက်တစ်ကျင်းလောက် ပေါက်ချလာကြရင်ကောင်းသားကွာ ...နော ...''

''ခွီးတဲ့မှ ...လွယ်မလားဟ။ သွားစရိတ်၊ လာစရိတ်နဲ့ စားဖို့သောက်ဖို့ စီစဉ်လာရမှာနဲ့ မသေနိုင်သေးတဲ့ အရှင်လတ်လတ်အသုဘအလောင်းကောင်ကြီးနှစ်ကောင်ကို လာတွေ့ဖို့ဆိုတာ စရိတ်စကကြီးလိုက်ပါဘိသနဲ့။ ပြီးတော့ မျက်ချေးထွက်၊ နှပ်ထွက်၊ ရင်ကွဲပက်လက်နဲ့ ပြန်ကြရရှာတာရယ်။ နို့ ...နေပါဦး။ မင်းက မမျှော်စဖူး မျှော်လို့ ဘာလုပ်ဖို့တုံး''

''ဩော် ...ဘာရယ်ဟုတ်ပေါင်ကွာ။ ရင်မောင် ကောင်လေးနဲ့ လုံမလေးတို့ကို သတိရသွားလို့ဟ။ ငါတို့ အသက်နဲ့ကိုယ်မြဲနေတုန်း မှာက သတင်းပလင်းကလေးများလည်း စုံတကာစေ့ ကြားရ၊ မသေခင် မှာစရာရှိတာလေးများလည်း ပါးခဲ့လို့ရတာပေါ့ ...လူရာ''





''ရော် ...ကိုယ့်အသက်ကလေးကိုတောင်မှ ကိုယ့်ကိုယ်နဲ့ သူ့ဘာ်မစိုးမပိုင်နိုင်တော့တဲ့ဟာ။ ဘာတွေများ မင်းက သံယောဇဉ်ကရွတ်င်းလျှောက်ချင်နေရပြန်တာတုံး ...ဟကောင်ရ၊ တမ်းတမ်းတတ''

''အေးဖေ ...''

''အေး ...ဘာတုံးဟ''

''လူဆိုတာမျိုးဟာ သေခါနီးမှ အိမ်ခင်တတ်တာမျိုးနဲ့ တူရဲ့ထင်ကွာ။ ငါဖြင့် ကိုယ့်ကိုယ်ကိုယ် သေနေစေ့ပြီလို့ သေနိမိတ်တွေ မြင်နေပြီးနေရလို့လား မသိပါဘူး။ ဒီရက်ပိုင်း ရွာကိုပဲ စိတ်က တဝဲတလည်လည်လွမ်းလိုက်ချည်ကွာ''

''ဟ ...ကောင်ရ၊ နွားသတ်ရုံထဲရောက်နေတဲ့ နွားတောင်မှ မိုးလေးညို့လာရင် သူ့အိမ်ကချည်တိုင်ကို လွမ်းတတ်သေးသတဲ့။ လူပဲကွ၊ ဆိုဦးတည့်ရာ တည့်ရာပ။ အေး ...ဒါပေတဲ့၊ ပြီးရင် ပြီးသွားတာပါပဲကွာ။ သည့် ခရဲ့နေလို့လည်း ထူးမထင်ပါဘူး''

''သေရင် ပြီးပြီလို့ မင်း တကယ်ထင်နေသလား ...အေးဖေ''

''ဟာ ...ကျားကိုက်ပါတယ်ဆို အပေါက်ကလေးနဲ့လားဆိုတဲ့ ကောင်နဲ့ လာတိုးနေပြန်ပါပြီ။ 'သေရင် ပြီးပြီ' ဆိုတာ သေချာလို့ပဲ တို့ကို ဒဇော်' ဆိုပြီး နှိပ်ပစ်လိုက်တာပေါ့ဟ ...ငတုံးရဲ့ ...ကဲ''

''သေစားသေစေဆိုတာကြီးကို ပြစ်ဒဏ်လို့ မင်းက ထင်နေတာ''

''နို့ ...မဟုတ်ဘူးလား''

''အသက်ရှူမရပ်သေးခင် နေ့နေ့ညည ကိုယ်လုပ်ခဲ့တဲ့ ပြစ်မှုကြီး ဘယ်နေ့ဘယ်အချိန် အရိုးထ,တွန်လေဦးမလဲလို့ ထိတ်ထိတ်လန့်လန့် ကာက်အောင့်ပြီး စောင့်နေရတဲ့ ငရဲမျိုးကမှ တကယ့်ပြစ်ဒဏ်လို့ မင်းထူးမိဘူးလား''

''ငမိုး ...''

''အေး ...''



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ချေးခြောက်ရေရှုး နောက်ကြောင်းတွေကို သတိရပြ
ပြန်ပြီးနဲ့ တူတယ်"

ခွန်းတုံ့ခွန်းတင် တစ်ခွန်းတစ်လေမျှ ပြန်မေ(ာ)င်းမခတ်။

စကားသံအဲစား အသက်ရှူသံပြင်းပြင်းတွေကသာ အဘမိုး
ယောက် အိပ်၍မပျော်နိုင်သေးကြောင်း အသိပေးနေသလိုရှိသည်။

စိမ့်စိမ့်စိုစိုကြီး စွတ်အေးနေသည့် ညက အဆွေးတာကို ပို၍
စေ၏။

✿ ✿ ✿

❑

"ဗိုး ... ပူလိုက်တဲ့ နေကွာ"

ရက်ရက်ရောရောကြီး အပူရည်တွေ ဒရေဟောသွန်ချနေသည့်နေကို
ခက်ဖြင့် အသာကာ၍ မော့ကြည့်ရင်း ညည်းမိသည်။ တကယ်ပင် အပူ
ကျက်စက်သည့် အညာနွေ၊ အညာနေ။

"ဟော့ကောင် ... ငမိုး၊ ပီးသေးဘူးလားဟ ... မင်းနှယ်။ မရှိလို့
မှ ခိုးစားပါတယ်ဆို၊ ဒီလောက် စိမ်ပြေနပြေလုပ်နေရအောင် မင်းအမေ့လင်
ဘ အပိုင်စား အမွေပေးထားခဲ့တဲ့ ပစ္စည်းတွေများ အောက်မေ့နေလို့လား"

"အေးဖေ ... မင်း နားမလည်ရင်လည်း ပါးစပ်ပိတ်ပြီး တိတ်
ဆိတ်နေစမ်းကွာ တဆိတ်။ ကျောပူရတဲ့အထဲ နားပူလွန်းလို့ဟ။ ငါနိုင်း
ဘာပဲလုပ် ... ဟုတ်ပြီလား"

"အေးပါ ... ဘုရားသားရယ် ... အေးပါ"

ဘိုးအေးဖေက နဖူးထက်မှ အားကြီးခန့်စီးကျလာနေသည့် ချွေးသီး
ချွေးပေါက်တွေကို လက်ခုံဖြင့် အတွင်းသားသုတ်ချရင်းက ဖြုတ်လက်စ ဖလီ
အတုံးဟောင်းမှ သံလမ်းထိန်းမှုလီငုတ်များကို စေ့စေ့ကြည့်သည်။

အင်္ဂလိပ်အစိုးရမင်း လက်ထက်တုန်းကတည်းက သစ်ရထားဝင်
ရှိသည်ဆိုသည့် သံလမ်းပိုင်းအဟောင်းများမှ မီးရထားသံလမ်းများကို
ဖြုတ်၍ ခိုးသည့်အလုပ်ကလေးဖြင့် သည်ရက်ပိုင်း သူတို့ နေ့တွက်ကိုက်
ရှုပ်ထွေးမြိုးရှင်ပျနေခဲ့ကြသည်မှာ ရက်တစ်ပတ်ပင် ကျော်ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



သည် 'ခွင်' ကလေးကို ဖွေဖွေရှာရှာ ကပ်သီးကပ်သပ် ထ
ထောက်ချခဲ့သူက ရင်မောင်ကောင်လေး။ နွားခြံပိုင်ရှင် ကိုချစ်တီးကြီး
ဒေါ်ကြည်မတို့၏ နွားခြံမှ နွားထီး၊ နွားမကြီးငယ် ရောတိရောရာ ဒေ
ရေနှစ်ရာနီးပါးမျှကို နှိစ္စဝ္စ စားကျက်လွှတ်ကျောင်းရသည့် သူရင်း
ကောင်ကလေး။

'မြန်မာပြည်ကောင်းဘွိုင်' ဟု သူ့ဘာသာ အမည်ပေးလျက် မြ
ပြုံးပြုံးဖြင့် သူတို့အပေါ် ဒူပေနာပေခံတတ်လွန်းသည့် တစ်မြေတစ်ရွာသ
ကောင်ကလေးဖြစ်၏။ အသက် ၂၀ စွန်းစ၊ အဆက်အပေါက်ကော
ကောင်း၊ ရုပ်ရည်က သနရုပ္ပ''

''အဘမိုးရေ … ကျွပ် အပေါက်ကောင်းတစ်ခု တွေ့လာခဲ့သ
'ဖ'ရှိလို့ လုပ်ရဲရင်ဖြင့် တကယ့် 'ကော်ပေါက်' ကြီးပဲ အဘရေ … သိလာ

''အံမာ … မင်းဟဲ့ ရာရာစစ၊ အားအားရှိ နွားတွေနဲ့ပဲ အ
လုပ်ပြီး ချိုပေါက်တော့မယ့် မင်းလိုအကောင်က ပြေးရင်း ချီးပုံဟပ်မိ
ခွေးကြီးလို ငါ့ကိုများ ငွေသံကြေးသံတွေ ဘာတွေပေးလို့။ ဘာတဲ့ 'ဖ'ရှိ
လုပ်ရဲရဦးမတဲ့။ ဟုတ်စ …။ ဖွီ … ဟော့ကောင်နာခလေးရ … မျ
များလည်း မျက်နှာစေ့စေ့ကြည့်ပြီး ပြောစမ်းပါဦးဟ။ ဒီမှာလေ … ငမို
ငမိုး။ ဟုတ်စ … ငါ့လူ''

''ဟဲ … ဟဲ … ဟဲ … အဘကလည်း ဒေါနချည်းပဲ''

''မင်းပြောပုံပြောပေါက်လည်း ကြည့်ဦးလေ … ငါ့လခွေး''

''ကဲပါ … အဘရယ်၊ ကန်တော့ပါရဲ့။ ပြောမှားဆိုမှားရှိရင်လ
ခွင့်လွှတ်ပါတော့''

''ကဲ … ကဲ … လုပ်ပါဦး၊ မင်းရဲ့ 'ကော်ပေါက်' ကြီး''

''ဒီလို အဘရဲ့။ ကျွပ် ဟိုနေ့က နွားအုပ်တွေ ပြန်သိမ်းဖို့ မ
ရေသောက်ချမယ်လုပ်နေတုန်း သံလမ်းပေါင်းတွေဖက်က တောစနာ
ကုလားကြီးတစ်ယောက်နဲ့ တရုတ်ကြီးတစ်ယောက်ကို တွေ့ခဲ့ရသဗျ။ '
စမန်အင်' တဲ့။ 'ကိုကျင်စိန်' တဲ့''





''အင်း … အင်း …''

''အဲဒါ အခု ရထားမဝင်တော့ဘဲ သံလမ်းပေါင်းတွေရှိပါရော
လား''

''အင်း …''

''အဲဒါတွေကို ဖြုတ်ပေးရင် မြိုးမြိုးမြက်မြက်ကလေး ပေးမတဲ့ဗျ
သူတို့က''

''ဘာလုပ်မလို့တဲ့တုံး''

''ဟာ … အဘကလည်း သူတို့ဘာသာ လုပ်လုပ်ပေါ့။ ကိုယ်က
သံလမ်းကလေး ဖြုတ်ပေးရုံနဲ့ ငွေအလွယ်ရမယ့်ဥစ္စာ''

''အေး … မင်းဟာ မဆိုးဘူးဟ။ ဘယ်လောက်ပေးမှာတဲ့တုံး''

''အဲဒါတော့ အဘတို့ဘာသာ ကြည့်ပြောကြလေဗျာ။ ကျွပ်က
ဘာသိမှာတုံး။ ဒီလိုဒီအကြောင်းရယ်လို့ ပြောခိုင်းဆိုခိုင်းလိုက်လို့သာ ပြော
ရတဲ့ဥစ္စာ''

''တန် … တန် အကောင်။ ဝါးနက ဝါးရင့် လာပတ်မနေနဲ့။
နင် ဘယ်လောက်ရ''

''ဟာ … အဘကလည်း … ဟဲ … ဟဲ … ဟဲ …''

သို့ဖြင့် 'အီစမ်အင်' ကြီး၊ 'ကျင်စိန်' ကြီးတို့ဖြင့် တွေ့ဖြစ်ခဲ့သည်။
ရွာကျော်ရပ်ကျော် ဘုရားဒကာသူနိုးအတွက် ငှက်ပျောသီး အခွံနွာစားရ
သလောက်ထက် လွယ်လွန်းသည့်အလုပ်။ ထမင်းစား၊ ရေသောက်အလုပ်။
သူတို့အသက်အရွယ်နှင့်ဆို နည်းနည်းပင်ပန်းသည် ဆိုစေဦး၊ မိုးမိုးပိုပို မြိုးမြိုး
မြက်မြက်ကလေးဖြင့် သုံးရစွဲရသည်။ လျှာဦး စိုသည်။

ထိုပုံထိုနည်းဖြင့် သံလမ်းပေါင်းတွေ တစ်ချောင်းပြီးတစ်ချောင်း
ဖြုတ်ခိုးပြီး အလုပ်ဖြစ်နေခဲ့ကြသည်မှာ တစ်ပတ်ကိုးသီတင်း။

''ဗိုး … ပူချက်ကတော့ကွာ တဲလျှပ်တွေတောင် ရိပ်ရိပ်ရိပ်ရိပ်
ထလို့။ ချုံစပ်မှာ တစ်အောင့်တစ်ဖြုတ် နားလိုက်ကြဦးမလား။ ဟေ့ဟာ ပြီး
လုပြီလား''



www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းလိုလိမ့်ဦးမယ်ဟ။ မင်း အဲဒီဘက်က နည်းနည်းခွန်ကလေးအားကလေး စိုက်ပြီးများလည်း သံတူးရွင်းနဲ့ ကုတ်ထား၊ ကော်ထား၊ ထိန်းထားပေးပါဦး။ ဒီတစ်ချောင်းပြီးတော့မှပဲ တစ်ခါတည်း ထမင်းကလေးစားရင်း နားလိုက်ကြတာပေါ့။

ဒီကနေ့မှ ရင်မောင်ကလည်း နောက်ကျလိုက်တာကွာ။ ဒီကောင်ကလေးရှိရင် မင်းက သူ့နှားတွေ ကြည့်ပေးထား။ သင်းကလေးကို ဒီမှာ တူကက်လုပ်ခိုင်း။ နေရာကျသွားကွ။ အလုပ်တွင် အလုပ်ပြီးတယ်"

"ဟုတ်ပကွာ ... ဒီ မြွေပွေးကိုက်ကလေးက ဘယ်သဝေထိုးနေပြန်လည်းမှ မသိ။ မဟုတ်မှလွဲရော ... လုံမတို့ ထန်းသုံးပင်တဲစုဆီ ရောက်နေပြန်သလားပဲ။ ဒီရက်ပိုင်း အားအားရှိရင် အဲဒီဘက်ပဲ စက်ကျနေတော့တာ"

"အေး ... ဒီဝါအကျွတ်မှာ မင်းတို့လင်မယားဘဲ မိအရာ ဖအရာထားဦးစီးပြီး တောင်းရမ်းနေရာချပေးလိုက်မှ ဒီအကောင် ဂနာငြိမ်တော့မှာရယ်။ ဟိုတစ်လောက ဖိုးချစ်တီးကြီးနဲ့ ရှင်ကြည်မတို့ကို တီးခေါက်ကြည့်ပြန်တော့ သင်းတို့သဘောကလည်း ကြည်ကြည်နူးနူးပဲ။ နွားစာဥ သားအမိတစ်တွဲတောင် လက်ဖွဲ့ဖို့ ရွေးထားပြီးကြပတဲ့"

"အေး ... ခင်ရာဆွေမျိုး။ မြိန်ရာဟင်းကောင်းကိုးကွ။ ခေတ်မည်ရှည် တိတိပပ မသိရပေတဲ့ ဒီအကောင်လေးက သန္တေဗီဇတော့ အကောင်းသားဟ။ လုပ်ချင်ကိုင်ချင် ထထကြွကြွရယ်။ အသောက်အစားလည်းကင်း၊ မိန်းကလေးဘက်ကနေကြည့်တော့ ဆိုးဘူးရယ်ဟ"

"သူ့အိုးနဲ့ သူ့ဆန် တန်ရုံပလကွာ"

"အဲဒီ သေမင်းငင်လေး အသာထားဦး၊ တို့လုပ်ငန်း လက်စသတ်ကြရအောင်"

"အေး ..."

မွန်းတည့်နေက ပူချက်ကြီးလှသည်။

အဘိုးကြီးနှစ်ယောက်သား လုပ်ရင်းကိုင်ရင်း ချွေးများပင် တုတ်တုတ်ကျ ရွှဲနေတော့၏။





"ငမိုး ..."

"ဟေ ... လကွာ"

"မနေ့ညနေတုန်းက ချစ်ရင်တို့ ထန်းရေဆိုင်မှာ သာမောင်ကြီးနဲ့ တွေ့ခဲ့တယ်"

"အေး ..."

"အဲဒါ ဒီရက်ပိုင်းမှာ မီးရထားဘက်ကလိုလို၊ ရဲဘက်လိုလိုနဲ့ တို့ သံလမ်းဟောင်းတွေကိစ္စကို ဟိုဟိုဒီဒီ မေးတဲ့စမ်းတဲ့လူတွေ ရှိနေသတဲ့။ အီစပံအင်ကြီးကိုပဲ ဖမ်းထားသလိုလို၊ ကျွင်စိန့်ကြီးပဲ ဝရမ်းပြေး ပြေးနေရသယောင်ယောင် လေသံပစ်နေသတဲ့ကွ"

"အဲတော့ ..."

"သတိ ဝိရိယလေး။ ဘာလေးထားဖို့ သတိပေးတာပေါ့ဟ။ တို့ကသာ တို့လုပ်နေတဲ့ကိစ္စကို ကိုယ့်ဟာကိုယ် လုံလှပြီ အောက်မေ့နေတာ၊ အနံ့ကလေး သိုးသိုးသန့်သန့် နားရွက်ခတ်မိထားကြတဲ့သူတွေ မနည်းဘူး တဲ့ မောင်"

"အဲလိုဆိုလည်း ဒီကနေ့ အီစပံအင်ကြီးတို့လာလို့ တစ်ချီတစ်လော ငွေကိစ္စရှင်းပြီးကြရင် မလိုလဲလိုလဲ ခဏနားထားလိုက်ကြတာပေါ့လကွာ။ တစ်မိုးစာတော့ ခေါင်းပြားအောင် အိပ်နိုင်နေပြီမဟုတ်လား။ ဦးဖင်းကလေးတို့ မန္တလေးဘက်ဆီ ဘုရားလေးဘာလေးဖူးရင်း တစ်ခေါက်တစ်ကျင်း ဆင်းလိုက်ကြသေးတာပေါ့။ နည်းနည်းအေးဆေးမှပဲ ပြန်လှုပ်ရှားကြတာပ"

"အေး ... ကောင်းသားပဲ"

စကားတပြောပြောဖြင့် မှုလီသံငုတ် သုံးလေးချောင်းကျွတ်ခဲ့လျှင် သူတို့အလုပ် ပြီးတော့မည်။ မီးရထားလမ်းမှ သီးခြားကွာထွက်လာသည့် ရထားသံချောင်းကြီးကို နှစ်ဦးသား သယ်ကာပိုးကာဖြင့် ခပ်လှမ်းလှမ်းက နွားချုံထဲ ဝှက်သိမ်းပြီးလျှင် ကိစ္စပြတ်ပြီ။

ကျန်တာတွေက ကျွင်စိန့်ကြီးတို့ကိစ္စ။ သူတို့အပိုင်း။ သူတို့ဘာသာ ပိုတော်သလို ကြည့်လုပ်ကြလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗိုး … ရှင်စောဂ္ဂလာန် ငရဲမီးတိုက်တာ ကျနေတာပဲဟာ မအေပေးနေ … ပူချက်ကြီးက လွန်ပ"

အဘမိုးက ရေခန်းနေသည့် ပက်ကြားအက် လယ်ပြင်ထက်က ရေငေးငါးတစ်ကောင်နှယ် ပါးစပ်ဟစီဟစီဖြင့် လေပူတွေကို တစ်လုံးတစ်တွေးရှူရင်း ပူလွန်းသည့်နေကို ရန်ရှာနေပြန်သည်။

"ငမိုး … ရေ"

"အာ … သောက်ရေးထဲ ဒီနွားမသား သေမင်းငင်က တစ်မှောင့်နှင့်အမေလင့်တဲ့မှ။ အားတိုင်းယားတိုင်း 'ငမိုး' ချည်းပဲ လွှတ်အော်နေ … ချီးတဲ့မှ။ ဘာတုံး"

"ရဲတွေဟ … ရဲတွေ"

"ဟေ …"

"ဟုတ်တယ် … ဟောကောင်၊ ရဲတွေဟ … ပြေး … ပြေး"

ဘိုးအေးဖေက ပြောပြောပြေးပြေး ထပြေးတော့သည်။

သူ့ သံတူးရှင်းဖြင့် ကလန့်ပေးထားသည်ကိုလည်း သည်အတိုင်းတိုင်းချည်း လက်လွှတ်ခြေလွှတ် ထားပစ်ခဲ့သည်။

"အေးဟ … ရဲတွေ၊ ရဲတွေ။ ခွေးသေကောင်ပုပ်ရှိတဲ့နေရာများအတပ်သိတဲ့ လင်းတတွေကျနေတာပဲ။ ကြည့်စမ်း။ တို့ဆီလာနေလိုက်ကြတာများ တန်းလို့။ အား … အား … အမယ်လေး … ခွေးသားအေးဖေဘယ့်နှယ်လုပ်တာလဲဟ … အောင်မယ်လေး … ကျိုးပါပြီဗျာ"

ဘိုးအေးဖေဘက်က ကလန့်ထားသည့် သံတူးရှင်းကို လွှတ်ပစ်လိုက်သည်နှင့် ကွေ့ချိုးသံလမ်းအဟောင်းကြား ခြေတစ်ဖက်ချထားမိသည့် အဘမိုး၏ ခြေချင်းဝတ်ကို သူ့ဖြုတ်လက်စ သံလမ်းဟောင်းကြီးက အရှိန်ဖြင့် ကန့်၍ညှပ်ထားသလို ဖြစ်သွားတော့၏။ သံပြုတ်တူကြီးဖြင့် ဖိညှစ်ထားသလို။

ခြေချင်းဝတ်ဖြင့် သွင်သွင်ကျိုးသွားပြီထင်သည်။





ရဲတွေလက်က ထွက်ပြေးဖို့ မစဉ်းစားအားသေး။ သံလမ်းကြီးညှပ်မိထားသဖြင့် နာကျင်လွန်းမက အနာကြီးနာလျက် 'ကယ်ပါယူပါ' အိမ်မြှောင်အမြီးပြတ်နှယ် ဆွေ့ဆွေ့ခုန်နေတော့၏။

"လာပါ … လာပါ၊ ဖမ်းလှည့်ကြပါ။ မှားမိပါတယ် … မိုက်မိပါတယ် … ဆရာကြီးတို့ရယ်။ ကျုပ်ီ … ကျုပ်ခြေထောက်ကို အရင်ဖြုတ်ပေးကြပါဦး။ အောင်မယ်လေး … ကျိုးပါပြီဗျ။ မြန်မြန်လာဖမ်းလှည့်ကြပါ ဆရာကြီးတို့ရဲ့ … လာပါ … လာပါ။

ကျုပ်တစ်ယောက်တည်း မဟုတ်ရပါဘူးဗျာ၊ ခွေးသားအေးဖေပါပါသေးတယ်။ ဟော … ဟောဟိုက မိုးနံ့ချုံတွေကြားထဲမှာ ပုန်းနေပါတယ်ဗျို့။ အောင်မယ်လေး နာလှချည်ရဲ့ဗျ။ သူတောင်းစား အေးဖေ … နင်လည်း ပြေးမလွတ်စေရဘူးဟေ့ … မှတ်ထား။ လာ … လာ … ဆရာကြီးတို့"

'ကဲ … မှတ်ကရောမတုတ်လား။ ငါးကျည်းရတော့ အတူတူ ငါးခူရတော့ ခွဲခြမ်းခွဲခြမ်း လုပ်ချင်တဲ့အကောင် … လုပ်ဦးဟ။ ဒီမှာ ကျိုးမှန်းမသိ၊ ကန်းမှန်းမသိ။ ရှေ့မကြည့် နောက်မကြည့် ဖင်သနီတန်းအောင်ပြေးချင်တဲ့အကောင် … မှတ်ရောဟ' စိတ်ထဲကလည်း အားရပါးရ လက်မထောင်လျက် ကြုံးဝါးပစ်လိုက်မိသေး၏။

"ဟေ့ … ဟေ့လူ … အဘိုးကြီး … အံမယ် … အံမယ် … ဖင်ဘူးတောင်းကြီး ကားနေအောင်ထောင်ပြီး မလုံ့တလုံ ပုန်းမနေနဲ့ဗျား။ သေနတ်နဲ့ ပစ်လိုက်လို့ ပစ်မလွဲကြီး၊ ဖင်စလောင်းလန်သွားဦးမယ်၊ ဘာမှတ်လဲ။ ထ … ထွက်လာခဲ့"

"လာပါပြီ … လာပါပြီခင်ဗျာ၊ မပစ်ပါနဲ့။ ကျုပ် … ကျုပ်ကနောက်လိုက်သက်သက်ပါ။ အဲ … အဲဒီ သူခိုးငမိုးက ခေါင်းဆောင်ပါခင်ဗျ။ ကျုပ် … ကျုပ် အကုန်လုံး ဖော်ပါ့မယ်။ အသက်တော့ ချမ်းသာပေးကြပါ"

"လုပ်ပြီ … ခွေးသား၊ သောက်ကျင့်က ချက်ချင်းယုတ်တန်းပစ်လိုက်ပြီ။ ဖေတစ်ရာမသား"



www.burmeseclassic.com

www.burmeseclassic.com



"မှတ်ကရောဟ . . . သောက်ငမိုး"

"ဆရာကြီး . . . ဆရာကြီးရေ . . . ဟောဒီမှာ ဂုန်နီအိတ်နဲ့ ထုပ်ထားတဲ့ အထုပ်တစ်ထုပ်တွေ့တယ်။ ဒီအဘိုးကြီးတွေ ဘာလုပ်ထားကြပြန်တာလဲ မသိဘူး။ ပုပ်စော်ကလည်း နံပ။ ဟောင်နေတာပဲ။ ဖြေကြည့်လိုက်ရမလား"

"အေး . . ."

"အား . . . အမယ်လေး . . . လူသေအလောင်းကြီးဗျ"

"ဘာကွ"

"မိန်းကလေး . . . မိန်းကလေး အလောင်းကြီးရယ် ဆရာကြီး။ အဝတ်အစား ပါတယ်ဆိုရုံသာ ရှိတော့တယ်။ လည်ပင်းမှာလည်း အညို အမည်းတွေနဲ့။ မတော်မတရားကျင့်ပြီး လည်ပင်းညှစ်သတ်ပစ်လိုက်တာနဲ့ တူတယ်။ အနံ့တောင် နည်းနည်းထွက်စပြုနေပြီ"

"ဟာ . . . ဒီအဘိုးကြီးတွေ အိုမင်းရွတ်တွနဲ့ သောက်ရေးမဟုတ်တာတွေ လျှောက်လုပ်ကြထားပြန်ပြီ။ မုဒိမ်း၊ လူသတ်၊ အလောင်းဖျောက်မှုကြီးဟာ ကြိုးစင်ကို တန်းခနဲရောက်မယ့် အကျိုးနည်း လောင်မီးကြီး ကျပြီပဲလကွာ။ အိပ်ရာအောက်ရေဝင် ဖြစ်ပြန်ပဟော့ . . . ဒုက္ခပဲ။ ကဲ . . . ကဲ . . . လက်ထိတ်ခတ်လိုက်။ နီးရာရွာခြေကိုသာ ကပ်ကြစို့"

"အောင်မလေးဗျာ . . . ကျုပ်တို့က ရိုးရိုးသံလှမ်းခိုးတဲ့ သူခိုးတွေပါဗျ။ အဲ . . . အဲဒါကြီးနဲ့ ကျုပ်တို့နဲ့က မ . . . မဆိုင် . . ."

"တိတ်စမ်း . . . အဘိုးကြီး။ လက်ပူးလက်ကြပ်ကြီး မိနေတာကို မုန်လာဥလုပ်ချင်နေသေးသလား။ လာ . . . ဒီကို လာကြည့်လှည့်။ ဒီမိန်းကလေးက ဘယ်သူတုံး။ တောက် . . . ကြည့်စမ်း၊ ရှိလှမှ ၁၉၊ ၂၀။ ပန်းကောင်း အညွန့်ချိုး လုပ်ရက်ပလေကွာ။ တယ်လေ ငါလုပ်ပစ်လိုက်ရ သတ္တဝါနဲ့လက်နက် မမျှရှိပြန်ရော့မယ်။ တဏှာအိုး သေမင်းငင်ကြီးတွေ . . . ဟင်း"

ကြမ္မာငင်ပြီ။





မကြားဝံ့မနာသာ ရှက်ဖွယ်လိလိ အမှုဆိုးကြီးက သူတို့လည်ပင်းကို ကြိုးကွင်းကြီးစွပ်သလို တင်းတင်းအပ်အပ် စွပ်မိနေပြီ။

ရှက်လည်း ရှက်၊ ကြောက်လည်း ကြောက်။

မျက်နှာပူပူဖြင့်ပင် သူတို့နှစ်ဦးသား ဂုန်နီအိတ်ထဲမှ တစ်ပိုင်းတစ်စ အလောင်းကောင်ကြီးကို မရဲတရဲ လှမ်းကြည့်မိလိုက်ကြ၏။ 'ဗုဒ္ဓေါ မြတ်စွာဘုရား . . . ဘုရား ကယ်တော်မူပါ'။

သူတို့ နှလုံးကလီစာတွေ ဝုန်းခနဲ လွင့်စင်ပြုတ်ထွက်သွားသလို မူးခနဲ မိုက်ခနဲ။

"လုံမ . . . လုံမ . . . အမယ်လေး . . . ဖြစ်မှဖြစ်ရလေ မိန်းကလေးရယ်"

အဘမိုးရော၊ အဘအေးဖေပါ နှစ်ဦးစလုံး ခေါက်ခနဲ အရုပ်ကြိုးပြတ် ပုံ၍ ပစ်လဲကျသွားတော့၏။ 'ဒီတစ်ခါတော့ဖြင့် အကျိုးနည်းကြကြပေါ့'။

သူတို့ကမ္ဘာကလေး ပျက်ပြီ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

" ... ပတ်ဝန်းကျင် သက်သေခံအထောက်အထားများအရ ဖြစ်မှုကိုကျူးလွန်ကြောင်း တွေ့ရှိသဖြင့် သေဒဏ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။ တရားခံများ (၇) ရက်အတွင်း အယူခံနိုင်ကြောင်း သတိပေးလိုက်သည်"

လုပ်ရိုးလုပ်စဉ် ပုံမှန်ကြားနေကျ ငြီးငွေ့ဖွယ်အသံဖြင့် စီရင်ချက်အမိန့်ဖတ်ကြားနေသံသည် သံပတ်ပေးထားသည့် အရုပ်တစ်ရုပ် သံပတ်ကုန်သွားသလို တိခနဲရပ်သွား၏။ တရားရုံး သေးသေးကျဉ်းကျဉ်းကလေးထဲ၌ စကားပြောနိုင်လောက်အောင်ပင် အားအင်မရှိရှာကြတော့သည့် တရားခံများနှင့် သူတို့မိသားစုများသာ ဆွံ့ဆွံ့အအ ယောင်နနကြီးတွေဖြစ်လျက်ရပ်၍ ကျန်နေရစ်ခဲ့ကြသည်။

ခန်းလုံးပြည့်မျှ ပြည့်ညပ်ကျပ်သိပ်နေခဲ့သည့် ခြေထောက်အစုံများစွာက အားရကျေနပ် နှစ်သိမ့်ခြင်းများကို ဖိနင်းလျက် ခြေသံတရုန်းရုန်းပေး၍ ထွက်ခွာသွားခဲ့ကြပြီ။

အမိုးမျက်နှာကြက်၌ ကာလတာရှည်ကုပ်တွယ်ထားသည့် ပန်ကာအမျက်အဟောင်းကြီးကို လေတိုးသဖြင့် တချောက်ချောက် တရှဲရှဲ မြည်နေသံကြီးသာ သူတို့တွေရင်ကို ဖိစီးလေးလံ မှုံနောက်စေလျက်ရှိ၏။

ဥပဒေအကြံပေးအရာရှိက အဆင်သင့်ရေးပေးထားခဲ့သည့် 'အမှုစီရင်ချက်နှင့်အမိန့်' စာရွက်လွှတ်များက တရားသူကြီးရှေ့ စားပွဲပေါ်၌ ဟိုတစ်စသည်တစ်စ မညီမညာ ပြန့်ကျဲ၍နေသည်။ အသံငြိမ်အောင် ဟန်





...တ်ထိန်း၍ ဖတ်နေခဲ့ရသော်ငြားလည်း သူ့ရင်ထဲ၌ တစ်လျှောက်လုံး ...နေခဲ့သည့် မရေမရာ မတင်မကျစိတ်တွေက သူ သေဒဏ်စီရင်ခဲ့သည့် ...သား အဘိုးအိုနှစ်ဦး၏မျက်နှာကို ရဲရဲကြီးကြည့်နိုင်ဖို့ စိတ်မလုံစေခဲ့။

တရားသူကြီးသည် မငြိမ်သောရင်ကို ဖုံးဖုံးဖိဖိပြုရင်း ဟန်တင်း၍ ...ရှာသောက္ကမြေဖြင့် သူ့ရှေ့က စာရွက်များကို တစ်ရွက်ချင်း စုယူစီထပ် ...။ စီရင်ချက်မိတ္တူများနှင့် အရေးကြီးသက်သေများ၏ ထွက်ဆိုချက် ...များကို တစ်ပါတည်း ပါသွားမသွား 'စီ.အာ.အို' ရဲအရာခံကြီးအား ...မရှိ စကားရှာကာ အမှုအထား ပြုနေသေးသည်။

တကယ်တမ်းက တရားခံများနှင့် သူတို့၏ မိသားစုများအခြေ ...ကို တစေ့တစောင်းစောင့်ကြည့်လိုသေးသဖြင့်သာ တရားခွင်မှထမသွား ...ဘဲ ဟိုလိုလို သည်လိုလို ဟန်ခင်းနေခဲ့ခြင်းဖြစ်၏။

"မယ်သိုင်း ... မယ်သိုင်း ... ငိုချလိုက်လေ။ ဟဲ့ ... အံ့ပုန်းကြီး ...ပြီး မြှုမထားနဲ့ ငိုချလိုက် ... ငိုချလိုက်"

သူမ၏ မျက်စိရှေ့မှာပင် လောလောလတ်လတ်ကြီး သေစားသေ ...ခံသွားခဲ့ရသည့် သူမ၏ချစ်လင် ဘိုးအေဖေကို မျက်လုံးကြီးတွေလည် ...တ် မျက်ရည်တောင်ကြည့်လည်နှင့် ပြူးကြောင်ကြောင်ကြည့်ရင်း ကိုယ် ...တ် မကပ်အားတော့သည့် ဖနီးသည်ကို အရီးလေး အေးမှင်က လေသံ ...လေးမျှဖြင့် ကြိတ်၍ သတိပေးနေသံသည် ဘိုးအေးဖေ၏ရင်ကို ဘုန်း ...ကျောင်းမှ အရဏ်တက်တုံးကြီးနက်သလို တဒုန်းဒုန်း ထုရိုက်နေတော့ ...။ သူ့ရင်တစ်ပြင်လုံး ဗလာ၊ ဟင်းလင်းပွင့်နေသလိုချည်း။

"အေးဖေရေ ... ကျားရဲရာ ကြမ္မာမယိုနိုင်သာတော့ ဖြစ်ကုန်ခဲ့ပြီ ...ကွာ။ တစ်လောကလုံးကလည်း ထင်ကြေးတွေ တပ်တောင်တာ မိုလ်ထု ...ပိုကုန်ကြပြီ။ အိုကြီးအိုမ တွင်းဆုံးကျဘဝရောက်လေမှ ကြုံခဲ့ရတဲ့ ...သည်။ ရေခဲတုံး အငွေ့ပျံသလို လူမသိ သူမသိ အငွေ့ပျံပြီး ပြန်းခနဲ ...က်သွားခဲ့ရင်လည်း အကောင်းသားကွာ ... ချီး။ မင်း ... မယ်သိုင်း ... တစ်ခုခုတော့ ပြောခဲ့လိုက်ဦး"

အဘမိုးက နှစ်ကိုယ်ကြား တီးတိုးလေသံဖြင့် သတိပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မလိုအပ်တော့ဟု ထင်သည်။ ဆရာကြီးက သူ့စင်ကလေး မှ သူတို့မြေပြင်မှ အခြင်းအရာတွေကို ကရားရေလွှတ် တွင်တွင်ကြီး နေခဲ့သည့်တစ်လျှောက်လုံး သူ့ဇနီးသည်က သူ့မျက်နှာ၊ သူ့မျက်ဝန်း ထဲမှာ အမှန်တရားတို ရှာဖွေဖတ်ရှုနေခဲ့မှန်း သူသိပြီးဖြစ်သည်။

သူ အသက် (၂၀)စွန်းစ၊ သူမအသက် (၁၇)နှစ်သမီးအ အုပ်လုံးသိမ်းပြီး ဆံရစ်ဝိုင်းကလေးနှင့်ကတည်းက တစ်အိုးတစ်အိမ်ထူ သည့် သူတို့အိမ်ထောင်သက်အတွင်းမှာ တစ်ဦးကိုတစ်ဦး အကြည့်တစ် မျက်ဝန်းတစ်စုံမျှဖြင့်ပင် သူ့ရင်ကိုယ်ရှင် တိုးလျှိုပေါက်ထွင်း၍ မြင် သိနိုင်ခဲ့ကြပြီ။

အရွယ်သဖြင့် သူ့အသက် ၄၀ အတွင်းမှာ ခြံဝိုင်းခုတ်ရင်း သစ် ပိ၍ ခါးဆစ်လွဲခဲ့ပြီးနောက် သူ့ယောက်ျားစိတ်၊ ယောက်ျားမာန်တွေ ဆုံးရှုံးခဲ့ရသည်။ (မရှိသေးစကား၊) သူ 'ပန်းသေ' သွားခဲ့ရသည်ကို တစ် ခုခု သိသူဆို၍လည်း ကမ္ဘာလောက၌ မိသိုင်းတစ်ဦးတည်း။

သူ့အကျင့်၊ သူ့ဗီဇ၊ သူ့ဓလေ့၊ သူ့သွေးတွေထဲမှာ ယုတ် ညံ့ညံ့၊ စာဂဒိုးဒိုးတွေ မရှိ မပါလာခဲ့သည်ကို ပြောစရာမလိုလောက်အေ အတွင်းသိ သိသူမှာလည်း မိသိုင်းသာဖြစ်သည်။

သည်အခြေအနေ၊ သည်အချိန်ကြီးထဲမှာ မိသိုင်းကို သူ ဘာ ပြောခဲ့ရပါ့။

"ကျွန်တော့်ကို ခွင့်လွှတ်ကြပါခင်ဗျာ။ ကျွန်တော် တတ်စွမ်း တော့ ကိုယ်ဖိရင်ဖိ ကြိုးစားကြည့်ခဲ့သေးပေမယ့် ဒီထက်ပိုပြီး အပြေ ပြောင်းမပေးနိုင်ခဲ့တာမို့ စိတ်မကောင်းပါဘူး"

"ဟော ... ဆရာကလေး"

သူတို့အမှုတွင် သူ့သဘောဆန္ဒအလျောက် သူတို့ဘက်မှ အ ကြေးငွေ တစ်ပြားတစ်ချပ်မယူဘဲ အခမဲ့ လိုက်ပါဆောင်ရွက်ပေးခဲ့သူ အထက်တန်းရှေ့နေကလေး ဦးမြင့်မောင်။ မဖွယ်မရာ မကြားဝံ့မနာသာ စွဲချက်ကြီးတွေဖြင့် သူတို့ ဘိုးကြီးအိုနှစ်ယောက်သာ သူတစ်ပါးတံခွေ ကွက်မှာ ပက်လက်ကြီး မှောက်ခဲ့ရသလို မိုးကြိုးပစ်ရာ ထန်းလက်နှင့်ဝင်က





ည့် သူ့ရှေ့မှာသည်း လူသူတကာ၏ ပြက်ရယ်ပြုရယ်ပွဲခွဲခြင်းကို လည်စင်း ခံခဲ့ရရှာသူ။

"အမှုက မမှန်ဘူးလို့ ကျွန်တော်ကိုယ်တိုင် ယုံကြည်ခဲ့ပေတဲ့ အဘ ကြီးတို့ တအားကြီးနိုးနေကြတော့ ဘယ်လိုမှကို ခုခံတင်လို့မရ၊ ရှုံးလို့ပြုလို့ ရအောင် ကျွသွားနစ်သွားခဲ့တာ ခင်ဗျ။ အဲဒီအထဲမှာ ကြောက်ကြောက်ရွံ့ရွံ့ မဟုတ်တမ်းတရားတွေကို 'ပြောင့်ချက်' ပေးဖြစ်ခဲ့ကြတာက ပိုဆိုးသွား သယ်။

သူများက မတော်တရော် သင်ဥာဏ်ပေးထားတဲ့အတိုင်း တုတ်တိုး ပေါက် အလွဲလွဲ အချော်ချော်တွေချည်း လျှောက်ထွက်ထားခဲ့ကြတာ။ ဒါပေမဲ့ ... အဲဒီပြောင့်ချက်တွေက တရားစွဲ အဖွဲ့အစည်းက စနစ်တကျ ညွှန်သောက်ပြီး တင်လာတဲ့ ပတ်ဝန်းကျင် သက်သေခံချက်တွေနဲ့ အကုန် ညီနေပါး ကွက်တိအံဝင် သွားဖြစ်နေခဲ့တယ်လေ။

အချင်းဖြစ်တဲ့နေရာမှာ တစ်ပတ်ဆယ်ရက် ပုန်းလျှိုးကွယ်လျှိုး နေခဲ့ကြတယ်ဆိုတာ အချင်းဖြစ်တဲ့နေ့ ညတလည်း အချင်းဖြစ်နေရာနားမှာ ညအိပ်ညနေ နေခဲ့ကြတယ်ဆိုတာ၊ အဲဒီညက သောက်ဖို့စားဖို့အတွက် ကြီးတို့အရက်ဆိုင်က တောအရက်နှစ်လုံးနဲ့ အမဲဝမ်းတွင်းသားဟင်းတွေ ယ်သွားခဲ့တယ်ဆိုတာ၊ အဘမိုးက မပြားကြီးတို့ လူသိုက်တွေကို 'ဟော ယောက်ျားမှန်ရင် ဖွဲတစ်ဆုပ်ပဲ မ,နိုင်သေးရင်တောင် တဏှာအာသဝေါ ကုန်ချင်တတ်သေးဘူးကွ' လို့ပြောခဲ့တာ။

အဲဒီရက်ပိုင်းကလေးမှာပဲ အချင်းဖြစ်နေရာမှာ သေသူမိန်းကလေး သူ့ချေးစားကောင်လေးတို့ ခဏခဏချိန်းတွေ့ဖြစ်အောင် စီစဉ်ပေးခဲ့ ကြတာ။ အချင်းဖြစ်မဲ့နေ့မှာမှ ကောင်ကလေးကို ငွေတောင်းဖို့ အကြောင်းပြ ပြီး မြို့လေးဆီကို လွှတ်ခဲ့တာ။

ရဲတွေက လက်ပူးလက်ကြပ် ဖမ်းမိတဲ့အချိန်မှာ သေသူမိန်းကလေး အလောင်းထည့်ထားတဲ့ ဂုန်နီအိတ်ကြီးနဲ့အတူ အဘဦးအေးဖေကို မိခဲ့ တာ ... အို ... အဲဒီလို ကြမ္မာငင်ချင်တဲ့အချက်တွေက အများကြီး... အများကြီး။ ဘယ်လိုကိုမှ ပြေအောင် မဖြည်နိုင်ခဲ့ဘူး။ အရေးထဲမှာ အဘ



www.burmeseclassic.com

www.burmeseclassic.com



တို့ကလည်း 'ကံပစ်ချတဲ့အတိုင်းပဲလကွာ၊ ဖြစ်ချင်ရာဖြစ်ရော့' ဆိုပြီး ကုန်လက်ပန်းကြီးတွေကျ၊ နှုတ်မဖွင့်လျှာမဖွင့် အချောင်းသားကြီးပေပြီး ခံနေကြတော့ ပိုဆိုးကုန်ရော။

ရွာခံနယ်ခံနဲ့ မြို့ခံလူထုတွေရဲ့ တစ်ဖက်သတ်ကြီး ဟုတ်နိုးနိုး ယောင်ဝိုးဝါး မြေနိမ့်ရာ လုံ့စိုက်ချင်ကြတဲ့ အထင်မှား အမြင်မှား 'အ စကား' တွေကလည်း တရားသူကြီးအဖွဲ့အပေါ် တော်တော်ကြီး ဖိအ နိုင်ခဲ့သေးတာကိုး။ ကံများဆိုးချင်တော့ အဲဒီတွန်းအားကြီးကိုလည်း အ လို့မှ မလှန်နိုင်ခဲ့ကြဘူးနဲ့ တူပါရဲ့"

"ရပါတယ် ... ဆရာလေးရယ်၊ ဆရာလေးလည်း စိတ်ထဲ အ လို့မှ ထားမနေပါနဲ့တော့။ ကြမ္မာငင်ပြီဆိုမှဖြင့် မထင်တာတွေ ထ တတ်တာမျိုးဟာကိုး။ ကျုပ်တို့ကံကိုက ဒီလိုတွေ့ကြုံဖို့ ဖတာပါခဲ့ပြီး ကံက စီရင်ခဲ့ပြီးသားဆိုတော့လည်း ဘာကြီး ဘယ်လိုလုပ်လုပ်၊ ဘာ နိုင်မှာတဲ့တုံး"

"ကဲ ... ကဲ ... သွားကြရအောင်။ အိမ်ကလူတွေက တွေ့ သေးသပဆိုရင် ရဲအချုပ်ပဲ လိုက်လာခဲ့ကြ။ နောက် သုံးလေးရက်မှာ မျှ ထောင်ကြီးချုပ်ကို ပို့ဖြစ်မှာဆိုတော့ လိုရမည်ရ ပေးချင်ရာရာကလေး ကိုလည်း တစ်ပါတည်း ယူလာခဲ့ကြ"

ရဲအရာခံကြီး၏ အသံက သောကတွေ တစ်ပြေုကြီးကို ကြိ ၍ စေတော့သည်။ လက်ထိပ်သံ၊ ခြေချင်းသံချီးချီးချွင်ချွင်တွေသည် ချင်းပင် ငိုသံကြီးတွေ ပေါက်လျက်။

"ကဲ ... နေရစ်ခဲ့ပေတော့ ... မယ်သိုင်းရေ"

မျက်ရည်တွေအိုင်လျက် တက်မတတ် ချက်မတတ် နင့်နင့်သီး ရှိုက်ငင်တကြီး ငိုကြွေးနေရှာသည့် အမယ်ကြီးအိုကို စောင်းငဲ့၍မျှ မကြ မဝေ့ဖြစ်တော့ဘဲ ရင်နာနာဖြင့်သာ မျက်နှာလွှဲထားခဲ့မိတော့သည်။

ကြာခဲ့ပြီ။ ဟိုးခပ်ဝေးဝေး အတိတ်ဆီမှာ ကြာလေလှခဲ့ပြီ။

❑

"အေးမေ ..."

" ....."

"ဟဲ့ကောင် ... အေးမေ"

"အေး"

"အိပ်နေပြီလားဟ"

"အင်း ... ကြိုးစားတုန်းပဲ၊ ပျော်နိုင်သေးပါဘူးကွာ"

"အေး ... ဘာပဲဖြစ်ဖြစ် တစ်ရေးရရ တစ်မှေးပဲပျော်ပျော် အိပ် လို့ရအောင်တော့ အိပ်လိုက်ဦးဟေ့။ အချိန်လည်း နည်းလှတော့တာ မဟုတ် ဘူးရယ်"

"သန်းခေါင်ကျော် ... နှစ်မောင်းကွ"

"အေး ... အေး ... ကဲ ... အိပ်ဦး။ ငါလည်း မျက်ကျောတွေ စင်းလာနေပြီ"

"အေးလကွာ ... မင်းပဲကောင်းတယ်။ ငါတော့ မကြာခင် ရောက် လာတော့မယ့် ကိစ္စကြီးကို စဉ်းစားမိလိုက်ရင် စားချင်စိတ်လည်း မရှိတော့ ဘူး။ အိပ်ချင်စိတ်လည်း မရှိတော့ဘူး။ ကိုယ့်ပယောဂ၊ ကိုယ့်စေတနာ တစ်မှုံတစ်စမပါဘဲနဲ့ မကြားဝံ့မနာသာအမှုကြီးနဲ့မှ စပ်စပ်ယှက်ယှက် တည့် တည့်တိုးပြီး အသေဆိုးကြီး သေရမယ်လို့ကွာ ... ငါ့နှယ့် ... ယုံတောင် မယုံချင်ဘူး။ အိပ်မက်ကြီးတစ်ခုကို မက်နေရသလိုချည်းပဲ"

www.burmeseclassic.com



"ကံပဲပေါ့ကွာ"

"အေး ... ကံ ... ကံ ... အဲဒီသောက်ကမြင်းမ ကံဆိုတဲ့ဟာကြီးက အိုကြီးအိုမ ငါတို့လို အိုနာကျိုးကန်း သက်ကျားကြီးတွေကိုကျမှ ဖွတ်ချည်းအခမ့ လာစွပ်နေသလားကွ ... ဒီး ... တဲ့"

"အဲဒါကြောင့် ကံလို့ပြောနေရတာပေါ့ကွာ။ ကိုယ်လက်မခံချင်ပေတဲ့ မျက်စိမှိတ်ပြီး ငုတ်တုတ်ပစ် လက်ခံလိုက်ရ၊ ကိုယ်က လက်ခံလိုက်ချင်ပေတဲ့လည်း လက်ခံခွင့် မကြုံခဲ့ရဘူးဆိုရင် အဲဒါ ကံပဲပေါ့ကွ။ ခံလိုက်ရုံရှိတော့တာပေါ့"

"ဒါဆို ... လူဆိုတာ လူ့ဘဝဆိုတာ ဘာကြီးတုံးကွာ"

"မသိဘူး ... ဟော့ကောင်ရေ အဲဒါတွေကို ငါမသိဘူး။ သိချင်စိတ်လည်း မရှိဘူး။ သိဖို့လည်း မကြိုးစားခဲ့ဖူးဘူး။ ကံကလည်း သူ့ကံအလုပ်ကို သူ့ဘာသာ သူလုပ်၊ မိုးကလည်း မိုးအလုပ် မိုးလုပ်။ ဒါပဲ။ ကိုင်း ... အိပ်တော့"

"......"

မိုးက တဖြောက်ဖြောက် တအီအီအသံပေးနေရာမှ တဖြည်းဖြည်းသည်းလာသည်။

ညဆည်ပင် မိုးသည်းသည်းကြီးထဲမှာ စိုစိုရွှဲရွှဲနေ၏။

အဘမိုးက ဟိုတစ်ဖက် ကြိုးတိုက်နံရံကို မျက်နှာပြုလျက် ကွေးကွေးကလေး။ ဘိုးအေးဖေလည်း ကြိုးတိုက်ခန်း တံခါးဖက်ကို တစောင်းကလေးလှဲလျက် ဇွေမိုးကြီးပြုသမျှကို ညနှင့်အတူ မလှုပ်မယှက်ကြီး ငြိမ်ခံနေ၏။

အဘိုးကြီးနှစ်ယောက်၏ မချိတင်ကဲ ရင်ဖွင့်သံတွေကို တမင်ဟောက်သံပေးလျက် နိုး၍နားထောင်နေခဲ့သည့် ရန်နိုင်ကြီးလည်း အိပ်ရာပြီ။ စေ့စေ့ပိတ်ထားသည့် သူ့မျက်လုံးထောင့်စွန်း၌မူ မခြောက်တခြောက်မစိုတစို မျက်ရည်စတို့က အလင်းမှုန်မှုန်မှာ သဲ့သဲ့ထင်နေဆဲ။

✿ ✿ ✿

| ၁ |

မိုးနှင့် တိမ်

❏

'လူ့ဘဝသည် လေထဲသို့ပစ်လိုက်သော ကျောက်တုံးတစ်တုံးနှင့်တူသည်။ အကယ်၍ ကျောက်တုံးသည် အသက်ရှိပါက သူသည် လိမ့်လိုရာကို သူ့ဘာသာ လိမ့်သွားလိမ့်မည်။ စင်စစ်၌မူ အရှိန်၊ လေထု၏အလျင်၊ ကျောက်တုံး၏ အရွယ်ပမာဏ၊ ပုံသဏ္ဌာန် စသည်တို့အပေါ် မူတည်၍ ကျောက်တုံး၏လားရာသည် ပြဋ္ဌာန်းစီရင်ပြီးဖြစ်၏'

သူ့ဆရာ ထောင်မှူးကြီးဦးထန်ဒိုလန်းက စိတ်လိုလက်ရ ပေး၍ဖတ်ထားသည့် စာမျက်နှာအထက်မှ မှင်နီတွေ ရဲဗလောင်းခတ်နေအောင် မျဉ်းသားထားသောစာပိုဒ်ကို ဖတ်ခဲ့မိသည် တစ်ခဏ၊ တလှိုက်တစ်ခုန်ရှိချင်ချင် သူ့ရင်နှင့်သူ့စိတ်အနေကို သတိရလိုက်သည်။ ပြဋ္ဌာန်းစီရင်ပြီးဝါဒ (Deter minism) တဲ့လား။ ထိထိနိုက်နိုက်၊ မှတ်မှတ်သားသား ခံစားရ၏။

'လူဆိုတာ ... လူ့ဘဝဆိုတာ ကံတရားရဲ့ ပြဋ္ဌာန်းစီရင်ပြီး ဘောင်ထဲက ပုံစံကျ သက်သေပြစရာပြယုဂ် သက်သက်တွေပဲတဲ့လား။ ဟုတ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



မထင်။ ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒက တိတိပပ လင်းပြနေသည့် ကံနှင့်ကမ္မဖလ၊ ကံနှင့် ကံ၏အကျိုး၊ အကြောင်းကြောင့် ဖြစ်စေအပ်သော အကျိုး၊ အကျိုးကို ဖြစ်စေခဲ့သည့် အကြောင်းကံတွေ။

ဖြစ်စဉ်တစ်ခု၊ ရလဒ်အဖြေတစ်ခုအတွက် ထိုအဖြေကို ရစေနိုင်တန်ရာသဲည့် ဆက်ဆက်နွယ်နွယ် အသင့်ယုတ္တိတွေ တစ်ခုထက်မက ကဲလွန်၍ ရှုပ်ရှုပ်ထွေးထွေး၊ နက်နက်နဲနဲ ရှိနေနိုင်တတ်သေးသည် ...တဲ့။

'ကံသာအမိ, ကံသာအဖ' ဟု မြတ်ဘုရား အပ်ချမတ်ချ ဟောကြားခဲ့သည်။ ထိုမွေစကား၌ သည်ထက်သည် အနက်အဓိပ္ပာယ်တွေ ထွေပြားစုံလင်တန်ရာသေးသည်။ သူက သည်သို့ ယုံချင်သည်။ မဟုတ်။ ယုံထားနှင့်ခဲ့သည်။

"of the Penel code and sentence them to be hanged by their neck until they are dead. လည်ပင်းကို ကြိုးကွင်းစွပ်၍ မသေမချင်း ကြိုးဒဏ်စီရင်စေ' ဆိုသည်က ဘာလဲ။ 'သေဒဏ်' ဆိုသည်မှာ ကြိုတင်သတ်မှတ်ထားပြီးသည့် 'ကံ' က ပြဋ္ဌာန်းစီရင်ပေးထားပြီး လူ့ဘဝ၊ လူ့အဖြစ်တချို့တလေကို သဘာဝအတိုင်း သက်သက်မဟုတ်။ မှန်တိုင်းခြွေသလို 'အစိမ်းခြွေ' ခြွေပစ်ရသည့် ယန္တရားတစ်ခု သက်သက်ပေလား။

......လား။

......လား။

......လား။

'လားတွေထပ်'လျှက် ခေါင်းတစ်ခုလုံး ကိုက်ခဲမူးရီလာတော့သည်။

"ဆရာ ..."

"ဟေ ...ဘာလဲ မောင်ထွန်းရင်"

"ဆရာ့ကို မေးခွန်းလေးတစ်ခုလောက် မေးပါရစေ"

"အောင်မယ်လေး ... မောင်ထွန်းရင်ရယ်၊ မင်းနဲ့ငါ နေလာခဲ့တာ ဒါလောက်ကြာလာမှပဲ။ မေးချင်တာများ စကားပလ္လင်တွေ ဘာတွေ ခံနေရသေးတယ်လို့။ ဘာမေးမှာလဲ။ မေးပေါ့ကွ"

"ဆရာနဲ့ကျွန်တော်တို့ဟာ ရန်သူတွေ မဟုတ်ဘူးနော်"





"ကြီးကြီးစည်ရာကွာ ... မင်းနှယ်။ ဘယ်လိုလုပ်ရန်သူတွေ ဖြစ်နိုင်မှာလဲ။ ဘာရန်ငြိုးရန်စမှ ရှိခဲ့ဖူးတာလည်း မဟုတ်"

"ဆရာပြောသလို ဘာရန်ငြိုးရန်စမှ မရှိဖူးတဲ့၊ ရန်သူလည်း မဟုတ်တဲ့ ကျွန်တော့်ကို မနက်ဖြန်မနက် ကြိုးပေးသတ်ရတော့မယ်ဆိုတော့ ဆရာ့ရင်ထဲမှာ ဘယ်လိုခံစားရသလဲ။ အဲဒါကို ကျွန်တော် သိချင်တာ"

ဆရာကြီး ဦးရန်အောင်မောင်မောင်က စကားစသင့်တိုင်း စကားလမ်းဆုံတိုင်း ပြောခဲ့ဖူးသည်။ သူကိုယ်တိုင် တိတိလင်းလင်း မဖြေနိုင်တတ်ခဲ့သည့် မေးခွန်း ...တဲ့။ ပင်စင်သာယူ၊ အငြိမ်းစားသာယူ၍ နားလို့သာသွားရော သူ့ဘာသာသူပင် ဘဝင်ကျကျ လက်ခံနိုင်လောက်သည့်အဖြေကို ရှာမတွေ့ခဲ့တဲ့။

ဟုတ်သည်။

လူနှင့်လူချင်းကို လူ့ဘဝဖြစ်တည်ခွင့် ရပ်စဲအောင် ပြုရစီရင်ရသည့်ကိစ္စ။ ကိုယ့်မျက်စိရှေ့တည့်တည့်မှာပင် လူကောင်အရှင်လိုက်ကြီး လတ်လတ်ကို သွေးအေးအေးဖြင့် အသက်ဖိဝိန်ခြွေပစ်ရမည့် ယန္တရားဆန်ဆန်အလုပ်။

"ဘယ်လို နှလုံးသားဖြင့် လုပ်မည်လဲ"

ကဲ ...ရက်တွေ လတွေချိုကာ သံယောဇဉ် ထုံးဖွဲ့မိခဲ့လေသည့် ဘိုးမိုးတို့လို၊ ဘအေးဖေတို့လို ဘဘိုးအိုကြီးတွေကို ...

ဆက်မတွေးချင်၊ မတွေးရက်တော့။

ပစ္စက္ခဘဝကို ယာယီမေ့ထားလိုက်ချင်စိတ်တွေကသာ လိုက်၍ လိုက်၍ ...

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

"ဘုရားပေးပေး ကျမ်းပေးပေးပါ ကိုရင်ရယ်။ ကျုပ်က အဒိန္နဒါနာကံနဲ့ သူရာမေရိယကံနှစ်ပါးကိုသာ ကြုံရင်ကြုံသလို နည်းနည်းပါးပါးကလေး ချိုးချင်၊ ဖောက်ချင် ရှိခဲ့မိတာပါ။ ကျန်တဲ့ ကံသုံးပါးကိုတော့ တကယ် ဝေရာမဏီခဲ့တဲ့သူပါ ... မောင်ရာ။ ပြစ်မှားဖို့ဆိုတာ စိတ်ကူးထဲတောင် မထည့်ခဲ့ဖူးပါဘူး"

"ဒါဆို အခု အဘမိုးတို့ကိစ္စကြီးက ..."

"ရော ... ပြောခဲ့ပြီကော။ ဘယ်လိုမှကို မဘယ်လိုခဲ့မိတဲ့ ဟာကြီးပါဆိုနေမှ ..."

"ဒါဖြင့် လက်သည်တရားခံက ဘယ်သူလဲ ... ကဲ ..."

"ဟောဗျား ... နက်ဖြန်သဘက်ပဲ စက်တိုင်မှာ မျက်လုံးပြူး လျှာထွက် မာလကီတော့မယ့် အဘိုးအိုကြီးတွေကို ဘယ့်နှယ် ... ပုလိပ်စစ် လာစစ်နေတာပါလိမ့်ဗျာ။ ကိုရင့်နှယ် ... အဲသလိုကြီးများ သိခဲ့မှဖြင့် ကျုပ်တို့ အိုကြီးအိုမ သချိုင်းခြေတစ်ဖက်ချပြီးသား သက်ကျားအိုကြီးနှစ်ကောင်က ဒီလိုငုတ်တုတ်ပစ်ကြီးဘယ် 'သေဒဏ်'အချခံခဲ့ မှာတဲ့တုံး။ စက္ကန့်တောင် မဆိုင်းဘူးဗျာ။ ရဲကို ပစ်စလက်ခတ် လက်ညှိုးထိုးခံပြီးတာ ကြာပေါ့"

"တကယ် ..."

"ခက်ပ ... ကိုရင်ရာ၊ တကယ်ပ ... ဟ"

"ကျုပ်တော့ မယုံဘူးဗျာ"





"ဘယ်လို ..."

"မယုံဘူး ... လို့"

"ဘာကြောင့် ..."

"သေတဲ့မိန်းကလေးက အဘတို့ ရင်နဲ့လွယ်မမွေးခဲ့ရုံတမည် သားသမီးလို ကိုယ့်မျက်စိအောက်တင် ကြီးလာတဲ့ကလေး။ သူ့ရည်းစား 'ရင်မောင်' ဆိုတာကလည်း အဘတို့ကို မိလိုဖလို ဒူပေနာခံပြီး နေလာတဲ့ကောင်ကလေး။ ဒီကလေးနှစ်ယောက် နေ့တိုင်းနီးပါး အဘတို့သံလမ်းတွေဖြတ်တဲ့ တောစနားမှာ တွေ့တွေ့နေကြတာကလည်း အဘတို့အသိ"

"အင်း ... အဲဒီတော့ ..."

"အဲဒီလေးယောက်သား ကြားမှာ သေတဲ့မိန်းကလေးကို ဖယ်လိုက်ရင် သတ်တဲ့လူဟာ အဘတို့နှစ်ယောက် ဖြစ်ရင်ဖြစ်၊ မဟုတ်ရင် ရင်မောင်ပဲ မဖုံးနိုင် မဖိနိုင် လွန်လွန်ကျူးကျူးတွေ ဘာတွေဖြစ်ခဲ့လို့များ .."

"ဟာ ... မဟုတ်ဘူး ... မဟုတ်ဘူး။ ရင်မောင်တော့ဖြင့် မဟုတ်ဘူး။ ဒီကလေးရဲ့စိတ်အခံကို ချေးခါးအူမ ငါတို့သိပြီးသား။ အဲဒီနေ့ကလည်း ရင်မောင်ကို ငါတို့ပဲ ကျင်စိန်တို့၊ အိစမ်အင်တို့ဆီ လွှတ်ခဲ့တာ။ အဲဒီ သံလမ်းဖြတ်ခငွေတွေ ရှင်းပြီးရင် သူတို့ကိုလက်ဖွဲ့ဖို့ သူတို့ကို မင်္ဂလာဆောင်စရိတ်ပေးဖို့"

"ရင်မောင်မဟုတ်ရင် အဘတို့နှစ်ယောက်ထဲ တစ်ယောက်ယောက် ..."

"ချိုးတဲ့မှ ... မင်းဟာ ရေငုတ်ပြီး ချိုးပါသလို ချိုးတုံးက ခေါင်းပေါ်မှာပဲ တဝဲရယ်တဲ့ တလည်လည် ဖြစ်နေပြီ ... ချိုး။ အေးဖေလည်း မဟုတ်ဘူး၊ ငါလည်း မဟုတ်ဘူးဆိုမှပဲ။ ကဲ ..."

"ဒါဆို ..."

"ဟာ ... အဲဒါသိမှဖြင့် ငါတို့က အချောင် မသာအဖြစ်ခံချင်ခဲ့ပါ့မလားကွ။ တို့လည်း အဲဒါကိုပဲ သိချင်နေတာ။ မသေသေးခင် အဖြစ်ချင်သုံးဆန္ဒကို ပြောခဲ့ဦးဆိုရင် အဲဒီမုဒိမ်းကောင်ဟာ ဘယ်သူလဲဆိုတာကို ကံသောက်မ သိသွားခဲ့ချင်တာတစ်ခုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဘတို့ဟာ ကရွတ်ပေါ် ကင်းလျှောက်သလို ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ ဖြစ်နေပေါ့"

"ဒွေးပါ ... ဆို"

"အဘတို့မဟုတ်တာ ဒီလောက် သေချာနေတာတောင်မှ ဒီလိုတဝ မျိုးကို ရောက်ခဲ့ရသေးတယ်လို့ဗျာ"

"ဟကောင်ရ ... မိုးကုတ်ဆရာတော်ကြီး တရားထဲကလို 'သူများ ပါးစပ်ဖျားမှာ လမ်းဆုံးရတာ'ပေါ့ဟ။ လောကသံစ္စာဆိုတာ သမုတိသစ္စာ 'အများညီ ဤကျွဲဖတ်' တဲ့ သစ္စာမျိုးပဲဟ။ လောကသဘောဆိုတာကလည်း 'သံဃာအား ဘုရားမဆန်သာ' တဲ့ ... ငါ့ကောင်ရ။ ဘဝဘဝက သံသရာ ကြွေး အပြီးရှင်းလိုက်ရတယ်လို့ပဲ သဘောထားလိုက်တော့တယ်"

"နေပါဦး ... ဒီတစ်ချို့ ကြိုးစင်ဆင်၊ ဆေးစစ်၊ ကိုယ်အလေး ချိန်ချိန် စသဖြင့် သေပန်းပွင့်တဲ့ လက္ခဏာတွေ ထင်ထင်ရှားရှားကြီးပြနေ လို့ နေ့လားညလား တစ်ယောက်ယောက်ကိစ္စ ချောတော့မဟဲ့ဆိုတာ အသိ သာကြီးမို့ ထားလိုက်ပါတော့။ အဘတို့နှစ်ယောက်ပဲရယ်လို့တော့ ဘယ်လို ကြောင့် တပ်အပ်ကြီး သေချာနေကြရတာတုံးဗျ"

"တောကျွဲကြီးရယ် ... မင်းမလဲ အ,ပါ့။ ဘယ်တော့မဆို ကြိုး သမားကို 'ခင်ဗျားကို ကြိုးပေးပြီး သတ်တော့မယ်ဗျို့' လို့ တင်တင်ကူးကူး ကြိုတင်အသိပေးမှိုးထုံးစံ ရှိဖူးလို့လားဟ။ (၂၄) နာရီထက် ပိုစောပြီး သိဖူး ခဲ့ကြလို့လား"

"အင်းလေ ... အဲဒါကြောင့် ပြောတာပေါ့"

"စိတ်ကွ ... ရန်နိုင်ရ။ စိတ် ... စိတ် ...။ သိပြီလား။ ဟောဒီ ရင်ဘတ်ကြီးထဲက သူ့အလိုလို အာရုံတန်းပြီး ထင်လာမြင်လာ သိလာတဲ့ စိတ် ... ဟ"

"ဗျာ ..."

ကိုရန်နိုင်ကြီးမှာ 'ဗျာ' တစ်လုံးထက်ပို၍ ပြောရန် စကားမရှိ နတ္ထိ။

✿ ✿ ✿

❑

သူတို့ ကြိုးတိုက်ခန်းကလေးထဲသို့ အကြည့်ရောက်လိုက်သည်နှင့် ...င်ထားသည်ထက် ပို၍ သုံးလေးနှစ်စာ အိုမင်းချုံးကျသွားသည့် မျက်နှာ ...ုန်းနွမ်းများကို စိတ်မချမ်းမြေ့ဖွယ် တွေ့သည်။

'သေရမှာကို တကယ်ကြောက်လာပြီဆိုမှ ဘဝကို တကယ်ခင် ...ွယ်တတ်လာတာ ဆရာရဲ့' ဆိုသည့် မကြာမတင်မီက ကြိုးဒဏ်စီရင်ခံခဲ့ ...ည့် ဝင်းမြင့်ကောင်ကလေး၏ စကားသံကို အပြေးကလေး စိတ်မှာကြား ...။

'လူဆိုတာ ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်နေရာမှာ၊ ဘယ်လိုနည်း ...နဲ့ သေရမလဲဆိုတာ မသိနိုင်တတ်ကြဘူးတဲ့။ အဲ ... တို့ဘဝတွေကျ ...တော့လည်း တစ်မျိုး။ ကြက်သမားရဲ့ ကြိမ်ခြင်းထဲက ကြက်တွေလို၊ နွား ...တ်ရုံထဲက နွားတွေလို ကိုယ့်ကို ဇီဝိန်ခြွေဖို့ ဓားသွေးနေတာကို ထိုင် ...ကြည့်ရင်း အသက်ရှင်နေကြရတာ။

ကိုယ် ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်နေရာမှာ ဘယ်ပုံဘယ်နည်း ...ရမှာလဲဆိုတာကို ရှားတောင့်ရှားပါး ၂၄ နာရီစောပြီး ကြိုသိရတဲ့ဘဝ။ ... ၂၄ နာရီကြီးကို ဘယ်လိုနေကြမလဲ၊ ဘယ်လိုကျော်ဖြတ်ရမလဲ။ ဟား ...ွယ်လိုက်တာများကွာ' ဟု အုန်းထွန်း (ခ) ရေမန်ကာန်းကို ကြိုးပေးရင် ... ကြိုးစင်နှင့်နီးသည့် ကြိုးတိုက်ခန်းသို့ ပြောင်းဖို့ အသိပေးခဲ့စဉ်က သူ့

www.burmeseclassic.com



အခန်းဖော် စိုးတင့်နှင့် လှမောင်တို့ကို အုန်းထွန်းပြောခဲ့သည့်စကားတွေ ရေပေါ်မှာ ဆီဝေ့သလို တဝေ့ဝဲဝဲ ပေါ်လာနေသည်။

"ဟော . . . ဆရာလေး . . . လာ၊ ထိုင်"

ကိုရန်နိုင်ကြီးက မျက်နှာနေ ခပ်အိုအိုဖြင့် ကြိုရှာ၏။ ဘိုးအိုနှစ်ယောက်လည်း ခေါင်းကြီးတွေ ငုံ့လျက်သားရှိနေကြရာမှ ဖွေ့ခနဲ ထောင်လာကြသည်။

"အဘမိုး . . . ငြိမ်လှချည်လား။ အဘဦးအေးဖေ . . . ထမျှ . . . ထမျှ။ ရွာကအမေ အလည်လာရင်း တိုရေရှားရေပါလာတဲ့ ကြောင်သားဟင်းတွေဗျ။ စားရင်းစားရင်း မျှိမကျလွန်းလို့ ဒီမှာပဲ အတူစားပါတော့ မလေဆိုပြီး ယူလာခဲ့တာ။ ကိုင်း . . . ဆွဲလိုက်ကြရအောင်။ မနက်စာ ထမင်း မစားကြသေးဘူး မဟုတ်လား"

သူထိုင်သာအောင် နေရာပြင်ရွှေ့ပေးလိုက်ကြသော်လည်း စကားတုံ့ပြန်သံ မထွက်။ မလှုပ်မချောက်ကြီးတွေ ငြိမ်ချက်သားကောင်းလှ၏။

"ကဲ . . . ကိုရန်နိုင်ရေ၊ ဒီမှာ ဟင်းချိုင့်။ ပဒတ်ထောင်းကြော်တွေရော၊ မြေပဲပင်ပေါက်သုပ်ရော ပါသေးတယ်။ ထမင်းပွဲ ပြင်လိုက်ပေတော့"

ကိုရန်နိုင်က အဘိုးအိုနှစ်ယောက်ဆီသို့ ကွက်ခနဲကြည့်ရင်း ဖုံပုဆိုးဟောင်းတစ်ထည်နှင့် အုပ်ထားသည့် သူတို့ထောင်ပုံစံ ထမင်း၊ ဟင်းပန်းကန်ကလေးတွေကို မရွံ့မရဲထုတ်လာသည်။

"ဆရာလေး . . ."

"ဗျာ . . ."

"ခုနေခါ ကျုပ်တို့ကများ တစ်ခုခု အကူအညီတောင်းခဲ့ရင် ပေးမလား"

"အိုး . . . အဘမိုးကြီးစကားက အဆန်းပါလား။ ကဲ . . . ဆိုပါဦး"

"ဆရာလေးလုပ်ပေးနိုင်မယ့် ကိစ္စပါ။ အလုပ်ကိုလည်း မထိခိုက်နိုင်ပါဘူး"





"အင်းပါ . . . ပြောကြည့်ပါဦး။ အဘမိုးနဲ့ အဘဦးအေးဖေတို့ ကြည့်ရတာ စိတ်အိုက်လွန်းလို့"

"အေးဖေ . . . မင်းပြောလိုက်ကွာ"

"ဟော . . . လုပ်ပြီ မင်းက။ 'ကျွန်ုပ်ဝယ်ရာ အဆစ်ပါ'တယ် လုပ်ချင်တတ်တဲ့ကောင်"

"ဩရင်ထဲ ဆို့နေလို့ကွာ"

"သြော် . . . ငါကတော့ ကချင်ခုန်ချင်စိတ်တွေ ပေါက်ပြီး ပျော်နေသပေါ့လေ . . . ဟုတ်စ"

"ကဲပါ . . . အဘဦးအေးဖေရယ်၊ အဘကပဲ ပြောပါတော့။ ဟင်းတွေ အေးကုန်လိမ့်မယ်"

"ဒီလို ဆရာရေ . . . ဒီလို။ အကယ်၍များ . . . အကယ်၍များ ပြောတာနော်။ ကျုပ်တို့ သက်ကျားအိုကြီးနှစ်ယောက်ကို ကြိုးပေးဖို့များ ကြုံလာခဲ့ရင် ကျုပ်တို့ . . . ကျုပ်တို့ မြေကျသပိတ်ကလေး . . သက်ပျောက်သဝိတ်ကလေးကိုတော့ဖြင့် မပျက်မကွက် လှူပေးစေချင်တာပါဗျာ။

အဲဒီအခါကျရင် ကျုပ်တို့ ဘိုးကြီးအိုနှစ်ယောက်နဲ့ လုံမလေးရယ်၊ ကောင်ကလေးရင်မောင်ရယ်ကို ရောက်ရာဘုံဘဝဆီ ရည်မှန်းပြီး အမျှဝေပေးပါလို့။ ကျုပ်တို့ သာဓုခေါ်စမ်းပါရစေ။ ကျုပ်အဘွားကြီးကလည်း မလာနိုင်၊ ဆွေရင်းမျိုးရင်းကလည်း မနီးဆိုတော့ . ."

သည့်ထက်ပို၍ စကားမဆက်။

ကြားရသနိုက် ရင်၌ ဆို့ကျင်မွန်းကြပ်။ ကိုရန်နိုင်ကြီးက မျက်နှာကြီးတွေ ရဲတက်လာကာ ကြိုးတိုက်နှံရံဘက် မျက်နှာလွှဲလျက် မျက်ရည်တွေတွေကျနေသည်။

"ရင်မောင် . . . ဆိုတာက . . ."

"လုံမလေးနဲ့ ယူကြမယ့် ကျုပ်တို့ ဒူးမနာသသားပဲ ဆိုကြပါစို့။ ဒီတံဆိုးမိုးမှောင်ကျခဲ့ရတဲ့ အမှုအခင်းကြီးလည်း ဖြစ်၊ လုံမလေးလည်း အရှက်တကွဲ အကျိုးနည်းဘဝခံ။ ကျုပ်တို့ ဘိုးကြီးအိုနှစ်ယောက်လည်း 'ဆွမ်းခံ



www.burmeseclassic.com

www.burmeseclassic.com



ရင်း ငှက်သင့်' အမှုပတ်ပြီး အချုပ်ထဲ တန်းထဲရောက်၊ နဂိုကမှ ယောက်ျား ဖြစ်ရက်ကနဲ့ စိတ်ကနုနု အသည်းကနုနုကောင်ဆိုတော့ ပါဒေါးတွေသော ပြီး ထွက်ပေါက်ရှာသွားသလေ။ ကျုပ်တို့ ပြဿနာဖြစ်ပြီးနောက်နေ့ ဆုံး ရှာတာပဲ''

''ဟောဗျ ...''

ကြားရသမျှက ရင်နင့်ဖွယ်ချည်း။ စိတ်တရွေ့ရွေ့မှုပင် လွတ်လပ် ပေါ့ပါးချင်စရာ မရှိ။

''အဲဒါ ဆရာလေး ကျုပ်တို့ပြောတာကို ...''

''မလိုတော့ပါဘူးခင်ဗျာ ... စကားပြောတာကြီးရပ်ပြီး ထမင်း ကိုသာ မြိန်မြိန်စားကြပါတော့''

''ဗျို့ ... ဘာ ... ဘာဖြစ်လို့ ...''

''တိုင်းရေးပြည်ရေး အခြေအနေတွေက အကဲမရဘူး ... တို့ မန္တလေးမြို့ထဲမှာရော၊ ကျုံးတို့နေရာတွေမှာရော သိပ်မငြိမ်လှဘူးတဲ့။ အဲဒီ ကြောင့် အရေးကြီးကိစ္စဖြစ်တဲ့ ကြိုးအဏ်အတည်ပြုစီရင်တဲ့ ကိစ္စမျိုးတွေကို ထောင်လုံခြုံရေးငဲ့ပြီး ဆိုင်းငံ့ထားဦးမတဲ့။ ညွှန်မှူးကြီးက ညွှန်ချုပ်ရုံးကို အမိန့်တောင်းထားခဲ့တာ မနက်ကပဲ ရခဲ့ပြီတဲ့''

''တကယ် ... တကယ်အဟုတ်လား ... ဆရာလေး''

''ဟုတ်မှ ဟုတ်ဗျား''

''ဟာ ... စောစောက မပြောဘူး ... ဆရာလေးကလည်း။ ကျုပ် တို့မှာ ကြောင်သားဟင်းတွေ၊ ပဒတ်ကြော်တွေ အသံကြား အနံ့ရှူနေရ တာကိုတောင် သွားရည်တစ်စက် မကျနိုင်အားဘူး။ သေမင်းငင်နေရတာ နဲ့ ... ဟုတ်ပ''

''ရှူး ... ရှူး ... ဒါလည်း လျှို့ဝှက်ချက် ဘိုးတော်ရေ။ လေထဲ ကစကား လေထဲတင်ပျောက် ... ဟုတ်လား''

''အင်းပါ ... အင်းပါ ... ရန်နိုင်ရေ ... လုပ်ဟ။ လက်ဆေးရေ ဆရာ့အရင်ပေး။ ဟင်းလေးတွေပူတုန်း လှူတဲ့တန်းတဲ့သူ ကုသိုလ်ရအောင် ပါရမီဖြည့်လိုက်ကြဦးစို့''





''အင်း ... ငမိုးကတော့ လုပ်လိုက်ပြန်ပြီ။ သေချင်စော်နံနေတာ လေးမှ အနံ့မပြယ်ချင်သေးဘူး ... ငတ်ကြီးက ကျပြီ''

''ပြောချင်တာသာ ပြောရော့ကွာ။ နေ့သေမလား၊ ညသေမလား သောင်မိုးကြီးကျနေလိုက်ရတာများ ရေတောင် ဖြောင့်ဖြောင့် မျိုမကျချင် ဘူး။ ငတ်ခဲ့လိုက်ရပုံများနယ်။ အခုမှပဲ ... ဟဲ ... ဟဲ ... ဟဲ ...''

''ဩော် ... ဒါနဲ့ ဆရာလေး။ ကျုပ် စပ်စုလိုက်ဦးမယ်။ ဒီ တစ်ချီ ကြိုးစင်တွေထုတ်ဆင်တာ ကျုပ်တို့ဘိုးကြီးအိုနှစ်ယောက်အတွက် ဟုတ်လား။ ဟုတ်လားဟင် ... ဆရာလေး''

''ထောင်ပိုင်ကြီးနဲ့ ညွှန်မှူးကြီးကလွဲပြီး ဘုရားပဲ သိနိုင်မဲ့ကိစ္စ အဘမိုးရေ။ ကဲပါ ... ဘယ်သူ့အတွက်ပဲဖြစ်ဖြစ်၊ လောလောဆယ် ထမင်း စားဖို့ထက် ပိုအရေးကြီးတာ မရှိတော့ဘူးရယ်။ ကဲ ... ကဲ ... လုပ်၊ စားဦးစားဖျားကလေး အရင်သုံးဆောင်လိုက်ဦး''

''သာဓုဗျာ ... သာဓု ... သာဓု ...''

''အံမယ် ... သူ့ခိုးငမိုးရယ်၊ မင်းများ 'ဘုန်းကြီးနဲ့ဘီး'၊ 'မိုး ကြီးနဲ့အီးသံ' မဆီလေးရယ်တဲ့ အိုမဆိုင်လိုက်ပလေသာကွာ''

''အေးနော် ... ဟီး ... ဟီး ... ဟီး ...''

''ဟား ... ဟား ... ဟား ... ဟား ...''

''ဟား ... ဟား ...''

မရဏရှင်သေမင်းကို အချိုသတ်လျက် ဟပ်ဖ်တိုင်း Half Time နှင့် ရပ်ဆိုင်းထားရင် နိုင်ခဲ့ပြီမို့ သည့်တစ်ချီရယ်သံများက သည်းလှိုက်အူ တက်ရှိလှ၏။

ခုတစ်လော မိုးလေကင်းစင်သဖြင့် ကောင်းကင်ကလည်း ပြာပြာ လွင်လွင်၊ ကြည်ကြည်လင်လင်။

တစ်ခါတစ်ရံ လောကသည် လှချင်တတ်သား။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

မည်သို့ပင်ရှိစေ

❑

၁၉၈၈ ခုနှစ်။

'လှိုင်းကြီးလေထန်' အရေးအခင်းကြီးက တစ်တိုင်းတစ်ပြည်လုံး သိမ့်သိမ့်တုန်အောင် အမြစ်အခြေမှဆွဲ၍ လှုပ်ခါပစ်လိုက်သလိုရှိသည်။

ပြန်မတွေးချင်တော့လောက်အောင်ပင် မုန်တိုင်းကြမ်းခဲ့၊ လှိုင်း ရမ်းခဲ့၊ မိုးကြိုးမုန်တိုင်းတွေ တဗြိမ့်ဗြိမ့်ပစ်ခဲ့၊ လောင်မီးတွေကျခဲ့သည့်ကာ များ။

သောကများကို ချခင်းလျှက် တစ်ရက်ချင်း ဖြတ်ကျော်ခဲ့ရသည့် နေ့နေ့ညညများ။

'ပြီးတော့လည်း ပြီးတာပါပဲ' ... တဲ့။ ဟုတ်သယောင်ယောင် သိမ့်မှုတွေဖြင့် ပေးချင်ယောင်ဆောင်လျက် အသိ၊ သတိအတွင်းမှ ကာ ဖယ်ထုတ်ထားရတော့မလို အချည်းနှီး နေ့တွေ ရက်တွေ။

မုန်တိုင်းကြီး စခဲ့ပြီးနောက် ဝမ်းမြောက်ချင်စရာတွေလည်း ဒေး။ (၂၀-၇-၈၉) ရက်နေ့တွင် နိုင်ငံတော်အစိုးရက ထုတ်ပြန်ကြေ





ခဲ့သည့် (၄/၈၉) အမိန့်ကြော်ငြာစာအရ 'လွတ်ငြိမ်းချမ်းသာခွင့်' သည် မြန်မာပြည်အရပ်ရပ် ထောင်တံခါးတွေကို ဖွင့်ခဲ့၊ သေမင်း၏ နှုတ်ခမ်းဝမှ သေဒဏ်ကြိုးသမားတွေကို ကယ်ဆောင်နိုင်ခဲ့သည်။

ပြန်တွေးကြည့်လျှင် မနေ့တစ်နေ့ကလိုလိုနှင့် ကြာလေလှခဲ့ပြီ။ လေး နှစ်လေးမိုးပင် မကတော့။

"ဟောဒီမှာ ဆရာရေ ... အဘမိုးနဲ့ အဘဦးအေးဖေတို့က ကိုရန် နိုင်ကြီးနဲ့ တစ်ပါတည်း ပြန်လိုက်သွားကြတော့မလို့တဲ့။ ဘယ်လိုမှကို မပြော လို့မရဘူး။ အဘမိုးက ဖျားနေတုန်း ရှိသေးတာရယ်ကြီးကို"

တပည့်ကျော် မြတ်ကိုဦး၏ အော်ဟစ်တိုင်တန်းသံ ညံညံစာစာနှင့် အရှုံမနှောင်း အိမ်တံခါးပြတင်းဝ၌ ဦးခေါင်းနှစ်လုံးက ပြုံးခနဲ ပေါ်လာသည်။

"ဟော ... အဘမိုး၊ အဘဦးအေးဖေ"

"ဟုတ်တယ် ... ဆရာလေး၊ ကျုပ်တို့"

"ဘာလဲ ရွာပြန်ကြတော့မလို့လား။ နေကောင်းအောင် တစ်ပတ် ဆယ်ရက် နားနားနေနေ ဘုန်းကြီးကျောင်းမှာတည်းပြီး အားမွေးကြပါဦး ဆိုတာ ဘာတွေ အရေးကြီးနေကြပြန်တာတုံး။ အဘမိုးဆို ထောင်ကလွတ် ခဲ့နေ့ကတည်းက ဆေးခန်းပြနေရတာ သုံးရက်ရှိပြီ။ အဖျားအနာ ရှင်းရှင်း ပျောက်မှပဲ ကိုမြသန်းဖြစ်ဖြစ်၊ တက်နေဝင်းဖြစ်ဖြစ် အိမ်တိုင်ယာရောက် လိုက်ပို့နိုင်းပေးပါမယ် ... နော"

"ခုလည်း ရန်နိုင်ကြီးနဲ့ ကန့်ဘလူထိ သွားလို့ရအောပဲ ... ဆရာ လေးရယ်။ ကန့်ဘလူရောက်မှဖြင့် ဟိုဘက် သိပ်မဝေးတော့ပါဘူး"

"နေမကောင်းသေးလို့ ပြောနေတာ ခင်ဗျားရေ။ ဘာတုံး ကျွန် တော့်ကို အားနာလို့လား။ ဒီတစ်သက် နောင်ကြုံချင်မှ ကြုံကြရတော့မှာ ဆိုးရယ်။ နားနားနေနေ စားလိုက်သောက်လိုက် နေစေချင်သေးတာ ဗျာ"

"အင်း ... အားနာတာက တစ်ကြောင်းပလေ။ တကယ်တော့က ကျုပ်တို့မှာ လက်စသပ်စရာ အလုပ်ကလေးက ကျန်နေသေးလို့



www.burmeseclassic.com

www.burmeseclassic.com



ဆရာလေးရဲ့၊ ဒီတစ်ဘ၀ မျက်စိမှိတ်ချင် အဲဒီကြွေးဟောင်းမြီဟောင်းလေး
ကို ရှင်းပစ်ခဲ့ချင်သေးတာ''

အဘမိုးလေသံက အေးစက်စက်။ မျက်ဝန်းလေးတွေက မြေ
ရှေး ထူးထူးခြားခြား ရုတ်တောက်တောက်လက်လက်။

''ဟော ... အရေးထဲမှာ ပဟေဠိ လာဖာက်နေကြပြန်ပါပြီ။ ဒဲ
အဲဒီအကြွေးတွေက ဘယ်လောက်များ များနေလို့တုံး''

''များတယ် ဆရာလေး။ အဲဒီအကြွေးတွေ ရှင်းချင်သေးလို့
မနည်းကြီး အသက်အောင့်ပြီး ကိုယ့်ဘာသာ မသေထမင်း မသေဟင်း
ရှင်အောင် မွေးထားခဲ့ရတာ''

အလို ... ဘိုးအေးဖေကြီးကပါ အတည်ပေါက်ကြီး ပြောနေပြီ
တော့သည်။ သိချင်စိတ်တွေ ဗျာများလာလျက် နားရွက်ခတ်လာပြီ။

''အင်း ... အင်း ... ဘာကြွေးတွေများတဲ့တုံး''

''အသက်ကြွေး''

''ဗျို ...''

''ဟုတ်တယ် ... ဆရာလေး။ လုံမလေးနဲ့ ကျုပ်ကောင်လေး ရှင်
မောင်ရဲ့ နှစ်သက်စာ အသက်ကြွေး။ ပြီးတော့ ကျုပ်နဲ့ ငမိုးတို့ အိုကြီးအိုမ
ထောင်ထဲမှာ နေ့သေမလို၊ ညသေမလို ထိတ်ထိတ်လန့်လန့်ကြီး မသေမရှင်
နေခဲ့ရတဲ့ (၁၅) နှစ်စာ ဘဝကြွေး''

''ဘယ်လို ... ဘယ်လို ... အဘအေးဖေ''

''ဟုတ်တယ် ... ဆရာလေး၊ ကျုပ်တို့ကိုဖမ်းတဲ့အချိန် လုံမ
အလောင်းကိုထည့်ထားတဲ့ ဂုန်နီအိတ်က ကုလားကြီး 'ရာမနုဂျန်'တို့ ဘဲ
ကနေ ဘဲငန်းကြီးသုံးကောင်ကို ကျုပ်ခိုးပြီး အိမ်ဝမ်အင်နဲ့ ကျင်စိန်ကို ဟင်း
စားရောင်းလိုက်တုန်းက ပါသွားခဲ့တဲ့အိတ်။

ပြီးတော့ လုံမလေးရဲ့အလောင်းမှာ သိသိသာသာ စွဲကျန်နေရစ်
တဲ့ အရက်နံ့တွေက ကျုပ်တို့သောက်နေကျ တောချက်အရက်နံ့ မဟုတ်ဘူး
ရယ်။ မြို့သားတွေသောက်တဲ့ အကောင်းစားအရက်နံ့ဗျ။ ကျုပ်တို့ ကောင်း
ကောင်းသိခဲ့ကြတယ်''





ဘုရား ... ဘုရား ...။ သည်လိုကြီး သိနေကြမှဖြင့် မည်သို့
ကြောင့် မြို့သိပ်ကြိတ်မှိတ်ပြီး နေခဲ့ကြသည်ပါလိမ့်။ မတော် ... 'ဆယ်ရေး
တစ်ရေး၊ ကိုးရေးတစ်ရာ' သေများ သေသွားခဲ့ကြမှဖြင့် ...

''ဒါနဲ့များ အဘရယ် ... ရဲကိုပြောပြီး ဖွင့်ချလိုက်ခဲ့ကြရောပေါ့။
အဘတို့ဟာက မထိတ်သာ မလန့်သာကြီး''

''မဖြစ်ဘူး ... ဆရာလေး ... မဖြစ်ဘူး။ အဲဒီတုန်းကတည်း
က နှုတ်ကဖွင့်မတိုင်ပင်မိခဲ့ပေတဲ့ ကျုပ်တို့နှစ်ယောက်စလုံး ရင်ထဲမှာ ကြိတ်
ပြီး တုံးတုံးချထားခဲ့ကြပြီးသားရယ်။ ဒီအကြွေးတွေက ကျုပ်တို့ကိုယ်တိုင်
အဲဒီအယုတ်တမာတစ်ရှဉ်းနဲ့ တွေ့တွေ့ဆိုင်ဆိုင် သူတင်ကိုယ်တင် ရှင်းရမှာ။
ရဲကဖော်နိုင်လို့ သင်းတို့ ကြိုးကျခဲ့လည်း ကျုပ်တို့ရင်ထဲမှာ သေတဲ့အထိ
တစ်သုံးစခုကြီး အစိုင်အခဲ ဖြစ်ကျန်နေရစ်ခဲ့ဦးမှာ။ အခုတော့ ဒီအကြွေးတွေ
ကို ပြန်ပြီး ရှင်းဖို့ လင်းဖို့ အခွင့်အရေးရခဲ့ပြီလေ''

''ကျွန်တော်တော့ ဘာပြောရမှန်းတောင် မသိတော့ပါဘူး။ မပြော
တောင်း မဆိုကောင်း ... ကိုင်း ... ကြိုးပေးခံပြီး အကျိုးမဲ့ အချည်းနှီး
သေသွားခဲ့ကြရင် ... ဘယ့်နှယ်လုပ်ပ''

''အဲဒါကတော့ ဆရာလေး 'ကြက်ကန်းနဲ့ခွပ်လည်း ဝိုင်းလုံးကျွတ်
နိုင်' တတ်သတဲ့။ ကျုပ်တို့ ကြက်သမားစကား ပြောရိုးရှိတယ်၊ ဖဲဘယ်
လောက်သေသေ တစ်လက်တော့ ထမြှုတတ်သေးရဲ့တဲ့။ ဒါလည်း ဖဲသမား
ဆိုးစံ အပြောလေ့တဲ့ ဖဲစေ့ပဲ။ ဒီတော့လည်း စွန့်ကြည့်လိုက်ရတော့တာ
ပေါ့။ ကိုယ်သေရင်သေ၊ ကိုယ်မသေရင် သူသေ''

''ဗုဒ္ဓေါ ...''

''ပြီးတော့ ဆရာလေးကို အခုမှပဲ အသိပေးလိုက်ရဦးမယ်၊ ငမိုး
က နယ်ကျော်ရပ်ကျော် နာမည်ကြီး နယ်လှည့်သူခိုးဖြစ်ခဲ့သလို ကျုပ်ကလည်း
ကျုပ်တို့နယ် စစ်ကိုင်းနဲ့ ကချင်တစ်ခွင်တစ်ကြောမှာတော့ 'ကြေးမရှောင်
သူမရှောင်' ခဲ့တဲ့ ကြက်သမား၊ ဖဲသမား အကြီးစားထဲကပဲ ဆရာလေးရဲ့

ကျုပ်တစ်သက် ကျုပ်က ဘယ်လိုလောင်းကစားမျိုးကိုပဲ လုပ်
သုပ် ရှုံးခဲ့တယ်၊ ဒါလည်း ကျုပ်ကံပဲ ဆိုပါတော့။ ကျုပ်စိတ်ထဲ ဟန်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရင် လွှဲခဲ့သား။ ဒါကြောင့် ကျုပ်က်ကို ကျုပ်ယုံတယ်။ ယုံတဲ့အတိုင်းလည်း သေကံမရောက် သက်မပျောက်ခဲ့ရဘူး။ ဒီတော့ ကျုပ်တစ်သက် ကြေ အကြီးဆုံး လောင်းကစားပွဲရဲ့ နိုင်ကြေးကိုဖြင့် ကျုပ် ပြန်ယူရလိမ့်မယ် ..
ဆရာလေး။ ကျုပ်တို့အဲသက်တွေလည်း ဒီထက်ထိ မကြီးသေးခင် အသေ
က မဦးသေးခင် ...''

ပြောတော့ ပြောနေသည်။

သူတို့ ဘာတွေပဲပြောပြော၊ သူတို့ တကယ်ပြန်ဖြစ်ကြ၍ သူ
နောက်ကျောတွေ မှုန်ပုပုဖြင့် ဝေး၍ဝေး၍ ပျောက်ကွယ်သွားခဲ့သည်အ
ရင်ထဲမှာ ဗလောင်ဆန်လျက် ပွက်ပွက်ဟိုန်းညံနေသည့် အဖြေနတ္ထိ မေး
တွေ၊ ခုခုခံခံ ရင်တွင်းပုရွိုပကွတွေက ဗိတ်ဗိတ်သည်းသည်း ဆို့ကျပ်
သဖြင့် ဘာကိုမျှလည်း သိသိမှတ်မှတ် မကြားခဲ့နိုင်။

ဤသို့ဖြင့် ယနေ့ထက်တိုင် ...

''ဘဝမှာ အဓိကကျတဲ့ တချို့မေးခွန်းတွေဟာ ဘယ်လိုမှ မေ
မဖြစ်နိုင်တဲ့ မေးခွန်းတွေပါပဲကလား''

'ရထနာကြီ မော
မိုးကျရွှေကို



www.burmeseclassic.com

www.burmeseclassic.com

| ၁ |

❑

တစ်နေ့သောအခါ ကျွန်တော်သည် စိတ်မနှံ့သူအရူး တစ်ယောက်ကို တွေ့ဆုံခဲ့ရသည်။ သူစိတ်မနှံ့ပုံ၊ ရူးပုံက အခြားသော အရူးများနှင့်မတူ။ အချို့သောစိတ်မနှံ့သူများက ယဉ်ယဉ်ကလေးဖြစ်၏။ အချို့က စကားလုံးမ မပြော၊ အချို့က ခပ်ကြမ်းကြမ်းဖြစ်၏။ အချို့က ထိန်းမရအောင် ကြမ်းတမ်းလှ၏။ ကျွန်တော်တွေ့ခဲ့သော စိတ်မနှံ့သူ အရူးကား ယဉ်ယဉ်နှင့် ခပ်ကြမ်းကြမ်းကို ပေါင်းစပ်ထားသူဖြစ်သည်။

သူ့ကို အများက အရူးထွန်းလှဟု ခေါ်ကြသည်။ အချို့က ပေါ်ရီသာရထွန်းလှဟု ခေါ်သည်။ အချို့ကတော့ ကိုယ်တော်ကြီးဟု ခေါ်ကြသည်။ အခြားသော စိတ်မနှံ့သူများကဲ့သို့ အမြဲတမ်း ရူးနေသူလည်းမဟုတ်၊ တစ်လလျှင် ၃ ကြိမ်ခန့် စိတ်ဖောက်တတ်သည်။ တစ်ကြိမ်စိတ်ဖောက်လျှင် နှစ်ရက် သုံးရက်ခန့်ကြာသည်။ ကျန်သည့်အချိန်များတွင်တော့ လူကောင်းကဲ့သို့ဖြစ်သည်။

ကျွန်တော်က ပေါ်ရီသာရထွန်းလှဟူသောအမည်ကို လွန်စွာ စိတ်ဝင်စားခဲ့သောကြောင့် သူနှင့်ကျွန်တော် ဆုံတွေ့ခဲ့ကြခြင်းဖြစ်သည်။ ဟံသာ





ဝတီအနောက်ခြမ်းရှိ သာယာကုန်းရွာကလေးတွင် သူနှင့် ကျွန်တော်တို့ ဆုံတွေ့ခဲ့ကြသည်။

ထိုအချိန်က ကျွန်တော်သည် ဂန္ဓာရိဇ္ဇာဆရာသောင်းဟုခေါ်သော ဆေးကုဆရာကြီး အဘဆရာသောင်း၏ နောက်ပါတပည့်အဖြစ် ဆရာ့တဲပေါ်တွင် ဝတ်ကြီးဝတ်ငယ်များကို မြှုစုပြီး ပညာသင်ယူနေချိန်ဖြစ်ပါသည်။

အဘဆရာသောင်းသည် မြန်မာ့တိုင်းရင်းဆေး သမားတော်ကြီးဖြစ်ပြီး ဒုက္ခရောက်နေသူ မည်သူ့ကိုမဆို သူတတ်သည့်ပညာဖြင့် ကုသပေးနေသူဖြစ်သည်။ အင်္ဂဝိဇ္ဇာ အကြားအမြင်ရသလို ပယောဂကိုလည်း နိုင်နင်းစွာ ကုသနိုင်သည်။ ဝဋ်နာကံနာမှလွဲ၍ အဘဆရာကြီးကုသပေးလျှင် ပျောက်ကင်းသည်က များသည်။

ဆရာကြီးနှင့် ကျွန်တော်တို့သည် မြန်မာပြည်အနှံ့ သွားလာရင်း လူနာများကို မြှုစုကုသပေးကြသည်။ ကျွန်တော်သည်လည်း ဆရာကြီးထံတွင် ဆရာကြီး၏ ဝေယျာဝစ္စများကို ဆောင်ရွက်ရင်း ပညာသင်ကြားလာခဲ့သည်မှာ အတော်အတန်ပင် တတ်ကျွမ်းလာခဲ့ပြီဖြစ်သည်။ တော်ရုံကိစ္စဆိုလျှင် အဘဆရာကြီးကိုယ်တိုင် ဆောင်ရွက်ရန်မလိုဘဲ ကျွန်တော်ကိုယ်တိုင် လုပ်ကိုင်ဆောင်ရွက်နိုင်သည့်အထိ လက်လွှဲ၍ရသည့် အဆင့်ဖြစ်ခဲ့ပြီဖြစ်သည်။

မြန်မာပြည်အနှံ့ လှည့်လည်သွားလာရင်း ဟံသာဝတီအနောက်ခြမ်းသို့ မကြာမကြာလည်း ရောက်ဖြစ်ခဲ့ကြသည်။ ဟံသာဝတီအနောက်ခြမ်းဒေသသည် ထိုအချိန်က ဖွံ့ဖြိုးတိုးတက်ခြင်းမရှိသေးသလို ခေတ်မီ ဆေးရုံဆေးခန်းများနှင့်လည်း လွန်စွာ ဝေးကွာလှသောကြောင့် အဘဆရာသောင်းနှင့် ကျွန်တော်တို့ ရောက်ရှိသွားလျှင် တစ်နယ်လုံး ဝမ်းသာအားရ ကြိုဆိုကြသည်။ ရိုးရိုးအဖျား၊ စုန်းပယောဂ၊ မြွေကိုက်၊ ကင်းကိုက် စသောရောဂါပေါင်းစုံကို အားကိုးတကြီး လာရောက်ပြသကြသည်။

ဆရာကြီးကလည်း လာရောက်ပြသသော လူနာမှန်သမျှကို မြှုစုကုသပေးသည်။ လူနာများက ကန်တော့သည့် ငွေကြေးပစ္စည်းကို ကောက်တစ်ဝက်သာ လက်ခံခဲ့သည်။ ထိုငွေများကိုလည်း မရှိဆင်းရဲသူများကို ပေး



www.burmeseclassic.com

www.burmeseclassic.com



ကမ်းစွန်ကြဲခြင်း။ ဘုရားတည်၊ ကျောင်းဆောက် စသော ကိစ္စရပ်များတွင် သာ သုံးစွဲခဲ့ပါသည်။

ထိုကဲ့သို့ လှည့်လည်ကုသရင်း တစ်နေ့၌ ကျွန်တော်နှင့် အဘဆရာ သောင်းတို့ ဟံသာဝတီအနောက်ခြမ်းရှိ သာယာကုန်းရွာကလေးသို့ ရောက်ရှိ လာခဲ့သည်။ ကျွန်တော်တို့သည် သူကြီးအိမ်တွင် တည်းခိုပြီး နံနက်ပိုင်း တစ်ပိုင်းလုံး ဆေးကုသခြင်းလုပ်ငန်းကို လုပ်ကိုင်ပြီး နေ့ခင်းဘက် လက်ဖက် ရည်ကြမ်းဝိုင်းဖြင့် ထွေရာလေးပါး စကားလက်ဆုံပြောဆိုနေကြသည်။ ရွာ လယ်ဘက်ဆီမှ ဆူဆူညံညံအသံများကို ကြားလိုက်ရသည်။ ထိုအခါ သူကြီး က ...

"အင်း ... ပေါရိသာရထွန်းလှတစ်ယောက် စိတ်ဖောက်နေပြီနဲ့ တူတယ်"

"ဗျာ ... ပေါရိသာရထွန်းလှ၊ ဟုတ်လား ... သူကြီး"

"ဟုတ်တယ် ... ဆရာလေး။ နာမည်ရင်းကတော့ မောင်ထွန်းလှ ပါ။ စိတ်ဖောက်လာရင်တော့ သူ့ကိုယ်သူ ပေါရိသာရထွန်းလှဆိုပြီး ပြော ဆိုကြွမ်းတမ်းလို့ အဲဒီလို ခေါ်ကြတာပါ"

ကျွန်တော် ထိုအရွှေကို စိတ်ဝင်စားသွားသည်။ တွေ့ချင်မြင်ချင် စိတ်လည်း ပေါ်ပေါက်လာ၍ အဘဆရာကြီးကို ခွင့်ပန်ပြီး သူကြီး၏တူ ကိုပေတုံးနှင့်အတူ ဆူဆူညံညံဖြစ်နေသော လူစုလူဝေးရှိရာသို့ ထွက်လာ ခဲ့ကြသည်။ တွေ့ပါပြီ ရွာလယ်လမ်းမပေါ်တွင် အသက်(၃၀)နှစ်ခန့်ရှိသော လူရွယ်တစ်ယောက်။

ခါးတွင် ဇာတ်မင်းသားများဝတ်ဆင်သော ထိုင်မသိမ်းအကျီင်္ဟောင်း တစ်ထည်ကို ဝတ်ဆင်ထားသည်။ လုံချည်ကို တိုတိုဝတ်ထားသည်။ လက် ထဲတွင် တံဇဉ်တစ်လက်ကို ကိုင်၍ အခြားတစ်ဖက်က ဘုန်းတော်ကြီးများ ဆောင်းသော ထီးတစ်လက်ကို ဆောင်းထားသည်။

ထိုလူငယ်၏ ပတ်ဝန်းကျင်တွင် ကလေး၊ လူကြီး၊ မိန်းမ အယောက် သုံးလေးဆယ်ခန့်ကို အုံလျက် တွေ့ရှိလိုက်ရသည်။ ကျွန်တော်တို့ရောက် သွားချိန်တွင် ...





"ပြောရပါတော့မယ်။ ဩော် ... ကျွန်တော့်ဖြစ်အင်ရယ်"

"ပြောပါဦး ... ကိုယ်တော်ကြီးရဲ့၊ ကိုယ်တော်ကြီးပြောမှ သိရ မှာပေါ့"

"သိချင်တယ်လား ... ညီတော်တို့ရဲ့"

"တိချင်ပါဒယ် ... ကိုယ်တော်ကိုးခင်ဗျ"

အရေးထဲ အမူးသမား စံပိန်တို့အုပ်စုကလည်း ဝင်နောက်နေ သည်။

"သိကြားမင်းကြီးရယ် ××× ကိုမာယရယ် ××× လူလိမ်ကြီးရယ်××

"ဘာတွေများ လိမ်လို့လဲ ကိုယ်တော်ကြီး"

"ငါ့ကို သူ့သမီးလေးယောက်စလုံးနဲ့ ပေးစားမယ်ဆိုပြီး တကယ် ကျတော့ တစ်ယောက်နဲ့ဘဲ ပေးစားတယ်။ အဲဒါကို မကျေနပ်လို့ကွ ... ညီဘွားတို့ရဲ့"

"သက်စ်ရိုက် ... ဒါကတော့ မှန်တယ် ... ကိုယ်တော်ကြီး။ အေ့ ဘုရားလူကြီး ဦးပြားကြီးတောင် မိန်းမနှစ်ယောက်ယူတာ။ အေ့ ... ထပ် တောင်း"

"ကိုယ်တော်ကြီး ..."

"ဟေ့ ... ဘာလဲကွ"

"သိကြားမင်းရဲ့ သမီးလေးယောက်က ဘယ်သူတွေလဲခင်ဗျ"

"အောင်မာ ... မင်းတို့က ငါ့ကို ပညာစမ်းတာလား"

"မဟုတ်ပါဘူး ကိုယ်တော်ကြီး။ တကယ်သိချင်လို့ပါ"

"ဘုရားလူကြီး ဦးပြားကြီးကို သွားမေးပေါ့ကွ"

"ဒီလူကြီးက သူ့မိန်းမတွေတောင် သိပ်သိတဲ့လူမဟုတ်ဘူး"

"မသေမချင်း မှတ်ထား ... ငါ့ညီတို့ရဲ့။ အာသာနတ်သမီး၊ သဒ္ဓါ နတ်သမီး၊ သီရိနတ်သမီးနဲ့၊ ဟီရိနတ်သမီးတဲ့ ... ဂဏာဟိ ... မှတ်ပေ ရော့ ငယ်ကျွန်များ"

အလဲ့ ဒီလိုတော့လည်း စိတ်မနှံ့သည့်အရွှေက အလာကြီးပါပေ။ လူကောင်းတွေထက်တောင် သူက ပိုသိနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ ... ဟေ့ ... ညီတော်တို့၊ မင်းတို့ထက်တော်လို့ တတ်
ကိုယ်တော်ကြီးလုပ်နေတာ။ အတိုင်းတိုင်းအပြည်ပြည်ကတောင် ငါ့ကို
ဖြားလေးစားကြရတာ မှတ်ထား။ မင်းတို့လည်း 'ဝ' မရှိဘဲ 'ဗိ' မလုပ်ကြ
တွ"

"ဟား ... ဟား ... ဟား ... မှတ်ကရော"

"ကိုယ်တော်ကြီးဘုရား"

"ဟေ့ ... ပြောလေကွာ"

"ဟောဒီ အရက်သမား ဝင်းသိန်းကပြောတယ်။ 'ဝ'မရှိဘဲ 'ဗိ'
လုပ်လို့ ရတယ်တဲ့"

"အံမယ် ... မဟုတ်တာ မပြောနဲ့ဟေ့ကောင်။ ဘယ်လိုလုပ်
လဲ ပြောစမ်း"

"ကိုယ်တော်ကြီးကလည်း ... အော့ 'ဝ' မလိုပါဘူး။ ဗျည်း '၃၃'
လုံးထဲက 'ထ' ဆင်ထူးကို ထောင်လိုက်ရင် 'ဗိ' ဖြစ်သွားတာပဲဟာ"

"ဟား ... ဟား ... ဟား ... ဟုတ်ပေ့ကွာ"

"ဟေ့ ... အမျိုးသား၊ အမျိုးကောင်းသမီးတို့ရေ"

"မှန်ပါ့ ... ကိုယ်တော်ကြီး"

"လူ့ဘဝဆိုတာ ရဖို့ အလွန်ခက်ခဲတယ်ကွ"

"မှန်ပါ့"

"လူ့ပြည်က ဒုံးပျံတစ်စင်းနဲ့ ဗြဟ္မာ့ပြည်က ဒုံးပျံတစ်စင်း တည့်
တည့်တိုးချင်တိုးမယ်၊ လူ့ဘဝဆိုတာ ရဖို့ မလွယ်ဘူးတဲ့ကွ"

"ကိုယ်တော်ကြီး လူ့ပြည်က အပ်တစ်ချောင်းနဲ့ ဗြဟ္မာ့ပြည်က
အပ်တစ်ချောင်းမဟုတ်လား"

"မိုင်းတာမ ... ကြွက်စုတ်မ၊ အခုခေတ်က ဒုံးပျံခေတ်ဖြစ်နေပြီ
နင် ဘာသိလို့လဲ"

"မှတ်ထား ... ခစ် ... ခစ် ... ခစ် ..."

"မှန်ပါ ... ကိုယ်တော်ကြီးဘုရား"





"အေး ... အဲဒီလို ရခဲလှတဲ့ လူ့ဘဝကြီးကို ရလာကြတဲ့ ဖိုးညီ
များ၊ ညီမများ ရတနာသုံးပါးကို မမေ့ကြနဲ့။ မိဘ၊ ဆရာသမားတွေကို
လုပ်ကျွေးပြုစုကြကွယ့်။ မိဘကျေးဇူးဆိုတာ အချိန်ရှိတုန်း ဆပ်ကြရတယ်
မှတ်ထား။ ဟဲ့ ... မောင်တင်ထွန်း၊ နင်ရော မိဘကျေးဇူးကို ပြန်ဆပ်ရဲ့
လား"

"နည်းနည်းတော့ ဆပ်နေပါတယ် ... ကိုယ်တော်ကြီး"

"ဟဲ့ ... ဝင်းသိန်း၊ နင်ကရော"

"ထပ်တောင် ပိုးနေပါသေးတယ်။ အော့ ... ဝေါ့ ..."

"ကိုယ်တော်ကြီးဘုရား ... ဟောဒီ မောင်ညိုမှိုင်းက မေးနေတယ်။
သူများတွေတော့ လျှောက်ခိုင်းနေတယ်။ ကိုယ်တော်ကြီးကျတော့ရော မဆပ်
ဘူးလားတဲ့"

"ငါက ဆပ်စရာမလိုဘူးကွယ့်"

"ဘာကြောင့်ပါလဲ ... ကိုယ်တော်ကြီး"

"ငါ့အမေက ပြောတယ်။ လူလေး ... အဖေလုပ်ကျွေးနေတာနဲ့
အမေ့မှာ ပြည့်စုံနေတယ်။ ငါ့သား ပင်ပန်းတယ်၊ မဆပ်နဲ့။ အမေ ကျေနပ်
တယ်တဲ့။ ဒါကြောင့် ကျုပ်က မဆပ်တာပေါ့"

"ဝါး ဟား ဟား ... ခစ် ခစ် ခစ်"

"ကိုယ်တော်ကြီး ဝတ်လဲတော်အင်္ကျီက တယ်ကောင်းပါလား။ ဘယ်
က ဝယ်လာတာလဲ"

"ဘယ်က ဝယ်ရမှာလဲ။ ရွာတော်ရှင်ဆီက ငါးကျပ်နဲ့ဝယ်လာတာ။
ဒါလို ဘုန်းကံရှိတဲ့သူမှ ဝတ်လို့ရတာ။ ထေူးတို့ မင်းတို့ မဝတ်နိုင်ပါဘူး
ကွယ်"

အင်း ... သူ့အရပ်နှင့် သူ့ဇာတ်တော့ ဟုတ်နေသည်။ ယခု
အချိန်ထိ အရှုံးက ယဉ်ယဉ်ကလေးရှိသေးသည်။ ထိုအချိန်မှာပင် အမူး
သမားဝင်းသိန်းတို့၊ စံပိန်တို့အုပ်စု စဖောက်တော့သည်။

"ကိုယ်တော်ကြီး ..."

"ဘာလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တော်ကြီးက ဘုန်းရှင်ကံရှင်ဆိုတော့ ကိုယ်တော်ကြီးရဲ့ကာယသိဒ္ဓိအစွမ်းကလေးကို ပြပါဦး။ ညီဘွားတို့ ကြည့်ချင်လို့ပါ"

"ငါက ဘုန်းရှင်ကံရှင်ဆိုတာ မင်းတို့က မယုံကြဘူးပေါ့"

"ဒီလိုလည်း မဟုတ်သေးပါဘူး"

"ကဲ ... ငါ့ကို မယုံတဲ့ကောင်တွေကိုတော့ ပြရသေးတာပေါ့ကွာ"

ပြောပြောဆိုဆိုပင် စိတ်မနှံ့သူ မောင်ထွန်းလှက လမ်းဘေးရှိ ကုက္ကိုပင်ကို ခေါင်းဖြင့် ပြေးဆောင့်လိုက်သည်။ တစ်ချက်တည်းတင်မကဘဲ လေးငါးချက်ခန့် အားရပါးရ ဆောင့်လိုက်သည်။

"ဝုန်း ဝုန်း ဝုန်း ... အုန်း အုန်း ..."

ကျွန်တော် အတော်အံ့ဩသွားသည်။ အားရပါးရ ခေါင်းနှင့်ကုက္ကိုပင်ကို ပြေးဆောင့်သော်လည်း သွေးထွက်ဖို့မဆိုထားနှင့် မည်သည့်ဒဏ်ရာမျှပင်မရ။ ခေါင်းနှင့်သစ်ပင် ဆောင့်ပြီးနောက် ပို၍ ဒေါသထွက်လာဟန်တူသည်။ 'ကျား' ဟုအော်ပြီး ရှေ့ကျွမ်းနောက်ကျွမ်းထိုးတော့သည်။ ထို့နောက် မြေပေါ်မှ တံစဉ်ကိုကောက်ယူ၍ လည်ပင်းကို ဘယ်ပြန်ညာပြန် လှီးတော့သည်။ ပရိသတ်ကလည်း တဝေါဝေါ ဆူကုန်တော့သည်။

"ဟုတ်ပြီ ... ကိုယ်တော်ကြီးကွ၊ လုပ်လိုက်ကွ"

"ပေါ်ရီသာရကွ"

စပါးရိတ်သည့် တံစဉ်ဖြင့် သူ့လည်ပင်းကိုသူ အားရပါးရ လှီးနေသော်လည်း ဒဏ်ရာမရ။ သွေးတစ်စက်မျှ မထွက်။ ကျွန်တော် အတော်အံ့အားသင့်နေသည်။

မိနစ် (၂၀)ခန့် ကြမ်းရမ်းပြီးနောက် မောသွားဟန်တူသည်။ မောင်ထွန်းလှမှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့သည်။ ထိုစဉ်မှာပင် အသက် (၅၀)ခန့်ရှိ လူတစ်ဦးရောက်ရှိလာပြီး ထိုစိတ်မနှံ့သူကို ...

"လူလေး ... လူလေး ..."

"ဘယ်သူလဲ ... လူလေးမဟုတ်ဘူး။ ကျုပ် ကိုယ်တော်ကြီးပါ"

"ဟုတ်ပါတယ် ... ကိုယ်တော်ကြီး၊ ခမည်းတော်ပါ"

"ခမည်းတော်ကြီးလား ... ဘာကိစ္စရှိလို့လဲ"





"ကိုယ်တော်ကြီး ညနေစာပွဲတော်တည်ဖို့ အချိန်ရောက်လို့ လာခေါ်တာပါ"

"ဟုတ်သားပဲ ... ကိုယ်တော်ကြီးလည်း ဟောဒီဒေသကို တိုင်းခန်းလှည့်ပြီး စစ်ဆေးနေတာ မောတော်မူတယ်။ ပြန်ပြီး ပွဲတော်တည်လိုက်ဦးမယ်။ ကဲ ... ကဲ ... ကဲ ..."

"တိုင်းနဂရာ မြို့အစွန်ဖျားသို့ ... ကိုင်း ... မြန်မကြာ ရွှာစားရေထိုအရှင့်နှစ်ပါးပို့"

"ဖျောင် ... ဖျောင် ... ဖျောင် ... ထီ ..."

စိတ်မနှံ့သူသားအဖ ထိုနေရာမှထွက်ခွာသွားတော့ ပရိသတ်လည်း ခဲသွားသည်။ ကျွန်တော့်ရင်ထဲတွင်လည်း သိချင်စိတ်က ပြင်းပြနေသည်။ တည်းခိုရာအိမ်ရောက်မှ သူကြီးကိုမေးရန် စိတ်ကူးပြီး ပြန်ခဲ့တော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

**[ ၂ ]**

❑

တည်းခိုရာသူကြီးအိမ်သို့ ပြန်လည်ရောက်ရှိလာပြီးနောက် သူကြီးအား အကျိုးအကြောင်း မေးမြန်းခဲ့သည်။ ထိုအခါ သူကြီးက ..

"ဒီလို ... ဆရာလေးရဲ့၊ အဲဒီ စိတ်မနှံ့ရှာတဲ့ မောင်ထွန်းလှဟာ အရင်တုန်းက လူကောင်းတစ်ယောက်။ အေးလည်း အလွန်အေးတယ်။ ကြောက်လည်း ကြောက်တတ်တယ်။

ငယ်ငယ်ကတည်းက သူများအနိုင်ကျင့်တာ ခံရတယ်။ သူက လုပ်လိုက်ရတယ်ဆိုတာ မရှိဘူး။ သူကချည်း ခံရတယ်။ တစ်ဦးတည်းသောသားလေးဖြစ်တော့ မိဘတွေကလည်း သိပ်ချစ်တယ်။ အဲဒီလို ကြောက်တတ်ပြီး သူများအနိုင်ကျင့်တာခံနေရတော့ မိဘတွေက မကြိုက်ကြဘူး။

ဖခင်လုပ်တဲ့လူက လက်ရဲဇက်ရဲ 'ဇ'ရှိတဲ့သူ။ သူ့သားကို သူလိုဖြစ်စေချင်တယ်။ ဒါပေမဲ့ သားက ဖြစ်မလာဘူး။ ရှင်ပြုပြီး ကိုရင်ဝတ်တော့ မချွတ်တော့ဘူးလုပ်လို့ မိဘတွေက မနည်းချော့မော့ပြီး လူထွက်ခိုင်းရတယ်။ လောကုတ္တရာစာပေကိုလည်း တော်တော်လေး လေ့လာတယ်။ အဲဒီလိုနဲ့ သူ့သားကို သူ့လို ဇရှိတဲ့လူဖြစ်အောင် အမျိုးမျိုး ကြံစည်တယ်။

နောက်ဆုံး ကာယသိဒ္ဓိထိုးပေးတဲ့ ဆရာတစ်ယောက်နဲ့ သွားပြီး ဆက်သွယ်မိတယ်။ အဲဒီဆရာကလည်း တော်တော်စွမ်းတယ်လို့ ပြောကြ





တယ်။ အဲဒီလို ဆက်သွယ်မိတော့ ဖခင်လုပ်တဲ့သူက သူ့သားကို ကာယသိဒ္ဓိဆေးထိုးဖို့ လုပ်ကြတယ်။ ဆေးက ပေါ်ရိုသာရဆေးလို့ ပြောကြတာပဲ ဆရာလေး"

သူကြီးမင်းက တစ်ဆက်တည်းပြောရာမှ မောသွားဟန်ဖြင့် ရေနွေးကြမ်းတစ်ခွက်ကို ယူသောက်လိုက်သည်။ ကျွန်တော်နှင့် အဘဆရာသောင်းတို့က ဆက်လက်၍ နားထောင်နေကြသည်။ ပေါ်ရိုသာရဆေးဆို၍ ကျွန်တော်က ပိုစိတ်ဝင်စားသွားသည်။

"ဗျာ ... ပေါ်ရိုသာရဆေး ဟုတ်လား"

"ဟုတ်တယ် ... ဆရာလေး။ ပေါ်ရိုသာရဆေးတဲ့။ အဲဒီပေါ်ရိုသာရဆေးကို ထိုးတဲ့အခါမှာ သချိုင်းကုန်းမှာ အချိန်အခါကို တွက်ချက်ပြီး ညသန်းခေါင်အချိန်မှာ ထိုးရတယ်။ အထိုးခံမဲ့သူဟာ သချိုင်းကုန်းမှာ ကျင်းတူးပြီး ခေါင်းကိုသာဖော်ပြီး ကျန်တစ်ကိုယ်လုံးကို မြေမြှုပ်ထားရတယ်။ ပြီးတော့ ပါးစပ်မှာ အမဲသားအစိမ်းကို ကိုက်ထားရတယ်။ ဆရာဖြစ်သူက ဂါထာမန္တရားတွေရွတ်ပြီး သူ့ဆေး ဲ့ အထိုးခံမဲ့သူရဲ့ နဖူးကို ထိုးပေးရတယ်။

ဒီဆေးထိုးတဲ့အခါမှာ အစက 'ပြည့်ထွက်' နဲ့ 'ပြည့်ဝင်' ဆိုပြီး နှစ်ခါထိုးရတယ်။ ဆေးချက်မိလို့ ဆေးစွမ်းသွားပြီး အစောင့်အရှောက်ကပ်ပြီဆိုတာနဲ့ မြေကျင်းထဲမှာ မြှုပ်ထားတဲ့သူဟာ 'ကျား' လို့အော်ပြီး မြေပြင်ပေါ်ကို ခုန်တက်လာတော့တယ်။ ဒါဆိုရင် ဆေးက တစ်ဝက်အောင်သွားပြီ။

အဲဒီလို 'ပြည့်ထွက်' ထိုးပြီးလို့ ကာယသိဒ္ဓိတစ်ယောက်လောက်အောင် မြင်သွားတဲ့သူဟာ စိတ်ပါကယောင်ချောက်ချားဖြစ်၊ သည်းခြေပျက်သွားတတ်သည်။ တစ်နည်းအားဖြင့်ဆိုတော့ ရူးသွားတတ်တာပေါ့။ အဲဒီလူကို နောက်တစ်ပတ်ကြာတဲ့အခါ 'ပြည့်ဝင်' ပြန်ထိုးပေးရတယ်။ အဲဒီတော့မှ အရူးရောဂါပျောက်ကင်းပြီး ကာယသိဒ္ဓိလည်း ပြီးမြောက်အောင်မြင်သွားတယ်။ တစ်နည်းအားဖြင့်ဆို သူတို့ထိုးတဲ့ ပေါ်ရိုသာရဆေး ပေါက်သွားတာပေါ့။

ဒီနေရာမှာ ဖြစ်ချင်တော့ မောင်ထွန်းလှကို သချိုင်းကုန်းမှာ ဆရာနဲ့ ပေါ်ရိုသာရဆေး 'ပြည့်ထွက်' ကို ထိုးကြတယ်။ အောင်လည်း အောင်မြင်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ လူကလည်း သည်းခြေပျက်ပြီး ရူးသွားတယ်ပေါ့။ ကိစ္စမရှိဘူး။ 'ပြည်ဝင်' ဆေးပြန်တိုးရင် ကောင်းသွားမှာပဲ။

အဲဒီတော့ ပြည်ဝင်ဆေးပြန်တိုးဖို့ တစ်ပတ်စောင့်ကြတယ်။ အဲဒီမှာတင် မောင်ထွန်းလှရဲ့ \ကုသိုလ်ကံလို့ ခေါ်ရမလား၊ ဝဋ်ကြွေးဘဲလားတော့ မသိဘူး။ ဆေးတိုးပေးတဲ့ဆရာဟာ မောင်ထွန်းလှကို 'ပြည်ဝင်' မတိုးခင် တစ်ပတ်အတွင်းမှာပဲ ကောက်ကာငင်ကာ ဆုံးသွားခဲ့တယ်။

"ဗျာ ..."

"ဆရာဆုံးသွားတယ်။ ဟုတ်လား ... သူကြီး"

"ဟုတ်တယ် ... ဆရာလေး။ မောင်ထွန်းလှကို ဆေးတိုးပေးတဲ့ဆရာ နောက်ဆုံးဆေးမတိုးခင်မှာပဲ ဆုံးသွားလို့ မတိုးလိုက်ရဘူး"

"ဖြစ်မှဖြစ်ရလေ သူကြီးရယ်"

"အဲဒီအချိန်ကတည်းက မောင်ထွန်းလှလည်း စိတ်မမှန်တော့ဘူးပေါ့ ... ဆရာလေးရယ်။ စိတ်မဖောက်ရင်တော့ လူကောင်းအတိုင်းပဲ။ သူစိတ်ဖောက်လာရင်တော့ ညနေက ဆရာလေးမြင်တဲ့အတိုင်းဘဲ ကြမ်းတော့ ရမ်းတော့တာပဲ"

"လူတွေကိုတော့ ဒုက္ခမပေးပါဘူး ... ဆရာလေးရယ်။ ရွာတော်ရှင်နတ်ကွန်းကတော့ သူ့ဒဏ် အတော်ခံရတယ်။ စီးတော်မြင်းမရှိလို့ ဆိုပြီး နတ်ဆက်ထားတဲ့မြင်းတွေ ယူယူစီးလို့"

ကျွန်တော် သူကြီးစကားကြောင့် ရယ်ချင်စိတ်ပေါက်သွားမိသည်။ နတ်စင်ကမြင်းတောင် မချန်ပါလား။

"ဒီပြင်ဆရာတွေနဲ့ရော မပြကြည့်ကြဘူးလား"

"ပြကြည့် ကုကြည့်ကြတာပေါ့ ... ဆရာလေးရယ်။ ဆရာပေါင်းကို စုံနေတာပေါ့။ ဘယ်လိုမှ ကုမရဘူး။ သူ့ကိုကုရင် သူက ကြမ်းတော့တာပဲ။ တချို့ဆရာတွေဆို ရန်ပြုခံရလို့ ပြန်ပြေးကြရတယ်"

ကျွန်တော်တို့ စကားပြောဆိုနေစဉ်မှာပင် အရူးထွန်းလှ(တစ်နည်း) ပေါရိသာရထွန်းလှ၏ ဖခင်ဖြစ်သူမှ ခွင့်တောင်း၍ အိမ်ပေါ်သို့ တက်လာခဲ့





သည်။ အဘဆရာသောင်းကို မြင်သောအခါ ထိုင်၍ ကန်တော့သည်။ ထို့နောက် ...

"အဘ ... ဆရာကြီးရယ်၊ ကျွန်တော့်သားလေးကို ကယ်ပါဦး။ ဒီအတိုင်းသာဆိုရင် ကျွန်တော့်သားလေး ဘဝဆုံးရပါတော့မယ်"

"ခင်ဗျားက မောင်ထွန်းလှရဲ့ ဖခင်လား"

"ဟုတ်ပါတယ် ဆရာကြီး။ အခုလာတာ ကျွန်တော့်သားလေးကို ဆရာကြီးလက်ထဲကို အပ်ပြီး ကုသပေးစေချင်လို့ လာအပ်တာပါ ခင်ဗျာ"

"အင်း ..."

ဆရာကြီးက သက်ပြင်းကို လေးပင်စွာ ချလိုက်သည်။

"ဒီလိုရှိတယ် ... ကိုရင်ရဲ့။ မောင်ထွန်းလှတို့လိုပဲ လောကမှာ ရူးနေကြတဲ့သူတွေ အမျိုးမျိုးရှိတယ်။ အဲဒီအရူးတွေကို ပြန်ပြီး ဆန်းစစ်ကြည့်ရင် ...

(၁) ရာဂုမ္မတ္တက – ရာဂအားကြီးသောတဏှာရူး။
(၂) ကောဓုမ္မတ္တက – အမျက်ဒေါသလွန်ကဲ၍ ဘာမှန်းမသိသောအရူး၊
(၃) မောဟုမ္မတ္တက – မိုက်မဲတွေဝေသဖြင့် ရူးသော၊ လူရာမဝင်သော အရူး။
(၄) ဒိဋ္ဌုမ္မတ္တက – အယူဖောက်ပြန် ကြစည်လွန်းသဖြင့် ရူးသောအရူး၊
(၅) ယက္ခုမ္မတ္တက – ဘီလူး၊ သရဲ၊ စုန်း၊ နတ်ဖမ်းပူးသဖြင့် ရူးသောအရူး၊
(၆) ပိတ္တုမ္မတ္တက – သည်းခြေပျက်၍ ရူးသောအရူး။
(၇) သုဂုမ္မတ္တက – သေရည်သေရက် အသောက်လွန်သဖြင့် ရူးသောအရူး၊
(၈) ဗျသနုမ္မတ္တက – စီးပွားပျက်၍ ရူးသောအရူး

ဆိုပြီး အရူး(၈)မျိုးကို တွေ့ရတယ်။ အဲဒီထဲမှာပါတဲ့အတိုင်း အချို့ ... ပိန်းမပစ်ပြေးလို့၊ လင်ပစ်ပြေးလို့ ရူးတဲ့ အရူးတွေလည်း ရှိကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



အရပ်ကတော့ လင်တရှူး၊ မယားတရှူးဆိုပြီး ခေါ်ကြတယ်။ တချို့ကတော့ ဒေါသကြီးလွန်းလို့၊ အချို့ကတော့ အရက်သောက်လွန်းလို့၊ အချို့ကတော့ စီးပွားပျက်လို့၊ အချို့ကတော့ မှိုက်မဲတွေဝေလို့ဆိုပြီး အမျိုးမျိုးသောအကြောင်း တွေကြောင့် ရူးကြတဲ့ယ်''

''အဲဒီအထဲမှာ အခု မောင်ထွန်းလှက ပေါရိသာရဆေးတို့ ပြန်မဖြေနိုင်လို့ ရူးသွားတာဆိုတော့ ယက္ခုမ္မတ္တကလို့ခေါ်တဲ့ ဘီလူးသား စုန်း၊ နတ် ဖမ်းယူသဖြင့် ရူးတဲ့အရူး ဖြစ်နေတယ်။ အဲဒီတစ်ခုတည်းဆို ကျုပ် ကုလို့ရတယ်။ ဒါပေမဲ့ ...''

''ဒါပေမဲ့ဆိုတော့ ဘာဖြစ်လို့လဲ ... ဆရာကြီး''

သူ့မှာ အတိတ်ဘဝက ဝဋ်ကြွေးတွေ ပါနေတယ်။ အဲဒီဝဋ်ကြွေး တွေကို သူကြေအောင် ဆပ်ရဦးမယ်။ အဲဒီဝဋ်ကြွေးတွေပြေတဲ့အချိန်မှ သူ့ ကို ကုသပေးလို့ရမယ်။ သိပ်လည်း စိတ်မပူပါနဲ့လေ။

သူပေးဆပ်ရမယ့် ဝဋ်ကြွေးတွေ ကြေတဲ့နေ့ကျရင် သူနဲ့ကျုပ် ပြန် တွေ့ကြရဦးမှာပါ။ အဲဒီအချိန်ကျရင် လူကောင်းတစ်ယောက်ပြန်ဖြစ်အောင် ကျုပ် ကုသပေးမှာပါ။ အဲဒီအချိန်အထိကို ကိုရင်က မောင်ထွန်းလှ ဆေး အန္တရာယ်မရှိအောင် ဝိုင်းပြီး ပြုစုစောင့်ရှောက်ပါ''

''ဒါဆိုရင် ကျွန်တော့်သားလေး ...''

''ဆန္ဒမစောပါနဲ့။ အချိန်ကိုစောင့်ပါ''

''ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျွန်တော့်ကို ခွင့်ပြုပါဦး''

''ကောင်းပါပြီ၊ ကောင်းပါပြီ''

အဘဆရာကြီးကို ကန်တော့ပြီး မောင်ထွန်းလှအဖေလည်း ခေါ် ငိုက်စိုက်ချ၍ ထွက်ခွာသွားတော့သည်။ ထိုနေ့က ကျွန်တော်လည်း ဆေး တော်နှင့် အိပ်မပျော်နိုင်ဘဲ အဘဆရာကြီးပြောသွားခဲ့သော အရူးအမျိုး အကြောင်းကို စဉ်းစားခန်း ဝင်နေမိတော့သည်။

✿ ✿ ✿

## | ၃ |

❑

ကျွန်တော်သည် ငယ်စဉ်ကလေးဘဝကစ၍ ယခုအချိန်အထိ စိတ် နေ့သူ အရူးဟုခေါ်သော စိတ္တဇဝေဒနာသည်ပေါင်းများစွာကို တွေ့ကြုံခဲ့ရ သည်။ အကြောင်းအမျိုးမျိုးကြောင့် စိတ္တဇဝေဒနာသည်ဘဝကို ရောက်ရှိကြ သူများဖြစ်သည်။ ယောက်ျားမိန်းမ ကလေးလူကြီး အစုံဖြစ်သည်။ အရွယ် ပေါင်းစုံသလို ရူးပုံရူးနည်းကလည်း စုံလှသည်။

ထိုအရူးပေါင်းစုံထဲမှ အရူးသုံးယောက်ကို မှတ်မှတ်ရရရှိနေမိသည်။ ထိုအရူးသုံးယောက်၏အကြောင်းကို အလျဉ်းသင့်၍ စာဖတ်ပရိသတ်များထံ တင်ပြလိုပါသည်။ ထိုသုံးယောက်မှာ သားသားအရူးဟုခေါ်သော အသက် (၁၂) နှစ်ခန့်ရှိ အရူး၊ မပန်းချစ်ဟုခေါ်သော အသက် (၃၀) ခန့်ရှိ လင်တရူး၊ အသက် (၄၀)ခန့်ရှိ တစ်မနက်တည်း လူနှစ်ယောက်ကို ရိုက်သတ်ခဲ့သော ဆေးမောင်အမည်ရှိတဲ့ မယားတရူးတို့ ဖြစ်ကြပါသည်။

ထိုသုံးယောက်ထဲတွင် အငယ်ဆုံးအရူးဖြစ်သော သားသားအရူး မှာ ကျောပိုးအိတ်တစ်လုံးကို လွယ်၍ တစ်နေရာမှသို့ သွားနေတတ်သည်။ သူ့ကျောပိုးအိတ်ထဲတွင် ကစားစရာပစ္စည်းပေါင်းစုံကို ဘယ်ကဘယ်လို ရှာ ဖွေထားသည်မသိ ပါလာတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ကလေးငယ်များကို အလွန်ချစ်သည်။ သူ့တွင်ပါလာသော ကစားစရာလေးများကို ပေးတတ်သည်။ ကလေးငယ်များက ယူပြီး ဆော့ကစားနေသည်ကိုမြင်လျှင် လက်ခုပ်လက်ဝါးတီးပြီး သူပါက ခုန်နေတော့သည်။ အစားအသောက်ကလည်း တစ်မျိုးမဟုတ်တစ်မျိုး သူ့တွင် ပါလာတတ်သည်။

မည်သူ့ထံတွင်မှ တောင်းစားသည်ကို တွေ့မြင်ရခြင်းမရှိပါ။ အဝတ်အစားကလည်း အမြဲတမ်း သန့်သန့်ပြန့်ပြန့်ဖြစ်သည်။ အရူးပင်ဖြစ်သော်လည်း အခြားသော အရူးများကဲ့သို့ စုတ်စုတ်ပြတ်ပြတ်မရှိ။ တစ်ခါတစ်ရံ စာသင်ကျောင်းများရှေ့တွင် ရပ်ပြီးကလေးများ စာသင်နေသည်ကို ငေးကြည့်နေတတ်သည်။

ဆရာ၊ ဆရာမများက စာသင်ပေးမည်၊ ကျောင်းတက်ရန် ပြောသည့်အခါ ရှက်ကြီးတငင်ငို၍ ထွက်ပြေးတော့သည်။ မည်သူ့ကိုမျှ ဒုက္ခမပေး။ ဘယ်အချိန်ကြည့်ကြည့် အစားအသောက်အဝတ်အစား ပြည့်ပြည့်စုံစုံနှင့်ဖြစ်သည်။ အရူးအပေါင်းထဲတွင်တော့ ကံကောင်းသည့် အရူးဖြစ်သည်။

ဒုတိယအရူးကတော့ မပန်းချစ်ခေါ် လင်တရူးမဖြစ်သည်။ သူ ဘယ်ကလာ၍ ဘယ်မှာနေမှန်း မည်သူမျှမသိ။ အမြဲတမ်း တစ်ခေါင်းလုံး ပန်းတွေကို ဝေနေအောင်ပန်ထားသောကြောင့် မပန်းချစ်ဟု ခေါ်ကြခြင်းဖြစ်သည်။ အသက် (၃၀) ခန့်ဖြစ်ပြီး အသားဖြူဖြူ၊ လုံးကြီးပေါက်လှဖြစ်သည်။

ယောက်ျားလေးချောချောမြင်လျှင် 'အစ်ကို ... အစ်ကို' ဟုခေါ်ပြီး အတင်းပြေးလိုက်တတ်သည်။ ဘာဖြစ်လို့ လိုက်တာလဲဟုမေးလျှင် ဝိုး ယောကျ်ားမို့ ငါလိုက်တာဟု ပြောတတ်သည်။ သူ့ကိုချော့ပြီး ကနိုင်လျှင် သီချင်းဆိုပြီး မမောနိုင်မပန်းနိုင် ကတော့သည်။ မိန်းမချင်းမေးလျှင် တော့ နှင့်ပြန်မဖြေ။ ယောကျ်ားလေးများက မေးလျှင်တော့ မမောနိုင်မပန်းနိုင် ပြောတော့သည်။

ရွာရိုးကိုးပေါက်လျှောက်သွားရင်း ဘယ်အမျိုးယုတ်၏ လက်ချက်မှန်းမသိဘဲ မပန်းချစ်တစ်ယောက် ကိုယ်ဝန်ရလာခဲ့တော့သည်။ ဗိုက်ကြီး





တကားကားနှင့် လျှောက်သွားရင်း ရွာဦးဇရပ်ပေါ်တွင် ကလေးမွေးတော့သည်။ အမြင်မတော်သူ အမျိုးသမီးများ၏ ဝိုင်းဝန်းစောင့်ရှောက်မှုကြောင့် ကောင်းမွန်စွာ မွေးဖွားခဲ့သော်လည်း ကလေးက အဖတ်မတင်ခဲ့ပါ။

နေကောင်းသွားသည့်အခါ ထုံးစံအတိုင်း တစ်ခေါင်းလုံး ပန်းတွေကို ဝေနေအောင်ပန်ပြီး ရွာစဉ်လှည့်၍ သွားလာနေပြန်တော့သည်။ ကျန်းမာရေးဆရာမလေးက နောက်ထပ်အမြင်မတော်ဖြစ်မှာစိုးသည့်အတွက် ပဋိသန္ဓေတားဆေးကို ခေါ်ခေါ်ပြီး ထိုးပေးရတော့သည်။

နောက်ဆုံးတစ်ယောက်ကတော့ လေးမောင်ဟုခေါ်သော အရူးတစ်ယောက်ဖြစ်သည်။ သူ့ကိုတော့ ကျွန်တော် ရန်ကုန်မြို့ပွန်ရှိ ရပ်ကွက်တစ်ခုတွင် တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ ယခင်က လူကောင်းတစ်ယောက်ဖြစ်သည်။ မိန်းမက နောက်လင်နောက် လိုက်ပြေးသွားသောအခါ စိတ်ကသိပ်မှန်ချင်တော့။ သူ့နားထဲတွင် မင်းကိုသတ်တဲ့လူတွေ လာနေပြီဟူသောအသံကို အမြဲတမ်း ကြားနေရသည်ဟုဆိုသည်။

တစ်ခါတော့ ရပ်ကွက်လူကြီးထံ သူ့ကို လူတွေလိုက်သတ်နေသဖြင့် ဘယ်တင်ပါရန်၊ အချုပ်ထဲထည့်ပေးရန် သွားအကူအညီတောင်းသည်။ ရဲတပ်ခွဲ ကင်းလှည့်လာသောကားကိုလည်း ရှေ့မှဝင်ဖက်ပြီး အချုပ်ထဲ ထည့်ခိုင်းသည်။

တာဝန်ရှိပုဂ္ဂိုလ်များမှ မဖြစ်သင့်တာ ဖြစ်မည်စိုး၍ အချုပ်ထဲတွင် သူ့ဆန္ဒအတိုင်း တစ်ညထည့်ထားလိုက်သည်။ နောက်တစ်နေ့နံနက်တွင် လူကောင်းဖြစ်နေသော သူ့ကို ဆုံးမစကားပြောဆို၍ ပြန်လွှတ်လိုက်သည်။ သူကလည်း ကောင်းကောင်းမွန်မွန်ပင် ပြန်သွားခဲ့သည်။

ပြဿနာက နောက်တစ်နေ့နံနက်တွင် ဖြစ်ပွားတော့သည်။ အရူးတစ်ယောက်က လူနှစ်ယောက်ကို ရိုက်သတ်လို့တဲ့ဟူသော သတင်းကိုကြား၍ အခင်းဖြစ်သောနေရာသို့ သွားကြည့်ကြသောအခါ လူနှစ်ယောက် ပေ (၂၀)ခန့်လောက်ခြားနေပြီး သေနေသည်ကို တွေ့လိုက်ရသည်။

ရိုက်သတ်သူ တရားခံကို ကြည့်လိုက်တော့ သူ့ကို လူတွေလိုက်သတ်နေလို့ အချုပ်ထဲကို ထည့်ပေးထားပါဟုပြောသော အရူးလေးမောင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ မင်း ဘာဖြစ်လို့ သတ်ရတာလဲဟု တာဝန်ရှိသူများက မေးတော့ ဒီလူတွေ ကျွန်တော့်ကို သတ်မလို့လာတာ။ ကျွန်တော်က သူတို့မသတ်ခင် အရင်ဦးအောင် သတ်လိုက်တာတဲ့။ ကောင်း ရော . . . ။ စိတ်ဖောက်ပြန်သော အရူးတစ်ယောက်ကြောင့် လူကောင်း နှစ်ယောက် အသက်ဆုံးရှုံးခဲ့ရသည်။

ကျွန်တော်တွေ့ခဲ့ဖူးသော အရူးများထဲမှ မှတ်မှတ်ရရ ထိုသုံးယောက်ကို ပြန်တွေးနေမိသည်။ ယခုလည်း တွေ့ပြန်ပါပြီ။ အရူးထွန်းလှ ပေါ် စိတ္တဇဝေဒနာသည် အာဘဆရာကြီး မိန့်ကြားချက်အရတော့ အရူးထွန်းလှသည် အရူးဘာဝဖြင့် အတိတ်ဘဝကဝဋ်ကြွေးကို ဆပ်နေရခြင်းဖြစ်သည်။ အင်း . . . ဝဋ်ကြွေးပြေရင်တော့ ဒီဒုက္ခထိုးကြီးက လွတ်တန်ကောင်းပါရဲ့။

❁ ❁ ❁

| ၄ |

❑

ကျွန်ုပ်တို့သည် သာယာကုန်းရွာကလေးတွင် (၃) ရက်ခန့် နေထိုင်ပြီး ရောဂါသည်ပေါင်းစုံကို ကုသပေးကြသည်။ ထိုရွာကလေးမှတစ်ဆင့် ဟံသာဝတီအနောက်ခြမ်းရှိ ကျေးရွာများ၊ မှတ်ကျွန်းတိုက်နယ်တစ်ခွင်ရှိ ကျေးရွာများကို လှည့်လည်၍ ကုသပေးကြသည်။ ထိုဒေသမှတစ်ဆင့် မြန်မာပြည်ဒေသအတော်များများကို လှည့်လည်၍ ဝေဒနာရှင်ပေါင်းမြောက်မြားစွာကို ကုသပေးကြသည်။

ထို့နောက် အာဘဆရာကြီးနှင့်အတူ မြန်မာပြည်အလယ်ပိုင်းရှိ ပုပ္ပားတောင်သို့ ရောက်ရှိကြပြီး အဓိဋ္ဌာန်စခန်းဝင်ကြသည်။ ထို့နောက် ကျိုက်ထီးရိုးတောင်၊ ဖင်းကျိုက်တောင်၊ ကေလာသတောင်၊ နွားလဘိုတောင် အစရှိသော ဒေသများတွင်လည်း အဓိဋ္ဌာန်စခန်းများ ဝင်ရောက်ခဲ့ကြသည်။ လူသူနီးသော ဒေသများပါဝင်သလို လူသူမနီးသော တောနက်ရာဒေသများတွင်လည်း ကျင့်ကြံအားထုတ်ခဲ့ကြရာ အာဘဆရာကြီးမဆိုထားနှင့် ကျွန်တော်ပင် အတော်အတန် ခရီးရောက်ခဲ့ပြီဖြစ်သည်။

ဤသို့ဖြင့် မြန်မာပြည်အနှံ့ ဂန္ဓာရီခရီး လှည့်လည်ခဲ့ကြသည်မှာ အချိန်ကာလ (၃) နှစ်ခန့် ကြာမြင့်ခဲ့ပြီဖြစ်သည်။ အာဘဆရာကြီးပေါ်နောက်



www.burmeseclassic.com

www.burmeseclassic.com



သို့ လိုက်ပါပညာယူရင်း ဟံသာဝတီအနောက်ခြမ်းသို့ ပြန်လည်ရောက်ရှိ တော့သည်။

(၃)နှစ်ခန့်ကြာပြီဖြစ်၍ ကျွန်တော်ပင် သာယာကုန်းရွာကလေး မောင်ထွန်းလှခေါ် စိတ္တဇဝေဒနာသည်ကလေးကို မေ့မေ့ပျောက်ပျောက် ဖြစ် နေမိခဲ့သည်။ ထိုရွာထိပ်သို့ တစ်ကြိမ်ပြန်ရောက်တော့မှသာ ပြန်၍သတိ လိုက်တော့သည်။

ကျွန်တော်နှင့် အဘဆရာကြီးတို့ သာယာကုန်းရွာကလေးသို့ရောက် တော့ ညနေစောင်းအချိန်ဖြစ်သည်။ ကျွန်တော်တို့ရွာထဲသို့ ဝင်ရောက်လာ သောအခါ ရွာလယ်လမ်းမပေါ်တွင် လူတစ်စုကို ဆုံည့်စွာ တွေ့ရှိလိုက်ရ သည်။ ထိုလူစု၏အလယ်တွင် စိတ္တဇဝေဒနာသည်ဖြစ်သော မောင်ထွန်းလှ အား တွေ့လိုက်ရသည်။

ခါတိုင်းကဲ့သို့ပင် ဖတ်မင်းသားများဝတ်သော အကျီအဟောင်းတစ် ထည်ကို ဝတ်ဆင်ထားသည်။ လက်တွင် ဘုန်းတော်ကြီးများဆောင်းသော ထီးတစ်လက်ကို ဆောင်းထားသည်။ အခြားတစ်ဖက်က နတ်စင်တွင် ဆက် ထားလေ့ရှိသော မြင်းရုပ်ကိုကိုင်ပြီး လူက မြင်းကုပ်ပေါ် ကားယားခွထား သည်။ ခါးတွင် တံစဉ်တစ်ချောင်းကို ထိုးထားသည်။ အနည်းငယ် ဖိုးရို ဆံပင်များရှည်လာသည်ကလွဲ၍ လွန်ခဲ့သော နှစ်ကပုံစံအတိုင်း မပြောင်းလဲ ပါ။

ကျွန်တော်တို့လည်း လူအုပ်၏နောက် သစ်ပင်ရိပ်မှ အသာရပ် ကြည့်နေလိုက်ကြသည်။ မောင်ထွန်းလှကလည်း ကျွန်ုပ်တို့ကို မြင်ဟန်မတူ သေးပါ။ ကလေးများ၊ အမျိုးသမီးများက ဝိုင်း၍ စနေကြသည်။ မောင်ထွန်း လှက ...

"ဂျိုးကျိမ့်သံ မာန်တင်းကာပ ××× အသူရာသိကြားမင်း ××× ခစ်ခင်းကာ ပြိုင်ကြပြီ ××"

"ကောင်းလိုက်တဲ့အသံလေး ဆက်ဆိုပါဦး ... ကိုယ်တော်ကြီး"

"ဒီနေ့တော့ ဆက်မဆိုနိုင်သေးဘူးကွယ့် ... ငယ်ကျွန်ကြီးများရဲ့"

"ဘာဖြစ်လို့ပါလဲ ... ကိုယ်တော်ကြီး"





"နတ်ပြည်မှာ ငါ့ယောက္ခမ သိကြားမင်းနဲ့ သူရာတွေ စစ်တိုက် နေကြတယ်။ အဲဒါ ငါ့ကို ယောက္ခမကြီးက အကူအညီတောင်းလို့ သွားကူ ရမယ်"

"ကိုယ်တော်ကြီး ... အဲဒါဆို အရက်သမားသိန်းဝင်းနဲ့ မြတ်မူး တို့ကိုပါ ခေါ်သွားပါလား"

"ဒီကောင်တွေကို ခေါ်လို့မဖြစ်ဘူး"

"မိန့်တော်မူပါဦး ... ကိုယ်တော်ကြီး"

"စက်ဘီးက ဘီးပေါက်တာကို ဖုံးကွဲတဲ့အသံဆိုပြီး မိန်းမထဘီပုံ ကြားထဲ ဝင်ပုန်းနေကြတဲ့အကောင်တွေ"

"ဝါး ... ဟား ... ဟား ..."

"ခစ် ... ခစ် ... ခစ် ..."

"ကိုယ်တော်ကြီး နတ်ပြည်ကို စစ်ကူမသွားခင် ကိုယ်တော်ကြီးရဲ့ ကာယသိဒ္ဓိအစွမ်းလေးကို ပြခဲ့ပါဦး"

"ဩော် ... ဒီလိုလား။ တောင်းဆိုနေတော့လည်း ပြရဦးတော့ မှာပေါ့လေ"

ထုံစံအတိုင်း ကာယသိဒ္ဓိအစွမ်းကို ပြရန်အတွက် လက်ထဲရှိ 'ထီး' နှင့် နတ်စင်မှဆက်ထားသော 'မြင်းရုပ်'တို့ကို လမ်းဘေးသို့ ပစ်ချလိုက်ပြီး ခါးတောင်းကို ကျိုက်လိုက်သည်။ ထိုစဉ်မှာပင် အဘဆရာကြီးက ရှေ့သို့တိုး သွားပြီး ...

"လူလေး ..."

"လူလေး ... မောင်ထွန်းလှ"

အဘဆရာကြီး၏ခေါ်သံကို ကြားလိုက်ရသောအခါ သစ်ပင်နှင့် ခါးပြေးဆောင့်ရန် လုပ်နေသော မောင်ထွန်းလှက ...

"ဗျာ ... အဘ ... အဘ ..."

ဟုအော်ကာ အဘဆရာကြီးထံ ပြေးလာပြီး ခြေအစုံကိုဖက်၍ ခေါင်းကြီးဇာငင် ငိုချလိုက်တော့သည်။ ဝိုင်းဝန်းကြည့်နေသော လူအုပ်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် အဘဆရာကို တွေ့လိုက်သောအခါ နောက်သို့ ဆုတ်သွား ကြသည်။ အချို့ အခြေအနေကိုသိလို၍ ဆက်ကြည့်နေကြသည်။ ဆရာကြီး က ခြေအစုံကိုဖက်၍ ရှိုက်ကြီးတငင် ငိုကြွေးနေသော မောင်ထွန်းလှ၏ ဦးခေါင်းကို လက်ဖြင့်သပ်ရင်း ...

"ကဲ ... ကဲ ... မငိုနဲ့တော့ လူလေ။ မင်းပေးဆပ်ခဲ့တဲ့ ဝဋ်ကြွေး တွေ ပြေပါပြီ။ မင်းအတွက် ဒုက္ခတွေ ချုပ်ငြိမ်းတော့မှာပါကွယ်"

"အဘ ... အဘ ..."

"ကဲ ... ကဲ ... ထ ... ထ ... မင်းတို့အိမ်ကို သွားကြမယ်"

ပြောပြောဆိုဆို အဘဆရာကြီးက မောင်ထွန်းလှကို ခေါ်ဆောင်၍ ခါတိုင်းတည်းနေကျ သူကြီးအိမ်တွင်မတည်းတော့ဘဲ မောင်ထွန်းလှ၏ မိဘ နှစ်ပါးအိမ်သို့ လိုက်ပါလာခဲ့သည်။ မောင်ထွန်းလှ၏မိဘနှစ်ပါးကလည်း ဆရာ ကြီးကို ဝမ်းသာအားရ ကြိုဆိုကြသည်။ အိမ်သို့ရောက်သည်နှင့် ဆရာကြီး က မောင်ထွန်းလှကို ရေမိုးချိုး အဝတ်အစားလဲစေ၍ ဆေးတစ်ခွက်တိုက် လိုက်ရာ မောင်ထွန်းလှမှာ အိပ်ပျော်သွားခဲ့သည်။

ထိုအချိန်မှစ၍ အဘဆရာကြီးက အိမ်ခေါင်းရင်းခန်း ဘုရား ရှေ့တွင် ဘုရားရှိခိုး ပုတီးစိပ်နေတော့သည်။ မောင်ထွန်းလှ၏ မိဘနှစ်ပါး က ညနေစာဖြင့် တည်ခင်းကျွေးမွေးသော်လည်း အဘဆရာကြီးက မစား ကျွန်တော်သာ စားခဲ့သည်။ ကျွန်တော်သိသည့်အချိန်မှစ၍ အဘဆရာကြီး က ညနေစာကို ဘယ်အခါမှစားသည်ကို မတွေ့ရဘဲ အမြဲဥပုသ်ယူခဲ့သည်။ ည (၈)နာရီခန့်တွင် မောင်ထွန်းလှအိပ်ရာမှ နိုးလာသည်။

ဆရာကြီးက မောင်ထွန်းလှအား ဘုရားစင်ရှေ့တွင် ငါးပါးသီလ ယူစေသည်။ ကျွန်တော်က ဆရာကြီး၏ ဆေးပစ္စည်းများကို ပြင်ဆင်ပေး သည်။ ည(၉)နာရီအချိန်တွင် မောင်ထွန်းလှ၏နဖူးအား ဆရာကြီးက ဆေး ဖြင့်ပေါက်ပေးတော့သည်။ ဆေးပေါက်ပြီးသောအခါ ဆရာကြီးက ...

"ကဲ ... လူလေး။ မင်းစိတ်ထဲမှာ ခုနချင် ပုံ့ချင် ထိုးချင်ရိုက် ချင်တဲ့စိတ်တွေ ရှိသေးလား"

"မရှိတော့ပါဘူး ... အဘ။ စိတ်ထဲမှာ ရှင်းနေပါတယ်"





"အေး ... အေး ... အဲဒါ ဖျက်ဆေးထိုးတယ်လို့ ခေါ်တယ်။ မင်းမှာထိုးထားတဲ့ ပေါရိသာရဆေးကို အဲဒီဆေးနဲ့ ဖျက်ပစ်ရတာ။ အကောင်း ဆုံးကတော့ ဒီနေ့ဒီရက်ကစပြီး ငါးပါးသီလကို လုံအောင်စောင့်ထိန်း။ အား လုံးအပေါ် မေတ္တာထား။ မင်းရဲ့ဘဝလေး အေးချမ်းသွားပါလိမ့်မယ်"

"ဟုတ်ကဲ့ပါ ... အဘ။ အဘမှာတဲ့အတိုင်း လိုက်နာကျင့်ကြံ သွားပါ့မယ်"

နောက်တစ်နေ့နံနက် ရောက်သောအခါ စိတ်မနှံ့သည့်ရောဂါ အရှင်း ပျောက်ကင်းသွားအောင် ထွန်းလှက လူ့ဘဝကို စိတ်ကုန်ပြီဖြစ်သောကြောင့် ရဟန်းဝတ်၍ တရားအားထုတ်ခွင့်ပြုရန် မိဘများထံ ခွင့်တောင်းခဲ့သည်။ မိဘနှစ်ပါးကလည်း ဝမ်းသာအားရ ခွင့်ပြုခဲ့သည်။ မိဘနှစ်ပါး၏ ခွင့်ပြု ချက်ဖြင့် မောင်ထွန်းလှကလည်း ရဟန်းဘောင်သို့ ဝင်ရောက်သွားခဲ့တော့ သည်။

မောင်ထွန်းလှတစ်ယောက် ရှင်နန္ဒမာလာအဖြစ် ကူးပြောင်းသွားပြီး နောက် ကျွန်တော်တို့ ဆရာတပည့်နှစ်ဦးမှာလည်း ထုံးစံအတိုင်း ဆေးကုသ ခြင်း တရားဘာဝနာပွားများခြင်းများကို နေရာအနှံ့ ဒေသအနှံ့ လှည့်လည် ဆောင်ရွက်ခဲ့ကြတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၁ |

❑

အချိန်တွေက ရပ်တန့်မနေ၊ တုံ့နှေးမနေဘဲ မှန်မှန်ကုန်လွန်
ခဲ့သည်။ ကျွန်တော်သည်ပင်လျှင် ဆရာလေးဘဝမှ အဘဆရာကြီးဘဝ
ရောက်ရှိခဲ့ပြီဖြစ်သည်။

အဘဆရာသောင်းကလည်း ကျွန်တော့်ကို သင်ပေးစရာရှိသ
များကို အလုံးစုံပညာပေးပြီးနောက် ဂန္ဓာရီစခန်းသို့ ကြွမြန်းသွားပြီဖြစ်သ
ကျွန်တော်လည်း အဘဆရာကြီး အမွေပေးခဲ့သည့်နည်းအတိုင်း ဆက်လ
ကြိုးပမ်းကျင့်ကြံအားထုတ် ဆောင်ရွက်ခဲ့သည်။

နှစ်ပေါင်းနှစ်ဆယ်ခန့်ကြာ၍ သာယာကုန်းရွာကလေးသို့ တစ်ခေ
ပြန်ရောက်ခဲ့သောအခါ ရွာထိပ် သုသာန်အနီးတွင် တောကျောင်းကဆေ
တစ်ပါးတည်း သီတင်းသုံးနေသော ရဟန်းတစ်ပါးကို ကြည်ညိုဖွယ်မြ
လိုက်ရသည်။ ထိုတောရဆောက်တည်နေသော ကြည်ညိုဖွယ်ရဟန်းသ
မည်သူဖြစ်သည်ကိုတော့ စာဖတ်ပရိသတ်များ သိရှိကြမည်ဟု ထင်မှတ်
တော့သည်။

ဝင်းနိုင် (ရွှေပြည်



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

"အား ..."

စူးစူးဝါးဝါးအော်ဟစ်သံကို ကြားလိုက်ရ၏။ အဲဒီအသံမဖြစ်ခင်
...ကျဲသံတွေကို စတင်ကြားမိရ၏။ အော်သံကြောင့် လက်ဖက်ရည်
ဆိုင်းသောက်နေသော တည်းခိုခန်းမန်နေဂျာ ဦးစန်းကြည်နှင့် လက်ထော
မန်နေဂျာ ကိုမင်းတို့တည်းခိုခန်းပေါ် ကပျာကသီ ပြေးတက်သွားကြ၏။

နေရာတကာ စပ်စုတတ်သော စက်ပြင်သမား ထွန်းနှင့် မိတ်ကာ
မာမီ လတ်ကြီးတို့ပါ စပ်စုရအောင် ဒရောသောပါး ပြေးတက်သွား၏။ တည်း
ခန်းအောက်မှာဖွင့်ထားသော လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဒေါ်ပြုံးကြည်က...

"ဟဲ့ ... အပေါ်ထပ်မှာ ဘယ်သူတွေ ရန်ဖြစ်နေကြတာလဲ။ ...
တည်းခိုတဲ့လူတွေလား။ ဒေါက လာလည်တဲ့လူတွေလား"

စားပွဲထိုးလေး ဖိုးဝါကို မေးမြန်းလာ၏။ ဖိုးဝါးက လက်ဖက်ရည်
ခွက်ကျန်တွေ သိမ်းဆည်းနေရင်းမှ ...

"အပေါ်ထပ်မှာ လင်မယားနှစ်ယောက်ပဲ တည်းခိုတဲ့လူကျန်တယ်
အပြင်က ဘယ်ဧည့်သည်မှလည်း လာတွေ့တာမရှိပါဘူး။ အော်သံက မိန်း...
အော်သံပဲ ... ဒေါ်လေးရဲ့"





ပြောနေဆဲ သိပ်မကြာ။ အပေါ်ထပ်မှာ ဆူညံပွက်လော...ကျန်
၏။ လူကြီးတွေတက်သွားလျှင် ရန်ဖြစ်နေသည့်လင်မယား ငြိမ်ကျသွားမည်
ထင်ထားခဲ့။ ခုဖြင့် မငြိမ်တဲ့အပြင် ပိုပြီး ပွက်လောရိုက်ကျန်၏။

တည်းခိုခန်းပေါ်က အုယားဖားလျားပြေးဆင်းလာသူက မိန်းမလျှာ
လတ်ကြီး။

"အမယ်လေး ... မကြည့်ရဲဘူး။ သွေးတွေသံတွေနဲ့ သေကုန်ကြ
ပြီ၊ သတ်လိုက်ကြပြီ။ ကြောက်စရာကြီးတော်။ တစ်ယောက်က ...
တစ်ယောက်ကလည်း ဓားကြီးရင်ဝမှာ တန်းလန်းစိုက်လို့"

ဒေါ်ပြုံးကြည်က ဆိုင်ထဲကနေ ပြေးထွက်လာပြီး ...

"ဟဲ့ ... လတ်ကြီး၊ ဘာတွေဖြစ်ကုန်တာလဲ။ နင်ပြောတာ အရင်း
မရှိ၊ အဖျားမရှိနဲ့ ရှင်းအောင်ပြောစမ်းပါဟဲ့"

လတ်ကြီးတစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေ၏။ လက်ဖက်ရည်လာ
သောက်သည့်လူတွေပါ လတ်ကြီး ဘာပြောလာမလဲဆိုတာကို နားစွင့်ကျန်
ကြ၏။

"လင်မယားချင်း ... ရန် ... ရန်ဖြစ်ကြတာလေ။ လင်က ပါးစပ်
ထဲက အမြှုပ်တွေထွက်ပြီး မျက်လုံးကြီးလည်း ပြူးထွက်နေတယ်။ မယား
က ရင်ဝမှာ ဓားတန်းလန်းနဲ့ နှစ်ယောက်စလုံး သေနေကြတာ"

"ဟော့တော် ... ပြဿနာတက်ပြီ။ အမလေး ... တည်းခိုခန်း
ပိတ်ရရင်တော့ ငါ့စီးပွားပျက်ပါပြီ"

ဒေါ်ပြုံးကြည်က ရင်ဘတ်ဖိပြီး သူ့အရေးသူပူနေ၏။ ဆိုက်ကား
သမား ဝေတင့် (ခ) တင့်လွင်က ...

"ခင်ဗျားကလည်း လူသေတာ ပိုအရေးကြီးတာပေါ့ဗျ။ ခင်ဗျား
ဆိုင်ပိတ်ရတာ လူသေတာလောက် အရေးကြီးသလား"

ထိုစဉ်မှာပင် အပေါ်ထပ်မှ ကိုမင်းနှင့်ထွန်းတို့ ပြေးဆင်းလာကြ
၏။ ကိုမင်းက ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် . . . ထွန်း၊ ဆိုင်ကယ် အမြန်ထုတ်စမ်း၊ ရဲစခန်းကို အကြောင်းကြားရမယ်။ တောက် . . . ပြဿနာကို ဒီမှာလာ ရှင်းရတယ်လို့ကွာ"

ထွန်းက ဆိုင်ကယ်ပြေးထုတ်နေ၏။ မပြုံးကြည်က ကိုမင်းကို မေးမြန်းနေ၏။

"လူသတ်မှုဖြစ်ကုန်တာလား။ ဘယ်လိုကာစ ဖြစ်တာလဲ . . . ကိုမင်းရယ်"

"လင်မယားနှစ်ယောက်လုံး သေနေတာ။ ဘယ်သူ့ကို မေးကြည့်ရမှာလဲ"

ဦးစန်းကြည်က တုန်တုန်ချည့်ချည့်နှင့် ဆင်းလာ၏။

"သူတို့လင်မယားက ဒီရောက်တာ တစ်ပတ်လောက်ရှိပြီ။ တစ်ယောက်ကိုတစ်ယောက် သိပ်ပြီးသဝန်တိုကြတာ။ ယောက်ျားနာမည်က အောင်မင်းတဲ့။ မိန်းမနာမည်က မတင်နွယ်တဲ့။ ဒီကနေ ဆယ်မိုင်လောက်ဝေးတဲ့ တိုက်နယ်မြို့လေးကပေါ့။

သူတို့မြို့လေးမှာ ရန်ဖြစ်ရင် နှစ်ဖက်ဆွေမျိုးတွေက ဝင်ပါပြီး အမှုပိုကြီးတတ်လို့ ဒီမှာလာပြီး နှစ်ယောက်တည်း ကြိတ်ရန်ဖြစ်ကြတာတဲ့။ မတင်နွယ်ဘက်ကရော၊ အောင်မင်းဘက်ကပါ အမွေရကြတယ်။ သိန်းငါးရာလောက်ရှိမယ်။ သူတို့မှာ သားသမီးကလည်း မရှိဘူး။ အောင်မင်းက တင်နွယ်ကို သူတို့ဘေးအိမ်က ကောင်လေးနဲ့ မသင်္ကာဘူး။ လင်ငယ်နေတယ် ထင်နေတယ်။

တင်နွယ်ကလည်း အောင်မင်းကို ဈေးထဲကကောင်မလေးနဲ့ ဖြစ်နေတယ်လို့ သမုတ်ကြတယ်။ သဝန်တိုပြီး ကွဲကြ ပြဲကြမယ်၊ အမွေကို တစ်ယောက်နဲ့တစ်ယောက် ခွဲမပေးချင်ကြဘူး။ ငါ့အထင်တော့ တင်နွယ်က အောင်မင်းကို အစာထဲ အဆိပ်ခပ်သတ်တယ်။ အောင်မင်း အဆိပ်တက်တော့မှ တင်နွယ်လုပ်ကြံမှန်းသိလို့ မသေခင် တင်နွယ့်ကို ဓားနဲ့ထိုးသတ်လိုက်တယ်။ ဒါမျိုးပဲ ဖြစ်လိမ့်မယ်"





လူတွေအားလုံး အာမေဋိတ်သံတွေ ညံဝေသွား၏။ ကိုမင်းနှင့် ထွန်းတို့ ဆိုင်ကယ်လေးနှင့် သွားခေါ်ကြ၏။ ဖေါ်ပြုံးကြည်က . . .

"မန်နေဂျာကြီးကလည်း သူတို့အဲ့သလို ပြဿနာတက်နေမှန်း သိရင် ဆက်မတည်းခိုခိုင်းနဲ့တော့ပေါ့"

"သူတို့က ပိုက်ဆံပေးတည်းတာ ငါပြောပိုင်ခွင့် မရှိဘူးလေ။ ငါပြောပိုင်ခွင့်ရှိတာက သူတို့ကို ရန်ဆက်မဖြစ်ဖို့၊ မကြဲစည်ကောင်းတာတွေ မကြံစည်ဖို့ ဒီလောက်ပဲပေါ့"

"မန်နေဂျာဘက်ကလည်း မှန်တာပဲ"

တောင့်က ထပြောပြန်၏။ လတ်ကြီးက ရင်တုန်ပန်းတုန်ဖြစ်နေ၍ ဆေးတွေသောက်နေရရှာ၏။ ဖိုးဝါကတော့ လူကြီးတွေပြောသမျှကို နားစိုက်ထောင်နေ၏။

အစိမ်းသေတွေဆိုတော့ ဒီတည်းခိုခန်းမှာ ကျွတ်မှကျွတ်ပါ့မလား ပေါ့။ ဦးနှောက်သွေးကြောပြတ် သေတဲ့လူတွေလည်း အစိမ်းသေတွေပဲ မကျွတ်ကြတာ ကြားဖူး၏။ ဖိုးဝါ အလွန်အားကိုးအားထားခဲ့ရသော အဘိုးဦးတိုးတစ်ယောက်လည်း ဦးနှောက်သွေးကြောပြတ်ပြီး သေဆုံးခဲ့ရတာ သုံးနှစ်ကျော်ကြာပြီ။ အဘိုးသာရှိနေလျှင် ဖိုးဝါ ဒီလိုစားပွဲထိုးဘဝကို ရောက်မှာ မဟုတ်။ အဘိုးမရှိ၍ ဒီဘဝကို ရောက်ခဲ့ရခြင်းဖြစ်၏။

နာရီဝက်အတွင်း ရဲတွေရောက်လာပြီး စစ်ဆေးကြ၏။ ဖိုးဝါလည်း လူတွေကြားထဲက မရဲတရဲသွားကြည့်မိ၏။ မျက်လုံးပြူးကြောင်ပြီး သေနေသော အောင်မင်းဆိုသူနှင့် အံကြိတ်ပြီးသေနေသော တင်နွယ်တို့အလောင်းတို့ တွေ့လိုက်ရ၏။ သုံးလေးရက် အအိပ်ပျက်၊ အစားပျက် ဖြစ်ရလေတော့ ဏ်

✿ ✿ ✿

www.burmeseclassic.com

# [ ၂ ]

❑

လင်ရောမယောဓါ သေဆုံးသွားသည့်အမှုကို ရဲက ကိုင်တွယ်ဖြေရှင်းသွား၏။ တည်းခိုခန်း (၁) လ ပိတ်လိုက်ရ၏။

ဒေါ်မြုံးကြည်ရဲ့ ကဖီးဆိုင်ပါ ပိတ်လိုက်ရ၏။ ဒေါ်မြုံးကြည်တို့ ဘာမှမဖြစ်သော်လည်း ဖိုးဝါအဖို့တော့ ကသီလင်တနိုင်သွား၏။

ဖိုးဝါရဲ့ မိခင်က နောက်ယောကျ်ားနှင့်။ အလုပ်အကိုင်က ဆိုက်ကားသမား။ နောက်ဆက်တွဲ ဘွဲ့ထူးတွေက အရက်သမား၊ မူးကြောင်၊ ဂေါက်ကြောင်ဆိုသည့်လူ။ မယားပါသားဖိုးဝါကို မကြည်။ လုပ်ခမရှိလျှင် အိမ်ပေါ်တင်မကျွေးချင်။ အမေနှင့်ပထွေး မကြာခဏ စကားများကြ၏။ ဖိုးဝါကြောင့်ပါ။

ဖိုးဝါအသက်က (၁၄)နှစ်အရွယ်။ အဘိုးမဆုံးခင်က ရှစ်တန်းအထိကျောင်းတက်ခဲ့ရ၏။ အဘိုးဆုံးပြီး မိဘအိမ်ရောက်တော့ ကျောင်းဆက်မတက်ရတော့။ အမေက ထားပေးချင်သော်လည်း ပထွေးက မထားနိုင်။

အဘိုးရဲ့အိမ်နဲ့ခြံကို အမေရဲ့ ညီမနှင့်အစ်ကိုက အမွေဆိုင်ထား၏။ အဘိုးက မကျွတ်၍ အိမ်ကြီးကသရဲခြောက်သည်ဟု ရပ်ကွက်ထဲမှာ နာမည်





ကြီးနေ၏။ အဲဒီအိမ်ကြီးရှေ့က ဘယ်သူမှ ညဖက် တစ်ယောက်တည်း ဖြတ်မသွားရဲ။

အဘိုးဦးတိုး သက်ရှိထင်ရှားရှိစဉ်ကလည်း သူ့ခြံကိုလုံအောင် ကာထား၏။ ဝက်မပြောနှင့် ကြက်တွေ၊ ဘဲတွေတောင် ဝင်မရအောင် စိပ်စိပ်ကလေး ကာထား၏။ ညဖက်ခြံနားကို လျှောက်တာလည်း မကြိုက်။ ခြံဘေးမှာ သွပ်ပြားတွေကပ်ထားပြီး ညဖက် လျှောက်တာနှင့် သွပ်ပြားတွေကို လေးခွဖြင့် ပစ်ခတ်အသံပေးကာ ခြောက်လှန့်လွှတ်တတ်၏။ ရပ်ကွက်ထဲက တချို့လင်မယားတွေ မှောင်ရိပ်ကျသော အဘိုးခြံဘေးမှာ ညဖက်ရပ်ပြီး အော်ကြီးတစ်ကျယ် စကားများလျှင် ...

"ဖောင်း ... ဒိုင်း ... ဖုန်း ... ဒေါင်း ..."

အဘိုးရဲ့ ပစ်ခတ်ခြောက်လှန့်မှုကို ခံရပြီသာမှတ်။ တချို့ အမူးသမားတွေက အဘိုးမခံချင်အောင် မထိတထိ ကလိပြီး စနောက်သွားတတ်ကြ၏။ အဘိုးက ရပ်ကွက်ထဲမှာ အိမ်ကြီးရှိုင်နှင့် သီးသန့်နေတတ်၏။ ရပ်ကွက်ထဲကလူတွေနှင့် အပေါင်းအသင်းမလုပ်။ ဘာသိဘာသာ နေတတ်၏။ အဘိုးကို ရပ်ကွက်ထဲက ကြီးကျယ်သည့် ဦးလေးကြီးလေကျယ်ဟု စောင်းပြောကာ မခံချင်အောင် စနောက်တတ်ကြ၏။

အဘိုးက အသက်သာ (၇၀) ပြည့်ပြီး သန်မာပြီး လေသံကျယ်လောင်နေဆဲ။ ပြန်အော်ထုတ်ပြီး နင်ပဲငဆ ပြောလွှတ်ပစ်တတ်၏။ တော်တန်ရုံလူတွေကတော့ အဘိုးအပေါက်ဆိုး၍ လာမပတ်သက်ရဲကြ။ ဒီရပ်ကွက်က ဆင်းရဲသားရပ်ကွက်။ အဘိုးနေသော ဆယ်အိမ်တန်းသာ အိမ်ကြီးအိမ်ကောင်းရှိ။ ကျန်တာ တဲအိမ်တွေများ၏။

အဘိုးမှာ သားကြီးမောင်ပေါ၊ သမီးလတ် မိပုံ (ဖိုးဝါရဲ့မိခင်) နှင့် သမီးငယ်မိတုံတို့သုံးယောက်ရှိ၏။ မိပုံက ကိုမြင့်နိုင်နှင့် အိမ်ထောင်ကျခဲ့။ ဖိုးဝါကိုမွေးပြီး ဖိုးဝါရှစ်နှစ်သားအရွယ်မှာ လင်မယားချင်း သူ့မိဘ၊ ကိုယ့်မိဘ ထိပါးစော်ကားတာကို သည်းမခံနိုင်၍ ကွဲကုန်ကြ၏။

ဖိုးဝါရဲ့ဖခင် ကိုမြင့်နိုင်က တစ်နှစ်အကြာမှာ နောက်အိမ်ထောင်ပြုသွား၏။ ဖိုးဝါရဲ့မိခင်ကလည်း အားကျမခံ နောက်အိမ်ထောင် ထူလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးသဘောမတူသော ဆိုက်ကားသမားနှင့် ယူလိုက်၏။ အဘိုးက
ပေါ်က နှင်ချလိုက်၏။ ဖိုးဝါကိုတော့ ခေါ်ထားလိုက်၏။

အဘိုးက ဗိုလ်မြို့နယ်မှာ အတော်အတန် အရာရောက်သော
တစ်ခုကို ရခဲ့ပြီး အငြိမ်းစားယူထားခဲ့တာကြောင့် အသိအကျွမ်း၊
တပန်းနှင့် အမျိုးအဆွေတွေပေါများပြီး အားလုံးက တတ်နိုင်သရွေ့
ကူညီကြ၏။ သူတို့အကျိုးဆိုလျှင် အဘိုးက လိုက်လံဆောင်ရွက်ပေး
၏။ သူတို့ကလည်း အဘိုးအတွက်ဆို ဆန်အိတ်လိုက်၊ ဆီဆိုပုံးလိုက်၊
ဆို လှေစီးလုံးလိုက်၊ လာပြန်ပို့ပေးကြ၏။

အဘိုးမှာ အများက ပြန်လည်ထောက်ပံ့မှုနှင့် အဆင်ပြေပြီး
လင်လင် စားသုံးရ၏။ အဘိုးက ဘာသာရေးကလွဲပြီး ဘာမှမလုပ်
အတူနေသူမြေး ဖိုးဝါလေးကိုလည်း အတော်ကြီးချစ်ရှာ၏။ မိဘကမကော
ခဲ့၍ သနားပြီးချစ်တာလည်း ပါ၏။

အဘိုးကို ရပ်ကွက်ထဲကလူတွေက ပညာတတ်သည်ဟု ထင်
ကြ၏။ ခေတ်ပညာမဟုတ်။ အောက်လမ်းပညာ၊ ဆယ်နှစ်ကြိုးကဝေဆို
မျိုး တတ်တယ်ထင်နေကြ၏။ အဘိုးရဲ့ခြံစပ်မှာ ပေါက်နေသော ဆီး
မာလကာပင်မှာ အသီးတွေ ပွတ်ခဲနေတတ်၏။ အဘိုးအလစ်မှာ က
တွေက ဆီးသီး (သို့)မာလကာသီးတွေကို တုတ်၊ ခဲဖြင့် ပစ်ခတ်ခြွေချ
သောက်တတ်ကြ၏။ တစ်ခါတစ်ရံ ခဲတွေ၊ တုတ်တွေက အဘိုးရဲ့ အိမ်
သွပ်မိုးတွေကို လာထိမှန်၏။

အဘိုးက အိပ်နေချိန်ဖြစ်ဖြစ်၊ ထမင်းဟင်း ချက်နေချိန်ဖြစ်
တုတ်၊ ခဲကျသံကြားလျှင် ပြတင်းပေါက်ကနေပြီး အော်ဟုတ်ကျိန်ဆဲတ
၏။

"လူလွန်မသားတွေ . . . ငါ့အိမ် တုတ်၊ ခဲမှန်သလို မင်းတို့လ
တုတ်၊ ခဲ မှန်ပစေ"

ရပ်ကွက်ထဲက ဖော်ကြီးဆိုသောကောင်လေး ခဲမှန်ပြီး ခေါင်းပေ
သွား၏။ ဘယ်ကပစ်လိုက်သော လောက်စာကျောက်ခဲမှန်းမသိ။ ခေါင်း





ဆိုပြီး ပေါက်သွား၏။ အဘိုးရဲ့ မာလကာသီးတွေ လာခိုးစားသော မောင်
ဖော်ဆိုသည့်ကောင်လည်း တုတ်နှင့်ရိုက်ခံရ၏။

ဆော့ကစားရင်း ကလေးချင်း စကားများရာက အရိုက်ခံရခြင်း
ဖြစ်၏။ အဘိုးကျိန်စာတိုက်လိုက်လျှင် တိုက်လိုက်သလို ဖြစ်တာများ၏။
ဘယ်သူက ဘယ်လိုအစခွဲထုတ်ပြီး ဖွလိုက်သည်မသိ။ အဘိုးလည်း ဆယ့်
နှစ်ကြိုးကဝေကြီး ဖြစ်သွားရရှာ၏။

အဘိုးနှင့်ဖိုးဝါ အတူနေရစဉ် အစားကောင်းစားရ၏။ အဝတ်
ကောင်းဝတ်ရ၏။ ကျောင်းတက်ရ၏။ ရပ်ကွက်ထဲက ကလေးတွေနဲ့ မဆော့
ရတာပဲရှိ၏။ အဘိုးနှင့် ကောင်းကောင်းနေရ၍ ဖိုးဝါနေပျော်၏။

အဘိုးက မနက်လေးနာရီထပြီး ဘုရားသောက်တော်ရေလဲ၊ ရေ
နွေးကပ်၊ ဆွမ်း၊ ဆီမီး၊ နံ့သာကပ်ပြီး ဘုရားအကျယ်ကြီး ရှိခိုးတတ်၏။
အဲဒါကို ဘေးအိမ်တွေက ဆူညံတယ်ဆိုပြီး မကြည်လင်ကြ။ အဘိုးကလည်း
ဂရုမစိုက်။ အဘိုးကို သွားပုတ်လေလွင့် ပြောသည့်အထဲမှာ ဘေးအိမ်တွေက
ရှေ့ဆုံးပါ၏။ အဘိုးတစ်ယောက် ရုတ်တရက် ဦးနှောက်သွေးကြောပြတ်
ဆုံးသွား၏။ ဖိုးဝါအတွက် အားကိုးအားထားရာရွှေတောင်ကြီး ပြိုလဲသွားပြီ။

အဘိုးကို အစိမ်းသေဟု ပြောကြ၏။ အဘိုးကို ရက်လည်ဆွမ်း
ကျွတ်ပေးကြသော်လည်း မကျွတ်လွတ်ဟု ဘေးအိမ်တွေကလည်း ကြောက်
လာကြ၏။ ဖိုးဝါက မိခင်အိမ်ပြန်နေရ၏။ အဘိုးအိမ်ကြီးကို အမွေဆိုင်
အိမ်လုပ်ပြီး ပိတ်ထားလိုက်ကြ၏။

"ဦးတိုးကြီး . . . မကျွတ်ဘူး။ မနေ့ည (၁၀) နာရီလောက်က သူ့
အိမ်က အုတ်ဖိနပ်ချွတ်မှာထိုင်နေတာ တွေ့လိုက်ရသေးတယ်။ သက်ပျောက်
ကျိုး ပုဆိုးနဲ့ပဲ။ ငါလည်းကြောက်တာနဲ့ ပြတင်းပေါက် အမြန်ပိတ်လိုက်ရ
တယ်"

"တော်ကလည်း ကျုပ်တွေ့တာက မနက် (၃)နာရီထိုးကြီး။ သူ့ခြံ
ထဲမှာ တံမြက်စည်းလှည်းနေတာတော့။ ကျုပ်လည်း ကုန်စိမ်းသွားဝယ်ရင်း
တွေ့လိုက်ရတာ။ ကြောက်သေးကို ဖြန်းဖြန်းပါရောပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟိုလူပြော၊ အည်လူပြောနှင့် ဦးတိုးကြီးအိမ်က သရဲခြောက်သည့် အိမ်ကြီးဖြစ်လာတော့၏။ အိမ်ထဲမှာ လူမရှိသော်လည်း လူရှိသကဲ့သို့ အသ ဗလံတွေ ကြားနေရ၏။ မနက်လေးနာရီထပြီး အိုးခွက်ဆေးသံ၊ ဦးတိုးကြ ရဲ့ ချောင်းဟန့်သံ၊ သလိပ်ဟပ်သံ၊ လမ်းလျှောက်သံ၊ အိမ်ပြတင်းပေါက် သံတွေ ကြားနေရ၏။ ထပြီးချောင်းကြည့် အမှောင်ပကတိသာမြင်ရ၏

ညဦးပိုင်းတွေမှာဆိုလည်း သွပ်ပြားတွေကိုလေးခွဖြင့် ပစ်ခတ် ဖောင်း၊ ဒိုင်းတွေ ထမြည်တတ်၏။ ဆီးကိုင်း၊ မာလကာပင်ကိုင်းကြီးတွေ ကိုင်းခနဲ၊ ညွှတ်ခနဲလုပ်ပြီး ကလေးတွေ အသီးလာမယူအောင် ခြောက်လှ လွှတ်တတ်ပြန်၏။ ကြာတော့ ဦးတိုးကြီးအိမ်နားကို ဘယ်သူမှ မကပ် တော့။ ဒီကြားထဲ ဂိုဏ်းဆရာလိုလို ဦးမိုက်ပူက သတင်းဖြန့်လိုက်သေး သူက အိမ်နီးချင်းကို။

"ဦးတိုးကြီးက အောက်လမ်းသမား၊ ကဝေကြီး"

"ကဝေဆိုတာ မိန်းမမှ ပြောလို့ရတာမဟုတ်ဘူးလား ... ဦးမိုက် ရဲ့"

"မင်း ဘာသိလို့လဲ။ ကဝေအတတ်ကို ယောကျ်ားလည်း သင် ရတယ်။ ဆယ့်နှစ်ကြိုးကဝေဆိုတာ ယောကျ်ားတွေက ပိုတတ်ကျွမ်းကြ ကွ"

"ဩော် ... ဒီလိုကိုး"

"အောက်လမ်းဆရာတွေ ကဝေကြီးတွေသေရင် ကွင်းပိုင်ကြီးတွေ သဘက်တွေ ဖြစ်ကြတာများတယ်ကွ".

ကွင်းပိုင်ဆိုသည်မှာ ဤအနီးအနားတစ်ဝိုက်ကို အုပ်စိုးရသော ပရလောကသားတစ်မျိုးဖြစ်၏။ ဆယ်အိမ်မှူး၊ ရာအိမ်မှူးကဲ့သို့ အဆင့် ဖြစ်ကြောင်း ဦးမိုက်ပူက မသိတဲ့လူတွေကို ဆရာလုပ်ပြီး ရှင်းပြနေ၏

ဦးတိုးကြီးကို အစွယ်လက်လေးသစ်ခန့် ထွက်နေသော ကွင်း ကြီးဟု ဦးတိုးကြီးဆုံးပြီး (၂) နှစ်ကျော်ကာလမှာ ပြောလာကုန်ကြ၏။ အိမ် ကို အမွေခွဲဖို့ ဈေးလျှော့ရောင်းချသော်လည်း ဘယ်သူမှ မဝယ်ရဲ။ အာ





ဖိန့်ဖိန့်တုန်အောင်ကြောက်သော အိမ်ကြီးမှာ ဖိုးဝါတစ်ယောက်တည်း ပတွေး နှင့်အဆင်မပြေတိုင်း လာလာနေကြ၏။ အားလုံးက ဖိုးဝါကို အံ့သြနေကြ ၏။

တချို့က ဖိုးဝါက ဦးတိုးကြီးရဲ့ အချစ်တော်မို့ ဦးတိုးကြီးက ဘာမှ မလုပ်။ ဖိုးဝါနှင့်ပင် အဆက်အသွယ်ရနေကြသည်ဟု ပြောကြ၏။ တချို့က လည်း ဖိုးဝါကို သရဲတစ်ပိုင်း၊ လူတစ်ပိုင်းဟု ပြောကုန်ကြ၏။ ဖိုးဝါကလည်း ဂရုမစိုက်။

သရဲတစ္ဆေဆိုတာတွေကို မမြင်ရ၍ ကြောက်သော်လည်း အဘိုးကို တော့ မကြောက်။ အိမ်ထဲမှာ တစ်ယောက်တည်းအိပ်၏။ လေးငါးဆယ် ရက်အိပ်တတ်၏။ မိခင်က ထမင်းချိုင့်လာပို့ပေး၏။ အဘိုးနှင့်ပတ်သက်ပြီး တိုက်ဆိုင်တာက ထူးဆန်းတာလားတော့ မပြောတတ်။ ဖိုးဝါကိုယ်၌လည်း ကြုံတွေ့ရတာတွေ ရှိလာခဲ့၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၇ |

❑

အဘိုးအိမ်ထဲမှာ ဖိုးဝါအိပ်သည့် ဒုတိယညမှာ အဘိုးကို အိပ်မက်မက်၏။ လည်ခေါင်းတုံးရှပ်အင်္ကျီ၊ ကွက်ထောက်ပုဆိုးပြာနှင့် အဘိုးသေစဉ်က အလောင်းပေါ်လွှမ်းပေးလိုက်သော အဝတ်အစားတွေကို ဝတ်ဆင်ထား၏။

အဘိုးက အိမ်ရှေ့ပေါက်မှတက်လာပြီး ဖိုးဝါကို လှမ်းတွေ့သည်နှင့် မျက်ရည်တွေ ကျဆင်းကုန်၏။

''အဘိုး . . . အဘိုးပြန်လာတယ်၊ အဘိုး မသေတော့ဘူးပေါ့နော်''

အဘိုးက ဝမ်းပန်းတနည်းဖြင့် ပြန်ကြည့်ပြီး ခေါင်းခါပြ၏။ ဖိုးဝါက အဘိုးရဲ့လက်ကို သွားဆုပ်ကိုင်တော့ အေးစက်တင်းမာနေ၏။

''အဘိုး . . . သားကို မထားခဲ့ပါနဲ့။ အဘိုးသွားလေရာ သားကို ခေါ်သွားပါနော်။ သား အရမ်းစိတ်ညစ်နေရတယ်။ ပတွေးနဲ့ မနေချင်ဘူး။ သားတို့ ဒီအိမ်မှာ အတူပြန်နေကြမယ်လေ''

အဘိုး ရှိုက်ကြီးတငင် ငိုကြွေး၏။ ခေါင်းကိုလည်း တွင်တွင်ခါပြနေပြန်၏။ ဖိုးဝါလည်း ဝမ်းနည်းပြီး ရှိုက်ကြီးတငင် ငိုကြွေးမိ၏။ ငိုရင်းနှင့် အိပ်ရာကလန့်နိုးလာတော့ မျက်ရည်တွေသာ ပါးပေါ်မှာ စီးကျနေ၏။ အဘိုး မရှိတော့။





နောက်နေ့ညမှာတော့ အပေါ်ထပ်မိုးမှာတက်အိပ်ပြီး ပြတင်းပေါက်ကို ဖွင့်ထားမိ၏။ သန်းခေါင်ကျော်အေးလာချိန်မှာ ဖိုးဝါ ပြန်နိုးလာ၏။ ညဦးပိုင်းအိုက်စပ်သော်လည်း သန်းခေါင်ကျော်မှာ အေးလာ၏။ ဘယ်သူက ပြတင်းတံခါးက ပိတ်ပေးသွားမှန်းမသိ။ ဖိုးဝါကိုယ်ခန္ဓာပေါ်မှာလည်း စောင်တစ်ထည် လွှမ်းခြုံလျက်သား ဖိုးဝါ အံ့သြသွား၏။ အဘိုးလာလုပ်ပေးသွားတာဟု စိတ်ထဲက ထင်နေ၏။

နောက်ညတွေမှာ အဘိုး အိပ်မက်လာလာပေး၏။ စကား တစ်ခွန်းစ၊ နှစ်ခွန်းစ ပြောလာ၏။

''ဒီအိမ်မှာပဲနေ''

''စိတ်မညစ်နဲ့''

''အလုပ်လုပ်''

ဖိုးဝါ အလုပ်ဝင်လုပ်၏။ လွယ်လွယ်ကူကူရသော စားပွဲထိုးအလုပ်ကိုပေါ့။ ကျောင်းထွက်လိုက်ရ၏။ ပတွေးက မထားပေ။ အမေကလည်း မပြောရဲ။ ဦးလေးတွေကလည်း အတ္တကြီး၏။ အဒေါ်အငယ်ကလည်း သူ့သားသမီးအရေးသာ သူပူ၏။ အမေ့ဖက်က အားကိုးမရှိ၍ အဖေ့ဘက်ပြန်ကြည့်တော့ ပိုသာဆိုးသေး၏။ အဖေဆီက ရွာသားအမျိုးတွေကလည်း သူတို့ဘဝသူ့တို့ အနိုင်နိုင် ရုန်းကန်နေရသူတွေ။ နောက်ဆုံးတော့ ဖိုးဝါဘဝကို ဖိုးဝါပဲ ရပ်တည်ရတော့၏။

ဒေါ်ပြုံးကြည်က သဘောကောင်းသော်လည်း အပေါက်ဆိုး၏။

လူပျိုပေါက်စဖိုးဝါကို ကောင်မလေးတွေရှေ့မှာ ဝေါက်ငမ်းပြောဆိုတတ်၏။ ဒေါ်ပြုံးကြည်ဆိုင်မှာ သုံးလကျော်ဝင်လုပ်ပြီးပြီ။ အမှုကိစ္စပြီး၍ ဒေါ်ပြုံးကြည် ဆိုင်ပြန်ဖွင့်တော့ ဖိုးဝါ အလုပ်မဆင်းတော့။ ဒေါ်ပြုံးကြည်ကလည်း ပြန်မခေါ်။ ဖိုးဝါတို့လို ဆင်းရဲသားအလုပ်သမားလေးတွေကို အစားခေါ်ထားလိုက်ပြီ။

ဖိုးဝါတစ်ယောက် အလုပ်မရှိ၍ အမေ့အိမ်မှာ နေခွင့်မရ။ အဘိုးအိမ်မှာ သွားနေရ၏။ ရပ်ကွက်ထဲမှာ ရေထမ်းရောင်းပြီး ဝမ်းရေးကို ဖြေရှင်းရ၏။ တည်းခိုခန်းပိုင်ရှင် ဦးစန်းကြည်က ပြောလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့တည်းခိုခန်းအလုပ်သမား ထွန်းချစ် အလုပ်ထွက်သွားပြီ။ မင်း ဝင်လုပ်ပါလား။ မပင်ပန်းပါဘူး။ ညစောင့်လုပ်ပေးရမယ်။ အခန်းသန့်ရှင်း ရေး၊ တောက်တိုမည်ရ လုပ်ပေးရမယ်။ အလုပ်သက်သာတယ်။ အချိန်တန် လခရတာပဲ"

ဦးစန်းကြည်တို့တည်းခိုခန်းက အကောင်းစားကြီးမဟုတ်။ သ ဝါယမက ဖွင့်ထားခြင်းဖြစ်၏။ လက်ထောက်မန်နေဂျာ ကိုမင်းကလည်း သဘောကောင်း၏။ ဖိုးဝါ ဝင်လုပ်လိုက်၏။

လူသတ်မှုဖြစ်ပြီး အတန်ကြာမှပြန်ဖွင့်သော တည်းခိုခန်းမို့ အ ပိုင်းမှာ လူသိပ်မတည်း။

ဖိုးဝါက ညစောင့်ဆိုတော့ တစ်ယောက်တည်းနေရတာ စိတ်ချေ ချားမိ၏။ လူသတ်မှုဖြစ်ခဲ့သော အခန်းနံပါတ် (၁၃) က ညဘက်ဆိုလျှ စကားပြောသံလိုလို၊ ငိုသံလိုလို ကြားရတတ်၏။ ညသန်းခေါင်ကျော်ဆိုလျှ 'ဝုန်း ဒိုင်း ဂွမ်း' ဖြင့် ရန်တွေ့ ထဖြစ်သံကြားရ၏။ ဖိုးဝါ မအိပ်ရဲ။ ဦးစ ကြည်တို့၊ ကိုမင်းတို့က နေ့ခင်းပိုင်းလောက်သာ လာထိုင်ကြ၏။ ညပိုင်း အစောပိုင်း ကိုးနာရီလောက်ရယ်သာ။ ဒါကြောင့် ...

"ဦးလေး ... ညဘက် ကျွန်တော်တစ်ယောက်တည်း မအိပ်ရဲ လူသေထားတဲ့အခန်းက ထထသောင်းကျန်းတယ်။ ဘေးနားကအိပ်တ တောင် လန့်နိုးပြီး လာမေးကြတယ်။ ကျွန်တော်ကလည်း အဲဒီအခန်း အသံတွေ ဘာဖြစ်သလဲသိချင်ရင် တက်ကြည့်ဆိုတော့ ဘေးအိမ်ကသုံးယေ ယောက် ကြည့်ကြတယ်။ ဘာမှမဖြစ်ဘူး။ ပစ္စည်းတွေလည်း လက်ရာမြေ မပျက် တွေ့ရတယ်တဲ့"

"အင်း ... ဒါဆို မင်းမင်းကို ညဂျူတီချပေးမယ့်။ မင်းနဲ့ ယောက် ဖြစ်သွားတာပေါ့"

လက်ထောက်မန်နေဂျာကိုမင်း လာအိပ်၏။ ကိုမင်းက သရဲတ ဆိုတာတွေကို သိပ်ယုံကြည်သူမဟုတ်။





"လူသတ်မှုဖြစ်တုန်းက ဝရုန်းသုန်းကားဖြစ်တဲ့ အသံလှိုင်းတွေ နံရံမှာ စွဲထင်ကျန်ခဲ့တာ။ အကြောင်းတိုက်ဆိုင်တော့ ပဲ့တင်ပြန်တာ ဖြစ်မှာ ပါကွာ"

ညသန်းခေါင်ကျော်မှာ အသံတွေကြားရပြီး ကိုမင်းကိုယ်တိုင် သွား စ်ဆေးကြည့်၏။ ဘာမှမတွေ့ရ။

"အတော်ထူးဆန်းတာပဲ။ ကဲပါကွာ ... ဘုရားရှိခိုးပြီးသာ အိပ် တော့။ ဘာအသံကြားကြား ထမကြည့်နဲ့တော့။ ချေသည့်မှ မရှိတာ။ တို တာဝန် မရှိပါဘူး"

နားထဲ ဂွမ်းထည့်ပြီး ခေါက်အိပ်ကြ၏။ မနက်မိုးလင်းတော့ ကိုမင်း ရော၊ ဖိုးဝါပါ ခြေစောင်တွေ မရှိတော့။ ဝတ်ထားတဲ့ ပုဆိုးတွေပါ မရှိတော့။

"ဟာ ... ဟော့ကောင် ... မင်း ... မင်း ... ငါ့ပုဆိုး ... ငါ့ ပုဆိုးကို ဘာလို့ချွတ်ယူထား ... ထား ..."

"မယူဘူး။ ကျွန်တော်လည်း ကျွတ်နေတာ။ ဒီမှာ မတွေ့ဘူးလား။ သက်နဲ့ အုပ်ထားရတယ်"

"ဒါ ... ဒါဆို ငါတို့ ပုဆိုးတွေကော ... ဘယ်သူ ... ချွတ် .. ချွတ်ယူသွားတာလဲ။ တောက် ... ဒါ ... စော်ကားတာပဲ"

"အခန်းတံခါးမကြီးလည်း ချက်ထိုးထားတာပဲ။ ဘယ်သူမှ ဝင်လာ မနောက်ဘူး"

"ဟော့ ... အဲဒါဆိုလည်း ထား။ ငါ ... ငါတို့ပုဆိုးတွေ လိုက်ရှာ ကွာ"

ဖိုးဝါလည်း အခန်းလမ်းကြားတွေထဲ အိပ်မှုန်စုံဝါးဖြင့် လိုက်ပတ် တစ်နေရာမှာတော့ ...

"တွေ့ပြီဗျို့ ... တွေ့ပြီ ... ပုဆိုးတွေလေ၊ အခန်းအမှတ် (၁၃) မှာက ပုံထားတာ"

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်း အံ့ဩတုန်လှုပ်သွား၏။ သွားကြည့်တော့လည်း ဟုတ်နေ၏။ ဦးစန်းကြည်လာသောအခါ အကြောင်းစုံပြောပြလိုက်၏။ ဦးစန်းကြည်က ...

"ရက်လည်ဆွမ်းသွတ်ပြီးကတည်းက ပရိတ်ရွတ်ပေးတာပဲ။ ရွတ်ပေးတာ ကြာသွားတာနဲ့ ပြန်ဖြစ်လာတာပဲ။ ဆရာလေးဘာလေးခေါ်ပြီး မမြင်ရတဲ့ လောကသားတွေကို နှင်ထုတ်သင့် ထုတ်ကြတာပေါ့"

တည်းခိုခန်းအပေါ်ထပ်မှာတင် ဖြစ်နေတာမဟုတ်။ အောက်ထပ် လက်ဖက်ရည်ဆိုင်မှာရော တွင်ခုံနှင့် အလှပြင်ဆိုင်မှာပါ ဖြစ်နေခြင်းပင်။ လတ်ကြီးဆိုသောအခြောက်က အလှပြင်ဆိုင်ဖွင့်ထား၏။

"ဟယ် ... သွေးတွေ၊ သွေးတွေ ... အပေါ်က စီးကျလာတာ လုပ်ကြပါဦး"

အပေါ်တက်ကြည့်တော့လည်း ဘာမှမရှိ။ သွေးတွေကလည်း ကျချိစသာ သွေးရောင်ပေါက်၏။ ခဏအကြာမှာ အဖြူရောင်ရည်ကြည်ပြောင်းသွား၏။ ခဏအတွင်း လက်ထဲမှာ အငွေ့ပျံပြီး ခြောက်ကပ်သွား၏။ ထွန်းက ...

"ငါ့အခန်းထဲလည်း သွေးတွေကျတယ်။ အိပ်နေတုန်း ခေါင်းပေါ်ကို တစ်စက်စက်ကျနေလို့ သေချာထကြည့်တော့ သွေးမဟုတ်တော့ပြန်ဘူး"

ဒေါ်ပြုံးကြည်ကပါ ဝင်ပြောလာ၏။

"ငါ့အခန်းထဲလည်း အဲဒီလိုပဲ။ တော်သေးတာပေါ့။ သွေးမို့လို့ သေးတွေသာဆို အကုန်နံစော်ကုန်မှာ"

တည်းခိုခန်းက နှစ်ထပ်ဖြစ်၏။ အောက်ထပ်မှာ ဆိုင်ခန်းတွေငှားထား၏။ အပေါ်ထပ်မှာ တည်းခိုခန်းဖွင့်ထားခြင်းဖြစ်၏။ အခင်းက လျှာထိုးပျဉ်တွေ စိပ်နေအောင် ခင်းထား၏။ တော်တန်ရုံ ရေမကျနိုင်။

ဦးစန်းကြည်က ပယောဂကုသသော ဆရာကြီး မြတ်ဟိန်းနိုင်ကို သွားပင့်လာ၏။ ဆရာကြီးမြတ်ဟိန်းနိုင်က လိုက်လံစစ်ဆေးပြီး အခန်းထဲကို ဆန်မန်းပေါက်ပေါက်ကို ပက်ပေး၏။





"ဒါနဲ့ လုံလောက်ပါ့မလား"

"ရပါတယ်"

"ညဖက်တစ်ချက်လောက် အိပ်စောင့်ကြည့်ပေးပါလား"

"မဖြစ်ဘူး။ ကျုပ်က သရဲတစ္ဆေတွေသာ မကြောက်တာ အိမ်ကမိန်းမတော့ ကြောက်ရတယ်ဗျ။ ဟဲ ... ဟဲ ... ဟဲ ..."

မြတ်ဟိန်းနိုင် ပြန်သွား၏။ ညဘက်ရောက်သောအခါ ကိုမင်းနှင့် ဗိုးဝါတို့ ပြန်စောင့်ကြရ၏။

"အဟင့် ... ဟင့် ... ဟင့် ..."

"ကိုမင်း ... ကြားလား ငိုသံ"

"အေး ... ဘေးအိမ်တွေကနေ့ တူတယ်။ မြတ်ဟိန်းနိုင် ပက်ထားလို့ အခန်းထဲက မဖြစ်နိုင်ဘူး"

"သေချာနားထောင်ကြည့် အခန်းထဲကဗျ"

လေသံအုပ်အုပ်နှင့် ပြောရင်း အသာနားစွင့်ကြည့်ကြ၏။ တတ်မသိသော ညည်းသည် (၂) ယောက် လာတည်း၏။ အခန်းနံပါတ် (၁၆)နှင့် (၁၇) မှာ ထည့်သိပ်ထား၏။

"ညည်းသည်တွေဖြစ်မှာပါ"

"ဟော ... စကားပြောသံတွေ ရန်ကြိတ်ဖြစ်နေသံဗျ။ သေချာနားစိုက်ထောင်ကြည့်"

ကိုမင်း နားထောင်နေ၏။ ပြီးမှ ...

"တောက် ... ဟုတ်တယ်ကွ။ ဟိုညည်းသည်ယောက်ျားနှစ်ယောက် အသံ မဟုတ်ဘူး။ လာကွာ သွားကြည့်ရအောင်"

"ဟာ ... မလိုက်ချင်ဘူး။ ကိုမင်းဘာသာ သွားကြည့်ဗျာ"

ကိုမင်း မရဲတရဲနှင့် ထသွားကြည့်၏။ အခန်း (၁၃) သော့ပါယူသွား၏။

"တောက် ..."

သော့လှည့်ဖွင့်သံ။

"ကျွီအီ ... အီ ... အီ ..."



www.burmeseclassic.com

www.burmeseclassic.com



တံခါးဖွင့်ကြည့်သည်။

ဓာတ်မီးနှင့်ထိုးကြည့်ပြီးမှ မီးခလုတ်ဖွင့်လိုက်သံက ရုတ်တရက် မီးပျက်ပြီးတစ်မြို့လုံး အမှောင်ကျသွား၏။

"အောင်မလေးဗျ ..."

ကိုမင်း ငယ်သံပါအောင် အော်ပြီး ဝရန်းသုန်းကားနှင့် ပြေးထွက်လာ၏။ တည်းခိုခန်းရဲ့ ညှော်ခန်းထဲရောက်တော့ ဖိုးဝါပါ သွေးပျက်မတတ် လန့်သွား၏။ ကိုမင်းပုံစံက ရင်တုန်မောပန်းတကြီးနှင့် ဟိုက်နေ၏။

"ကိုမင်း ... ကိုမင်း ... ဘာဖြစ်လို့လဲ။ ဘာတွေ့လို့လဲ"

"အီး ... အကောင်မဲမဲကြီး လမ်းကြားထဲမှာ ကားကားကြီး ရပ်နေတာကွာ နည်းတာကြီးမဟုတ်ဘူး။ ငါ လန့်ပြီး ဓာတ်မီးကျကျန်ခဲ့တယ်။ ငါ ... ငါ ပြန်အိပ်တော့မယ်။ ဒီမှာ မအိပ်ရဲတော့ဘူး"

ကိုမင်း အိပ်ရာလိပ်ပင်မယူ။ ညသန်းခေါင်ကျော်ကြီး သူ့အိမ်ကို သုတ်ခြေတင်သွားတော့၏။

မီးပျက်နေ၏။ ဖိုးဝါမှာ ဖယောင်းတိုင်ပဲရှိ၏။ အခန်းလမ်းကြား အတိုင်း လျှောက်လာသောခြေသံကို ကြားလိုက်ရ၏။ ဖိုးဝါ မျက်လုံးစုံမှိတ် ပြီး ဘုရားစာ ဖိရွတ်နေလိုက်၏။ ခြေသံတွေက ဖယောင်းတိုင်အလင်းရှိရာ ကိုမလာ။ ရပ်ပြီး ပြန်လှည့်လျှောက်သွား၏။

ဖိုးဝါ ကြောက်လန့်ပြီး ဆတ်ဆတ်တုန်နေမိ၏။ ဘုရားကာယမလိုက် ၍သာ။ ဘုရားကို ကျေးဇူးတင်ပြီး ဦးကုန်းချတာ ဘယ်နှကြိမ်မှန်းပင် မသိ တော့။ သိတဲ့အချိန်မှ မောပန်းနွမ်းနယ်ပြီး မှေ့ခနဲ အိပ်ပျော်သွားမိတော့ ၏။

✿ ✿ ✿

| ၄ |

❑

"ငါ့မြေး ... ငါ့မြေး ... ထစမ်း ..."

"အင်း ... အဲ ... ဘယ်သူလဲ ... အဲ ... အဘိုး"

"အေး ... ငါပဲ။ ငါ ခရီးထွက်သွားတုန်း မင်း ဘာလို့ အိမ်မှာ မနေတာလဲ။ ငါ့မှာ မင်းပျောက်သွားလို့ လိုက်ရှာလိုက်ရတာ ဒေါင်းတောက် နေတာပဲ။ အဝေးကြီးမှတ်လို့ကွာ။ လက်စသတ်တော့ ငါ့စက်ကွင်းထဲမှာပဲ ရှိနေတာကိုး"

"အဘိုး ... အဘိုး ... သားကိုကယ်ပါဦး။ သားလေ ဒီမှာ အလုပ် ဝင်နေတာ။ အဲဒါ ..."

"အဘိုးသိပြီးပြီ။ သူစိမ်းနှစ်ယောက် ငါတွေ့တယ်။ ညှော်သည်တွေ။ ငါ့မြေးကိုတော့ လာလုပ်လို့မရဘူး။ အဘိုးရှိတယ်။ မင်းပါးစပ်ဟစမ်း"

ဖိုးဝါလည်း အဘိုးရဲ့ အေးစက်စက်ကိုယ်လုံးကြီးကို လန့်လန့်နှင့် ဆော်တွယ်ပြီး ပါးစပ်ဟပေးလိုက်၏။ အဘိုးက ဖိုးဝါပါးစပ်ထဲကို ဘာလုပ် လိုက်မှန်းမသိ။ ပါးစပ်ပြန်စေ့ပေးလိုက်၏။

"မင်း အရေးအကြောင်း ကြီးငယ်ကြုံရင် အဘိုးသာ ??လိုက်။ အဘိုး ချက်ချင်းရောက်လာမယ်။ ညှော်သည်နှစ်ယောက်က ??င်မယားကွ။

www.burmeseclassic.com



ငါ့နယ်ထဲကမဟုတ်လို့ ငါ ချုပ်လို့မရဘူး။ ဒါပေမဲ့ ငါ့လူကို ထိရင်တော့ ငါ လုပ်လို့ရတယ်။ အဘိုးမှာတာ မမေ့နဲ့ ကြားလား''

''ဟုတ် . . . ဟုတ်ကဲ့ . . . အဘိုး''

ဦးတိုးကပြောပြီး လက်ညှိုးထောင်ပြကာ နောက်ဆုတ်နောက်ဆုတ် နှင့် လှေကားပေါက်ကနေ ပြောင်းပြန်ကြီး ဆင်းချသွား၏။ ဖိုးဝါက အားတိုး တကြီးလှမ်းခေါ်လိုက်စဉ် အိပ်မက်ထဲက လန့်နိုးသွား၏။ လန့်နိုးတော့ မိုးလင်း နေလေပြီ။

✿ ✿ ✿

| ၁ |

❑

''ညက ထပ်ခြောက်လှန့်သေးတယ်ဆိုတော့ မြတ်ဟိန်းနိုင် မစွမ်း သို့ပေါ့''

ဦးစန်းကြည်အပြောကြောင့် ကိုမင်းက ခေါင်းညိတ်ထောက်ခံနေ ၏။ လတ်ကြီး၊ ငထွန်း၊ ဒေါ်ပြုံးကြည်၊ ဖိုးဝါတို့ ဘေးနားက နားထောင်နေ ကြ၏။

''အဲဒါဆို ဘယ်လိုလုပ်ရမလဲ။ မကြာခဏ ပရိတ်ရွတ်ဖို့လည်း အဆင်ပြေပြန်သေးဘူး။ ဖန်ငွေကုန်ရင် လူကြီးက ငါ့ကိုဆူမှာ။ ထားလိုက်ကွာ။ ကျွတ်ချိန်တန်ရင် ကျွတ်သွားလိမ့်မယ်''

''ဦးလေး . . . ကျွန်တော်တော့ မအိပ်ရဲတော့ဘူး။ ကိုယ်ထင်ပြတာ ကြီးမှု။ နောက်ဆို လူကိုပါ ဝင်လုပ်နိုင်တယ်''

အားလုံး တိတ်ဆိတ် ရင်မောကုန်ကြ၏။ ထိုစဉ် အပေါ်ထပ်မှာ ထည်းခိုသူ အပြင်ကနေ ပြန်ရောက်လာ၏။

''မန်နေဂျာကြီး . . . ခင်ဗျားတို့ဆီမှာ တည်းလို့တော့ကောင်းပါတယ်။ ညအက်ဆို ဘေးအခန်းက ဆူတယ်။ ဒီကြားထဲ ဘာကောင်မှန်းမသိဘူး တံခါးလုံးပထွေးနဲ့အော်ပြီး ဝုန်းခနဲ ထွက်ပြေးသွားသေးတယ်''

www.burmeseclassic.com



အားလုံး အံ့အားသင့်ကုန်ကြ၏။ ဖိုးဝါက …

"ညှိုသည်ဦးလေးကြီး … ညက အခန်းအပြင်ဘက် ထွက်သေး လို့လား"

"ထွက်တာပေါ့၊ အသံကြားလို့ ထွက်ကြည့်တာ"

"အဲဒါဆို ဦးလေးကို အမှောင်ထဲမှာမို့ ကိုမင်းက သရဲထင်ပြီး လန့်အော်ပြေးတာဖြစ်မယ်"

အကြောင်းအကျိုးဆက်စပ်ကြည့်မှ ငိုအားထက် ရယ်အားသန်ကုန် ကြ၏။ ကိုမင်းလည်း ရှက်သွား၏။ ဦးစန်းကြည်က …

"ပရလောကသားတွေက လူကို ဘာလုပ်လို့ရမလဲ။ ဒီည ပြန် စောင့်အိပ်လိုက်ပါကွာ"

"ညှိုသည်တွေက ဒီညပြန်ကြမှာ"

"မအိပ်ရဲဘူးဗျာ"

"ဒါဆို ဖိုးဝါတစ်ယောက်တည်း ဖြစ်ပါ့မလား"

"ဦးစန်းကြည် လာအိပ်ပေးလိုက်ပေါ့"

"ဘယ်ဖြစ်မလဲ။ ငါ့မိန်းမနဲ့ ငါနဲ့က စညားကတည်းက ဘယ်တော့ မှ ခွဲမအိပ်ကြေး သစ္စာဆိုထားတာ အနှစ်နှစ်ဆယ်တောင် ရှိပြီ"

ကိုမင်း ခေါင်းကုတ်သွား၏။ ပြီးမှ …

"ထွေန်းရှိတယ်။ အပေါ်တက်စောင့်ပေးလိုက်"

ထွေန်းက သူ့ခေါင်းပြောင်ကို လက်နှင့်ဆွဲပွတ်ရင်း …

"မဖြစ်ဘူး။ ကျွန်တော့်မမ ရုပ်ဆိုးမကြီးဆီ ဒီည သွားအိပ်ရမှာ။ သူ့ဆီက ဖန်ဌေရမှုဖြစ်မှာ။ တော်ကြာ သူ့ဆီလာမအိပ်လို့ ဖန်ဌေဖြတ်ထား ရင် သွားပြီ"

"အရေးထဲ ထွေန်းကလည်း ဖွန်ကြောင်ဖွန်ကြောက်ကြီး ဖြစ်နေ သေးတယ်"

"ဒါလေးတော့ ခွင့်လွှတ်ပေးပါ … ဆရာမင်းရယ်"

ဦးစန်းကြည်က …

"ကဲပါကွာ … ဖိုးဝါ မင်း ယောက်ျားမဟုတ်ဘူးလား"





"ဟုတ်တယ် … ဦးလေး ပြရဦးမလား"

"မလိုဘူး။ မင်းက ဘာပြချင်တာလဲ"

"အဟဲ … သတ္တိရှိကြောင်း ပြမှာကို ပြောတာ"

အမှန်တော့ ဖိုးဝါက ဟာသပြက်လုံးကို စကားပြန်ဖြည့်လိုက်ခြင်း ဖြစ်၏။ ဦးစန်းကြည်အတွက် နင်းပြောစရာအကွက် ဖြစ်သွား၏။

"အေး … မင်း သတ္တိရှိကြောင်းပြရမယ်။ ဒီမှာ မင်းတစ်ယောက် တည်းပဲ အိပ်"

"ဗျာ … အဲ … အဲ့ဒါတော့ …"

"မင်းပြောပြီးပြီလေ။ ယောက်ျားလား။ ဂန်ဒူးလား"

"ယောက်ျားပါ … ဦးလေး"

"ပြောပြီး ကတိတည်တာမှ ယောက်ျားကွ"

"ဟုတ်ကဲ့။ ကျွန်တော့်အဘိုးကလည်း ယောက်ျားဆိုတာမျိုးပဲ ဖြစ် စေချင်တာပါ။ ကျွန်တော် အိပ်ပါ့မယ်"

"အေး … ဒီလိုမှပေါ့ကွာ"

လတ်ကြီးက လှမ်းနားထောင်နေရာက …

"ဒီနေရာမှာ ဂန်ဒူးဖြစ်ရတာ ကောင်းတယ်။ ယောက်ျားဖြစ်ချင် တဲ့ကောင်လေး တစ္ဆေခြောက်ခံရတော့မယ်။ မှတ်ကရော"

ဖိုးဝါ ဘာမှပြန်မပြောနိုင်။ အောင့်သက်သက်နှင့် ပြုံးနေလိုက်ရ တော့၏။ ဒီနေ့ညရောက်မှာကို ဖိုးဝါ အလွန်ကြောက်နေမိသည်မှာအမှန်။

✿ ✿ ✿

www.burmeseclassic.com

[ ၆ ]

❑

ဖိုးဝါတစ်ယောက်တည်း ညကိုးနာရီခွဲမှာ ကျန်ရစ်ခဲ့၏။ အောက်ထပ်မှာ ထွေန်းလည်း လာမအိပ်။ လတ်ကြီးကလည်း မရှိ။ အပေါ်ထပ်မှာလည်း လူမရှိ။ စိတ်က အလိုလိုနေရင်းကို ချောက်ချားနေ၏။ ဘုရားရှိခိုးပြီး ဧည့်ခန်းပေါက်ကို ဝင်သည့်နေရာမှာ ဂျိုင်ခုံတွေ ပလုံစီထားလိုက်၏။

ရုတ်တရက် လာလို့မရအောင် စည်းတားလိုက်ခြင်းဖြစ်၏။ အဘိုးအိမ်မှာတော့ အဘိုးမို့မကြောက်။ တည်းခိုခန်းမှာတော့ သူစိမ်းလင်မယားမို့ ကျောချမ်းမိ၏။ သေဆုံးသူတွေ မသေခင်မနက်က ဒေါ်ပြုံးကြည်ဆိုင်မှာ မနက်စာ ထမင်းကြော်နှင့် လက်ဖက်ရည်သောက်သွားကြသေး၏။

အောင်မင်းဆိုသောလူရဲပုံစံက စုပ်ချွန်းချွန်းနှင့်။ လူတွေကိုကြည့်လျှင် ဆင်ကြည့်ကြည့်တတ်၏။ သူ့မိန်းမတင်နွယ်ကတော့ မျက်နှာတည်တင်းတင်းနှင့် အသားညိုပြီး နဖူးထင်ထင်းပေါ်အောင် ဆံပင်ကို နောက်လှန်ဖီးထား၏။

တည်းခိုခန်းမှာ အကြားရအများဆုံးက မိန်းမအသံဖြစ်၏။ ငိုရှိုက်သံ၊ ထုရိုက်သံ၊ ပလုံးဗထွေး အပြစ်ပြောသံမျိုးတွေပါများ၏။ တောက်ခေါက်





သံကအစ မိန်းမအသံဖြစ်၏။ လူတွေကလည်း မိန်းမကသာကြမ်းတာယောကျ်ားက ဒီလောက်မဟုတ်ဘူးဟု ပြောကြ၏။

မတင်နွယ်ဆိုသော့မိန်းမ သရဲပုံကြီးပေါက်နေမှာကို မျက်လုံးထဲမြင်ယောင်မိလေ ဖိုးဝါရဲ့ ကျောရိုးထဲက စိမ့်ပြီး ကြောက်လာလေပင်။ အလုပ်ထွက်ချင်စိတ် ပေါက်နေ၏။ ရပ်ကွက်ထဲက လူတွေရော၊ တည်းခိုခန်းကခန်နေကျတွေပါ ဖိုးဝါကို သတ္တိရှိသည့်ယောကျ်ားဟု ထင်ထား၏။ အဲ့ဒီဒုက္ခလေး အပျက်မခံနိုင်။

အဲဒါကြောင့် ဖိုးဝါလည်း ကြောက်ကြောက်နှင့် အားတင်းထားရ၏။

"အခန်း(၁၃)မှာ မကျွတ်မလွတ်တဲ့သူတွေရှိရင် ကျုပ်ကို မခြောက်လှန့်ကြနဲ့ဗျာ။ ကိုယ့်အထာနဲ့ကိုယ် အေးအေးဆေးဆေးနေ။ ကျုပ်ကအလကားကောင်တော့မဟုတ်ဘူး။ ကျုပ်ကို လာမထိနဲ့။ ဘုရားရှိခိုးထားတာ။ သူတော်စင်တွေက မေတ္တာနဲ့ ပရလောကသားတွေကို အကြမ်းပတမ်း မဆုံးမရင်တောင် ကျုပ်အဘိုးရှိတယ်။ ကျုပ်အဘိုးသေတာ သုံးနှစ်လောက်ရှိပြီ။ ဒီကွင်းရဲ့ တွင်းပိုင်ကြီးဖြစ်နေတာ"

ပြောလက်စ စကားကို ရပ်တန့်ပြီး နားစွင့်လိုက်၏။ ငြိမ်တိတ်နေ၏။ ကြွက်သီးတွေကတော့ ပြောတိုင်းပြောတိုင်း ဖြန်းခနဲ ဖျင်းခနဲ ထနေ၏။ ခေါင်းကြီးလည်း ကြီးကြီးထွက်သွား၏။ မိန်းမတစ္ဆေလာမခြောက်အောင်ဟိန်းဟောက်ထားမှုဖြစ်မည်။

"ကျုပ်အဘိုးက ကျုပ်ကို သိပ်ချစ်တာ။ ဘဝခြားသွားတာတောင်လိုက်စောင့်ရှောက်တုန်းပဲ။ ကျုပ်ကိုထိတာနဲ့ ကျုပ်အဘိုးရောက်လာလိမ့်မယ်။ အဲဒီကျရင် ခင်ဗျားတို့ နာသွားလိမ့်မယ်။ ဘီလူးစည်း၊ လူ့စည်းဆိုသလို ကိုယ့်စည်းနဲ့ ကိုယ်နေ။ အသံဗလံတွေလည်း မပေးနဲ့ဗျာ"

ဖိုးဝါ ပြောပြီး စားပွဲနှစ်လုံးလောက်ဆက်ထားသည့် အိပ်ရာပေါ်တက်လှဲလိုက်၏။ ခတ်မီးကို ခေါင်းအုံးဘေးထားရ၏။ မီးခြစ်နှင့် ဖယောင်းတိုင်ကိုလည်း အရံသင့်ဆောင်ထားရသေး၏။ တစ္ဆေတွေက လျှပ်စစ်မီးကိုသစ်နေရာတည်းမှာ မလာအောင်လည်း သူတို့အစွမ်းနှင့် လုပ်ထားနိုင်ကြောင်း ကြားဖူး၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဓာတ်မီးဆောင်ထားခြင်းဖြစ်သည်။ ဓာတ်မီးရောင်ကို လည်း ဖျောက်နိုင်စွမ်းရှိ၏။ အဲ့ဒါကြောင့် မီးခြစ်နှင့် ဖယောင်းတိုင် ဆောင် ထားခြင်းဖြစ်၏။ အမှောင်ထဲမှာဆို လိပ်ပြာလွင့်သွားနိုင်၏။

ဖိုးဝါ လဲ့ပြီး မေးနေတုန်းမှာ လျှပ်စစ်မီးပျက်သွား၏။ ဒါကတော့ တစ်မြို့လုံး ပျက်သွားခြင်းဖြစ်၏။ ညဆယ်နာရီကျော်ပြီ။ လမ်းမပေါ်မှာရော အိမ်တွေမှာပါ လူခြေတိတ်နေပြီ။ ဒီနေ့ညကျမှ T.V အကြာကြီးကြည့်တယ် တဲ့အိမ်တွေပါ အိပ်ကုန်ကြပြီ။ မီးစက်နိုး၊ အင်ဗာတာဖွင့်ပြီး မကြည့်ကြ တော့။

ဖိုးဝါ မေးခနဲ ပျော်သလိုဖြစ်သွားစဉ် အခန်းထဲက အသံကြားလိုက် ရ၏။ ဂေါ်လီလုံး လိမ့်လိုက်သည့်အသံ။ ဖိုးဝါထကြည့်တော့ ဘာဂေါ်လီလုံး မှမတွေ့။ မီးပျက်နေ၍ ဖယောင်းတိုင်မီးထွန်းထား၏။

"ရှုပ် ... ရှုပ် ... ရှုပ် ... ရှုပ် ... အင်း ... ဟင်း ... ဟင်း ... ဟင်း ..."

ခြေသံနှင့် ညည်းတွားသံ တပြိုင်နက်တည်း ပေါ်လာ၏။

"ကျုပ်ကို မခြောက်နဲ့နော်။ ကျုပ် မကြောက်ဘူး။ ကျုပ် အဘိုး ရှိတယ်"

"ဟီး ... ဟီး ... ဟီး ... ဟီး ... ဟင်း ... ဟင်း ... ဟင်း ..."

ရယ်သံလိုလို၊ ငိုသံလိုလို အရာကြီး ပေါ်လာပြန်၏။

ဖိုးဝါထပြီး ကြောက်စိတ်ပြေဖို့ ဝုန်းဒိုင်းကျဲမည်ပြင်လိုက်၏။ ခန္ဓာ ကိုယ်တစ်ခုလုံး အကြောသေသလို လှုပ်လို့မရတော့။ ကြိုးစားလှုပ်ကြည့် သည်၊ မလှုပ်။ အသံကုန် အော်ဟစ်ကြည့်၏။ လည်ချောင်းထဲက အသံ ထွက်ပေါ်မလာ။ ဒါ အိပ်မက်လား။ အိပ်မက်ဆိုးကြီးလား မဟုတ်သေးပါ ဘူး။ ဖယောင်းတိုင်မီးရောင်ကို မြင်နေရ၏။

အခန်းတွေရဲ့ လမ်းကြားပေါက်ထဲက ဘွားခနဲ အရိပ်မည်းကြီး ပေါ်လာ၏။ ဖိုးဝါ မျက်လုံးစုံမှိတ်လိုက်ပြီး ဘုရားစာဖိရွတ်၏။ ကြောက်လွန်း ၍ သေးဖြန်းဖြန်းပါမိကုန်၏။ အနားကို တိုးလျှောက်လာ၏။ အပုပ်နံ့က





တထောင်းထောင်းနှင့်။ ဖိုးဝါ မျက်လုံးဖွင့်ကြည့်လိုက်ပါက တန်းပြီး လိပ်ပြာ လွင့်သွားနိုင်၏။

ဖိုးဝါထွက်ပြေးဖို့ အားကုန်ရုန်းကန်၏။ ရုန်းလေ လှုပ်မရ။ အား ကုန်ပြီး ခေါင်းထဲ မိုက်ခနဲဖြစ်ကာ သတိလစ်သလို ဖြစ်သွား၏။ ဖိုးဝါ ဖျတ် ခနဲ သတိပြန်ရချိန်မှာ ပက်လက်လဲနေသော ဖိုးဝါကိုယ်ပေါ်ကို ဆံပင်စုတ် များနှင့် မဲမဲကောင်မကြီး တက်ဖိပြီး လည်ပင်းကို စုံကိုင်ညစ်ထား၏။

"အဘိုးရေ ... အဘိုး ... ကယ်ပါ"

စိတ်ထဲက ပြင်းပြင်းထန်ထန်၊ လန့်လန့်စူးစူး တလိုက်၏။ ဆံပင် ရှတ်ဖွားနှင့်မိန်းမကြီးကို နောက်ကနေ ဆောင့်ဆွဲသလို ဖြစ်သွား၏။

"ဝုန်း ... ဘုန်း ..."

ဖိုးဝါကိုယ်ပေါ်က မိန်းမမဲမဲကြီးကို ဆောင့်လွှဲပြီး နံရံကိုပိတ်ပစ် လိုက်၏။ မဲမဲမကြီး အောက်ပြုတ်ကျသော်လည်း ချက်ချင်း ပြန်ထလာ၏။ ဖိုးဝါဘက်က တိုက်ခိုက်ပေးသော အကောင်ကြီးမှာ မာန်စွယ်အငွေ့သား နှင့်။ မဲမဲမကြီးအပေါ် ခုန်အုပ်လိုက်၏။ လုံးထွေးသတ်ပုတ်ကြ၏။ ဖိုးဝါ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ကာ နံရံမှာ ပြားနေအောင် ကပ်ထားလိုက် ၏။

အကောင်ကြီးနှစ်ကောင် လုံးထွေးသတ်ပုတ်ရင်း ဖိုးဝါကိုယ်ပေါ် ထပ်ကျလာ၏။ ဖိုးဝါ အသံကုန်အော်ဟစ်လိုက်မိ၏။ ကြောက်စိတ်က ငယ် ထိပ်က ပွင့်ပေါက်ထွက်သွားသည့်အလား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

❑

"ဖိုးဝါ ... ဟေ့ကောင် ... ဖိုးဝါ၊ သတိရပြီလား။ သတိရပြီလား"

"အင်း ... ဟင်း ... ဟင်း ..."

"ဖိုးဝါ ... ထစမ်း၊ ငါပြောတာ ကြားလား၊ သိလား။ ငါ အိမ်က ဝင်းနိုင်လေ။ ဒီဘက်က စိန်ကုလား၊ လူတွေအများကြီး ရောက်နေကြပြီ။ မင်း ဘာမှမကြောက်နဲ့တော့"

ဖိုးဝါက အိပ်ပျော်ရာက ထမင်းလုံးတစ္ဆေခြောက်သလို စတာခွဲရာ မြင်မက်ပြီး လိပ်ပြာလွင့်မတတ် ကြောက်လန့်သွားခြင်းဖြစ်၏။

"အ ... အဘိုး ... အဘိုးရော ..."

"ဘာလဲ ... မင်းအဘိုးက သေတာဖြင့် ကြာလှပြီ။ မင်း ဘာဖြစ်လို့ ခုနစ်သံချီပြီး ငယ်သံပါအောင် ခွေအော်နေတာလဲ။ မင်းအော်သံကြားလို့ ငါတို့စိတ်ပူပြီး လူစုလာကြည့်ကြတာ"

ဖိုးဝါ သဘောပေါက်သွား၏။ ရေတစ်ခွက်တောင်းသောက်ပြီး အိပ်မက်ဆိုးလိုလို၊ တကယ်လိုလိုဖြစ်ခဲ့တာကို ပြန်ပြောပြမိ၏။ ဖိုးဝါးရဲ့လည်ပင်းမှာလည်း ဆုပ်ညှစ်ခံထားရသလိုလို ညိုမဲနေ၏။ ချောင်းတဟွတ်ဟွတ်ပင်





မဆိုးလိုက်နိုင်ရှာ။ ဖိုးဝါ ဆက်မအိပ်ရဲ။ လူကြီးတွေက အိမ်ကို ဆိုင်ကယ်နှင့်ပင် ပြန်ပို့ပေး၏။

တော်ပါပြီ။ ယောက်ျားကောင်းဘွဲ့လည်း မလိုချင်တော့ပါဘူး။ တစ်ခွဲတစ်လမ်း အကဲစမ်းခံလိုက်ရတာ ကိုယ်တွေ့မယုံနိုင်စရာမို့ ဖိုးဝါ တုန်လှုပ်ပြီး သုံးရက်လောက် ဖျားနာသွား၏။ ညဘက်ရောက်တော့ ဖိုးဝါကို အဘိုးက အိပ်မက်လာပေး၏။

· တစ္ဆေလင်မယားကို နှင်ထုတ်လိုက်ပြီဖြစ်ကြောင်း၊ အဘိုးလည်း ကျွတ်ချိန်တန်ပြီ။ ဘုန်းကြီးကျောင်းမှာ ခြေသုတ်ခုံ၊ နေကထိုင် လှူပေးပါဟု တောင်းဆို၏။ ဖိုးဝါရသည့်လခထဲက ဝယ်လှူပေးလိုက်၏။ လှူသည့်နေ့မှာ အဘိုး အိပ်မက်ထပ်ပေး၏။ ကောင်းတဲ့ဆီကို သွားရတော့မည်ဟု သာနှုတ်ဆက်သွား၏။

ဖိုးဖါ နေပြန်ကောင်း၍ တည်းခိုခန်းမှာ အလုပ်ပြန်ဆင်းသောအခါ ဦးစန်းကြည်က ...

"ငါတို့တည်းခိုခန်းကို ပရိတ်ရွတ်ပြီးမှ ပြန်ဖွင့်မယ်လို့ တိုင်ပင်နေကြတာ"

"အခုညပဲ ပြန်ဖွင့်ပါ။ နောက်မှ ပရိတ်ရွတ်လည်း ရွတ်ပါ။ တစ္ဆေလင်မယားလည်း မရှိကြတော့ပါဘူး။ အဘိုးက အိပ်မက်လာပေးခဲ့တယ်"

ဖိုးဝါရဲ့ ပြောပြချက်ကို ဦးစန်းကြည်၊ ကိုမင်း၊ လတ်ကြီး၊ ထွန်းအေးမြူးကြည်တို့ မယုံတစ်ဝက်၊ ယုံတစ်ဝက်တွေ ဖြစ်ကုန်ကြ၏။ ဦးစန်းကြည်က ...

"ကဲ ... ဒီလိုဆို ဒီည မင်းတစ်ယောက်တည်း အိပ်ရဲသလား။ မရှိတော့ဘူးဆိုရင် အိပ်ပြရဲရမှာပေါ့"

"အိပ်ရဲတယ်"

"လုပ်ပြန်ပြီ။ လိပ်ပြာလွင့်သေမှ အမှုပတ်နေဦးမယ်"

"တကယ်အိပ်မယ်ဗျာ"

ဖိုးဝါက တစ်ည အိပ်ပြလိုက်ရ၏။ တကယ်လည်း ဘာသံမှမကြားတော့။ ချိုးခနဲ ချွက်ခနဲ အသံပင်မပေး။ အဘိုးအိပ်မက်ပေးခဲ့သည့်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



က မှန်ကန်နေ၏။ နောက်နေ့မှာ ဦးစန်းကြည်တို့တစ်ဖွဲ့လုံး ဖိုးဝါပြောတာ
ကို ယုံသွားကြ၏။

အားလုံး ပိုပြီးစိတ်ရှင်းသွားရန် အန္တရာယ်ကင်းပရိတ်တရား နာ
လိုက်ကြ၏။ နောက်ပိုင်းမှာ တည်းခိုခန်း ပြန်သန့်သွား၏။ ဖိုးဝါဆိုသော
ကောင်လေးလည်း ရာထူးနှင့်လစာ တိုးသွား၏။ ယာယီဝန်ထမ်းကနေ တရား
ဝင်ဝန်ထမ်းဖြစ်သွား၏။

ဖိုးဝါ တစ်သက်မှာ တစ်ခါသာ ကြုံဖူးလိုက်ရသည့် ပရဆန်းကြယ်
အဖြစ်အပျက်ကို တည်းခိုခန်းကလည်း လူတိုင်းအား ပြောကြမိ၏။ အခန်း
နံပါတ်(၁၃)ကိုတော့ ဘယ်သူမှမနေရဲကြ၍ စတိုခန်းအဖြစ် လုံးလုံးလျားလျား
ပြောင်းလဲပစ်လိုက်ရလေတော့သတည်း။



www.burmeseclassic.com

| ၁ |

❑

ပြာရီမှိုင်းစပြုနေသော ကောင်းကင်အောက်တွင် တိမ်လိပ်တိမ်တိုက်များတို့သည် အဆုပ်လိုက် အခဲလိုက် ရွေ့လျားလွင့်ပါးနေကြသည်။ ကောင်းကင်ပြင်သည် လိမ္မော်ရောင်နေခြည်အသွေးနှင့် နေမင်းကြီးကိုပင် ဖုံးအုပ်ရန် ကြိုးစားနေသော်လည်း သူရိန်နေမင်းက အနောက်ဘက်တောအုပ်ကြီးအတွင်း ဟိုမှာဘက် မိုးကုပ်စက်ဝိုင်းကြီးဆီသို့ တအိအိတိုးဝင်တော့မည့်အချိန်၊ ရိုးမကြီးသည် အစိမ်းတစ်ဝက် အဝါတစ်ဝက် ရောဖက်ထားသည်။

လေပြင်းကလေးများတို့က တဖြူးဖြူးတိုက်ခတ်နေသဖြင့် အစိမ်းနှင့် အဝါရောထွေးနေသော ရိုးမရင်ခွင်ကြီးသည် ရော်ရွက်ညောင်းတို့ကလေနှင့်အတူ လွင့်မျောပြန့်လွင့်နေသည့်မြင်ကွင်းသည် ညနေအိုနေရီချိန်သို့ရောက်နေသည့်အလား သဘာဝလွှန် ပန်းချီကားတစ်ချပ်သဖွယ် လွန်စွာလှပလွန်းနေသည်။

ရိုးမရှိုင်းရိုင်းကြီး၏ရင်ခွင်တွင်း သစ်ရိုင်းပင်ကြီးများ၊ တောအုပ်ကြီးများ၊ ချုံနွယ်ပိတ်ပေါင်း၊ လျှိုမြောင်ချောက်ကမ်းပါးများအပြင် တောင်စဉ်တောင်သွယ်တောင်တန်းကြီးများတို့နှင့်အတူ သူ့သဘာဝအတိုင်း လှရေးကြွယ်နေသည့်ကလည်း လွန်ကဲနေသည်မို့ သိက္ခာတစ်ခွဲသားနှင့်။





ထိုအချိန်တွင် အရွယ်မျိုးစုံပါဝင်သော တောဆင်ရိုင်းတစ်အုပ်သည် တစ်ကောင်၏ကျောပေါ်သို့ နောက်မှကပ်လိုက်လာသည့် နောက်တစ်ကောင်က သူတို့၏နှာမောင်းကြီးကိုတင်လျက် အရှည်လိုက်ကြီး တန်းစီလျှောက်လှမ်းနေကြရင်းမှ တစ်နေရာဆီသို့အရောက်တွင် သစ်ရိုင်းပင်အမြင့်ပိုင်းတွင် ရှိနေကြသော သူတို့စား၍ရမည့် သစ်ရွက်၊ သစ်ခက် အညွန့်အဖူးများတို့ကို နှာမောင်းကြီးများတို့နှင့် လှမ်း၍ဆွဲယူကာ စားသောက်နေကြသော်လည်း သူတို့နှင့်ရောထွေးကာ ပါလာကြသည့် ဆင်ပေါက်ငယ်ငယ်ကလေးတို့မှာ တောချုံပင်များတို့အထက်တွင် ရှိနေကြသည့် ရွက်နုများတို့ကိုပင် ခဲရာခဲဆစ်လှမ်းဆွဲကာ တပျော်တပါး စားသောက်နေကြသည်။

အမှန်တော့ သည်ဝန်းကျင်သည် သူတို့အုပ်စုအတွက် ဘေးအန္တရာယ်မရှိနိုင်။ သူတို့နှင့်ပါလာကြသည့် ဆင်ငယ်ဆင်ပေါက်များတို့အတွက်လည်း ဘေးကင်းရာဟူသောအထင်ဖြင့် တပျော်တပါး စားသောက်နေကြသော်လည်း သူတို့နှင့်ပါလာသော ဆင်ပေါက်ကလေးများကို သစ်ရိုင်းပင်ကြီးတစ်ပင်၏ အကိုင်းကြီးထက်ဆီမှ သွားစွယ်ကြီးများတို့အဖွေးသားနှင့် အောက်ဘက်ကိုငုံ့လျက် ခြောင်းမြောင်းစောင့်ကြည့်နေသော သစ်ဆင်ကြီးတစ်ကောင်ကို သူတို့ သတိမပြုလိုက်မိကြဟန်မတူ။

သစ်ဆင်ကြီးကား အကောင်ကြီးပြီး အရိုင်းစိတ်အပြည့်ရှိနေသည့် သတ္တဝါမို့ သူ့အတွက် အခွင့်အရေးရပါက တောဆင်ရိုင်းပေါက်လေးတစ်ကောင်ကောင်ကို ခုန်အုပ်ကိုက်ခဲရန် စိတ်ရှည်လက်ရှည် ငြိမ်သက်စွာစောင့်စားနေသည့်သဏ္ဌာန်။

ကောင်းကင်ပြင်သည် စောစောကအစိမ်းအဝါ ရောထွေးနေသောအနေအထားမှ အပြာရောင်ဘက်ဆီသို့ ပြောင်းသွားရင်း၊ တစ်မုဟုတ်ချင်းဆိုသလိုအုံ့မှိုင်းကာ အခါမဟုတ်ဘဲလျက် လျှပ်ပန်းလျှပ်နွယ်များတို့က ပြိုးပြိုးပြက်ပြက် လင်းလက်လာကြသည်နှင့်အတူ မိုးခြိမ်းသံကြီးများကိုလည်း ဆင့်ကာဆင့်ကာ ကြားလာခဲ့ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ မိုးသားများတို့က မည်းသွားပြီး တောင်မကြီးဘက်သို့ တိုက်ခတ်လိုက်သော လေပြင်းများနှင့်အတူ သစ်ရိုင်းရွက်ကြီးများတို့မှာ ေ တိုးသံများတို့နှင့် သောသောညံကာ လွှမ်းသွားပေသည်။

တောဆင်ရိုင်းများတို့ကား ပြုတော့မည့်မိုးကို ငုံလင့်နေ၍လားတော့ ဖြင့်မသိ၊ စောစောကထက် ပိုမိုမြူးကြွ ပျော်ရွှင်လာကြပုံရသည်။ ဆင်ပေါက် ကလေးများတို့မှာ မိခင်ဆင်မကြီးများတို့ ဗိုက်အောက်ဆီတိုးဝင်လိုက်၊ ေ ဘက်များတို့ဆီသို့ ပြေးထွက်ဆော့ကစားလိုက် လုပ်ကြရင်း မိခင်ဆင်မကြီး များ၏နို့ကို နှာမောင်းကလေးများတို့နှင့် ဖမ်းဆွဲလိုက်၊ ပါးစပ်ဖြင့် ငုံလိုက် ဘေးသို့ပြေးထွက်လိုက်နှင့် ပျော်ရွှင်စွာ ဆော့ကစားနေကြစဉ် …

✿ ✿ ✿

[ ၂ ]

❑

ရှာခံလမ်းပြမုဆိုး 'ပေါလု'သည်ပင် သည်ရိုးမကြီးကို ကျွမ်းလှပါ သည်ဟု ဆိုစေကာမူ အနက်ရှိုင်းဆုံးသောနေရာဖြစ်သဖြင့် အပြန်လမ်းကို ရှာမတွေ့။ ဝေဝေဝါးဝါးဖြစ်နေရသည့်အထဲ ရုတ်တရက်ရွာချလိုက်သောမိုး ကြီးကြောင့် ရိုးမကြီးတစ်ခွင်လုံး အမှောင်ဘက်ဆီသို့ လှနေသလို၊ လတ် တလော ပြိုးပြိုးပြက်ပြက် လင်းလက်လာသော လျှပ်ပန်းလျှပ်နွယ်များတို့ ကြောင့် အလာတုန်းက မှတ်သားထားခဲ့သော အမှတ်အသားများကိုပင် မတွေ့တော့။ မထူးတော့ပြီမို့ မိုးခိုရန်အတွက် အကာအကွယ်ရနိုင်မည့်နေရာ ကို ရှာရင်း စွန့်စွန့်စားစား တောကြီးအတွင်းတိုးဝင်နေခဲ့သည်မှာ အတွင်း ပိုင်းဆီသို့ ရောက်ရှိလာခဲ့ကြသည်ကို နှစ်ဦးစလုံး မသိခဲ့တာက အမှန်။

ရှာခံမုဆိုး ပေါလု၏ အရိပ်အကဲကိုကြည့်ရင်း ကျွန်တော်က တိုင် ဆောင်ထားသော သေနတ်၏မောင်းထိန်းခလုတ်ကို ရှေ့သို့တွန်းပို့ကာ အရေး ရှိက အသင့်ပစ်ခတ်နိုင်ရန် အနေအထားနှင့် နောက်မှ အသာလိုက်သွား နေမိသည်။ ပေါလုက သူရောက်ရှိနေသောနေရာ တောင်ကုန်းအစောက်ဆီမှ ကျွန်တော့်ထံသို့ နောက်ပြန်လှည့်ကြည့်လိုက်ရင်း သူ့ထံသို့ အမြန်ဆုံးတက် လာရန် အချက်ပြနေသဖြင့် အမြန်တက်လိုက်ပြီး သူ့နည်းအတိုင်း မြေပြင်

www.burmeseclassic.com

www.burmeseclassic.com



တွင် ဝပ်လျားမှောက်လျက် အနိမ့်ပိုင်း မြေပြင်ချိုင့်ဝှမ်းကြီးအတွင်းဆီသို့ လှမ်းကြည့်လိုက်တော့ တွေ့မြင်လိုက်ရသည့် မြင်ကွင်းက တုန်လှုပ်စရာ။

အရွယ်မျိုးစုံပါဝင်သော တောဆင်ရိုင်းအုပ်ကြီးတစ်အုပ်အပြင် သူတို့အလယ်တွင် ထီးထီးကြီးပေါက်နေသည့် 'မယ်ဇယ်ပင်'ကြီး၏ ကြီးမားသော အကိုင်းကြီးတစ်ကိုင်းအထက်ဆီတွင် မိုက်ရှပ်ကပ်လျက် ဝပ်စင်းရင်း အလစ်အငိုက်တွင် အောက်ဘက်ဆီရှိ တောဆင်ရိုင်းကြီးများတို့အကြားမှ ဆင်ပေါက်ကလေးများတို့ကို ခုန်အုပ်ကိုက်ခဲဖို့ အောက်သို့ငုံ့ကာ အာရုံစိုက်နေသည့် သစ်ဆင်ကြီးတစ်ကောင်တို့၏ မြင်ကွင်းပင်။

မိုးကလည်း သည်းနေသလို လေပြင်းကလည်း တိုက်နေသည်မို့ တောဆင်ရိုင်းအုပ်ကြီးအတွင်းမှ ဆင်ပေါက်ကလေးများကား ပျော်ရွှင်ဝမ်းသာနေပုံနှင့် သူတို့၏နှာမောင်းကလေးများတို့ကို ဦးကင်းဆီသို့ကပ်လိုက်၊ မိုးပေါ်သို့ ပင့်မြှောက်လိုက်ကြရင်း 'တဝူးဝူး .. တကျည်ကျည်' အော်ရင်း မပီမသ ဟစ်ကြွေးနေကြသည်။

တောဆင်ရိုင်းအကောင်ကြီးများတို့ကား 'မယ်ဇယ်ပင်' ထက် သစ်ကိုင်းကြီးပေါ်တွင် သူတို့အုပ်စုအတွင်းမှ ဆင်ပေါက်ကလေးများတို့ကို အန္တရာယ်ပေးမည့် သစ်ဆင်ကြီးတစ်ကောင် ငြိမ်သက်စွာ ပုန်းကွယ်ချောင်းမြောင်းနေသည်ကို ရိပ်မိပုံမရသလို၊ မိုးဒဏ်နှင့်လေဒဏ်တို့ကြောင့် အနံ့အသက်များကို ရကြပုံမပေါ်သလို ရိပ်မိပုံလည်းမရကြသဖြင့် လတ်တလော ရွာချလိုက်သည့် မိုးရွာသွန်းလိုက်မှုအပေါ် အပျော်ကြူးရင်း စားကောင်းမည့် သစ်ရွက်သစ်ညွန့်များတို့ကို နှာမောင်းများနှင့် ဆွဲယူချိုးဖဲ့ကာ စားသောက်နေကြသည်မို့ ကျွန်တော်က တောဆင်ရိုင်းအကောင်ကြီးများနှင့် အတန်ငယ်အလှမ်းဝေးသောနေရာတွင် ရောက်ရှိပျော်မြူးနေကြသည့် ဆင်ပေါက်ကလေးတစ်ကောင်အား ခုန်အုပ်တော့မည့် သစ်ဆင်ကောင်ကြီးအား ကိုင်ဆောင်ထားသည့်သေနတ်နှင့် ပြောင်းတန်းကာ ချိန်ရွယ်ထားလိုက်မိပေတော့သည်။

ထိုစဉ် မိုးခြိမ်းသံများနှင့်အတူ လျှပ်တစ်ချက်ဝင်းလက်သွားပြီး မိုးကြိုးပစ်ချလိုက်သည့်အသံကြီးနှင့် သဲသဲမဲမဲရွာချနေသောမိုးကြောင့် ရိုး





ကြီးကား ကြောက်စရာအသွင်မျိုးနှင့် မည်းမှောင်ကာ လေပြင်းတိုက်ခတ်သံနှင့်ကလည်း ပိုလာသည်။

ကျွန်တော်တို့နှစ်ဦး တောင်ကမ်းပါးယံထက် အမိုးအကာမဲ့ကြားမှ သစ်ဆင်ကောင်ကြီး၏လှုပ်ရှားမှုကို အလွတ်မပေးစတမ်း ရှုရှုစိုက်စိုက်ကြည့်နေလိုက်ကြစဉ်အတွင်း သစ်ဆင်ကောင်ကြီးက လတ်တလော ရာသီဥတု ဖောက်ပြန်နေမှုကို အခွင့်အရေးယူလျက် ဆင်ပေါက်ကလေးတစ်ကောင်ကို ခုန်အုပ်ကိုက်ခဲဖို့ သစ်ကိုင်းကြီးထက် ပြားနေအောင်ဝပ်စင်းနေရာမှ အမြီးကို တယမ်းယမ်းလှုပ်ရှားရင်း သစ်ကိုင်းထက်မှအားယူလိုက်စဉ် ...

"ဒိုင်း"

အမြိုးအတေးကြီးစွာ ရွာချနေသောမိုးနှင့် တိုက်ခတ်နေသည့် လေပြင်းတို့အကြားမှ ကျွန်တော်ကိုင်ဆောင်ထားသော သေနတ်၏ပေါက်ကွဲသံကြီးက အောင်မြင်စွာ ထွက်ပေါ်သွားပေသည်။ သေနတ်သံကြီးနှင့်အတူ ကြောက်စရာအကောင်းဆုံးသော တောရိုင်းတိရစ္ဆာန် သစ်ဆင်ကောင်ကြီးမှာ သူ့အထက်တွင် အနီးကပ်ရန်သူရှိနေသည်ကို မသိလိုက်ရခြင်းအတွက် ဒီဟာ ခပ်ညံ့ညံ့အကောင်တစ်ကောင်ပါလားဟူသော အတွေးကို ဆုံးခန်းတိုင်အောင် တွေးမသွားနိုင်ရှာဘဲ အထက်လက်ပြင်နှစ်ခုကြားကို ချုပ်ပြီးအပေါ်စီးမှ ပစ်သွင်းခံလိုက်ရသော ကျည်ခဲလုံးများ၏ဒဏ်ကြောင့် ပြင်းထန်သာဝေဒနာကို ခံစားလိုက်ရသည့်အသွင်နှင့် ကျောကော့ကာ သေငယ်အဖြင့် အသံနက်ကြီးနှင့် ငယ်သံငယ်ရင်းပါအောင် ကျူးကာအော်ဟစ်လိုက်ရင်း မြေပြင်ထက်ဆီသို့ ဖွဲ့အိတ်ကြီးတစ်အိတ် ပစ်ချလိုက်သည့်ပမာ ဒုန်းခနဲ ပစ်ကျသွားပြီး မချိမဆံ့နှင့် နာနာကြည်းကြည်း ဟိန်းဟောက်ရင်း အသွားအလူးလူးဖြင့် မြေပြင်တွင် လူးလှိမ့်နေပေသည်။

တခုပ်တမ့် အစာကိုအငမ်းမရဆွဲယူကာ စားသောက်နေကြသည့် တောဆင်ရိုင်းအုပ်သည် ယခုမှပင် အသိတရားဝင်ပြီး အိပ်ရာမှ နိုးထလာကြသူများတို့ပမာ သူတို့အတွက် အနီးကပ်အန္တရာယ်ရှိနေကြပြီဟူသော အသိကြောင့် စားလက်စအစာများကိုစွန့်လျက် သူတို့ထိန်းကျောင်းနေကြသည့် ဆင်ပေါက်ကလေးများရှိရာဆီသို့ ကဆုန်စိုင်း စုပြုပြေးလွှားလာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆင်ပေါက်ကလေးမှာ သူ့တွင် အန္တရာယ်လက်တစ်ကမ်းတွင် ရှိနေသည်ကို သိရှိပုံမပေါ်ဘဲ ကောင်းကင်ထက်မှ အရှိန်အဟုန်နှင့် ပစ်ကျလာပြီး ရှုရှုဒါးဝါးမြေပြင်တွင် သွေးသံရဲရဲတို့နှင့် အော်ဟစ်နေသော အကောင်ကြီးကို . . .

"ဟ . . . ငါတို့နဲ့လည်း မတူပါလား။ ဘယ်လိုအကောင်စားမျိုးက ကြားလိုက်ရတဲ့အသံကြီးကြောင့် ယခုလိုအဖြစ်မျိုးကို ရောက်နေရပါကလား"

ဟူသော ရှုရှုစမ်းစမ်းအတွေးမျိုး၊ အကြည့်မျိုးနှင့် ငူငူငိုင်ငိုင်ကြည့်နေစဉ် သစ်ဆင်ကောင်ကြီးမှာ သူ၏ဝန်းကျင်တွင် စက်ဝိုင်းသဏ္ဍာန်ဝိုင်းပတ်ကာ နေရာယူထားကြသော တောဆင်ရိုင်းအုပ်ကြီးအတွင်းမှ ဖောက်ထွက်နိုင်ဖို့ ရုန်းထလိုက်စဉ် ဝေါခနဲ တောဆင်ရိုင်းအုပ်ကြီး၏ နှာမောင်းများနှင့်ရိုက်သံ၊ တိုးဝှေ့နင်းချေခံလိုက်ရသဖြင့် အရိုးများကျိုးသံ၊ အစွယ်များထိုးနှင့်ဝိုင်းကာ အထိုးခံလိုက်ရသည့်အကြားတွင် အသက်ပျောက်ကာ ပြားချပ်ချပ်ပုံစံ ဖြစ်သွားသည့်မြင်ကွင်းကို တွေ့မြင်လိုက်ရပေတော့သည်။

✿ ✿ ✿

| ၇ |

❑

အမှတ်မထင်ရွာချလိုက်သော မိုးနှင့်လေဒဏ်တို့ကြောင့် ဝေ့ဝေ့ဝါးဝါးဖြစ်နေသည့် လမ်းအမှတ်အသားများက ပို၍ပင် ပျက်စီးကုန်ကြလေပြီ။

ဆင်အုပ်ကြီးအတွင်းမှ တောဆင်ရိုင်းငယ်ကလေးအသက်ကို အကာအကွယ်ပေးခဲ့ပြီး တောဆင်ရိုင်းအုပ်များနှင့် လွတ်ရာလွတ်ကြောင်းရှောင်ကာ နှစ်ဦးသား ထွက်ပြေးလာခဲ့ရသည်မှ မောဟိုက်ကာ ပင်ပန်းသည့်အပြင် အအေးဒဏ်၏ဖိစီးခြင်းကိုလည်း ခံလာရပြန်သည်။ ပို၍ဆိုးသည်က အချိန်မဟုတ် မိုးရွာချလိုက်ခြင်းကြောင့် ဘယ်ကဘယ်လို ထွက်လာကြမှန်းမသိသော တောခြင်ရိုင်းကြီးများ၊ တောဖြုတ်ကောင်များတို့၏ ကိုက်ခဲခံရခြင်းဆိုက မသက်သာ၊ တစ်ကိုယ်လုံး အဖုအပိမ့်များတို့ထွက်ကာ ယားယံခြင်းဒဏ်ကို ခံရသည့်ဒဏ်ကပိုဆိုးသည်။ ယခုထက်တိုင် လမ်းစကို ရှာမရသေး။

တောဆင်ရိုင်းအုပ်က သူတို့၏သားကလေးအသက်ကို ကယ်တင်ထားသည့် ကျေးဇူးရှင်ကိုသိမည်မဟုတ်၊ ကျွန်တော်တို့ကိုတွေ့လျှင် ရန်မူအထင်နှင့် လိုက်လာကာ ရန်ရှာနိုင်သေးသည်။ အသက်ဘေးမှ ပင်ပန်းသော်လည်း မနားရဲ။ လမ်းစကို ရှာနေရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု ကျွန်တော်တို့နှစ်ဦး ရောက်ရှိနေသည့် မိုးမအတွင်းပိုင်းကြီး သည် ရွာခံလမ်းပြမှုဆိုး ပေါလုပါသည်ဆိုသော်လည်း မည်သို့မျှ မတတ်နိုင် သလို ကျွန်တော့်အတွက်ကလည်း အစိမ်းသက်သက်မို့ အရှေ့အနောက် တောင်မြောက်မမှန်းဆနိုင်သဖြင့် နှစ်ဦးစလုံးအဖို့ ဝက်ပါထဲ မျက်စိလည်နေ ကြသလိုပင်။

မိုးသက်လေပြင်းများ၏ဒဏ်ကြောင့် သစ်ကိုင်းသစ်ခက်များ ပြိုလဲ ကျိုးကျကုန်သလို ချောက်ကမ်းပါးယံများတို့လည်း ပြိုကျသဖြင့် လမ်းစကို လုံးဝရှာမရ။ ဗိုက်ထဲမှ ဆာလောင်မွတ်သိပ်သည့်ဒဏ်ကိုလည်း တင်းခံတောင့် ထားသော်လည်း လေကအောင့်လာပြီး လမ်းပင်မလျှောက်နိုင်တော့။ ပေါလု အိတ်အတွင်းပါလာသော အရက်ပုလင်းကိုထုတ်ယူပြီး နှစ်ဦးသား မော့ပစ် လိုက်ကြပေသည်။ ပြီးမှ အတန်ငယ် နွေးထွေးလာကြသဖြင့် လမ်းစကိုရှာ ရန် ဆက်လက်လျှောက်လှမ်းလိုက်ကြပေသည်။

တောအုပ်ကြီးအတွင်းမှ လွန်မြောက်တော့ မြက်ရိုင်းတောကြီးက ရှေ့မှ ဆီးကြိုနေပြန်သည်။ မိုးရေများစိုထားသော မြက်ရိုင်းခြောက်များတို့ ထူထပ်နေသဖြင့် လမ်းကို ပိုမိုဂရုစိုက်နေကြရသည်။ ထိုစဉ် ...

"ရှီး ... ဖျိုး ... ဖျိုး ... ဖျိုး ..."

နှစ်ဦးသား မြက်ရိုင်းတောကြီးအတွင်း သတိထားကာ ဖြတ်သန်း နေကြစဉ်အတွင်း လက်ဝဲဘက် ကျူပင်၊ ကိုင်းပင်များနှင့် ရောထွေးနေသည့် မြက်ရိုင်းတောကြီးအထက်ပိုင်းဆီမှ မာန်ဖီရန်လိုသံကြီးတစ်သံကို ကြားလိုက် ရသဖြင့် အသံကြားလိုက်ရာဆီသို့ ကိုင်ဆောင်ထားသည့်သေနတ်နှင့် ထိုး ချိန်ရွယ်လိုက်ရင်း လှမ်းကြည့်လိုက်ရာ အပင်ခြောက်များစုပုံနေသည့် အုံ ကြီးဘေးဘက်ဆီမှ ပါးပျဉ်းကြီးကိုထောင်ကာ ခွက်လျက် ကျွန်တော်တို့နှစ်ဦး အား လှမ်းပေါက်ဖို့ရန်မူနေသည့် မြွေကြီးတစ်ကောင်ကို တွေ့မြင်လိုက်ရ သဖြင့် ပစ်ခတ်တော့မည်အလုပ် ...

"ဘိုလေး ... နောက်ဆုတ်၊ နောက်ကိုပြန်ဆုတ်၊ သွားမပစ်လိုက် နဲ့။ အသိုက်ဝင်နေတာ။ တောကြီးမြွေဟောက်မျိုးဗျ။ အားကြီးရန်လိုတဲ့ အကောင်မျိုးတွေ"





ပေါလုက တထိတ်တလန့်နှင့် လှမ်းတားလိုက်သည်မို့ သေနတ်နှင့် လှမ်းမပစ်လိုက်တော့ဘဲ နောက်ကိုပြန်ဆုတ်လိုက်ပြီး လာလမ်းကို ပြန်လည် ဦးတည်လိုက်ကြရပြန်ပေသည်။

မြွေကြီးကား မသေးလှ။ လုံးပတ်က ကွမ်းသီးပင်လုံးခန့်၊ ရှည်ရှည် နှင့် ဝိုင်းနေသောပါးပျဉ်းခွက်၊ မည်းနက်ရှည်လျားသော လျှာနှစ်ခွ၊ နီရဲရန် လိုနေသော မျက်လုံးအစုံ၊ ဘေးဘက်ဆီသို့ကားထွက်၍ ချွန်ထက်ရှည်လျား သော သွားစွယ်၊ သားဖောကပ်ကာ ဒေါပွနေသည့်အသွင်။

သူ၏ ခန္ဓာကိုယ်က နက်ပြောင်ချောမွေ့နေပြီး အားကောင်းမောင်း သန်မြွေတစ်ကောင်ပင်။ အဆိပ်လည်း ပြင်းမည်။ ကြောက်စရာကောင်း သည့် အကောင်ကြီးတစ်ကောင်ပင်။

ကျွန်တော်တို့နှစ်ဦး သူ့ကိုနောက်ကြောင်းပြန်ဆုတ်၍ ရှောင်ကွင်း သွားသည့်တိုင် သားဖောကပ်ကာ ဒေါသထွက်နေသည်မို့ နောက်ကြောင်း ပြန်မလှည့်။ အတော်ကလေးလိုက်လာပြီး သူ့ကို ကျွန်တော်တို့ ရန်မပြု တော့မှ နောက်ကြောင်းလှည့်သွားပေသည်။

ယခုအချိန်မှပင် အမြှုံးကြီးစွာရွာနေသောမိုးက စဲသွားသလို လေ ကလည်း အတန်ငယ်ငြိမ်သွားသည်။ ကျွန်တော်တို့နှစ်ဦးစလုံး အချိန်ကြာ မြင့်စွာ မိုးရေစိုရွှဲခြင်းခံထားရသည့်ဒဏ်ကြောင့် ခိုက်ခိုက်ပင် တုန်နေခဲ့ကြပေ ပြီ။ သို့သော် အပြန်လမ်းစကို ရှာမတွေ့သေး။ သည်အတိုင်းဆိုလျှင် စခန်း ချရာဆီသို့ ပြန်မရောက်နိုင်တော့သည်မို့ သည်တောကြီးတစ်နေရာတွင် အိပ် စက်ကြရပေတော့မည်။

"ပေါလု .. လမ်းစရှာမရရင် နားဖို့နေရာကြည့်တော့။ မိုးကလည်း စိတ်မချရသေးတော့ သစ်ပင်ပေါ်ထက် ဂူလိုနေရာက ပိုကောင်းမယ်။ အချိန် မရှိတော့ဘူး။ ချမ်းလည်း ချမ်းလာပြီ"

နှစ်ဦးသား တစ်ညတာကုန်လွန်ရေးအတွက် လမ်းစကိုလည်း ရှာ မရသည့်အဆုံး သက်သောင့်သက်သာနားခိုရင်း တစ်ညတာ လွန်မြောက် နိုင်ရေးဘက်ဆီသို့ ဦးတည်ရပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တောကြီးစိမ်းစိမ်းမှ နေဝင်လာသည်နှင့်အမျှ အမှောင်ဘက်ဆီသို့ လှလာသည်။ မိုးကား အလွန်အမင်းရွာချထားသည်မို့ အအေးဓာတ်ကလည်း ပိုကဲနေသည်။ သောက်ထားသော ပါစကတို့ကလည်း အန်မတုနိုင်။ အဝတ်အစားများတို့ကလည်း စိုရွှဲနေကြသည်မဟုတ်ပါလား။

"ဘိုလေး ... ဟိုနေရာ မကောင်းဘူးလား၊ နောက်ကျောလုံတယ်"

ပေါလု လက်ညှိုးထိုးပြလိုက်ရာဆီသို့ ကျွန်တော်လှမ်းကြည့်လိုက်ရာ မြင့်မားသောကျောက်ကမ်းပါးယံကြီး၏ ဝါးတစ်ရိုက်ခန့်အမြင့်တွင် အတွင်းဘက်ဆီသို့ ဂလိုင်ပုံစံ ခွက်၍ဝင်နေသော လူလေးငါးဦးခန့် နားခိုအိပ်စက်လဲလျောင်းနိုင်သည့်နေရာမျိုးမို့ ...

"အေး ... ကောင်းတယ်ကွ၊ ဂလိုင်ဆိုတော့ ဘေးဘယ်ညာအထက်အောက် လုံတယ်။ မျက်နှာစာတစ်ခုပဲ ဂရုစိုက်ရမယ်။ မင်းတက်ကြည့်စမ်း၊ အခြေအနေကို ..."

ကျွန်တော်ပြောလိုက်သည့်အတွက် ပေါလုက လှေကားထစ်သဖွယ်ပြုလုပ်ထားသည့် အထစ်များဆီမှ အထက်သို့တက်သွားကာ အတန်ကြာကြည့်လိုက်ရင်း အောက်တွင်ရပ်နေသည့် ကျွန်တော့်အား ခေါင်းငုံ့ကြည့်ကာ ပြောလိုက်ပုံက ...

"နေရာကတော့ ဝွတ်ရှယ်ဗျို့။ အရင်လူတွေ ဒီမှာ စခန်းချသွားတုံပဲ။ မီးဖိုနဲ့ ထင်းခြောက်တွေတောင် ကျန်နေသေးတယ်ဗျ"

ပေါလုက လှမ်းပြောလိုက်သဖြင့် ကျွန်တော် အလွန်အမင်းဝမ်းသာသွားမိသည်။ နှစ်ဦးသား ကျောက်ကမ်းပါးယံ လိုဏ်အတွင်းဆီသို့ လှေကားထစ်များမှ တက်ရောက်ပြီး နေရာယူလိုက်ကြသည်။ ပါလာသော ဖယောင်းတိုင်တိုကို မီးတို့ကာ အသင့်ရှိနေသော ထင်းခြောက်များနှင့် မီးဖိုကြီးတစ်ဖိုကို မီးမွေးလိုက်ပြီး မိုးစိုနေကြသော အဝတ်အစားများကိုချွတ်ကာ အပူငွေ့နှင့် ခြောက်အောင် လှမ်းလိုက်ကြပေသည်။ ထိုအချိန် ပေါလုအိတ်အတွင်းရှိနေသည့် အရက်ပုလင်းကိုဖွင့်ကာ နှစ်ဦးသား အချမ်းပြေသောက်နေလိုက်ကြစဉ် ...





"တကူ ... ကူး ... ကူး ... ကူး ..."

အသံကို သုံးဆင့်ခွဲလျက် ချွဲချွဲနွဲ့နွဲ့နှင့် အုပ်လိုက်နားနေရင်းမှ အဆက်မပြတ်ကူသံပေးနေသော 'ချိုးငှက်ကူသံ'ကို ကြားလိုက်ရသည်မို့ ..

"ပေါလု ... ဂျွန်တိုးသံ ကြားရတယ်ကွ။ လက်ကျန်အရက်ကလေးနဲ့ဆို လိုက်ဖက်ညီတယ်ကွ"

ပေါလုက ကျွန်တော်ပြောလိုက်သည့်စကားကို နားလည်ဟန်မတူသဖြင့် ...

"ဘာလဲ ဂျွန်တိုးတယ်ဆိုတာ"

"ဩော်ကွာ ... ဂျွန်တိုးတယ်ဆိုတာ ချိုးတွန်သံကြားနေရတာကို ပြောတာကွ။ ပစ်လို့ရရင် အကောင်းသား။ ချိုးကင်ကလေးနဲ့ လက်ကျန်အရက်ကလေးဆို လိုက်မှလိုက်။ အဲဒါလည်း ပြောတာပေါ့ကွာ"

ပေါလုက ကျွန်တော့်စကားအဆုံးတွင် လိုဏ်အတွင်းမှ လေးဖက်ထောက်ကာ ထွက်လိုက်ရင်း ချိုးတွန်သံများကြားရာဆီသို့ လှမ်းကြည့်ပြီးနှုတ်ကလည်း ...

"ချိုးအိပ်တန်းနဲ့တော့ တိုးနေပြီဗျို့။ ဗိုက်ဖြည့်ဖို့အတွက် ပူမနေနဲ့။ နည်းနည်းလေးမှောင်ရင် ချိုးသားအဝစားဖို့အတွက် ကျွန်တော် တာဝန်ယူတယ်"

"ဘာလဲ ... မင်းက သွားပစ်မလို့လား။ စရိတ်ကျည်မှ မရှိတာပဲ"

"ဘယ်ပစ်ပါ့မလဲဗျာ။ ဒီကောင်တွေနေတဲ့ အနေအထားကိုကြည့်ပြီး ကျည်ကုန်ခံလို့။ အိပ်တန်းမှာ သွားရိုက်ယူမှာဗျ။ ရိုက်ယူမှာ"

သူပြောလိုက်သည့် စကားများတို့ကြောင့် ကျွန်တော်လည်း လေးဖက်ထောက်ကာ သွားလိုက်ရင်း ချိုးတွန်သံများကြားရာဆီသို့ စောင်းငုံ့ကြည့်လိုက်သည်။ ဝါးပင်ပေါက်အထက်ပိုင်းများတွင် တန်းစီ၍ နားခိုနေကြသော ချိုးအိပ်တန်းကို တွေ့လိုက်ရသဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"အေးကွ ... တို့တစ်တွေ ကံကောင်းရင်တော့ ချီးအိပ်တန်း လာတိုးနေတာပဲ။ ပေါလုရေ ... ထင်းရှာလိုက်ကြရအောင်။ တစ်ညလုံး အတွက် ထင်းမလောက်နိုင်ဘူးကွ"

"ထင်းရှာဖို့က သိပ်ဝေးဝေး မသွားရပါဘူး။ ဟိုမှာ ထင်းတုံး တွေ၊ ဟိုလူတွေရှာပြီး ဖြတ်ထားခဲ့တာနဲ့တူတယ်။ ကျွန်တော် အောက်ကို ဆင်းပြီး မ,တင်ပေးမယ်။ ဘိုလေးအပေါ်က လှမ်းယူ။ လိုရမည်ရ သေနတ် ကို အဆင်သင့် ထားမှာချထားနော်"

ပေါလုက ပြောပြောဆိုဆို အောက်ကိုဆင်းသွားပြီး ခပ်လှမ်းလှမ်း တွင်ရှိနေသည့် ပေါင်လုံးသာသာခန့် ရေစိုနေသော သစ်ကိုင်းခြောက်လုံး များကို မ,ယူလာပြီးပေးနေသည်မို့ ကျွန်တော်က အပေါ်မှလှမ်းယူပြီး ကြီးထဲတွင် စုပုံထားလိုက်သည်။

ကျွန်တော်တို့နှစ်ဦးသား ထင်းများသယ်နေကြသဖြင့် အထိတ် အလျောက် အသံများထွက်သွားသည်ကြောင့် ဝါးကိုင်းများတွင်နားခိုရင်း အိပ်တန်းတက်ရန် ဟန်ပြင်နေကြသောချိုးအုပ်က လန့်ကာ ပျံသန်းသွား သော်လည်း မကြာမီ လေထဲတွင် ကွေ့ဝိုက်ပျံသန်းရင်း ထိုနေရာတွင် လည်နားခိုလိုက်ကြသည်ကို တွေ့လိုက်ရပေသည်။ ထင်းများကား ယခင် စခန်းချသွားသူများတို့က သည်နေရာတွင် စုပုံထားခဲ့ဟန်ပင်။ ကျွန်တော် နှစ်ဦးအတွက်မူ အဆင်ပြေလိုက်သည့်ဖြစ်ခြင်းရယ်သာ။

ကိုင်ဆောင်လာကြသည့် သေနတ်များကား ကျွန်တော်တို့နှစ် တွင် နှစ်မျိုးယူဆောင်လာခဲ့ကြသည်။ ပေါလုကိုင်ဆောင်လာသော သေနတ် မှာ ၃၀. ၀၆ (စပရင်းဖီးလ်) ရိုင်ဖယ်ဖြစ်ပြီး ကျွန်တော်က လက်စွဲ နှစ်လုံးပြူးသေနတ်ဖြစ်သည်။ ထိုစဉ် ခပ်လှမ်းလှမ်း ကျူပင်ရိုင်း၊ ကိုင်း ရိုင်းများရောထွေးနေသည့် တောချုံပုတ်ကြီးအတွင်းဆီမှ 'ဟဲ'ခနဲ မာန်ဖီ ကြီးတစ်သံကို ကြားလိုက်ရသည့်အတွက် နှစ်ဦးသား ခေါင်းမှဆံပင် များတို့ပင် ထိုးထိုးထောင်ထောင်၊ ကြက်သီးများထသွားကာ သေနတ်များ လှမ်းယူပြီး ပစ်ခတ်ရန်အနေအထားမျိုးနှင့် ပြင်ဆင်လိုက်မိကြပေသည်။





သို့သော်လည်း ထိုမာန်ဖီသံကြီးတစ်ချက်ကို ကြားလိုက်ရပြီးနောက် ငြိမ်၊ ထူးခြားမှုမရှိသည့်အတွက် စိတ်ပူပင်စွာနှင့် ...

"ပေါလု ... ဒီအခြေအနေမျိုးဆို မင်းချီးရိုက်ဖို့ကိစ္စက စိတ်ချ ရပါ့မလား"

"အခြေအနေကို စောင့်တော့ကြည့်ရမယ်လေ။ ဒီအကောင်ကြီး ကျွန်တော်တို့ကိုတွေ့သွားလို့ ကပ်နေသလားပဲ။ သူအစာရှာထွက်တဲ့ အချိန် ထိုစောင့်ရမှာပဲ"

သူပြောလိုက်သည့်စကားကြောင့် ကျွန်တော် သားကောင်ကြီးအသံ ကြားလိုက်ရာဘက်ဆီသို့ စူးစူးစိုက်စိုက် ကြည့်လိုက်မိပြန်သည်။ မြက်ရိုင်း တောကြီးဆိုသော်လည်း ကျူပင်ရိုင်း၊ ကိုင်းပင်ရိုင်း၊ မြက်ရိုင်းပင်ကြီးများ တို့နှင့် ရောထွေးနေပြီး အပင်များတို့က တုတ်ခိုင်သန်စွမ်းပြီး လူနှစ်ရပ်နီးပါး လောက် မြင့်မားနေကြသည်ကို သတိပြုမိပေသည်။

မီးဖိုကြီးအတွင်းမှထွက်နေသော မီးခိုးများတို့၏ သွားရာလမ်း ကြောင်းကိုကြည့်လိုက်တော့ မြက်ရိုင်းတောကြီးဘက်ဆီသို့ လွင့်ပါမသွား ကြောင်းကို တွေ့မြင်လိုက်ရသဖြင့် တော်နေသေးသည်ကအမှန်။

ကျွန်တော်တို့ ထိုင်နေရောဆီမှ သားကောင်းကြီး ဟိန်းဟောက် သံကြားလိုက်ရာဆီကို သတိထားလိုက်တော့ ဘေးဘယ်ညာများတို့ဆီတွင် အပင်များပါးသည့် နေရာများကရှိနေသဖြင့် အကယ်၍များ သားကောင် နှင့် ထိပ်တိုက်တွေ့မြင်ရပါက ပစ်ကွင်းကသာနေသဖြင့် တော်နေသေးသည် ဟု ဖြေလိုက်ရပေသည်။

အတော်ကြာ စောင့်ကြည့်အကဲခတ်နေလိုက်တော့ စောစောကကြား လိုက်ရသော သားကောင်ကြီး၏အသံကို လုံးဝမကြားရတော့သဖြင့် အစာရှာ ထွက်ပြီး အဝေးဆီသို့ ထွက်သွားဟန်ထင့်။ ထိုစဉ် ပေါလုထံမှ အသံခပ်တိုး တိုးနှင့် ပြောလိုက်သည်က ...

"ဘိုလေး ... ချိုးဘယ်နှစ်ကောင်လောက်ရရင် တော်ပြီထဲ ကောင်နှစ်ဆယ်လောက်ရရင် တော်ပြီလား။ နောက်ထပ် ယူဦးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



ပေါလုက အခြေအနေကိုချိန်ဆကာ ကျွန်တော့်ကို အပိုင်ပြောနေသည်မို့ ...

"ဟ ... ပေါလုရဲ့၊ မင်းဟာက ဟုတ်ကောဟုတ်ရဲ့လားကွ"

"ကြည့်လေ ... စောင့်ကြည့်ပေါ့။ ပေါလုဆိုတဲ့အကောင်က မပိုင်ရင် ခြင်ထောင်ထဲဝင်နေတဲ့ ခြင်ကိုတောင် မရိုက်ဘူး။ ဒါနဲ့ မေးကြည့်ဦးမယ်။ ဝါးရုံပင်ထိပ်ဖျားမှာ အိပ်တန်းတက်တဲ့ချိုးက ဘယ်နှစ်မျိုးလဲသိလား"

"ဟေ ... ချိုးပဲကွာ ဘယ်နှစ်မျိုးရှိမလဲ။ ငါသိသလောက်တော့ နှစ်မျိုးလောက်ပဲရှိတာ"

"မကာဘူး ... ဘိုလေးရဲ့၊ ချိုး ငါးမျိုးရှိတယ်ဗျ"

"ဘာ ... ငါးမျိုးရှိတယ် ဟုတ်လား။ အဲဒီငါးမျိုးကို ပြောပြပါဦး။ ဘာတွေလဲ။ ဘယ်လိုခွဲခြားတာလဲကွ"

"အကြမ်းအားဖြင့်ပေါ့ဗျာ။ ချိုးစိမ်း၊ ချိုးပိန်းတူး၊ ချိုးလင်းပြာ၊ ချိုးလည်ပြောက်နဲ့ ချိုးနီပုဆိုပြီး ငါးမျိုးရှိတယ်ဗျ။ သူတို့ကူတဲ့အသံကို လိုက်ပြီး အမျိုးအစားခွဲတာပဲ"

"ဟုတ်လား ... သူတို့တွန်တဲ့အသံတွေက ဘယ်လိုမျိုးခွဲတာလဲ ဗဟုသုတအဖြစ် ပြောပြပါကွာ။ မှတ်သားလောက်ပါတယ်"

"ဒီလိုဗျ ...။ ချိုးစိမ်းဆိုတဲ့အကောင်မျိုးရဲ့ တွန်သံက (တကူ ကူး ... ကူး ... ကူး ...) ဆိုပြီး သုံးဆင့်တဲ့ ကူတယ်ဗျ။ ချိုးပိန်းတူး က (တကု ... ကူး) ဆိုပြီး လေးလေးနက်နက်နဲ့ ပျင်းစရာကောင်းတဲ့အသံ မျိုးနဲ့ တွန်တယ်။ ချိုးလည်ပြောက်က သူ့အသံက ပျော့ပျောင်းညင်သာ တယ်။ ချိုးလင်းပြာအသံက အေးတယ်။ ချိုးနီပု သူ့အသံက ဆန်းတယ် (တကုကူး ... ကုကူကူး)လို့ အသံရှည်နဲ့ ဆက်အော်သံကို ခွဲခြားနားထောင် ပြီး အမျိုးအစားကို ခွဲရတာပေါ့"

"အေးပါ ... ပေါလုရယ်၊ မင်း အခုလိုရှင်းပြလို့ ငါ့အတွက် ဗဟုသုတရရပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။ ဒါနဲ့ မင်း ဒါတွေ ဘယ်လိုသိသလဲ"





"ကျွန်တော် ခုလိုအမဲမလိုက်ခင်က ချိုးထောင်စား၊ ငှက်များထောင်သူမို့ အတွေ့အကြုံအရ သိနေတာပေါ့"

ထိုအချိန်သည် ဝန်းကျင်တစ်ခွင်လုံးတွင် ဝိုးတဝါးအလင်းရောင်ကြောင့် မှုန်ဝါးဝါးသစ်ပင်ကြီးတို့ထက်ဝယ် ညည့်ငှက်များတို့၏ တေးသီသံနှင့် တောကြက်ဖငယ်များတို့၏ ဟိုအနားသည်အနားတို့ဆီမှ တွန်သံများ၊ ရစ်ဖကြီးများတို့၏အတောင်ခါသည့် 'တဒီဒီး' အသံများကို ကြားနေရသည်။

ထိုအသံများနှင့်အတူ ဖြူကောင်များ၏ မာန်ရစ်သံ၊ မိတ်ခေါ်ကြသံများအပြင် ဖားအော်သံ၊ မြွေတွန်သံများတို့အပြင် ရိုးမရိုင်းရိုင်းကြီး၏ ရင်ခွင်သည် အအေးဘက်ဆီသို့ အားသာစပြုလာခဲ့ပြီမို့ မီးဖိုကြီးဘေးတွင် အခြောက်လှမ်းကာ အပူငွေ့ပေးထားသည့် အဝတ်အစားများကို ပြန်လည် ဝတ်ဆင်လိုက်ကြပြီး ထင်းတုံးကြီးများကိုဆိုင်၍ ထည့်လိုက်ကြရင်း ဗိုက်က အာလောင်လွန်းသဖြင့် 'တဂွီးဂွီး' နှင့် လေထသံကို ကြားလိုက်ဟန်ထင်၊ ပြောလိုက်သည်က ...

"ဘိုလေး ... မလိုက်ခဲ့နဲ့၊ သေနတ်ကိုအသင့်ကိုင်ရင်း ဒီကစောင့်နေ။ ထူးရင် မီးလှမ်းထိုး အချက်ပြလိုက်မယ်။ ကျွန်တော် တစ်ယောက်တည်း သွားရိုက်မယ်"

ပေါလုက သူ့လွယ်အိတ်အတွင်းမှ သုံးတောင့်ထိုးဓာတ်မီးကို ထုတ်ယူကာ မီးအစုအကျဲကိုစမ်းကာ ကျွန်တော်ကိုင်ဆောင်သည့် နှစ်လုံးပြူး သေနတ်နှင့် သူ့သေနတ်ကိုလဲကာ ပုခုံးတွင်လွယ်ရင်း အောက်ဆီသို့ဆင်း သွားသည်ကို ကြည့်နေလိုက်မိသည်။ ဆေးပေါ့လိပ်ကို မီးတို့ဖွာရှိုက်နေလိုက် သည့်အတွင်း လေပြည်တစ်ချက် သုတ်ဖြူးလိုက်မှုနှင့်အတူ ပစည်းရင်ကွဲတို့ ၏ ဝိုင်းကာ အော်လိုက်ကြသည့်အသံများတို့နှင့် ညံသွားပေသည်။

နေခြင်းဘက်ဆီမှ သဲသဲမဲမဲ ရွာချလိုက်သော မိုးရေများတို့ကို ထဝ သောက်သုံးရင်း အဆေးအကြောခံထားလိုက်ရသဖြင့် သစ်ရိုင်းပင်တို့နှင့် မြက်ရိုင်းလွင်ပြင်ကြီးကား စိမ်းစိမ်းစိုစိုနှင့် တုတ်ခိုင်သန်စွမ်းပြီး လှပနုနယ် နီးပါးမြင့်မားသည့် ကျူပင်ရိုင်း၊ ကိုင်းပင်ရိုင်းများတို့ထက်ရှိ ကိုင်းပွင့်ဖြူဖြူ



www.burmeseclassic.com

www.burmeseclassic.com



များတို့က လေအတိုးတွင် ယိမ်းထိုးလှုပ်ရှားနေကြသည်ကို တွေ့မြင်ရ သည်။ သောက်လက်စရှမ်းဖက်လိပ်ကို ဘေးတွင်ချထားလိုက်ရင်း ယ သွားရာဘက်ဆီမှ ထူးခြားမှုတစ်စုံတစ်ရာ ရှိမရှိကို စောင့်စားကြည့်ရှု လိုက်သည်။

တောခြင်ရိုင်းများနှင့် ဖြုတ်ကောင်များကား လူကိုအတင်းဝင် ကိုက်ခဲသွေးစုပ်ဖို့ ကြိုးစားနေကြသော်လည်း မီးဖိုကြီးဆီမှ ထွက်ပေါ် သော မီးခိုးငွေ့များ၏ဒဏ်ကြောင့် အရာကားမထင်။ ကျောက်လိုဏ်ကြီး ကား ဝင်ပေါက်ထွက်ပေါက် တစ်ပေါက်တည်းသာရှိနေသဖြင့် တော်နေ သည်။

"ကစ် ... ကစ် ... ကစ်"

ကမ်းပါးယံအောက်ခြေမှ အချက်ပေးသံနှင့် ကျွန်တော့်ကို မီးထ ထိုးခြင်းကို ခံလိုက်ရသဖြင့် ပေါလုပြန်ရောက်လာပြီဟူသော အသိ အောက်မှတက်ရောက်လာသော သူ့ကို လက်နှင့်လှမ်းဆွဲလျက် အပေါ် ရောက်ရှိလာသောသူ့ကို ကျွန်တော်က ...

"ဘယ့်နှယ်လဲ ... ပေါလု၊ အဆင်ပြေခဲ့ရဲ့လားကွ"

"အကောင်အစိတ်လောက်တော့ ရိုက်ယူခဲ့တယ်။ ဒီညစာ ဖို့ပေါ့"

"ဟာ ... နည်းသလားကွ၊ အကောင်အစိတ်ဆိုတာ"

"အကောင်ကြီးတဲ့ ချိုးစိမ်းတွေကိုပဲ ရွေးရိုက်လာတာ၊ မဆို သူတစ်ယောက်အဖို့ ဒါလေးတွေက အသေးအဖွဲလေးပါဗျာ"

သူကပြောနေရင်း လွယ်အိတ်အတွင်းမှ ချိုးအသေကောင်များ အောက်သို့ သွန်ချလိုက်သဖြင့် ကျွန်တော်က ငါးကောင်တစ်စုံတွဲလျက် ထွက်ကြည့်လိုက်တော့ စုစုပေါင်း (၂၇)ကောင်ဖြစ်နေသည်ကို တွေ့လိုက် ပေသည်။

"မင်း မီးထိုးမလားလို့ ငါလိုက်ကြည့်နေတာ။ မီးမထိုးပါလား"

"ဟုတ်တယ် ... မီးမထိုးဘဲ လ,ရောင်ကိုခံပြီး ရိုက်လာတာ





ရရှိလာသော ချိုးများအား နှစ်ဦးသား အမွေးနှုတ်၊ ရင်ခွဲ ကလီစာ များထုတ်ပြီး ဝါးညှပ်များတွင်သီကာ မီးဖိုကြီးတွင် ကင်လိုက်ချိန်သည် (၇) နာရီပင် ကျော်ခဲ့ပေပြီ။

ပေါလုတစ်ယောက် ချိုးရိုက်သည့် အတွေ့အကြုံအတော်ပင် ရှိထား သူတစ်ယောက် ဖြစ်ပေသည်။ သူက မီးဖိုကြီးအတွင်းမှ မီးအလင်းရောင် နှင့် လွယ်အိတ်ကိုလှမ်းဆွဲကာ ပုလင်းတစ်လုံးကို ဆွဲထုတ်လိုက်သည်။ ယခု မှပင် ကင်ထားသော ချိုးသားနံ့ကလေးများ ရလာသည်နှင့်အတူ အဖုံးကို ဖွင့်လျက် ရင်ပုံသား နူးညံ့ညံ့ကလေးများကို ဖဲ့ယူလျက် သောက်စားနေ လိုက်ကြပေတော့သည်။

ကျွန်တော်တို့နှစ်ဦး နားခိုနေသော ကျောက်လိုဏ်ကြီး ရှေ့မျက်နှာ စာသည် မြက်ရိုင်းတောကြီးဖြစ်သဖြင့် အပင်များရောထွေး ယှက်လိမ်ထူ ထပ်ပြီး လူနှစ်ရပ်ခန့် မြင့်မားနေသလို ရှေ့မျက်နှာပြင် အတော်လှမ်းလှမ်း ဆီထိ အထက်စီးမှ လှမ်းမြင်တွေ့နေရသည့်အပြင် နောက်ကျောလည်း လုံ ခြုံသည့်နေရာပင်။

တောကြီးခေါင်ခေါင်အတွင်းဆီမှ အမှောင်ထုက သိပ်သည်းလာ သည်နှင့်အမျှ အအေးဓာတ်လည်း ပိုကဲလာသည်နှင့်အတူ မျက်စိအောက်တွင် အစောပိုင်းဆီက မြင်တွေ့နေရသော မြက်ရိုင်းတောကြီးသည် ယခုအခါ လ,တစ်ခြမ်းပဲ့ကလေး၏ အလင်းရောင်အောက်တွင် ချောက်ချားဖွယ်ရာ အသွင်မျိုးကို ဆောင်လာခဲ့ပေသည်။ အဖော်တစ်ဦးကရှိပြီး သေနတ်က ည်း လက်ထဲတွင်ဆုပ်ကိုင်ကာ အရက်အရှိန် ကလေးများတို့နှင့်မို့ စိတ်ကို ည်ငြိမ်အောင် ထိန်းထားရသော်လည်း အလွန်ချောက်ချားစရာကောင်းလှ သည့်အသွင်မျိုး။

ယခုအချိန်ကျမှ မြက်ရိုင်းတောကြီး၏ ဟိုမှာဘက်နှင့် သည်မှာ က်များဆီမှ 'တစ်တီတူးငှက်'များ၏ အော်ဟစ်လိုက်ကြသည့် အသံများ နှင့်အတူ၊ သားကောင်ကြီးများ၏ ဟိန်းဟောက်လိုက်သံများကို ကြား ရသလို မြွေတွန်သံများ၊ ဖားအော်သံများနှင့် ချိုးချိုးချွတ်ချွတ်အသံများ ကို ကြားလာရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့သံများတို့သည် ကျွန်တော်တို့နှစ်ဦး တက်ရောက်နေသည့် မြေလိုဏ်ကြီး၏ အောက်ခြေလောက်ဆီမှ ကြားလိုက်ရသဖြင့် ချုံးသားများ ကင်ထားခဲ့သည့်အနံ့နှင့် ကျွန်တော်တို့လှုနံ့ကို ရသွား၍ ဖြစ်နိုင်သည်။ သို့ သော်လည်း ယခုအချိန်မှ မတတ်နိုင်ပြီ။

ပေါလုက မီးဖိုကြီးတွင် မစားရသေးသော ချုံးကင်များကို သိမ်း ဆည်းလိုက်ပြီး လက်နှိပ်ဓာတ်မီးဖြင့် ဟိုအနားသည်အနားများဆီသို့ လိုက်ထိုး ထိုးကြည့် ရှာဖွေနေရင်းမှ ...

"ဘိုလေး ... ဒီညတော့ ပွဲကြီးပွဲကောင်းနဲ့ တိုးမယ်နဲ့တူတယ်။ သေနတ်ကို လက်ကမချနဲ့နော်"

"အေးကွာ ... ဒီအချိန်ကြီးရောက်မှတော့ နေရာပြောင်းဖို့လည်း သိပ်မလွယ်ဘူး။ အဖွဲ့သားတွေကို မျှော်လို့ကလည်း ရမှာမဟုတ်ဘူး။ ကြုံ သလို ရင်ဆိုင်ကြတာပေါ့။ တို့အတွက် ဒီနေရာက မျက်နှာစာတစ်ခုတည်း ဖြစ်နေတာ ကံကောင်းနေတယ်ကွ"

ညဥ့်သည် အတော်နက်လာတော့ အသံများပါးသွားသည်။ အစာ ရှာထွက်ကြဟန်ပင်။ သို့သော် စောစောက အနီးကပ်ကြားနေရသော နေရာ ဆီမှ မာန်ဖီသံကြီးကို ကြိမ်ဖန်များစွာ ထိုနေရာဆီမှ ကြားနေရသည့်မို့ ...

"ပေါလု ... ဒီအနားကအကောင်ကြီး သိပ်မခွာဘူးကွ။ တို့ အိပ် ငိုက်ချိန်ကို ချောင်းနေတာ သေချာတယ်ဟေ့။ အလစ်မပေးနဲ့"

မီးဖိုကြီးအတွင်းမှ ထင်းတုံးကြီးများတို့ကို ဆိုင်ပေးလိုက်ရင်း အလင်းရောင်အားကိုမြင့်ကာ ပြောလိုက်သည်မို့ ...

"ဟုတ်တယ် ... ဟိုအကောင်တွေ အစာရှာထွက်သွားကြပေမဲ့ ဒီအကောင်က အနံ့လည်း ရဟန်တူတယ်။ လူကိုလည်း မြင်သွားပုံရတယ်။ ဒါကြောင့် အလစ်မှာ ဒီအပေါ်ခုန်တက်ပြီး လူကိုကိုက်ဖို့ ချောင်းနေတဲ့ပုံ ပဲ။ ရှေ့ကမီးပုံရှိနေလို့ သူမလှုပ်ရှားသေးတာ"

"အမှန်တော့ ဒီအကောင်မျိုးတွေက မီးကိုကြောက်တာမဟုတ် ဘူးကွ။ လူကိုသာကြောက်ကြတာ။ လူဆိုတာက သူတို့ထက် အသိဉာဏ် ပိုတယ်လေကွာ။ လှုပ်လှုပ်ရှားရှားသာနေကွ"



"မီးထိုးရှာပြီး ရင်ဆိုင်လိုက်ကြမလား"

"အခြေအနေကို ခဏစောင့်ကြည့်လိုက်ကြတာပေါ့"

ညဥ့်သည် ကြယ်တာရာအစက်အပြောက်များတို့နှင့် တစ်ခြမ်းမဲ့ လ,အကွေးကလေးတို့၏ အလင်းရောင်ကြောင့် အတန်ငယ်လင်းလဲ့နေသည်။ ကျွန်တော်တို့မျက်နှာမူရာ တွေ့မြင်နေရသော မြက်ရိုင်းတောကြီးမှာ မှုန်ဝါး ဝါးသာ မြင်တွေ့နေရသည်။ မီးဖိုကြီးအတွင်းမှ မီးအလင်းရောင်များကြောင့် အနွေးဓာတ်ကို ရရှိနေသေးသဖြင့် တော်နေသေးသည်။

ထိုစဉ် ...

"ပိညှပ် ... ပိညှပ် ... ပိညှပ် ..."

သားကောင်ကြီးရှိသည်ဟု ခန့်မှန်းထားရာဆီမှ တောကြက်ငယ် အကောင်ပေါက်ကလေးများတို့ မိခင်နှင့် ရုတ်ခြည်းကွဲကွာသွားကြသဖြင့် မိခင်ပျောက်ကို အားကိုးရာမဲ့ အသံပေးရှာသည့်အသံမျိုးနှင့် အော်ဟစ် လိုက်သည့်အသံများကို ကြားလိုက်ရသည်။ မီးဖိုကြီးအတွင်း ထင်းတုံးကြီး များကို မီးရောင်အလျှဉ်မပြတ်စေရန် ထပ်မံ၍ ထိုးထည့်အရှိန်မြှင့်လိုက်ချိန် တွင် ...

"ထရိန် ... ထရိန် ... ထရိန်"

တောကြက်အကောင်ပေါက်ကလေးများ၏အသံ ကြားလိုက်ရာဆီ မှပင် ဆတ်တစ်ကောင်တစ်လိုက်သံကို ထပ်မံကြားလိုက်ရပြန်သည်မို့ ပေါလု က ကျွန်တော့်ကို တံတောင်နှင့်တို့လျက် ဘယ်လိုဖြစ်တာလဲဟူသော အမေး မျိုးနှင့် လှမ်းမေးနေသဖြင့် အသာလက်ကာပြပြီး စကားမပြောဘဲ ငြိမ်နေ ရန် တားလိုက်စဉ် ...

"အဟာမ်း ... အဟာမ်း ... အဟာမ်း ..."

လူကြီးတစ်ယောက် ချောင်းဟန့်လိုက်သံကြီးက ထိုနေရာဆီမှပင် ထပ်မံထွက်ပေါ်လာပြန်သည်။

သေချာပေပြီ။

ဒီလောက် မာယာများနေသော အကောင်မျိုးသည် ကျားချစ်ထို များသတ္တဝါများမှလွဲ၍ ဘာကောင်မျှမဖြစ်နိုင်သည်ကို ကျွန်တော် သိလိုက်

www.burmeseclassic.com



ပေပြီ။ သားကောင်ကား နိုထားသောမီးပုံကြီးကြောင့် ရှေ့ကိုတိုးကာ ခုန်တက်ရန်မှုမှီ ကြိုးစားမရသဖြင့် နည်းမျိုးစုံပေးလျက် နည်းပရိယာယ်အမျိုးမျိုးဆင်ကာ အသံပေးလျက် ကျွန်တော်တို့ကို မြူဆွယ်ပြီး အောက်သို့ ဆင်းခိုင်းနေပေပြီ။

"ပေါလု သတိထားနော်။ သားကောင်ကြီးက ငါတို့ကို အသံမျိုးစုံပေးပြီး အပြင်ကိုထွက်အောင် ခေါ်ထုတ်နေတယ်။ သူ့ပရိယာယ်က အံ့ဩစရာနော်"

ကျွန်တော်က စောစောက သူမေးသည့်အဖြေကို ယခုမှ တစ်ခေါင်းတည်းစု၍ အဖြေပေးလိုက်သည်ကြောင့် သူက ...

"ဟုတ်ပါ့ဗျာ။ လူတွေကိုပြောပြရင် ယုံမှာတောင်မဟုတ်ဘူးနော်"

ကျွန်တော်ပြောလိုက်သော စကားတို့ကြောင့် ပေါလုတစ်ယောက်ဟင်းမျိုး (ခေါ်) ကျားသစ္စဝါတို့၏ ပရိယာယ်နှင့် ဉာဏ်များတတ်ကြပုံကို ကိုယ်တွေ့မျက်မြင်ဖြစ်သွား၍ သိမ့်သိမ့်ခါအောင် အံ့ဩသွားသည်ကို ကြည့်နေလိုက်စဉ် ခပ်ဝေးဝေးနေရာဆီမှ ...

"မျှီ ... မျှီ ... မျှီ ..."

မြက်ရိုင်းတောကြီး လက်ယာဘက် အမှောင်ထုကြီးအတွင်းဆီမှ ဒရယ်တစ်ကောင် 'ဖျူ'သံကို ကြားလိုက်ရသည်နှင့်အတူ ...

"ဝေါ ... ဗျော ... ဗျော ... ဗျော ..."

လျှပ်တစ်ပြက် မြက်ရိုင်းတောကြီးအတွင်း တောတိုးပြေးလွှားသံကြီးကို ကြားလိုက်ရပြီး ခုန်အုပ်ကိုက်ခဲသံ၊ အစာမာန်ဖီသံ၊ သားကောင်တစ်ကောင်၏ သေငယ်ဇောနှင့် နာနာကြည်းကြည်း အော်ဟစ်လိုက်သံများကိုပါ ဆက်တိုက်ကြားလိုက်ရပေသည်။

ကျွန်တော်ကိုင်ဆောင်ထားသည့် သေနတ်မှာ နှစ်လုံးပြူးသေနတ်ဖြစ်ကာ ကြားနေရသောအသံက အတန်လှမ်းပြီး သေနတ်တစ်ကမ်းဆီသည်မို့ ပေါလုကိုပစ်ခတ်ရန် တံတောင်နှင့်တို့ထိကာ မီးစိမ်းပြလိုက်၍ သေခဲထိုးဓာတ်မီးကို ကောက်ကိုင်လိုက်ရင်း အော်ဟစ်သံကြီး ကြားလိုက်ရာသို့ လှမ်း၍ ထိုးလိုက်ပေသည်။





မှုန်ဝါးဝါးအလင်းရောင်အောက်တွင် မည်းမည်းမှောင်နေသော မြက်ရိုင်းတောကြီးအတွင်း လက်နှိပ်ဓာတ်မီးအလင်းက တိုးဖောက်ဝင်ရောက်လျက် ကျူပင်နှင့် ကိုင်းပင်ရိုင်းများတို့နှင့် ရောထွေးကာ အဆုံးသတ်သည့်နေရာ မီးရောင်တွင် မီးကျီးခဲလို ရဲရဲနီစွေးနေသော မျက်လုံးအစုံကို တွေ့မြင်လိုက်ကြရသည်မို့ ပေါလုကိုင်ဆောင်ထားသော (၃၀. ၀၆ စပရင်းဖီးလ်နိုင်ဖယ်) မှ အောင်မြင်စွာ ပေါက်ကွဲသံကြီးက ဝန်းကျင်တစ်ဝိုက်အား ပွဲထင်သံကြီးကိုဖြစ်စေလျက် ဟိန်းထွက်သွားစေတော့သည်။

ကျည်ဆန်ထိပ်ဖူးကား သူ့တာဝန်ကို သူထမ်းဆောင်ပြီးမို့ တာဝန်က ကျေပွန်သည်။ မျက်လုံးရဲရဲနှင့် သားကောင်ကြီးမှာ မြေပြင်ထက်ဆီသို့ နိုင်ခနဲ စိုက်ကျသွားပြီး မြက်ရိုင်းတောကြီးအတွင်း ဘယ်ညာလူးလိမ့်ကာ ရူးရူးကျယ်လောင်စွာ အော်ဟစ်လိုက်သည့် အသံကြီးကြောင့် ဝါးပင်ထက်များဆီတွင် အိပ်တန်းတက်နေကြသည့် ချိုးအုပ်များနှင့် အခြားသောတောငှက်များ၏ တထိတ်တလန့် ပျံသန်းပြေးထွက်သံများကို ကြားလိုက်ရသည့်အချိန် ပေါလုက သေနတ်ခါးလိတ်ကို နောက်ပြန်ဆွဲလျက် ကျည်သစ်တစ်တောင့် ထပ်မံထိုးသွင်းထားလိုက်သည်ကို တွေ့လိုက်ရပေသည်။

မီးအလင်းတန်းအောက်တွင် ဟင်းကောင်ကြီးမှာ မြေပြင်သို့ ပုဆစ်တုပ်ကာကျသွားပြီး မြေပြင်ထက်တွင်ပင် လူးလိမ့်ကာ ဒေါသသံ၊ နာကြည်းခံပြင်းရန်လိုသံ၊ မာန်သွင်းသံကြီးများနှင့်အတူ လူးလိမ့်နေသည်မှာ သေးတိုက်အနေအထားမျိုးသို့ ရောက်ရှိလာချိန်တွင် ...

"ဒိုင်း"

မီးရောင်အောက်တွင် လူးလိမ့်နေသော ဟင်းမျိုးကြီးအား စခန်းသိမ်းပစ်လိုက်သော သေနတ်သံကြီးက မြက်ရိုင်းတောလွင်ပြင်ကြီးကို ဖုံးလွှမ်းသွားကာ ပွဲတင်သံကြီးကိုပင် ရှည်လျားစွာ ကြားလိုက်ရပေတော့သည်။ ခပ်လွှတ်လိုက်သည့် ကျည်ဆန်ထိပ်ဖူးကား နာကြည်းစွာလူးလိမ့်ရင်း တစ်အော်နေသော ဟင်းမျိုးကောင်ကြီး၏ နှလုံးသားရှိရာဆီကို ဖြတ်ဖောက်သွားခန့်တူသည်။ နောက်ထပ်ပြီး အော်ဟစ်သံနှင့် လူးလိမ့်လှုပ်ရှားသံ မကြားရတော့။



www.burmeseclassic.com

www.burmeseclassic.com



ဟင်းမျိုး(ခ)ကျားကြီးကား စခန်းသိမ်းသွားခဲ့ပြီမို့ မီးအလင်းတန်းကို ပြန်ပိတ်ကာ မိုးမလင်းမချင်း နောက်ထပ် ဘယ်လိုဖြစ်လာနိုင်မည့်အရေးကိုတွေးတောရင်း မိုးအလင်းကို ဆက်လက်စောင့်စားနေလိုက်ကြပေသည်။

အကယ်၍များ မိုးလင်းလာခဲ့ပြန်သော်လည်း လမ်းပျောက်ပြီးရှာမရဖြစ်နေသော ကျွန်တော်တို့နှစ်ယောက်အဖို့ ယခု ပစ်ခတ်ရရှိထားသည့် ကျားကြီးနှင့် သူကိုက်သတ်ထားသော ဒရယ်ကောင်တို့ကို ဘယ်လိုသယ်ဆောင်သွားကြရမလဲဟူသော အတွေးကို ဆက်လက်တွေးတောရင်း ထပ်ကျန်အရက်ကလေးနှင့် ကျန်ရှိသော ချိုးသားငှက်ကင်ဖြင့် ဆက်ရက်မြည်းစိမ်ကိုယူလိုက်ကာ နှစ်ဦးသားရှေ့တွင် အလျှံညီးညီးတောက်လောင်နေသော မီးဖိုကြီးအတွင်းမှ တောက်လောင်နေသောမီးများကို ငူးငူးစိုက်စိုက်ကြည့်နေလိုက်ရင်း စိတ်တွင်းမှ အတွေးများတို့ကား …

'ဪ … ဝါသနာအရ မုဆိုးလုပ်နေကြသူများအဖို့ ယခုကဲ့သို့ရင်ခုန်ရလောက်သည့်အဖြစ်မျိုးက တစ်ခွဲ့လောက်စရာမဟုတ်ပါလား။ မုဆိုးသသရာတွင် သည်လိုဖြစ်ရပ်မျိုးနှင့် ဆက်ကာဆက်ကာ ရင်ဆိုင်ကြရမှာပါကလား' ရယ်လို့ တွေးတောလိုက်ရင်း မိုးအလင်းကို နှစ်ဦးသား စောင့်စားနေလိုက်ကြပေတော့သည်။

✿ ✿ ✿

| ၄ |

❑

နေ့သစ်တစ်နေ့ကို သာယာလှပခြင်းများနှင့်အတူ ကူးပြောင်းတော့မည်ဆို့ ငှက်သံတစာစာ၊ တောကြက်တွန်သံ တစာစာများကိုပင် ကြားရစပြုနေပြီ။

"ကျွန်တော်တို့အပြန်လမ်းမှာ တောပုန်းချောင်းရင်း ပစ်သွားလို့ရမယ်နော်။ သတိထား"

ကျွန်တော်တို့နှစ်ဦး လင့်စင်ကက်မှ မဆင်းကြသေးသော်လည်း နောက်ဘက်ဆီရှိ ဝါးတောကြီးအတွင်းမှ အောက်ချင်းငှက်တစ်အုပ်၏ အော်သံများနှင့် ငှက်ဝါးယောင်းတစ်အုပ်တို့၏ အော်ဟစ်သံများကို ကြားနေရသည်။ ကျွန်တော်က နံနက်ခင်း မြူနှင်းများတို့အကြားမှ အပြန်လမ်းရှိမည်ဟု ထင်ရသောနေရာများဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။ ကျွန်တော့်အာရုံစိတ်ထဲတွင် မြူနှင်းများအကြား ကွေ့ကွေ့ကောက်ကောက်နှင့် လူသွားလမ်းတစ်ခုကို လှမ်းတွေ့မြင်လိုက်ရသည့်အတွက် …

"ပေါလု … မင်းကြည့်စမ်း။ ဟိုမှာ ခပ်ရေးရေးလှမ်းမြင်နေရတာ ပြန်ရမယ့် လမ်းကြောင်းများလားလို့"

ကျွန်တော့်စကားကြောင့် သူလှမ်းကြည့်နေလိုက်သော်လည်း အဖြေကိုတော့ဖြင့် မပေးနိုင်ရှာသေး။ ဝေ့ဝေ့ဝါးဝါးမို့ စဉ်းစားနေဟန်တူသည်။ မိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



ကား နံနက်ခင်းမြူနှင်းများတို့ ဆွတ်ဖျန်းထားခြင်း ခံထားရမှုအပြင် အမှတ်မထင် ရွာချလိုက်သော မိုးရေများတို့ကြောင့် စိမ်းလန်းစိုပြည်နေကြပြီး သစ်ရိုင်းပင်မြင့်ကြီးများ၊ ပါးရုံတောကြီးများ၊ ကြိမ်နွယ်တောကြီးများ၊ ချုံနွယ်တောကြီးများတို့က အပြိုင်းအရိုင်းပေါက်ရောက်လျက် အောက်ခြေတွင် ချုံနွယ်တောကြီးများတို့က ထုထည်နှင့် စိုးမိုးမင်းမူထားသော တောကြီးဖြစ်သလို စိမ့်၊ မြိုင်၊ ဂနိုင်တို့ပါ ရောပြွမ်းထားကာ အချိုး၊ အဆစ်၊ အလိမ်အကောက်၊ အတက်၊ အဆင်း၊ အမော်အလိုက်များရှိနေကြသလို လျှိုမြောင်၊ ချောက်ကမ်းပါးတို့ကလည်း များစွာရှိနေကြသည်။

ရိုးမကြီးတစ်ခွင်လုံးကို မြုံငုံကြည့်လိုက်ပါက တောတွင်းနေသတ္တဝါများတို့အတွက် ခိုအောင်းအိပ်စက်နားခိုရန် နေရာကောင်းဖြစ်သလို ကျွန်တော်တို့နှစ်ဦးအတွက် အပြန်လမ်းသည်လည်း အန္တရာယ်နှင့် အချိန်မရွေးတိုးနိုင်သည့်အတွက် အလွန်အမင်းသတိထားကာ ပြန်ရမည့်အနေအထားမျိုး။

မိုးကား စင်စင်လင်းခဲ့ပြီမို့ နှစ်ဦးသား လင့်ထက်မှဆင်းကာ မြက်ရိုင်းတောကြီးအတွင်းမှဖြတ်လျက် ခပ်စောစောက လှမ်းမြင်တွေ့ထားသည့် လမ်းကြောင်းဘက်ဆီသို့ ဦးတည်ကာ လျှောက်လှမ်းလာခဲ့ကြပေသည်။

"ဒိုး ... ဒိုး ... ဒိုး ..."

နှစ်ဦးသား လျှောက်လှမ်းခဲ့ရာ လက်ဝဲဘက်ပါးရုံတောကြီးအတွင်းဆီမှ ရစ်ဖကြီးတစ်ကောင် အတောင်ခါရင်း မြိုင်ဘက်ကိုစိန်ခေါ်နေသည့် အသံကြောင့် ပေါ်လုက သွားရောက်ပစ်ခတ်ချင်၍လားတော့ဖြင့်မသိ ကျွန်တော့်မျက်နှာကိုကြည့်ကာ မေးထိုးပြနေသည်မို့ ကျွန်တော်က ခေါင်းခါလိုက်သည်။

အဘယ်ကြောင့်ဆိုသော် ယခုအချိန်သည် ကျွန်တော်တို့လက်ထဲ သားကောင်နှစ်ကောင်ရနေပြီး အပြန်လမ်းက ပျောက်နေသေးသလို ဖြစ်နေသည့်အတွက် ဦးစားပေးကာ သွားရောက်ပစ်ခတ်ဖို့ကို အချိန်မပေးနိုင်သော လမ်းစရှာတွေ့ရေးကို ဦးတည်ကြရပေဦးမည် မဟုတ်ပါလား။





"ဘိုလေး ... ဒီမှာ ခဏရပ်နေ။ ကျွန်တော် ကမ်းပါးယံထက်ကို တက်ပြီး လမ်းအခြေအနေကို ကြည့်လိုက်ဦးမယ်"

အတူလျှောက်လှမ်းနေသူ ပေါ်လုက ကျွန်တော့်ကို တားလိုက်ရင်း ရှေ့တွင်ရှိနေသော ကျောက်ကမ်းပါးယံကြီးဆီကို လက်ညှိုးထိုးပြကာ ကမ်းပါးယံအခြေတွင် ကပ်၍ပေါက်နေသော အပင်ငယ်များကိုဆွဲလျက် အပေါ်သို့ တက်ရောက်သွားသည်ကို ကြည့်နေလိုက်ရင်း အိတ်ကပ်အတွင်းမှ ရှမ်းဖက်လိပ်ကို မီးတို့ဖွာရှိုက်ရန် မီးညှိတော့မည်အလုပ် ...

"ကစ် ... ကစ် ... ကစ်"

ရှမ်းဖက်လိပ်ကို မီးနှင့်တို့ကာ ဖွာရှိုက်တော့မည်အလုပ် ကမ်းပါးယံထက်ဆီသို့ရောက်နေသော ပေါ်လုထံမှ အချက်ပေးလိုက်သံ ကြားလိုက်ရသဖြင့် လှမ်းကြည့်တော့ သူ့ဆီသို့ အမြန်ဆုံးလာရောက်ရန် လက်ယက်ခေါ်နေသဖြင့် ဆေးလိပ်ကိုမဖွာတော့ဘဲ အိတ်ကပ်အတွင်းထိုးထည့်ပြီး ကမ်းပါးယံအခြေသို့သွားကာ သူကဲ့သို့ အပင်ငယ်များကို လက်နှင့်ဆုပ်ကိုင် တွယ်တက်သွားလိုက်ပေတော့သည်။

အပေါ်သို့ရောက်ပြီး သူလက်ညှိုးထိုးပြရာ တောင်ကမ်းပါးယံအောက်ခြေ အနိမ့်ပိုင်းဆီသို့ လှမ်းကြည့်လိုက်တော့ တွေ့မြင်လိုက်ရသည့် မြင်ကွင်းက ...

ကျွန်တော့်လို မုဆိုးဝါသနာရှင်တစ်ဦး၏ ပစ်ချက်သည် ငြိမ်သက်နေသောပစ်မှတ်ကို ထိမှန်နိုင်သလို၊ ယခုလှုပ်ရှားနေသည့် သားကောင်၏ နှလုံးသားကို ထိမှန်နိုင်သည်ဆိုတာ ကိုယ့်ကိုယ်ကိုယ် အသိဆုံးဆိုသော်လည်း ယခုတွေ့မြင်နေရသည့် (ပစ်မှတ်) ထားရာ သားကောင်ကိုမူ ကိုင်ဆောင်ထားသည့် သေနတ်၏ပစ်ခလုတ်ကို ဆွဲဖြုတ်လိုက်ဖို့က ကျွန်တော့်အတွက် အလွန်အမင်း ဝန်တာကြီးသွားရသည်ကတော့ အမှန်ပင်။

မြင်တွေ့လိုက်ရသည့် မြင်ကွင်းကိုလည်း ကြည့်ဦးလေ။ ကျွန်တော် ပစ်မှတ်ထားရာ သားကောင်ကြီးသည် ချေ (ဂျီ)ပေါက်အသေတစ်ကောင်ကို လည်ကုပ်မှဆွဲလျက် သူ့ကိုမည်သည့်သားကောင်မျိုးမှ အန္တရာယ်မပေးနိုင်သည့်ထင်တစ်လုံးဖြင့် တန့်နွဲ့နွဲ့နှင့် ဂူဆီသို့ လျှောက်လှမ်းလာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂူဝဆီမှလည်း မိခင်ကြီးပြန်အလာကို စောင့်စားလျက် ငေးနေကြသည့် သားပေါက်ငယ်ကလေး သုံးကောင်ကလည်း မိခင်ကြီး၏အနံ့အသက်ကို ရသွားဟန်ထင့်။ သူတို့မိခင်ကြီး ပြန်လည်ရောက်ရှိလာပြီဟူသော အသံနှင့် အားရဝမ်းသာ ခဲနှော်ခနဲ့ ယိုင်တိယိုင်တိုင် ပြေးထွက်လာကြပြီး ဆီးကြိုနေကြရှာသည်။

အနီးသို့ မိခင်ကြီးရောက်လာတော့ ဝမ်းဗိုက်အောက်မှ နို့ချိုကို တစ်ကောင်နှင့်တစ်ကောင် ပတာ်ရပ်ကာ . တိုးဝှေ့ငုံခဲသောက်စို့နေလိုက်ကြပေသည်။ မိခင်ဖြစ်သူ ကျားမကြီးကား အတန်ငယ်ငြိမ်နေလိုက်ပြီးခါမှ သူ၏ပါးစပ်တွင် ကိုက်ခဲလာသောချေကို မြေပြင်သို့ လွှတ်ချလိုက်ရင်း ဒေါသဖြင့် တစ်ချက်ဟိန်းလိုက်ကာ ရှေ့လက်နှစ်ချောင်းနှင့် နောက်ခြေနှစ်ချောင်းကို နီးကပ်နိုင်သမျှ စုစည်းလိုက်ပြီး သူ၏ကိုယ်ထည် ခါးကျောရှည်ကြီးကို ရှုံ့၍ အပေါ်ကိုမြှောက်တင်လိုက်သည်မို့ နို့ချိုကို အငမ်းမရသောက်စို့နေသည့် အကောင်ပေါက်လေးသုံးကောင်မှာ နောက်သို့လန့်၍ လဲပြိုသွားကြသလို သေးတိုက်အနေအထားမျိုးနှင့်လည်း လဲပြိုသွားကြသည်ကို တွေ့မြင်ရနေပေသည်။

သားကောင်ကြီး၏ မာန်ဖီလိုက်သံကြောင့် ပတ်ဝန်းကျင်တစ်ခွင်လုံး သိမ့်သိမ့်တုန်ခါသွားသလို အဆက်မပြတ် အော်မြည်သံပေးနေကြသော ပုစဉ်းရင်ကွဲအော်သံများပင် ‘တိ’ခနဲ ရပ်တန့်သွားကြပြီး ဝါးရုံပင်အောက် အစာကောက်နေသည့် ကြက်သားအုပ်မတစ်စုတို့ပင် ‘ကတောက်သံ’ ညံအောင်ပေးရင်း အဝေးဆီသို့ ပျံသန်းပြေးထွက်သွားကြသည်ကိုလည်း သတိပြုလိုက်မိပေသည်။

ကျွန်တော့်ဘေးတွင် အတူရှိနေသည့် ပေါလုက ကျွန်တော် ထိုသားကောင်ကြီးကိုပစ်ခတ်ဖို့ ဝန်လေးနေမိသည့်အခြေအနေကို ကြည့်နေရင်း စိတ်မရှည်နိုင်တော့သဖြင့် တံတောင်နှင့်တို့ထိကာ ပစ်ခတ်တော့ဖို့ သတိပေးနေသည်က ယခုအခါနှင့်ဆိုလျှင် သုံးကြိမ်ထိတိုင်အောင်ပင်။

ထိုကဲ့သို့ သူသတိပေးနေသည့်တိုင် ကျွန်တော်ကလည်း သားကောင်ကြီးကို ပစ်ခတ်လိုက်မိလျှင် မှားများ မှားသွားလေရော့မလား။ ရက်





စက်လွန်းရာများ ကျနေမည်လားဟူသော အတွေးများနှင့် ချိတုံချတုံ စိတ်ကို တုံးတုံးချဆုံးဖြတ်ချက်ချလို့က မရသေး။ တော်နေသေးသည်က နှင်းဦးဆောင်းမှ သေနတ်ကြီးကတစ်လက်တည်း ပါလာခဲ့ခြင်းပင်။ ထိုသားကောင်ကြီးကို ပစ်ခတ်လို့ရမည့် သေနတ်ကလည်း ကျွန်တော့် လက်တွင်းတွင်ရှိသော။

ကျွန်တော်သည် ဝါသနာအရ သားကောင်များကို ပစ်ခတ်ချင်လွန်းသဖြင့် ဒုက္ခမျိုးစုံ၊ အပင်ပန်းအဆင်းအရဲနှင့် ငွေကုန်ကြေးကျ များစွာခံပြီး သားရဲပေါသော တောကြီးများကိုသာ ရွေးချယ်ပြီး လိုက်လံပစ်ခတ်နေသော မုဆိုးတစ်ဦးလုပ်နေသူတစ်ဦးအဖို့ ယခုလိုအချိန်ကျတော့မှ ‘ချစ်ခြင်းမေတ္တာ၊ သနားကရုဏာ၊ ကိုယ်ချင်းစာနာတတ်မှုနှင့် မုဒိတာပွားများ’ နေမှုအပေါ် တအံ့တဩနှင့် မယုံကြည်နိုင်လောက်သော အကြည့်မျိုးနှင့် ညင်သာသော သက်ပြင်းမောကလေးများကို ရှိုက်ထုတ်လိုက်ရင်း ငူငူစိုက်စိုက် ကြည့်နေသည်ကိုလည်း သတိထားလိုက်မိလေသည်။

ကျွန်တော့်အနေနဲ့ ဝါသနာအရ တောတောင်များအတွင်း သားကောင်များကို လိုက်လံပစ်ခတ်ပြီး မုဆိုးဘဝ ခံယူထားသူတစ်ယောက်ဆိုသော်လည်း ယခု မြင်တွေ့နေရသည့်ကိစ္စက ကျွန်တော် မလွန်ပါ။ တကယ်လည်း မလွန်ပါ။

မြင်ကွင်းကိုလည်း ပြန်ကြည့်ဦးလေ …

ပစ်မှတ်ထားရာသားကောင်ကြီးက ချေပေါက်တစ်ကောင် (အသေ)ကို ကိုက်ဆွဲလျက် သားငယ်များတို့ဆီသို့ ပြန်အလာ၊ သားငယ်ကလေးများက မိခင်ကြီး ကိုက်ချီယူဆောင်လာသည့် သားကောင်ကို တန်ဖိုးထားရကောင်းမှန်းမသိ။ သူတို့အသိက မိခင်၏ နို့ချိုရည်လောက်ကိုသာ အဓိကတန်ဖိုးထားတတ်ကြသူများမို့ အစာကို အာသာရမ္မက်မရှိဘဲ နို့ချိုကိုသာ အာသာငမ်းငမ်းတက် ဖြစ်နေကြသည့်အတွက် စိတ်အလိုမကျနှင့် တိန်းမောက်မာန်မဲလိုက်ဟန်ထင့်။

မိခင်သားကောင်ကြီးမှာ သူ၏ခါးကျောကိုရှုံ့လျက် အပေါ်မြှောက်တင်လိုက်သဖြင့် ရင်သွေးငယ်သုံးကောင်မှာ သေးတိုက်နေသော် ပြိုလဲကျ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်ကို အောက်မေးဖြင့် တစ်နေရာတည်းသို့ ပြန်လည်စုစည်းကာ ပါးစပ်ဖြင့်ငုံကာ လျှာဖြင့် ပွတ်သပ်သည်။ နမ်းရှုပ်သည်။ တစ်ကောင်ချင်း၏ ကိုယ်လုံးများကို လျက်ပေးသည်။ ချော့မြှူသည်။

ပြီး နောက်သားငယ်သုံးကောင်ကို သူ၏နှာခေါင်းဖြင့် တစ်နေရာဆီသို့ တွန်းပို့လိုက်ပြီး နို့အုံဆီမှပန်းထွက်လာသော နို့ရည်များကို အနီးတွင်ရှိနေသည့် သစ်ရွက်ခြောက်များတို့ပေါ်ဆီသို့ ညှစ်ထုတ်သွန်ချလိုက်သဖြင့် ဖြူဖွေးသောနို့ရည်များ သစ်ရွက်ခြောက်များပေါ်သို့ ပန်းထွက်နေသည်ကိုလည်း တွေ့မြင်လိုက်ရပေသည်။

ဖက်ရွက်များပေါ်တွင် ပန်းထွက်လာသော အဖြူရောင်နို့ရည်များတို့သည် ဖက်ရွက်များပေါ်တွင်တင်ရှိကာ မကြာမီအချိန်အတွင်း ပြင်ပလေကြောင့်လားရယ်တော့ဖြင့်မသိ၊ အညိုရောင်အသွင်သို့ ပြောင်းသွားသည်ကိုလည်း တအံ့တသြအသွင်နှင့် တွေ့မြင်လိုက်ရပေသည်။

ထိုအချိန် အကောင်ငယ်ကလေးသုံးကောင်က မိခင်ကြီး လျှာဖြင့်လျက်ကာ ချော့မြှူနေသည့်အကြားမှ အတင်းထိုးထွက်ကာ သစ်ရွက်ခြောက်များအပေါ်တွင် တင်ရှိနေသည့် နို့ရည်မည်းမည်းများကို သူ့ထက်ငါ အရင်ဦးအောင်လုယက်ကာ လျှာဖြင့် လိုက်လံလျက်ကြရင်း စားသုံးနေကြသည်ကို တွေ့မြင်လိုက်ရပြန်ပေသည်။

မိခင်ကြီးသည် သားငယ်များ သစ်ရွက်ခြောက်များထက်ထားသော နို့ရည်တို့အပေါ် အာရုံရောက်ကာ စားသောက်နေကြစဉ် မြေပြင်တွင် သေးတိုက်လဲလျောင်းနေရာမှ ကျိုးထလိုက်ပြီး သူကိုက်ချီယူဆောင်လာခဲ့သော ချေသေကောင်၏ဝမ်းဗိုက်သားကို စတင်ဖောက် စားသောက်နေပေတော့သည်။

အကောင်ငယ်ကလေးများတို့ကား သစ်ရွက်ခြောက်များတို့အပေါ်ရှိ နို့ရည်များကုန်သွားသလို သွေးညှီနံ့များကိုလည်း ရသွားကြဟန်တင်မိခင်ကြီး စားသောက်နေသည့်နေရာဆီသို့ ခေတ့်ကြောင့်ထိုင်လျက် ဖြူကြောင်ကြောင်နှင့် ငေးမျှော်ကြည့်နေကြရင်း အတန်ကြာတော့ မိခင်ကြီး





စားသောက်နေရာဆီသို့ တိုးကပ်သွားကြကာ ဝမ်းတွင်းသား အစအနများနှင့် သွေးများတို့ကို နှာခေါင်းဖြင့် နမ်းကြည့်သည်။ လျက်ပြီး အရသာခံကြည့်သည်။

အတန်ကြာတော့ ထိုအရာသည် စားကောင်းသည့်အစာဖြစ်သည်ကို သဘောပေါက်သွားကြသဖြင့် သုံးကောင်သား အလုအယက် တိုက်ခဲစားသောက်နေကြပေတော့သည်။

သားငယ်သုံးကောင်၏အဖြစ်ကို မိခင်ကျားမကြီးက နောက်သို့နစ်လှမ်းလောက်ဆုတ်လိုက်ရင်း မြေပြင်တွင် ဖင်ထိုင်ကာ စောင့်ကြည့်နေသည်။ သူ၏အမြီးကိုလည်း မြေပြင်တွင် တဘုတ်ဘုတ်ရိုက်ရင်း ကျေနပ်စွာအားပေးနေသည့်အသွင်မျိုး။

သူ့အသွင်ကို ကြည့်ရသည်မှာ သူ၏ရင်သွေးများကို 'သင်ခန်းစာ –၁၊ လေ့ကျင့်ခန်း – ၁ ကို စတင်သင်ကြားပေးလိုက်ရသဖြင့် အားရကျေနပ်နေသည့် 'ကျားလားမြောက်' လာတော့မည့် သားကောင်ငယ်များတို့အတွက် ဝမ်းသာပီတိဟန်အပြည့်။ ထိုသို့ သားကောင်ငယ်များတို့ အစာကို စားသောက်နေကြသည်ကို ဝမ်းသာပီတိအပြည့်ဖြင့် ကြည့်နေစဉ် သူ၏နှာရွက်ထိုတို ဝိုင်းဝိုင်းကလေးနှစ်ခုက ဘေးညာဆီသို့ကွေ့ဝိုက်ပြီး ဝန်းကျင်ကို စေ့စေ့သာစူးစမ်းနေပုံလည်းရသည်။

ထိုမြင်ကွင်းနှင့် ခံစားချက်တို့ကြောင့် ကမ်းပါးယံအထက် ပစ်ခတ်ရန် သေနတ်ကိုအရန်သင့် ပြောင်းခင်းထားရာမှ သေနတ်ကို အထက်ဆီသို့မြှင့်တင်လိုက်ရင်း ပစ်ခတ်ရန်စိတ်ကူးလိုက်သော်လည်း သေနတ်မောင်းခလုတ်ကို ဆွဲမဖြုတ်သေး။ ပစ်ခလုတ်ကို ဆွဲမဖြုတ်ရက်။

• ကျွန်တော့်လို မုဆိုးတစ်ယောက်၏ ပစ်ချက်သည် ယခုလို ငြိမ်သက်နေသည့်ပစ်မှတ်ကို ထိမှန်နိုင်သလို လှုပ်ရှားနေသော သားကောင်တစ်ကောင်ကိုလည်း ထိမှန်နိုင်သည်ဆိုသည်ကိုသိထားပြီး ကိုယ့်လက်အစွမ်းကို ကိုယ်တိုင်ယုံကြည်စိတ်ချသော်လည်း ယခုမြင်တွေ့နေရသော (ကျွန်တော်)အရှေ့ သားကောင်ကြီးကိုမူ သေနတ်၏ပစ်ခလုတ်ကို ဆွဲဖြုတ်ပြီး ပစ်ခတ်ဖို့အတွက် အလွန်အမင်း ဝန်တာကြီးနေမိသည်ကအမှန်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ ဝါသနာအရ ကျွန်တော်တစ်ယောက် သားငှက်များကို လိုက်လံပစ်ခတ်နေသူတစ်ဦးဆိုပေမဲ့ ယခုကိစ္စတွင် ပစ်ခတ်ဖို့ ဝန်လေးနေမိ သူ ကျွန်တော်မလွန်ပါဟု ဆုံးဖြတ်ချက်ကို ပိုင်ပိုင်ချလိုက်ရင်း ပြောင်းတင် ထားရာမှ ပြန်လည်ရုပ်လိုက်ကာ ဘေးသို့ လှဲချလိုက်ပြီး ကောင်းကင်ထက်မှ မိုးသားတိမ်တိုက်များကိုကြည့်ရင်း သက်ပြင်းမောတို့ကို မှုတ်ထုတ်ပစ်နေ လိုက်မိပေသည်။

ပေါလုကား ကျွန်တော့်ဆုံးဖြတ်ချက်ကို သဘောပေါက်သွားခဲ့ပြီး ဘာတစ်ခွန်းမျှ စောဒကထပ်တက်မနေတော့ဘဲ မြေပြင်တွင် ကျွန်တော့်ကဲ့ သို့ ကျောခင်းကာ ကောင်းကင်ထက်ဆီသို့ မော့ကြည့်ရင်း သက်ပြင်းမော တို့ကို ရှိုက်ထုတ်နေသံကို ကြားလိုက်ရပေသည်။

ပေါလုတစ်ယောက် ကျွန်တော့်ကို မကျေနပ်ဘူးဆိုသည်ကို ဘယ် မေဒင်ဆရာကိုမျှ သွားမေးနေစရာ မလိုတော့ပေ။

ထိုအချိန်တွင် ကျွန်တော်တို့အောက်ဘက် ကမ်းပါးယံအောက်ခြေ ဆီမှ ကျားမကြီးဆီမှ မာန်ဖီလိုက်သံကြီးတစ်ချက် ကြားလိုက်ရသည်နှင့် အတူ နေရာဆီမှအဝေးသို့ တစ်ဟုန်ထိုးပြေးထွက်သွားသည့်အသံ၊ အကောင် ပေါက်ကလေးသုံးကောင်က မိခင်ကြီးနောက်ဆီသို့ သူ့ထက်ငါ အပြိုင်လုရှ် ပြေးလိုက်သွားကြသံများကို ကြားလိုက်ရပေသည်။

✿ ✿ ✿

| ၁ |

❑

နံနက်ခင်းပေမို့ ကျေးငှက်သံ၊ မျောက်အော်သံ တစာစာတို့နှင့် အတူ ရိုးမကြီးတစ်ခွင်တစ်ပြင်လုံး မြူနှင်းများရစ်သိုင်းလျက် ရှိသည်။ ခပ် ဝေးဝေးဆီတွင် လှမ်းရှုမြင်နေရသော 'မဟူရာတောင်'မြင့်ကြီးပင် သူ့၏ တိဝန်းကျင်တစ်ခွင်တစ်ပြင်လုံး ထွက်ပြူစနေရောင်နှင့် ဘော်ငွေရောင် ခင်းနှင့် လှပနေသည်။

တောင်မကြီးဘေးတွင်ကပ်လျက် စီးဆင်းသည့် တောင်ကျချောင်း သော မဟူရာချောင်းသည်ပင် တစ်ချက်တစ်ချက် ဖြတ်သန်းတိုက်ခတ် ကသော လေနုအေးကလေးများကြောင့် လက်ကျန်ချောင်းရေ ကြည် ကြည်ကလေးများတို့အပေါ်တွင် ရှုပ်ပြေးလှိုင်းကလေးများတို့ တပြောင်ပြောင် ခဲ့လှဲ့။ ရိုးမရိုင်းကြီး၏ နွေသစ်တစ်နေ့၏ နံနက်ခင်းအလှကို အစွမ်းကုန် အောင် ဖော်ဆောင်နေသည့်နှယ်။

နှစ်ဦးသား လမ်းစပျောက်နေကြသဖြင့် ရှာဖွေရင်း စခန်း(အထိုင် ဆီသို့ပြန်ခဲ့ကြရာ သည်နေရာရောက်တော့မှ ပြန်ကြရမည့်နေရာ နှစ်ဦး သိလိုက်ရပေသည်။ တကယ်တမ်း ထိုနေရာသည်ကား သားတောင်

www.burmeseclassic.com



ပေါ်များသော ဤတောင်ကျ ချောင်းရိုးတစ်လျှောက်တွင် ကျွန်တော်တို့အရွဲ့ အမြဲတမ်းတောပုန်းခြောင်းကာ လှည့်လည်ပစ်ခတ်နေသည့် နေရာများပင်။

ယခုလည်း မာကျောသိပ်သည်းသော မြေနီလမ်းကလေးအတိုင်း နှစ်ဦးသား သေနတ်များကို အရေးရှိက ပစ်ခတ်ကြရန် အသင့်ကိုင်ဆောင်ကြရင်း စခန်းချရာ အပြန်လမ်းစကို ရှာဖွေပြန်ခဲ့ကြရာ တွေ့လိုက်ရသည့် သားကောင်ကြီးသည် ကလေးများမွေးကင်းစ ကျားမကြီးတစ်ကောင်ဖြစ်နေသည့်အတွက် မပစ်ဘဲပြန်ခဲ့ကြခြင်းပင်။

အပြန်လမ်းကား တိတ်ဆိတ်လွန်းလှသည်။ အလွန်စကားများလှသည့် တပည့်ဖြစ်သူ ရှာခံမှုဆိုးပေါ်လှသည်ပင် ယခုအချိန်ထိ စကားမပြောနားသည်။ အလွန်သက်သာနေသလို သစ်ရိုင်းပင်မြင့်မြင့်ကြီးများထက်ဆီမှ ကျေးငှက်သံတစာစာများအပြင် လင်းသက်ဖိုမတို့၏ မိတ်ခေါ်သံ၊ မိတ်ဆော်သံများကို ပြက်ပြက်ထင်ထင်ပင် ကြားနေရသည်။ ကျွန်တော်ကား အလွန်အမင်း စိတ်ချမ်းသာစွာနှင့် အပြန်လမ်းကို လျှောက်လှမ်းနေစဉ်အတွင်း ...

"ဒိုင်း"

နှစ်ဦးသား လျှောက်လှမ်းနေကြသည့်လမ်းကလေး၏ ဝဲဘက်ဆီ တောကြီးအတွင်းဆီမှ ကျယ်လောင်စွာ ပေါက်ကွဲမြည်ဟိန်းသံကြီးတစ်ချက်ကို ကြားလိုက်ရသလို သားကောင်ကြီးတစ်ကောင်၏ ဒေါသတကြီး ဟာန်း လိုက်သံကြီးနှင့်အတူ မြေပြင်တွင် ဝရုန်းသုန်းကား လူးလိမ့်လိုက်သည့်အသံ ကြီးများကို ဆက်တိုက်ကြားလိုက်ရသည်မို့ နှစ်ဦးသား လှမ်းလက်စခြေ လှမ်းများကို တိုင်ပင်မထားဘဲ ပြိုင်တူရပ်တန့်ကာ အသံလာရာဆီသို့ နားစွင့် အခြေအနေကို အကဲခတ်လိုက်မိကြပေသည်။

အခြေအနေက မကျွမ်းကျင်သော သေနတ်သမားတစ်ယောက်က ကျားသစ်လိုအကောင်မျိုးကို သွားပစ်မိချေပြီဟု အထင်ရောက်လိုက်သည်။ ကျားသစ်တစ်ကောင်ကလည်း ဒဏ်ရာနှင့် တောချုံတစ်ခုကိုခုန်၍ ထော တွင်းဘက်ဆီသို့ ပြန်လည်တိုးကာ ဝင်ရောက်သွားသလို သေနတ်သမားနှင့် အဖော်လိုက်လာသည့် ခွေးနှစ်ကောင်ကလည်း ကျားသစ်ကောင်ပြေးထွက်





သွားရာဆီသို့ တစ်ဟုန်ထိုး ပြေးလိုက်သွားကြသံများကိုပါ ဆက်တိုက်ကြား လိုက်ရသည်။

များမကြာမီ အချိန်အတွင်း ကျားသစ်နောက်ဆီသို့ တိုး၍ ပြေးလိုက် သွားကြသော ခွေးနှစ်ကောင်၏ ငယ်သံငယ်ရင်းပါအောင် အော်ဟစ်ညည်းညူ သံများကိုပါ တစ်ဆက်တည်း ကြားလိုက်ရပြန်သည်။

ခွေးနှစ်ကောင်ကား ကျားသစ်ကောင်၏ ပြန်လည်တိုက်ခိုက်ခြင်းကို ခံလိုက်ရပြီး လူကိုပါ ပြန်လည်အန္တရာယ်ပေးတော့မည်ဖြစ်သည်ကို အတွေ့ အကြုံများတို့အရ သိထားလိုက်သဖြင့် တပည့်ကျော်ပေါ်လှမျက်နှာကို လှမ်း ကြည့်ကာ ထိုနေရာဆီသို့ အမြန်သွားရန် မေးငေါ့ပြလိုက်မှကြောင့် သေနတ် များကို အသင့်ကိုင်ဆောင်ကြရင်း နှစ်ဦးသား ပြေးလွှားသွားလိုက်မိကြပေ တော့သည်။

ဦးစွာ တွေ့မြင်လိုက်ရသည့်မြင်ကွင်းကား အမဲလိုက်ခွေးနှစ်ကောင် သည် ကျားသစ်၏ ပြန်လည်ကုတ်ခြစ်ခြင်းကို ခံလိုက်ရပြီး မြေပြင်တွင် ချုံ့ပွင့်လျက် ဘေးတိုက်လဲကျ အသက်ငင်နေရင်းမှ နှုတ်မှ 'တအိုင်အိုင်' ညည်းညူနေရှာသည်ကို တွေ့မြင်လိုက်ရပေသည်။ သေနတ်သမားကား ကျား သစ်ကောင်ဝင်ရောက်ပုန်းခိုနေသော တောချုံပုတ်အတွင်း မျက်နှာမူလျက် ပစ်ခတ်တော့ရန် အသင့်အနေအထားဖြင့် မှဆိုးဒူးထောက် အထိုင်ပုံစံမျိုးဖြင့် အသင့်အနေအထားနှင့် စူးစူးစိုက်စိုက်ကြည့်ကာ သားကောင်ထွက်မည့်နေရာ ကို သေနတ်နှင့် လိုက်လံချိန်ရွယ်နေသည်ကို တွေ့လိုက်ရသည်။

ထိုစဉ် သူမျက်နှာမူထားရာ တောချုံပုတ်ကြီးအတွင်းဆီမှ ဒဏ်ရာရ ကျားသစ်တစ်ကောင်က ထိုသူကို လျှပ်တစ်ပြက် ခုန်ထွက်လှမ်းအုပ်လိုက် သလို သေနတ်သမားကလည်း လျှပ်တစ်ပြက်လှည့်လိုက်ကာ မျက်နှာချင်း ဆိုင်အနေအထားနှင့် ကိုင်ဆောင်ထားသည့် သေနတ်ကို ဆွဲဖြုတ်ချလိုက် သော်လည်း ...

"ချောက် ... ချောက်"

သူကိုင်ဆောင်ထားသည့် သေနတ်ကျည်ဆန်က ထွက်မသွား။ သူ မျက်လုံးပြူးနေစဉ် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း ...ဒိုင်း ..."

အရည်ပျော့သားကောင်တစ်ကောင်အဖို့ (၆)လုံးကျည် တစ်တောင့်နှင့်ပင် လုံလောက်သော်လည်း ယခု ကျွန်တော်ပစ်ခတ်လိုက်သည့် ကျည်ဆန်က (၂)တောင့်မို့ ကျည်ခဲလုံး (၁၂)လုံးတို့က ကျားသစ်ကောင်၏ ခန္ဓာကိုယ်တစ်ခုလုံးကို ဖြတ်ဖောက်သွားခြင်းကို ခံလိုက်ရပြီမို့ မြေပြင်ထက်သို့ ဖွဲအိတ်ကြီးပစ်ချခံလိုက်ရသည့်နှယ် ဗုန်းခနဲ ပစ်ကျသွားပြီး တုပ်တုပ်ပင် မလှုပ်နိုင်တော့ပေ။

ကျွန်တော်က သေနတ်ဖက်ကို လျင်မြန်စွာချိုးလိုက်ပြီး ကျည်သစ်နှစ်တောင့်ကို ပြောင်းရင်းအတွင်းသို့ ထိုးထည့်လိုက်ကာ သေနတ်သမားကို လှမ်းကြည့်လိုက်မိသည်။ မြင်ကွင်းအရ အမှန်တကယ် အံ့သြသွားရသူက ကျွန်တော်ရယ်ပါ။ အကြောင်းမူ မြင်တွေ့လိုက်ရသည့် သေနတ်သမားကား နငယ်ပျိုရွယ်သော မိန်းမပျိုကလေးတစ်ဦး ဖြစ်နေခြင်းကြောင့်ပင်။

"ဘုရား ...ဘုရား ...တောမှောက်ခံရပြီလား၊ တောခြောက်ခံရလေပြီလား။ သူယောင်မယ်လည်း မဟုတ်လောက်ပါဘူး"

နှုတ်ဖျားမှထွက်ပေါ်လာသော စကားတော့မဟုတ်။ စိတ်တွင်းက တွေးတောလိုက်ရင်း မဆိုးထိုင်အနေအထားမျိုးနှင့် တစ်လုံးထိုးသေနတ်ကို (တူမီးသေနတ်)ကိုင်ဆောင်ကာ ကျားသစ်သေကြီးကို ငူငူငိုင်ငိုင်ကြီးအသွင်မျိုးနှင့် စူးစိုက်ကြည့်နေသော မိန်းမငယ်အနီးဆီသို့ တိုးကပ်သွားရင်း နှုတ်ကလည်း ...

"ကလေးမက ဘယ်လိုလုပ် ဒီတောကြီးထဲကိုရောက်လာပြီး ဒီကျားသစ်ကို လိုက်ပစ်နေရတာလဲ။ အန္တရာယ်ရှိမယ်ဆိုတာကော မသိဘူးလား။ ငါတို့နှစ်ယောက်နဲ့ တွေ့ပေလို့ တော်သေးတာပေါ့"

ကျွန်တော့်အမေးကြောင့် မိန်းမငယ်မှာ အသက်ဝင်လှုပ်ရှားလာသော်လည်း အတုန်တုန်အချည့်ချည့် အထစ်ထစ် အငေါ့ငေါ့နှင့် ပြန်ဖြေရှာပုံက ...

"ဟို ...ဟို ...ဟိုလေ ...ကျွန်မ ပုဏ္ဏရွာကပါ"

"ဟေ ...ပုဏ္ဏရွာက ဟုတ်လား။ ဘယ်သူ့သမီးလဲကွ"





"ကျွန်မ မုဆိုးဦးအောင်သူသမီးပါ"

"ဟုတ်လား ...မုဆိုးအောင်သူမှာ သမီးရှိတယ်လို့ ငါတို့ မကြားမိပါလားကွ"

"ဟုတ် ...ဟုတ်ပါတယ် ...အဖေကြီးရယ်။ ကျွန်မက အမေနဲ့ မြို့မှာ လိုက်နေတာပါ။ ခု အဖေ့ကိုသတိရလို့ လာလည်ရင်း အဖေ့သေနတ်နဲ့ အနီးအနား သားကောင်ငယ်တွေပစ်ဖို့ ထွက်လာရင်း ဒီအကောင်ကြီးနဲ့ တိုးရတာပါ။, အဖေကြီးကို ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်မမှာ အဖေကြီးပေးတဲ့အသက်ပဲ ရှိပါတော့တယ်။ ခွေးနှစ်ကောင်ကိစ္စကိုလည်း အဖေ့ကို ဘယ်လိုပြောရမှန်းတောင် မသိဘူး။ အဖေ့အတွက် သိပ်အားကိုးရတဲ့ ခွေးတွေလေ"

ကျွန်တော်က အသက်အရွယ်ကြောင့်အပြင် သူမ၏အသက်ကိုပါ ကယ်တင်လိုက်နိုင်သဖြင့် ကျေးဇူးတင်လွန်းသဖြင့် 'အဖေကြီး' ဟု ခေါ်လိုက်ဟန်ထင့်။ ထိုအချိန် နောက်ကျောဘက်ဆီတွင်ရှိနေသည့် ပေါလုအသံက ဖြတ်ကျော်ခုန်ပေါက် တိုးဝင်လာသည်။

"ခွေးနှစ်ကောင်အတွက်တော့ စိတ်ချပါ။ အစ်ကို့မှာ ချင်းပြည်နယ်ဘက်ကဝယ်လာတဲ့ ခွေးနှစ်ကောင်ရှိတယ်။ ပြန်အစားပေးပါ့မယ်။ အမဲလိုက်နိုင်အောင်တော့ လေ့ကျင့်ယူရမှာပေါ့။ ဒီကျားသစ်ကောင်ကိုလည်း ညီမအတွက် အမှတ်တရလက်ဆောင်အဖြစ် အစ်ကိုပေးပါတယ်။ ဒီအကောင်ကို ထမ်းပြီး ညီမအိမ်လိုက်ပို့ပေးရင်း ညီမအဖေ ဦးအောင်သူကိုလည်း ရှင်းပြမှာပါ။ လူ့အသက်ထက် ဘာမှ ပိုအရေးကြီးပါဘူး။ စိတ်အေးအေးသာထား"

ပေါလုတစ်ယောက် သွက်လက်ထက်မြက်နေပုံက အဲသလိုမျိုး ကျားသစ်ကောင်ကိုထမ်းကာ အိမ်အထိလိုက်ပို့ဦးမဲ့တဲ့။ သေသွားသော ခွေးနှစ်ကောင်ကိုလည်း ပြန်အစားပေးဦးမတဲ့လေ။ အဲဒီ ခွေးနှစ်ကောင်ဆိုတာကလည်း သူ့ခွေးများမဟုတ်။ ကျွန်တော်ရွှေစက်တော်သို့ ဘုရားဖူးသွားရင်း ချင်းလူမျိုးတို့ လာရောက်ရောင်းချသည့် အမဲလိုက် အနံ့ခံအကောင်းစားသည့် အမဲလိုက်ခွေးနှစ်ကောင်။ သူတို့နှစ်ကောင်၏ အမည်များကလည်း



www.burmeseclassic.com

www.burmeseclassic.com



'ဖိုင်ယာနှင့် ဘွတ်ပလုံ'ဆိုပြီး သူတို့နာမည်ပေးထားသည့် ခွေးများပင်။ ကျွန်တော်က ထိုချင်းခွေးနှစ်ကောင်ကို ဝယ်ယူလာခဲ့ပြီး အမဲလိုက်လေ့ကျင့်ရ စေရန် သူ့ထံသို့ ပို့ထားပြီး လေ့ကျင့်ခိုင်းထားသည့် ခွေးများပင်။

ယခုတော့ ထိုချင်းခွေးနှစ်ကောင်ကို ကျွန်တော့်ရှေ့တွင်ပင် သူ့ခွေး အမှတ်နှင့် မိန်းမငယ်ကလေးကို အစားပြန်ပေးဦးမည်တဲ့လေ။ တစ်လမ်းလုံး ကလေးသုံးကောင်၏မိခင် ကျားမကြီးကို မပစ်ခတ်သဖြင့် မကျေမနပ်နှင့် ကျွန်တော့်ကို အစာမကြေဖြစ်ကာ စကားတစ်လုံးမျှ မပြောခဲ့သော ပေါလု တစ်ယောက် ယခုအခါ မုဆိုးအောင်သူ၏သမီးကို တွေ့လိုက်ရပြီး သေနတ် ကိုဖော်ထမ်းထမ်းကာ ဟန်ပါပါနှင့် သွက်လက်နေသော သူ့ကိုလှမ်းကြည့် လိုက်ရင်း ကျွန်တော် ပြုံးနေလိုက်မိသည်။ ကျွန်တော့်ကို မျက်စိတစ်ဖက် မှိတ်ပြလိုက်ရင်း သူဆက်ပြောနေသည့် စကားတို့က . . .

"ဒီကညီမနာမည်က ဘယ်လိုခေါ်သလဲဟင်။ ညီမအဖေ ဦးအောင် သူနဲ့တော့ မကြာခဏဆိုသလို ဆုံခဲ့ဖူးပါတယ်။ တွဲပြီးလည်း ပစ်ခဲ့ဖူးတယ်။ သူ့အိမ်မှာလည်း ထမင်းစားခဲ့ဖူးတယ်။ အဲဒီတုန်းက ညီမကို မတွေ့ခဲ့ဘူး လေ"

"ညီမနာမည်က စံပယ်ပါ။ အများကတော့ ချစ်စံပယ်လို့ခေါ်ကြ တယ်လေ"

"ဪ . . . ချစ်စံပယ်တဲ့လား။ နာမည်ကလေးက ချစ်စရာကောင်း လူကလည်း လှပါတယ်လေ"

ပေါလုပြောလိုက်သည့် စကားများကြောင့် မိန်းကလေးမှာ ရှက်သွေး ဖြာသွားဟန်ထင့်။ ပါးပြင်တို့က ရဲခနဲဖြစ်သွားသည်ကို တွေ့မြင်လိုက်ရ သည်။ ယခုမှပင် ပေါလုတစ်ယောက် အာသွက်နေခြင်း အကြောင်းအရင်း ကို ကျွန်တော် သဘောပေါက်လိုက်မိသည်။ သူအာသွက်မည်ဆိုကလည်း သွက်လောက်ပေသည်ကိုး။

မိန်းကလေးကို ယခုမှပင် အသေအချာကြည့်လိုက်မိသည်။ ညို ညက်ညက် အသားအရေနှင့် နုပျိုလန်းဆန်းနေပြီး သူမ၏ မျက်ခုံးများ က ဝင်ရော်တောင်များသို့နယ်။ ကြည်လဲ့ဖြူဝင်းသော မျက်ဝန်းအစုံတို့





အောက်၊ ချွန်မြသောနှာတံ၊ ခပ်ဖူးဖူးကလေးအသွင် နှုတ်ခမ်းရဲရဲကလေးတို့ ပိုင်ရှင်၊ မှုန်နှံ့သာမခြယ်ဘဲ သူမ၏အလှတို့က လင်းသလိုလဲ့သလိုနှင့် ဘျစ်လစ်ခိုင်မာသော ကိုယ်ကာယအလှပိုင်ရှင်မလေးတစ်ယောက် ဖြစ်နေ သည်ပဲကိုး။

ယခုကိစ္စတွင် ကိုယ်ကိုယ်တိုင် လူကြီးတစ်ယောက်အသွင်နှင့် အနေ အထားမျိုးအပြင် သူမကလည်း အဖေဟု အခေါ်ခံထားရခြင်းဖြစ်သူမို့ ကိုယ့် အတန်းအစားနှင့် ကိုယ့်သိက္ခာကိုထိန်းလိုက်ရင်း စိတ်ကို ငြေသိမ့်လိုက်ရ သည်က လူငယ်တွေဆိုသည်က သည်လောက်တော့ ရှိကြပေမပေါ့ဟုသော အက်ဆီသို့ရောက်အောင် တွေးယူလိုက်ရင်း မိန်းကလေးကိုင်ဆောင်ထား သည့် တူမီးသေနတ်ဘက်ဆီသို့ အတွေးကို ဦးတည်လိုက်ရပြန်သည်။

တူမီးသေနတ်ဆိုသည်က ကျွန်တော်တို့လက်ဝယ် ယခုကိုင်ဆောင် ထားသည့် သေနတ်မျိုးမဟုတ်။ သားကောင်ကို တစ်ချက်တည်း အဝိုင်လှဲ သိပ်ရသည့် သေနတ်မျိုးပင်။ ပို၍ ရှင်းအောင်ပြောရလျှင် (လုပ်သေနတ်) အက်သက်။ ကျွန်တော်တို့ကိုင်ဆောင်ပစ်ခတ်နေသည့် ကျည်တောင့်ထိုးကာ ပစ်ခတ်လို့ရသည့် သေနတ်မျိုးမဟုတ်။

လုပ်သေနတ်ဖြစ်သည့်အတွက် သားကောင်ကို တစ်ချက်ပစ်ခတ် နိုင်ရေးအတွက် ဦးစွာပထမ သေနတ်ပြောင်းအတွင်းသို့ ယမ်းမှုန့်လောင်း ထည့်ရသည်။ ဥပမာ ထိုယမ်းမှုန့်ကို (ပယ်နယ်စလင်ပုလင်း တစ်ပုလင်းခ ၍) ပြီးနောက် ထောင်းတံဖြင့် ထိုယမ်းမှုန့်ကို ထောင်းရသည်။ နောက် သပ် အုန်းဆံဖတ်များကိုသွင်းကာ ထောင်းရပြန်သေးသည်။ ထိုလုပ်ငန်းများ ပြီးတော့ (ကာမိုက်)ထည့်ကာ ထောင်းရပြန်သည်။ ထိုသို့လုပ်ဆောင်ပြီးခါမှ ကျည်ခဲလုံး ထည့်ရသည်။ အုန်းဆံဖတ်များ ထည့်ရသည်။ ထောင်းရသည်။ ဒီတဲ့သို့ တစ်ချက်ကောင်းပစ်ခတ်နိုင်ဖို့အတွက် လုပ်ဆောင်ချက်များတို့က အဆင့်ဆင့်။ သားကောင်ကိုပစ်ပြန်တော့လည်း သေကွင်းသေကွက်ကို အဝိုင် ဆောင့်ကာ တစ်ချက်ကောင်းပစ်ခတ်ရသည့် သေနတ်မျိုး။

သို့အတွက် ထိုသေနတ်မျိုးတို့ကို ကိုင်ဆောင်ပစ်ခတ်ကြသည့် မုဆိုး တို့မှာ သာမန်မုဆိုးများမဟုတ်။ စိတ်ဓာတ်ကြံ့ခိုင်ပြီး သားကောင်များတို့၏

www.burmeseclassic.com



စရိုက်သဘာဝကို အတော်အတန် လေ့လာကျွမ်းကျင်ထားကြသူများဖြစ်သည့် သဘာရင့်မုဆိုးကြီးများတို့သာ ကိုင်ဆောင်ပစ်ခတ်ကြသည့် သေနတ်မျိုး။

ယခုမှ သူမကိုင်ဆောင်ထားသည့် သေနတ်မှာ တူမီးသေနတ်ဖြစ်သည့်အတွက် သူမဖခင် မုဆိုးကြီးဦးအောင်သူဆိုသည်မှာ ဘယ်လိုမုဆိုးအဆင့် ရှိသူဆိုသည်ကို ကိုင်ဆောင်သည့်သေနတ်ကို ကြည့်ခြင်းအားဖြင့် မုဆိုးပါးဝနေသည့် ကျွန်တော်ကအသိ။

အထက်ကတင်ပြခဲ့သလို သားကောင်ကြီးတစ်ကောင်ကို လင့်ထက်မှသော်လည်းကောင်း၊ အခြားသော တောချုံပုတ်တစ်ခုခုအတွင်းမှသော်လည်းကောင်း ပစ်ခတ်မည်ဆိုပါက သေကွင်းကိုမှန်းဆကာ အပိုင်ချိန်ရွယ်ပစ်ခတ်ကြသည့် သေနတ်မျိုးပင်။

ထိုကဲ့သို့ အပိုင်ချိန်ရွယ်ပစ်ခတ်ပါသော်လည်း သားကောင်က ကိုယ်မှန်းဆထားသလိုမသေဘဲ (မီးခိုးကြွက်လျှောက်) လူကို ပြန်လည်အန္တရာယ်ပေးသဖြင့် နောက်တစ်ချက် ထပ်မံပစ်ခတ်ရန် လိုအပ်သည့်အတွက် ပစ်ခတ်ဖို့ လုပ်ပြန်တော့ အချိန်ကာလက အနည်းဆုံး (၇)မိနစ်လောက်ကြာတော့မှ ပစ်ခတ်လို့ရသည့် သေနတ်အမျိုးအစားပင်။

ယခု ထိုသူငယ်မက ထိုသေနတ်ကိုကိုင်ပြီး တောကောင်ငယ်များကိုပစ်ရန် အဖော်ဖြစ်သူ ခွေးနှစ်ကောင်ကိုခေါ်ပြီး ထွက်လာခဲ့သော်လည်း အမှန်တကယ် သူတွေ့မြင်ရသည့် သားကောင်က သူမထင်ထားသလို သားကောင်ငယ်မဟုတ်ဘဲ ကျားသစ်ကြီးတစ်ကောင်ဖြစ်နေပြီး လူကို ပြန်လည်အန္တရာယ်ပေးနေသည်ကို မျက်ဝါးထင်ထင် ကျွန်တော် တွေ့မြင်လိုက်ရသဖြင့် အကာအကွယ်ပေးလိုက်နိုင်ခဲ့သော်လည်း ကျွန်တော်နှင့် မတွေ့လိုက်ပါလျှင် အကယ်၍များ ကျွန်တော်တို့နှစ်ယောက် ဝင်ရောက်မလာနိုင်ခဲ့ပါလျှင် ...

ထိုကဲ့သို့ တောင်စဉ်ရေမရ အတွေးများတို့ကို လွှတ်ထားလိုက်ချိန် တက်ကြွနေသည့် သူ၏အသံက ထပ်မံထွက်ပေးလာပြန်သည်က ...

"ကဲ ... ညီမ၊ အစ်ကို ကျားသစ်ကို ထမ်းမယ်။ ညီမတို့နေတဲ့ ပုတ္တရွာကအိမ်ကို သွားလိုက်ကြရအောင်နော် ... ဘိုလေး"





အမှန်တော့ ချစ်စံပယ်ဆိုသည့် မိန်းကလေးအပေါ် သူက စောစောက ပိုပြီး ကျွန်တော့်ဘက်လှည့်ကာ စစ်ကူတောင်းလိုက်ခြင်းပင်။ ထွက်လည်း တတ်နိုင်သည့် မုဆိုးပါကလား။ တောသားရဲတော့ ကျွန်တော်ဝင် ဘယ်လို ဆွဲထုတ်ရမှန်းမသိသဖြင့် ဘာစကားတစ်ခွန်းမျှ ပြန်လည်မပြောသာသည်နှင့် မချိသောအပြုံးကလေးနှင့်သာ ပြန်လည်ခေါင်းညိတ် ပြလိုက်မိတော့သည်။ သူ့ဘက်ကိုရည်ရွယ်ပြီး ဒီလောက်သဘောကောင်းနေသည်ကို သဘောပေါက်နေပေမဲ့ လူကြီးမို့ မသိဟန်ဆောင်နေလိုက်စဉ် သူက ကျားသစ်သေကောင်ကြီးကို ဇွေ့ခနဲ ပခုံးထက်တွင် မနိုင်မနင်း ထမ်းလိုက်ရင်း သေနတ်နှစ်လက်ကိုထမ်းကာ သူ့နောက်မှလိုက်နေသည့် ချစ်စံပယ်နောက်က တစ်လျှောက်လိုက်ခဲ့ရင်း လျှောက်လှမ်းနေမိပေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# | ၆ |

❑

သေနတ်ကို တစ်စချင်းဖြုတ်လျက် ပွတ်တိုက်ဆီကျွေးအပြီး ပြောင်းအတွင်းရှိ ချေး(ဂျီး)များကို ကတ္တီပါစသန့်သန့်နှင့် ပွတ်တိုက်ဆွဲယူသန့်စင်နေစဉ်အတွင်း ကျွန်တော့်အနီးသို့ ပေါလုတစ်ယောက် ရောက်လာသည်။ သူ၏မျက်နှာကို ကြည့်လိုက်တော့ မချိုမချဉ်။ သူက ကျွန်တော်တို့ထိုင်နေရာနောက်ကျောရှိ ရိုးမတောကြီး၏ ဟိုမှာဘက် ပြေပြေလျှောလျှော နိမ့်ကျနေသည့်ကုန်းစောင်းနှင့် သက္ကယ်တော၊ ချိုက်တောကြီးများကိုပင် လှမ်းပြီး သူကြည့်နေသည်ကို ကျွန်တော် သတိပြုလိုက်မိသည်။ ထုံးစံအတိုင်း အဘကောင်းက သေနတ်များကို ပြန်လည်တပ်ဆင်နေရင်း မျက်မှန်ထောင့်မှ ကြည့်ကာ ပြောလိုက်သည်က ...

"ပြောစမ်းပါဦး ... ပေါလုရဲ့။ မင်းက ဘာပြောချင်လို့တုံး။ ငါ့ကို ရှင်းအောင်ပြောစမ်းကွာ"

လက်တွဲလာခဲ့ကြသည့် ကာလတစ်လျှောက်လုံးတွင် ယခုအချိန်တွင်သာ ထူးထူးခြားခြားပြောလာခဲ့သော ပေါလု၏စကားကြောင့် ညဘက်မီးထိုးကာ အမဲလည်ရန်အတွက် လေးခဲထိုးဓာတ်မီးကိုပြင်နေသော အဘ





ကောင်းက သူတပ်ထားသောမျက်မှန်အတွင်းမှ မျက်လုံးအစုံကို အထက်သို့ လှန်ကြည့်လိုက်ရင်း ...

"ကျွန်တော်ညပိုင်း အဘကောင်းနဲ့ မီးလည်မလိုက်တော့ဘူး"

"ဟေ ... ဘာဖြစ်လို့တုံးကွ"

"စားပင်သွားစောင့်မလို့"

"ဘယ်မှာလဲ။ ဘာစားပင်လဲ။ ဘာကောင်ဝင်စားလဲ။ ဝင်ချိန်ထွက်ချိန်ကော မှန်ရဲ့လား။ ဘယ်သူနဲ့သွားမှာလဲ"

မေးခွန်းတွေက များလှသည်ဟုထင်ရပေမဲ့ ယခုကဲ့သို့ စားပင်ကိုစောင့်ပြီး ပစ်ခတ်ကြမည့်သူတိုင်းကို မေးရိုးမေးစဉ်အတိုင်း မေးခွန်းများဆို ကျွန်တော်က ဘာတစ်ခွန်းမျှဝင်မပြောဘဲ ငြိမ်၍ နားထောင်နေလိုက်မိသည်။

"ပုတ္တရွာဘက်မှာ သားကောင်ခြေရာကိုကြည့်တော့ ဝင်ချိန်မှန်မယ်ထင်တယ်။ အကောင်ကလည်း သူယောင်မယ်ကောင်ဆိုတော့ ..."

"ဘာကွ ... ပစ်ရမယ့်အကောင်က သူယောင်မယ်ကောင် ... ဟုတ်လား"

ပေါလုစကားကြောင့် ကျွန်တော်က သဘောပေါက်သွားကာ ဟားတိုက်ရယ်မောလိုက်မိသည်။ ထိုအချိန် အဘကောင်းက ကျွန်တော်တို့နှစ်ယောက်ကိုကြည့်ရင်း ပြောလိုက်သည်က ...

"သူယောင်မယ်ကောင်ဆိုတာကို ငါအမဲပစ်လာခဲ့တဲ့ သက်တမ်းတည်း ကြာခဲ့ပြီ။ ကြားလည်း မကြားမိဘူး။ ပစ်လည်း မပစ်ခဲ့သေးဘူး။ မြင်တောင် မမြင်ဖူးဘူး။ ပုတ္တရွာရဲ့ ပစ်ရမယ့်ခွင်က ဘယ်အနားမှာလဲ"

"မုဆိုးကြီး ဦးအောင်သူ့ခွင်မှာ"

ပေါလုက မဆိုင်းမတွပင် ပြန်ဖြေလိုက်သံကြောင့် ကျွန်တော်က နေနိုင်တော့ဘဲ ဒုတိယအကြိမ် ရယ်မောလိုက်မိပြန်သည်။ အကြောင်းကို မသိသေးသော အဘကောင်းက သူ့ကို ကျွန်တော်ကပါဝင်ပြီး နောက်ပြောင်နေသည်ဟု အထင်ရှိသွားသောကြောင့် ကျွန်တော့်ကို မျက်မှောင်ကြုတ်လှမ်းထိုးကာ သူ့ထုံးစံအတိုင်း ရှူးရှူးရှဲရှဲဓာတ်မီးထိုးသော ဝေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအချိန်တွင် သတ်ပုံကိုမကြေညက်သော ပေါလုက ကွန့်လိုက်ပြန်သည်က ...

"ဟုတ်တယ် ... အဘရဲ့၊ အဘမြင်ရင် အံ့သြသွားမယ်။ တကယ်ပဲ ဘုရားစူး"

"နေစမ်းပါဦးကွ ... မင်းသွားစောင့်မယ့်စားပင်က ပုတ္တရဲ့ ဘယ်နေရာ လောက်မှာရှိမလဲ၊ အောင်သူ လင့်သွားစောင့်နေကျကျောတွေကို ငါအတော်များများ သိနေပါတယ်။ ခု မင်းပစ်မယ့် သူယောင်မယ်ဆိုတဲ့ အကောင်က ဘာသီးကို ဝင်စားနေတာလဲ၊ ဘယ်လိုအကောင်မျိုးလဲ။ ငါ့လည်း ရှင်းပြပါဦး"

"အဲဒီအကောင်က ခြေနှစ်ချောင်း လက်နှစ်ချောင်းရှိပါတယ် ... အဘရဲ့"

"တယ် ... ငါကလော်တုတ်လိုက်ရ။ ပေါလုနော် နင်နာတော့မယ် ... ဟင်း"

ပေါလုတစ်ယောက် အဘကောင်းကို နောက်ပြောင်နေသလို မသိချက်ဆိုးဝါးလွန်းလှသော အဘကောင်းကိုကြည့်ရင်း တတိယအကြိမ် ကျွန်တော် ဟားတိုက်ရယ်လိုက်မိပြန်တော့သည်။ ကျွန်တော်ရယ်လိုက်သည့်အတွက် အဘိုးကြီးက ဗိုမိုဒေါပွလာခဲ့ပြီမို့ သူသဘောပေါက်နားလည်အောင် အခြေအနေကို အကျဉ်းချုပ်ကာ လိုရင်းတိုရှင်း ပြောပြလိုက်မိပေသည်။ ဒါတောင် အဘိုးကြီးက ...

"ဟုတ်ကောဟုတ်ရဲ့လား ... ပေါလုရ၊ အောင်သူမှာ သမီးရှိတယ်လို့ ငါ မကြားမိပါဘူး။ သူ့မယား မိစိမ်းကလည်း မပြောဖူးပါဘူး။ ဒီတောမှာ သူယောင်မယ်တွေရှိနေလျက်နဲ့ ရန်ကုန်ကလာတဲ့ သူယောင်မယ်ကျ ဘယ်လိုဖြစ်ပြီး သောက်ဖြစ်သည်းနေရတာလဲ။ အေးလေ ... မိန်းမ မယူဘူးသေးတဲ့ကောင်ဆိုတော့ ဒီလိုပဲဖြစ်မှာပေါ့"

"မတူဘူးလေ ... အဘရဲ့၊ မြို့က သူယောင်မယ်ဆိုတာ တတ်မြေသြဇာထည့်ထားတော့ အသီးကလည်း ထွားတယ်၊ ချိုလည်း ပိုချိုတယ်၊ အရသာလည်း ပိုရှိတယ်အဘရဲ့"





"တာ ... ခွေးကောင် တော်တော့ကွာ။ ကလေးတလားတောား တွေနဲ့ ငါ့ကို လာပြောနေတယ်"

အဘကောင်းက ဆဲဆိုလိုက်ရင်း နေရာက ထသွားသည်။ ပေါလုအား သူတို့လူငယ်တွေ၏အခြေအနေကို မေးမြန်းလိုက်တော့ သည်ရက်ပိုင်းအတွင်းတွင်ပင် အတော်အတန် ခရီးရောက်နေကြပြီမို့ အဖေကြီးဟုအခေါ်ခံထားရသည့် ကျွန်တော့်တွင် တာဝန်ကရှိနေပြီ မဟုတ်ပါလားဟု တွေးတောနေလိုက်စဉ် အဘကောင်း ပြန်ရောက်လာသည်မို့ ကျွန်တော်က နောက်ပြောင်ကျီစယ်လိုသဖြင့် လှမ်းစလိုက်မိသည်။

"ဒါနဲ့ အဘကောင်းကို မေးရဦးမယ်။ စိတ်တော့မဆိုးနဲ့နော်"

"အေး ... မေးလေကွာ၊ စိတ်မဆိုးပါဘူး။ ငါသိသလောက်ပြန်ဖြေမှာပေါ့"

"တကယ်နော် အဘ"

"အေးပါကွာ ... မဆိုးပါဘူးဆိုနေမှ၊ ဘယ်လိုဖြစ်နေတာ လဲ"

ပါးစပ်ကသာ စိတ်မဆိုးပါဘူးဆိုသော်လည်း ယခုကတည်းက ပင်ဆိုးချင်ချင်ပင်။

"ဒီလိုပါ ... အဘရယ်၊ မိန်းမတွေနဲ့ ပတ်သက်လာရင် အမရာကိန္နရီ မဒီ၊ သမ္မာဆိုပြီး တော်ဝင်တဲ့ မိန်းမလေးဦးရှိတယ်လို့ဆိုတယ်။ အဲဒီတော်ဝင်မိန်းမလေးယောက်ဟာ ဖြူသလား၊ မည်းသလား၊ ပိန်သလား၊ ဝသလား၊ ပုသလား၊ ရှည်သလား။ အဲဒါကို ကျွန်တော်မသိဘူး အဘရဲ့၊ ဒီတော့ အိမ်ထောင်ပြုခဲ့ရင် အဲဒီလိုတော်ဝင်တဲ့ မိန်းမမျိုးဖြစ်အောင် ဘယ်လိုရွေးရမလဲဆိုတာ သိချင်လို့ ပြောပြပါလား အဘရဲ့"

ကျွန်တော်မေးလိုက်သည့် မေးခွန်းကိုနားထောင်ပြီး အတော်ကြာကြာ စဉ်းစားသည်။ အတန်ကြာတော့မှ သူပြန်ဖြေလိုက်ပုံက ...

"အဲဒီ ပြဿနာကို ငါငယ်ငယ်တုန်းက ငါ့ဆရာကို မေးခဲ့ဖူးတယ်ကွ။ သူပြန်ဖြေတဲ့အတိုင်း မင်းမေးခွန်းကို ငါပြန်ဖြေပြမယ်။ မှတ်ထားကွ။

မင်းမေးတဲ့မေးခွန်းကို ငါ့အတွေ့အကြုံအရ မင်းမေးသလို ငါ ပြန်ဖြေပြမယ်တဲ့။ လောကမှာ မိန်းမနဲ့ပတ်သက်လာရင် ဖြူတာသည်း ကောင်း



www.burmeseclassic.com

www.burmeseclassic.com



တယ်။ မည်းတာလည်း ကောင်းတယ်။ ပိန်တာလည်း ကောင်းသလို ဝတာလည်းကောင်းတယ်။ ပုတာလည်း တစ်မျိုးကောင်းသလို ရှည်တာကျပြန်တော့လည်း ကောင်းပြန်ရောကွ။ အိုကွာ . . . တိုတိုပြောရရင် မကောင်းလို့ လွှင့်ပစ်ရတဲ့ အရာတစ်ခုမျှ မရှိဘူးတဲ့။ သူ့ဟာနဲ့သူ ကောင်းကြတာချည်းပဲလို့ ဖြေခဲ့တယ်။ အခု မင်းမေးတဲ့မေးခွန်းကို ငါ့ဆရာဖြေသလို ပြန်ဖြေလိုက်တယ်ကွာ။ မှတ်ထားကြ''

သူ့စာဖြစ်ကြောင့် အနီးတွင်ရှိနေကြသည့် အဖွဲ့သားများက 'ဖါး' ခနဲ ပွဲကျသွားကြပေတော့သည်။

✿ ✿ ✿

[ ၇ ]

❑

ပေါလုတစ်ယောက် မင်္ဂလာညှိခံပွဲအတွက် အဖေကြီးဟု အခေါ်ခံထားရသည့် ကျွန်တော်နှင့် အဖွဲ့သားများတွင် တာဝန်က ကျရောက်လာပြန်သည်။ သို့အတွက် ထိုအခမ်းအနားတွင် ညှိခံကျွေးမွေးရန်အတွက် သားကောင်ကို ရှာကြရပေဦးမည်။

ဖြတ်သန်းလာခဲ့ကြသော လမ်းတစ်လျှောက်လုံး သစ်ရိုင်းပင်ကြီးများထက်ဆီမှ ကျေးငှက်များတို့၏ တွန်ကျူးသံများ၊ မျောက်အုပ်တို့၏အော်သံများမှအပ အခြားသောသားကောင်များ၏ အော်ဟစ်သံကို မကြားရသော်လည်း ဝါးရုံကိုင်းများထက်ဆီမှ တောကြက်ဖပေယ်တစ်ကောင်၏ သံပြတ်နှင့် တွန်သံကိုတော့ ကြားနေရသည်။ ခပ်ဝေးဝေးဆီမှ တောခွေးများတို့၏ တအိအိနှင့် ညည်းညူသံများကိုလည်း ကြားနေရပေသည်။ သူတို့အုပ်ဖွဲ့ကာ ရှာနေကြသည့်အသွင်ပင်။

တောခွေးဆိုသည့်အကောင်မျိုးက (ခွေးအ) များတို့ကဲ့သို့ မအူကြား အုပ်လျှင် အကောင်သုံးဆယ်လောက်ထိ ရှိတတ်ကြသည်။ ယခုလို တောတောင်ကြီးများအတွင်း လှည့်လည်ပြီး နေ့ရောညပါ အစာရှာတတ်ကြသည်။ ... ချွန်အမင်း ရက်စက်ကြမ်းကြုတ်ပြီး ကျား၊ ကျားသစ်၊ ဝံတို့အပြင် တောဆင်ကြီးများလို အကောင်ကိုပင် တိုက်ခိုက်စားသောက်ပစ်တတ်ကြသည်။

www.burmeseclassic.com



ခေါင်းနှင့်ကိုယ်ထည်မှာ အရှည်နှစ်တောင့်ထွာလောက်ရှည်ပြီး အ တို့၏အမြီးက တစ်တောင့်ထွာခန့် ရှည်သည်။ ကိုယ်အလေးချိန်က (အ ပိသာခန့်။ ထို့ထက်ပိုကြီးသည့် အကောင်များလည်း ရှိကြပြန်သေးသည်။

အရောင်အဆင်းက နီညိုရောင်။ သူတို့၏အမြီးက ညိုသည်ဟုထင် ရသော်လည်း အနက်တက်ဆီသို့ အားသာသည်။ ထိုတောခွေးတို့က မဟောင် ကြသလို အူလည်းမအူကြ။ တအိန်အိန်နှင့် အသံပြုတတ်ကြသဖြင့် သူတို့ အသံကိုကြားလိုက်ရုံဖြင့် မည်သည့်အကောင်မျိုးဆိုသည်ကို ကျွန်တော်တို့ က သိရှိနေသည်။ အကောင်ကြီးသလို ချွန်ထက်သော သွားစွယ်ကြီးများနှင့် အတိရှိပြီး ကြံ့ခိုင်သန်စွမ်းသလို အလွန်အမင်း ရက်စက်သောအကောင်မျိုး ပင်။

တောဆင်ရိုင်းအုပ်၊ ပြောင်အုပ်နှင့် စိုင်အုပ်များအတွင်း အားနည်း သည့်အကောင်မျိုးကို ချောင်းမြောင်းတိုက်ခိုက် စားသောက်တတ်ကြသည်။ သူတို့၏သွားစွယ်နှင့် သွားများတို့က ချွန်ထက်ပြတ်ရှလွန်းသည့် အကောင် မျိုးပင်။

အဘကောင်း၊ အစ်ကိုကြီး ဦးသိန်းလွင်နှင့် ကျွန်တော်တို့သုံးဦးသာ ယခုရောက်ရှိသောနေရာမှ သေနတ်များကို အသင့်ကိုင်ဆောင်လိုက်ကြရင်း သက်ကြမကောင်းသော ဂူပေါက်တစ်ခုဆီသို့ လှမ်းကြည့်နေလိုက်ကြသည်။ အဘ ကောင်းပစ်ခတ်လိုက်သော ဆတ်ကြီးကား ထိုဂူပေါက်ကြီးအတွင်းဆီသို့ ဝင် ရောက်သွားသည်က အသေအချာ။ မြေပြင်တွင်နှင့် သစ်ပင်ငယ်များ တွင်ရှိနေသော သွေးစများတို့က မှန်ကန်ကြောင်းကိုလည်း သက်သေခံ သည်ပဲ မဟုတ်ပါလား။

ကျွန်တော်တို့သုံးဦးစလုံး သေနတ်များကို အရေးရှိက ပစ်ခတ် အတွက် အသင့်ကိုင်ဆောင်ထားကြရင်း ဂူဝတွင် ခပ်ခွာခွာအနေအထား နှင့်၊ ရင်ပေါင်တန်းကာ ရပ်တန့်နေရာယူလိုက်ကြရင်း ဂူအတွင်းဆီသို့ ဝင် ရောက်သွားသော သားကောင်အခြေအနေကို ခန့်မှန်းတွက်ဆနေကာ အ များကို ဖြန့်ထုတ်နေလိုက်မိပေသည်။





မုဆိုးလုပ်ကြသူများဆိုသည်က သားကောင်များကို ပစ်ခတ်သတ် ဖြတ်ကြသူများချည်းပင်။ သားကောင်များဆိုသည်ကလည်း အမျိုးမျိုးရှိကြ ပြန်သည်က ယခုကဲ့သို့ သေနတ်ဒဏ်ရာရရှိခံလိုက်ရပြီး အသေခံတတ်ကြ သည့် သားကောင်မျိုး။ နောက်တစ်မျိုးက ဒဏ်ရာကြောင့် ပစ်ခတ်လိုက်သူ ကို ပြန်လည်ရန်မူတတ်သည့် သားကောင်မျိုးနှင့် ရရှိလိုက်သည့်ဒဏ်ရာကို အပြင်းအထန်ခံစားပြီးခါမှ တွေ့မြင်ရာ လူနှင့် ကျွဲ၊ နွား တိရစ္ဆာန်များကို ပြန်လည်ဒုက္ခပေးတတ်ကြသည့် သားကောင်မျိုးတို့ရှိကြရာ ယခုသားကောင် မှာ ဆတ်ကြီးတစ်ကောင်ဆိုသည်ကို သိရှိထားပြီး အန္တရာယ်မပေးနိုင်သည့် သားကောင်တစ်ကောင်ဖြစ် သိထားသော်လည်း သူဝင်ရောက်ခိုအောင်းရာ ဂူကို စိတ်တွင်းက သက်ကြမကောင်းရှိနေသည်မို့ သတိတော့ ကြီးစွာထားရပေ မည်ပင်။ ထိုအနေအထားကို ကျွန်တော်သာမက သူတို့နှစ်ဦးလည်း သဘော ပေါက်ထားကြဟန်ရှိနေသည်။

အဘကောင်းကား သေနတ်ကို အသင့်ကိုင်ထားရင်းမှ အခြေအနေ ကို သုံးသပ်လျက်ရှိသည်။ ပြီးမှ ကျွန်တော်တို့ဘက်ဆီသို့လှည့်ကာ မျက်စိ မှိတ်ပြလိုက်သည်ကြောင့် အစ်ကိုကြီးဦးသိန်းလွင်က အနီးစပ်ဆုံး ဂဝံကျောက်တ ခဲတစ်လုံးကို ကောက်ယူလျက် ဂူအတွင်းပစ်သွင်းလိုက်ပေသည်။

"ဘုတ် ..."

"ဖျော ဖျော ... ဝေါ ဝေါ"

ဂူတွင်းသို့ ကျောက်ခဲလုံးပစ်ကျသွားသည့်အသံကြီးနှင့်အတူ အတွင်း မှ သားကောင်ကြီးတစ်ကောင် ထိုးထွက်လာသည့်အသံကြီးကို ကြားလိုက်ရ ပြီး ကျောက်စွန်းကို ကွေ့ပတ်လျက် အနောက်ဘက် 'ဖျိုက်တောကြီး' အတွင်း ဆီသို့ ပြေးလွှားတိုးဝင်သွားနေသည့် မြွေကြီးတစ်ကောင်ကို တွေ့မြင်လိုက် ရသည်မို့ တအံ့တသြနှင့် ကိုင်ဆောင်ထားသည့် သေနတ်ကိုပင် ပစ်ခတ် ချွှတ်ဖြတ်လိုက်ကြဖို့ကိုပင် သတိမရလိုက်ကြ။ သတိရ၍ ပစ်ခတ်ကို ချိန်ရွယ် တော့မည်အလုပ် မြွေကြီးကား ကျွန်တော်တို့ကို မျက်ကွယ်ပြုသွားလေပြီ၊ ဖြန့်လိုက်သည့်ဖြစ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



မြွေကြီးကား ဝါကြန့်ကြန့် အနက်ကွက်ကြီးများနှင့်မို့ စပါးအုံး မြွေကြီးတစ်ကောင်ပင်။ လုံးပတ်က ကျွန်တော့်ခြေသလုံးထက်ပင် ကြီးမည့် အားကောင်းမောင်းသန် မြွေကြီးတစ်ကောင်ပင်။

''ဝင်ကြည့်လိုက်ကြရအောင်။ အထဲမှာ ဟိုအကောင် လဲနေပြီနဲ့ တူတယ်''

ကျွန်တော်တို့သုံးဦးသား ရင်ပေါင်တန်းကာ ဂူအတွင်းဆီသို့ ဝင် လိုက်ကြပေသည်။ ဂူအတွင်းတွင် အတန်ငယ်မှောင်နေသဖြင့် အရာအားလုံး ကို သဲကွဲစွာ မမြင်ကြရသေး။ အတန်ကြာတော့ မျက်လုံးများ ကျင့်သားရ သွားကြပြီမို့ သေချာစွာကြည့်လိုက်ရာ ဆတ်ကြီးမှာ သေနတ်ဒဏ်ရာဖြင့် မြေပြင်တွင် လျှာကိုတစောင်းကိုက်လျက် ဘေးတိုက်လဲကျသေဆုံးနေသည် ကို တွေ့မြင်လိုက်ကြရပေသည်။ ဆတ်ကြီးကား ဆတ်ကျွဲကြီးတစ်ကောင် ပင်။ ပိဿာချိန် (ရ၀) အထက်ပင်။

✿ ✿ ✿

| ၈ |

❑

တရိပ်ရိပ်နှင့် ပြေးလွှားနေသော ကားကလေးသည် ရေနက်ကြီးနှင့် မရမ်းချောင်း၊ ဥတိုကျေးရွာများကို ဖြတ်ကျော်လျက် မင်းကုန်းရဲဘက်စခန်း ဟိုမှာဘက် ရန်ကုန်–မန္တလေး အမှတ်(၃) အမြန်လမ်းမကြီးအတိုင်း တာဒူး တောင်ဘက်ဆီသို့ မှန်မှန်ကလေးပင် မောင်းနှင်လာခဲ့ကြပေသည်။

ကားပေါ်တွင်ပါလာခဲ့ကြသည့် အဖွဲ့သားများကား ဘာတစ်ခွန်းမျှ စကားမပြောကြဘဲ အတွေးကိုယ်စီနှင့် လိုက်ပါလာခဲ့ကြပေသည်။ ကားလမ်းမ ကြီးဘေးဘက်များရှိ သီဟိုဠ်ပင်များတို့အကြား ဝါးရုံတောကြီးများ၏ ကိုင်း ဖျားများထက်ဆီတွင် ချိုးလင်းပြာမောင်နှံများတို့က တူယှဉ်တွဲလျက် သူတို့ ၏သဘာဝအလျောက် ချစ်တေးကို သီဆိုကျူးရင့်နေသယောင်၊ အမှတ် မထင် ကားနောက်ခန်းကို နောက်ကြည့်မှန်မှ လှမ်းကြည့်လိုက်တော့ ချစ်သူ နှစ်ဦး နောက်ခန်းတွင် အတူယှဉ်တွဲ လိုက်ပါလာကြသည့် 'ပေါလုနှင့် ချစ် စံပယ်' နှစ်ဦးက တစ်ဦးမျက်နှာတစ်ဦးက အရည်လဲ့သော မျက်လုံးများနှင့် ကြည့်နေကြသည်ကို တွေ့မြင်လိုက်ရပေသည်။

ယခုတစ်ခေါက် ပစ်ခတ်လိုရရှိခဲ့ကြသည့် သားကောင်များကို ရောင်း ချကာ သူတို့ချစ်သူဘဝရှေ့ရေးအတွက် မင်္ဂလာလက်ဖွဲ့အဖြစ် ပေးအပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြရသည်မို့ သားကောင်များ၏အသားများ ပါမလာခဲ့ကြသော်လည်း ယခုအခါ ကားပေါ်တွင်တင်ဆောင်လာခဲ့သည့် 'မနုဿသားကောင်' ကား ပေါလုတစ်ယောက်တည်းနှင့် သက်ဆိုင်သော သားကောင်မို့ မိဘနေရာတွင် တာဝန်ယူထားကြရသည့် ကျွန်တော်တို့အဖွဲ့က သူတို့နှစ်ဦး ရှေ့ကိုဆက်လက်လျှောက်လှမ်းကြမည့် အိမ်ထောင်ရေးခရီးလမ်း သာယာဖြောင့်ဖြူးရေးအတွက် ဆက်လက်ပံ့ပိုးကြရမည့် တာဝန်ဝိုင်းများကို တွေးတောလိုက်ရင်း ကားစက်ရှိန်ကို မြှင့်လိုက်ပေတော့သည်။

လေးမောင်



www.burmeseclassic.com

www.burmeseclassic.com

## | ၁ |

❑

ကျွန်ုပ်သည် သစ်တောအလုပ်မှ အနားယူ (သက်ပြည့်မဟုတ်ပါ) လိုက်ပြီး နဂိုကပင် ပြင်းထန်စွာစွဲကပ်နေသော မှဆိုးရောဂါကို ပျောက်အောင် မကုနိုင်ဘဲပို၍ပင် ရောဂါမှာ တိုးလာခဲ့သည်။ အကြောင်းက အလုပ်တာဝန် မရှိတော့ဘဲ လွတ်လပ်သွားသောကြောင့်ပင်ဖြစ်သည်။ ကျွန်ုပ်ရောဂါအတွက် အကူပယောဂများက ရှိနေပြန်သည်၊ တခြားတော့မဟုတ်ပါ။ သစ်တောတွင် တာဝန်ထမ်းဆောင်စဉ်က ကသာသစ်တောကြိုးဝိုင်းတွင် အလွန်မှ ရင်းနှီး ခင်မင်ရသော လရှိုလှုဆိုသည့် ဆင်ဦးစီးက သူ၏သားဖြစ်သူ ထော်မဲခမ်းဆိုသည့် (၁၈)နှစ်သားအရွယ်ရှိသူကို အပ်နှံ၍ တပည့်သားအဖြစ် မွေးပါဟု ပြောသဖြင့် လက်ခံခေါ်ယူထားလိုက်သည်။

နောက်တစ်ခါ မြစ်ကြီးနားကို ရောက်ပြန်တော့လည်း မိုထန်ကော ဆိုသည့် တိုင်းရင်းသားကြီးကပါ သူ၏ မိတဆိုးသားလေး ထန်မိုလျှုန်ကို အပ်နှံပြန်သည်။ ထော်မဲခမ်းနှင့် သက်တူရွယ်တူဖြစ်၍ သူတို့ချင်းကလည်း စပြီး မြင်တွေ့သိစကပင် ညီရင်းအစ်ကိုတမျှ ခင်မင်တွယ်တာသွားကြသည်။





ကျွန်ုပ်၏ အကျိုးပေးဟု ပြောရမလား၊ အထုံရေစက်ဟုပဲ ပြောရမလားမသိပါ။ တိုင်းရင်းသားများနှင့်အလွန်မှ ကြုံဆုံရင်းနှီးရသည်။ မြန်မာ့ဆိုစကား အတိုင်းပင် ကျွန်ုပ်မှာ သစ်တောအရာရှိ ယောကျာ်းရင့်မာကြီးက ဝမ်းမနာ သားနှစ်ယောက် ရလိုက်သည်။ သူတို့က ကျွန်ုပ်အလုပ်မှ အနားယူလိုက်တော့ ကျွန်ုပ်နှင့်ပင် အတူပါလာသည်။

ကျွန်ုပ်နှင့်အမြဲမကွာ အတူလိုက်ပါနေထိုင်သော ထော်မဲခမ်းနှင့် ထန်မိုလျှုန်တို့က ရိုးမတာကြောကို ကျွန်ုပ်၏ အမဲပစ်တောလယ်တိုင်း ပါကြ၍ နှံ့ပျံ့၍ တောကောင်သား ကျေးငှက်မျိုးစုံတို့၏ အသားပေါင်းစုံကို စားဖူးကြသည်။ သူတို့မွေးဖွားရာအရပ်ဒေသတွင်လည်း တောကောင်မျိုးစုံတို့၏ အသားပေါင်းစုံကို စားဖူးကြသည်။ ကျွန်ုပ်နှင့်နေပြီးမှ ရေထွက်ငါးသား ပုစွန် ဂဏန်းတို့ကို စားဖူးကြသည်။ ရောဝတီတိုင်း (ဒေသကြီး)ဘက်ကို သွားရမည်ဆိုခြင်းကြောင့် ပျော်နေကြသည်။ ကျွန်ုပ် မှဆိုး၏တပည့်ရင်း မှဆိုးလက်ရွေးများသည် ရေထွက်သားငါး၊ ပုစွန်တို့ကို တဝစားလိုက်မည်ဟု ကြိမ်းဝါးနေကြသည်။

ကျွန်ုပ်၏ အဆက်အသွယ်များက တွံတေးတောကြီးတန်းမှအစ ရခိုင်ရိုးမအထိရော ရောဝတီကျောတွင်ရှိသမျှ မြို့ရွာများတွင် ပါရှိနေသဖြင့် သိုင်းချောင်းမြို့မှ ဦးစိုးမောင်၏ လူကြုံပါးမှာလိုက်သဖြင့် ကျွန်ုပ်အမည်ကသည်း နယ်မရွေးရာမင်းအောင်ဖြစ်၍ ထိုကဲ့သို့ အမှာပါးလိုက်လျှင် အိမ်ကို သော့ခတ်ပိတ်လိုက်သလို တပည့်ဝမ်းမနာသားနှစ်ယောက်ကလည်း အထုပ်အပိုးနှင့် ပစ္စည်းကိရိယာတို့ကို လွယ်ပိုးပြီးဖြစ်သည်။

ကျွန်ုပ်တို့ ဆရာတပည့်သုံးယောက်မှာ ခရီးထွက်တိုင်း ကား၊ ရထားများနှင့်သာ အသွားအလာများခဲ့လို့ သိုင်းချောင်းခရီးကို ရန်ကုန်လမ်းမတော် ဆိပ်ကမ်းမှ နှစ်ထပ်သင်္ဘောစီး၍ ခပ်ငြိမ့်ငြိမ့်ပင် လိုက်လာကြသည်။ ဦးတည်၍သွားနေသော အရပ်ဒေသက နိုင်ငံ၏ ထမင်းအိုးဟင်းအိုးဟု ခေါ်နိုင်သည့်အရပ်ဖြစ်သည်။ သိုင်းချောင်းမှ ဦးစိုးမောင်ဆိုသူက ကျွန်ုပ်ကျောင်းနေစဉ် အချိန်ကတည်းက ရင်းနှီးခဲ့သော ကုန်သည်ကြီးဖြစ်သည်။

စိတ်ကူးသစ်စာပေ
www.burmeseclassic.com

www.burmeseclassic.com



သေိုင်းချောင်းမြို့၏ ဈေးပိုင်းတွင်ရှိသော ကုန်စုံဆိုင်နှင့် ဘေးချင်းယှဉ်လျက်ရှိသော တိုက်အိမ်၏ရှေ့တွင် ကျွန်ုပ်နှင့် တပည့်နှစ်ယောက်တို့ ရပ်မိသည်တွင် ကုန်စုံဆိုင်ကြီးထဲမှ လူငယ်တစ်ယောက် အနားကိုရောက်လာပြီး ...

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ ခင်ဗျာ"

"ဩော် ... ညီလေးရေ ဦးစိုးမောင်နဲ့ တွေ့ချင်လို့ပါကွာ"

"ဟုတ်ကဲ့ ... ဘဘ အပြင်ထွက်သွားပါတယ်၊ ကြီးကြီးရှိပါတယ်၊ လာကြပါ"

လူငယ်က ပြောရင်းမှ သံတံခါးနားကို ကပ်ပြီး ...

"ကြီးကြီးရော ... ဧည့်သည်တွေ"

"ဟော ... လာပြီဟေ့ .... လာပြီ"

ဟူသောအသံနှင့် အိမ်အတွင်းပိုင်းမှ လှမ်းရိပ်တွေ့လိုက်ပြီး ထွက်လာသည်က အပေါ်ထပ်လှေခါးမှဖြစ်သည်။

"ဟယ် ... မောင်ရာမင်း၊ လာ ... လာ ... မင်းဦးကြီးနဲ့လွဲပြီး အကြိုသွားလေရဲ့"

ပြောလည်းပြော တံခါးကိုလည်း ဖွင့်ပေးသည်။ အော်ပေးသော လူငယ်လေးက ကုန်စုံဆိုင်ဘက်ကို ပြန်သွားသည်။

"ဒေါ်ဒေါ်မြင့် ... နေကောင်းလား၊ လူကြိုရောက်တာနဲ့ ထွက်လာကြတာ"

"မင်းက နေနိုင်ပါ့ကွယ်၊ လူကြိုမှာမှပဲ လာတော့တယ်။ ထိုင်ကြ မင်းဦးကြီးက သိတယ်။ အိမ်မှာရှိနေရင် ချက်ချင်းရောက်လာမှာတဲ့ နေ့မရွေး နယ်ထွက်နေရင်း ဒုက္ခပဲတဲ့လေ။ ဒေါ်ဒေါ်မြင့်လဲ အခုမှကောင်းတာ"

ကျွန်ုပ်တို့က ကုလားထိုင်များတွင် ဝင်ထိုင်လိုက်ကြသည်။ နောက်ဖေးခန်းမှ ရေနွေးကြမ်းဗန်းကိုင်၍ ထွက်လာသူက ပထမအသံပြုတုန်း ရှာလိုက်ရသည့်အရိပ်ပင်။ အကောင်ထင်ထင်မြင်လိုက်ရတော့ အရိပ်ထက်ပို၍ သားနားသော မိန်းမလှလေးဖြစ်နေသည်။ ဒေါ်ဒေါ်မြင့်ကပါ ဝင်ထိုင်ရင်း





"အသွား ... ညနေစာလုပ်တော့ အဆင်သင့်ရှိလား"

"ဟုတ်ကဲ့ ... ဒေါ်ကြီး၊ လုပ်ထားပြီးပါပြီ"

"အေး ... အေး ... မောင်ရာမင်းတို့ နားကြဦး၊ ဟော ... ကိုမောင်ပြန်လာပြီ"

အိမ်ဝကိုရောက်လာသော ဦးစိုးမောင်၊ ဒေါ်ဒေါ်မြင့်အပြောကြောင့် အားလုံးက လှည့်ကြည့်လိုက်ကြသည်။

"အေးကွ ... အထင်သားပဲ၊ ရောက်ကုန်လောက်ပြီလို့ ချောင်းစောက်က ကိုဘထူးကို ဝင်မှာလိုက်လို့ လွဲသွားတာ"

"ဦးစိုးမောင်က ပြောရင်းမှ ဝင်ထိုင်ပြီး အမောပြေ၍ ရေနွေးကြမ်း ငှဲ့သောက်လိုက်သည်။

"ဦးလေးစိုး မှာတယ်ဆိုတာနဲ့ ထွက်လာတာပါ"

"အဟား ... အပြောကောင်းလိုက်တာကွာ။ မမြင့်ရေ ... မင်းတူ ပြောတာ ကြားတယ်နော် "

"ဟုတ်ပါ့တော် ... ကျွန်မလည်း ပြောပြီးပါပြီ ... ကိုမောင်ရယ်"

ဧည့်ခန်းထဲတွင် ရယ်မောသံတို့က ခဏရောက် အမောပြေသွားစေခြင်းပင် ဦးစိုးမောင်ချွတ်ပေးလိုက်သော အပေါ်အင်္ကျီကို ဒေါ်ဒေါ်မြင့် လှမ်းယူရင်းမှ ထိုင်ရာမှထပြီး ရေနွေးကြမ်းဗန်းချပေးသော မိန်းကလေးနှင့် အပေါ်ထပ်ကို တက်သွားသည်။

"မောင်ရာမင်းရေ ... ဒီနေ့တစ်ရက် မနက်ဖြန်တစ်ရက် နားတော့ပေါ့၊ ချောင်းစောက် (ဦးစိုးမောင်အခေါ်) ကို နောက်တစ်နေ့သွားတာပေါ့။ နောက်ကို ကိုဘထူးလာလိုက်မယ်၊ သူ့သမီးပါ တစ်ခါတည်း လိုက်မှာ၊ ဗိုလ်တန်းကလည်းပါ ဝင်ပြောခဲ့တယ်၊ ကဲ ... ကဲ ... နားကြ၊ နားကြ"

"ဟုတ်ကဲ့ ... ဦးလေးစိုး"

ညစာစားရင်းမှ ဦးစိုးမောင်ပြောပြသော ချောင်းစောက်ရွာ ရှာခိုးအေးညွှန့်နှင့် ငှက်ထောင်သမား ဝင်းသန်းတို့၏အကြောင်း မှတ်သောင်



www.burmeseclassic.com

www.burmeseclassic.com



သံမှာ၀င်းသန်းက ဦးဘထူးတူဖြစ်ပြီး ရွာမှုဆိုးအေးညွန့်မှောာထဲတွင် သေဆုံးခြင်းအတွက် ၀င်းသန်းကို သက်ဆိုင်ရာမှ ဖမ်းဆီးထားခြင်းအတွက်နှင့် တောထဲတွင် မုဆိုးအေးညွန့်သေဆုံးမှု အမှန်ကိုသိချင်၍ ဦးဘထူးမှာ ကူညီရမည်သူဖြစ်နေ၍ လူကြီးနှင့် မှာလိုက်ရကြောင်း မနက်ဖြန် ဦးဘထူးလာလျှင် ပြည့်စုံစွာသိရမည်ဖြစ်ကြောင်း ပြောသည်။

ထမင်းစားပြီး ခဏထိုင်ကြ၍ ရေနွေးကြမ်းသောက်ပြီး နားလိုက်ကြသည်။

✿ ✿ ✿

## [ ၂ ]

❑

ဦးဘထူးက ခပ်စောစောပင်ရောက်လာသည်။ ရေနွေးကြမ်းဝိုင်းဖြင့် ထိုင်လိုက်ကြပြီး ချောင်းစောက်ရွာ (ယခင်ရွာအမည်ဟောင်းက တဓောက်ရွာ) အကြောင်းကို ပြောပြသည်မှာ ဥမ္မာအန္တီမင်းသမီးသည် တညင်(သန်လျင်) ၌နေပြည်မှ မင်းမဟာတ်သူမှဖြစ်သောမင်း။ ဓွေးရာဇာမိရာဇ်ဘုရင်ငယ်၏ အားရန်ကြောင့် ထွက်ပြေးတိမ်းရှောင်ရင်းမှ မြစ်ကျောအတိုင်း ဖောင်တော်ဖြင့် ဆင်းလာရာ ဒေါင်းဖြူအရပ် (နောင်တွင် ဓနုဖြူမြို့)တွင် ခိုလှုံမည်ဟု ရည်ရွယ်ရာလမ်းခရီးတို့၌ နားရသောအရပ်တွင် အရပ်ဒေသကို ကြည့်ရှုရာ တောတောင်ထဲ၌ စေတီပုထိုး ဘုရားပြို့ပျက်များကို မြင်တွေ့ပြီး ထိုဥမ္မာအန္တီမင်းသမီးမှာ မွန်မျိုးနွယ်ဖြစ်ခြင်း။ ဗုဒ္ဓမြတ်စွာကို သဒ္ဓါကြည်ညိုရှင်းရှိသူဖြစ်သည့်ကြောင့် စေတီအပြိုအပျက်တို့ကို လမ်းခရီးတစ်လျှောက် ပြုပြင်တည်ဆောက်ခဲ့သည်။

တစ်ထောက်ရွာဖြစ်မည့်နေရာတွင် နားခို၍ အနောက်ဖက်ရှုအရပ်မှ ပေါ်တော်မူစေတီငယ်အပြိုအပျက်ကို ပြုပြင်တည်ဆောက်၍ ကိုယ်တွင်ဝတ်ဆင်ထားသော ရွှေနှင့် ကျောက်သံပတ္တမြားတို့ကို ထည့်သွင်းဌာပနာရာ နောက်ပါတို့ ကလည်း ရွှေနှင့်လက်ဝတ်တို့ကို ထည့်ဝင်လှူဒါန်းကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လှူဒါန်းကြသူအများက တညီတညွတ်ထဲ 'ထိုဘုရားစေတီသည် နောင်တွင် သဘာဝဘေးအဏ်ကြောင့်ရော လောဘကြောင့် ဖြိုဖျက်ပါက ဘုရား၏ ဓာတ်ပုံနာတော်တို့ကို ယှဉ်င်သုံးစွဲပါလျှင် ဘေးတွေ့ပါစေ၊ ပြုပြင်သူ သာလျှင် ပြည့်စုံချမ်းသာပါစေ' ဟု ကျိန်ဆိုပြုခဲ့သည်။ ထိုဘုရားစေတီဝန်း ကျင်တွင်လည်း အစောင့်အရှောက်များကို အပိုင်စားပေး၍ အပ်နှံထားခဲ့ သည်ဟု ရှေးလူကြီးများကတစ်ဆင့်စီ ပြောခဲ့သည်တို့ကို ဦးဘထူးက အချိန် ကြာကြာ ပြောပြသည်။

အဲဒီမှာ ရွာကမုဆိုးအမည်ခံအေးညွန့်က တောလယ်ဆိုပြီး အရက် နဲ့စားစရာပါ ယူပြီးသွားတာ။ အဲဒါကို ကျုပ်သူတော်မောင်က ငှက်ထောင် လိုက်သွားတယ်တဲ့ဗျာ။ အင်း ... ပြောရမယ်ဆိုရင် ကျုပ်သမီး သွယ်သွယ် မြင့်ကို တစ်ခါမက လိုက်ပြီးနှောင့်ယှက်လို့ ကျုပ်တူနဲ့က စကားများဖူးထား တယ်။ အဲဒါကို တစ်ရွာလုံးကသိထားတော့ တောထဲမှာ အေးညွန့်သေတာ ဟာ ကျုပ်တူသတ်ပါတယ်ဆိုပြီး မြို့စခန်းမှာ ချုပ်ပြီးစစ်နေတယ်။ ကျုပ်တူ ကလည်း သူမသတ်ဖူးလို့ ငြင်း၊ တောထဲမှာ သူမသတ်ရင် ကျားကိုက်တာ လား၊ မြွေကိုက်တာလားဆိုတော့လည်း မဟုတ်ဖူးဗျ"

ဟုလည်း ဦးဘထူးက တူဖြစ်သူဝင်းသန်းနှင့် မုဆိုးအေးညွန့်၏ အကြောင်းကိုပါထည့်၍ ရှင်းပြသည်။ ဦးစိုးမောင်နှင့် ဒေါ်ဒေါ်မြင့်တို့အိမ်တွင် ရောက်နေသော မိန်းကလေးက ဦးဘထူး၏သမီးမှန်းကို ယခုပြောမှ သိလိုက် ရသည်။ ပုသိမ်ကောလိပ်မှ ဒုတိယနှစ်မြန်မာစာနှင့် ကျောင်းထွက်ထားသူ ဆိုတာပါ သိလိုက်ရသည်။

"အဲဒါကြောင့် တောထဲမှာ တောကောင်လည်းမကိုက်၊ မြွေလည်း မကိုက်တော့ ဝင်းသန်းကို သံသယဝင်စရာပေါ့။ တောတောင်အကြောင်းကို မုဆိုးကပိုသိတယ်လေ။ ဒါကြောင့် မောင်ရာမင်းကို မှာလိုက်တာပါ။ အေး ညွန့်ရဲ့ မိန်းမလေးကလည်း သနားစရာကလေးတစ်ယောက်နဲ့ ကျန်ခဲ့တယ် လေ။ ခမျာလည်း လင်ကံမကောင်းရှာပါဘူး"

ဦးစိုးမောင်ကပါ ထပ်၍ ပြောလိုက်သည်။ ကျွန်ုပ်လည်း အတွေး တော့ ရှုပ်သွားသည်။

---

စိတ်ကူးသစ်စာပေ



"ဟုတ်ကဲ့ ... ကျွန်တော်က တတ်နိုင်သလောက် အကျိုးရှာပေးပါ့ မယ်"

ဟု ကျွန်ုပ်ကပြန်ပြောလိုက်ရာ ဦးဘထူးက ကျွန်ုပ်ကို ဦးညွတ်ကာ ခေါ်သလိုပင် ..

"ကျေးဇူးပါပဲ ... မောင်ရာမင်းရယ်၊ ကျုပ်တူက စိတ်ပျက်နေတော့ လို့ ငယ်ငယ်ကတည်းက ကျုပ်ကပဲ ခေါ်မွေးထားရတာ သားတစ်ယောက်လို ပါပဲ"

လို့ ပြောရင်းမှ ဥမ္မာဒန္တီမင်းသမီးအကြောင်းကို ဆက်၍မေးပြသည် မှ ...

"အဲ ... ဟိုဥမ္မာဒန္တီမင်းသမီးအကြောင်းက ကျန်နေသေးတယ်။ အဲဒီတစ်ယောက်နားတဲ့နေရာကို တထောက်ရွာလို့ အမည်မှည့်ခဲ့ပြီး မောင် ဖြင့် ရှေ့ကိုခရီးထွက်ခဲ့ရာ ယနေ့ နေပြည်မြို့နယ်ဖြစ်လာမည့် ဒေါင်းမြို့အရပ်ကို ရောက်ရှိခဲ့ပြီး ဘီလူးတစ်ရာဖက်စေတီငယ်ကလေးကို ပြုပြင်တည်ဆောက် ပြီး ကျိုက္ကလွန်ပွန်းစေတီတော်ဟု မူလစေတီတော်၏ဘွဲ့တော်ကို မပျက်စေ ဘဲ ရတနာပစ္စည်းများစွာဖြင့် ဘုရားရှင်၏ ဆံတော်ဓာတ်နှင့် ဓာတုနာထည့် ဝင် တည်ထားခဲ့သည်။ ယခု နေပြည်မြို့တွင် ထင်ရှားသော စေတီတစ်ဆူဖြစ် သည်။ ရေဝတီအရပ်ဒေသတစ်ကျောတွင် ဘုရားရှင် သက်တော်ထင်ရှား ရှိတော်မူစဉ်ကပင် တည်ထားခဲ့သော ဆံတော်ကြွရာ လမ်းဒေသဆံတော်ကြို စေတီများ များစွာရှိကြောင်းများကိုပါ ဆက်ပြောပြီး ရေခွေးကြမ်းပိုင်းသိမ်း ၌ ထမင်းဝိုင်း ဆက်လိုက်ကြသည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

| ၃ |

သေိုင်းချောင်ဦးစိုးမောင်၏ အိမ်မှ ကျွန်ုပ်နှင့် တပည့်နှစ်ယောက်ဖြစ်သည့် ထော်မဲခမ်းနှင့် ထန်မိုလျှန်အပါအဝင် ဦးဘထူးနှင့် သမီးသွယ်သွယ်မြင့်တို့ပါ နွားလှည်းနှစ်စီးဖြင့် ချောင်းစောက်ရွာ (တထောက်ရွာ) ကို နံနက်စောစောပင် ထွက်လာကြသည်။ လှည်းလမ်းတစ်လျှောက်တွင် ရွာနှစ်ရွာကို ကျော်ဖြတ်ခဲ့ပြီး နေ့လယ်တစ်နေရာခွဲ နစ်နာရီနီးပါးကြာမှ ချောင်းထောက်ရွာကို ရောက်ရှိကြသည်။ ရွာထဲမှ လူတချို့က ထွက်ကြည့်ကြရာတွင် ကျွန်ုပ်တို့သုံးယောက်ကို ဂရုတစိုက်အထူးအဆန်းအဖြစ် ကြည့်သည်။

နွားလှည်းနှစ်စီးက ဦးဘထူး၏ အိမ်ဝိုင်းရှေ့တွင် ရပ်လိုက်သည်။ ခြံထဲမှ လူက ...

"ဟော ... ဦးလေးထူးတို့ပြန်လာပြီ ဧည့်သည်တွေလည်း ပါတယ်။ ဒေါ်လေးတင် ..."

"အေး ... အေးဟေ့ ... လာပြီ ... လာပြီ"

လှည်းပေါ်မှဆင်းကြပြီး အိမ်ပေါ်ကို တက်လိုက်ကြသည်။ ဦးဘထူး၏ဇနီး ဒေါ်လှတင်က ကြိုဆိုနေရာချပေးပြီး ကျွန်ုပ်တို့ကို ဦးဘထူးကပင်–





"နားကြဦး ... မောင်ရာမင်းရေ လှည်းတို့ [illegible] လို့ ဒီအချိန်ရောက်တာ မင်တော့ ပင်ပန်းတာပေါ့လေ"

"ဟုတ်ကဲ့ပါ ... ဦးလေး"

သွယ်သွယ်မြင့်က ငသိုင်းချောင်းမှပါလာသော [illegible] မိခင်နှင့် နောက်ဖေးဘက်ကို ဝင်သွားသည်။ ရေမိုးချိုးပြီး [illegible] သည်။ လှည်းရပ်တုန်းက ပြန်လာကြပြီဟုပြောသူကို ဦးဘထူးက [illegible] လိုက်သဖြင့် ဝင်ထိုင်ရာ ...

"မောင်ချက် ... ဒါ မြို့က ... အဲ ... ရန်ကုန်ကကွာ ... [illegible] ကိုစိုးမောင်တို့ လူကြုံမှာလို့ရောက်လာတဲ့ မောင်ရာမင်းအောင်နဲ့ တပည့်နှစ်ယောက်ပဲ။ တောထဲသွားရင် မင်း လမ်းပြလိုက်ရမှာမဟုတ်လား"

"ဟုတ်ကဲ့ ... ဦးလေးထူး"

ကိုချက်ဆိုသူမှာ အသားညိုညို အရပ်အမောင်းကောင်း၍ မုဆိုးသွားနှင့် အလုပ်ကြမ်းလုပ်နိုင်သူ ဖြစ်မည့်ပုံရှိသည်။ ဦးဘထူးက နောက်တစ်ရက်နားပြီးမှ တောသို့ဝင်ရန်ပြောပြီး နောက်အဖော်တစ်ယောက်ပါ ထပ်ထည့်ပေးမည်ဟု ပြောသည်။

မနေ့က တစ်ရက်နားပြီး ယနေ့ နေမြင့်မှ တောဝင်ရန် အားလုံးအသင့်ပြင်ပြီး ဦးဘထူး၏သမီး သွယ်သွယ်မြင့်က ချက်ပြုတ်ပြီး ထုတ်ပေးသော ထမင်းထုပ်များကပါ အသင့်ဖြစ်၍ နွားလှည်းနှင့် ချောက်ထိပ်အထိသို့ သွားမည်ဟုဆိုသဖြင့် စားအိုးစားခွက်တို့နှင့် ကိုချက်၊ အောင်ကြည်၊ ဖိုးသီးတို့က နွားလှည်းတစ်စီး၊ ကျွန်ုပ်နှင့် ထော်မဲခမ်း၊ ထန်မိုလျှန်၊ ဦးဘထူးတို့က လှည်းတစ်စီးနှင့် ထွက်လာကြသည်။

ခြံဝမှ ထွက်ကြည့်ကျန်ခဲ့သည့် ဒေါ်လှတင်ရော၊ သွယ်သွယ်မြင့်ပါ မြင်ကွင်းမှ ပျောက်ကွယ်သွားပြီး ရွာထိပ်ကို ရောက်လာသည်။ ကျွန်ုပ်တို့ကို ချောက်ထိပ်အထိ လိုက်ပို့သည်။ ဦးဘထူးက ရွာမှ မုဆိုးအချို့ သော ဒေးညွန့်၏အကြောင်းများကို ပြောပြလာသည်။

ချောက်ထိပ်ဆိုသည်ကို နေ့လယ်ခင်းနီးပါးမှ ရောက်ကြသည်။ နွားလှည်းများဖြုတ်နားပြီး နံနက်စာထမင်းစားပြီး အိုးပုံခွက်ပုံများကို နွားလှည်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် ပြန်ထည့်ပေးပြီး ဦးဘထူးပါ ပြန်လိုက်သွားသည်။ ထိုနေရာမှာပင် ကျွန်ုပ်တို့လူစုမှာ ခြေလျင်စ၍ လျှောက်ကြရသည်။ လယ်ကွင်းများကို ဖြတ်၍ ချောက်ထိပ်ကို ရောက်ကြသည်။ ချောက်ထိပ်ဆိုသည့်အတိုင်း အောက်တွင် အပင်ကြီးများသည် ပင်ချုံကလေးများကဲ့သို့ ဖြစ်နေသည်။ အထုပ်အပိုးကိုယ်စီနှင့် ချောက်ထဲကို ဆင်းလိုက်သည်။ လမ်းပြအဖြစ်လိုက်လာသော ချောင်းစောက်ရွာသား ကိုချက်က ...

"ဆရာ ... တစ်နာရီခွဲကျော်ကျော်လောက် ဆင်းရမယ်။ ဟိုဘက်ကိုလည်း အဲဒီလောက်ပြန်တက်ရမယ်။ ဟိုဘက်မှာရှိတဲ့ ရွာတွေက ချေ မြစ်ကျောအတိုင်း ချောင်းကလေးတွေက ဖြတ်ပြီး ကျွန်းဘက်တွေကိုသွား တယ်။ ပုသိမ်၊ မြောင်းမြဘက်ကိုပါ ရေလမ်းကပဲ သွားကြတယ်"

"ဒါဆိုရင် အဲဒီရွာတွေက အတော်ခေါင်ပြီး ဆင်းရဲမှာပေါ့ ... ဟုတ်လား။ ကိုချက် ... လုပ်ငန်းကိုင်ငန်း ကြတော့ရော ဗျ ..."

"ဟုတ်တယ် ... ဆရာ အလုပ်အကိုင်ကတော့ လယ်နဲ့ မီးသွေး ဖုတ်၊ တံငါအလုပ်ပဲရှိတယ်။ တချို့က တောထဲက ထင်းခုတ်ကြတယ်"

စကားပြောရင်းလာရင်းမှ တဖြည်းဖြည်းစကားသံတိတ်ပြီး လျှော ဖြစ်ကြသည်။ ငှက်သံလေးများနှင့် ရှဉ့်သံတောကြက်သံတို့ပဲ ကြားရသည် ခပ်ပြေပြေဆင်းခြင်းအတွက် သက်သာသည်။ သစ်ပင်ဝါးပင်တို့က အုပ်ဆို ဆိုင်းဆိုင်းနှင့် မီးသွေးပေါခြင်း၊ ထင်းပေါခြင်းပင်ဖြစ်သည်။ အေးစိမ့်မှု ရာသီမရွေး ဖြစ်မည့်ပုံရှိသည်။ ထိုနေရာတစ်ဝိုက်က ငှက်ပေါပါလျှက် ချောက်တစ်ဖက်အထိ မဆိုးအေးညွှန်နှင့် လိုက်၍ ငှက်လိုက်ထောင်သ ဝင်းသန်း။ လူ့စိတ်ဆိုသည်ကလည်း အပြောရခက်သည်ပင်။

ချောက်က ပြေပြေလေးနှင့် အတော်လျှောက်ရသည်။ ကျွန်ုပ် လက်မှနာရီကိုကြည့်မိရာ လေးနာရီထိုးတော့မည်။ တော်သေးသည်ဟု ရမည်။ တောရွာသားများ တောတောင်တို့နှင့်ရင်းနှီးသော ကျွန်ုပ်တို့ နေ၍သာ ဝါးပင်အုပ်အုပ်တို့ကို အတော်ပင်ရှောင်ရသည်။ လေးနာရီ ငါးနာရီထိုးတော့မည်။ ကျွန်ုပ်ကပင် ...

"နားချင်ကြပလား"



ကျွန်လူများက ဘာမှမပြောဘဲ အငယ်ဆုံးဖြစ်သည့် ဖိုးသီးက -

"ဆရာတို့နားမှ နားပါ့မယ်"

ဖွဲ့ကောင်းသော လူငယ်လေးပင် အလင်းရောင်က မှိန်ရသေးသော်လည်း ဆက်၍ လျှောက်ကြသည်။ နေရာကောင်းကိုရှာပြီး နားရန် ကျွန်ုပ်က စိတ်ကူး လိုက်သည်။ တောဒညင်းပင်ကြီးနှင့် ဝါးရုံအုပ်ကလေးက ယှဉ်၍ပေါက်နေ သည်။ ထိုနေရာလေးတွင် နားရန် ကျွန်ုပ်ကပင် ...

"အားလုံးပဲ ဒီမှာနားကြမယ်။ ညစာလည်း စားမယ်။ အောက်ကို ရောက်ရင်တော့ ရမယ်ထင်တယ်။ ဆက်သွားရင် မှောင်မယ်"

"ဟုတ်ကဲ့ ... ဒီမှာပဲ နားမယ်လေ ဆရာ"

ကိုချက်စကားအဆုံးတွင် အထုပ်အပိုးများချ၍ ထိုင်လိုက်ကြသည်။ ထော်မဲခမ်းက ...

"ထင်းရှာပြီး မီးဖို ဖိုမယ်။ ဆရာ ... တဲရှင်ထိုးမလား"

"အေး ... လုပ်လေ ထော်မဲ"

အောင်ကြည်နှင့် ဖိုးသီက ထင်းခြောက်များ လိုက်ကောက်သည်။ ကိုချက်က ဓားမနှင့် ဝါးခုတ်သည်။ ထော်မဲခမ်းနှင့် ထန်မိုလျှန်တို့က အိတ် ရှည်ထဲမှ ပိုက်ဆက်နှင့် နိုင်လွန်းကြိုးများ ရွက်ဖျင်စကိုထုတ်၍ ကိုချက်ခုတ် လိုက်သော ဝါးနှင့် ငုတ်ရိုက်ပြီး အမိုးတစ်တဲနှင့် တဲရှင်တစ်လုံးကို လုပ်ကြ သည်။

သွက်သွက်မြန်မြန်နှင့် ပြီးသွားသော တဲနှစ်လုံးရှေ့တွင် ထင်းခြောက် များပုံ၍ မီးဖိုလိုက်သည်။ ဦးဘထူး၏သမီး ထုပ်ပိုးထည့်ပေးလိုက်သည့် ထမင်း ထုပ်များကိုဖြည့်၍ ညစာ စားလိုက်ကြသည်။ ထမင်းစားသောက်ပြီး ကျွန်ုပ် က ကင်ဘတ်အိတ်အရှည်ထဲမှ (၀၃-၃၀) စပရိမ်ဖီး (လ်) လက်စွဲတော် သေနတ်ကို ထုတ်လိုက်ရာ မမြင်ဖူးကြသော ဖိုးသီးနှင့် အောင်ကြည်ရော ကိုချက်ကပါ သဘောကျစွာ ကြည့်ကြသည်။

ထန်မိုလျှန်ကလည်း အိတ်ရှည်ထဲမှပင် ဒါန်ရိုးတက်စက်ရုံထုတ် နှစ်လက်ကို ထုတ်လိုက်သည်။ ထော်မဲခမ်းက မီးဖိုတွင် ... (လ်) ... နှင့်



www.burmeseclassic.com

www.burmeseclassic.com



ရေနွေးတည်နေသည်။ ညအိပ်စခန်းချခြင်းအတွက် မီးဖိုနှင့် လက်နက်ကိရိယာက အသင့်ဖြစ်နေမှ အန္တရာယ်ကို ကာကွယ်နိုင်မည်။

ယခုနေရာထိတော့ ဘာသာကောင်ကြီးမှ မတွေ့ရသေးပေ။ မျောက်တို့ပင် သုံးလေးကောင်မျှသာ တွေ့ရသေးသည်။ ယုန်၊ တောကြက်နှင့် ငှက်များတော့ ပေါသည်။ သင်းခွေချပ်နှင့် ဖွတ်များလည်း ပေါသည့်သဘော။ တောင်ပို့များ၊ ခြေရာများကို တွေ့ရသည်။ အမှောင်မသန်းခင် ချောက်စပ်ဆိုသည့် အောက်ခြေကိုရောက်ရန်အတွက် အိပ်ရာမှနိုးနိုးခြင်းပင် ထော်မဲခမ်း ဖျော်ပေးသော ကော်ဖီနှင့် ရေနွေးသောက် မုန့်စားကြပြီး တစ်ဖက်ရပ်ဝါးတဲနှင့် ရွက်ဖျင်တဲအရှင့်ကိုပါ ဖျက်လိုက်ကြပြီး မီးဖိုကိုပါ မီးသတ်၍ ပစ္စည်းများလွယ်ပိုးပြီး ထွက်လာကြသည်။ ချောက်စပ်ဆိုသည့်အောက်ခြေကို ရောက်ပြီး စမ်းချောင်းလေးပါတွေ့လိုက်ရသဖြင့် မနေ့က လမ်းတစ်ဝက်တွင်နား၍ အချိန်ကုန်ရသည်ကို နှမြောမိသည်။

ရေကြည်လင်သော စမ်းချောင်းကလေးက ချောက်ကို ဟိုဘက်သည်ဘက် ခွဲထားပေးသလိုဖြစ်နေသည်။ ထိုနေရာကို ရောက်သည့်တွင် ကိုချက်က …

"ဆရာ … အဲဒီရှေ့နားမှာပဲ အေးညွန့်အလောင်းကို တွေ့တာ"

ဟုပြောရင်းမှ ရှေ့ခပ်လှမ်းလှမ်းကို လက်ညှိုးထိုးပြသည်။ ကျွန်ုပ်က ဘေးဝန်းကျင်ကိုကြည့်ပြီး …

"ထန်မိုးတဲထိုး၊ မီးဖိုထား တို့နည်းနည်းလျှောက်ကြည့်လိုက်ဦးမယ်"

"ဟုတ်ကဲ့ … ဆရာ"

ကျွန်လူများကိုပါလက်ပြပြီး ထွက်လာကြသည်။ ကိုချက်လက်ညှိုးထိုးပြသည့် စမ်းချောင်းလေးဘေးအတိုင်း လျှောက်လာကြသည်။ ထော်မဲခမ်းက ဒူးလေးကို မြားတံတပ်ထားပြီး အသင့်ကိုင်ထားသည်။ ကျွန်ုပ်ကလည်း (၀၃. ၂၀၈ ) စပရိမ်ဖီး(လ်)ကို အသင့်မောင်းတင်ထားသည်။

ဝါးရုံပင်များက ဝါးမျှစ်တို့က အတော်ပင် ပြူထွက်နေသည် တောဝက်အကြိုက် ယုန်အကြိုက်ပင်။ အေးညွန့်သေဆုံးသည်ဆိုသည့် နေရာကို





သေချာကြည့်မိသည်။ တောကောင်၏ အန္တရာယ်ပေးမှု တစ်စုံတစ်ရာရှိကြောင်းကို သိလိုက်ရသည်။ ဖလပ် … ဖလပ် … ရှပ်ရှပ်ဆိုသည့်အသံကြောင့် ဆရာတပည့်နှစ်ယောက်မှာ ပြိုင်တူပင် ဒူးထောက်ထိုင်ပြီး ငြိမ်သွားသည်။ ဝါးရုံလေးက တစ်ဖက်မှ ချုံနားမှဖြစ်သည်။ ကျွန်ုပ်က ထော်မဲခမ်းကို မျက်လုံးဖြင့် လှူခွဲရန် အချက်ပြလိုက်ပြီး လူချင်းခွဲ၍ ဝါးရုံပင်တို့ချောင်ပြီး ချုံကလေးနား ကပ်လိုက်သည်။

"ဒိုင်း …"

"ဝှစ် …"

ဖရောဝေါဆိုသောအသံများ ထစ်ပြိုင်တည်းထွက်သွားပြီး ငြိမ်၍ငြိမ်သွားသည်။ ကျွန်ုပ်နှင့် ထော်မဲခမ်းတို့ ချုံ၏တစ်ဖက်စီမှ ထွက်လိုက်ရာ ချေ(ဂျီ)တစ်ကောင်၊ အချိန်သုံးဆယ်ကျော် လေးဆယ်နီးပါးရှိမည့် အကောင်ဖြစ်သည်။ ကျွန်ုပ်နှင့် ထော်မဲခမ်းက စမ်းချောင်းဘေးတစ်လျှောက်တို့ ခပ်မြန်မြန်လျှောက်ကြည့်လိုက်ကြရာ သားကောင်ငယ်တို့၏ ရေသောက်ဆင်းခြေရာများကို တွေ့ရပြီး တစ်ဖက်အတက်လမ်းကိုပါ တွေ့လာရသည်။ ထော်မဲခမ်းကမေးသည်။

"ဆရာ … ဟိုဘက်ကူးမလား"

"မကူးတော့ဘူး၊ မနက်ကျမှ ကိုချက်ကိုခေါ်ပြီး ကူးမယ်"

ဟု ကျွန်ုပ်ကပြောပြီး အလာလမ်းကို ပြန်လှည့်လာခဲ့သည်။ ချေ(ဂျီ)ကို ထားခဲ့ပြီး စခန်းရောက်မှ ထိုချက်ကို …

"ကိုချက် … အေးညွန့်လဲတဲ့ အလွန်လေးမှာ ဟင်းစားသွားထမ်းကြဦး"

"ဟာ … အခုနကြားတဲ့ သေနတ်သံက အဲဒါကို ဟုတ်တဲ့ … ဆရာ"

ကိုချက်ကပြောပြီး အောင်ကြည့်ကိုခေါ်ရာ ဖိုးသီးတပါ လိုက်သွားသည်။ ကျွန်ုပ်နှင့် ထော်မဲခမ်းက မီးဖိုဘေးတွင် ဝင်ထိုင်လိုက်သည်။ ထော်မဲခမ်းက ရေနွေးခွက်တစ်ခွက်ပေးပြီး မီးဖိုဘေးတွင် ဒုတ်တိုတစ်ချောင်းထိုးလိုက်သည်။ ကိုချက်နှင့်အောင်ကြည့်က ချေ(ဂျီ)ကို ထမ်းလာ၍ ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်။ ချေ(ဂျ်)ကို လေးဘက်ချပြီး ကင်ရန်အတွက် လုပ်ပြီး ထမ်းတွင်းသားများကို ချက်ရန်လုပ်ကြသည်။ အနည်းငယ် အမှောင်သန်းသည်နှင့် အအေးဓာတ်က ပါလာသည်။ တောကောင်ငယ်ကလေးများ၏ မျက်လုံးတောက်လဲ့လဲ့လေးများကို မြင်ရသည်။

စားသောက်ပြီး တောတွင်းသံစဉ် ဂီတဆိုမြည်သံကလေးများက ပိုးပရစ်နှင့် ငှက်သံတို့ပင်ဖြစ်သည်။ အိပ်ရာပေါ်လှဲလိုက်သည်နှင့် မျက်လုံးက လေးလာသည်။ တစ်ခါမှ သည်လိုမဖြစ်ဖူးပါ။ တောလယ်၌ ညအိပ်ရလျှင် သတိထားတတ်၍ တော်တော်နှင့် အိပ်မပျော်သည်က များသည်။

✿ ✿ ✿

| ၄ |

❑

ကျွန်ုပ်၏ ရှေ့တွင် လူတစ်ယောက်ပြေးနေသည်။ ကြောက်ကြောက်လန့်လန့်နှင့် ပြေးနေခြင်းဖြစ်၍ သူ့ခြေထောက်များကို သည်ထက်ပို၍ မမြန်ခြင်းအတွက်ပင် ပါးစပ်နှင့်နှာခေါင်းမှ အပြစ်ပြောသံအဖြစ် ရှူးရှူးရှဲရှဲအသံပင် ထွက်နေသည်။ နောက်တွင်ကျန်ခဲ့သော သစ်ပင်ဝါးရုံများ ချုံနွယ်များကိုလည်း သူ့ရှေ့ရောက်လာမှာ စိုးရိမ်နေသည့်ပုံမျိုးနှင့် ပြေးနေခြင်းဖြစ်သည်။

ကျွန်ုပ်က သူ၏နောက်ကို လှမ်းကြည့်လိုက်ရာ တောကောင်တစ်ကောင်။ ထိုတောကောင်သည် ကျွန်ုပ် မှဆိုးသက်တမ်းတစ်လျှောက်တွင် တစ်ခါမှ မမြင်မတွေ့ကြုံဖူးသလို ပစ်ခတ်ရရှိခြင်းလည်း မရှိခဲ့သော တောကောင်မျိုးဖြစ်သည်။ ခြေလက်သွယ်၊ အကောင်၏ခန္ဓာကိုယ်က အလျားရှည်ရှည်၊ အရောင်အဆင်းက မည်းမှောင်နက်ကြုတ်နေသည်မှာ လတ်ထက်နေသည်။ နီရဲသော မျက်လုံးအစုံ၊ ရှည်လျားသော ရှေ့လက်အစုံတာ သွားရှုတန်းမတ်နေသည်။ ကျွန်ုပ်က သေချာစွာကြည့်နေမိသည်။ လက်တွဲ သေနတ်ကိုလည်း ပစ်ရန်မဆိုနှင့် ကိုင်တွယ်ရှိနေသည်ဟုပင် သတိမရပါ။ ပြေးသော

www.burmeseclassic.com



သောသူကလည်း ကျွန်ုပ်၏ မျက်နှာမှထားသည့် ရှေ့တည့်တည့်မှ ဖြတ်ပြေးသွားသည်။ ကျွန်ုပ်ကို လှည့်မကြည့်၊ ကျွန်ုပ်ကသာ . . .

"ဟာ . . . သစ်နက်(ကျားနက်) . . ."

ဟု အသံထွက်သွားသည်။ ကျွန်ုပ်ခါးလက်မောင်းကို လှုပ်ကိုင်၍နှိုးနေသော ထန်မိုလျှန်ပင် လက်တွန့်၍ နောက်ဆုတ်သွားသည်။

"ဆရာ . . . ဆရာ"

"ဟေ . . . အင်း . . . အင်း . . ."

သူထပ်ခေါ်လိုက်မှ ကျွန်ုပ် အိပ်ပျော်ရာမှ နိုးသွားသည်။ မိုးပင်လင်းနေပြီ ကျွန်ုပ်က လှဲနေရာမှထလိုက်သည်။ ကျွန်ုပ်မက်သော အိပ်မက်ကို စဉ်းစားမိလိုက်သည်။

ထော်မဲခမ်းလှမ်းပေးသော ရေဘူးကိုယူ၍ မျက်နှာသစ်လိုက်သည်။ ပြီးမှ ကော်ဖီသောက်မုန့်စား၍ အစီအစဉ်များပြော၍ စခန်းတွင်းအောင်ကြည်နှင့်မိုးသီးကိုထားခဲ့ပြီး ကိုချက်၊ ကျွန်ုပ်၊ ထော်မဲခမ်း၊ ထန်မိုလျှန်တို့ လေးယောက် ထွက်လာကြသည်။ ဟိုဘက်ချောက်ကို တက်ရန်ဖြစ်သည်။ ကိုချက်က လမ်းပြဆိုပေမဲ့ သူကိုယ်တိုင်က သစ်ခုတ်ဓါးခုတ်လောက်ပဲ သည်နေရာများကို ရောက်ဖူးခြင်းဖြစ်သည်။

"ကိုချက် . . . တောင်ဘက်ကိုသွားမယ်"

"ဟုတ်ကဲ့ . . . ဆရာ"

လမ်းတစ်လျှောက်တွင် အပင်မျိုးစုံတို့၏ ပင်စည်အကိုင်းအခက်တို့တွင် သဖင်၊ သစ်ခွ၊ ဖယောင်းပန်းတို့ တွယ်ကပ်ပေါက်နေသည်။ အပြန်ကြမှ ခူးရန် ကျွန်ုပ်လူများကို ပြောထားရသည်။ အဝိုကက ကိုချက်တွေ့မြင်သမျှကို ခူးချင်သည်။ ချောက်တစ်ဖက်ကို တက်ရပေမဲ့ ခပ်ပြေပြေပင်ဖြစ်သည်။ ကျွန်ုပ်တို့က အပေါ်ကိုတက်ခြင်းမဟုတ်ဘဲ အလျားလိုက်သွားနေသည်ပင်ဖြစ်သည်။ တွေ့သော တောဝက်နှင့် ချေ(ဂျီ)ကိုပင် မပစ်ဘဲ ရှေ့ဆက်ခဲ့သည်။

တောက် . . . တောက် . . . ဂျစ် . . . ကစ် . . . ကစ် . . . တောက်တောက် . . . ခပ်လှမ်းလှမ်းမှ ငှက်ငန္နားသစ်ကောင်၏ အော်သံတဖျစ်ဖျစ်





နှင့် ပြေးသွားသော သင်းခွေချပ်နှင့် ဖွတ် နစ်တောင် သုံးတောင်ရှိသည်ရှောင်ကွင်းလာခဲ့သည်။ သစ်ပင်မြင့်မြင့်ကြီး နွယ်ပင်များ ရုံးရှုပ်၍ တောင်နံရံလိုဖြစ်နေသည်ကို တွေ့ပြီး . . .

"ဆရာ . . . ဒီချုံပင်ကြီးက မြင့်လိုက်တာ"

"ချုံဆိုတာက တွယ်လို့ရသလောက်တွယ်တာပဲ . . . ကိုချက်"

ကိုချက်က ချုံ၏အောက်ခြေကို ကြည့်ရင်းမှ . . .

"ဆရာ . . . ဆရာ . . . ဒီနားက အပင်တွေပြာနေပြီး ထမ်းလိုဖြစ်နေတယ်"

ကိုချက်ပြသည့်နေရာကို ကျွန်ုပ်တို့သုံးယောက်က ကြည့်ပြီး . . .

"အင်း . . . ဒီအထဲကိုဝင်တဲ့လမ်းပဲ ကိုချက်ရေ၊ ထော်မဲထမ်းနဲ့ပါ အောက်ခြေရှင်းကြည့်ပါလား"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့"

အားကောင်းမောင်းသန် ဓားကောင်းကောင်းနှင့် ခုတ်ထွင်ရသဖြင့် မကြာခင်မှာပင် လူတစ်ကိုယ်စာ ဝင်လို့ရသည့် အနေအထားဖြစ်သွားသည်။ ကျွန်ုပ်က အထဲနည်းနည်းထိုးကြည့်ရာ ဘာမှ သည်းသည်းကွဲကွဲ မမြင်ရသဖြင့် အနေအထားကိုကြည့်ရာ သဘာဝအတိုင်းမဟုတ်ဘဲ ပြုလုပ်ထားသည့် သဘောရှိပြီး နှစ်ပေါင်းကြာ၍ တောဖုံးချုံကွယ်နေခြင်းဖြစ်ပြီး ဘေးမှ သစ်ပင်ကြီးနှစ်ပင်ကပါ ကြီးမားစွာပေါက်၍ အကာအကွယ်လိုဖြစ်နေသည်။ ကျွန်ုပ်ကပင် . . .

"ကဲ . . . ကဲ . . . ပြန်မယ် . . . . မီးလည်း မပါဘူး။ အထဲမှာ ဘာရှိမှန်းမသိဘူး။ နောက်မှလာမယ်"

"ဟုတ်ကဲ့ . . . ဆရာ "

စခန်းချရာကို ပြန်လှည့်လာခဲ့ကြသည်။ အပြန်လမ်းတွင် ကျွန်ုပ်က တွေးကြည့်သည်မှာ ဘုရားစေတီအပျက်လေလား၊ သူတော်စင်တစ်ဦးဦး တရားအားထုတ်ကျင့်ကြံခဲ့သည့် နေရာဟောင်းလားဟုပင် ဖြစ်သည်။ စခန်းတို့ ပြန်ရောက်ပြီးသည်အထိ ကျွန်ုပ်က စကားမပြောဘဲ ငြိမ်၍ တွေးနေသဖြင့် မီးဖိုနားတွင် ထိုင်ကြသည်။ တွေ့ခဲ့ရသော ခုတ်ဂူအကြောင်း သိမ်းကြာ



www.burmeseclassic.com

www.burmeseclassic.com



ခင်က ခုတ်ထွင်ရှင်းထားပုံမျိုး။ တစ်ဦးတစ်ယောက် ဒါမှမဟုတ် တစ်ယောက် ထက်ပိုသည့် သူတို့ဝင်ရောက်ဖူးသည့်သဘောပင် ကျွန်ုပ် ဆက်၍တွေးနေ မှန်း သိ၍ အားလုံးက သူ့အလုပ် သူလုပ်ကြသည်။ ညမီးအတွက် ထင်းရှူး ဝါးခုတ် လုပ်နေကြသည်။ မီးဖိုမှ မီးခဲများနှင့် ကင်ထားသော ဂျို(ချေ)သား အနံ့နှင့် မီးခိုးငွေ့ငွေ့များပဲ ကျွန်ုပ်၏ဝန်းကျင်တွင် ကျန်ခဲ့သည်။ တော်တော် ကြာမှပင် ကိုချက်တို့က စားရေးသောက်ရေးအတွက် လုပ်ကိုင်ပြီး၍ ထော်ခဲ ခမ်းက ...

"ဆရာ ... ထမင်းစားမယ်လေ"

"အော် ... အေး ... အေး ..."

ဟုဖြေရင်း အတွေးစကို ဖြတ်လိုက်သည်။ ထမင်းစားပြီး မီးဖိုများ ကို မီးထည့်ပြီး ရေနွေးကြမ်းနှင့် ချေ(ဂျို)သားကို မြည်းပြီး စကားပြောကြ ရင်းမှာပင် အမှောင်က သန်းလာသည်။

"အေးဗျာ ... မနက်ကို စခန်းစောင့်ကလည်း ထားခဲ့မှ အဲဒီဂူထဲ ကို ဝင်ကြည့်ကြမယ်။ မီးတုတ်ရယ် ပါရမယ်။ ဂူထဲက တွေ့တာမြင်တာကို ဘာတစ်ခုမှ မထိမကိုင် မ,ယူမှဖြစ်မယ် ... ဟုတ်လား"

"ဟုတ်ကဲ့"

"ဆရာ ... ဟိုစခန်းသိမ်းပြီး အားလုံးလိုက်ရင်တော့ ..."

"အဲဒါဆိုရင် ဂူထဲကထွက်ရင် တစ်ခါတည်း ပြန်မှဖြစ်မယ် ... ကိုချက်"

"ဟုတ်ကဲ့ ... ပြန်တာပေါ့ ဆရာ"

အစီအစဥ်လုပ်ကြပြီး မီးများထပ်ထည့်၍ နားလိုက်သည်။

✿ ✿ ✿

[ ၅ ]

❑

အမှောင်ထဲမှ လာနေသူက မီးပုံနားကိုရောက်လာပြီး ကျွန်ုပ် ထိုင်နေသည်ကို လက်ညှိုးထိုးပြီး ...

"သားကြီး ... မင်းနဲ့နှစ်ယောက်ပဲလား။ မြင်တာတွေ့တာကို မှတ် ပြီး လုပ်သင့်တာလုပ်ပါ။ အဘရှိပါတယ်။ အင်း ... တလောကတော့ လောဘ သားက ဘုရားရုပ်ပွားတော်က ပစ္စည်းကိုမှ ကြံစည်တာကို အဖော်တစ် ယောက်တော့ ဘာမှန်းမသိဖြစ်သွားရတယ်။ ငါသားရောက်ပြီးရင် ပြီးသွား မှာပါ။ ကဲ ... ကဲ ... အဘသွားမယ်"

ကျွန်ုပ်၏ရှေ့မှပင် ပျောက်ကွယ်သွားသည်။ စောစောအိပ်ရာမှနိုး၍ ပြန်မအိပ်ဘဲ မီးပုံနားတွင်ထိုင်ပြီး ရေနွေးကြမ်းသောက်၍နေသည့် ကျွန်ုပ် မှာ ဘာမှလည်း ပြန်မပြောမိ၊ ဘာမှန်းလည်း မသိလိုက်ဘဲ ငုတ်တုတ်ကျန် ခဲ့သည်။

မီးလင်းပိုင်းအလုပ်ကျသည့် အောင်ကြည်ကလည်း မီးပုံအနားတွင် ငုတ်တုတ်အိပ်ပျော်နေသည်။ ကျွန်ုပ် အိပ်ရာမှနိုးလာခါစက ရေနွေးတင် ပေးသည်။ ရှင်းပါသည်။ မှဆိုးအေးညွှန့်အဖြစ်က ဂူထဲကို ဝင်သည်၊ ဘုရား



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းကိုတွေ့ပြီး လောဘတက်၍ ယူရန်ကြိုးစားသည်။ ဘုရားစေတီ၏ ဌာပနာပစ္စည်းကို ပြစ်မှားလိုက်သည့်အတွက် အစောင့်အရှောက်တို့က ထွက်၍ ဆုံးမလိုက်ခြင်းပင်။ ဒါကို ချောင်းစောက် (တထောက်) ရွာသူရွာသားများနှင့် လူကြီးများကိုရော ဦးဘထူးအပါအဝင် သက်ဆိုင်ရာ တာဝန်ရှိသူများကို နားလည်လက်ခံနိုင်ရန် ရှင်းပြဖို့ပဲလိုသည်။ ဒါမှ ဝင်းသန်းလွတ်မည်။

ကျွန်ုပ် အတွေးထဲတွင် ခပ်စောစောက တွေ့လိုက်သော ဝတ်ဖြူစင်ကျယ်နှင့်ပုဂ္ဂိုလ်ကြီးကို အောင်ကြည်တစ်ယောက် မတွေ့မမြင်လိုက်ခြင်းက သေချာသည်။ အားလုံးလည်း နိုးလာသည်။ မီးပုံနားတွင် ဝိုင်းထိုင်လိုက်ကြသည်။

နံနက်စာ ကော်ဖီနှင့် မုန့်စားကြရင်းမှ ကိုချက်က …

"ဆရာက အစောကြီးနိုးပြီး အောင်ကြည်ကို စောင့်ပေးရတာပေါ့"

"မဟုတ်ပါဘူး … ကိုချက်ရယ်"

"ကိုချက်ကလည်း ကျုပ်နဲ့ ဆရာနဲ့ စကားပြောနေတာပါ"

"ကဲ … ကဲ … ညကပြောတဲ့အစီအစဉ် မဟုတ်ဘူး။ ကိုချက်နဲ့ ငါနဲ့ပဲသွားမယ်။ ကျန်တဲ့သူတွေ ဒီကပဲစောင့်ကြ၊ ထော်မဲ ကိုချက်ကို လိုက်ပေးလိုက်။ အားလုံးနေခဲ့ ကိုချက်က ဓားတစ်ချောင်းလုံ့တိုတစ်ချောင်း ယူခဲ့။ ပီနံအိတ်တစ်လုံးပါ ယူခဲ့ … ဟုတ်လား"

"ဟုတ်ကဲ့ … ဆရာ"

ကျန် လူများထဲမှ အောင်ကြည်နှင့် ဖိုးသီက မျက်နှာရှုံ့သွားသည်။ ထော်မဲခမ်းနှင့် ထန်မိုလျှန်က ဒါကိုကြည့်ပြီး ပြုံးကြသည်။ ကျွန်ုပ်နှင့် ကိုချက်တို့စခန်းမှ ထွက်လာသည်။ လမ်းတွင် အေးညွန့်၏အဖြစ်ကို အိပ်မက်အကြောင်းများနှင့် ဝတ်ဖြူစင်ကြယ်နှင့် အဘ၏အကြောင်းကို ချန်၍ပြောပြရာ ကျွန်ုပ်စကားအဆုံးတွင် ကိုချက်က …

"အဲဒါဖြစ်နိုင်တယ် … ဆရာ၊ တောတောင်က မမြင်ရတာတွေ အများကြီးပဲ။ ရှေးဟောင်းပစ္စည်းတွေလည်း အများကြီးဟာ။ ဘုရားပြို ဘုရားပျက်က ပိုများမှာပေါ့။ ပြီးတော့ ဒီအေးညွန့်ဆိုတာက မှဆိုးလို့အမည်





ခံပေမဲ့ အရက်သမား၊ ဖဲသမား မဟုတ်တာမှန်သမျှ အကုန်လုပ်တဲ့ကောင်။ သူ့ကြောင့် ရွာနာမည်ပျက်လှပြီ။ အခုသေတာတောင်၊ ဝင်းသန်းကို ဒုက္ခ ကို ဒုက္ခပေးသေးတယ်"

အေးညွန့်အကြောင်းကို ဖြည့်စွက်ပြောပြသည်။ မနေ့က ရောက်ခဲ့သော နေရာကိုအရောက်တွင် 'ရှဲ ရှဲ … ဖလပ် … ဖလပ်' မြည်သည့် အသံနှင့် အပင်ငယ်ကလေးများ လှုပ်ရှားသွားသည်။ ကျွန်ုပ်က သတိထား လိုက်ပြီး လက်ထဲမှကိုင်ထားသော (၀၃. ၃၀ )စပရိန်ဖီး(လ်)ကို မောင်း တင်ပြီးသား အသင့်ဖြစ်အောင် လုပ်လိုက်သည်။ ကိုချက်ကတော့ တွန့်သွားပြီး ရှေ့မတိုးရဲဘဲ ဖြစ်သွားသည်။ မနေ့က ချုံနွယ်များရှင်းထားသည့် ဂူပေါက်ဝ မှာ သည်အတိုင်းရှိနေသည်။ အတော်ကြာသည်အထိ နောက်ထပ်လှုပ်ရှားမှု ဘာမှမဖြစ်လာသဖြင့် ကျွန်ုပ်ကပင် 'ကိုချက်ရေ … ရှေ့တိုးမည်' ဆိုသည့်သဘော လုပ်ပြလိုက်ပြီး အကွယ်နေရာမှ ထလိုက်သည်။

"ဝေါင်း …"

'ဝေါ ရှပ် ရှပ်' ဟူသည့် တောကောင်ဟိန်းသံ၊ ပြေးထွက်သွားသံတို့ကြောင့် ကိုချက်မှာ မနေ့က ရှင်းထားသည့် ဂူပေါက်ဝကို ပြေး၍ကာ လိုက်သည်။ ကျွန်ုပ်က ငြိမ်၍ ရပ်နေလိုက်သည်မှာ တစ်ဖက်ကို ပြေးထွက် သွားသံဖြစ်၍ပင် ဂူဝကို ကျွန်ုပ်ရောက်သည့်တွင် ကိုချက်က အထဲကို လက် နှိပ်မီး(စလိုက်)နှင့် ထိုးလိုက်သည်။ ရေညှိများနှင့် အုတ်တို့က ဂူ၏သက်တမ်း ကို တွေးလို့ရပါသည်။

ကျောက်တုံးကြီးက သုံးပေအမြင့်၊ လေးပေပတ်လည်တုံးကြီး။ အရောင်က အစိမ်းလား၊ အညိုလား၊ အဖြူလားဟု ပြောရခက်သည်။ ထို ကျောက်တုံးပေါ်တွင် ဘုရားရုပ်ပွားဆင်းတုကာစ်ဆူ၊ ဉာဏ်တော်အမြင့်အ သုံးပေ၊ စလွယ်၊ မကိုဋ်၊ ဦးသျှောင်တော်၊ လက်ကျပ်တို့နှင့် ရွှေဝတ်စင် ချတ်ဟန်ပုံတော်သည် ရှေ့လက်ရာဟောင်းဖြစ်ပြီး သပ္ပာယ်လှန်းစွာ [illegible] ဖွယ်ရာ ဖူးတွေ့ရသည့်တွင် ကိုချက်မှာ မျက်လုံးပြူး၍ [illegible] သည်။ ကျွန်ုပ်က ဒူးတုတ်ထိုင်လိုက်ပြီး ထိခြင်းငါးပါးနှင့် [illegible] မိသည်မှာ အကြိမ်မည်မျှမှန်း မသိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်း ... သာဓု ... သာဓု ... သာဓုကွဲ။ အဲဒီရဲ့နောက်ကို ထွက်လိုက် သား။ တွေ့တာကိုလေ့လာ အဖြေပေါ်လိမ့်မယ်ကွယ့်"

အသက်ကြီးကြီး လူကြီးတစ်ယောက်၏အသံ။ အသံက ကြည်လင်ပီသသည်။ မွှေးပျံ့သောအနံ့နှင့် ဘေးတွင် တစ်ဦးတစ်ယောက်လာရပ်သည့် လိုဖြစ်၍ ဘုရားရှင်ကို ဦးချပြီး မျက်လုံးဖွင့်ကြည့်လိုက်ရာ ကျွန်ုပ်အနားတွင် ဘုရားကိုဝတ်ပြုနေသော ကိုချက်ကိုပဲ တွေ့ရပြီး အသံရှင်ကို မတွေ့ရပါ။ ကိုချက်ဘုရားရှိခိုးပြီးမှ။

"ကိုချက်ရေ ... လာဗျာ။ ဘုရားပလ္လင်နောက်ကို သွားကြည့်ရအောင်"

ကိုချက်က ကျွန်ုပ်ကိုကြည့်လိုက်၊ ပလ္လင်တော်ပေါ်မှ ဘုရားရှင်ကို ကြည့်လိုက်နှင့်ဖြစ်နေသည် ကျွန်ုပ်က သဘောပေါက်လိုက်သည်။

"လာပါ ... ကိုချက်ရယ်၊ ဒါက နောက်မှ ရွာကလူကြီးတွေနဲ့ တိုင်ပင်တာပေါ့"

ကိုချက်က ကျွန်ုပ်စကားကြောင့် ဇဝေဇဝါဖြစ်သွားပြီး လေးလေးပင်ပင်နှင့် လိုက်လာခဲ့သည်။ ဘုရားပလ္လင်၏အနောက်တွင် ချုံနွယ်တို့၏ အကိုင်းအခက် အညွန့်နွယ်တို့ကို မြင်လိုက်ရသည်။ ကိုချက်က ဓလိုက်မီးနှင့် လှံတိုကို ကျွန်ုပ်ကိုပေးပြီး ထိုနေရာကို ဓားနှင့်ခုတ်သည်။ ခုတ်တွင်နေသည့် ကိုချက်ကိုကြည့်၍ ဘုရား၏ ဓလွယ်မကိုဋ်တော်များကို စိတ်ဝင်စားမှု လျော့နည်းသွားစေချင်သည်။

"ကိုချက် ... ဒါဟာ အပေါက်ပဲဖြစ်မယ်"

"ဟုတ် ... ဟုတ်တယ်၊ ဆရာ ဟိုအပင်တွေက အတော်ကိုထူတယ်"

"ကျူပ်ပါ ဝိုင်းခုတ်မယ်ဗျာ"

"ဟာ ... ဆရာကလည်း နေပါ။ ဒါလောက်ကတော့ ဖြစ်ပါတယ်"

ကိုချက်က ပြောရင်းမှ ချုံပင်တို့ကို ခုတ်သည်။ ကျွန်ုပ်က ဘေးမှ ဆွဲချပေးရင်းဖြင့် အတော်လေးရှင်းသွားသည်။ လူတစ်ကိုယ်စာဝင်၍ရသော အပေါက်ဖြစ်သွားပြီး နှစ်ယောက်သား ထွက်လိုက်သည်။



ကျွန်ုပ်တို့ထွက်လာသော နေရာနှင့် အနည်းငယ်လှမ်းသောနေရာတွင် ဘန့်ဘွေးပင်ကြီး။ ထိုအပင်ကြီး၏ကိုင်းဆုံခွကြားပေါ်တွင် လင့်စင်တစ်ခု အမြင့်ပေသုံးဆယ်မျှရှိမည်။ လင့်က လင့်အဟောင်း။ ကျွန်ုပ်က သေချာစွာ ကြည့်ပြီးမှ ဘေးကိုလည်း ကြည့်လိုက်ရာ ရှပ်ရှပ်ရွှေ့ရှပ်ရှပ်ရွှေ့ ကြားရသည့် အသံကြား၍ ငြိမ်ပြီးအသင့်စောင့်ကြည့်လိုက်သည်တွင် ရသေ့ကြီးတစ်ဦး မုတ်ဆိတ် တစ်ယောက်မဟုတ် သစ်ခုတ်သူဝါးခုတ်သူလည်း မဟုတ်ပါဘဲနှင့် လွယ် အိတ်ကြီးလွယ်၍ လည်ပင်းတွင် စိပ်ပုတီးကြီးကိုလည်း ဆွဲထားသည်။ ဝတ်ထားသည့်အဝတ်၏အရောင်က ယောဂီရောင်။ ကိုချက်က ထိုပုဂ္ဂိုလ်ကြီးကို သေချာကြည့်လိုက်၊ ကျွန်ုပ်ကို ကြည့်လိုက်နှင့် ဖြစ်နေသည်။

"သားကြီး ... အဲဒီလင့်က မုဆိုးတစ်ယောက်က ဒီဘုရားရှုထဲကို ဘာအဝင်အထွက်ရှိလဲလို့ ချောင်းတဲ့လင့်။ တစ်နေ့တော့ လင့်ပေါ်တက်ဆင်းပြီးအကြည့်မှာ လင့်ပေါ်ကို ရောက်နေတဲ့ သစ်နက်တစ်ကောင်နဲ့တိုးပြီး အဲဒီမုဆိုးဟာ ထွက်ပြေးရတယ်။ မုဆိုးက ပြေး၊ သားကောင်က လိုက်နဲ့ အင်း ... မုဆိုးက သားကောင်ဖြစ်သွားတယ်။ လင့်ပေါ်မှာ သူ့အသုံးအဆောင်တွေ ကျန်ခဲ့တယ်။

ပြီးတော့ ဂူထဲက ဘုရားရုပ်ပွားတော်က ပစ္စည်းတွေကိုမြင်ပြီး လိုချင်လောဘဖြစ်လိုက်တဲ့ မုဆိုးတစ်ယောက်ကလည်း အဖော်ပါလာတဲ့ တစ်ယောက်ကို တစ်ဖက်လှည့်နဲ့တစ်နေရာကို လွှတ်ပြီး ဂူထဲပြန်ဝင်တာ၊ သစ်နက်တစ်ကောင်ကလိုက်လို့ ထွက်ပြေးပြီး အသက်ဆုံးခဲ့ရတယ်။

"ဟုတ်ကဲ့ ... ဟိုအဘက ..."

"အိမ်းကွယ့် ... ငါ့သားကြီး မြင်ပြီးပါပြီ။ အဲဒါဟာ မင်းသမီးနဲ့ နောက်ပါကို့တည်ထားခဲ့တဲ့ တစ်ပေါက်စေတီက ဘုရားဌာပနာဂူပဲ။ တဲ ... ကဲ ... ငါ့သားကြီးက ရွာကိုပြန်ရောက်ရင် အမြင်အတွေ့အသိကို ပြောပြပါ။ အားလုံး အေးချမ်းပြီးစီးပါလိမ့်မယ်။ အဘက ရှေ့ခရီးရှိသေးတယ်"

ထိုပုဂ္ဂိုလ်ကြီးက ပြောလည်းပြော၍ လှည့်ထွက်သွားသည်။ ကျွန်ုပ်နှင့် ကိုချက်မှာ နေရာတွင်ပင် ရပ်၍ ကျန်ခဲ့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

❑

စခန်းကိုပြန်ရောက်ပြီး ကိုချက်က အောင်ကြည်နှင့် ဖိုးသီးကို တွေ့ကြုံခဲ့သည်များကို ပြန်၍ပြောပြနေသည်။ ကျွန်ုပ်က လင့်စင်ပေါ်မှ ရလာသည့် ဒူးလေးနှင့် မြားကျည်တောက်၊ လှံတို့ကို ကိုချက်ကိုပေးပြီး ကိုချက်နှင့် ထော်မဲခမ်း ထန်မိုလျှန်၊ အောင်ကြည်ရော ဖိုးသီးကိုပါ ရတာပစ်ဟု လွှတ်လိုက်ပြီး ဂူဘက်ကိုမသွားရန် ပြောလိုက်သည်။

စခန်းတွင် ချန်နေခဲ့ပြီး တောဝင်သည့်ရက်မှစ၍ မသောက်ခဲ့ရသော စီးကရက်ကို အားပါးတရ ဖွာလိုက်မိသည်။ မီးခိုးမျှင်တန်းများကို ကြည့်၍ ဦးဘထူးကိုရော ရွာမှလူကြီးတွေကိုပါ ပြောပြရန်အကြောင်းများကို စဉ်းစား၍ စီးကရက်ဖွာနေမိသည်။

စခန်းမှထွက်သွားသော ထော်မဲခမ်းတို့အုပ်စုမှ အောင်ကြည်နှင့် ဖိုးသီးတို့နှစ်ယောက်မှာ တောဝက်တစ်ကောင် တောကြက်နှစ်ကောင်ကို ဝါးလုံးနှင့် လျှိုထမ်းပြီး ပြန်ရောက်လာကြသည်။

"ဆရာရေ ... ဒါတွေ လာပို့တာ။ ရှေ့မှာလည်း ရစရာရှိသေးတယ်လို့ ဟိုညီနောင်က ပြောတယ်"

"အေး ... မင်းတို့ ထမ်းဖို့သာပြင်ထား"

"ထမ်းရပါစေ ... ဆရာရယ်၊ ဒါတောင် ဆရာမလိုက်လာလို့ တောဝက်အုပ်က လွတ်သွားသေးတယ်"





ဖိုးသီးနှင့် အောင်ကြည်တို့က ...

"ဆရာ ... ဘာမှမလုပ်နဲ့။ ကျွန်တော်တို့ပြန်လာမှ လုပ်မယ်"

ဟုပြောပြီး ပြန်ထွက်သွားကြသည်။ ကျွန်ုပ်တ [illegible] လျှက်ပဲ ကျန်ခဲ့သည်။ တောသည် အမြင့်ရှုပ်ပေါ် [illegible] ရှေးပဟောင်းစေတီပုထိုးများရှိလျှင် ပို၍ပင် ထူးဆန်းသော [illegible] တတ်သည်။ 'ဝေါ ... ဝေါ ... ရှုံ ဖရော ... ဖရော' ဆိုသည့် အသံတလေမတိုက်ပါဘဲ အပင်များက လှုပ်ယမ်း၍ တောတိုးသံ[illegible] ကြားလိုက်ရသည်။ နံနက်စာပင် မစားရသေးသောအချိန် ကျွန်ုပ်တ [illegible] သေနတ်ကို အသင့်ကိုင်၍ ငြိမ်ပြီး ကြည့်နေလိုက်သည်။ အသံတို့က [illegible] နှင့် ဆန့်ကျင်ဘက်ကို ရောက်သွားသည်။

"ဝေး ... ဟေ ... ဟေ ... ငါတို့ဟာတွေ မယူနဲ့။ ပြန်ထား။ ပြန်ထားခဲ့ ... ဝေး ဟေ ဟေ"

လူတစ်စု၏အော်သံ ခပ်ဝေးဝေးမှဖြစ်ပြီး ထော်မဲခမ်းတို့သွားသည့် နေရာလောက်မှဖြစ်၍ ကျွန်ုပ်က စိုးရိမ်မှုဖြစ်သွားသည်။ တောဝက်အသေတစ်ကောင်နှင့် တောကြက်နှစ်ကောင် မီးဖိုပေါ်မှအကင်၊ စခန်းနှင့် ပစ္စည်းများကို ငဲ့မနေတော့ဘဲ ထိုင်ရာမှ ထ၍ ပြေးထွက်လိုက်မိသည်။

"ဆ ... ဆရာ ... ဟောဟဲ ... ဟို ... ကျွန် ... ကျွန်တော်တို့ ..."

"နေ ... နေ ... ကိုချက် ... ခင်ဗျားတို့ ဘာမှမဖြစ်ဘူးမို့လား"

ပြေးလာကသော ကိုချက် ဖိုးသီးနှင့်အောင်ကြည်တို့မှာ အမောပင် မော၍နေကြသည်။ နောက်မှ ထော်မဲခမ်း၊ ထန်မိုလျှန်တို့က [illegible] တစ်ကောင်ကို ဝါးနှင့်လျှိုထမ်းပြီး သွက်သွက်လျှောက်လာကြသည်။

"ထော်မဲထန်မို ... ဘာဖြစ်တာလဲ ... ဘာဖြစ်သေးလဲ"

"ဘာမှမဖြစ်ပါဘူး ဆရာ။ ဒီချေ(ဂျီ )ရတာနဲ့ အော်သံ[illegible] ကျွန်တော်တို့ လေးဖြတ်ဖြတ်ပြီး ဖက်နဲ့ပုံလိုက်တော့ အသံတွေ[illegible] ငြိမ်သွားတယ်"

"အေး ... အေး ... ပြီးရော"



www.burmeseclassic.com

www.burmeseclassic.com



အမောမြေကြပြီး ရလာသည့် တောဝက်နှင့်ချေ(ဂျီ)ကို ဆားပက်၍ တင်ထားရန် လုပ်ကြသည်။

နေ့လယ်ပိုင်းတွင် အောင်ကြည်နဲ့ဖိုးသီးကို စခန်းတွင်ထားခဲ့ပြီး ကျွန်ုပ်တို့လေးယောက်ပင် ဂူရှိရာကို ထွက်လာကြသည်။ ဖိုးသီးနဲ့အောင်ကြည်ကို ဘာမှမဖြစ်တော့ဘူးဟု ပြောခဲ့ရသည်။ ကျွန်ုပ်တို့လေးယောက် ဂူထဲကို ဝင်လိုက်ချိန်တွင် မွှေးသင်းသောအနံ့ကိုရလိုက်ပြီး ဂူထဲမှ အသံများပါ တိတ်ဆိတ်သွားသည်။

လူ့လောက လူ့ဘဝတွင် အသိရခက်သည့်ကိစ္စများက အများအပြားပင် ကျွန်ုပ်တို့ ဖူးတွေ့ခဲ့ရသော ရုပ်ပွားဆင်းတုတော်ရှေ့ ကျောက်ပလ္လင်ပေါ်တွင် တောပန်းအစုံအမွှေးခွက်များမှ ထွက်နေသောအငွေ့များကို တွေ့လိုက်ရသည်။ ဘုရားရှိခိုးပြီး ကျွန်တော်က ဗမ္မပတိရုပ်ပွားဆင်းတုတော်ကို သေချာကြည့်လိုက်ရာ စလွယ်မကိုဋ်တော် ဥသျှောင်တော်တို့သည် ရွှေသားအစစ်ဖြစ်ပြီး ကျောက်သံပတ္တမြားကျောက်မျက်များ အဖိုးတန်အစစ်များဖြစ်နေသည်။

မုဆိုးအေးညွှန့်တစ်ယောက် ဘုရားဆင်းတုတော်တွေ့ပြီး လောဘတက်၍ အတူပါလာသော ဝင်းသန်းတစ်ဖက်လှည့်နှင့် တခြားကို သွားမိုင်းပြီး ဘုရားရုပ်ပွားတော်မှ ရတနာပစ္စည်းများကို ဓားဖြင့် ထိုးကော်ခွာယူသည့် အနေအထားဖြစ်သည်။ ကျွန်ုပ်က ထော်မဲခမ်း၊ ထန်မိုလျှန်နဲ့ ကိုချက်ကို ...

"ဒီပတ်ဝန်းကျင်မှာ သေချာရှာကြည့်ကြ၊ ဘုရားပစ္စည်းတွေရှိမယ်"

"ဟုတ်ကဲ့ ဆရာ"

ကိုချက်နဲ့ ထော်မဲခမ်းတို့ရှာရာ ကျောက်ပလ္လင်နားမှ ရွှေစများ ကျောက်မျက်ကို တွေ့ရသည်။ အားလုံးကောက်ယူပြီး ကျွန်ုပ်ကို ပေးသည်။ ပလ္လင်၏အနောက်မှ ထန်မိုလျှန်က ...

"ဆရာ ... ဆရာ ... ဒီမှာလာကြည့်ပါဦး"

ဟု ခေါ်လိုက်သဖြင့် ကျွန်ုပ်နှင့် ထော်မဲခမ်း၊ ကိုချက်၊ ထန်မိုလျှန်တို့ ခေါ်ရာရောက်တော့ ဘုရားရုပ်ပွားတော်၏ နောက်ကျောတွင် သေတ္တာ





လေးတစ်လုံး၊ ထိုသေတ္တာပေါ်တွင် စပါးအုံးမြွေကြီးက ဝင်ခွေ၍ထားသည်။ ကိုချက်က လှံတိုနှင့် ရွယ်လိုက်သည်။

"မလုပ်နဲ့ ... ကိုချက် ... နေ ... နေ ..."

ကျွန်ုပ်က မြွေကြီးကို မေတ္တာပို့၍ လွတ်ရာကိုသွားပါ၊ ကျွန်ုပ်တို့ ဒီပစ္စည်းတွေကို ကိုယ်ကျိုးမသုံးပါဘူးဟု ပြောလိုက်ရာ မြွေကြီးက သေတ္တာပေါ်မှ လျော၍ဆင်းသည်။ အရှည်မှာ ရှစ်ပေမျှရှိသည်။ ကျွန်ုပ်က သေတ္တာကို ကိုင်ကြည့်လိုက်ရာ သော့ခတ်မထားသဖြင့် အဖုံးကို ဖွင့်လိုက်သည်တွင် ကလပ်ကလေးနှင့် ရွှေအုပ်ဆောင်းအုပ်ထားသည်ကို တွေ့လိုက်ရပြီး အထဲတွင် ရွှေငွေကျောက်သံပတ္တမြားတို့ ရှိနေသည်။

"ဟာ ..."

ကိုချက်၏ နှုတ်မှ အံ့သြသံထွက်လာသည်။ ကျွန်ုပ်နှင့်ထော်မဲခမ်း ထန်မိုလျှန်တို့ ဘာမှမပြောဘဲ ကြည့်ရှုကြည့်ပြီး သေတ္တာကို ပြန်ပိတ်လိုက်သည်။

"ကဲ ... အဲဒါကို ဒီအတိုင်းထားလိုက်၊ ရွာကို ထော်မဲခမ်းရယ်၊ ထန်မိုလျှန်ရယ်၊ ဖိုးသီးနဲ့ အောင်ကြည်တို့ပြန်၊ ဦးဘထူးနဲ့ ရွာကလူကြီးတွေကို ခေါ်လာခဲ့၊ ကိုချက်နဲ့ငါနဲ့ နေခဲ့မယ် ဟုတ်လား"

ထော်မဲခမ်းနဲ့ ထန်မိုလျှန်က ဘာမှမပြောပေမဲ့ ကိုချက်က ရွာကိုပြန်လိုက်ချင်သည်။ ကျွန်ုပ်က အကျိုးအကြောင်းပြောပြမှ ငြိမ်သွားသည်။ စခန်းကိုပြန်၍ အောင်ကြည်၊ ဖိုးသီးနဲ့ထော်မဲခမ်း၊ ထန်မိုလျှန်တို့ကို တောဝက်၊ ချေ(ဂျီ)သားများနှင့် ရွာကို ပြန်လွှတ်လိုက်သည်။

မီးပုံကို ထင်းများများထည့်ရန် ပြော၍ တစ်လှည့်စီအိပ်ရည်တူ ကျွန်ုပ်ကပြောပြီး မီးဖိုနားတွင်ပင် ခဏမှေးလိုက်သည်။ ကိုချက်က မီးဖိုဘေး ကျွန်ုပ်နှင့်ကပ်လျက် ထိုင်နေသည်။ ညဉ့်နက်ပိုင်းတွင် ကျွန်ုပ်က စောင့်မည်ဟု ပြောထား၍ဖြစ်သည်။ ဝင်းသန်းနှင့် အေးညွှန့်တို့အကြောင်းကို စဉ်းစားရင်းမှ မှေးခနဲ ဖြစ်သွားသည်။

"အာ ... ကြောက်ပါပြီဗျာ။ ဟ ... ဟ ... ကယ်ပါဦး ... ဝင်းသန်း၊ ငါ ... ငါ့ကို ကူပါဦးကွာ"



www.burmeseclassic.com

www.burmeseclassic.com



ပြေးလာသူက ပြောလည်းပြော၊ ပြေးလည်းပြေး မီးပုံနှင့် ခပ်လှမ်းလှမ်း ပြေးသွားသည်။ နောက်မှလည်း ...

"လိုက်ဟေ့ ... လိုက်ဟ ... ပြန်ပေးကွ၊ တို့ပစ္စည်းတွေ ပြန်ပေး ... ချ ... ချ ..."

"ဝေ ... ဝေ ... သတ် ... သတ် ... ပြန်ပေး ... ဟေး ... ဟေး"

ဝေါ ... ဝေါ ... ဖြောင်း ... ဝုန်း ... ရှပ် ... ရှပ် ... ဆိုသည့်အသံများကြောင့် ကျွန်ုပ်မှ မေးမေးမေးဖြစ် အိပ်ပျော်စမှာပင် လန့်နိုးရပြီး ကိုချက်ကလည်း နိုးရန်မြင်လိုက်သည်။

"ဆရာ ... ဟို ... ကြားလား။ ဘယ်သူတွေ ဘာဖြစ်တာလဲ မသိဘူး။ ရှေ့မှာပျောက်သွားတယ်"

"ဘာမှမဟုတ်ဘူး ... ကိုချက်၊ ဒါက ဖြစ်တတ်တယ်"

တော်ပေသေးသည်။ ကိုချက်က ကြောက်ရွံ့မှုသိပ်မဖြစ်၍ စကားပြောသံများကို ကျွန်ုပ်ပဲ ကြားရသည်။ ဒါပေမဲ့ ထိုအချိန်မှစ၍ ကျွန်ုပ်နှင့် ကိုချက်မှာ တစ်မှေးမှ မမှေးလိုက်ရတော့ပါ။ အဖြစ်များကလည်း ကျွန်ုပ်တို့နှင့် အနည်းငယ်လှမ်းသောနေရာတွင် ဖြစ်ပျက်နေမှုက ရွာတစ်ရွာမှမိသားစုများ လှုပ်ရှားနေမှုမျိုး၊ ကျွန်ုပ်ကြားဖူးသည့်ကျတ်ရွာလားဟုပင် ထင်မိသည်။

"ဆရာရယ် ... ဘာတွေမှန်းလဲ မသိဘူး။ ဆူညံနေတာပဲ။ မမြင်ရ၊ မတွေ့ရတော့လည်း ဘာမှလုပ်မရဘူး"

"ကိုချက် ... ထင်းများများထည့်၊ ရေနွေးလည်း သောက်ရအောင်။ လင့်စင်နဲ့ဆိုရင် အကုန်မြင်ရမယ်။ မြေပြင်တဲဖြစ်လို့ မီးဖိုလဲရှိနေလို့ ကိုချက်ရေ ... မီးဖိုကြောင့်ပျို့"

ကျွန်ုပ်တို့၏ နောက်တွင်ရှိသော သစ်ပင်ကြီးပေါ်မှ တောကြက်တစ်ကောင်က တွန်လိုက်သည်။ ခဏအကြာတွင် တခြားတောကြက်များပါ လိုက်တွန်ကြသည်။ မိုးလင်းပြီဆိုသည့်အသိကြောင့် ကိုချက်က ဝမ်းသာသွားသည်။

❀ ❀ ❀

| ၇ |

❑

အလင်းရောင်က အတော်ပင် ပေါ်လာသည်။ ချေ(ဂျ်)သားတင်နှင့် ရေနွေးကြမ်းနှင့် ကော်ဖီပါဖျော်ပြီး မုန့်ပါစားလိုက်သည်။ အထုပ်အပိုးအိတ်များနှင့် အသုံးပစ္စည်း အနည်းအကျဉ်းနှင့် မီးပုံပေါ်မှ ချေ(ဂျ်) သားကင်နည်းနည်းပဲ ရှိတော့သည်။ ကျွန်ုပ်နှင့် ကိုချက်တို့ ကျောက်ဂူဘက်ကို ထွက်လာကြသည်။ ညက အသံကြားသည့်နေရာကို ရောက်လာပေမဲ့ ဘာမှ ထူးခြားမှု ရှိမနေပါ။ ညက အဖြစ်အပျက်တို့ သူနှင့်မဆိုင်သလိုပင်။ ကျွန်ုပ်နှင့် ကိုချက်တို့ ကျောက်ဂူကိုရောက်ပြီး မနေ့ကထားခဲ့သော မီးတုတ်ကို တွန်း၍ ဂူထဲကို ဝင်လိုက်သည်။

ဘုရားရှိခိုးပြီး ပလ္လင်နောက်ကျောမှ ရတနာသေတ္တာတို့ကြည့်ရာ မနေ့ကထွက်သွားသော မြွေကြီးက ပြန်ရောက်နေပြီး နောက်ထပ်တစ်ကောင်ပင် တိုးနေသည်။ ရွှယ်တူနှစ်ကောင်က သေတ္တာလေးကို ပတ်ခွေထားသဖြင့် မြွေပုံကြီးဖြစ်နေ၊ ဘုရား၏ ဌာပနာတော်ကို စောင့်သည့်သဘောပင်။ မြွေကြီးက မနေ့ကလိုပင် မေတ္တာပို့အမျှဝေပြီး ဖယ်ခိုင်းလိုက်သည်။ မြွေကြီးနှစ်ကောင်က ခေါင်းထောင်၍ ပါးပျဉ်ခွက်လိုက်သည့်မှာ တစ်တောင်ခန့်ပင် ရှိမည်။ ကိုချက်က တွန့်၍ နောက်ကိုဆုတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က အနည်းငယ် နောက်ဆုတ်လိုက်သည်။ မြွေကြီးနှစ်ကောင်က ကျောက်ပလ္လင်ပေါ်မှဆင်းပြီး ပါးပျဉ်ခွက်လျက် သေတ္တာလေးကို နမ်းသလို ဦးတိုက်သလို သုံးကြိမ်သုံးခါလုပ်ပြီး ကိုယ်လုံးကိုတွန့်၍ ထွက်သွားသည်။ တိရစ္ဆာန်ပင်ဖြစ်စေမဲ့ ဘုရားနားနေ၍ တိရစ္ဆာန်ကောင်း (သူတော်ကောင်း)စိတ်ဝင်နေသည်။ လူတချို့သည် ထိုသတ္တဝါ မြွေလောက်ပင် အသိမရှိသူ ရှိနေသည်။ အေးညွန့်လို လူစားမျိုးတွေပင် ကျွန်ုပ်ပင် ရင်ထဲတွင် ဟာတာတာဖြစ်သွားသည်။

ကျွန်ုပ်နှင့် ကိုချက်တို့ ကျောက်ပလ္လင်ပေါ်ရှိ သေတ္တာကို ဆွဲယူကြရာ အတော်ပင် စီးစီးနင့်နင့်ရှိသဖြင့် အတော်ပင်အားစိုက်၍ ယူရပါသည်။ သော့ခတ်မထားဘဲ သော့ကွင်းတွင် ကြေးပြားလိတ်တစ်ခု ထိုးထားသည်။ ကြေးပြားလိတ်ကိုဖြန့်ကြည့်ရာ မြန်မာစာဖြစ်ပေမဲ့ အတွန့်အလိမ်များနှင့် ရေးသားထားသည့်စာတွင် 'မင်းသမီးကောင်းမှု ချွေရံစုတို့ ကုသိုလ်အမှုပြုသည်'အောက်တွင် ဆက်၍ရေးထားသည်မှာ 'ဥမ္မာဒန္တီမင်းသမီးသည် ဒေါင်းဖြူအရပ် ခရီးလမ်း၌ စခန်းထောက်၊ ဗုဒ္ဓမြတ်စွာဓာတ်တော်မွေတော်တို့ကို ပူဇော်ထည့်သွင်းတည်ထားရင်း၏။ စေတီ' လှူသော ပစ္စည်းရတနာအတိ။ ကောင်းမှုဆက်၍ပြုပါ။ ကောင်းကျိုးချမ်းသာဖြစ်စေ၊ လောဘကိုယ်ကျိုးကျင့်ကြံဆိုးလျှင် အသေခြင်းတိုးပါစေ။

ဆိုသည့်ကြေးပြားမှစာကို ဖတ်ပြီး သေတ္တာကိုဖွင့်လိုက်ရာ ရတနာပစ္စည်းများအပေါ်တွင် ရွှေကလပ်တစ်ခု၊ ရွှေကလပ်ပေါ်မှာ တင်ထားသည့် နှစ်လက်မအရွယ် ရွှေတုံးသုံးတုံး၊ ကျွန်ုပ် တွေ့လိုက်မိသည်။ ဘုရားရှင်၏ ဓာတ်တော်များဟုပင် ဒါကြောင့် လက်အုပ်ချီပြီး ထိုင်၍ ရှိခိုးလိုက်သည်။ ကိုချက်ကလည်း ယခုမှ ထိုင်၍ ရှိခိုးလိုက်သည်။

"ကိုချက် . . . ကျွန်တော်တို့ ဒီမှာနေကြရအောင် မီးဖိုလုပ်၊ မီးဖိုလုပ်ဗျာ။ ပြီးရင် ခင်ဗျား ခဏနေခဲ့၊ ကျွန်တော်စခန်းပြန်ပြီး ယူစရာရှိတာတွေ ယူလိုက်မယ်"

"ဟာ . . . ဆရာရယ် . . . ကျွန်တော်ပါ လိုက်မယ်။ သယ်စရာရှိတာ သယ်ရအောင်ပါ "





ကိုချက်ကို ထားခဲ့၍ ကျွန်ုပ်တစ်ယောက်တည်းသာ ထိုင်ခဲ့သည် ပစ္စည်းများကို ယူ၍ ပြန်လာခဲ့သည်။ တဲကို သည်အတိုင်း ထားခဲ့သည်။ မီးဖို၏အလင်းရောင်ကြောင့် အရာရာကို မြင်ရသလို အနေအထားတစ်မျိုး ရရှိသည်။ စားသောက်ရေးကို ကိုချက်က စီမံနေသည်။ ကျွန်ုပ်က ဂူထဲတွင် လှည့်ပတ်ကြည့်ရှုရာ ထူးခြားမှုမတွေ့ဘဲ တိတ်ဆိတ်ငြိမ်သက်။ ကျွန်ုပ်နှင့် ကိုချက်၏ လှုပ်ရှားမှုပဲရှိသည်။ အပြင်တွင် အမှောင်သန်းလာပေမဲ့ ဂူထဲတွင် မီးပုံ၏အလင်းရောင်ကြောင့် မြင်မြင်ထင်ထင်ရှိနေသည်။ ပိုးကောင်လေးများကြောင့် အသံဆူဆူကို ကြားနေရသည်။ နွေးထွေးမှုကြောင့် ကိုချက်နှင့် ကျွန်ုပ်မှာ စောစောပင် အိပ်လိုက်ကြသည်။

အခါတိုင်းထက်ပို၍ အိပ်လို့ကောင်းပြီး ဘာမှမသိအောင်ပင် ဖြစ်သွားသည်။ အလင်းရောင်တန်းက ဝင်းခနဲဖြစ်သွားပြီး ဆူညံသော အသံများနှင့် လူတစ်စု ဝင်လာကြသည်။

"မောင်ချက် . . . မောင်ရာမင်း၊ ဟ . . . အိပ်ပျော်နေကြတာတိုး"

ခေါ်သံကြောင့် ကျွန်ုပ်က လန့်နိုးပြီးကြည့်လိုက်ရာ ဦးဘထူးနှင့် လူကြီးသုံးယောက် နောက်မှဝေါ်မဲခမ်း၊ ထန်မိုလျှန်နှင့် အောင်ကြည်၊ ဇိုးသီးတို့ကို တွေ့လိုက်ရသည်။

"ဟာ . . . ဦးလေးထူး၊ စောသားပဲ။ ညနေမှရောက်မယ် အောက်မေ့တာ" ―

"မနေ့ညက အလယ်ရွာမှာ အိပ်ပြီး အစောကြီး ထလာကြတာ"

"ဟုတ်ကဲ့"

ကျွန်ုပ်နှင့် ရွာလူကြီးသုံးယောက်ကို ဦးဘထူးက မိတ်ဆက်ပေးပြီး အမောပြေ ရေနွေးကြမ်းသောက်ရင်း ကျွန်ုပ်တို့ တွေ့ကြုံမှုကို ပြောပြီး ဘုရားကို ရှိခိုးကန်တော့ပြီး ရတနာသေတ္တာကိုပြ၍ . . .

"ဦးလေးထူး . . . ဒီဂူထဲကို အေးညွန့်က အရင်ရောက်ပြီး ဝင်းသန်းကို အပြင်မှာပဲ တစ်နေရာကိုလွှတ်ပြီး အေးညွန့်က ဘုရားရှင်ဓာတ်တော် ရတနာနဲ့ရွှေကို ဓားမြှောင်နဲ့ ထိုးကော်ယူတာ။ အဲဒီမှာ မြွေကြီးနှစ်ကောင်တို့နဲ့တွေ့ပြီး ပစ္စည်းမရဘဲ ကြောက်အားလန့်အား ပြေးရင်း အသေဆိုးသွား



www.burmeseclassic.com

www.burmeseclassic.com



တာပဲ။ ဒါတွေက ဘုရားဌာပနာတွေ၊ ဒါက ဓာတ်တော်ပါ။ အဲဒါတွေက ရွာကိုသယ်မလား၊ ဒီမှာပဲ ဘုရားတည်မလား။ ဦးလေးထူးနဲ့လူကြီးများ ဆုံးဖြတ်ပါ''

''အင်း ... ရွာကို ပင့်သယ်လို့ရရင် ရွာဦးကျောင်းထဲမှာ စေတီတည်ရမှာပဲ ... မောင်ရာမင်းရယ်''

''ဟုတ်ကဲ့ ... ကောင်းပါတယ်။ ဒီတောထဲမှာက ရှေးဟောင်းရတနာတွေထားဖို့ မသင့်ဘူး။ တောကမာယာများပေမဲ့ လူမသမာရန်ကလည်း ရှိတယ်''

''အင်း ... ဟုတ်တယ် ...''

''ကောင်းတာပေါ့ ... မောင်ရာမင်းရာ''

''အခုမှပဲ ရှေးအညွှန်းကိစ္စလည်း ရှင်း၊ ဘုရားရဲ့ အမွေအနှစ်လည်း ရတော့ တို့ရွာက ကုသိုလ်ထူးတာပေါ့။ ဒါလည်း မောင်ရာမင်းရဲ့ကျေးဇူးနဲ့ ဦးစိုးမောင်ရဲ့ကျေးဇူးကြောင့်ပါ''

ပါလာသော ရွာလူကြီးသုံးဦးနှင့် ဦးဘထူးရဲ့အပြောကြောင့် ကျွန်ုပ်ရင်ထဲတွင် ပီတိလှိုင်းများရိုက်ခတ်ပြီး ဝတ်ဖြူစင်ကြယ်နှင့်အဘကိုရော ဥမ္မာဒန္တီမင်းသမီးနှင့် အခြွေအရံတို့ကိုပါ အမျှဝေရင်းမှ ဂူဝမှ ပြန်လှည့်သွားသော မြွေကြီးနှစ်ကောင်ကို ကျွန်ုပ်က မြင်လိုက်ရသည်။

စိုးယဉ်ထွန်း




BURMESE CLASSIC
www.burmeseclassic.com